ဟိန္ဒီစာပေ www.burmeseclassic.com

ပုစဉ်း

မဂ္ဂင်း



www.burmeseclassic.com

www.burmeseclassic.com

ဘွဲ့ခံ ခုနှစ်မှ စတင်၍ စာရေးဆရာ ရဲ့အရာရှိတစ်ဦး တည်ထောင်ခဲ့သည်။

ပြစ်မှု

မဂ္ဂဇင်း

မာတိကာ

၂၀၁၃ ခုနှစ်၊ ဇူလိုင်လ၊ အမှတ် (၂၁၄)

BURMESE CLASSIC .com

ကဗျာ ပြစ်မှု

မောင်ယဉ်မှူး၊ အောင်ကောင်းမြတ်(ခနဲဖြူ)၊
တောင်တွင်းမောင်သင်းကျော်၊ ညီမင်းဟန်(အုတ်ဖို)၊
ငါန်းဇွန်မောင်မောင်တင်၊ တိုးကိုကိုဝင်း၊ နေသိုက်၊
တောင်တွင်းမောင်သက်လွှာ။

ကာတွန်း ပြစ်မှု

မြေဇာ၊ ကိုငယ်၊ ပေါက်ကျိုင်း၊ မြင့်သန်း(မင်္ဂလာဒုံ)၊ Ko Tay၊
ကျီးမနိုးတင်ဝင်း(ပေါင်းတည်)၊ စိုးလွင်အောင်၊ သူရိန်။

စာပေသုခုမ သတင်းလွှာ

ပြစ်မှုစာအုပ်စင်
ကသစ်နီ ---------- ၂၅

သုခုမသတင်းလွှာ
အမ်ကော ---------- ၂၇

ဥပဒေ ပြစ်မှု

ပုံနိပ်သူများ ထုတ်ဝေသူများ မုတ်ပုံတင်ဥပဒေပြင်ဆင်ချက် ဥပဒေကျမ်း
ကေတီအောင်သိန်း ---------- ၆၅

အမှုတွေပြေအေးစေမယ့် ဥပဒေအမေးအဖြေ
ဦးစောလှိုင် ---------- ၆၇

မှားမှန်ရောထွေး အမှန်ရွေးနိုင်ပါစေ
စလင်းဦးအောင်သိန်း ---------- ၇၄

မတရားအသင်းများ ပြင်ဆင်ချက်ဥပဒေကျမ်း(၂၀၁၃)
ကေတီအောင်သိန်း ---------- ၈၉

ဆက်ထက်ကျော်နင်းမှု ကျူးလွန်လျှင်
ဦးဝင်းလှိုင်(တရားရုံးရှေ့နေ) ---------- ၁၈၃

ရယ်စရာ ပြစ်မှု

ပြစ်မှုဆိုင်ရာ ရယ်စရာ
ကိုဌေတောသား ---------- ၂၉

www.burmeseclassic.com

www.burmeseclassic.com

ရသ ပြစ်မှု

အမှောင်ကို အနက်ဆိုးသူ
ခင်မောင်တွန်း(လမ်းမတော်) ---- ၁၁၀
ရောင်ပြန်ဝင့်ကြွေး ပေးဆပ်ကြရသည်
ကျော်မင်းနိုင် ---- ၁၂၈
သူကတစ်ဝမ်း သူမကတစ်ခါး
ဝေအီကို ---- ၁၈၆
မှားယွင်းသားသတ်မိခြင်းကြောင့်
ကိုပိုက် ---- ၃၉၂
တောတို့မာယာ
လေးမောင် ---- ၃၉၈
ဂါတ်စာရေးကြီး
တိုးမြင့် ---- ၂၀၈
အခြေသတင်းကြီးတဲ့ ရွှေမင်းသမီး
မြေပြန့်သက်နိုင် ---- ၂၃၄
မိန်းမချောတစ်ယောက် ကားတစ်စီးနှင့် လူစိမ်းတစ်ဦး
ဆွေမြင့် ---- ၂၂၈
မကောင်းကြံ့ မကောင်းဖြစ်
ဦးဦးသိန်း ---- ၂၂၈
တန်းကြေး
ဒါရိုက်တာမျိုးဇော်အောင် ---- ၂၃၄
သန္ဓေသား
မောင်မောင်စိန်လေး(နတ်မောက်) ---- ၂၃၈
သေရွာမှ ထလာသူ
သောင်းဝင်း ---- ၂၄၄
အကြားအမြင်ဦးဘဆန်းနှင့် ပတ္တမြားလော့ကတ်သီး
အောင်ဘုန်းမြင့်(ကချင်မြေ) ---- ၂၅၄
အပြန်ခရီးလမ်း ကြမ်းတမ်းလွန်းပါဘိ
မင်းရဲကျော် ---- ၂၆၂
ထိုအပြုံး
မောင်မြင့်မား(ဘိုကလေး) ---- ၂၆၈

နိုင်ငံရပ်ခြား ရသပြစ်မှု

ကုစမန်ပြောက်ကျားသဘော် အဏ္ဏဝါလင်းယုန်
လှမိုး(ပညာရေး) ---- ၁၇၁

နိုင်ငံရပ်ခြားသတင်းပြစ်မှု

မလေးရှားနိုင်ငံ ကလေးခိုးဂိုဏ်း အစုလိုက်အပြုံလိုက် လက်ရဖမ်း
ကေတီအောင်သိန်း ---- ၆၂
ရုရှနိုင်ငံ ဆေးလိပ်မသောက်ရ ဥပဒေ တိတိကျကျ လိုက်နာကြရန် ဆောင်ရွက်တော့မည်
ကေတီအောင်သိန်း ---- ၆၉
အလေးချိန်(၂၂၂)ကီလိုဂရမ်ရှိသော "ဘလူးပင်တူနာ" ငါးကို ဖေါ်လာ(၂.၁၈)သန်းဖြင့် စံချိန်တင်ရောင်းချ
လေးဝတီကျော် ---- ၇၈
မျောက်ရိုင်းများ ရွာဝင်လုယက်တိုက်ခိုက်
ကေတီအောင်သိန်း ---- ၇၉
မလေးရှားလမ်းဘေးမြို့လယ်ကောင် တိုင်ချက်ဖွင့်ရန် အရေးပေါ်ဌာနထားရှိ
ကေတီအောင်သိန်း ---- ၁၂၇
မူးယစ်ဆေးဝါး သယ်ယူသည့် အိန္ဒိယလူမျိုးနှစ်ဦး
မောင်ကောင်းယဉ် ---- ၁၂၇
နိုက်ကလပ်ပျော်ရွှင်ပွဲမှ မြင်ကွင်းမလှ အနီရောင်ဖြစ်ရပ်
မောင်ကောင်းယဉ် ---- ၁၃၇
ကံဆိုးလှသည့် သေဆုံးမှု
မောင်ကောင်းယဉ် ---- ၁၄၇
နှစ် ၂၀ က USA မှ သမိုင်းဝင်ဝါကိုအရေး
ညီမင်းလွင်(မော်ကွန်း) ---- ၁၅၈
ဓာတ်ပုံပြာရိုက်ကူးသူ နာမည်ကြီးဓာတ်ပုံဆရာ အဖမ်းခံရ
ကေတီအောင်သိန်း ---- ၁၇၃
ဥမှမပေါက်၊ အကောင်လိုက် မွေးလာသည့် သိရိလင်္ကာက ကြက်ကလေး
ညီမင်းလွင်(မော်ကွန်း) ---- ၁၈၅
တစ်ဦးသေဆုံးပြီး ၁၂ ဦး ဒဏ်ရာရသည့် ကားတိုက်မှု
မောင်ကောင်းယဉ် ---- ၂၀၇
သူတို့နိုင်ငံမှ ချွေတာရေးဥပဒေ
ကေတီအောင်သိန်း ---- ၂၁၈
ဘလောက်ဒါ "အယ်လတ်(စ)အို" က [illegible]
လေးဝတီကျော် ---- ၂၂၈

www.burmeseclassic.com

www.burmeseclassic.com

အခန်းဆက် ရသပြစ်မှု

ထောင်မှူးများ အလိုလိုသည်(၇)
ဇတိုဆေ ---------- ၇၀
တန်ခြေးကွင်း(၉)
ဘွဲ့လက် ---------- ၈၀
တစ်ပြည်လုံးအပြစ်နဲ့ ချစ်ပါရစေ(ဇာတ်သိမ်း)
ညီမင်းလွင်(မော်ကွန်း) ---------- ၈၆
ကြမ္မာငင် လင်မယား(၂)
လူအောင် ---------- ၁၀၀
သိန္ဓိရှင်နေအေး(၇)
ကျော်ပြသန်း ---------- ၁၃၈
ကျားပွဲနှင့် ကြွဲလိုက်ပွဲ(ဇာတ်သိမ်း)
ဖိုးကျော ---------- ၁၄၈
အားလုံးကောင်းပါတယ်ခင်ဗျာ(ဇာတ်သိမ်း)
အောင်ရဲကျော်(မူခင်း) ---------- ၁၆၀
ဆင်ရိုင်းမောင်မောင်နှင့် ရောဘဲအမှုကြီး(၁)
မောင်မောင်(မြန်မာပြည်) ---------- ၁၇၆

တစ်မျက်နှာ ပြစ်မှု

လူဆိုတာ အဲဒါပဲ
နီကြည်ကို ---------- ၂၃၃
သြော်...စင်ရော်စာ
သျှက်ပြုံး(မြန်မာစာ) ---------- ၂၆၁

ဗေဒင် ပြစ်မှု

သီသာစေကြောင်၊ မင်္ဂလာနိမိတ်ကောင်း
ဒေါက်တာ စောယုန္နယ် ---------- ၂၇၂

အယ်ဒီတာအပွဲနှင့် ကြော်ငြာဖြန့်ချိရေး

လာဘ်မိုးဝေ စာပေ

အမှတ် - ၂၁၂၊ (ပထမထပ်)၊ ၃၆ လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉-၄၃၀၇၅၃၁၊ ၀၉-၄၂၁၀၀၅၉၂၂

အုပ်ရေ - ၁၀၀၀၊ တန်ဖိုး - ၁၀၀ ကျပ်

မျက်နှာဖုံးဆောင်းပါး ပြစ်မှု

ဦးစောနှင့် ကြဲရာပါတို့ကို ကြိုးပေးလိုက်လေပြီ ---------- ၄၁
ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ
လုပ်ကြံခံခဲ့ရသော ဖြစ်ရပ်မှန်
ဦးသန့်(လာဘ်မိုးဝေ) ---------- ၄၆
အင်းစိန်ဗဟိုအကျဉ်းထောင်သမိုင်း
ထောင်မှူးကြီးသိန်းဝင်း ---------- ၅၃
မန္တလေးဗဟိုအကျဉ်းထောင်သမိုင်း
ထောင်မှူးကြီးသိန်းဝင်း ---------- ၅၇

ဆောင်းပါး ပြစ်မှု

စာရေးဆရာ
မော်ကွန်းရဲနိုင် ---------- ၃၃
အရှုံးမခံသူ
ပိုက်မင်းဝေ ---------- ၃၅
နွားတစ်ထောင်ရဲ့တန်ဖိုး
ကိုဖိုးတင်အောင် ---------- ၃၇
သစ္စာနှုတ်ခမ်းမှ ပွင့်ထွက်လာသော ချိုမြိန်သောစကား
မြတ်စော(အင်းစိန်) ---------- ၃၉
မီးရထားကုန်ရုံများမှ ပစ္စည်းများ ပျောက်ဆုံးမှု
မြသိန်း ---------- ၆၃
တောသတ္တဝါတို့၏ဘုရင် ဆင်ဆိုသည်မှာ
ခင်မောင်အေး(မန္တလေး) ---------- ၁၆၉

မျက်နှာဖုံးဂရပ်ဖစ် - အောင်မျိုးသန့်
အတွင်းဖလင် - မျိုးဝင်းကျော်
ကွန်ပျူတာစီ - DEEP BLUE၊ မယ်(DOVE)၊
အလင်းရောင်၊ မယု(သင်းနိုင်)၊
အောင်မျိုးသန့်၊ Glory၊ တင်မိုးခိုင်
စာအုပ်ချုပ် - ရှကီး(၁၁၄) လမ်း၊
အတွင်းပန်းချီ - ကေလတ်၊ K.N၊ သန့်ဇော်သစ်၊
ပညတ်၊ စက္ခု၊ ဖိုးအောင်၊ ကျော်ဦး၊
ကျော်ဝင်းမောင်၊ လှသစ်အောင်။

www.burmeseclassic.com

www.burmeseclassic.com

"ဒီမှာက နယ်စပ်မြို့ဆိုတော့
ထိုင်းကဝင်လာတဲ့
အထည်အလိပ်တွေ
ပေါတာပေါ့' အစ်မ"

မဟိုဇော ---------- ၇၀

"ပြောလေ ကဲလေပါလား ကိုဘန်းရော
ကောင်းပြီ...
ခါဆို အိမ်ရောက်ရင်
ကိုဘန်းနိုးကို ပြောလိုက်မယ်"

ပဥ္စလက် ---------- ၈၀

"မင်္ဂလာခုံမှာ
တိုက်ပုံလေး ဖွားထားပါတယ်ရှင်၊
စာတမ်းက မစုံသေးပါဘူး၊
ဒီရောက်တာ သုံးလရှိပါပြီ"

ညီမငယ်လွင်(မော်ကွန်း) ---------- ၈၆

"နေပါဦး...
ကျွန်မတို့ အောအဆင့်ကနေ
လက်လွတ်ဆုံးရှုံးသွားမယ့်
အရေးစနဲ့စရာ ရှိလို့လား"

လူအောင် ---------- ၁၀၀

www.burmeseclassic.com

www.burmeseclassic.com

"မနေ့က
ရထားပေါ်ကဆင်းပြီး
ဘူတာကအထွက်မှာ
ကိုဝင်းမြင့်နဲ့ တွေ့လိုက်ရတယ်"

ခင်မောင်ထွန်း(လမ်းမထောက်) --- ၁၁၀

ဘာကိုမှ ဆက်မတွေးတော့။
ကားပေါ် အမြန်တက်သည်။
ကားစက်နှိုး၍...
ကားကို ဝေါခနဲ မောင်းထွက်ခဲ့၏။

ကျော်မင်းနိုင် --------- ၁၂၈

"ကို မလိုက်ရင်
မာမိနဲ့ ပြဿနာဖြစ်လိမ့်မယ်နော်၊
မာမိက ကို့အတွက်
လုပ်ပေးနေတာ...သတောပေါက်"

နကျော်မြသန်း --------- ၁၃၈

"ဟာ...သူကြီး၊ လာ...လာ
ဘာလို့
ခေါင်းနှစ်လုံး ယူလာရတာလဲ၊
ကျုပ်က ချိုရရင် ပြီးပါတယ်ဆို"

ဖိုးကျော --------- ၁၄၈

www.burmeseclassic.com

www.burmeseclassic.com

ထောင်ကြီးမှားတွင်တော့
ဗဟိုကင်းမျှော်စင်ကြီးပေါ်မှ
အချက်ပေးသံ
နာရီခေါင်းလောင်းသံ ကြားသည်နှင့်...
အောင်ရဲကျော်(မှုခင်း) ------ ၁၆၀

"မောင်မောင်...
မင်းအတွက် ရဲမှူးကြီးက
ပိုင်တစ်ခုပေးပို့ မှာသွားတယ်ကွ
ဈေး..."
မောင်မောင်(မြန်မာပြည်) ------ ၁၇၆

ယုံမလားတော့ မသိဘူး၊
တကယ်တော့ သိန်းဆိုင်နဲ့ စင်ထွေးစိန်
မောင်နှမအရင်းအချာပဲ၊
သိန်းဆိုင်က အိမ်မှာအကြီးဆုံး။
ဇေဒီကို ------ ၁၈၆

"အဆင်သင့်တယ် ပြောရတော့မပေါ့၊
ကဲ...ကဲ...ငါတို့နှစ်ယောက်
ဟာဟိုက သစ်ပင်ရိပ်အောက်မှာ
သွားနားခြေမယ်"
ကိုပိုကို ------ ၁၉၂

www.burmeseclassic.com

www.burmeseclassic.com

ပူလောင်နေသူများ



▲ အို ... ယပ်တောင်
ပူလောင်ပြင်းပြ
အိုက်စပ်စွာကို
အေးမြစွေးသိပ်ပေးပါသည်။

▲ ယပ်တောင်ကိုခတ်
အပူဟပ်သည့်
အတွင်းလောင်နေသူများ။ ။

www.burmeseclassic.com

www.burmeseclassic.com



အထပ်ထပ်အကြောင်းများ

▲ သစ္စာတ၏အခြေခံ
ကတိ။

▲ ပညာတ၏အခြေခံ
အသိ။

BURMESE CLASSIC .com

▲ ခလုတ်မထိ ဆူးမငြိဖို့
သတိဆိုတာ အခြေခံ။

▲ တရားအသိ ရင်ထဲရှိဖို့
ရှေ့ရှုမေတ္တာ စာနာစိတ်ရည်
ခန္ဓိဆိုတာ အခြေခံ။

▲ ဥစ္စာစီးပွား ကြီးပွားဖို့လေ
ကြိုးကုတ်ရွေတာ နှုတ်သကာနှင့်
အလိမ္မာက အခြေခံ။

▲ သေချာမှုအထိအတွေ့
ယခု ... ယနေ့။

▲ မသေချာမှု ကေန်
မနက်ဖြန်။ ။

www.burmeseclassic.com

www.burmeseclassic.com

သံသရာအသစ်သစ်

ရတနာတိုင်းရောက်သူများရောက်ရာ

▲ ရာဇဝတ်ကြွေး ပေးဆပ် ... ခွေး
ထောင်ကလွတ်ရက် မျှော်နိုင်သေး။

▲ ရာဇဝင်ကြွေး ရှိုင်းလိုက်တဲ့ကြွေး
ဘာနှင့်ပေးဆပ် ကျေမည်လေး။

▲ အမျိုးသားရေး သမိုင်းကြွေး
ဘာနှင့်ပေးဆပ် လွတ်မည်လေး။

▲ ပြည်သူ့ခုံရုံး တံဆိပ်တုံးခတ်
လွတ်ရက်သတ်မှတ်ပေးဖို့ ဝေလာဝေး။

www.burmeseclassic.com

www.burmeseclassic.com



သေစင်း

ငါ့မြင်းဟန် (အုတ်ဂို)

▲ ဖုန်းဆက်စမ်း ... ဖုန်းဆက်စမ်း
ငါ့လက်တစ်ကမ်းမှာ သူရောက်နေတဲ့အကြောင်း
သစ်ပင်ဆိုလည်း စိမ်းမှ ကောင်းတယ်။
ပင်လယ်ဆိုလည်း နက်မှ ရာဇဝင်လှမယ်။
ဘယ်မလဲ ခုတော့ အရပ်ပုကို အရင်ခေါ်
ညစ်ပတ်သူလို့ ဆင်ခြေပေး
လက်ကမ်းရင်တောင် လက်ကြမ်းလို့ပညာပြ
နောက်ကျရင်ပဲ ချော့မော့အပြုံးဆေးကွေး
ခဏလေးလည်း မစောင့်ချင်
ဒီအရင်တုန်းက တစ်ယောက်
ခေါက်တဲ့ခေါက်ပြန် သူ့အစားတောင်မောမိသေး။

▲ အပြုံးပေး နှလုံးဆေးတဲ့လေ
သိလည်းသိတော့ မကြည့်ချင်ပေမဲ့
လူပ်ရှားမှုလက်ကြမ်းတစ်စုံဟာ
ငါ့နှာနှစ်ဖက်ဆီ ရောက်လာပြန်
ငြင်းလည်းမရ ခေါင်းခါပြမဆုံးခင်
သူ ငါ့ကိုယ်လုံးကို သယ်မွေ့ပြီ။ ။

www.burmeseclassic.com

www.burmeseclassic.com

ဘယ်သူးမှာလဲ



▲ တစ်ချိန်က
လောတဖောင်းဖောင်း
သူကောင်းစားခဲ့။

▲ ကြိမ်ကြိမ်မက
ဒေါသချောင်းချောင်း
သူထောင်းထခဲ့။

▲ တစ်ခါမက
မောဟငေါင်းငေါင်း
သူအောင်းဖွခဲ့။

▲ မကြာခဏ
မာနစောင်းစောင်း
သူဆောင်းပြခဲ့။

▲ **တစ်နေ့တစ်ရက်**
စိမ့်ပျက်ယွဲ့ယို
သောကကိုယ်တွင်း
ဖောက်လွဲရင်းက
ပယ်ရှင်းလိပ်ပြာ
ပုတ်ပက်ခွာထွက်
နှုတ်ဆက်ပြီဆို
ကုသိုလ်ဒါန
ပေးမျှပါးခိုက်
ဘယ်သွားထိုက်လဲ
အကြိုက်ပေးပို
တရားကိုယ်ရှိပြီး။ ။

www.burmeseclassic.com

www.burmeseclassic.com

ကဗျာဆရာ အားကိုးရှောင်လွဲ

▲ ရန်ငြိုးဖွဲ့ခံရအောင်
ကဲ့ဆိုးခဲ့တယ် ... ခင်။

▲ ကိုယ်မလုပ်ပါဘဲ
ကိုယ်မရှုပ်ပါဘဲ
ကိုယ်မပြောပါဘဲ
ကိုယ်မဟောပါဘဲ
စွဲချက်တင်အမြင်မှား
ခါးတဲ့ဖြစ်အင်။

▲ မကောင်းကြောင်းတွေဖွဲ့နွဲ့
စောင်းမြောင်းနေကဲ့ရဲ့
မဲ့ရွဲ့ကာ အဆဲသံစဉ်
မခံချင် ရန်ပြင်မိသော်လည်း။

▲ သူထင်သလို
သူမြင်သလို
မြူတစ်မျှင် တစ်စက်ဝေးလို့
တစ်ချက်ကလေးတောင် အပြစ်နာမတည်ခဲ့
သစ္စာသည်သာ ပွားရိုး
အားကိုးရှောင်လွဲ။ ။

www.burmeseclassic.com

www.burmeseclassic.com

▲ တစ်လတစ်ခေါက် ရန်ကုန်ရောက်ဖို့
အတော်ဦးနှောက်စားတယ်။

▲ ကားခ၊ ထမင်းစရိတ်၊ ဆေးလိပ်၊ ကွမ်းယာ
ဘယ်ဟာမှ မသက်သာဘူး။

▲ မသွားတော့ဘူးလို့
စိတ်ကူးထားပေမဲ့
တစ်လအတွင်း
(မရေးရမနေနိုင်လို့)
ားထားတဲ့ ကဗျာတွေက
ဝးပြေးကားပေါ်ကို တွန်းပို့ကြတယ်။

▲ စာမူခက နှစ်ထောင်,သုံးထောင်
ကုန်ကျစရိတ်က လေးထောင်,ငါးထောင်
စာမူခပါပြောင်တဲ့အပြင်
လစဉ်စိုက်ရတဲ့ငွေသား
ဇနီးမယားက မျက်စောင်းခဲ
သူ့ကိုလည်း အမြဲနားချနေရသပေါ့။

▲ ကဗျာဆရာဆိုတာ
ဝင်ငွေနာက်နာ
သဘာဝတရားကပေးလိုက်တဲ့
မေတ္တာလက်ဆောင်
ဘယ်အဆောင်အယောင်နဲ့မှ
မလဲနိုင်ဘူး။

▲ ဒီဘဝမှာ
ကဗျာဆရာမချမ်းသာပေမဲ့
နောင်ဘဝလည်း ချမ်းသာဖို့မမျှော်လင့်
ကဗျာဆရာပြန်ဖြစ်ဖို့ပဲ
ဆုပန်ထားတယ်။ ။

www.burmeseclassic.com

www.burmeseclassic.com

စပျစ်နှာဝေါ်ထုံသန်းခွင့်



▲ ဒီမှာ ...
ဝမ်းသာ ပျော်ရွှင်မှု
ပူဆွေး ကြေကွဲမှု
နာကြည်း ခံပြင်းမှု
အေးချမ်း ငြိမ်သက်မှု
ပေါက်ကွဲ တုံ့ပြန်မှု
သရော် ရွှတ်ချမှု
ချစ်ကြည် လေးစားမှု
အလေးထား မြတ်နိုးမှု
ခြေထိုး ကုန်းတိုက်မှု
သပ်လျှို သွေးခွဲမှု
စွန့်ပစ် ကန်ထုတ်မှု
ဥပေက္ခာ, ဝိသမ
အဓမ္မ
ရသစုံ ဝေနှာ
ဒါ အယ်ဒီတာ့စားပွဲ
ဖိုင်တွဲမှ အနှက်ခု
ပူဖွ
အေးပွ။

▲ ကဲ ... ဆရာ အယ်ဒီတာ
သင့်သမ္ဘာနှင့်
စာပေအတွက်
လောကအတွက်
သင့်တင်ဆက်မှု
'သာခု'ကျွန်ုပ် ခေါ်လိုတ်။

www.burmeseclassic.com

www.burmeseclassic.com

လေးငါးနှစ်အောင်း
တို့ဟက်ချင်ဟယ်
ဆိုဝင်....အပေါင်းအသင်း
ပလွှားစေခဲ့—



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

တစ်ပုံးနှစ်ပုံး သုံးပုံးဆိုတဲ့
လောင်းကစားတွေထဲထည့်ပြောပြော
ပုပ်ခွေကြတာ လောင်းကစား
ဥပဒေမကိုက်ဘူးလား

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

မောင်စိမ်းနောင် လွင်ပြင်ထဲကလမ်း ကဗျာများ

ကဗျာဆရာမောင်စိမ်းနောင်သည် ဂန္ဓဝင်ကျေညက်သော ကဗျာဆရာဖြစ်၏။ ဤလွင်ပြင်ထဲကလမ်း ကဗျာစာအုပ်သည် စပ်ထုံးစပ်နည်း မှန်ကန်စွာ၊ အသံသာ၊ ကာရန်ဝိစ္စာဖြင့် ကဗျာကောင်းကလေးများကို စုစည်းထားခြင်း ဖြစ်သည်။

ဤစာအုပ်၌ ပထမလွင်ပြင်၊ ဒုတိယလွင်ပြင်၊ တတိယလွင်ပြင်၊ စတုတ္ထလွင်ပြင်ဟူ၍ ကဏ္ဍ ၄-ရပ်ခွဲကာ ကဗျာပုဒ်ရေ ၁၀၃ ပုဒ်ကို ပုံနှိပ်ဖော်ပြထားပြီ ကဗျာဆရာကြီးနောင်က အမှာစာရေးသားချီးမြှင့်ထားသည်။ မောင်စိမ်းနောင်၏ ကဗျာများကို ခြုံငုံသုံးသပ်ရလျှင် ဘဝပတ်ဝန်းကျင်မှ အချိုးအစား၊ အနီးအဝေး၊ အလင်းအမှောင်၊ အရောင်အသွေးတို့ကို စုံလင်အောင် တန်ဆာဆင်ထားပေသည်။ ဤစာအုပ်ကို ပန်းချေပြည့်မှ ဝန်ပိုး ၁၅၀၀/- ကျပ်သတ်မှတ်ကာ ထုတ်ဝေလိုက်ခြင်းဖြစ်သည်။

ရွှေဂူဘုရားကြီးစေတီတော် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ရာပြည့်စာဉယျာဉ်

ရန်ကုန်တိုင်းတောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်၊ ဥယျာဉ်ကျေးရွာ ရွှေဂူဘုရားကြီး ကျောင်းတိုက်အတွင်း၌ တည်ထားပူဇော်အပ်သော ပါဒဘုရင် နရိန္ဒရာဇာ၏ ကောင်းမှုတော်ဖြစ်သည့် ရွှေဂူဘုရားကြီးစေတီတော်မှာ ပြန်လည်တည်ထားခြင်း နှစ် ၁၀၀ ပြည့်ခဲ့ပြီဖြစ်၏။ သည့်အတွက် စာရေးဆရာ မော်ဝန်းကြည်မြတ်၏ စီစဉ်မှုဖြင့် အထိမ်းအမှတ်စာအုပ်တစ်အုပ် ဝင့်ထည်စွာ ထွက်ပေါ်လာခဲ့ပြီဖြစ်၏။

အဆိုပါစာအုပ်တွင် ဥယျာဉ်ကျေးရွာ၏ သမိုင်းပုံရိပ်များအပါအဝင် ဥယျာဉ်အလှ၊ ဥယျာဉ်ကဗျာ၊ ကဗျာဥယျာဉ် ရသပန်းခင်း၊ သြဝါဒ၊ ရှစ်လုံးဖွဲ့ကဗျာ၊ ဗုဒ္ဓမမွှေသံယ ရသဆောင်းပါးများ၊ ဘဝရသဆောင်းပါးများ၊ ရသဝတ္ထုစာပန်းချီ၊ အမှတ်တရဥယျာဉ်သမိုင်းပုံရိပ်လွှာ စသော အခန်းကဏ္ဍများ ပါဝင်ကာ နာမည်ကျော်စာရေးဆရာများ၊ ဒေသခံစာရေးဆရာများ ဝိုင်းဝန်းရေးသားပေးထားကြသည်။ ပန်းချီသန့်တော်သစ်၏ ခန့်ထည်သော သရုပ်ဖော်ပန်းချီနှင့်အတူ တန်ဖိုး ၂၀၀၀ ကျပ်သတ်မှတ်ကာ ထုတ်ဝေလိုက်ရာ တန်ဖိုးရှိသော စာအုပ်တစ်အုပ်ဖြစ်ကြောင်း ညွှန်းလိုပါသည်။

ဒီလှိုင်းစာစောင်မှ လက်ရွေးစင်ကဗျာများ

ဒီလှိုင်းစာစောင်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(ဗဟို)မှ ထုတ်ဝေသော နိုင်ငံရေးစာစောင်ဖြစ်သည်။ ဆောင်းပါး၊ ကဗျာ၊ မှတ်တမ်းမှတ်ရာ စုံလင်ပြီး စတင်ထုတ်ဝေသည်မှ လက်ရှိထွက်ရှိနေသည်ထိ ကဗျာများထည့်သွင်းဖော်ပြထားရာ အမှတ်(၁)မှ (၅၀)အတွင်း ဖော်ပြခဲ့သော ကဗျာများကို စုစည်းထုတ်ဝေလိုက်ခြင်းအတွက် ကဗျာလောကဓံ၏ မှတ်တိုင်တစ်တိုင်ဟု ဆိုရပေလိမ့်မည်။

ဤကဗျာစာအုပ်တွင် ဆရာတော်ဂို၊ မင်းသုဝဏ်တို့အစပြုလျက် ကဗျာဆရာ ကြီးငယ်ရွယ်လတ်တို့၏ လက်ရာများပါဝင်သည့်အတွက် သမိုင်းတန်ဖိုးရှိလှပေသည်။ ကဗျာဆရာ ဖျာပုံနိုင်ငံဦးမှ စီစဉ်လျက် ကြယ်နီစာပေတိုက်မှ ဒေါ်အောင်ဆန်းစုကြည်၏ ရုပ်ပုံလွှာဖြင့် တန်ဖိုး ၁၅၀၀/- ကျပ်သတ်မှတ်ကာ ဖြန့်ဝေလိုက်ပြီဖြစ်သည်။

နန္ဒာမိုးကြယ်၏ သဘာဝရဲ့လက်ဆောင် ကလေးကဗျာများ

၂၀၁၁ ခုနှစ် စာပေဗိမာန်ဆု၊ ကလေးစာပေ ပထမဆုရ ကဗျာစာအုပ်ဖြစ်ပေသည်။ ဤစာအုပ်တွင် ကန်တော့ပန်းကဗျာမှသည် ပစ်တိုင်းထောင်ကဗျာအထိ စုစုပေါင်း ကဗျာပုဒ်ရေ (၉၉)ပုဒ် ပါဝင်သည်။ အသံသာခြင်း၊ မြန်မာနိုင်ငံ၏ ရေမြေအလှအပများ ပါဝင်ခြင်း ဖွဲ့ထုံးမှုမှန်ကန်ခြင်း။ သဘာဝကို ချစ်ခင်မြတ်နိုးတတ်စေခြင်း . . . အစရှိသည်တို့ကြောင့် ဆုရွေးချယ်ရေးအဖွဲ့မှ ထိုက်တန်စွာ ရွေးချယ်ပေးအပ်ခြင်းဖြစ်၏။

ဤစာအုပ်တစ်အုပ်လုံးကို ပန်းချီသန့်တော်သစ်မှ အလှရုပ်ပုံများစွာ ဖော်ကျူးပေးထားပြီး မြတ်ပန်းရုံစာပေမှ တန်ဖိုး ၅၀၀/-ကျပ် သတ်မှတ်လျက် အရည်အသွေး

www.burmeseclassic.com

www.burmeseclassic.com

ခန့်ထည်စွာပြင့် ထုတ်ဝေလိုက်ရာ ကလေးချစ်သော မိဘများအပို့ မိမိတို့ရင်နှစ်သည်းချာများအတွက် လက်ဆောင်ကောင်းအဖြစ် ပေးသင့်သောစာအုပ် ဖြစ်ပေသည်။

မင်္ဂလာဦးရွှေအိုး၏ လုတောရွာမှ လုတောသားဟာသများ

လုတောရွာသည် စကားအရာ၌ ကြွယ်ဝသောရွာအဖြစ် ထင်ရှားလှပေသည်။ ရွှေဘိုမြို့၏တောင်ဘက် ဆယ့်လေးမိုင်ခန့်အကွာ၊ ဝက်လက်မြို့၏ အနောက်ဘက် ခုနစ်မိုင်အကွာ ရွှေဘို-စစ်ကိုင်းကားလမ်းမပေါ်တွင် တည်ရှိ၏။ လုတောရွာသားတို့၏ စကားများမှာ လွန်စွာထူးခြားနေ၏။ ဥပမာပြင့် ပမာပုံနိုင်း ပြောဆိုမှုက ကဲကဲလွန်လွန် ဖြစ်နေဝတ်သော်လည်း၊ ပေါ်လွင်လှ၏။ ဟာသဉာဏ်မှာလည်း မြူးကွန့်ရှ်မဆုံး။ ကြားရသူတို့မှာ ပေါ်ပါးသွက်လက်စွာ ရယ်မောရသည်။ ကြားရသူအပို့ မြန်မာ့ကျေးလက်စရိုက်ကိုလည်း ခုံမင်ချစ်မက်သွားစေရသည်။ မွေကထိက အကျော်အမော်များ၊ စာရေးဆရာများ၏ ဟောပြောမှုများကြောင့် လုတောဆိုလျှင် မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်နှင့် ရင်းနှီးကျွမ်းဝင်ပြီးသား ဖြစ်လေသည်။

သည်အတွက် မင်္ဂလာဦးရွှေအိုးက သူလေ့လာစုဆောင်းထားသမျှ လုတောရွာမှ လုတောသားဟာသများကို စုဆောင်းတင်ဆက်ထားရာ ပင်မြင့်မာလာစာပေမှ ပန်းချီကိုးစ်၏ သရုပ်ဖော်ဖြင့် တန်ဖိုး ၅၀၀/-ကျပ် သတ်မှတ်လျက် ထုတ်ဝေလိုက်သည်။

ဟိန်းထက်စိုး၏ ခန္ဓာရထားမောင်းနှင်ခြင်း (သို့မဟုတ်) ဇန်နဝါရီကိုဖြတ်သန်းခြင်း

၎င်းစာအုပ်တွင် စာရေးဆရာ ဟိန်းထက်စိုးက ရေမြေတောတောင်နေရာဒေသ၊ တတိဘူတာမှ ထွက်ခွာလာခြင်း၊ ဖြတ်သန်းခြင်းခရီးစဉ်၊ မွေးနေ့မဟုတ်သော ရက်တစ်ရက်၊ ဆင်းရဲခြင်းလွတ်ကင်းလိုလျှင်၊ တတိမီး၊ ဇရာဘူတာ၊ ဗျာဓိဘူတာ၊ မရဏဘူတာသို့အဝင်၊ မရဏသန့်တော၊ လက်ဆောင်းကဗျာဝိပဿနာ၊ သေပြီးနောက်ဝယ်၊ ဇရဲပြည်သို့ အလည်တစ်ခေါက်၊ အထုပ်ထုပ်ပါ၊ အထုပ်ပြင်သူ၊ ရာဂစွဲ၍ ကဲကြသော်... အစရှိသော ဓမ္မအတွေးအခေါ်ဆောင်းပါးပေါင်း ၁၆ ပုဒ်ဖြင့် ဘာသာရေးအသိကို ဝေငှထားပေသည်။

၎င်းစာအုပ်သည် ဆရာဟိန်းထက်စိုး၏ ၄၈ နှစ်မြောက် ရွှေရတုအကြို အမှတ်တရဖြစ်ပြီး ကောင်းထွင့်စာပေမှ တန်ဖိုး ၇၀၀/-ကျပ် သတ်မှတ်လျက် ထုတ်ဝေလိုက်ခြင်း ဖြစ်ရာ ဗုဒ္ဓဘာသာဝင်များ ဘာသာရေးအသိအမြင် ကြွယ်ဝလိုသူများအနေဖြင့် မလွဲမသွေ ဖတ်ရှုသင့်သော စာအုပ်ကောင်းတစ်အုပ်ဟု ညွှန်းလိုပေသည်။

ကျော်ဇော်ဟိန်း(သစ်ထူးအိမ်)၏ ကျောက်စိမ်းမြေမှ ရေမဆေးရတနာသစ်

၎င်းစာအုပ်သည် ကဗျာ၊ ဝတ္ထု၊ အက်ဆေး(ရသစာတမ်း)နှင့် ရသဆောင်းပါးရှည်များကို မှော်မြင်ကွင်း ဓာတ်ပုံများနှင့်အတူ ဖော်ပြထားရာ ရသသုတစာစုများဖြစ်သည်။ မဟေသီမဂ္ဂဇင်း၊ နွယ်နီမဂ္ဂဇင်း၊ ရောင်ပြန်မဂ္ဂဇင်း၊ ဖြစ်ရပ်မှန်မဂ္ဂဇင်း၊ ပြည်သာယာမဂ္ဂဇင်း၊ ဟားကန်မဂ္ဂဇင်း၊ မင်္ဂလာခုံပြိုနယ်မဂ္ဂဇင်း စသော မဂ္ဂဇင်းများနှင့် News Watch Weekly စောင်ကြည့်ဂျာနယ်၊ စွေးကွက်ဂျာနယ်၊ အကျိုးဆောင်ဂျာနယ်များတွင် ပါဝင်ခဲ့သော စာမူများအနက်မှ ကောင်းနိုးရာရာတို့ကို ရွေးချယ်၍ ဖော်ပြထားခြင်း ဖြစ်သည်။

၎င်းစာအုပ်အား ကျောက်စိမ်းနှင့် မှော်ဒေသကို စိတ်ဝင်စားသူတိုင်း၊ လေ့လာလိုသူတိုင်း မဖြစ်မနေ ဖတ်သင့်ပေသည်။ ၎င်းစာအုပ်ကို ဖတ်ရှုခြင်းဖြင့် ကျောက်စိမ်းထွက်ရှိရာဒေသ၏ အကြောင်းအရာသစ်များ၊ ရေမဆေးရတနာသစ်အကြောင်းကို ပြည့်စုံစွာသိရှိရမည် ဖြစ်သည်။ ၎င်းစာအုပ်ကို ဝိုးနေက ပန်းချီအလှဆင်ပေးထားပြီး တန်ဖိုး ၁၅၀၀/-ကျပ်သတ်မှတ်ကာ ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်းမှ ဖြန့်ချိလိုက်ခြင်း ဖြစ်၏။

ကသစ်နှံ

www.burmeseclassic.com

www.burmeseclassic.com

မြဝတီရုပ်သံနှစ်ပတ်လည်နေ့နှင့် မြဝတီစာပေတိုက် နှစ်ပတ်လည် ဆုချီးမြှင့်ပွဲ

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ မြဝတီရုပ်မြင်သံကြား နှစ်ပတ်လည်နေ့နှင့် မြဝတီစာပေတိုက် နှစ်ပတ်လည်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ၂၀၁၃ ခုနှစ်၊ မတ်လ ၃၁ ရက်(စနေနေ့) ညနေ ၆:၀၀ နာရီက မော်ဘီမြို့ အမှတ်(၁)တပ်မတော် ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်တွင် ကျင်းပခဲ့သည်။

အဆိုပါ နှစ်ပတ်လည်နေ့နှင့် ဆုချီးမြှင့်ပွဲသို့ သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဆုရရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

ဆရာအောင်ကျော်ဟိန်း၏ စာအုပ်မိတ်ဆက်ပွဲ

ဂျပန်နိုင်ငံ၏ နှစ်ပေါင်းတစ်ရာကျော်သက်တမ်းရှိ အသက်အာမခံကုမ္ပဏီ The Daido Life Foundation မှ လုပ္ပဒါန်းပြီး Quality Publishing House မှ ထုတ်ဝေထားသော စာရေးဆရာ အောင်ကျော်ဟိန်း၏ "လယ်သမားများအား ဆင်းရဲတွင်းမှ လွတ်ကင်းစေသူ နိုန်ဝီယ ခင်းကျင်လို" စာအုပ်အား မိတ်ဆက်ခြင်းနှင့် လွှတ်တော်ဒေါက်ကိုယ်စားလှယ်များ၊ စာကြည့်တိုက်ဖောင်ဒေးရှင်း၊ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက် အပါအဝင် စာကြည့်တိုက်များနှင့် အဖွဲ့အစည်းအသီးသီးသို့ စာအုပ်လှူဒါန်းခြင်းအခမ်းအနားအား (၃၀.၃.၂၀၁၃) စနေနေ့ မွန်းလွဲ(၂:၃၀ နာရီမှ ၅:၀၀ နာရီထိ) ရန်ကုန်မြို့ ဗိုလ်ချုပ်လမ်းနှင့် ၃၁ လမ်းထိပ်ရှိ စင်ထရယ်ဟိုတယ် (ကျောက်စိမ်းခန်းမ)တွင် ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ဖိတ်ကြားထားသော ဧည့်သည်များ စုံညီစွာ တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသူ အပေါင်းအား စာအုပ်လက်ဆောင်များ ပေးအပ်ပြီး အကျေးအမွေးဖြင့် ကြေးခဲခဲ့ကြောင်း သိရှိရပါသည်။

ရွှေတိဂုံမိဒီယာကစ်၏ မြေပုံနှင့် လမ်းညွှန်စာအုပ် မိတ်ဆက်ပွဲ

SHWEDAGON Media Kit မှ Map and Guide Book မိတ်ဆက်ပွဲကို ၂၀၁၃ ခုနှစ်၊ မတ်လ ၃၀ ရက်၊ စနေနေ့ ၁၀:၃၀ နာရီက ရန်ကုန်မြို့ ကရဝိက်ခန်းမ၊ ဥတ္တရဆောင်၌ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ မြေပုံနှင့် လမ်းညွှန်စာအုပ် မိတ်ဆက်ပွဲအခမ်းအနားကို စာနယ်ဇင်းအသီးသီးမှ ဖိတ်ကြားထားသူများ စုံလင်စွာ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

ဖြူသီ၏ မိုင်ပေါင်းကုဋေမှ လမ်းပြကြယ်ဆီသို့

အဆိုတော် ဖြူသီ၏ မိုင်ပေါင်းကုဋေမှ လမ်းပြကြယ်သို့ အမည်ရှိ Music Concert ကို (၂၄.၃.၂၀၁၃) တနင်္ဂနွေနေ့က ရန်ကုန်မြို့ ဒဂုံမြို့နယ်၊ မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံ၌ ကျင်းပခဲ့ပါသည်။

ဦးစွာ ဆရာရွှေတိုင်ညွှန်ရေးသည့် "အန္တရာယ်ကင်း"သီချင်းကို ဖြူသီ၏ သီဆိုမှုနှင့်အတူ ယဉ်ကျေးမှုအကဖြင့် ဖွင့်သည်။ ထို့နောက် တက္ကသိုလ်မောင်ယဉ်သွေး ရေးဖွဲ့သည့် "သူများစကား တို့မယုံ"သီချင်းကို ပါဖောင်းမင့်လုပ်ပြပြီး အဆိုတော် အိမ့်ချစ်က သီဆိုသည်။ ထို့နောက် ဖြူသီ၏ မိုင်ပေါင်းကုဋေမှ လမ်းပြကြယ်အထိ ထွက်ရှိပြီးသား သီချင်းကောင်းများစွာကို ပုံမှဲ့ ဇော်ဝိုင်၊ ရတနာဦး၊ မို့မို့၊ ဗစ်တာခင်ညို့၊ နီနီခင်ဇော်၊ အိုင်ရင်းဇင်မာမြင့်၊ ချင်ဂိုး၊ ဝိုင်းလမင်းအောင်၊ မေသက်ထားဆွေ၊ ရာဇာဝင်းတင့်၊ ကျော်သီဟ၊ သို့ဖေ ဇော်ဝင်းထွဋ်၊ အောင်ကိုကို၊ ကျော်ကျော်မို တို့၏ ကူညီသီဆိုမှုများဖြင့် စည်ကားသိုက်မြိုက်ခဲ့ကြောင်း သိရှိရသည်။

www.burmeseclassic.com

www.burmeseclassic.com

ရင်ငြိမ်းပန်း စာကြည့်တိုက်ဖွင့်ပွဲနှင့် စာပေဟောပြောပွဲကျင်းပ

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံ ဝိန္ဒကုန်းကျေးရွာ ရင်ငြိမ်းပန်း စာကြည့်တိုက်ဖွင့်ပွဲ (၂၂-၃-၂၀၁၃) ရက်နေ့က အဆိုပါ စာကြည့်တိုက်တွင် ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းကလျာခိုင်၊ စာကြည့်တိုက် ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် စာရေးဆရာ ညွန့်ဟဲ(ကြူးတော)တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါ်စန်းကလျာခိုင်၊ စာရေးဆရာ ညွန့်ဟဲ(ကြူးတော)၊ အောင်မြင့်(သစ်လုပ်ငန်း)နှင့် မောင်ဒွေဇော်(ရဲလှလင်)တို့က စာကြည့်တိုက်ဖွဲ့ပြီးရေးလုပ်ငန်းနှင့် စာပေရေးရာများကို ဟောပြောခဲ့ကြသည်။ အဆိုပါ ဟောပြောပွဲသို့ ကျေးရွာအုပ်ချုပ်ရေးမှူးများအပါအဝင် ရပ်မိရပ်ဖများ၊ စာပေဝါသနာရှင်များ စိတ်ဝင်စားစွာ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

ပင်းယမဂ္ဂဇင်း မိတ်ဆက်ပွဲကျင်းပ

မုတ်သုံစာပေမှ တင်ဆက်သော "ပင်းယမဂ္ဂဇင်း" စာနယ်ဇင်းမိတ်ဆက်ပွဲကို (၂၈-၃-၂၀၁၃) ကြာသပတေးနေ့ မွန်းလွဲ ၁း၀၀ နာရီက ရန်ကုန်ပြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စင်ထရယ်ဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့သည်။

ထိုအခမ်းအနားတွင် ခင်သန္တာက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်၍ ပင်းယမဂ္ဂဇင်း တာဝန်ခံအယ်ဒီတာ မင်းသစ်က မိတ်ဆက်စကားပြောကြားခဲ့သည်။ ထို့နောက် ဆရာကြည်မင်း၊ ဆရာအောင်စိုးသူ၊ ဆရာဦးဟိန်းလတ်နှင့် ဆရာဦးမြတ်ခိုင်တို့က မုဒိတာစကားပြောကြားခဲ့သည်။ ပင်းယမဂ္ဂဇင်းသည် အမှတ် ၁၁၂/၂၀၂ အခန်း(၃၁)၊ ပ-ထပ်၊ ၃၄ လမ်း(ထက်)၊ ကျောက်တံတားမြို့နယ်တွင် တည်ရှိကြောင်း သိရသည်။

ပြည်သူ့ရင်ပြင်မှာ ဖျော်ဖြေခဲ့ကြတဲ့ မြပုဏ္ဏမာအဖွဲ့

လူရွှင်တော်ဇာဂနာ ဦးဆောင်တင်ဆက်သည့် မြပုဏ္ဏမာအဖွဲ့သားများ၏ ပြည်သူ့အငြိမ့်သည် ရန်ကုန်ပြို့ ပြည်သူ့ရင်ပြင်၌ (၂၇-၃-၂၀၁၃) ဗုဒ္ဓဟူးနေ့ ည ၇း၀၀ နာရီက အနုပညာရှင်များ၊ ပွဲကြည့်ပရိသတ်များကို ဘင်ဆက်ပြဿဖျော်ဖြေခဲ့သည်။ အဆိုပါပွဲတွင် ဇာဂနာနှင့်အတူ သီးလေးသီးအဖွဲ့၊ အရိုင်း၊ ဖိုးပြို့၊ ကင်းကောင်၊ ငှက်မျောကြော် စသည့် လူရွှင်တော်များ မင်းသမီးများ ပါဝင်ကပြခဲ့သည်။

အဆိုပါပွဲ၌ ဝင့်သိဂီ၊ ချောစုမို့၊ သစ်သစ်လင်း၊ မီးသီး၊ ပင်ကိုတို့က အဖွင့်သီချင်းအဖြစ် "ဖျော်ရွှင်ကြစေ"သီချင်းဖြင့် စတင်ဖွင့်လှစ်ခဲ့ပြီး ပြုံးပြုံးထွန်း၊ နင်းဝင့်ဖြူဝိုးနိုင်၊ နင်းထက်ထက်စိုး၊ နောအဲ့ဂိုးဖော၊ ခိုင်ခိုင်စိုးလွင်၊ ဘင်ဇာမိုးမင်း၊ ချောစုဝေ၊ စုမြတ်အောင်၊ နောအေးနင်းသဇင်၊ နင်းနုနုနိုင်တို့က ယိမ်းအဖွဲ့အကဖြင့် တင်ဆက်ကပြခြင်း၊ နီလာသိန်း၊ နင်းသဇင်၊ ဝင့်သီရိမောင်၊ ခက်ခက်အောင်၊ ပိုးဥဒေါ်၊ တင်မိုမိုလှိုင်၊ အောင်သုခင်၊ အာကာပိုင်၊ ဝေယံပြို့၊ အောင်ကိုကို၊ ညီညီလင်းမောင်၊ ဘိုဘိုလွင်တို့က နတ်အကတို့ဖြင့်လည်းကောင်း၊ သူငယ်တော်အကကို အေးမမမို့၊ ဆုသိဂီနိုင်၊ ခိုင်ချောစုဟန်၊ အောင်ချိုတိန်း ထက်တော်၊ နေထက်လင်းတို့ကလည်းကောင်း၊ ဦးရွှေရိုး+ဒေါ်ဝိုးအကကို ကျော့ကျော့ခိုင်နှင့် မင်းမင်းတို့ကလည်းကောင်း၊ ကပြဖျော်ဖြေ တင်ဆက်ခဲ့ကြောင်း သိရှိရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဤလိုစာအုပ် မရှိပါ

အဝတ်အစား ကပိုကရို၊ ယျက်နှာထားက ခပ်ချိုချိုနှင့် လူရွယ်တစ်ယောက် စာအုပ်အရောင်းဆိုင်တစ်ဆိုင်အတွင်း ဝင်လာသည်။ ထို့နောက် ဆိုင်အတွင်းရှိ စာအုပ်စင်များပေါ်၌ အစီအရီတင်ထားသော စာအုပ်များကို တစ်အုပ်ပြီးတစ်အုပ်ဆို သလို စေ့စေ့စပ်စပ်ကြည့်ပြီး ခေါင်းခါနေသည်။ ဤတွင် စာအုပ် အရောင်းစျေးသည် အမျိုးသမီးက ပြေပြစ်ယဉ်ကျေးစွာဖြင့် –

"ဘာစာအုပ်များရှာနေတာပါလဲရှင် ..."

ဟူ၍ မေးလေ၏။ လူရွယ်ကလည်း ...

"ဟိုမျာ ... 'ယောကျ့ာမနိုင်နည်း' စာအုပ်များ ရှိသလား လို့။ ရှိရင် ဝယ်ချင်လို့ပါ"

ဟု ဖြေလေ၏။ ထိုအခါ အရောင်းစာရေးမလည်း ...

"အဲသည်လိုမျိုး စိတ်ကူးယဉ်စာအုပ်တွေ ကျွန်မတို့ဆိုင်မှာ လုံးဝမတင်ပါဘူးရှင်။ တခြားဆိုင်တွေ သွားကြည့်ပါ"

ဟု ဆိုလိုက်လေရာ လူရွယ်လည်း ခေါင်းကို တဖျင်း ဖျင်းကုတ်လျက် အဆိုပါစာအုပ်အရောင်းဆိုင်မှ ထွက်သွားလေ သတည်း။

• • •

ကြောက်လွန်းလို့ပါ

တစ်ခါက လွန်စွာမှ ဆင်းရဲမွဲတေလွန်းသော နိုင်ငံ တစ်နိုင်ငံ ရှိခဲ့လေ၏။

ထိုနိုင်ငံကို အုပ်ချုပ်သူကား အာဏာရှင်ကြီးတစ်ဦး ဖြစ်၏။ ထိုအာဏာရှင်ကြီးသည် သူ့ကိုယ်သူ လွန်စွာအထင်ကြီး ၏။ တိုင်းသူပြည်သားတို့ တာတေလံအောင် ဆင်းရဲမွဲတေနေကြ သည်ကို စိုးစဉ်းမျှ မသိ။ အနီးကပ်ဖားယားနေကြသော အကျွှန် ုပ်က မှူးမတ်၊ ဝန်ကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၏ မြောက်ပင့်နေမှုတို့အပေါ်တွင် နားဝင်သာယာကာ ပိမိကိုယ်ပိမိ မင်းကျင့်တရားနှင့် လွန်စွာမှညီသော မင်းအကောင်းမင်းမြတ်တစ်ဦး ဟုပင် အထင်ရောက်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဆောင်ဆောင်အရ ဖိလွန်းလျှင် ကြွတတ်ပေရာ တိုင်းသူပြည်သားတို့အပေါ် အခွင့်အရေးသာလျှင် သာသည်အလျောက် တိုးအာဏာရှင်ဘုရင်အား ပုန်ကန်ထကြွ၍ ရှင်းလင်းသုတ်သင်ပစ်ရန် ကြစည်လှုက်ရှိကြပေသည်။ တိုင်းသူပြည်သားအပေါင်းတို့ လွန်စွာ မုန်းတီးရွံရှာ စက်ဆုပ်နေကြသည်ကို မသိဘဲ ဝိုနေပြီကျားနေပြီအတိုင်းပင် မြောက်ပင့်ခစားသူများအကြားမှပင် တိုင်းပြည်အပေါ် ဖိနှိပ်သည်ထက် ဖိနှိပ်လျက်ရှိလေ၏။

"တောက် ... ခုနေများ အဲသည် အာဏာရှင်ဘုရင် ယုတ်ခဲ့ နှစ်ယောက်ချင်း ရင်ဆိုင်တွေ့ခွင့်ရလို့ကတော့ကွာ အသက်ချင်းကို လဲပစ်မယ်"

"အံမယ် ... ရောင်းရင်းတင်ပဲလား။ ကျုပ်တို့လည်း သည်ဘုရင်ယုတ် နယ်ကျဲလမ်းမှားပြီး ရောက်လာလို့ကတော့ ငရဲပြည်ကို ပို့အပြီးသားပဲ"

"ကျုပ်တို့ကတော့ ရင်ကိုခဲ့၊ အသည်းနှလုံးကလီစာတွေ ထုတ်ပြီး ခွေးတွေကို တဝကြီး ကျွေးပစ်ချင်တာပဲဗျာ"

"နို့ ... နေစမ်းပါဦး။ နောင်ကြီးရဲ့ခွေးတွေက ဘုရင်ယုတ်ရဲ့ ကလီစာတွေမှန်းသိရင် အော့နှလုံးနာပြီး စားကောစားပါ့မလားဗျာ"

ထိုသို့ တစ်ယောက်တစ်ပေါက် စကားသံများ ညံစည်ကြရင်း အာဏာရှင် ဘုရင်ယုတ်အား မေတ္တာသုတ်တစ်စောင်လုံးကို ပုဒ်ထီး၊ပုဒ်မပါမကျန် ပို့လွှတ်နေကြလေတော့တ၏။

× × × × ×

တစ်နေ့သ၌ ထိုအာဏာရှင်ဘုရင်ယုတ်သည် ကိုယ်ပိုင် **ရဟတ်ယာဉ်ဖြင့် အပျော်ခရီးထွက်လာစဉ် တောအုပ်တစ်ခုသို့ အရောက်၀ယ် ရဟတ်ယာဉ်မှာ စက်ချို့ယွင်းသွားလေရာ** လေထီးအကူအညီဖြင့် ခုန်ချသည့်အတွက် အသက်ဘေးမှ လွတ်မြောက်သွားလေ၏။ သူလေထီးဖြင့်ခုန်ချ၍ ကျသောနေရာသည် တောင်ပူစာငယ်ကလေးတစ်ခု ဖြစ်၏။

နွေကာလအခါသမယ ဖြစ်လေရကား နေသည် ခြစ်ခြစ် တောက်ပူလောင်ပြင်းပြလျက် ရှိပေ၏။ သည့်အတွက် ချွေးပြိုက် ပြိုက်ထွက်ရင်း ပင်ပန်းမောလျလျက် ရေတစ်ဝေနာကို ခံစားနေရလေသည်။ ထိုအခါ သောက်စရာရေကို ရလိုရငြား ပတ်ဝန်းကျင်ကို လှည့်လည်ဖွေရှာရင်းမှ တွင်းဟောင်းကြီးတစ်ခုအတွင်း သို့ မမျှော်လင့်ဘဲ ပြုတ်ကျသွားလေတော့တ၏။ တွင်းအပြင်သို့ ပြန်တက်ရန် လေ့ကားလည်းမရှိ၊ ကုတ်ဖဲ့တက်ရအောင်လည်း တွင်းနှုတ်ခမ်းတို့မှာ ချောကျိုလျက်နေ၏။ မည်သည့်နည်းနှင့်မျှ ပြန်တက်ရန် မဖြစ်နိုင်။

သည့်အတွက် "ကယ်တော်မူကြပါ ... ကယ်တော်မူကြပါ" ဟူ၍ အာခေါင်ခြစ်ကာ အော်လေ၏။ ထိုအော်သံကို ထင်းခွေလုလင်တစ်ယောက် ကြားသွားလေရာ နွယ်ကြိုးများ ရှာဖွေလျက် ဒုက္ခသည်ကို ကူညီကာ တွင်းနှုတ်ခမ်းပေါ်သို့ ဆွဲတင်ခဲ့လေ၏။ ယခုမှပင် လတ်ဆတ်သော လေကောင်းလေသန့်ကို ရှူလိုက်ရပြီး အသက်ဘေးမှ လွတ်မြောက်လာရသည့် အတွက် အာဏာရှင်ကြီးလည်း အသက်သခင် ထင်းခွေလုလင်အား လွန်စွာမှ ကျေးဇူးတင်ရှိသွားပြီး ထိုကျေးဇူးကို ပြန်လည်ပေးဆပ်လိုစိတ်များ ဆီးမနိုင်၊ တားမရ ဖြစ်လာခဲ့လေ၏။

"ကျေးဇူးပါပဲ မောင်ရင်ရယ်။ မောင်ရင်သာမကယ်ရင် ကျုပ် ဟောသည်တွင်းထဲမှာ ဘယ့်ကလောက်တောင် ဒုက္ခရောက်နေမလဲ မပြောတတ်ဘူး။ အခု မောင်ရင်ကယ်လိုက်လို့ ဒုက္ခက လွတ်မြောက်သွားပြီ။ သည်တော့ မောင်ရင် ဘာများ အလိုရှိသလဲ။ အလိုရှိတာကို ပြောပါ။ အလိုချင်ဆုံးဥစ္စာကို ပြောပါ။ မဖြစ်မနေ မရ ရအောင် ကျုပ်လုပ်ပေးပါ့မယ်"

"မလိုပါဘူးခင်ဗျာ။ လူသားအချင်းချင်း စာနာထောက်ထားရမယ်ဆိုတဲ့ စိတ်စေတနာအသိနဲ့ ကူညီတာသက်သက်ပါ"

"အို ... ဘာလဲ၊ မောင်ရင်လေးက ကျုပ်ပြောတဲ့စကားကို မယုံဘူးလား။ ကျုပ်အနေနဲ့ မောင်ရင်လေးသာ ဟောဒီတိုင်းပြည်အတွင်းမှာရှိတဲ့ အရာတစ်ခုခုကို တောင်းခံလိုက်စမ်းပါ။ မရဘူးဆိုရင် ကျုပ်ကို ပြောချင်သလိုပြောပေတော့"

"ဘာမှ မလိုချင်ပါဘူးခင်ဗျာ .. နေပါစေ။ ကျွန်တော်က စေတနာသက်သက်နဲ့ ကယ်တင်တာပါ"

"အို့ကွယ် ... မော် ... လေးက ဒတ်တော့်ကို ပြောခက်တာပါပဲလား။ အင်းလေ ... မောင်ရင်လေးအဖို့ရာ ကျုပ်ကို မြင်ဖူးတွေ့ဖူးတာမှ မဟုတ်ဘဲလား။ သည်တော့လည်း ပြောရဆိုရတာ အတော်ကလေး ခက်ပေသပေါ့။

သည်မှာ မောင်ရင်လေး။ ကျုပ်ရှင်းရှင်းပဲပြောလိုက်မယ်။ ကျုပ်ဟာ ဟောသည့် မောင်ရင်လေးတို့တိုင်းပြည်ကို အုပ်ချုပ်နေတဲ့ ဘုရင်ဆိုတာပဲ။ ခု ... ရဟတ်ယာဉ်အပျော်စီးထွက်ခဲ့ရာက ခုလိုမျိုး ဒုက္ခကြုံပြီး မောင်ရင်လေးနဲ့တွေ့ရတာပဲ။ ကျုပ်က ကျေးဇူးတင်တဲ့အနေနဲ့ မောင်ရင်လေး အလိုရှိတာကို လုပ်ပေးချင်လို့ပါ။ ဘို ... ယုတ်စွအဆုံး ဘယ်သူမှ ကြိုက်မယ့်သူမရှိတဲ့ ကျုပ်သမီးတွေကို လိုချင်သလား။ သမက်တော်ဖို့ရာ အဆင်သင့်ပဲ"

"ဒီလောက်တောင်လည်း မလိုပါဘူးခင်ဗျာ။ ဦးမင်းကသည်တိုင်းပြည်ရဲ့ဘုရင်ဆိုတာ သေချာပါတယ်နော်"

"ဟာ ... သေချာတာပေါ့ကွာ။ မောင်ရင် မယုံရင် နှုန်းတော်ထဲကို ခေါ်သွားမယ်။ ကျုပ်က အားလုံးအပေါ် သေဆုံးသေ၊ ရှင်ဆိုရှင်။ အဲသလောက် အာဏာရှိတာ"

www.burmeseclassic.com

www.burmeseclassic.com

"ဒီ .. ဒီလိုဆိုရင် ကျွန်တော် တစ်ခုလေးပဲ တောင်းပါရစေ။ အဲဒါလေးတော့ ပေးမယ်မဟုတ်လား"

"ဟား ... အဲသည်လို လုပ်စမ်းပါကွ။ ကိုင်း ... ပြောစမ်း။ ဘာများတောင်းမလဲ။ မပေးမှာ မယူနဲ့။ ကျေးဇူးရှင်ဖို့ ပေးပြီးသား ..."

"ဒါဆိုရင် တောင်းပါတော့မယ်"

"အေး ... ဟုတ်ပြီ။ ကိုင်း ... ပြော"

"ဟုတ်ကဲ့ ... ဦးမင်းရဲ့တစ်သက်၊ ကျွန်တော့်ရဲ့ တစ်သက်မှာ ဦးမင်းရဲ့အသက်ကို ဘယ်သူကယ်တင်သလဲလို့ မေးလာခဲ့ရင် ကျွန်တော်ပဲဆိုတာကို မပြောလိုက်ပါနဲ့နော်။ ကြောက်လွန်းလို့ပါ"

ထိုလို့ပြောဆိုပြီးနောက် ထင်ဒွေလုလင်သည် ငါးကိုခနဲ ဆွဲကိုက်သွားလေရာ အာဏာရှင်ကြီးမျာ ပါးစပ်အဟောင်းသား ဖြင့် နေရာတွင် ကျန်ရစ်ခဲ့လေသတတ်။

• • •

ချော် .. .မှားလို့ မှားလို့

မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးပွဲတွင် ဖြစ်သည်။

ပရိသတ်အပေါင်းသည် တစ်ယောက်ပြီးတစ်ယောက် ဆိုသကဲ့သို့ ဆုပေးပွဲကျင်းပရာခန်းမသို့ ဝင်လာကြကုန်သော ပြည်သူချစ်သော အနုပညာရှင်များအား နှုတ်ဆက်ကြ၊ ဓိတ်ဆက်ကြ၊ အမှတ်တရ လက်မှတ်ရေးထိုးခိုင်းကြ၊ ဓာတ်ပုံယှဉ်တွဲရိုက်ကြနှင့် စည်ကားဝေဆာခန်းလေ၏။ ထို့ကဲ့သို့ပင် ဒီဒီယာအသီးသီးမှာလည်း မအားမလပ်ရအောင် အလုပ်တွေများနေလေ၏။

ထိုထိုသော အခြေအနေများကြားတွင် ပရိသတ်များကြားမှ ကြည့်ပျော်ရွှင်ပျော် ပြင်ဆင်တင်စားလာသည့် မိန်းမရွယ်တစ်ဦးသည် သတင်းဓာတ်ပုံများ တဖျတ်ဖျတ်ရိုက်လျက်ရှိသော ဓာတ်ပုံဆရာတစ်ဦး၏အနီးသို့ ရောက်လာကာ –

"ဒီမှာ ... ဒီမှာ ... ရှင် အာကာဟိန်းကို တွေ့မိသလား"

ဟူ၍ မေးလေ၏။ ဓာတ်ပုံဆရာလည်း ထိုအမျိုးသမီးကို ဖျတ်ခနဲကြည့်၍ သရုပ်ဆောင်တစ်ဦးအား အမှတ်တရ အော်တိုရေးခိုင်းမည်ဟု ထင်သွားကာ အကျိုးသင့်အကြောင်းသင့် ပြေပြေလည်လည် ပြောဆိုလိုက်လေ၏။

"အာကာဟိန်းကို မတွေ့မိဘူးခင်ဗျ။ ဟို ... မင်းသား ဟိန်းဝေယံကိုတော့ ဟိုနားမှာ တွေ့တယ်။ သွားတွေ့လိုက်လေ"

ထိုစကားကြားရလေသော် ဓိန်းမရွယ်လည်း စိတ်ရှုပ်သွားဟန်ပြင့် နှုတ်ခမ်းအစုံကို စူလိုက်ကာ ...

"အို ... ဟိန်းဝေယံကို ဘာလို့တွေ့ရမှာလဲ။ ကျွန်မနဲ့ လက်ထပ်ထားကာက ဟိန်းဝေယံမှ မဟုတ်တာ"

"ဗျာ ..."

• • •

လင်ခွေး

ရွှေမန်းတောရွာသား 'ကိုညွှန့်တင်' ဆိုတာ ဝါသနာအာဇာနည်ဆက်တိုင်းမီလို့ ပြောရမလား မသိပါဘူး။ ဖဲကစားရမှာဆိုတာကယ်ကို ဝါသနာကြီးတာကလား။ မိဘတွေက ခြေဦးမလားဆိုပြီး ဆွေရိပ်မျိုးရိပ်မကင်းတဲ့ ဦးကောင်းကျောက်မိ 'မခင်နှင်း' ဆိုတဲ့ မိန်းကလေးတစ်ယောက်နဲ့ အိမ်ထောင်ရက်သား ချပေးခဲ့ပါရဲ့။ ဒါပေမဲ့လည်း ခုံရင်းက ခုံရင်းပါပဲ။

သည်အတွက် ဇနီးသည် ခင်နှင်းကလည်း ပေါက်မိတဲ့ နဖူး မထူးတော့ပါဘူးဆိုပြီး ကိုညွှန့်တင်အဆိုးမျိုးကို တော်တော် ကလေး သည်းခံရှာပါတယ်။

ဖဲသမားကိုညွှန့်တင်တို့များ ဖဲပွင့်ကလေးတွေ ပွတ်နေရပြီဆိုလို့ကတော့ တကယ့်ကို ဟင်းမှ၊ ထမင်းမှ။ (အဲ ... ပုလင်းကိုတော့ မမေ့ဘူးဆိုပဲ။) အသိမိတ်ဆွေတွေနဲ့ ပတ်သက်သူတွေရဲ့ နာရေးများပေါ်လာပြီဆိုမှဖြင့် အသုဘအိမ်မှာ ညလုံးပေါက်ကို ပိုကာဆွဲတော့တာကလား။ တစ်ခါ တစ်ခါများ လင်းကြက်တွန်လောက်မှ အိမ်ကိုရောက်လာတတ်ယ်။ ပတ်ဝန်းကျင်အိမ်တွေရှိတာကြောင့် မခင်နှင်းလည် အကျယ်၊ အကျယ် မငြိမ်းဖွယ်တွေ ဖြစ်မှာစိုးတာမို့ တေတေကလေးနိမ်၊ တိတ်တိတ်ကလေးနေပြီး 'ခင်နှင်းလက်လျှော့ နေလေတော့' လုပ်လိုက်ရတာပါပဲ။ လက်မလျှော့ဘဲ၊ ခွင့်မလွှတ်ဘဲကော ရပါမတဲ့လား။ ကိုယ့်လူက ဖဲစက်ကွင်းထဲက လွတ်အောင်မှ ရုန်းပထွက်နိုင်တာကို။

သည်တော့လည်း ...

"ကိုညွှန့်တင်က ဖဲသာရိုက်တာပါလေ။ သူ့အပေါင်းအသင်း ဖိုးစိန်လင်း(နတ်မောက်)တို့ အောင်ကျော်မူးတို့၊ ကိုမင်းရွှေမြင့်တို့လို မာဆတ်တို့၊ အနိုပ်ခန်းတို့ သွားပေါမှ မဟုတ်ဘဲလေ"

လို့ ဖြေတွေးတွေးရင်း ကိုယ့်ကိုယ်ကို နှစ်သိမ့်နေရတော့တယ်။ ရသေ့စိတ်ဖြေဆိုတာ ဒါမျိုးထင်ပါရဲ့။

ကိုညွှန့်တင်ဟာ တစ်ခါတလေမှာ မခင်နှင်းအိပ်မောကျနိုင်လောက်မှ သူ့အပိုသော့တစ်ချောင်းနဲ့ အိမ်တံခါးဖွင့်ပြီး ရောက်လာတတ်တယ်။ ရောက်လာပြန်တော့လည်း အိမ်

www.burmeseclassic.com

www.burmeseclassic.com

ထွက်လိုက်၊ အိမ်နောက်ဖေး ပြန်ဝင်လာလိုက်၊ အိမ်သာတံခါး ဖွင့်လိုက်၊ ထမင်းအိုး,ဟင်းအိုး ဖွင့်လိုက်နဲ့။ သည်သံတွေ ကြားရပြန်တော့ အိပ်ရေးပျက်ရသူခမျာ မခင်နှင်းမှ မခင်နှင်းပါပဲ။

ကိုညွန့်တင်က ဖဝါသနာကလေးကို မဖျက်နိုင်တာသာ ရှိတယ်။ ပင်ကိုစိတ်ရင်းကတော့ မဆိုးရွာပါဘူး။ ညဉ့်နက်သန်းခေါင် ပြန်လာလို့ သူ့အတွက် ဇနီးသည် အိပ်ရေးပျက်သွားမှာကိုတော့ မလိုလားပါဘူး။ ဒါကြောင့် အိမ်ထဲကို လှမ်းဝင်ခြေချလိုက်ပြီဆိုတာနဲ့ ကိုယ်ဖော့သိုင်းကို သုံးပြီး ခြေထောက်ကို ဖွဖွကလေး နင်းရှာပါရဲ့။

× × × × ×

တစ်နေ့ ... (အဲ) တစ်ညမှာပေါ့။

ထုံးစံအတိုင်း ဖဝိုင်းထိုင်ပြီး အိမ်ကိုပြန်လာတော့ လမ်း ထိပ်မီးကင်းတဲဆီက သံချောင်းခေါက်သံတစ်ချက် 'ဒေါင်'ခနဲ ဆို ကြားလိုက်ရပါတယ်။

အိမ်ထဲဝင်လာတဲ့အခါ ဇနီးသည် မခင်နှင်းတစ်ယောက် ခြင်ထောင်ကလေးချပြီး အိပ်မောကျနေရှာပါပြီ။ ဒါ့ကြောင့် ဇနီး သည် နိုးသွားမှာစိုးလို့ တိတ်တိတ်တိတ်ကလေး ခြေဖွနင်းရင်း အိမ် ရှေ့မှာ သူတစ်နေကုန်ဝတ်ထားတဲ့ အင်္ကျီ စွပ်ကျယ်၊ ပုဆိုးတို့ကို ချွတ်ချလိုက်တယ်။ အဲ ... ဘောင်းဘီအတွင်းခံလေးတော့ ရှိနေသား။

အဲသည်လို ဟာလာဟင်းလင်း ခန္ဓာကိုယ်နဲ့ အဝတ် အစားမလဲခင် အပေါ့အပါးသွားချင်တာကြောင့် နောက်ဖေးခန်း ကို လှမ်းဝင်လာခဲ့တယ်။ ကိစ္စပိစ္စတွေပြီးလို့ ပြန်ထွက်လာတော့ အိပ်ခန်းမီးက နဂိုအတိုင်း လင်းထိန်လျက်ပါပဲ။

အဲသည်အချိန်မှာ အဆိပ်ခတ်တဲ့ မခင်နှင်းဟာ ပြန် ခနဲဆိုသလို လန့်နိုးလာခဲ့တယ်။ နိုးလာလာချင်း ခြင်ထောင်ကို လှုပ်ပြီး အပြင်ကိုကြည့်လိုက်မိတဲ့အခါ ပါးစပ်အဟောင်းသား ဖြစ်သွားရတယ်။ မဖြစ်ဘဲကော နေမတဲ့လား။ လင်တော်မောင် ကိုညွန့်တင်ရဲ့ ပုံပန်းအသွင်အပြင်က ခန္ဓာကိုယ်မလာကျင်းနေတဲ့ ကာယပလမောင်လို ဖြစ်နေတာကို။ သည်မှာတင် မခင်နှင်းရဲ့ နှလုံးက လွတ်ခနဲဆို အသဲထွက်သွားတော့တယ်။

"ဘုရား ... ဘုရား။ ရှင် သည်တစ်ခါ အကြီးအကျယ် ကို ဖဲရှုံးလာခဲ့ပြီပေါ့လေ။ ဒါတိုင်းညာတွေဆိုရင် ခါးဝတ်ခါးစား အပြည့်အစုံ ပါလာသေးတယ်။ ခုတော့ .. အီးဟီးဟီး .. ကျွမ်း အဖြစ်က လင်စိမ်ရွေးရဘဲ လင်ငွေးနဲ့ရတဲ့ အဖြစ်ပါလားတော်ရေ့။ အီးဟီးဟီး ..."

ကိုညွန့်တင်မှာတော့ ပါးစပ်အဟောင်းသား။

• • •

တကယ့်ကို အကောင်းဆုံး

အိမ်ထောင်ရက်သားပြုတော့မည်ဖြစ်သော မိန်းမပို တစ်ဦးသည် အပျိုးသမီးအိမ်ထောင်ရေးကိစ္စကို အထူးဟော ကြားသော နာမည်ကျော် ဗေဒင်ဆရာမကြီးတစ်ဦးထံသို့ သွား ရောက်ကာ သူသိလိုသော အိမ်ထောင်ရေးကိစ္စရပ်များကို ပွင့် ပွင့်လင်းလင်း မေးပါလေတော့တ်။

"ဆရာမကြီးကို မေးပါရစေနော်။ မိန်းမနဲ့ ယောကျ်ား အိမ်ထောင်ပြုပြီးကြတဲ့အခါ ဘယ်အချိန်ဟာ အိမ်ထောင်ရေးသုခ ဖြစ်မတဲ့လဲဟင် ..."

ဤတွင် နာမည်ကျော် ဗေဒင်ဆရာမကြီးလည်း ...

"ယောကျ်ား ဘာတွေပဲလုပ်နေလုပ်နေ မိန်းမက မမြင်ပူး,မတွေ့ဘူးဆိုရင်၊ မိန်းမ ဘာတွေပဲ ပွစိ,ပွစိ ပြောနေ ယောကျ်ားက မကြားဘူးဆိုရင် အဲသည်အချိန်ဟာ အိမ်ထောင် ရေးသုခ အပြည့်အဝရတဲ့ အချိန်ပဲပေါ့ကွယ်"

ဟူ၍ ဖြေကြားလိုက်လေသတည်း ...။

မြို့မေတ္တာခံယူမယ့်
■ ကိုရွှေတောသား

www.burmeseclassic.com

www.burmeseclassic.com



စာရေးသရော

မော်ကျွန်းရဲခိုင်

စာရေးဆရာ 'စာရေးဆရာအသင်း' တဲ့။

ဟိုးကာလတွေဆီကတော့ စာပေသုပ်သား အဖွဲ့တဲ့။

အဲနောက်တော့ စာပေနှင့်စာနယ်ဇင်းအဖွဲ့တဲ့။ အခုအခါမှာတော့ စာရေးဆရာအသင်း ဖြစ်ပြန်ပေါ့။ ကောင်းပါတယ်။ သူ့အဖွဲ့အသင်းနဲ့သူဆိုတော့ စာစီမျိုးလေးရှင်းတာပေါ့လေ။

ကဲ ... ထားတော့။ အသင်းအဖွဲ့က အသင်းအဖွဲ့တစ်ကလွဲ။ ဆိုလိုချင်တာက ကဗျာဆောင်းပါး၊ ဝတ္ထု၊ ဘာပဲရေးရေး စာရေးနေသူဟာ စာရေးဆရာပဲ။ စာရေးဆရာအမည်ခံဆိုက်ဖို့ ဖြစ်လာရတဲ့ အကြောင်းရင်းတွေကတော့ ...

၁။ ဝါသနာကြောင့်၊ ၂။ စာဖတ်အားကြောင့်၊ ၃။ အတွေ့အကြုံကြောင့်၊ ၄။ အပျင်းပြေ လက်တည့်စမ်းသောကြောင့်ဟူ၍ (၄)မျိုးကို အကြမ်းဖျင်းသတ်မှတ်ကြပါစို့။

နံပါတ်(၁)က ဝါသနာစေ့ဆော်မှုအရ ငယ်စဉ်ကတည်းက စာရေးလိုသူဖြစ်ခြင်း။ ရေးကိုရေးခဲ့ခြင်း။ နံပါတ်(၂)ကတော့ စာရေးတာ ဝါသနာမကြီးလှ၊ စာဖတ်ခြင်းကိုသာ ဝါသနာကြီးပြီး စာဖတ်ပါများကာ စာပေသဘောတရားကို သိရှိလာပြီး ရေးကြည့်ခြင်း။ ရေးလာခြင်း။

www.burmeseclassic.com

www.burmeseclassic.com

နံပါတ်(၃)က ဘဝအတွေ့အကြုံတွေက များလာတယ် ခံလာတယ်။ ဒါကို ပြောပြချင်တယ်၊ မှတ်ချင်တယ်။ ဒါကြောင့် ရေးကြည့်ခြင်း။ ရေးလာခြင်း။ နံပါတ်(၄)ကတော့ အငြိမ်းစားကြေးများ။ အိုပယ်ကြေးများပေါ့။ လူကြီးစိတ်နဲ့ လူငယ်တွေကို အမြင်မှာ သဘောမတွေ့၊ ဝင်ရောက်ပြောရန်လည်း အခွင့်မသာခြင်း။ အိမ်သူကလည်း အရေးမထား အရာမပေးခြင်း။ ဟိုဟာလုပ်ရန်နိုး ဒီဟာလုပ်ရန်နိုးဖြင့် ပျင်းပျင်းရှိ၍ စာရေးကြည့်ခြင်း။ မဂ္ဂဇင်း ဂျာနယ်တို့မှ လက်ခံအသုံးပြုပေး၍ ဆက်ရေးခြင်းတို့ပဲ ဖြစ်ပါတယ်။ ဒါက ကျွန်တော်ထင်မြင်ချက်နဲ့ အကြမ်းဖျင်း သုံးသပ်ကြည့်တော့ပါ။ အခြားအကြောင်းကြောင့် စာရေးဆရာဖြစ်လာသူတွေလည်း ရှိမှာပါ။ ကဲ ... ဒါလည်းပဲထားတော့။ စာရေးဆရာဟူသော လူများထဲမှ စစ်မှုထမ်း(ငြိမ်း)စာရေးဆရာ၊ ဆရာဝန်စာရေးဆရာ၊ အင်ဂျင်နီယာ စာရေးဆရာ၊ တိုင်းရင်းဆေးဆရာ၊ ပယောဂကုဆရာ စာရေးဆရာ၊ ဗေဒင်ဟောဆရာ စာရေးဆရာနဲ့ စာရေးခြင်းကလွဲပြီး ဘာမှမလုပ်တဲ့ စာရေးဆရာတွေပါပဲ။

အခြားအခြားသော လုပ်ငန်းလုပ်ရင်း စာရေးနေတဲ့ စာရေးဆရာပေါင်းများစွာလည်း ရှိပါတယ်။ မရည်ချင်တော့တာနဲ့ ထင်ရုံမြင်ရုံလေးပဲ ပြောပြ(ရေးပြ)တာပါ။ ဟုတ်ပြီ ... အဲဒီလို စာရေးဆရာတွေထဲကမှ စာပေပုံစံ ထမ်ခွဲကြည့်ပါဦးမယ်။

ဘာသာရေးကျမ်းတွေ၊ ဥပဒေပြုကျမ်းတွေရေးတဲ့ ကျမ်းပြုစာရေးဆရာ၊ နိုင်ငံရေးစာပေတွေရေးတဲ့ နိုင်ငံရေးစာရေးဆရာ၊ စီးပွားရေး၊ လူမှုရေး အိမ်ထောင်ရေးတွေ လမ်းညွှန်ရေးတဲ့ တက်ကျမ်းစာရေးဆရာ၊ အချစ်ဝတ္ထု၊ ချစ်ရေးချစ်ရာတွေ ရေးတဲ့ အချစ်စာရေးဆရာ၊ အကျိုးပြုစာရေး စာရေးဆရာ၊ ဘာသရုပ်ဖော်စာရေးဆရာ၊ ဂန္ဓိရုစာရေးဆရာ– စသည့် စသည့် အမျိုးအစားအစုံပေါ့။ (ကျွန်တော်အသုံးအနှုန်းမှားရင်လည်း ကိုယ့်ဘာသာ ပြင်ကြပါကုန်။)

ကဲ ... ဒါလည်းပဲ ထားတော့ပေါ့လေ။ ဟုတ်ပြီ အကြောင်းတရားမျိုးစုံနဲ့ စာရေးဆရာ ဖြစ်လာသူတွေ သိပြီ။ အလုပ်နဲ့၊ ဘွဲ့ထူးတွေနဲ့ တွဲဖက်စာရေးဆရာတွေလည်း ရှိပြီ။ သူနေရာနှင့်သူ အရေးပါတာနဲ့ အကျိုးပြုစာပေအမျိုးအစားတွေလည်းရပြီ။ ဒီတော့ နိဂုံးချုပ်ဖို့ရာကား မသိတာတွေနဲ့ပါ ခင်ဗျား။

စာရေးဆရာကတော့ စာရေးဆရာပါ။ သို့သော်လည်းပဲ ဆွမ်းဆန်ထဲက ကြွက်ချေးလို့ ဆိုရမယ့်သူတို့အကြောင်းပေါ့။ စာပေအသိုင်းအဝိုင်းက လူအတော်တော်များများ သူတို့ကိုသိတယ်။ လူတော်တော်များများကိုလည်း သူတို့သိတယ်။ ဒါအမှန်ပဲ။

အဲဒီလို နှစ်ဦးနှစ်ဖက်သိနေကြတဲ့ အကြောင်းရင်းကတော့ တတ်နိုင်သူ၊ ရနိုင်သူနိုင်သူများဆီက တောင်းရမ်းဖို့ သူတို့ကသိသလို သူတို့ကိုတွေ့ရင် တောင်းတော့မယ်၊ ပေးချဦးမယ်ဆိုတာကြောင့် သိနေကြခြင်းဆိုက ပိုမှန်ပါတယ်။ဟောပြောပွဲ၊ အထိမ်းအမှတ်ပွဲ၊ ရေးသူ့ဖက်သူ ဆွေးနွေးပွဲ စသော ပွဲရှိတိုင်း သူတို့လာတတ်ပါတယ်။ အဓိက ရည်ရွယ်ချက်ကတော့ ပေးနေကမ်းနေကြလူတွေ့ တွေ့ဖို့၊ တောင်းလို့ရနိုင်မယ့် ပစ်မှတ်တွေရှာဖွေဖို့ပါပဲ။ တွေ့ပြီဆိုတာနဲ့ မခွာတော့ပါဘူး။ ဘာပဲလုပ်ပေးလုပ်ပေးရ ဖိနပ်ပဲတော့ပေးစောင့်ပေးရ အသေကပ်တော့တာပဲ။

ကျွန်တော်တို့ကတော့ သူအစားရှက်ပေမဲ့ သူတို့ကတော့အေးဆေး။ တောင်းရမ်းတဲ့ဘွဲ့ ရထားသလိုလို။ပေးတဲ့လူကလည်း ပေးပါတယ်။ ငါးဆယ်မျိုးတစ်ရာမျိုးတော့ လာမလုပ်နဲ့ နာသွားမယ်၊ ပြာသွားမယ် အဲဒီလိုမျိုးပါ။ အနည်းဆုံး ငါးရာနဲ့ ငါးထောင်ကြားဆိုရတယ်။ သူ့ထက်တော့ကြွက်သလောက်ပို လာထား အာဘွားပေါ့၊ အကြွက်ပေါ့။

ကဲ ... ဆိုလိုချင်တာ လာပြီ။ သူတို့ဟာ စာတွေလည်း ရေးတော့ရေးပါတယ်။ သို့သော် သူရေးတဲ့ စာပေအမျိုးအစားကို ကျွန်တော်ဘာမှန်းမသိ။ ဘာကို ဆိုလိုချင်တာလည်း ကျွန်တော်မသိ။ ဘယ်နေရာအကျိုးပြုသလဲ ကျွန်တော်မသိ။ သူတို့အကြောင်း သူတို့ရေးခြင်းကတော့ သေချာတယ်။

ဘယ်နေရာမှာ ဘာခံစားမှုပါတယ်၊ ဘယ်လို မှတ်သားစရာပါတယ်ဆိုတဲ့ အချက် ဘာမှမတွေ့ရ။ ကျွန်တော်ညည်လို ဘာမှမသိ။ အဲ ... နောက်ထပ်ဆိုချင်တာက သူတို့ကို ဘာစာရေးဆရာလို့ ပြောရမလဲ။ ဆိုခဲ့သလိုပေါ့ ဆရာဝန်စာရေးဆရာ၊ ဝိုလ်မှူး(ငြိမ်း)စာရေးဆရာ၊ စာကိုပဲ သီးသန့်ရေးနေတဲ့ စာရေးဆရာ။ ဟုတ်ပြီ။ သူတို့လို စာရေးဆရာကျတော့ ဘယ်လိုပြောရမလဲပေါ့နော်။တောင်းစားသူစာရေးဆရာလို့ပြောရမလား။ ဘာစာရေးဆရာလို့ ပြောရမလဲ။ အဲဒါမသိတာ၊ မသိတာ အဲဒါ ... ။

မော်ကျွန်းရဲဦင်

www.burmeseclassic.com

www.burmeseclassic.com



အရှုံးမခံသူ

ပိုက်မြင်းဝေ

လွန်ခဲ့သည့် နှစ်နှစ်ဆယ်ကျော်က ကျောင်းနေဖက် သူငယ်ချင်းဖြစ်သူ ကျော်ဝင်း ကျွန်တော့်အိမ်သို့ ရောက်လာသည်။ သူက –

"မရောက်တာကြာပြီ သူငယ်ချင်းရာ။ အခု နယ်ကပြန်လာတာ။ မင်းတို့ရွာဘက်က ဖြတ်သန်းရင်း မင်းကို သတိရကာနဲ့ ဝင်လာတာ"

"ဆိုင်ကွာ ... သူငယ်ချင်း။ မင်းပုံစံက အရင်အတိုင်းပဲ။ မမှတ်မိစရာကို မရှိဘူး"

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ခန်း ဧည့်သွားနေခိုက် ဖြစ်သည်။ ကျောင်းနေတုန်း ကိုးတန်း ဆယ်တန်းတုန်းကအကြောင်းများ ပြော ဖြစ်သည်။ ကျော်ဝင်းကား တွံတေးတော ကြီးဆန်ဆန်ဖွင့် နေသူဖြစ်သည်။ တောထဲမှ ရွာရွာဘီးပါးပစ္စည်းလေးများလည်း စု ဆောင်းတတ်သည်။ သူ့အိမ် ကျွန်တော် သွားလည်တော့ သူစုထားသော ပစ္စည်း များ ထုတ်ပြသည်။ သစ်ဖောက်၊ သစ် တံခါး၊ ဝါးမတေ စသည်ဖြင့် ထုတ်ပြ တတ်သည်။ ထိုအကြောင်းများ ပြောရင်း မှ ကျော်ဝင်းက -

"သူငယ်ချင်း ... ငါ့ဆီမှာ အခု စပါးကြီးသည်ခြေ ပါတယ်ကွ။ ဝယ်သူရှိ ရင် ရောင်းမလို့။ မင်းအသိတွေရှိရင် စပ် ပေးပါကွာ။ ငါလည်းငွေလိုလို့"

"ငါလည်း နားမလည်ပါဘူး။ မြို့ ထဲမှာနေတဲ့ သူငယ်ချင်းတွေရှိတယ်။ ငါ ပြောကြည့်ဦးမယ်"

"အား ... မဇီးမကြုံလည်း မင်း သူငယ်ချင်းလိပ်စာပေး။ ငါလည်း နောက် ရက်မြို့ထဲသွားရဦးမှာ"

"အေးလေ ..."

ကျွန်တော် လိပ်စာရေးပေးလိုက် သည်။ မြို့ထဲမှ ညီအစ်ကိုလိုခင်သော သူငယ်ချင်းဆီသို့ ဖြစ်သည်။ ၎င်းက လည်း ဟိုဟာစပ်စပ်၊ သည်ဟာစပ်စပ်။ ကျော်ဝင်းလည်း လိပ်စာယူပြီးမြဲန်သွားတော်။

နောက်တစ်ပတ်လောက် ကြာ တော့ မြို့ထဲမှ ကျွန်တော့်သူငယ်ချင်း ရောက်လာသည်။ မြို့ထဲနှင့် ကျွန်တော် နေသော နေရာသည် သိပ်မဝေး၊ ဒလမြို့ နားတွင် ဖြစ်သည်။ ကျွန်တော့်ဆီသို့လာ လျှင် လွယ်ကူသည်။ အိမ်သို့ရောက်သည် နှင့် -

"ဟေ့ကောင် ပိုက်ကြီး၊ မင်းဘယ် လိုကောင် ငါ့ဆီလွှတ်လိုက်တာလဲ"

"ဟေ ... ဘာတုံးကွ၊ မင်းဟာ က ..."

"ဟိုလေ ... ကျော်ဝင်းဆိုတဲ့ ကောင်လေ၊ မင်းလွှတ်လိုက်တာ။ စပါး ကြီးသည်းခြေလာရောင်းသွားတယ်"

"သူလာရောင်းတော့ မင်းက ဝယ် လိုက်ရောလား"

"ငါလည်း ဝယ်လိုက်တယ်လေ။ ငါ့ယောကျမက တရုတ်ကြီးဆိုတော့ ဆေး ဖော်ချင်ရင် ဖော်လို့ရအောင် မျက်နှာလုပ် ပြီး ဝယ်လိုက်တာ။ ယောကျမဆီရောက် ဘော့ အတုကြီးတဲ့။ ငါ့ကို တော်တော် အသုံးမကျတဲ့ကောင် 'တုံး'လို့ ကော လွှတ်လိုက်တယ်။ ပိုက်ဆံနှမြောလို့ မဟုတ်ဘူးကွ။ ယောကျမက နဂိုကတည်း က ငါ့ကိုကြည့်တာမဟုတ်ဘူး။ ခုတော့ ကွာ ... မင်းလွှတ်လိုက်တယ်ဆိုလို့။ နောက်ကွာ ... မဇီး ငါ့လိပ်စာကို ဘယ် သူမှ မပေးနဲ့"

"အေး ... အေးပါကွာ"

စိတ်ပြေရန် မနည်းချော့လွှတ်လိုက် ရသည်။ သည်ကောင်ကျော်ဝင်း ဇတ္တလို့ ကတော့ ... ဟင်း ... ဟုသာ ကြွေမိး ထားလိုက်သည်။

တွေ့ပါပြီ ... ။ ဒလ၊ ပန်းဆိုးတန်း သတော်ပေါ်မှာ၊ ကျွန်တော်က စေ့းသည် များ ဆူဆူညံညံကြားမှ အသံခပ်ကျယ် ကျယ်နှင့် -

"ဟေ့ကောင် ကျော်ဝင်း"

ကျွန်တော်ကို တွေ့သွားသည်။ ထွက်မှားပြေးမလားပေါ့။ မပြေးရေးချ မပြေး။ အကြောက ခပိတင်းတင်း။ ပလတ်စတစ်ခုံတစ်ခုံယူပြီး ကျွန်တော့်နား လာထိုင်သည်။ ခပ်အေးအေးနှင့် -

"ဘယ်လဲ။ မြို့ထဲလား"

"အေး ... နေပါဦး၊ မင်းဘယ်လို လုပ်လိုက်တာလဲ ... ။ ငါ့မျက်နှာကိုမှ မထောက်၊ မင်း ငါ့သိက္ခာကိုမျှတာလား"

ကျော်ဝင်းကား ခပ်အေးအေးပင်။

"ဟို ... သည်းခြေကိစ္စလား"

"အေး ..."

"မင်းကို ငါက ရောင်းလို့လား"

"အေးလေ၊ ငါ့ကိုတော့ မရောင်း ပါဘူး။ ငါ့သူငယ်ချင်းကို မင်းသွားရောင်း တာ ကောင်းသလား။ ပြီးတော့ ပစ္စည်း က အတုကြီး။ မင်းလူလိမ်ပဲ"

"မင်း ပြောချင်ရာပြော။ လူလိမ်ပဲ ဖြစ်ပြစ်၊ လူညာပဲဖြစ်ဖြစ်။ မင်းဘော်ဒါက ဆေးဖော်တာပဲသိတာ။ ပစ္စည်းစစ်မစစ် မသိဘူး။ ပြီးတော့ ... သည်လိုသည်းခြေ မျိုး ဒွေလေးရှစ်ထောင်နဲ့ဆို ဟုတ်နိုင်ပါ့ မလား မစဉ်းစားဘူး။ ဝယ်လိုက်တာပဲ။ ငါလည်း အဲသည်သည်းခြေကို ကိုယ်တိုင် ရောမဟုတ်ဘူး။ တောသားတစ်ယောက် က ငါ့ကို သုံးထောင်နဲ့ လိမ်ပြီးရောင်းသွား တာ။ ငါလည်း အရှုံးမခံဘူးကွ။ ကဲ ... သတော်ကပ်ပြီ၊ ငါသွားတော့မယ်"

ပြောပြောဆိုဆို တထွက်သွား သည်။ မျက်လုံးအပြူးသား၊ ပါးစပ် အဟောင်းသားနှင့် ကျွန်ခဲ့သည်က ကျွန် တော်ပင် ဖြစ်သည်။

ပိုက်မင်းဝေ

www.burmeseclassic.com

www.burmeseclassic.com



နားတစ်ထောင်ရဲ့ တန်ဖိုး

ပြောလို့ပြောတာ မဟုတ်ဘူး။ လူ့စိတ်ဆိုတာ အကောင်းကို နားလည်ရခက်တယ်။ ကိုယ့်မိသားစုအချင်းချင်းပဲဖြစ်ဖြစ်၊ တခြားသူစိမ်းတစ်ရံဆံပဲဖြစ်ဖြစ် တစ်ယောက်အကြောင်းကို တစ်ယောက်သိဖို့ကတော့ အလွန်းဝေးသားလား။

ကျုပ်တော့ ကြောက်သွားပါပြီ။ အေးလေ .. လူတိုင်းကလည်း ကိုယ့်စိတ်နဲ့ကိုယ် လူပ်ရှားသွားလာနေတော့ ပြောတဲ့သူပဲ အပြစ်ဖြစ်ပါလိမ့်မယ်၊ လူဆိုတာကလည်း ပေးမှန်းသိရင် ပိုတောင်းတတ်တယ်၊ လုပ်မှန်းသိရင် ခိုင်းတတ်တယ်၊ ခံမှန်းသိရင် ကျူးကျော်တတ်တယ်။

ကျုပ်ဖြစ်လိုက်ရတဲ့ အဖြစ်ကလည်း သည်လိုမျိုးပါပဲ။ ကွန်ပြူးရှပ်ဆိုတဲ့ ပုဂ္ဂိုလ်ကြီးက ပြောဖူးတယ်။ ''လူတွေက ကျွန်ုပ်ကို မသိသည်ကို ဝမ်းမနည်းပါ။ ကျွန်ုပ်က လူတွေကို မသိသည်ကို ဝမ်းနည်းမိပါသည်'' တဲ့။

ကိုဖိုးတင်ဇေအောင်

www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ [illegible] ကျွပ်ပါပဲ။ [illegible] ကိုယ့်စိတ် [illegible] ဖြစ်နေခဲ့ရင် [illegible] ခုတော့ [illegible]

ဒေါ်ဌေးဆိ ဘာ ကျွန်နဲ့ဘစ်ရပ်ကွက်တည်း ဆွေလိုမျိုးလိုသူတွေပဲ။ သူမှာ နွယ်နွယ်ဌေးဆိုတဲ့ သမီးတစ်ယောက်ရှိတယ်။ တစ်ပိပေါက်တစ်ယောက်ပွန်းလို့ ဆိုရမယ်။ ပွန်းအောင်လို့လည်း လုပ်ခဲ့တဲ့သူကို။ ထွန်းဖို့ဆိုတာကတော့ ကျွပ်အာရုံထဲမှာတောင် မရှိပါဘူး။

နာမည်ကလှသလောက် စိတ်နေစိတ်ထားက အတော်ကို အကျည်းတန်တယ်။ ငြီးတော့ ဆယ်တန်းကိုလည်း အကြိမ်ကြိမ် ဝါဆိုထားတဲ့သူ။ ဆက်ဆံရေးကလည်း အတော်ကိုညံ့တယ်။ အရာရာမှာ မိဘအရှိန်အဝါနဲ့ မာနတစ်ခွဲသားလုပ်တတ်သူဆိုတော့ မိဘဖြစ်တဲ့ ဒေါ်ဌေးတောင် လက်လွှတ်ထားရတယ်။ ဖအေမရှိတဲ့ သမီးဆိုတော့လည်း ဒေါ်ဌေးခမျာ မိဘမေတ္တာတွေနဲ့အတူ သည်အတိုင်းပဲ ကြည့်နေရမှာပေါ့။

ခက်တာက ကျွပ်ကလည်း ဒေါ်ဌေးနဲ့ ခင်နေတဲ့သူဆိုတော့ သူ့သမီးကိုကြည့်ဆုံးမပေးဖို့ ကျွပ်ကိုလွှဲတယ်။ မကောင်း [illegible] ပဲဆိုတာ ဒါကိုပဲခေါ်တယ်ထင်ပါရဲ့။ **သူ့အမေတောင်မှ သူ့သမီးကို မနိုင်တာ။ ကျွပ်က ဘာလုပ်လို့ရမှာတဲ့လဲ။ ငြီးတော့ ကျွပ်ကလည်း အိမ်က အမျိုးသမီးကလွဲရင် ဘယ်မိန်းကလေးနဲ့မှ ဒွေးရောယှက်တင် လုပ်ချင်၊ ပြောချင်တဲ့သူမှ မဟုတ်တာ။**

ပထမပိုင်းမှာတော့ ဒေါ်ဌေးရဲ့ဆန္ဒတွေကို ကျွပ်ငြင်းမယ်လိုက်ပါသေးတယ်။ ဒါပေမဲ့လို့ ကျွပ်ရဲ့လုပ်ရပ်၊ ကျွပ်ရဲ့စိတ်တတ်၊ ကျွပ်ရဲ့သိက္ခာတွေကို သိနေတော့ ဒေါ်ဌေးရဲ့တောင်းပန်စကားတွေရဲ့အောက်မှာ ကျွပ်ကိုယ်ကျွပ် နစ်မြုပ်သွားခဲ့ရတယ်။

နွယ်နွယ်ဌေးက စနေသမီးဖြစ်လေတော့ စိတ်ကလည်း အတော်ကိုကြီးသားလား။ ကျွပ်က လူကြီးဖြစ်လေတော့ လူစိတ်ကို အရမ်းပြီး အမြင်မတော်တာတွေ့ရင် နွယ်နွယ်ဌေးကို ဆိုဆုံးမကြည့်ပါတယ်။

မရပါဘူး။ သူ့ဆီကနေ တုံ့ပြန်လာတဲ့ အဖြေကတော့ -

''ဦးအိမ်က မိန်းမကို ဦးပြောတဲ့စကားတွေ သွားပြောလိုက်တဲ့''ဗျာ။

ဘယ်လောက်များ ရိုက်သတ်ချင်စရာ ကောင်းလိုက်သလဲလို့။ သည်ကတည်းကိုက သည်ကောင်မလေးရဲ့အပေါ်မှာ ကျွပ်စိတ်ကုန်သွားခဲ့တယ်။

ဒါပေမဲ့လို့ ဟိုတစ်လောက ကောင်ပေးတစ်ယောက်နဲ့ ရုပ်ရှင်ရုံမှာ တွေ့လိုက်လို့ သူ့အမေ ဒေါ်ဌေးကိုတောင်မှ ကျွပ်အသိပေးလိုက်သေးတယ်။ သူ့အမေကိုယ်တိုင်က ကျွပ်ကို ဘပ်ထားတာဆိုတော့ ကျွပ်တာဝန်က မကင်းပြန်ပါဘူး။

ဒေါ်ဌေးသိသွားတော့ နွယ်နွယ်ဌေးကို ဆူတာပေါ့။ **သမီးကလည်း လိမ္မာပါး နှပ်စွာနဲ့ ငြင်းတယ်။ သူ့ကောင်လေးမဟုတ်တဲ့အကြောင်း။ သူ့သူငယ်ချင်းမရဲ့ကောင်လေးဖြစ်တဲ့အကြောင်း။ သူငယ်ချင်းမခေါ်လို့ ရုပ်ရှင်လိုက်ကြည့်ရတဲ့အကြောင်း။ ပတ်ခွဲနှပ်ခွဲလုပ်ပြီး ဒေါ်ဌေးကို ပြောနေလိုက်တာ။**

အမေနဲ့သမီးဆိုတော့ ဘာပြောလို့ရမှာတဲ့လဲ။ လိုက်ချင်းလိုက်ရှိ သမီးဘက်ကပဲ လိုက်ပေတော့မပေါ့။ အဲသည်လို အလိုက်ကောင်းမှုတွေကြောင့် ကြားထဲကနေ သတင်းပေးမိတဲ့ ကျွပ်ကိုတောင် ဒေါ်ဌေးက အပြစ်ပုံချလိုက်သေးတယ်။

''ဟုတ်ပါရဲ့ သမီးရယ်။ လူကွေးကောင်းကိုမကောင်းဘူး။ မဆင်မခြင်ဘဲ ရမ်းပြောချင်ကြတယ်။ လူယုံသတ်ရုံသေတယ်ဆိုတာ ဒါမျိုးပေါ့''

သည်အကြောင်းတွေကို ဒေါ်ဌေးအိမ်က ထမင်းချက်တဲ့ ဒေါ်ပုက ပြန်ပြောလို့ သိရတာပါ။ သိဆို ဒေါ်ပုက ကျွပ်အိမ်ရဲ့ ခြေရင်းအိမ်မှာနေတဲ့သူလေ။ ကျွပ်ကလည်း ဆွေရိပ်မကင်း မျိုးရိပ်မကင်း သူတွေမဟုတ်လား။

ဒါပေမဲ့လို့ ကျွပ်ကိုယ်ကျွပ်တော် ဖြေသိမ့်လိုက်ပါတယ်။ သေးသိမ်သော အရာများဟာ သေးသိမ်သူများအတွက် သဘောကျနှစ်သက်စေတာပါပဲ။

ကိုဖိုးတင်အောင်

သေးသိမ်သောအရာများဟာ သေးသိမ်သူများအတွက် သဘောကျနှစ်သက်စေတာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



သစ္စာနှုတ်ဝမ်းမှ ပွင့်ထွက်လာသော ချို့မြိန်သောစကား

မြတ်စော(အင်းစိန်)

ကျေးရွာဓမ္မာရုံတစ်ခုတွင် အစည်းအဝေးကျင်းပနေသည်မို့ လူအများ စည်ကားနေသည်။ အစည်းအဝေးကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ ရွာလယ်ချောင်းကို ကျော်ပြီး ကားများ သွားလာနိုင်ရေးအတွက် ကြိုးမားခိုင်ခံ့သည့် တံတားကြီး ဆောက်လုပ်ရန်ဖြစ်သည်။ ထိုတံတားကြီးကို ကျေးရွာလူကုလားကိုယ်အားကိုယ်ကိုး ဆောက်လုပ်ရန် သည်း ဖြစ်သည်။

ထိုအခါ တံတားကြီးသည် ကျေးရွာလူထု၏ မတည်ငွေများ၊ ပုဂ္ဂလိက အလှူရှင်များ၊ ကျေးရွာလူမှုအဖွဲ့အစည်းများမှ ငွေများဖြင့် တည်ဆောက်ရန် လုပ်ငန်းရှင်များမှ အလှူငွေများလည်း ထည့်ဝင်မည်ဖြစ်၍ အောင်မြင်မှာ ရာခိုင်နှုန်းပြည့် ဖြစ်သည်။ တံတားမတည်ဆောက်မီ အခုကတည်းက လူအများ ပျော်ရွှင်နေကြပေပြီ။

ကျေးရွာလူထုသည် စိတ်တူ၊ ကိုယ်တူ၊ လူအား [illegible] ပစ္စည်းအားဖြင့် အကူအညီပေးရန် [illegible] သည်။ အင်ဂျင်နီယာ [illegible] အတတ်ပညာရှင်နှင့် ချိန်ခွင် [illegible] ပ်ကွက် အုပ်ချုပ်သူ [illegible] အစည်းအဝေးတွင် [illegible] ဆုံးဖြတ်ချက်ရယူပြီး ရွှေးကောက်ပွဲကြောက် အတည်ပြုသည်မှာ ခမ္မာရုံတစ်ခုလုံး လက်ခုပ်သြဘာသံများ ဆူညံပြည်ဟီးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com

ဤအစည်းအဝေးတွင် အင်ဂျင်နီယာပညာရှင်၊ အတတ်ပညာရှင် မိုးကောင်းစံမှ အများသဘောတူ ရွေးချယ်တင်မြှောက်ခံရပြီး လုပ်ငန်းအဝဝ၊ ကိစ္စအဝဝကို အထူးအာဏာကုန်(ပရောဂျက်)ကို ရရှိလိုက်သည်။ ဤကဲ့သို့ လုပ်ငန်းကြီးတစ်ခုကို တာဝန်ယူရမှာမို့ ကျေးဇူးတင်ဝမ်းမြောက်စကား ယုံကြည်လေးမြတ်အားကိုးနိုင်ရန် ခွန်းခြွေသုံ့စကား ပြောကြားသည်။

မိုးကောင်းစံက ရှေးဦးစွာ ဥက္ကဋ္ဌကို အလေးပြုသည်။ ပြီးလျှင် လူထုပရိသတ်ကို အရှိအသေပေးသည်။

"ကျွန်တော့်နာမည် မိုးကောင်းစံ ဖြစ်ပါတယ်။ ကျွန်တော်တာဝန်ယူတည်ဆောက်ခဲ့တဲ့ လမ်းတွေ၊ တံတားတွေ ကောင်းမွန်ခိုင်ခံ့ရုံမက တန်ဖိုးနည်းပြီး ကုန်ကျမှုကို သက်သာစေပါတယ်။ အခုလို အများရဲ့ ယုံကြည်လေးစားမှု၊ ကျွန်တော့်ရဲ့ သမာဓိကို ယုံကြည်ပေးတဲ့အတွက် အထူးကျေးဇူးတင်ရှိပါတယ်။ အထူးသဖြင့် ကျွန်တော့်နှလုံးသားထဲမှာ ကိန်းဝပ်နေတာကြောင့်ပါပြီ၊ အခုလို တံတားမကောင်းလေးတာ လူတွေ၊ ကားတွေ သွားလာရာတွင် အခက်အခဲဒုက္ခရောက်ကြရတာ ကျွန်တော်အပါဝင် ကျေးရွာလူထုအသိပဲ ဖြစ်ပါတယ်။ ကျွန်တော်တစ်ဦးတည်း ဖြစ်နိုင်ရင် လုပ်ချင်တာပါ။ ဂုဏ်ယူခြင်းများစွာနှင့်အတူ တာဝန်သိသိ၊ သစ္စာရှိရှိ၊ မေတ္တာသန့်သန့် ပေးဆပ်ပါရစေ။ လူသာခုခေါ်၊ နတ်သာခုခေါ်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာ ဖြစ်ပါတယ်။

ကျွန်တော့်ကို တူလိုသားလိုသဘောထားပြီး ဆုံးမ အကြံဉာဏ်များပေးကြပါ။ လက်ခံစောင့်မျှော်နေပါ့မယ်။ အခုခိုနက ပြီး မိုးကောင်းစံဟာ အများပိုင်ဖြစ်သွားပြီး ကိုယ်ထူကိုယ်ထ ကြီးမားသောအောင်မြင်မှုကြီးဖြစ်တာနဲ့အညီ အများပိုင် စေတနာရှင် အလှူငွေများဖြစ်တာကြောင့် တာဝန်ကြီးသလို အလေးအလွင့်နည်းအောင် အပိုအလိုမရှိ သုံးသင့်တာကိုသုံး၊ ဝယ်သင့်တာကိုဝယ်၊ လိုတာထက်ပိုဝယ်တာမျိုးမရှိအောင် စက်အား၊ လူအား၊ ငွေအား၊ ပညာရှင်အား၊ အချိန်များကို တွက်ချက်ပြီး အမြန်ဆုံးပြီးအောင် ဝိုင်းဝန်းလုပ်ဆောင်ကြပါလို့၊ ရွာလူထု မိဘများလည်း တာဝန်ရှိပါတယ်လို့ ခံယူစေချင်ပါတယ်။

ဒါကြောင့်မို့လို့ ရှေးဦးစွာ တံတားဒီဇိုင်းကို ရေးဆွဲ၊ မြေအောက်အနက်ပိုင်ရိုက်သွင်းရပါမယ်။ ဟိုဘက်ဒီဘက် ချဉ်းကပ်တံတားအရှည်ကို တွက်ချက်၊ အာမခံတံတား၏ သက်တမ်းတွက်ချက်၊ အသုံးပြုတဲ့ပစ္စည်းတွေရဲ့ အရည်အသွေး၊ အတုအစစ်ကို ခွဲခြားဝယ်ယူ၊ အချိန်နဲ့ လေဘာတွက်ချက်၊ သက်ဆိုင်ရာတို့ကို တည်ဆောက်ခွင့်ပြုရေး စသည်ဖြင့် အကောင်အထည်အမြန်ဆုံး စရမှာဖြစ်ပါတယ်။ အထူးသဖြင့် ကုန်စျေးနှုန်းမတည်ငြိမ်မှုကို စျေးကျဆုံးအချိန်မှာ ဝယ်ယူထားခြင်းဖြင့် သိန်းပေါင်းများစွာ သက်သာမှာဖြစ်သလို၊ သယ်ယူစရိတ်ကို သက်သာစေမှာ ဖြစ်ပါတယ်။

ကာလပေါက်ဈေးပေါ် သဲ၊ ကျောက်ဘိလပ်မြေ၊ သံချည်သံကွေး၊ သံ၊ သစ်၊ လေဘာ ပညာရှင် စီမံခန့်ခွဲပြီး ပရောဂျက်စီမံကိန်းကို ရေးဆွဲအတည်ပြုရမှာ ဖြစ်ပါတယ်"

ထိုစဉ် မိုးကောင်းစံ၏ ဟန်းဆက်က အသံမြည်လာသည်။ အထက်အရာရှိ လူကြီးလူကောင်း၊ ဂုဏ်သရေရှိ မိတ်ဆွေများဖြစ်သည်မို့ ဖုန်းဆက်စကားပြော ရသေးသည်။

"ခွင့်လွှတ်ပါခင်ဗျာ။ ကျေးရွာမိသားစုများလည်း ဒီတံတားကြီးမှာ လန့်ချိပြီး အလုပ်အကိုင်များ ရရှိပြီး ဝင်ငွေများ တိုးပွားလာမှာဖြစ်တယ်။ အဲဒီလို လုပ်ငန်းခွင်မှာ ကာယ၊ ဉာဏ်အလုပ်သမားများရဲ့ နေရေးထိုင်ရေး၊ ကျန်းမာရေး လူမှုရေး အလုပ်ခွင်အန္တရာယ်ကင်းရှင်းရေး စသည်ဖြင့် အမည်စုံ၊ ကဏ္ဍစုံကို ကျွန်တော် မောင်မိုးကောင်းစံက တာဝန်ယူပြေဖြင့်ပါ့မယ်။ သက်ဆိုင်ရာအဖွဲ့အစည်း နေ့စဉ်လုပ်ငန်းခွင်အစည်းအဝေးမှာ အခက်အခဲများ ပြီးဆုံးတဲ့တိုင်အောင် အသေးစိတ်ကအစ ကြုပ်မတ်သွားမှာ ဖြစ်ပါတယ်။ တံတားကြီးပြီးဆုံးသည့်အဆိုင်းအတာ၊ တစ်နေ့တာလုပ်ငန်းခွင်ကို ကြုပ်မတ်စစ်ဆေးပေးမှာ ဖြစ်ပါတယ်။ ရပ်ရွာရဲ့ အားကိုးယုံစားပြီး လမ်းကြီးအမြန်ဆုံးပြီး၊ လမ်းဖွင့်ပွဲကို တိုင်းရင်းသားပေါင်းစုံပါဝင်တဲ့ ဖဲကြိုးဖြတ်ပွဲ၊ လမ်းဖွင့်ပွဲကို လုပ်ကြပါဦးလို့ ပြောကြားရင် နိဂုံးချုပ်ပါတယ်။ အားလုံးပဲ ကိုယ်စိတ်နှစ်ပါး ချမ်းမြေ့ပါစေ ကောင်းတင်ပါတယ်။

မိုးကောင်းစံ၏ ချီးမြှင့်သောစကားကို ကျေးရွာလူထု အားရပြီး အခုသိကြားမင်းဦးမာယ အျှင်လတ်လတ်တွေ့ရသလို နှစ်ထောင်းအားရ ရှိလသည်။ ဂုဏ်ယူဝမ်းမြောက်လက်ခုပ်သံဘာ ပေးကြသည်မှာ မမှာရုံတစ်ခုလုံး ဆူညံပြီး အစည်းအဝေးမှာလည်း ပြီးသွားသည်။

ဦးကောင်းစံမှာလည်း ထိုညအိ ဝမ်းသာပြီး အိပ်လို့မရ ဖြစ်နေသည် ချောင်းကူးတံတားကြီးလုပ်ငန်းခွင်မှ ထွက်လာမည့် ခေါင်းစဉ်များ၊ နည်းပညာ၊ တန်ဖိုးများ၊ လေဘာများ၊ ကုန်ကြမ်းများ၊ ရရှိမည့် မွဲခအမြတ်အစွန်းများ တွေးရင်းတွေးရင်း မိုးလင်းပေတော့မည် တကား။

မြတ်စော(အင်းစိန်)

www.burmeseclassic.com

www.burmeseclassic.com

ဦးဇော်နှင့် ကြံရာပါတို့ကို ကြိုးပေးလိုက်လေပြီ

၁၉၄၇-ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့သည် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ကြီးများ လုပ်ကြံခံခဲ့ရသောနေ့ ဖြစ်ပါသည်။

အဆိုပါ လုပ်ကြံမှုကြီးဌ် ဂဠုန်ဦးစောနှင့် အပေါင်းအပါတစ်စုတို့ ပါဝင်ခဲ့ကြသည်။ သည့်အတွက် သက်ဆိုင်ရာ အာဏာပိုင်တို့မှ ဖမ်းဆီးကာ ခုံရုံးတင်စစ်ဆေးပြီး ထိုက်သင့်သော အပြစ်ဒဏ်တို့ကို ပေးခဲ့ပါသည်။ ဤသို့ အပြစ်ပေးခဲ့ရာတွင် ကြိုးပေးစီရင်ခြင်းခံရသော ဂဠုန်ဦးစောနှင့်တကွ အပေါင်းအပါတို့၏ ဖြစ်စဉ်ကို မှတ်တမ်းတင် ဓာတ်ပုံများနှင့်(၉-၅-၄၈)နေ့ထုတ် ဟံသာဝတီသတင်းစာတွင် ဖော်ပြခဲ့ရာ သမိုင်းဖြစ်စဉ်တစ်ရပ်အနေဖြင့် ပြန်လည်ဖော်ပြခြင်း ဖြစ်ပါသည်။ ထိုသို့ဖော်ပြရာဝယ် မည်သူမည်ဝါကိုမျှ နစ်နာစေလိုသောဆန္ဒ အလျဉ်းမရှိဘဲ သမိုင်းဖြစ်စဉ်အရ မူရင်းသတင်းစာပါ စာသားနှင့် ပုံများကို ဖော်ပြပါအတိုင်း ပြန်လည်တင်ပြခြင်းသာ ဖြစ်ပါကြောင်း။

(အယ်ဒီတာအဖွဲ့)



ဓာရဏ်ကျင်း၌ အလင်းရောက်ခါနီး အင်းစိန်ထောင်ကြီး၏ သခ်ိုင်းဘက်တွင်

အာရုံဓူးစိုက်သည့်နေရာ

နိုင်ငံတော် လူထု၏ အာရုံဓူးစိုက်သည့်နေရာမှာ အင်းစိန်ထောင်ကြီးအတွင်း ဗိုလ်ချုပ်အောင်ဆန်းတို့အား လုပ်ကြံသဖြင့် ကြိုးဒဏ်ခံယူရမည့် ဦးစောနှင့် ကြံရာပါ ၅ ဦးတို့အား သတ်မည့်အချက်ပင် ဖြစ်တော့သည်။ အင်းစိန်ထောင်ကြီးဘူးဝတွင်ကား လက်နက်ကိုင်စစ်တပ်များ ၂ တပ်ထားကာ စောင့်ရှောက်လျက်ရှိ၏။ ၅ နာရီထိုးသည့် အချိန်တွင် ထောင်ဘူးဝတံခါးကြီးသည် တဂျိုးဂျိုးနှင့် စတင်ဖွင့်တော့သည်။ ထောင်ပိုင်ကြီး ဦးတင်မောင် ထောင်မှူးကြီး ဦးစံတင့်၊ တရားသူကြီး ဦးဘကြိုင်

www.burmeseclassic.com

www.burmeseclassic.com

ဦးစော၏ခေါင်းကို သယ်ယူဆောင်ကြသော ထောင်သားများ

နှင့် ထောင်ဆရာဝန်များသည် ဘူးဝမှ ကြိုးဒဏ်ခံရမည့် တရားခံများအား ကြိုးပေးမည့် ကြိုးစင်သို့ ရှေ့ရှုသွားကြတော့သည်။ ထောင်ကြီး၏ ပတ်ဝန်းကျင်တွင် မည်သူမျှ သွားလာခြင်း မပြုပေ။

လာကြည့်သည့်ဝန်ကြီးများ

အရုဏ်ကျင်း၍ အလင်းသို့ ရောက်သောအချိန်တွင် ဝန်ကြီး စောစံဘိုးသင်၊ ဝန်ကြီး မန်းဝင်းမောင်တို့သည် လည်း ကြိုးစင်အနီးသို့ ရောက်လာတော့သည်။ ဘူးဝမှ ကြိုးဒဏ်ခံရမည့် တရားခံများထားရာ အခန်းများကား အလွန်ခိုင်ခံ့သော သော့သံတိုင်ကြိုးများနှင့် ပြုလုပ်ထားတော့၏။ ဘရားခံ တစ်ဦးနှင့်တစ်ဦး မမြင်နိုင်ပေ။ ကြိုးဒဏ်ခံရမည့် ဦးစော၊ မောင်ဖိုး၊ သက်နှင်းနှင့် မုံကြီးတို့ကား အိပ်ပျော်ကြဟန် လက္ခဏာ မရှိပေ။ တတွတ်တွတ်နှင့် မြည်တမ်းနေသော တရားခံများအသံကို ဖြည်းညင်းစွာ ကြားလာရတော့၏။ သေမည့်ဘေးကြီးကား မိနစ်ပိုင်းလောက်သာ ရှိတော့သည်။ ရန်ကြီးအောင်နှင့် စိန်ကြီးတို့ကား ရန်ကုန် ထောင်ကြီးထဲတွင် ဤနည်းအတိုင်းပင်။

လေပြေလာသော်လည်း မအေးနိုင်

သေရမည့်ဘေးကြီးကို အချိန်ပိုင်းနှင့် [illegible] ဦးစောနှင့် ကြံရာပါ ၅ ဦးတို့ ကား စိတ်နှလုံး ချမ်းသာဖွယ်ရာ ရှိအံ့နည်း။ ရင်အုံတွင်းဝယ် သောကမီးကား တောက်လောင်လျက်ရှိမည်ကား မလွဲပေ။ ဤအပူမျိုးကား အဘယ်မှာလျှင် အေးနိုင်မည်နည်း။ ဝေလီဝေလင်းအချိန် လေပြေလေညင်းကလေးများသည် ထောင်နံရံကို ဖြတ်ကျော်ကာ တိုက်ခတ်လာပြီး သေပွဲဝင်ရတော့မည့် လူတစ်စုကို တိုးဝှေ့တော့သည်။ ထိုလေပြေကား ထိုသူများ၏ ရင်ခွင်ကို အအေးမှတ် မပေးနိုင်ပေ။

သူတို့ ၄ ယောက်မှာကား

ကြိုးခန်းတွင် နေကြရသူ ဦးစော၊ မောင်ဖိုး၊ သက်နှင်း နှင့် မုံကြီးတို့သည် သေရတော့မည်ကို သိပြီးဖြစ်သဖြင့် ပို၍ပူပန်ကြတော့မည် မဟုတ်ချေ။ သေခါနီး 'ဇော' ရယူရန် အဟွက်သာလျှင် ပုတီးစိပ်ခြင်း၊ ဘုရားရှိခိုးခြင်းတို့ကို ပြုကြတော့သည်။ ၎င်းတို့အား စောင့်ရသည့် ထောင်မှူးကား ထောင်မှူးကြီး အလာကိုသာ စောင့်ဆိုင်းနေလေပြီ။ ၅ နာရီ ထိုးပြီး မိနစ် ၂၀ မျှ လွန်လာသည့်အခါ ထောင်မှူးကြီး လျှောက်လာသည့် ဖိနပ်သံများကို ကြားရတော့၏။ ထိုအချိန်တွင် ဦးစောတို့ လူစုမှာကား တုန်လှုပ်ခြင်း မရှိ။ ပုတီးစိပ်မြဲအတိုင်းသာ စိပ်လျက်ရှိကြသည်။



ရောင်ခြည်သန်းလာသည့်အခါ အင်းစိန်ထောင်ကြီးဘက်တွင်ကား

www.burmeseclassic.com

www.burmeseclassic.com

အသင့်ရှိရတော့မည်

ထောင်မှူးကြီးက ဦးစော အသင့်ရှိပြီမဟုတ်လား ဟု ပြောပြောဆိုဆိုနှင့် တံခါးပွင့်တော့သည်။ ထောင်မှူးကလေးသည် အသင့်ပါလာသော အဝတ်ပြူကြီးနှင့် ဦးစော အား ခေါင်းကိုစွပ်ရန် ဟန်ပြင်လိုက်တော့သည်။ ဦးစောသည် လေအေးအေးနှင့်ပင် 'ကျွန်ကော်ကို စွပ်စရာ မလိုပါဘူးဗျာ၊ ကျွန်တော် ကြိုးစင်ပေါ် ကျမှ အဝတ်ပြူအုပ်လိုက အုပ်ပါ' ဟု ခပ်ပြုံးပြုံးပင် ပြောတော့သည်။

ထောင်မှူးကြီးသည် ဦးစောကို ထုတ်သွားတော့သည်။ ထိုအချိန်တွင် ဦးစောသည် ရှမ်းပိုးဘောင်းဘီအပြာ၊ စပို့ရှပ်အပြာကွက်ကလေးကို ဝတ်ဆင်၍ မော်လမြိုင် ရှေ့ထိုး ဖိနပ် တဖျပ်ဖျပ်စီးကာ ကြိုးစင်ရှိရာအခန်းသို့ စပြီးခြေလှမ်း နေတော့သည်။ သူ၏မျက်နှာသည် တည်လှ၏။ သူ့ရှေ့တွင်ရှိသော ကြိုးစင်ပေါ်၌ကား တစ်လက်မလုံးခန့်ရှိသော ကြိုးကွင်းသည် လက်ရပ်၍ ခေါ်သကဲ့သို့ ဖြစ်နေလေသည်။ ကြိုးစင်တွင် ၂ ယောက် တစ်ပြိုင်တည်းသတ်ရန် စီစဉ်ထားသော်လည်း ဦးစော၏ တောင်းပန်ချက်ကြောင့် ဦးစောတစ်ယောက်တည်းကို ပထမ စတင်ကြိုးပေးရန် စီစဉ်ထားတော့သည်။

ကြိုးစင်ခန်းတွင်းဝယ်

ကြိုးစင်ထ ဒါရာ အခန်းသည် သိပ်ပြီးမကျယ်ဝန်းလှပေ။ ကြိုးပေးရန် စင်မြင့်ကား ၁၀ ပေမှ ၁၂ ပေခန့် မြင့်ဟန်ရှိတော့သည်။ ကြိုးစင်၏ ပက်ဝန်းကျင်တွင် ဒန့်ဒလွန်ပင် ကလေးတစ်ပင် နှစ်ပင်နှင့် မာလကာပင် ရှိတော့သည်။ ကြိုးစင် အတက် လှေခါးအနီးရှိ ဘုရားစင်ရှေ့သို့ ရောက်သည့်အခါ ထောင်မှူးကြီးက ဦးစောအား ဝတ်ပြုပါဦးဟု သတိပေးတော့၏။

ဦးစောသည် မော်လမြိုင် ရှေ့ထိုးဖိနပ်ကလေးကို ချွတ်ကာ မြတ်စွာဘုရားအား ဝတ်ပြု၍ ဆုမွန်မွန်းတောင်း

www.burmeseclassic.com

www.burmeseclassic.com



အင်းစိန်ထောင်ကြီးရှေ့တွင်ကား ဤသို့ခြောက်သွေ့လျက်ပင်

အချိန်စေ့၍ ကြိုးမှ ဦးစောအား ဖြုတ်ယူလိုက်သည့် အခါ တစ်ကိုယ်လုံး မည်းနေတော့၏။ လျှာကား အနည်းငယ် ထွက်လျက်ပင်။

မှုကြီး အလှည့်

ဦးစောအား ဒေါက်ဖြုတ်ပြီးနောက် မှုကြီး အလှည့်သို့ ရောက်လာတော့သည်။ မှုကြီးသည်လည်း ခပ်ပြုံးပြုံးပင် ထောင်ပိုင်ကြီးနှင့် ထောင်မှူးကြီးများအား ဂုတ်တမောနင်းဆာဟု နှုတ်ဆက်ကာ ကြိုးစင်ပေါ်သို့ တက်တော့သည်။ သူကိုလည်း လက်ပြန်ကြိုး နှစ်ဆင့် တုပ်ကာ အဝတ်ကို အုပ်တော့မည်အပြုတွင် ကျုပ်တို့ တိုင်းပြည်အတွက် လုပ်ကြတယ်။ ခေါင်းဆောင်ကြီး အတွက်ဟုပြော၍ မဆုံးမီပင် အဝတ်အုပ် ကြိုးကွင်းစွပ်မိပြီး 'ဒေါင်' ဟု ဒေါက်ဖြုတ်လိုက်တော့သည်။ မှုကြီးသည် နှယ်နှယ်မဟုတ်။ ကြိုးအတော်ကလေး ရမ်းနေသေးသည်။ သူကိုလည်း နာရီဝက်မျှ ကြိုးကုန်းလန်းထားပြီး ကြိုးကွင်း ဖြုတ်ယူတော့သည်။

မောင်စိုး နှင့် သက်နှင်း

မောင်စိုးနှင့် သက်နှင်းတို့အလှည့် ရောက်လာလေ ပြီ။ သူတို့၏ အဝတ်အစားများသည် ခဲ့သမျှဓိအဖွဲ့တွင် စစ်ဆေးစဉ်အခါကကဲ့သို့ပင် ဝတ်ဆင်ထားသည်။ မောင်စိုး၏ မျက်နှာမှာ တည်လှ၏။ သက်နှင်းမှာ ထုံးစံအတိုင်း ကတွတ်တွတ်နှင့် ရွှတ်ဖတ်သရဖျာယ်လျက်ရှိသည်။ သူတို့တစ်တွေသည် စကားမပြောနိုင်။ ထောင်မှူးကြီးနှင့် ထောင်မှူးကလေးများလက်ထဲတွင် ပြုသလိုခံပါတော့မည်ကဲ့သို့ပင် ရှေးနည်းအတိုင်း ကြိုးကွင်း နှစ်ယောက်ပြိုင်စွပ်၍ ဒေါက်ဖြုတ်လိုက်တော့သည်။ သက်နှင်း၏ လက်ထဲ၌ရှိသော စိပ်ပုတီးကလေးသည် တင်းကြပ်စွာ ဆုပ်ကိုင်ခြင်းကို ခံရရှာသဖြင့် လွင့်စင်ခြင်း မရှိချေ။ မောင်စိုး၏ အလောင်းသည် မူလအတိုင်းပင်ရှိ၍ သက်နှင်းကား အနည်းငယ် လျှာထွက်လျက် ရှိသည်။

အလောင်းများ ဝုံသည့်အခါ

ကြိုးများတွင် မည်သူအတွက်ကြိုးဟူသော ချုပ်ပြားများ ဆွဲထားတော့သည်။ ကြိုးမှမဖြုတ်မီ ဆရာဝန်သည်

www.burmeseclassic.com

www.burmeseclassic.com

သူတို့၏မေးများကို စမ်းသပ်ကြည့်သေးသည်။ သွေးတိုးခြင်း မရှိတော့မှ ဖြုတ်ချတော့သည်။ အလောင်းများ ခုံလင်သည့် အခါ အသင့်ရှိသော ခေါင်းများထဲသို့ တစ်လောင်းစီ တစ်လောင်းစီ သွင်းတော့သည်။ ကြိုးခန်းထဲ၌ အလောင်းများကို သံမှိုရိုက်နှက် ပိတ်ခြင်းမပြုသေးပေ။

အစိအရို ယူသွားသည့်အခါ

ခေါင်းသွင်းထားသော အလောင်းများကို ထောင်သားများက အသိုးသီးထမ်းဆောင်၍ ဘူးဝသို့ ယူဆောင်သွားလေသည်။ အတွင်းတံခါး အပြင်တံခါး ပိတ်ရသူမှာ အလွန်အရေးအကြီးဆုံးပင် ဖြစ်သည်။ သူသည် ခေါင်းတွင်းရှိ အလောင်းများကို သေချာစွာ စစ်ဆေးပြီးမှ အပြင်သို့ ထုတ်ခွင့်ပြုတော့၏။ ထောင်ပြင်တွင် အလောင်းသယ်ယူရန် မော်တော်ကားကြိုးသည် အသင့်ရှိ၏။

မောင် ဦးမြရင်

ဒေါ်သန်းခင်၏မောင် ဦးမြရင်သည် ယောက်ဖတော် ဦးစော၏အလောင်းကို လာရောက်စောင့်နေတော့၏။ သူသည် ဦးစော၏အလောင်းကို ကြည့်ရုံသာ ကြည့်ရလေသည်။ အလောင်းပြန်ယူရန်ကား ဝေးလေစွ။ ဦးမြရင်သည် ဦးစောအလောင်း မြှုပ်နှံရာ ထောင်သခြိုင်းသို့ သွားရောက်ကာ သင်္ကြံဖြတ်ခြင်းအမှုပြုတော့၏။ ဦးစောကဲ့သို့ပင် ကြဲရာပါဖြစ်သူ မောင်စိုး၊ သက်နှင်းနှင့် မှဲကြီးတို့အလောင်းသည်လည်း ဦးစောနှင့်ယှဉ်နေသာ တွင်းများ၌ပင် မြှုပ်နှံလိုက်တော့သည်။

၄ လတိတိ စောင့်မည်

ဦးစောတို့မြှုပ်နှံရာ သခြိုင်းတွင် လက်နက်ကိုင် တပ်သားများသည် အထူးစောင့်ရှောက်နေမည်ဟု သိရှိရ၏။

ရန်ကုန်ထောင်ကြီးတွင်

ရန်ကုန်ထောင်ကြီးမှာ တစ်ထောင်လုံး တိတ်ဆိတ်လှုပ်ရှိတော့သည်။ အစောင့်အရှောက်များလည်း ကြပ်တည်းစွာပင် ရှိလေသည်။ နံနက်အရုဏ် ၄ နာရီခန့်မှ အစပြု၍ ရောက်ရှိလာသော တရားသူကြီး ဦးထွန်ညို၊ လက်ထောက်ဗလိပ်မင်းကြီး ဦးဘအေးတို့သည် အသင့်ရောက်ရှိလာကြပြီး ထောင်ပိုင်ကြီးနှင့် တွေ့ဆုံဆွေးနွေးကြလေသည်။ ၄ နာရီ ၃ မောင်းခေါ် ထောင်အခေါ် အားဖြင့် ၅ နာရီထိုးရန် ၁၅ မိနစ်အလိုတွင် ကြိုးပေးရမည့် တရားခံများ ထားရှိရာ ကြိုးတိုက်ကြီးဆီသို့ လာရောက်ကြပြီး တရားခံစိန်ကြီးနှင့် ရန်ကြီးအောင်အား ခေါ်ကြောင်း။

ကြောက်သလား ရဲဘော်

စိန်ကြီးနှင့် ရန်ကြီးအောင်တို့အား ထုံးစံအတိုင်း နောက်ပြန်လက်ထိပ်ခတ်ရန် တာဝန်ကျသူများက ပြုလုပ်ကြရာ စိန်ကြီးနှင့် ရန်ကြီးအောင်တို့က 'အခုပဲ သေရတော့မှာပဲဗျာ၊ လက်ထိပ်ခတ်မနေကြပါနဲ့ဗျာ၊ မပြေးပါဘူး' ဟု ပြောသေးကြောင်း။

ကြိုးစင်ရှေ့သို့ ခေါ်သွားပြီး ကုန်းမြင့်ပေါ်သို့ တင်သည့်အခါ တရားခံ ရန်ကြီးအောင်က ကျွန်တော်တို့ တိုင်းပြည်အတွက် အသက်အသေခံရတာပါဟု ပြောကြားသွားသည်ဟု ကြားသိရသည့်အပြင် စိန်ကြီးကမူ အသက်ရေ နောက်ဘဝမှပဲ ပေါင်းကြပါစို့ဟုပြောကာ ကြိုးပေးခံသွားကြသည်ဆိုကြောင်း။ ကြိုးပေးခါနီးတွင် စိန်ကြီးက ရန်ကြီးအောင်အား ကြောက်သလား ရဲဘော်ဟု အော်ပြောလိုက်စဉ်မှာပင် ကြိုးစင်မှ ဒေါက်ဖြုတ်လိုက်တော့သည်ဆိုကြောင်း။

စိန်ကြီးက ကြိုးပေးခံရချိန်းတွင် အနီးရှိ အရာရှိများအား ကျွန်တော်တို့ လုပ်ခဲ့တာတွေဟာ အမှန်ပါပဲဟူ၍ပင် ဝန်ခံသွားသေးသည်ဟု ကြားသိရလေသည်။ ရန်ကြီးအောင် ကြိုးပေးမခံရမီ ခဏ ၇ ရက်နေက ၎င်း၏ ဆွေမျိုးသားချင်းများနှင့် ၎င်း၏ ခွစ်ရည်းစားသည်ကိုပါ တွေ့ခွင့်ရရှိသည်ဟု သိရကြောင်း။

(မှတ်ချက် - ၁၉၁၀-ခုနှစ်၊ နယုန်လဆန်း ၂ ရက် တနင်္ဂနွေနေ့။ ၁၉၄၈-ခုနှစ် ဧမလ ၉ ရက်နေ့ထုတ် ဟံသာဝတီ သတင်းစာပါအတိုင်း ပြန်လည်ဖော်ပြထားခြင်း ဖြစ်ပါသည်)

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ကြီးခေါင်းဆောင်ကြီးများ လုပ်ကြံခံခဲ့ရသော ဖြစ်ရပ်မှန်

ဦးသန့်(လာဘ်မိုးစွေ)

၁၉၄၇-ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်၊ စနေနေ့တွင် ရန်ကုန်မြို့ အတွင်းဝန်များရုံး၌ ဗိုလ်ချုပ်အောင်ဆန်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ အစည်းအဝေးပြုလုပ်နေစဉ် နံနက် ၁၀ နာရီ ၃၇ မိနစ် အချိန်၌ မသမာသူတို့၏ လက်ချက်ဖြင့် ခေါင်းဆောင်ကြီး ၇ ဦးအပြင် အတွင်းဝန် ဦးအုန်းမောင်နှင့် သက်တော်စောင့် ကိုထွေးတို့သည် မသမာသူတို့၏ လုပ်ကြံခြင်း ခံခဲ့ရသဖြင့် ကျဆုံးခဲ့ရသည်။

၁။ ဗိုလ်ချုပ်အောင်ဆန်းဘုရင်ခံ၏အမှု ဆောင်ကောင်စီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် သေနတ်ဒဏ်ရာ ၁၃ ချက်

၂။ သခင်မြ(ဘဏ္ဍာရေးနှင့် အခွန်တော်ဌာန ဝန်ကြီး) သေနတ်ဒဏ်ရာ ၂ ချက်

www.burmeseclassic.com

www.burmeseclassic.com

၃။ ဒီးဒုတ်ဦးဘချို(ပြန်ကြားရေးဌာနဝန်ကြီး)
သေနတ်ဒဏ်ရာ ၅ ချက်
၄။ ဦးဘဝင်း(ထောက်ပံ့ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာနဝန်ကြီး)
သေနတ်ဒဏ်ရာ ၈ ချက်
၅။ မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်း (တောင်တန်းဒေသရေးရာဌာနဝန်ကြီး)
သေနတ်ဒဏ်ရာ ၂ ချက်
၆။ ဦးရာဇတ်(ပညာရေးနှင့် အမျိုးသားစီမံကိန်းဌာနဝန်ကြီး)
သေနတ်ဒဏ်ရာ ၆ ချက်
၇။ မန်းဘခိုင်(စက်မှုလက်မှုနှင့် အလုပ်သမားဌာနဝန်ကြီး)
သေနတ်ဒဏ်ရာ ၁၅ ချက်
၈။ ဦးအုန်းမောင်(အတွင်းဝန်)
သေနတ်ဒဏ်ရာ ၅ ချက်
၉။ ကိုထွေး(ဦးရာဇတ်၏သက်တော်စောင့်)
သေနတ်ဒဏ်ရာ ၄ ချက်

ထိုနေ့သည် ၁၉၄၇-ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်၊ စနေနေ့ ဖြစ်သည်။

ဤကဲ့သို့ နိုင်ငံတော်လုပ်ကြံမှုကြီးကြောင့် အေးချမ်းလှသော ရန်ကုန်မြို့ကြီး၌ သေနတ်သံများ လွှမ်းမိုးသွားခဲ့သည်။ ထို့နောက် အတွင်းဝန်ဂုံးအတွင်းရုပ်ထားသော ဂျစ်ကားတစ်စီးသည် တစ်နာရီ မိုင် ၃၀ နှုန်းဖြင့် ပြန်လည် မောင်းနှင်ထွက်ပြေးသွားခဲ့သည်။

ဤသို့ဖြင့် စာဖတ်သူသည် ဤနိုင်ငံတော်လုပ်ကြံမှုကြီးကို မြင်တွေ့ဖြစ်သကဲ့သို့ တွေ့မြင်မည် ဆိုပါက. . .

၁၉၄၇-ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်၊ စနေနေ့၊ မိုးဦးကျသို့ ရောက်လေရာ ထိုနေ့နံနက်ပိုင်းက ရန်ကုန်မြို့ပတ်ဝန်းကျင်၌ မိုးကလေးဖွဲလိုက် ရွာချလိုက်နှင့် ဖြစ်နေသော အချိန်ဖြစ်သည်။

ဗိုလ်အောင်ကျော်လမ်းဘက် မျက်နှာပြူထားသော အတွင်းဝန်ရုံးခန်းထဲ ဝင်ကြည့်မည်ဆိုလျှင် '၀'ပုံသဏ္ဌာန် စားပွဲထိပ်နှင့် ခပ်လှမ်းလှမ်း ကြမ်းပြင်ပေါ်တွင် ဗိုလ်ချုပ်အောင်ဆန်း လဲကျသေဆုံးနေသည်ကို တွေ့ရမည်။ အရွယ်(၄၅)နှင့် (၃၈)အမျိုးအစား သေနတ်ကျည်ဆန်ခွံများသည် ကြမ်းပြင်ပေါ်တွင် ပြန့်ကြဲနေသည်။ လက်ဝဲဘက်တွင် မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်းသည် သူတိုင်နေသော ကုလားထိုင်ပေါ်တွင် စားပွဲပေါ်သို့ လက်ထောက်ထားပြီး ပါးစပ်ဟကာ သွေးများ ယိုစီးကျနေသည်။ စားပွဲ၏ လက်ယာဘက်တွင် ထိုင်နေသော ဝန်ကြီးသခင်မြသည် စားပွဲထိပ် လက်ဝဲထောင့် စားပွဲအောက်နားတွင် မှောက်လျက်ကျဆုံးနေသည်။ ဝန်ကြီး ဦးရာဇတ်၊ ဝန်ကြီးဒီးဒုတ်ဦးဘချို၊ ဝန်ကြီးဦးဘဝင်းနှင့် ဝန်ကြီး မန်းဘခိုင်တို့သည်လည်း သူတို့ထိုင်သော ကုလားထိုင်ပေါ်တွင် ထိုင်လျက်ပင် ခေါင်းငိုက်စိုက်ကျကာ ငြိမ်သက်နေသည်။ ဆရာကြီး ဦးရာဇတ်နှင့် ဒီးဒုတ်ဦးဘချို တို့နှစ်ဦးသည် အသက်မသေသေးဘဲ အသက်ရှူနေဆဲဖြစ်သည်။ တတိယအတွင်းဝန် ဦးအုန်းမောင်လည်း ကျဆုံးနေသည်။ ဝန်ကြီး ဦးရာဇတ်၏ သက်တော်စောင့် အသက် ၁၈ နှစ်အရွယ် ရဲတော်မောင်ထွေးလည်း သွေးအိုင်ထဲတွင် လဲကျနေသည်။ သွေးများ အိုင်ထွန်းနေသော စည်းဝေးပွဲခန်းမအတွင်းဝယ် စားပွဲကုလားထိုင်များမှာ သေဆုံးသူများနှင့် ဖရိုဖရဲဖြစ်နေကာ ဝန်ကြီးများအစည်းအဝေးခန်းမ၏ အနိဋ္ဌာရုံမြင်ကွင်းပင် ဖြစ်သည်။

ထိုဘို့ ပစ်ခတ်သည့်အချိန်တွင် ပေဂျာဘွယ်ဦးမြနှင့် ဦးရွှေဘော်တို့သည် ၎င်းတို့၏ ကျောဘက်ရှိ ပြတင်းပေါက်မှကျော်၍ ထွက်ပြီးလျှင် ပြတင်းပေါက်အောက်ရှိ နှစ်ပေခန့်ကျယ်သော ကြမ်းပြင်အဆုံးကိုကွယ်၍ ဦးရွှေဘော်၏အခန်းသို့ ကူးပြေးကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုကဲ့သို့ အဖြစ်အပျက်များကို ဝန်ကြီးဦးဘချမ်းသည် မြင်တွေ့နေရသည်။ ဦးဘချမ်းသည် ထိပ်စားပွဲနှင့် အလျားလိုက်ယှဉ်ကာ ကြမ်းပေါ်တွင်မှောက်၍ အိပ်ချလိုက်သည်။ ဤတွင် လက်ဝဲဘက်တွင်ရှိသော ဦးအောင်ဇံဝေ၏ လက်ကိုလည်း ဦးဘချမ်း ဆွဲချလိုက်သဖြင့် ဦးအောင်ဇံဝေသည်လည်း ဦးဘချမ်းနှင့်အတူ အိပ်ချလိုက်၏။ ဦးအောင်ဇံဝေ၏ ဝဲဘက်နံဘေးတွင်လည်း ကျည်ဆံတစ်ခု ရှုပ်မှန်ခဲ့သည်။

ကံကောင်းသူ ဝန်ကြီးများ

ထိုနေ့ အစည်းအဝေးတွင် မတက်ရောက်သော ဝန်ကြီးများမှာ ဦးကျော်ငြိမ်း၊ ဆမားဒူးဝါး၊ စောစံဖိုးသင်နှင့် ဦးဝမ်းကိုဟောတို့ ဖြစ်ကြ၏။ ထိုအခါက ပြည်ထဲရေးဌာနဝန်ကြီးဖြစ်သော ဦးကျော်ငြိမ်းမှာ အင်္ဂလန်သို့ သွားနေဦးခြင်းဖြစ်၍ ပြည်ထဲရေးဌာနကို ပျော်ဘွယ်ဦးမြက အုပ်ချုပ်လျက်ရှိ၏။ ဤဝန်ကြီးသုံးဦးမှာ နယ်သို့ ရောက်ရှိခရီးလွန်နေ၍ အစည်းအဝေး မတက်ဖြစ်ဟု သိရ၏။

ဦးစော၏အကြံသည် တစ်ရက်တည်းစောသွားသဖြင့် အောင်မြင်ခဲ့သည်။ စစ်တပ်မှ ဘရင်းဂန်း အလက် ၂၀၀၊ ဦးစော လိမ်ထုတ်ကြောင်းကို သခင်မြတွင်လည်းကောင်း၊ ဦးဘချမ်းတွင်လည်းကောင်း အခိုင်အလုံ ရရှိထားပြီဖြစ်၍ ထိုနေ့ (၁၉၄၇-ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်) ဝန်ကြီးများ အစည်းအဝေး နောက်ပိုင်းတွင် ဖမ်းဆီးရန် ရှိသည်။

ဂဠုန်ဦးစောကို ဖမ်းခဲ့သည်

၁၉၄၇-ခုနှစ်၊ ဇူလိုင်လ ၁၉ ရက် မွန်းလွဲတွင် အတွင်းဝန်ရုံး ရဲမင်းကြီးထံမှ ဖုန်းလာ၍ တပ်ခွဲတစ်ခွဲ လက်နက်အပြည့်အစုံနှင့် တာဝန်ယူခိုင်းသည်။ ထိုတပ်ခွဲသည် ဂျပန်တော်လှန်ရေးမှ ပေါ်ပေါက်ခဲ့သော ဗမာ့တပ်မတော်မှ ရဲတော်ဟောင်းများနှင့် ပွဲ့စည်းထားသော သောင်းကျန်းမှု နှိမ်နင်းရေး တပ်ရင်း-၁ မှ ရဲဘော်များ ဖြစ်သည်။ ထိုတပ်ခွဲတစ်ခွဲ အသင့်ပြင်ဆင်ပြီးလျှင် သတင်းပို့လိုက်ရာ ရဲမင်းကြီး ဦးထွန်းလှအောင်(ယခုအခေါ် ရဲချုပ်)က ၎င်းတပ်ခွဲကို ဂဠုန်ဦးစောအိမ် သွားဝိုင်းပြီး အိမ်တွင်းအိမ်ပြင် ရှာဖွေကာ ဦးစောနှင့် အပေါင်းအပါတို့ကို ဖမ်းဆီးရန် ညွှန်ကြားသည်။ ဦးစော အိပ်ခန်းနှင့် အိမ်ခန်း၊ အတွင်းခန်းများမှ ကျည်ဆန်များနှင့် မောင်းပြန်သေနတ်တချို့ကို တွေ့ရှိသိမ်းဆည်းခဲ့ကြသည်။ ဦးစောနှင့် ၎င်း၏ အပေါင်းအပါ တပည့်လက်ရုံး လူ ၂၀ ခန့်တို့ကို သောင်းကျန်းမှု နှိမ်နင်းရေး တပ်ရင်း-၁ မှ ဗိုလ်သိန်းဟန်တို့ ဖမ်းဆီးခေါ်ယူကာ အင်းစိန်ထောင်သို့ ပို့ခဲ့သည်။

နိုင်ငံတော်လုပ်ကြံမှု တရားခံများအား စစ်ဆေးခြင်း

၁၉၄၇-ခုနှစ်၊ အောက်တိုဘာလ ၈ ရက် ဗုဒ္ဓဟူးနေ့တွင် ပထမစတင်စစ်ဆေးခြင်း၊ ဦးစောနှင့် အပေါင်းအပါ တရားခံ ၈ ဦးမှာ ရန်ကြီးအောင်၊ သက်နှင်းမောင်စိုး၊ မှူန်ကြီး၊ သုခ၊ ခင်မောင်ရင်၊ မောင်နို(ခေါ်)ဂနီ၊ မောင်စိန်(ခေါ်)စိန်ကြီးတို့ ဖြစ်ကြသည်။

ခုံရုံးအဖွဲ့တွင် ခုံရုံးတရားသူကြီးအဖွဲ့ဥက္ကဋ္ဌ တရားဝန်ကြီး ဦးကျော်မြင့်၊ စက်ရှင်တရားသူကြီး ဦးစိဘူး၊ စက်ရှင်တရားသူကြီး ဦးအောင်သာကျော်တို့ ဖြစ်ကြသည်။ ဘဏ္ဍန်သည် အဇိုးရသက်သေ ဖြစ်သွား၍ တရားခံစာရင်းတွင် မပါဝင်တော့ချေ။

အမှုကို စစ်ဆေး၍ ထိုအမှုကို အောက်တိုဘာလ ၁၅ ရက်နေ့သို့ ရွှေ့ပို့သည်။

အထူးခုံရုံးအဖြစ် စစ်ဆေးခြင်း

အထူးခုံရုံးကို ၁၉၄၇-ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့တွင် ဘုရင်ခံ ဆာဟူးဘတ်ရန့်က ဖွဲ့စည်းပေး၍ ထိုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့တွင် စတင်စစ်ဆေးခဲ့ရုံးထိုင်သည်။ အထူးခုံရုံးဥက္ကဋ္ဌအဖြစ် ဦးကျော်မြင့်၊ အဖွဲ့ဝင်

www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်သာကျော်၊ ဦးစီဘူးတို့ဖြစ်သည်။ လုပ်ကြံမှုတရားခံခေါင်းဆောင် ဦးစောနှင့် မောင်စိုး၊ သက်နှင်း၊ မောင်စိန်၊ ရန်ကြီးအောင်၊ သုခ၊ မောင်နီ၊ ခင်မောင်ရင်၊ မှန်ကြီးတို့အား သေဒဏ်အမိန့်ကို ၁၉၄၇-ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ချမှတ်ခဲ့သည်။

ဦးစောနှင့် အပေါင်းအပါတို့က အယူခံဝင်ရာ ၁၉၄၈-ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့တွင် တရားလွှတ်ချုပ်က အယူခံပယ်ခဲ့သည်။

၁၉၄၈-ခုနှစ်၊ မေလ ၈ ရက်၊ နံနက်အရုဏ်တက်တွင် ဦးစော၊ မောင်စိုး၊ သက်နှင်း၊ မှန်ကြီးတို့ကို အင်းစိန်ဆောင်တွင် ကြိုးပေး၍ မောင်စိန်နှင့် ရန်ကြီးအောင်ကို ရန်ကုန်ထောင် ကြိုးစင်တွင် တစ်ပြိုင်နက်တည်း ကြိုးပေးသတ်လိုက်သည်။ ဘဏ္ဍန်မှာ ဖော်ကောင်ဖြစ်၍လွတ်ပြီး ခင်မောင်ရင်၊ မောင်နီ၊ သုခတို့မှာ သမ္မတကြီးအမိန့်ဖြင့် တစ်သက်တစ်ကျွန်းကျသည်။

နိုင်ငံတော်ဈာပနအခမ်းအနား

ကျဆုံးသွားသော ခေါင်းဆောင်ကြီးများ၏ ရုပ်အလောင်းများကို ၁၉၄၇-ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့ နေ့လယ် ၂ နာရီတွင် ဂျူဗလီခန်းမသို့ ပြောင်းရွှေ့သယ်ယူ ဂါရဝပြုခဲ့ခဲ့သည်။ ဦးရာဇတ်နှင့် ရဲဘော် ကိုထွေးတို့၏ ရုပ်အလောင်းနှစ်လောင်းကို ဂျူဗလီခန်းမမှ တာမွေကင်းဘဲလမ်း(ယခု ငါးထပ်ကြီးဘုရားလမ်း)ရှိ ခွတ်စလင်သချိုင်းသို့ သယ်ဆောင်သွားပြီး မွတ်စလင်ဘာသာအရ မြှုပ်နှံသင်္ဂြိုဟ်ခဲ့သည်။

ဩဂုတ်လ ၃၀ ရက် ၁၉၄၇ တွင် ဂျူဗလီဟောဒ္ဒ အာဇာနည်ဗိမာန်တည်ဆောက်ရေးအဖွဲ့ အမှုဆောင်အစည်းအဝေး ကျင်းပခဲ့သည်။ အစည်းအဝေးတွင် အာဇာနည်ဗိမာန်ပုံစံများ ရေးဆွဲရန် အကြံဉာဏ်များ ပေးနိုင်ကြောင်း ဆုံးဖြတ်သည်။ ၁၉၄၈-ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကျဆုံးသွားကြသော အပေါင်းအပါ ဝန်ကြီးများ၏ နိုင်ငံတော်ဈာပန အခမ်းအနား ကျင်းပသည်။

[မှတ်ချက် - ၁၉၄၈-ခုနှစ်၊ မတ်လ ၄ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ လုပ်ကြံခြင်းခံရသော အာဇာနည် မိုင်းပွန်စော်ဘွားကြီး(စင်စံထွန်း)၏ ရုပ်ကလာပ်ကို စော်ဘွားကြီး၏ ပြည်နယ်မြို့တော်ဖြစ်သော မိုင်းပွန်မြို့သို့ သယ်ဆောင်သွားသည်။ ထို့နောက် ၈-၄-၁၉၄၈ ရက်နေ့တွင် ဒေသအလိုက် ထုံးတမ်းစဉ်လာအရ အခမ်းအနားဖြင့် သင်္ဂြိုဟ်ပြီးလျှင် အရိုးပြာတစ်ဝက်ကို ရန်ကုန်မြို့ အာဇာနည်ဗိမာန်တွင် ထားရှိရန်ပေးပို့သည်။ ကျန်အရိုးပြာတစ်ဝက်ကို မိုင်းပွန်မြို့တော် တောင်ဘက်ကုန်း အာဇာနည်ဗိမာန်ပြာသာဒ်တည်ဆောက်၍ထားသည်။]

ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ နောက်ဆုံးခရီး

၁၃၀၉-ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်(၁၁-၄-၄၈)တနင်္ဂနွေနေ့ နေ့လယ်တွင် အာဇာနည်ခေါင်းဆောင်ကြီးများ၏ အလောင်းများကို သင်္ဂြိုဟ်မည့်နေ့ဖြစ်သည်။ ရန်ကုန်မြို့တစ်မြို့လုံးရှိ စျေးဆိုင်များ၊ ယာဉ်ရထားများအားလုံး ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် ပိတ်ထားသည်နှင့်အမျှ အိမ်တိုင်း အိမ်တိုင်းတွင်လည်း ပြည်ထောင်စု အလံတော်များ တစ်ဝက်မျှ လွှင့်ထူထားကြသည်။ ဗိုလ်ချုပ်၏ ရုပ်ကလာပ်ကို ၂ ဒသမ ၅ ပေါင် ဒါဂန်း အမြောက်တင်ယာဉ်ပေါ်တွင် တင်လျက်လည်းကောင်း၊ ကျန်ခေါင်းဆောင်များ၏ ရုပ်ကလာပ်များကို ပိတ်ဖြူလွှမ်းလျက်ရှိသည့် ကားကြီးများပေါ်တွင် တင်လျက်လည်းကောင်း၊ ကျဆုံးသွားကြသော ခေါင်းဆောင်များ၏ ကိုယ်လုံးပြည့် ရုပ်ပုံကြီးများကိုလည်း ကားအစီးစီးပေါ်တွင် အသီးသီးတင်လျက်လည်းကောင်း နေ့လယ် ၁ နာရီအချိန်တွင် တပေါင်းစု ခြံရံလျက် ဂျူဗလီဟော

www.burmeseclassic.com

www.burmeseclassic.com

မှ ရွှေတိဂုံဘုရားမြောက်ဘက်မုခ်အနီးရှိ အာဇာနည်ကုန်းသို့ ဘုရားလမ်းအရှေ့၊ ထရန်စပို့လမ်း တစ်လျှောက် ပို့ဆောင်ကြလေသည်။

ပို့ဆောင်သည့် တပ်များ၏ အစီအစဉ်

ပို့ဆောင်သည့် တပ်များ၏ အစီအစဉ်မှာ လမ်းပြတပ်၊ ရှေ့ပြေးတပ်၊ စစ်တပ်အဖွဲ့၊ မြန်မာ့တပ်မတော် ကြည်းတပ်၊ ရေတပ်၊ လေတပ်၊ သောင်းကျန်းမှု နှိမ်နင်းရေးတပ်၊ လက်နက်ကိုင် ရဲဗမာတပ်၊ ၎င်းတီးဝိုင်း၊ ပြည်သူ့ရဲဘော် လက်နက်ကိုင်တပ်၊ ပန်းခြင်းတောင်းကြီးများနှင့် အလောင်းတင် ကားကြီးများ၊ ကျဆုံးသွားရှာသည့် ခေါင်းဆောင်ကြီးများ၏ ဇနီးနှင့် သားသမီးဆွေမျိုးများ၊ အစိုးရအဖွဲ့ဝင်များနှင့် နိုင်ငံခြားကိုယ်စားလှယ်တော်ကြီးများ၊ ဖ. ဆ. ပ. လ အမှုဆောင်များနှင့် စာပန်းကော်မတီများနှင့်အတူ ပါလီမန်အမတ်များ၊ စစ်ဘက်ဆိုင်ရာ အထက်တန်း စစ်ဗိုလ်ချုပ်ကြီးများ၊ တပ်မတော်များမှ ပန်းခွေများ၊ မြန်မာ့တပ်မတော် သားများ၊ ပြည်သူ့ရဲဘော်အဖွဲ့၊ ပြည်သူ့ သူနာပြုအဖွဲ့၊ လွမ်းသူပန်းခွေများ ချထားအလေးပြုကြမည့် လူထုအစည်းအရုံး ကိုယ်စားလှယ်များ၊ ရှမ်း၊ ကျင်းဖော၊ ကရင်၊ ချင်း၊ ကရင်နီ စသော တောင်တန်းဒေသ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့အပြင် မရေမတွက်နိုင်အောင် များပြားလှသော လူထုအစည်းအရုံးများ ဖြစ်ကြကြောင်း။

လူထုကြီး၏ များပြားပုံမှာ ထရန်စပို့လမ်း တစ်လျှောက် လမ်းဘေးလူသွားလမ်းများပေါ်တွင်သာမက ခြံစည်းရိုး အုတ်နံရံများ၊ သစ်ပင်များပေါ်တွင် ပြည့်ကျပ်လျက် တွေ့မြင်ပေရာ အရေအတွက်အားဖြင့် ဖော်ပြရန် မစွမ်းလောက်အောင်ပင် ရှိတော့၏။

နေ့လယ် ၂ နာရီခွဲတိတိတွင် အာဇာနည်ကုန်းရှိ အဆုံးစွန်ကြီးမှ 'အမျိုးသားခေါင်းဆောင်များ၏ ရုပ်အလောင်းများကို ယူဆောင်လာပါပြီ' ဟု အသံထွက်ပေါ်သည်နှင့် တစ်ပြိုင်တည်း လူထုပရိသတ်ကြီးမှာ ငြိမ်သက်သွားသည်ကို တွေ့ရကြောင်း။

အာဇာနည်ကုန်း ဂူ ၉ လုံး

ထို့နောက် အစီအစဉ်အတိုင်း ကုန်းပေါ်တွင် အသင့်တည်လုပ်ထားအပ်သည့် ဂူ ၉ လုံးပေါ်သို့ ခေါင်းဆောင်ကြီးများ၏ ရုပ်အလောင်းများကို အောက်ပါအစီအစဉ်အတိုင်း သယ်ဆောင်ကြတော့ကြောင်း၊ ဂူ ၉ လုံး၏ အလယ်ဆုံးဂူတွင် ဗိုလ်ချုပ်အောင်ဆန်း၏ အလောင်း တင်ထားပြီး လက်ယာဘက်မှ ဂူ ၄ လုံးတွင် သခင်မြဦးဘဝင်း၊ မိုင်းပွန်စော်ဘွားကြီး၊ ဦးအုန်းမောင်တို့၏ အလောင်းများကိုလည်းကောင်း၊ လက်ဝဲဘက်တွင် ဦးဘချို၊ မန်းဘခိုင်၊ မစွတာရာဇက်နှင့် ဦးဆွေး တို့၏ အလောင်းများကိုလည်းကောင်း အသီးသီးတင်ထားကြပြီးနောက် ဖ. ဆ. ပ. လ ဒုဥက္ကဋ္ဌ ဗိုလ်မှူးအောင်က အဓိဋ္ဌာန်စာတမ်းကိုလည်းကောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဝန်ကြီးချုပ် သခင်နုက သစ္စာမဏ္ဍိုင် ၅ ချက်ပါသည့် မိန့်ခွန်းကိုလည်းကောင်း ဖတ်ကြားခဲ့ပါသည်။

လွမ်းသူပန်းမုန်ကျလက်ထုံ

မြန်မာ့လေတပ်မဟာမှ လေယာဉ်ပျံတစ်စင်း ခေါင်းဆောင်သည့် တိုက်ဂိ'ဇမာက်(ခ်)လေယာဉ်ပျံသုံးစင်းပေါင်း လေယာဉ်ပျံ လေးစင်းသည် အာဇာနည်ကုန်းဆီသို့ ဦးတိုက်ပျံဝဲလာပြီးနောက် ကုန်းကော့တစ်ဝိုက်ကို လက်ကျွန်ရစ် သုံးပတ်လှည့်လည်ပျံဝဲလျက် ဝေဟင်ခရီးမှ ဂူများပေါ်သို့ ရည်မှန်းကာ 'လွမ်းသူပန်းမုန်'များကို အသီးသီး ကြဲချအလေးပြုပြီးနောက် ခေါင်းဆောင်များ၏ အခမ်းအနားကို အမြောက်သံပေး၍ ဝမ်းနည်းကြေကွဲစွာဖြင့် ရုပ်သိမ်းလိုက်လေသည်။

ဦးသန့်(လာဘ်မိုးစေ)

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ချုပ်တို့အား လုပ်ကြံမှုဘွင် အရေးကြီးတရားခံဖြစ်သော
ဦးစောသည် ရေနေကြီး ဦးစံဝင်းနှင့် ဆွေးနွေးစဉ်၌ ဘီလပ်ငတ်လုံ
ကားတစ်ဘင်းနက်၏ပုံကို အတူးသဘင်းထောက် ဦးလှကျော်က
ရေးဆွဲ၍ သံတော်ဆင့် သတင်းစာတွင် ဖော်ပြခဲ့ဖူးသောပုံ



၁၉၄၇-ခုနှစ်၊ ရုန်ကုန်မြို့ အတွင်းဝန်ပျားရုံး၌ မသမာသူတို့၏ လက်ချက်ဖြင့် ကျဆုံးခဲ့သော
ဗိုလ်ချုပ်အောင်ဆန်း(၁၉၄၇-ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်၊ စနေနေ့)
ကိုယ်တွင် ခေါင်းဆောင်ကြီး ၇ ဦးအပြင် အတွင်းဝန် ဦးအုန်းမောင်နှင့်
သက်တော်စောင့် ကိုထွေးတို့ ကျဆုံးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မသမာသူတို့၏ လက်ချက်ဖြင့် ကျဆုံးသွားသော ဗိုလ်ချုပ်အောင်ဆန်း၏ ရုပ်ကလာပ်အား ရန်ကုန်မြို့ တာဝါလိန်းလမ်းနေအိမ်မှ ရင်ခွဲရုံသို့(၂၀-၇-၁၉၄၇) သယ်ဆောင်လာပြီး ၎င်းနှင့်အတူ ကျဆုံးသွားသော ဝန်ကြီးများ၏ ရုပ်ကလာပ်နှင့်အတူ ဂျူဗလီဟောခန်းမသို့ သယ်ဆောင်ခဲ့သည်။

ဂျူဗလီဟောခန်းမဆောင် စင်မြင့်အနီးတွင် ခုတင် ၉ လုံး ပြင်ဆင်ထားပြီး ဗိုလ်ချုပ်အောင်ဆန်း၏ ရုပ်ကလာပ်အား အလယ်တွင်ထားပြီး ၎င်း၏ဘေး ဘယ်ညာတွင် ဝန်ကြီးများ၏ ရုပ်ကလာပ်များကို အစီအရီ ထားရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

အင်းစိန် မဟိုအာကျဉ်းထောင်သို့ဝင်း

ဇထောင်မှူးကြီးသိန်းဝင်း

၁၈၅၂ ခုနှစ်မှ ၁၈၅၃ ခုနှစ်အတွင်း ပုဂံမင်းလက်ထက်၌ အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲ ဖြစ်ပွားပြီးနောက် ရန်ကုန်မြို့အပါအဝင် မြန်မာပြည်အလယ်ပိုင်းသည် နယ်ချဲ့ဗြိတိသျှအရင်းရှင်တို့၏ လက်အောက်သို့ ကျရောက်သွားခဲ့ပါသည်။

ဗြိတိသျှအရင်းရှင်တို့သည် မြန်မာပြည်အလယ်ပိုင်းကို သိမ်းပိုက်ပြီးနောက် ပိုင်းတွင် အင်အားနည်း၍ ကွက်ကွက်ကလေးသာ ကျန်ခဲ့သော အသက်မြန်မာပြည်ကို အခွင့်ရရှိသည်နှင့် တစ်ပြိုင်နက်တည်း သိမ်းပိုက်ရန် ရည်ရွယ်ပြီး ရန်ကုန်မြို့ကို ဆိပ်ကမ်းမြို့ကြီးအဖြစ် တိုးချဲ့၍ အုပ်ချုပ်ရေးကို စနစ်တကျ အကောင်အထည်ဖော် လုပ်ဆောင်ခဲ့သည်။

နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာပြည်အား မတရားသိမ်းပိုက်ထားသဖြင့် သူကျွန်မခံလိုသော မြန်မာနိုင်ငံသားတိုင်းရင်းသားတို့၏ လက်နက်ဖြင့်လည်းကောင်း၊ မျိုးချစ်စိတ်ဓာတ်ဖြင့်လည်းကောင်း၊ ခုခံတိုက်ခိုက်လာခဲ့ရာ တိုက်ပွဲများ မကြာခဏ ရင်ဆိုင်တိုက်ခိုက်ခဲ့ရသည်။

ထိုအခါ အင်္ဂလိပ်တို့သည် အုပ်ချုပ်ရေးကို ငြိမ်ဝပ်ပိပြားစေရန်အတွက် မြန်မာပြည်သား တိုင်းရင်းသားတို့အား ပုဒ်မအမျိုးမျိုးထုတ်၍ ဖမ်းဆီးပြီး ထောင်တွင်းအကျဉ်းချထားကာ ဖိနှိပ်ချုပ်ချယ် အုပ်ချုပ်ခဲ့သည်။

ထိုမှတစ်ဆင့် အုပ်ချုပ်ရေးစနစ်ကို ခိုင်မာတောင့်တင်းပြီး အခြေချရန်အလို့ငှာ ဂါတ်များ၊ ရုံးများ၊ ထောင်များကို စတင်တည်ထောင်ခဲ့သည်။ ဗြိတိသျှတို့ ကျင့်သုံးခဲ့သော "သွေးပြင့် အင်္ဂတေကိုင်သော ဗြိတိသျှတို့၏ စစ်ဦးစီးဝါဒ"က

www.burmeseclassic.com

www.burmeseclassic.com

သက်သေအခိုင်အမာ ပြလာနိုင်သည်။
ထိုစစ်ဦးစီးဝါဒကား ...

(က) [illegible]

(ခ) [illegible]

(ဂ) မြန်မာတိုင်းရင်းသားအားလုံး ဖြစ်သည်ကို အပေါ်တွင် ဟုပ်ပင်ကြီးနှံစေရန် ဟူ၍ ရည်ရွယ်ချက်ထားပြီး ကျင့်သုံးခဲ့သည်။

ထိုရည်ရွယ်ချက်များကို အကောင်အထည်ဖော်သည့်အနေဖြင့် ၁၈၆၄ ခုနှစ်တွင် အကျဉ်းထောင်ဌာနကို စတင်ဖွင့်လှစ်၍ ဆေးမင်ကြီး၏ လက်အောက်တွင် ထားရှိအုပ်ချုပ်စေသည့်အပြင် မြို့ရွာသန့်ရှင်းရေးနှင့် ကျောက်ဆေးထိုးဌာနကိုလည်း တစ်ချိန်တည်း ကြီးကြပ်စေခဲ့သည်။

၁၈၇၂ ခုနှစ်တွင် ယခင် ဆေးမင်းကြီးအုပ်ချုပ်နေရာမှ အကျဉ်းထောင်ဌာနကို ထောင်မင်းကြီး သီးခြားခန့်ထား၍ အုပ်ချုပ်စေခဲ့ပါသည်။ ဤကဲ့သို့ အကျဉ်းထောင်များကို တဖြည်းဖြည်း တိုးချဲ့တည်ထောင်လာခဲ့ရာ ၁၈၆၁ ခုနှစ်တွင် ရန်ကုန်ထောင်ကို တည်ဆောက်ခဲ့ပြီး နောက် မြန်မာသာမက အရှေ့တောင်အာရှတွင် အကြီးဆုံးဖြစ်သော အင်းစိန်ထောင်ကြီးကို ၁၈၈၉ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့သည်။

အကျဉ်းထောင်မတည်ဆောက်မီ အင်းစိန်မြို့အခြေအနေ

အကျဉ်းထောင်မတည်ဆောက်မီ အင်းစိန်မြို့နေရာသည် ရွာငယ်ကလေးမျှသာ ဖြစ်သည်။ အင်းစိန်မြို့ကို စတင်တည်ဆောက်ခဲ့သည့်နေရာမှာ ယခု ရွာမရွာကြီးနေရာ ဖြစ်သည်။ ရွာမရွာကြီးတစ်ဝိုက်တွင် သစ်တောကြီးများ ဝုန်းလွှမ်းနေပြီး မင်္ဂလာဒုံတောနှင့် ဆက်စပ်လျက်ရှိသည်။ ယခုလက်ရှိ မင်္ဂလာဒုံကို အထက်မင်္ဂလာဒုံဟုလည်းကောင်း၊ ယခု အင်းစိန်မြို့နေရာကို အောက်မင်္ဂလာဒုံ ဟူ၍လည်းကောင်း ခေါ်ဝေါ်ခဲ့ကြသည်။

အင်းစိန်အကျဉ်းထောင် တည်ဆောက်ခြင်း

အင်းစိန်အကျဉ်းထောင်ကို ၁၈၈၉ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး ၁၈၉၂ ခုနှစ်၊ ဇူလိုင်လတွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရှိရသည်။ အကျဉ်းထောင်မတည်ဆောက်မီက ယခု အင်းစိန်ထောင်ဝင်းကြီး တည်ရှိသော မြေနေရာသည် သရက်ခြံ၊ ကနဖိုးခြံ၊ ပိန္နဲခြံကြီးများ အုပ်ဆိုင်းနေပြီး ပြိတိသျှအစိုးရက လျော်ကြေးများပေး၍ သိမ်းယူပြီး အကျဉ်းထောင်ဧရိယာကို သတ်မှတ်သည်။

အင်းစိန်ထောင်ကို အုတ်ရိုးနှစ်ထပ် တည်ဆောက်ပြီးနောက် ထောင်အတွင်းမြေများကိုညှိပြီး အိပ်ဆောင်များဆောက်လုပ်ရန် ပြင်ဆင်သည်။ ထိုအချိန်က ရန်ကုန်ထောင်ကြီးကို တည်ဆောက်၍ ပွင့်လှစ်အသုံးပြုနေပြီဖြစ်သဖြင့် ရန်ကုန်ထောင်မှ ၆ လလောက် အပြစ်ကျသော အကျဉ်းသားများကိုခေါ်ယူပြီး အင်းစိန်ထောင်ဆောက်လုပ်ရေးတွင် ခိုင်းစေခဲ့သည်။ အလုပ်သမားအကျဉ်းသား ၄၀၀ ခန့်ရှိသည်ဟု သိရသည်။

ထိုအချိန်က အုတ်ရိုးကြီးနှစ်ထပ်အတွင်းတွင် အဆောက်အဦများ ဆောက်လုပ်ပြီးစီးခြင်း မရှိသေး၍ အလုပ်သမားအကျဉ်းသားများကို အုတ်ရိုးကြီးအတွင်းညအိပ်ချိန်တွင် မြေကြီးပေါ်၌ အိပ်စေခဲ့သည်။

အိပ်ဆောင် ၆ လုံး တည်ဆောက်ရာတွင် အကျဉ်းသားများအပြင် ပြင်ပမှ အင်ဂျင်နီယာများ၊ ဗိသုကာပညာရှင်များဦးစီး၍ ဆောက်လုပ်ခဲ့ကြခြင်း ဖြစ်သည်။ ထောင်၏ လုံခြုံရေးနှင့် အကျဉ်းသားများ လုံခြုံရေးအတွက် အင်းစိန်ထောင်ကြီး၏

ပြိတိသျှအစိုးရသည် အင်းစိန်ထောင် တည်ဆောက်သောအချိန်တွင် မြန်မာပြည်တစ်ပြည်လုံး၏ အချို့သောပြိုများတွင် အကျဉ်းထောင်အချို့ကို တည်ဆောက်ပြီး ဖြစ်သောကြောင့် အင်းစိန်ထောင်ကြီးကို ၎င်းတို့၏စိတ်တိုင်းကျ စနစ်တကျပုံစံရေးဆွဲ တည်ဆောက်ခဲ့ကြခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

အရှေ့ဘက်ရှိနေရာကို အဆောက်အဦ တန်းလျားများ ဆောက်လုပ်၍ စစ်ပုလိပ်များကို ထားရှိပြီး စောင့်ကြပ်စေခဲ့ပါသည်။

ထိုအချိန်က တွဲဘက်ထောင်ခေါ် ယခုသီးသန့်ထောင့်သည် မဆောက်ရသေးဘဲ ယင်းနေရာတွင် အလုပ်သမားအကျဉ်းသားများနှင့် လုံခြုံရေးစစ်ပုလိပ်များအတွက် သီးနှံစိုက်ပျိုးသော တောင်ယာခင်းသာ ဖြစ်သည်။ ထောင်အုတ်ရိုးနှစ်ထပ်နှင့် အိပ်ဆောင်များကို ဆောက်လုပ်သည်မှာ ၄ နှစ်ခန့် ကြာသည်။ အုတ်ရိုးကြီးတည်ဆောက်ပြီးသောအခါ အုတ်ရိုးနံရံကြီးကို မြေနီရောင် ဆေးသုတ်ထားသည်။

အင်းစိန်ထောင်တည်ရှိပုံနှင့် အကျယ်အဝန်း

အင်းစိန် ဗဟိုအကျဉ်းထောင်ကြီးသည် အင်းစိန် လှိုင်မြစ်သွား ကမ်းနားလမ်းပေါ်တွင် တည်ရှိသည်။ ထောင်ဝင်းတစ်ခုလုံး စုစုပေါင်းအကျယ်အဝန်း မြေဧရိယာမှာ ၁၆၅.၇၆၈ ရေပြာကေ ရှိသည်။ ထိုအကျယ်အဝန်းတွင် တွဲဘက်ဧရိယာ အကျယ်အဝန်း ၁၄.၇၂၉ ကေ နှိုင်းအမှုထမ်းနေအိမ်များ၊ မြေရေပြာတွင် စိုက်ပျိုးခင်းများ၏ မြေဧရိယာမှာ ၄၆.၂၉၃ ရေပြာရှိသဖြင့် ၎င်းတို့အားထုံးအား ထုတ်နှတ်လိုက်ပါက အင်းစိန်ထောင်ကြီး၏ မြေဧရိယာအကျယ်အဝန်းမှာ ၁၀၄.၇၄၆ ကေ ရှိပါသည်။ အင်းစိန်ထောင်တည်ရှိရာမှာ အင်းစိန်၊ လှိုင်မြစ်ကမ်းနားလမ်းကို မျက်နှာပြု၍ တည်ဆောက်ထားပြီး လမ်းတေး၌ ထောင်ခြံစည်းရိုးမှာ အပေါ်လျက်ရှိပြီး လမ်းမမှ အတွင်းထောင်အား မျက်နှာစာအထိ ပေပေါင်း ၁၁၆၀ ခန့် ကွာဝေးပါသည်။

ထောင်တည်ဆောက်သည့် ပုံသဏ္ဌာန်

ဗြိတိသျှအစိုးရသည် အင်းစိန်ထောင် တည်ဆောက်သောအချိန်တွင် မြန်မာပြည်တစ်ပြည်လုံး၏ အချို့သောမြို့များတွင် အကျဉ်းထောင်အချို့ကို တည်ဆောက်ပြီးဖြစ်သောကြောင့် အင်းစိန်ထောင်ကြီးကို ၎င်းတို့၏စိတ်တိုင်းကျ စနစ်တကျ ပုံစံရေးဆွဲ တည်ဆောက်ခဲ့ကြခြင်း ဖြစ်သည်။

အင်းစိန်ထောင်ကို အပေါ်အမြင်မှစီး၍ကြည့်လျှင် ရှေးဟောင်းတိုင်းကပ်နာရီပုံသဏ္ဌာန်ရှိသည်ကို တွေ့ရသည်။ အုတ်ရိုးနှစ်ထပ်ရှိပြီး အပြင်အုတ်ရိုးမှာ ၁၈ ပေ မြင့်သည်။ အတွင်းရိုးမှာ ၇ ပေမြင့်သည်။ အတွင်းအုတ်ရိုးနှင့် အပြင်အုတ်ရိုးကြားတွင် ၁၉၀ ပေ ကွာခြားသည်။

နာရီအတိုင်းအကွက်တွင် ထောင့် ၁၆ ထောင့် ပါရှိသည်ကို တွေ့ရသည်။ နာရီမှိန်ခွင်ပုံသဏ္ဌာန်အတွင်းတွင် အကျဉ်းသားအိပ်ဆောင် အဆောက်အဦများကို အကွက်ချ၍ နှစ်ထပ်ပုံစံ စနစ်တကျ တည်ဆောက်ထားသည်။ အိပ်ဆောင်များအလယ်ကွက်လပ် ဗဟိုတွင် ၆၃ ပေမြင့်သော ဗဟိုမျှော်စင်တစ်ခုရှိပြီး ထိုမျှော်စင်ကိုပတ်၍ စားဖိုဆောင်ကြီးကို ဆောက်လုပ်ထားသည်။

ထိုမျှော်စင်ကို ဗဟိုပြုပြီး နှစ်ထပ်အိပ်ဆောင်များကို နာရီလက်တံသဖွယ် ပတ်ဝိုင်း၍ ဆောက်လုပ်ထားသည်။ ရှည်ရွယ်ချက်မှာ အကျဉ်းသား အချုပ်သားများ ထမင်းစားသောက်ချိန်တွင် အိပ်ဆောင်များမှ တစ်ဆောင်ချင်း အကျဉ်းသား၊ အချုပ်သားများ တန်းစီတွက်ပြီး ဗိုဝိုင်းကြီးတွင် ထမင်းပုံစံများကို အလွယ်တကူ ယူနိုင်စေရန် ဖြစ်ပေသည်။

နောက်ရည်ရွယ်ချက်တစ်ခုမှာ အိပ်ဆောင်များ၌ ခိုက်ရန်များ ဖြစ်ပွားခြင်း၊ အုတ်နှိုးကိုကျော်၍ ထွက်ပြေးရန် ကြံစည်ခြင်း စသော လုံခြုံရေးနှင့်ပတ်သက်သည့် ကိစ္စများကို မျှော်စင်အပေါ်မှ တာဝန်ကျအစောင့်က အားလုံးကို မြင်စေနိုင်ရန် ဖြစ်သည်။

ထောင်အရှေ့ဘူး၀ တံခါးကြီးမှနေ၍ ဖိုကြီးဗဟိုမျှော်စင်အထိ တစ်ဖြောင့်တည်း လမ်းဖောက်ထားပြီး ထိုမျှော်စင်ကြီးကိုပတ်၍ ထောင်အနောက်ပေါက်တံခါးအထိ လမ်းကို တောင်ဘက်မြောက်ဘက်အထိ တစ်ဘန်းတည်း ဖောက်လုပ်ထားသည်။

လမ်းမကြီး၏ တစ်ဖက်တစ်ချက်စီ တွင်လည်း ၉ ပေမြင့်သော အုတ်ဘုတ်ဝိုင်း ကာရံထားပြီး အုတ်တံတိုင်းအရှေ့ခြမ်း တစ်လျှောက်တွင် အဆောက်အဦ ၄ ခု ရှိပြီး တစ်ခုနှင့်တစ်ခုကြားတွင် ၇ ပေ အုတ်နံရံများကန့်၍ ကာရံထားသည်။

အကျဉ်းထောင် အုပ်ချုပ်ရေး

အင်းစိန်ထောင် တည်ဆောက်သောအချိန်ကစ၍ ဗြိတိသျှတို့သည် ၎င်းတို့သိမ်းပိုက်ထားသော မြန်မာပြည်အောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် ဆိပ်ကမ်းမြို့ကြီးများဖြစ်ကြသော စင်တွေ၊ မော်လမြိုင်၊ မြိတ်၊ ပုသိမ်နှင့် ရန်ကုန် စသည့် မြို့ကြီးများတွင် ထောင်များကို တည်ဆောက်ခဲ့ကြပြီးဖြစ်ရာ ရန်ကုန်မြို့နှင့် ၁၂ မိုင်မျှ ကွာဝေးသော အင်းစိန်မြို့တွင် ထောင်ကြီးတစ်ခု ဖွင့်လှစ်ထားရှိပြီး အကျင့်စရိုက်ပြုပြင်ရေး (REFORMATION) အတွက်ပါ ရည်ရွယ်ချက်ဖြင့် တည်ဆောက်ခဲ့သည်ဟု ယူဆရသည်။ ထို့ကြောင့် အင်းစိန်ထောင်ကြီးကို ၁၈၉၂ ခု

www.burmeseclassic.com

www.burmeseclassic.com

ခုနှစ်၊ ဂူလိုင်လတွင် စတင်ဖွင့်လှစ်အသုံးပြုခဲ့သည်။

ထိုစဉ်က အင်းစိန်ထောင်ကြီးတွင် ထားရှိသော အကျဉ်းသားများမှာ ရာဇဝတ်မှု တစ်ကြိမ်တစ်ခါကျူးလွန်သော အကျဉ်းသားများ (CASUAL PRISONERS)၊ ရာဇဝတ်မှုကို တစ်ကြိမ်ထက်ပို၍ ကျူးလွန်သော အကျဉ်းသား (HABITUAL PRISONERS) နှင့် တရားမ အကျဉ်းသားများ (CIVIL PRISONERS) တို့ကို ထားရှိသည်။

အင်းစိန်ထောင် ဖွင့်စအချိန်တွင် အကျဉ်းဌာနသည် သီးခြားဌာနတစ်ခုအဖြစ် မတည်ရှိသေးဘဲ ဆေးရုံ၊ မြို့ရွာသန့်ရှင်းရေးနှင့် ကျောက်ဆေးထိုးဌာနမင်းကြီး၏ လက်အောက်ခံဌာနတစ်ခုအဖြစ်သာ တွဲဖက်လျက်ရှိနေသေးသည်။

၁၈၉၉ ခုနှစ်ကမှသာ သီးခြားဌာနတစ်ခုအဖြစ် တည်ထောင်၍ အကျဉ်းဌာနမင်းကြီးက ခွဲခြားအုပ်ချုပ်ခဲ့ပါသည်။ **အင်းစိန်ထောင် စတင်ဖွင့်လှစ်သောအချိန်**တွင် အကျဉ်းဌာနမင်းကြီးအဖြစ် ပထမဦးဆုံး ဆောင်ရွက်သူမှာ (SURGEON LICUT COLONEL DAVICISON-LAIRMBEN) ဖြစ်သည်။

၁၉၄၂ ခုနှစ်တွင် အင်္ဂလိပ်များ မြန်မာနိုင်ငံမှ ဆုတ်ခွာသွားပြီးနောက် ဖက်ဆစ်ဂျပန်များ အုပ်ချုပ်သောခေတ်တွင် အင်းစိန်ဗဟိုအကျဉ်းထောင်ကြီး အပါအဝင် မြန်မာနိုင်ငံရှိ အကျဉ်းထောင်များကို ဖက်ဆစ်ဂျပန်များက လက်နက်တိုက်အဖြစ်သာ အသုံးပြုခဲ့ကြသည်။

ဂျပန်ဖက်ဆစ်များအား တိုက်ထုတ်ပစ်ပြီး အင်္ဂလိပ်ပြန်အဝင် ၁၉၄၆ ခုနှစ်တွင် အင်းစိန်ဗဟိုအကျဉ်းထောင်အား ပြန်လည်ဖွင့်လှစ်အသုံးပြုခဲ့ပြန်သည်။

၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး ပါလီမန်အုပ်ချုပ်ရေးခေတ်ဦးတွင် ရောင်စုံသူပုန်များ ထကြွလူပ်ရှားသောခေတ် ၁၉၄၉ ခုနှစ်၌ ကရင်သောင်းကျန်းသူများက အင်းစိန်ဗဟိုအကျဉ်းထောင်ကြီးကို သိမ်းပိုက်ပြီး အကျဉ်းသားအားလုံးအား လွှတ်ပေးလိုက်ကာ အင်းစိန်ထောင်အား ခဲတပ်သဖွယ် အသုံးပြုခဲ့ပြန်သည်။

၁၉၅၈ ခုနှစ်တွင် အစိုးရတပ်မှ ပြန်လည်သိမ်းယူပြီး အင်းစိန်ထောင်ကြီးအား ပြန်လည်ပြုပြင် ပြင်ဆင်ကာ အကျဉ်းထောင်အဖြစ် ပြန်လည်အသုံးပြုခဲ့သည်။ နောက်ပိုင်းတွင် ရန်ကုန်ထောင် ၌ အချုပ်သားများနှင့် ပြစ်ဒဏ် ၆ လ အောက် အကျဉ်းသားများကို ထားရှိပြီး၊ နှစ်ကြီးအကျဉ်းသားများကို အင်းစိန်ဗဟို အကျဉ်းထောင်သို့ ပေးပို့ထိန်းသိမ်းခဲ့သည်။

အင်းစိန်ထောင်သည် အကျဉ်းဦးစီးဌာန လက်အောက်တွင်ရှိသော အကျဉ်းထောင်များအနက် မြန်မာနိုင်ငံတွင် **အကြီးဆုံးဗဟိုအဆင့် အကျဉ်းထောင်ဖြစ်သည်။ ပွဲစဉ်ပုံအရ အကျဉ်းသား** အချုပ်သားအင်အား ၅၀၀၀ ယောက် လက်ခံရန် သတ်မှတ်ထားသော်လည်း လက်ရှိအခြေအနေတွင် အကျဉ်းသား၊ အချုပ်သား ၉၀၀၀ ကျော်အထိ လက်ခံထိန်းသိမ်းရသော အကျဉ်းထောင်ဖြစ်သည်။

အင်းစိန်ဗဟိုအကျဉ်းထောင်တွင် နိုင်ငံတော်လုံခြုံရေးနှင့် တည်ငြိမ်ရေးအရ အဆူးထိန်းသိမ်းစောင့်ရှောက်ရသော အရေးကြီးအကျဉ်းသားများ၊ နှစ်ကြီးအကျဉ်းသားများ၊ ရာဇဝင်လူဆိုးများနှင့် အချုပ်သားများအား ထိန်းသိမ်းထားပါသည်။

တည်နေရာ

ရန်ကုန်တိုင်း၊ အင်းစိန်ပြုန်ယ
ရွာမဘူတာ၏ အနောက်တောင်ဘက်
ကိုက် ၇၀၀ ခန့်အကွာတွင် တည်ရှိသည်

နယ်နိမိတ်

(က) **မြောက်ဘက် - အ**
အနောက်သွား ရွာမသံမဏိစက်ရုံလမ်း
နှင့် အလယ်ရပ်ကွက်။

(ခ) **အရှေ့ဘက်** - တောင်
မြောက်သွား ရန်ကုန်-ပြည်မီးရထားလမ်း
အင်းစိန်-တည်းကုန်းလမ်းမကြီး၊ အရှေ့
မြောက်ဘက်တွင် အင်းစိန်ပြုန်ယ မြောက်
ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးနှင့် မြန်မာနိုင်ငံရဲ
တပ်ဖွဲ့စခန်း တည်ရှိသည်။ အရှေ့တောင်
ဘက်တွင် အင်းစိန်မှခင်းရဲတပ်ဖွဲ့တို့ ရှိ
သည်။

(ဂ) **တောင်ဘက်** - အင်းစိန်ထော
ကြီးနှင့် အင်းစိန်ပြုန်ယ မီးသတ်တပ်ဖွဲ့
စခန်း၊ လှိုင်မြစ်လမ်း တည်ရှိသည်။

(ဃ) **အနောက်ဘက်** - ရွာမ
အနောက်ရပ်ကွက်နှင့် တောင်မြောက်
သွား ဘုရင့်နောင်လမ်းမကြီး တည်ရှိ
သည်။

လက်ရှိအကျယ်အဝန်း

(က) အကျဉ်းထောင်မြေရိယာ
၁၅၂.၆၁၁ ကေး၊ (ခ) ထောင်တွင်းရိယာ
၇၁.၆၉၂ ကေး၊ (ဂ) ထောင်ပြင်ရိယာ
၆၃.၁၉၀ ကေး။

ထောင်မှူးကြီးသိန်းဝင်း

မှိုင်မှိုင်း

မြန်မာနိုင်ငံအကျဉ်းထောင်များ
နောက်ခံသမိုင်း (ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com

မန္တလေး
မဟိုအာကျဉ်းထောင်သမိုင်း

□ ထောင်မှူးကြီးသိန်းဝင်း

ရှေးခေတ် မြန်မာဘုရင်များ လက်ဆက်တော်အခါက ပုဂံ၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်ဟူ၍ရှိခဲ့ရာ ကုန်းဘောင်ခေတ် ရောက်မှသာ အကျဉ်းထောင်ဟူသော ဆိုဟာရ ပီပြင်လာခြင်းဖြစ်သည်။ ယခင်က မြို့ရွာများတွင် မြို့သူကြီး၊ ရွာသူကြီးတို့ အသုံးပြုခဲ့သော အချုပ်ခန်းနှင့် ထိတ်တုံးသာရှိခဲ့ပြီး နန်းတွင်း၌ ကြေးတိုက်ဟူ၍သာ ရှိခဲ့သည်။

ကုန်းဘောင်ခေတ်၌ မြန်မာဘုရင်များ အုပ်ချုပ်မှုပုံစံတွင် လွှတ်ရုံး(၅)ရပ်ရှိခဲ့ပြီး (၁) လွှတ်တော်၊ (၂) မြို့တိုက်၊ (၃) အရှေ့ရုံးတော်၊ (၄) အနောက်ရုံးတော်၊ (၅) တရားရုံးဟူ၍ ဖြစ်သည်။ ကုန်းဘောင်ခေတ် နောက်ဆုံးမြန်မာဘုရင် သီပေါမင်းလက်ထက်၌ အလွန်ရှမ်းကားခဲ့သော သီပေါဘုရင်လက်ထွဲတော် ရနောင်မောင်မောင်တုတ်မှာ အဆောင်နီမှူးဖြစ်သည်။ အရှေ့ရုံးတော်နှင့် အနောက်ရုံးတော် တွဲဖက်၍ အရှေ့ထောင်နှင့် အနောက်ထောင်ဟုလည်း ရှိခဲ့ပါသည်။

အရှေ့ရုံးတော်ဖွဲ့စည်းပုံမှာ မြို့ဝန် (၄)ဦး၊ ထောင်မှူး (၄)ဦး၊ မြို့စာရေး (၄)ဦး၊ ရွှေပြည်စိုး (၄)ဦး၊ ထောင်စာချီ (၄)ဦး၊ ရွှေမြို့တော်တံခါးဗိုလ် (၁၂)ဦး၊ တံခါးမှူးများဖြစ်ကြပြီး အရှေ့ထောင်မှာ မဟိုထောင်ကြီးဖြစ်သည်။ အမှူး(၂)၊ အဝုန်း(၂)နှင့် ပါးကွက်အာဏာသားများရှိသည်။ အနောက်ထောင်မှာ မိန်းမထောင် ဖြစ်သည်။

ဘကြီးတော်ဘုရားလက်ထက် ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲ ဖြစ်ပွားရာ၊ မြန်မာပြည်အောက်ပိုင်းကို အင်္ဂလိပ်တို့လက်ထဲသို့ ပေးအပ်လိုက်ရသည်။ ထို အခြေအနေကို မြန်မာဘုရင်က မကျေနပ်။ တို့ကြောင့် သူလျှိုသလန်လုပ်သည်ဟူသော စွပ်စွဲချက်ဖြင့် ခရစ်ယာန်သာသနာပြုဆရာ ယုဒသန်နှင့် ဒေါက်တာပရိုက်တို့ကို ဖမ်းဆီး၍ အင်းဝကြီးတိုက်

www.burmeseclassic.com

www.burmeseclassic.com

ထောင်တွင် ချုပ်နှောင်ထားခဲ့သည်။

ထိုစဉ်က မြန်မာဘုရင်မှာ အမရပူရတွင် နန်းစံခဲ့ပြီး အင်းဝကြီးတိုက် ထောင်နှင့် အောင်ပင်လယ်ထောင်ဟု ထောင်ကြီးနှစ်ထောင် ရှိသည်။ အောင်ပင်လယ်ထောင်ကို လက်မရဏထောင်ဟု ခေါ်ဝေါ်ခဲ့ကြသည်။ ထောင်ထဲရောက်လျှင် ပြန်ထွက်ရရှိ၊ ထုံစံမရှိ၊ ထို့ကြောင့် လက်မရဏထောင်ဟု ခေါ်ခြင်းဖြစ်သည်။

အင်းဝမှ အမရပူရသို့ (၁၂)မိုင်အကွာ ဝေးသည်။ အမရပူရမှ အောင်ပင်လယ်ထောင်သို့ (၇)မိုင်အကွာဝေးသည်။ နှစ်ခေါင်းအင်းဝမှ အောင်ပင်လယ်ထောင်သို့ (၁၆) မိုင် ခရီးဝေးပါသည်။

အင်းဝကြီးတိုက်ထောင်မှာ အရှေ့ရံတော်ခေါ် ရာဇဝတ်ရံတော်၏ မြောက်ဘက်တွင်ရှိပြီး ထောင်အကျယ်အဝန်းမှာ မြက်ခင်းဝေသည်။ ထောင်ဝင်းအား ဝါးထရံဖြင့် အလုံကာထားသည်။ တောင်ဘက်၌ တစ်ပေါက်တည်းသော တံခါးသာ ရှိသည်။ ထောင်ကွင်းအဆောက်အဦပုံစံမှာ မြေပြင်မှ အမြင့်နှစ်တောင်ခန့်တွင် ပျဉ်ခင်းထားပြီး ပျဉ်ထောင်၊ ပျဉ်ခင်း၊ ဝါးကပ်မိုးဖြစ်ပြီး Hall Type ဖြစ်ပြီး အခန်းပွဲမထားချေ။

ထောင်အလယ်ပတိုင်၌ "အလုံထောင်"ဟု သီးသန့်ရှိသေးသည်။ ဧမော်ထောင်ပုံစံဖြင့် (Cell) ဟု ခေါ်လေသည်။ အမောင်ခန်း၊ ပြတင်းတံခါးမရှိ၊ ခမ်းပိုက်နေသည်။ အပြင်လေကောင်းစွာမရှုကွပ်မျက်မည့် သေဒဏ်အကျဉ်းသားများကိုထားသော အခန်းဖြစ်သည်။ အများအားဖြင့် မဟာဆီး၊ မဟာသွေးများကို ထားလေ့ရှိသည်။ ခြေသားကို ကပ္ပလီပါ အတင်ပတ်၍ သံခြေချင်းတံထားသည်။ အစောအသောက် ကျွေးမွေးပေးကမ်းခြင်း မရှိ။

ထောင်အတွင်းမှ ထွက်ခွာ၊ ဝင်ခွင့်ပြုသူ အကျဉ်းသားများကိုတော့ မူလသံခြေချင်းအပြင် နှစ်ဆင့်သုံးဆင့် ထပ်၍ ခတ်ထားလေသည်။ ထင်ရှားများမှာ အပြစ်ပေါ်သော ဂိုဏ်းအကျဉ်းသားများဖြစ်သည့်အပြင် ထွက်၍ အလုပ်လုပ်ရာတွင် နီးကပ်ရာရပ်ကွက်အတွင်းသွားလာခြင်း အစား အစာအောင်းရှင်း၍ ထောင်ထဲမှ အကျဉ်းသားများကို မသေထပင်။ မသေဟင်း အဖြစ် ဝေ၍ကျွေးရသည်။

အင်းဝခေတ်ထောင်မှာ ထောင်ကျသည်နှင့် အသက်သေဖို့ တစ်ဝက်သေချာသည်။ ထောင်တွင်း၌နေရသော်လည်း လုံခြုံမှုမရှိ။ စလေဦးပုညအား အပြင်က ငွေပေး၍ အကျဉ်းထောင်ဝန်ထမ်းများအား သတ်ခိုင်း၍ သေဆုံးရခြင်းဖြစ်သည်။

အကျဉ်းသားတစ်စုံတစ်ဦး ထောင်တွင်း၌ သေဆုံးလျှင်လည်း ဝန်ထမ်းများအား အရေးပယူအပြစ်ပေးခြင်းမရှိ။ တရားရုံးတော်က သက်ရမည့်သူတစ်ဦး လျော်သွား၍ ဝန်ပေါ်သွားသည်ဟု သဘောထားသည်။

ခရစ်ယာန်သာသနာပြုဆရာ ယုဒသန်သည် အင်းဝထောင်တွင် ဒေါက်တာပရိုက်နှင့် အတူနေဖူးသည်။ ဒေါက်တာပရိုက်အား အင်းဝကောင်စီသားတားကြီး ဆရာယုဒသန်ကို အောင်ပင်လယ်ထောင်သို့ ခွဲခွာပို့သည်။ ထောင်အပြင် တန်းမရှိ ဟူသောစကား မမှန်ပါ။ ကိုခေတ်က တန်းရှိသည်။ ထောင်ဒဏ်မခံရသေးခင် ချုပ်နှောင်ထားသောအခန်းကို တန်းဟု ခေါ်သည်။ အမှုခင်းဆောင်ဦး အပြည်ထောင်မှုတ်မှ ထောင်သို့ပြောင်းရွှေ့ခြင်း ပြုခံသည်။

မြတ်မီးစိုက်ဦး ဦးဆောင်သည့် အသက် (၇၀) ကျော် (၈၀)မှ ထောင်နှန်းစံရဖူးသေးသည်။ ကံကောင်းထောက်မ၍ ထောင်ထဲ၌မသေ။ ဦးပုညကတော့ ကံဆိုး၍ သေခဲ့ရသည်။ ကိုခေတ်အဓိက "မင်းခေတ်ကခန့်သမ်ပင်"ဆိုသကဲ့သို့ တောင်းဆို၍ အသတ်ခံရရန် အလွန်နီးလေသည်။

စာဆိုတော်ဦးစသည် စစ်သူကြီးမဟာဗန္ဓုလနှင့် ခြည်တေ စစ်ကြောင်းဦးပြီး ဒုတိယဗိုလ်ချုပ်ကြီးအန္ဒြခ် တိုက်ခဲ့ရသည်။ အနုအကြမ်း ဖွယ်ခဲ့ရသော ပုဂ္ဂိုလ်ကျော်ဖြစ်သည်။ မြန်မာ့တေးဂီတလောကတွင် မျက်နှာစာအဖြစ် မြတိဝန်ကြီးဦးစ၏ ယိုးဒယားသီချင်းကြီးနှင့် ပတ်ပျိုးတို့မှာ အတင်ကရဖြစ်သည်။ ဘကြီးတော်လက်ထက် အင်္ဂလိပ်သံတော်ဆင့် သာသနာပြုဆရာ ယုဒသန်နှင့် ခင်မင်ရင်းနှီးခဲ့သလို အင်းဝသို့ ရောက်ရှိလာသည့် နိုင်ငံခြားသံတမန်များလည်း ဦးစကို လေးစားချစ်ခင်ကြသည်။

ဘကြီးတော် နန်းကျပြီး သာယာဝတီမြို့ (ရွှေဘိုမင်း)လက်ထက် နန်းမတော်မယ်နန်နှင့် စလင်းမင်းသားကြီးတို့ ဂိုဏ်းသားအဖြစ် ဦးစအား ရွှေဘိုနှင့် အကျဉ်းကြွင်းသမဂ္ဂဖောက်ရာတွင် ထောင်ဒဏ် (၂)နှစ် (၆)လ အပြစ်ချခဲ့သည်။

တိုခေတ်အဓိက သေဒဏ်၊ အဝေးပို့ဒဏ်၊ ပစ္စည်းသိမ်းဒဏ်၊ မောင်းကျော်ဒဏ်များအပြင် တောင်တွင်း၌ ထိတ်တုံးခတ်၊ တစ်ပေါက်ခြားခတ်၊ ခြေသလုံးရိုးကို ဝါးညှပ်၊ လက်မည်းကြားအပ်စိုက်၊ တုတ်ညှပ်၊ ကွဲစီး၊ ကြေမိုရိက်၊ ဝါးရင်းတုတ်ရိုက်စသော အပြစ်ဒဏ်များလည်း ရှိသေးသည်။

* * * * *

www.burmeseclassic.com

www.burmeseclassic.com

၁၈၈၅ ခုနှစ် မြန်မာတစ်ပြည်လုံးကိုလိုနီကျွန်ဖြစ်ပြီးနောက် အင်္ဂလိပ်တို့သည် မြန်မာမျိုးချစ်တော်လှန်သူများအား ဖမ်းဆီးချုပ်နှောင်ရန် ခရိုင်တစ်ခု ထောင် တစ်လုံးဆောက်၍ ထောင်(၃၅)လုံး ဆောက်ခဲ့ပါသည်။ အင်းစိန်ဗဟိုအကျဉ်း ထောင်ကို ၁၈၇၁ ခုနှစ်တွင် ဆောက် လုပ်ခဲ့ပြီး မြန်မာနိုင်ငံတွင် အကြီးဆုံး ထောင်ကြီးဖြစ်သည်။ ပုံစံအနေအထား အားဖြင့်လည်း အလွန်ထူးခြားသည်။

အခြား မြန်မာတပ်ပြည်လုံးဆောက် လုပ်ခဲ့သည့် ထောင်များလို မဟုတ်။ မတ်တပ်စံ သို့မဟုတ် ရေးဟောင်း တိုင် ကပ်နာရီပုံစံ ဖြစ်သည်။ အုပ်ချုပ်သူ အင်္ဂလိပ်အစိုးရသည် အိန္ဒိယတွင် ရက် စက်သော အတွေ့အကြုံများ များစွာရရှိ ထားသဖြင့် မြန်မာပြည်တွင် လက်တွေ့ ပြန်လည် အသုံးချခြင်းဖြစ်သည်။

၁၈၆၀ ခုနှစ်က အင်္ဂလိပ်တို့ အောက်မြန်မာနိုင်ငံအား သိမ်းပြီးစဖြစ်၍ သာယာဝတီခရိုင်အနေဖြင့် အခြားသော ခရိုင်များထက် ရာဇဝတ်မှုခင်းနည်းပါးလာ သည်။ သို့သော် ၁၈၈၀ ခုနှစ်သို့ရောက် သော် သာယာဝတီခရိုင်သည် အခြားခရိုင် များထက် ထူးကဲစွာ ရာဇဝတ်မှုခင်းများ ထိပ်ဆုံးသို့ ရောက်ခဲ့သည်။

၁၉၀၀ ပြည့်နှစ်မှ ၁၉၁၁ ခုနှစ် အထိ ရာဇဝတ်မှုခင်း(၁၀၀)ကျော်သို့ပင် ရောက်ရှိခဲ့ကြောင်း မှတ်တမ်းများရှိသည်။ အင်္ဂလိပ်တို့သည် ထောင်စည်းကမ်းဥပဒေ အရ အကျဉ်းထောင်များတွင် တရားဝင် ထားရှိနိုင်သော လူဦးရေမှာ ၁၅၀၀၀ ဟောက်သာမြှင့်သော်လည်း ရာဇဝတ်မှုခင်း တိုးတက်များပြားလာသဖြင့် အကျဉ်း ထောင်များကို တစ်ထောင်ပြီးတစ်ထောင် တိုးခဲ့တည်ဆောက်ခဲ့ခြင်း ဖြစ်ပေသည်။

ပထမ မန္တလေးနန်းပြိုရှိုးအတွင်းရှိ မန္တလေးဗဟိုအကျဉ်းထောင်ဟောင်းကြီး ကို ၁၈၈၆ ခုနှစ်၊ နိဝင်္ဘာလတွင် စတင် ဆောက်လုပ်ခဲ့သည်။ အင်္ဂလိပ်-မြန်မာ တတိယနှင့် နောက်ဆုံးစစ်ပွဲအပြီးတွင် မြန်မာနောက်ဆုံးဘုရင် သီပေါမင်းအား အိန္ဒိယသို့ ဖမ်းဆီးခေါ်ဆောင်သွားသည့် ၁၈၈၅ ခုနှစ်တွင် မြန်မာမျိုးချစ်တော်လှန်ရေး သမားများအား ဖမ်းဆီးပိုပိတ်ရန်အတွက် အမှုတမ်းပြင်းဆောက်လုပ်ခဲ့ခြင်း ဖြစ်သည်။

ထောင်ကြီးဆောက်လုပ်ရာ၌လည်း မြန်မာဘုရင်နှင့် မြန်မာတစ်မျိုးသားလုံးကို ဦးဖွန်းဦးကာ နံမိန်းသည့်အနေဖြင့် မန္တလေး နန်းတော်၊ ခြံရိုးအတွင်း အနောက် ပြောက်ထောင့်ရှိ မင်းတုန်းမင်းတရားကြီး၏ နွေရာသီအပန်းဖြေရာ မြေနန်းပြာသာဒ် တော်နှင့် လူအိုရုံအကြားတွင် မန္တလေး ဗဟိုအကျဉ်းထောင်ကြီးကို ကျောက်အုတ် ရိုးပြင့် အခိုင်အခဲ့ ဆောက်လုပ်ခဲ့ခြင်း ဖြစ် လေသည်။

မြန်မာဘုရင်များ လက်ထက်တော် အဓိက မန္တလေးနန်းတွင်း မြုနန်းစံကျော် ရွှေနန်းတော်အနောက်ဘက် ဘုတ်တ လုတ်ကန်အနီး၌ ကြေးကိုက်ခေါ် အကျဉ်း ထောင်ဟောင်း ရှိခဲ့သည်။ နန်းတွင်းရှိ ဆွေတော်မျိုးတော်မဟုတ်သည့် အခြား သူများကိုတော့ မန္တလေးနန်းတော်အရှေ့ ဘက် အောင်ပင်လယ် လက်မရှဲထောင် ကြီးတွင် ခွဲခြားချုပ်နှောင် ထောင်ချအပြစ် ပေးခဲ့သည်။

မင်းတုန်းမင်းတရားကြီး နတ်ရွာစံ ခါနီးတွင် မင်းညီမင်းသားများ နန်းလုကြ ရာ ဆင်ဖြူမရှင်မိဖုရားကြီးအဖိန်ဖြင့် မင်းညီမင်းသား (၄၀)ကျော်အား သတ် ဖြတ်ခဲ့သော နေရာလည်းဖြစ်သည်။ စံနန်း တော်နှင့်နီးသဖြင့် အော်သံဟစ်သံ၊ ဝိ ညည်းသံများ မကြားရလေအောင် သီပေါ မင်းနန်းသိမ်းအောင်ပွဲနှင့်ရောလျှ နန်းတွင်း ၌ ခြိမ့်ခြိမ့်သဲသဲပွဲခံပြီး ဆိုင်းသံ ဗုံသံ ဖုံးလွှမ်းနေသောအချိန်အခါ (၃)ညတိုင် တိုင် ရက်ကော်မှာ သတဲဖြတ်ခဲ့ခြင်း ဖြစ် ပေသည်။ ယနေ့အချိန်တိုင် ဘုတ်တလုတ် ရောက်နန်းတွင် ကြေးပုံကိုက်အဆောက် အဦတိုင်ပောင်းများ ငုတ်တိုအနေဖြင့် ကျန်ရှိနေပါသေးသည်။

အင်္ဂလိပ်အစိုးရလက်ထက်တွင် ယခင်ကြေးတိုက်မြေ ထောင်ဟောင်းအား အသုံးမပြုတော့ဘဲ လူများများဆန့်စေရန် နှင့် မြန်မာတရုတ် နွေရာသီစံနန်းတော်အား ဖျက်ဆီးပြီး နံမိန်းသဏ္ဌာန်ဖြင့် အကျဉ်း ထောင်ဆောက်လုပ်ခဲ့ခြင်း ဖြစ်လေသည်။

ထိုစဉ်အခါ အင်္ဂလိပ်အစိုးရလက် ထက်ကတည်းက ကမ္ဘီရကိစ္စများရှိသည် ဟုလည်း သိရှိရသည်။ နန်းပြိုရှိုးလေး ထောင့် မြေကြီးအတွင်း၌ မြှုပ်နှံထားခဲ့ သော ရာဝင်စဉ်ဆီအိုးကြီးများနှင့် အစိ အရင်းအမြှုးအားလည်း နတ်မယ်၊ ဖယ် ရှား၊ ဖျက်ဆီးခဲ့ကြသည်ဟု ဆိုသည်။

ရွှေဘိုမြို့နန်းတွင်း၌လည်း ဦးအောင် ဒေယျ၏ အောင်မြေအပေါ်တွင် အင်္ဂလိပ် တို့က နံမိန်း၍ မိန်းမဆောင်(ထောင်)အား ဆောက်လုပ်ခဲ့သေးသည်။ သို့သော် ထို မိန်းမဆောင်ပေါ်၌ ထားရှိသော အမျိုး သမီးအကျဉ်းသူများ ရူးသွပ်ခြင်း၊ ဝမ်း လျှောခြင်း၊ ဖျားနာခြင်း၊ သေဆုံးခြင်း စသဖြင့် အများအပြားဖြစ်ကြသဖြင့် အကျဉ်းသူများအား မထားရဲတော့ဘဲ အမျိုးသမီးထောင်ကျများအား ပြောင်းရွှေ့ ပြီး အဆောင်လွတ်အဖြစ်သာ ထားရှိ ခဲ့ရကြောင်း သိရှိရပါသည်။

နာ.ဝ.တ အစိုးရလက်ထက်တွင် ရွှေဘိုအကျဉ်းထောင်အား ဦးအောင်ဒေ

www.burmeseclassic.com

www.burmeseclassic.com

ယျ၏ အောင်မြေပေါ်မှ ဖယ်ရှားခဲ့ပြီး ရွှေဘိုအကျဉ်းထောင်သစ်ကို ရွှေဘိုမြို့အရှေ့ဘက် နှစ်မိုင် သုံးဖာလုံအကွာ ရွှေဘို-မြစ်ကြီးနား ကားလမ်း၏တောင်ဘက် ရွှေဘိုစိုရင်စု၊ မင်းကင်းရွာအနီး အကွက် အမှတ်(၂၇၅၃) အပေါ်တွင် ၁၅-၁၀-၉၃ ရက်နေ့တွင် စတင်ဆောက်လုပ်ခဲ့ရာ ၅-၅-၉၇ ရက်နေ့တွင် ဟည်ဆောက်ရေး လုပ်ငန်းများ ပြီးစီးသဖြင့် အကျဉ်းထောင်သား အချုပ်သားများအား ရွှေဘိုအကျဉ်းထောင်ဟောင်းကို ဖျက်သိမ်းပြီး ပြောင်းရွှေ့လက်ခံ ချုပ်နှောင်ခဲ့ပါသည်။

* * * * *

ထို့အတူ မန္တလေးမြို့ နန်းတွင်းရှိ ဗဟိုအကျဉ်းထောင်ကြီးကိုလည်း မြန်မာလူမျိုးတို့ အထွတ်အမြတ်ထားရာ နန်းမြို့ရိုးအတွင်း၌ မထားတော့ဘဲ နန်းမြို့ရိုးအပြင်သို့ ရွှေ့ပြောင်းတည်ဆောက်ရန် စီစဉ်ခဲ့ကြပါသည်။

မန္တလေးနန်းတွင်း အကျဉ်းထောင်ဟောင်းအကြောင်းကိုလည်း တင်ပြပါဦးမည်။ မန္တလေးဗဟိုအကျဉ်းထောင်ဟောင်းအား မန္တလေးနန်းမြို့ရိုး အနောက်မြောက်ထောင့် မန္တလေး-မတ္တရာသွား ရထားလမ်းအနီး မင်းတုန်းမင်းတရားကြီး၏ နွေရာသီစံနန်းတော်မြေနေရာအပေါ်တွင် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း အထက်တွင် ဖော်ပြခဲ့ပြီး ဖြစ်သည်။

မန္တလေးအကျဉ်းထောင်ဟောင်းအား ကျောက်အုတ်ရိုးဖြင့် အခိုင်အမာ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ဘူးဝတ်ခံးကြီးအပေါ်၌ အလယ်ထပ်တွင် တာဝန်ခံထောင်ပိုင်အိမ်နှင့် ညဦးဆောင်၊ အပေါ်ဆုံးထပ်တွင် ဂါတ်မကြီး(ဗဟိုကင်း)တို့ ရှိကြသည်။

အတွင်းလက်ဝဲတက် အုတ်ရိုးအနီးတွင် အမျိုးသမီးထောင်ကျဆောင်ရှိသည်။ အမျိုးသမီးထောင် အဝင်အထွက်တံခါးအား အုတ်ရိုးကိုဖောက်၍ ပြုလုပ်ထားသည်။ အမျိုးသမီးဆောင် အနောက်ဘက်တွင် အုတ်ရိုးကန့်လန့်က် အတွင်းတရားရုံးနှင့် အချုပ်ဆောင် (၁)၊ (၂)၊ (၃)တို့ တည်ရှိသည်။ အနောက်ဘက်တွင် ကုန်ကြမ်းဂိုဒေါင်နှင့် အတွင်းဝောင်ယာများ ရှိသည်။ အနောက်ဘက်စွန်းတွင် အလုပ်ကြီးဘက်ဝင်းနှင့် အလုပ်ရုံများရှိပါသည်။

ဘူးဝမှ အတွင်းအဝင် လက်ယာဘက်တွင် Main Jail ရုံးခန်းနှင့် ထမင်းချက်ပြုကြီး ထောင်ကျရုံးခန်းတို့ ရှိသည်။ ပြုကြီး၏ အနောက်ဘက်၌ ကြီးတိုက်ခန်းများရှိသည်။ ထိုတိုက်ခန်းများ အနောက်ဘက်ဝင်းမှာ အမျိုးသားထောင်ကျ အိပ်ဆောင်များ စနစ်တကျ တန်းစီပြီး တည်ရှိနေသည်။ အမျိုးသားထောင်ကျအိပ်ဆောင်မှာ နှစ်ထပ်အိပ်ဆောင်ဖြစ်သည်။

ထူးခြားသည်မှာ နှစ်ထပ်အိပ်ဆောင်များအား အိပ်ဆောင်အခန်းအမှတ် အပေါ်နှင့် အောက်ခန်းကို ပေါင်းလျှင် (၉)ဂဏန်းဖြစ်အောင် တည်ဆောက်ထားခြင်းဖြစ်သည်။ အပေါ်ထပ် လက်ယာဘက်အစွန်ခန်းမှာ အခန်းအမှတ်(၁)ဖြစ်၍ သူအောက်တည့်တည့်အောက်ခန်းမှာ အခန်းအမှတ်(၇) ဖြစ်သည်။

အပေါ်ခန်းနှင့် အောက်ခန်း နံပါတ်များအားပေါင်းပါက (၉)ဂဏန်းရရှိသည်။ ထို့အတူ အပေါ်(၂)ခန်းနှင့် အောက်(၇)ခန်းပေါင်းတော့လည်း (၉)ဂဏန်းရပြန်သည်။ အပေါ်ထပ် အခန်းမှတ်(၃)နှင့် အောက်တည့်တည့် အခန်းမှတ်(၉)နှင့် ပေါင်းပြန်တော့ (၉)ဂဏန်းပဲ ရပြန်ပါသည်။ နောက်ဆုံးအပေါ်ထပ် အခန်း(၉) နှင့် အောက်ထပ်အခန်း(၅)ပေါင်းတော့လည်း (၉)ဂဏန်းပဲ ရပြန်ပါသည်။ ကိုးနဝင်းကိုက်အောင် စီစဉ်ထားခြင်း ဖြစ်သည်ဟု အဆိုရှိသည်။

အမျိုးသမီး အချုပ်ဆောင်ကိုတော့ ဘူးဝကြီးတည့်တည့် ကားလမ်းခြား၍ အပြင်ဘက်၌ ဆောက်လုပ်ထားသည်။ အမျိုးသမီးအချုပ်ဆောင်မှာ ထောင်မကြီးနှင့် သီးခြားတည်အောက်ထားသဖြင့် အခြားထောင်များဖြင့် ခြားနားသော အချက်လည်း ဖြစ်နေပြန်သည်။

မန္တလေးနန်းတွင်းရှိ မန္တလေးဗဟို အကျဉ်းထောင်ကြီးမှာလည်း သမိုင်းဝင်ထောင်ကြီးပင် ဖြစ်သည်။ ထိုအချိန်က အင်္ဂလိပ်အစိုးရသည် ကိုလိုနီခေတ် သွေးခွဲအုပ်ချုပ်ရေးစနစ်အရ သူလက်အောက်ခံ ကိုလိုနီနိုင်ငံများအဖြစ် တည်ရှိနေခဲ့ကြသော အိန္ဒိယနှင့် မြန်မာနိုင်ငံတို့အား ခွဲခြားရေးစနစ်ဖြင့် အုပ်ချုပ်ခဲ့သည်။

အုပ်ချုပ်ရေးနှင့် သက်ဆိုင်သည့် ခေါင်းဆောင်များကို ပမ်းဆီးခဲ့ရာတွင် မြန်မာဘုရင် သီပေါမင်းနှင့် မင်းဆွေမင်းမျိုးတို့ကို အိန္ဒိယနိုင်ငံ၊ ရတနာဂိရိသို့ ပို့ဆောင်ခဲ့သည်။ တစ်ခါ အိန္ဒိယလွတ်လပ်ရေးခေါင်းဆောင်များဖြစ်ကြသည့် ဆူဘတ်ချန်ဒရာဗို့စ်နှင့် ထိလတ်စသော ခေါင်းဆောင်များကိုလည်း မန္တလေးနန်းတွင်း ထောင်ဟောင်းကြီးအတွင်းသို့ ပို့ဆောင်ချုပ်နှောင်ထားခဲ့ဖူးပါသည်။ ထို့ကြောင့်လည်း မန္တလေးနန်းတွင်းထောင်ဟောင်းကြီးအတွင်း၌ ထိလတ်ဆောင်ဟု ခေါ်တွင်သော အဆောင်တစ်ဆောင်လည်း သိမ်းခြားရှိခဲ့ဖူးပါသည်။

မန္တလေးဗဟို အကျဉ်းထောင်မှ ထောင်ဟောင်းနှင့် ထောင်သင်ဟူ၍ နှစ်သွယ်ရှိ မန္တလေးထောင်သစ်ဆီ သို့နှင့်

www.burmeseclassic.com

www.burmeseclassic.com

ကြောင်းကိုလည်း လေ့လာကြည့်မှ ပြီးပြည့်စုံပေလိမ့်မည်။ ၁၉၉၁ ခုနှစ်၊ နိဝင်ဘာလ ပထမပတ်အတွင်း၌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးမှ မန္တလေးတိုင်းဆောင်အုပ်စု ညွှန်ကြားရေးမှူးအား ခေါ်ယူ၍ မန္တလေးနန်းတွင်းရှိ ဗဟိုအကျဉ်းထောင်၌ အကျဉ်းသား၊ အချုပ်သားများ၊ မဦးရေ များပြားသဖြင့် မန္တလေးအကျဉ်းထောင်သစ်အား နန်းပြိုရှိုးအပြင်ဘက် သင့်လျော်ရာမြေရာတွင် ပြောင်းရွှေ့ဆောက်လုပ်ရန် ညွှန်ကြားပါသည်။

သို့ဖြစ်၍ မန္တလေးတိုင်း၊ ထောင်အုပ်စု ညွှန်ကြားရေးမှူးမှ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံသို့ ဆက်သွယ်တင်ပြခဲ့ပြီး ၁၁-ဂ-၁၉၉၂ ရက်နေ့တွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့်အတူ မန္တလေးတိုင်း ထောင်အုပ်စု ညွှန်ကြားရေးမှူး၊ မန္တလေးတိုင်း မြေစာရင်းဦးစီးမှူး၊ မန္တလေးဗဟိုအကျဉ်းထောင်တာဝန်ခံအရာရှိတို့ဖြင့် စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများ ကွင်းဆင်း၍ မြေနေရာ ရွေးချယ်ကြပါသည်။

(က) ရန်ကင်းတောင်အရှေ့ဘက် ရေတံခွန်တောင်ခြေရှိ မြေနေရာ။

(ခ) သခင်မတောင်အနီး ကြာနီကန်ကျေးရွာအနားရှိ မြေနေရာ။

(ဂ) မန္တလေးမြို့ မြောက်ပြင်အရပ် အိုးဘိုဘူတာ အနီးရှိ ခံကုန်းသချိုင်းဟောင်း၊ ဝီးသင်္ကြိုဟ်စက် မြေနေရာတို့ ဖြစ်သည်။

တိုင်းမှူးမှ အထက်တွင်ဖော်ပြခဲ့သည့် မြေနေရာ (၃)နေရာအနက်မှ ဗုဒ္ဓသိမ်ကြီးမြို့နယ် (ယခု အောင်မြေသာစံမြို့နယ်) အောင်ချမ်းသာကျေးရွာအုပ်စု၊ ပတ္တမြားတောရပ်ကွက်၊ ကွင်းအမှတ် (၄၄၅/၄၄၇)ရှိ ယခင် ခံကုန်းသချိုင်းဟောင်း မြေနေရာအပါအဝင် လယ်မြေများအား မန္တလေးဗဟိုအကျဉ်းထောင်သစ် ဆောက်လုပ်ရန် အတည်ပြုရွေးချယ်ခဲ့ပါသည်။

မန္တလေးဗဟိုအကျဉ်းထောင်သစ်မှာ မန္တလေးတိုင်း အောင်မြေသာစံမြို့နယ်၊ မန္တလေး-မတ္တရာ မီးရထားလမ်း၏ အရှေ့ဘက်တွင် ကပ်လျက်တည်ရှိပါသည်။ နယ်နိမိတ်အနေဖြင့် မြောက်ဘက်တွင် အောင်ချမ်းသာကျေးရွာနှင့် မြို့ပတ်ရထားလမ်းတောင်ဘက်တွင် ရှေကျင်ချောင်း၊ စည်သာလမ်းနှင့် တိုင်းရင်းဆေးတက္ကသိုလ်အရှေ့ဘက်တွင် ရှေကျင်ကျေးရွာနှင့် မန္တလေး-မတ္တရာကားလမ်း၊ အနောက်ဘက်တွင် အိုးဘိုဘူတာနှင့် ပတ္တမြားတောရပ်ကွက်၊ အိုးဘိုရပ်ကွက်၊ မန္တလေး-မတ္တရာ မီးရထားလမ်းတို့ တည်ရှိပါသည်။ မန္တလေးဗဟိုအကျဉ်းထောင်သစ်အား အိုးဘိုထောင်ဟု အလွယ်မှတ်စိစေရန် ခေါ်ဝေါ်ကြသည်။

မန္တလေးဗဟိုအကျဉ်းထောင်သစ်၏ ပုံသဏ္ဌာန်မှာ လေးကိုင်းသဏ္ဌာန်ပုံစံဖြစ်သည်။ ခေတ်သစ်ကာလတွင် နေဟင်းဆောက်ခြင်းဖြစ်သဖြင့် ယခင်အင်္ဂလိပ်ခေတ်က ထောင်ဟောင်းကြီးများဖြင့် မတူဘဲ ခေတ်မီသည်။ ထောင်သစ်ကြီးပုံစံမှာ အင်္ဂလိပ်အက္ခရာ (D)ပုံစံနှင့်လည်း တူသည်။

ဘူးဝအပေါ်တွင် အကျဉ်းထောင်တာဝန်ခံ အရာရှိနေအိမ်နှင့် ဗဟိုကင်းရှိပြီး အကျဉ်းထောင်အလယ်ဗဟိုလမ်းမှ လေးကိုင်းတွင် များတပ်ထားသကဲ့သို့ ဖြောင့်တန်းနေသည်။ ဗဟိုလမ်းမကြီး၏ လက်ယာဘက်အတွင်း ဘူးဝကြီးအနီး၌ ဗိုကြီးနှင့် ရေသန့်စက်ရုံ၊ အလွှားလိုက် အကွက်ချ၍ အုတ်ရိုးများကန့်ကာ သီးသန့်ဆောင်နှင့် တိုက်ခန်းများ၊ အမျိုးသား အိပ်ဆောင်အမှတ်(၃)နှင့် (၄) အဆောင်၊ (၂)အဆောင်တို့ ရှိကြပါသည်။ ဗဟိုလမ်းမကြီး လက်ဝဲဘက်၌ Main Jail ရုံးခန်းတည်ရှိပြီး အိပ်ဆောင်များက Main Jail နှင့် ဗိုကြီးကို ဝိုးတတ်ထားသည်။

Main Jail ၏ လက်ဝဲဘက် အုတ်ရိုးအနီးတွင် အမျိုးသမီးအိပ်ဆောင်ရှိပြီး အုတ်ရိုးကန့်လျက် Main Jail ကို ဦးတိုက်၍ ထောင်ဆေးရုံ၊ အလုပ်ကြီးဘက် အလုပ်ရုံများနှင့် အမျိုးသားအိပ်ဆောင်အမှတ်(၁)တို့ ရှိကြပါသည်။

မန္တလေးဗဟို အကျဉ်းထောင်သစ်၏ မြေနေရာအကျယ်အဝန်းမှာ ထောင်ပိုင်မြေရေယာ အကျယ်အဝန်းစုစုပေါင်း (၇၇ · ၁၀)ကေရှိပြီး အုတ်ရိုးအတွင်း ရေယာမှာ (၂၁ · ၃၁)ကေ ကျယ်ဝန်းပါသည်။ ထောင်ပြင်မြေရေယာမှာ (၅၅ · ၈၀)ကေ ရှိပါသည်။

ခေတ်သစ်ထောင်ဖြစ်သဖြင့် ရှေ့ပခဲ့ညားကျယ်ဝန်းကြီး ကျန်းမာရေးနှင့် သန့်ရှင်းရေးအတွက်လည်း ရေသန့်စနစ်၊ ရေဆိုးစနစ်၊ မိလ္လာစနစ်များလည်း အထူးကောင်းမွန်ပါသည်။ နန်းတွင်းအုတ်မြို့ရိုးအတွင်းမှ အကျဉ်းထောင်ဟောင်းထက် မြို့ပြင်ကျယ်ဝန်းသောနေရာတွင် တည်ရှိသဖြင့် လေကောင်းလေသန့်လည်း ရရှိပါသည်။

ထောင်မှူးကြီးသိန်းဝင်း

ဒို့ဌေမိုး

မြန်မာနိုင်ငံအကျဉ်းထောင်များ၏ နောက်ခံသမိုင်း (ထောင်မှူးကြီးသိန်းဝင်း)

www.burmeseclassic.com

www.burmeseclassic.com

မဖော်နိုင်သေးသော လူသတ်မှု အလောင်းပျောက်မှု



ယခု ရုပ်ပုံပါ ကနေဒါနိုင်ငံသူ တရုတ်အမျိုးသမီး **(တရုတ်-အင်္ဂလိပ်**ကန် ကပြားမလေး) အမည် **မဖော် မစ္စ(စ)--သည်** အမေရိကန်နိုင်ငံ၊ လော့(စ်) **အိန်ဂျလိ(စ်)သို့ ရောက်ရှိ**လာခဲ့ပြီး အဆိုပါ လော့(စ်) **အိန်ဂျလိ(စ်)** ဗဟိုတည်းခိုခန်းတွင် လွန်ခဲ့သော ၂၀-၁-၂၀၁၃ ရက်နေ့က ဝင်ရောက်တည်းခိုခဲ့ရာ ဇန်နဝါရီလ ၃၁ ရက်နေ့**အထိ သူမကို နောက်ဆုံး**တွေ့ရှိခဲ့ရပြီး နောက်ပိုင်း၌ **ပျောက်သွားခဲ့**သည်ဆိုသည်။ သက်ဆိုင်ရာမှ ရဲဌာန**သို့ အကြောင်းကြား**ခဲ့ရာ ရဲတပ်ဖွဲ့ရောက်ရှိလာခဲ့ပြီး **ယင်းအဆိုပါ တည်းခို**ခန်းဝန်ထမ်းများနှင့် **အတူ သူမ၏အလောင်း**ကို ပင်ပင်ပန်းပန်း ခက်ခဲစွာဖြင့် ရှာဖွေခဲ့ရာ နောက်ဆုံး၌ **ဖုံးကွယ်ခံခန်းအပေါ်ထပ်** အိမ်ဆောင်ခန်းပါရှိ ရေလောင်ကန်ထဲမှ သူမ၏ရုပ်အလောင်းကို ရှာဖွေတွေ့ရှိခဲ့ခြင်း၏။ သူမ၏ကိုယ်ခန္ဓာမှာ **မှတ်ပုံတင်၊** နိုင်ငံကူးလက်မှတ်များကို ရရှိသဖြင့် သူမ၏နာမည်မှာ မစ္စ(စ) Elisa Lam အသက်(၂၁)နှစ်ရှိ ဒေါ်ကိုဗာ (Vanconver) မြို့မှ ကျောင်းသူမလေး လန်ခိုဩဖြစ်သည် သိရသည်။ အမှုကို ရဲဘက်မှ ဆက်လက်စုံစမ်းအရေးယူလျက်ရှိ၏။

ကေတီအောင်သိန်း(ရန်ကုန်တက္ကသိ

Ref: C.S.T (Singapore), (21.2.2013), Page(26)

မလေးရှားနိုင်ငံ ကလေးခိုးကိုဏ်း အစုလိုက်အပြုံလိုက် လက်ရဖမ်းဆီးရမိခဲ့

မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့ကြီးပြကြီးအပါအဝင် ကျန်ဒေသ မြို့နယ်များကွင် ကလေးခိုးကိုဏ်းသည် ထကြွသောင်းကျန်းလျက်ရှိခဲ့သည်မှာ ကြာညောင်းခဲ့ပြီးဖြစ်ရာ အထူးသဖြင့် တောနယ်ဒေသ၊ ကျေးရွာမှ အသက်အရွယ် (၁)လ ကလေးပေါက်စအရွယ်မှစ၍ (၉)နှစ်အရွယ် သားယောကျ်ားကလေးကို ခိုးယူကြ၊ မြို့ကြီးပြကြီးသို့ တင်ပို့ကာ ထိုမှတစ်ဆင့် နိုင်ငံရပ်ခြားဒေသအသီးသီးသို့ ပြန်လည်တင်ပို့ရောင်းချလျက်ရှိ၏။ ကလေးများကို ဟင်းရွက်၊ ကန်စွန်းရွက် ကုန်ပစ္စည်းကဲ့သို့ သဘောထားကာ တင်ပို့ရောင်းချကိုယ်ကျိုးရှာခဲ့ကြ၏။ မလေးရှားရဲအထူးတပ်ဖွဲ့က လပေါင်းများစွာ စုံစမ်းထောက်လှမ်းချက်အရ မကြာသေးမီက ကလေးခိုးဂိုဏ်းအဖွဲ့ကို လှလှသားကောင်းစွာ အစုလိုက် အပြုံလိုက် ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည် ဆိုသည်။ ယင်းအဆိုပါကလေးသူခိုးဂိုဏ်းအဖွဲ့တွင် ကျားမအပါအဝင် အသက်(၂၇) နှစ်မှ (၅၃)နှစ်အထိ စုစုပေါင်း (၄၃)ဦးတို့ကို လက်ရဖမ်းဆီးမိခဲ့၏။

ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)

Ref: Sim Chew Daily (Malaysia), (23.2.2013), Page- Cover Story (Cover News)

www.burmeseclassic.com

www.burmeseclassic.com

ဗီးရထားကုန်ရုံများမှ ပစ္စည်းများယောကျာ်းဆုံးမှု

(မြသိန်း)

၁၉၄၇ ခုနှစ်အတွင်းက ဖြစ်သည်။ ချမ်းကုန်ပစ္စနိုတောင်ရှိ ဗီးရထားကုန်ရုံများမှ ကုန်ပစ္စည်းများ ပျောက်ဆုံးမှုများကို သက်ဆိုင်ရာပြုန်ယ် ရဲများအဖော်ထုတ်နိုင်သောကြောင့် ရန်ကုန်ဆိုင်ရဲမင်းကြီးက စုံထောက်မင်းကြီးကို အကူအညီတောင်းခံလာရာ စုံထောက်မင်းကြီးက ကျွန်ုပ်လောက်စံပျော်ကို အာဝန်ပေး၏။ (လွတ်လပ်ရေးအတွက် ကြေးပေးနေရိုးတွင် မြိတီသူအလိုတော်ရိများက နယ်ချဲ့လက်အောက်ခံ အမှုထမ်းများ (ထိုစဉ်က အသားမည်းဒန်ထမ်းများကများ၏) နှင့်ငပါင်းရှိ အရိုက်အလုပ်များကို လုပ်ကြ၏။

ကျွန်ုပ်သည် အဆိုပါ ဗီးရထားကုန်ရုံများသို့ သွားရောက်ထောက်လှမ်းရန် ထိုပြင်ကားများကို တစ်နှစ်စာ ငှါးရမ်းသည်ကိုတွေ့ရ၏။

ကျွန်ုပ် ထောက်လှမ်းမှု ပြုလုပ်နေသည့်ရက်သတ္တပက်တစ်ပတ်အတွင်း ယောကျာ်းဝတ်အင်္ကျီ တစ်ယောက်စာ၊ ပိန်းမဝတ်အင်္ကျီ အလိပ်ငါးလိပ်၊ ဝိတ်ဖြူစ သုံးလိပ်၊ အခိုးခံရသည်ဟု သိရ၏။

ဗီးရထားကုန်ရုံမှ ပစ္စည်းများကို ခိုးသူများကို ကျွန်ုပ်တစ်ယောက်တည်း ဖြင့် ဖမ်းရမ်းရန်ပုန် သိသောကြောင့် ကျွန်ုပ်သည် ပုဇွန်တောင်ရဲဌာနသို့သွား၍ သက်ဆိုင်ရာ အကြီးအကဲ(မြန်မာလူမျိုး)နှင့် သီးသန့်စကားပြော ကျွန်ုပ်အောင်ရွက်ပို့သော အစီအစဉ်ကို ပြောပြသည်။

သူက သဘောကူသည်။

"ခင်ဗျားဆီက သွက်လက်ချက်ချာနဲ့ မြန်မားရဲသားခြောက်ယောက်ကို ကျွန်တော်နဲ့ သုံးရက်လောက်တွဲဖက်ပေးပါ။

ကျွန်ုပ်ပြောသည့်ကို သူသဘောကျ၍ ထိုနေ့ ညနေပိုင်းတွင် ကျွန်ုပ်သည် ထိုမြန်မာရဲသားခြောက်ယောက်အား ကျွန်ုပ်ပြုလုပ်လိုသော အစီအစဉ်များကို ပြောပြသည်။ သူတို့သည် ကျွန်ုပ်ပြောသည်များကို အသေအချာမှတ်သားကြ၏။

နောက်တစ်နေ့တွင် သူတို့သည် ဗီးရထားကုန်ရုံများထဲမှ ပစ္စည်းများကို တင်လာသော ဗင်ကားခြောက်စီးနောက်သို့ တက္ကစီကားများဖြင့် အစေအဆုံးခြေရာခံလိုက်ကြ၏။

ထိုသုံးရက်အတွင်း၌ ကျွန်ုပ်သည် ရဲသားများထံမှရသော အစီရင်ခံစာများကို အသေးစိတ်ဖတ်ရှုပြီးနောက်၊ ရန်ကုန်မြေပုံကားချပ်ပေါ်၌ အဆိုပါ ဗင်ကားများ၏ ခရီးစဉ်များကို မှတ်သားခြင်း၊ ဗင်ကားများရပ်နားသည့် နေရာများကို မှတ်သားခြင်းများပြုလုပ်ရာ အခဲသဖွယ်ရာ အချက်တစ်ချက်ကို ကျွန်ုပ်တွေ့လိုက်ရသည်။

ဗင်ကားများအားလုံးသည် တာမွေမအုကုန်း လမ်းကျယ်ပေါ်၌ရှိသော ကားကားလက်ဖက်ရည်ဆိုင်နောက်ကွယ်

www.burmeseclassic.com

www.burmeseclassic.com

ရိုလမ်းကျဉ်းကလေးတွင် ရပ်နားလေ့ရှိကြောင်း တွေ့ရ၏။ လမ်းကျဉ်းကလေးတွင် ရပ်နားလေ့ရှိကြောင်းတွေ့ရ၏။

စတုပ္ပဒမြောက်နှစ်တွင် ကျွန်ုပ်သည် တပည့်တစ်ယောက်နှင့်အတူ အဆိုပါ ကာကာလက်ဖက်ရည်ဆိုင်သို့ သွား၍ ထောက်လှမ်းသည်။ ဆရာတပည့်နှစ်ယောက် သူ့မှင်းခွဲခြံထောက်လှမ်းကြသည်၊

ကာကာလက်ဖက်ရည်ဆိုင် ပိုင်ရှင်မှာ အင်ဒရူးဆိုသော **အင်္ဂလိပ်-ကုလား** ကပြားဖြစ်သည်။ သူသည် ကန်တော်ကလေး ×××× လမ်းတွင်နေပြီး ဆိုင်လာ ဖွင့်သူဖြစ်သည် (ထိုအချိန်က တာမွေအမှိုက်ပုံကြီး(ယခုမရှိတော့ပါ) ပတ်ဝန်ကျင်၌ လူသုံးကုန်-စားသုံးကုန် ပစ္စည်းမျိုးစုံရောင်းသော မောင်ခိုစျေးတန်းကြီးရှိ၏ ညဘက်တွင် အလွန်စည်ကား၏။

အင်ဒရူး၏ ကာကာလက်ဖက်ရည်ဆိုင် နောက်ကျောဘဲ ဂိုဒေါင်တစ်လုံးကို တွေ့ရ၏ ဂိုဒေါင်ကိုသွပ်ပြားများဖြင့် ခြံခတ်ထား၏။

မင်ကားများရောက်လာလျှင် မင်ကားထဲမှ ခိုးယူလာသော ပစ္စည်းများ (ထိုပစ္စည်းများမှာ ဂိုဒေါင်စာရေးများနှင့် မင်ကားမောင်းသူတို့ ပူးပေါင်း၍ ခိုးယူလာသော ပစ္စည်းများဖြစ်သည်။) ကို ဒိုင်ခံသယ်ယူပေးသော ကုလားမှာ အသက် ၂၀-နှစ်ခန့်ရှိ ခွပ်ပယားဆိုသော ကုလားဖြစ်သည်။

ခိုးယူလာသော ပစ္စည်းများကို ည(၇)နာရီလောက်မှ လက်ဖက်ရည်ဆိုင်နောက်ဖက်ရှိ အခန်းကျဉ်းလေးတွင် အရောင်းအဝယ်လုပ်လေ့ရှိ၏။

ကျွန်ုပ်သည် သူတို့၏ လှုပ်ရှားမှုများကို တပည့်ကျော်စံဝနှင့်အတူ ညမအိပ်ဘဲ ထောက်လှမ်းပြီးနောက်၊ **ရုန်းကုန်ရုန်းခင်းကြီးထဲသို့** တွေ့ရှိချက်များကို **အစီရင်ခံတင်ပြရာ** ရဲမင်းကြီးက-

"မင်းလုပ်ချင်တာပြော ငါကူညီမယ်"

ဟုပြောသောကြောင့် ကျွန်ုပ်သည် သူကို ကျွန်ုပ်ဆောင်ရွက်လိုသော အစီအစဉ်ကို တင်ပြလိုက်သည်။

ထိုနေ့ရာမှာ တာမွေရဲဌာနအဝိုင်ဖြစ်သောကြောင့် မင်းကြီးသည် တာမွေရဲဌာနမှူးကိုခေါ်၍ ကျွန်ုပ်အား ကူညီရန် ညွှန်ကြားလိုက်သည်။

နောက်တစ်နေ့တွင် ကျွန်ုပ်သည် အစီအစဉ်အတိုင်း အဖွဲ့နှစ်ဖွဲ့. ခွဲ၍ တစ်ဖွဲ့မှာ ပုဇွန်တောင်မီးရထားကုန်ရုံမှ မင်ကားများကို နောက်ယောင်ခံလိုက်စေပြီး၊ ကျွန်ုပ် ဦးဆောင်သောအဖွဲ့မှာ မင်ကားများ မအူကုန်းလမ်းကျယ် ကာကာလက်ဖက်ရည်ဆိုင် နောက်ဖက်လမ်းကျဉ်းတွင် ခိုးယူပစ္စည်းများလာရောင်းသောအခါ လက်ပူးလက်ကြပ် ဖမ်းရန်ဖြစ်သည်။

အတင်ရဲနေသော မီးရထားကုန်ရုံမှပစ္စည်းသူခိုးများကို ညနေ(၃)နာရီတွင် ဖမ်းဆီးရမိလိုက်သည်။

မင်ကားမောင်းသမား ခြောက်ယောက် မီးရထားကုန်ရုံမှ စာရေးနယောက်၊ ခိုးရာပါ ပစ္စည်းများကို လက်သယ်ယူသော ခွပ်ပယားအပါအဝင် စုစုပေါင်း (၉) ယောက်ကို သက်သေပစ္စည်းများနှင့်အတူ တာမွေရဲစခန်းသို့ ခေါ်ယူထားပြီး လူခွဲ၍ စစ်ဆေးမှုကို ပြုလုပ်သည်။

ကာကာ လက်ဖက်ရည်ဆိုင်ပိုင်ရှင် အင်ဒရူးပိုင် ဂိုဒေါင်ကိုလည်း ချိတ်ပိတ်လိုက်ပြီး အင်ဒရူးကိုလည်း တာမွေရဲစခန်းသို့ ခေါ်လာပြီးစစ်ဆေးသည်။

အင်ဒရူး၏ ဂိုဒေါင်ထဲတွင် ကုန်ပစ္စည်းမျိုးစုံကို သိုလှောင်ထားသည်ကို တွေ့ရ၏။ စင်များပေါ်တွင် ကုန်ပစ္စည်းများမှာ အထပ်လိုက်ရှိ၏။ အင်ဒရူးသည် မငြင်းကွယ်ဘဲ အမှန်အတိုင်းထွက်ဆိုသည်။

သူနှင့်အပေါင်းပါများ ဖြစ်ကြသော မီးရထားကုန်ရုံစာရေးနစ်ယောက်၊ မင်ကားမောင်းသမား ခြောက်ယောက်နှင့် ပစ္စည်းများသယ်ယူသူ စွပ်ပယားတို့ကို ခရိုင်တရားရုံးသို့တင်ပို့၍ တရားစွဲဆိုခဲ့သည်။ အင်ဒရူးနှင့် မီးရထားဂိုဒေါင်စာရေးနစ်ယောက်ကို ထောင်ဒဏ် (၅)နှစ်၊ မင်ကားမောင်းသူများကို ထောင်ဒဏ် (၃)နှစ်နှင့် စွပ်ပယားကို ထောင်ဒဏ် (၁)နှစ် ပြစ်ဒဏ်များ ချမှတ်လိုက်သည်။

(မြဿိန်

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ
မူတ်ပုံတင်ဥပဒေ
ပြဋ္ဌာန်းချက်ဥပဒေကျမ်း

ကောဇာအောင်သိန်း(ရန်ကုန်တက္ကသိုလ်)

မြန်မာနိုင်ငံ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေကို တော်လှန်ရေးကောင်စီလက်ထက်၊ ၁၉၆၂ ခုနှစ်တွင် ဥပဒေအမှတ် (၂၆)ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။

ယင်းဥပဒေ ပြစ်မှု၊ ပြစ်ဒဏ်များနှင့် ပတ်သက်၍ ၎င်းဥပဒေ အပိုင်း(၈)တွင် အတိအလင်း ဖော်ပြပြဋ္ဌာန်းထားရှိခဲ့ပါသည်။

ပုဒ်မ(၁၆)

မည်သူမဆို စာပုံနှိပ်စက် လက်ရှိထားသူက ပုံနှိပ်စက်ထားရှိကြောင်း ဝန်ခံချက်မပြုလုပ်၊ ပျက်ကွက်လျှင်သော်လည်းကောင်း ပုံနှိပ်ပြီးသော သတင်းစာ၊ စာအုပ်၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းများကို မြန်မာနိုင်ငံ ဗဟိုမှတ်ပုံတင်ဌာနသို့ အဖိုးအခ ခွဲတမ်းပေးအပ်ရန် ပျက်ကွက်လျှင်ဖော်လည်းကောင်း၊ (ထုတ်ဝေလျှင်ထုတ်ဝေချင်း ပေးပို့ရန် ပျက်ကွက်လျှင်) ထောင်ဒဏ် (၃)နှစ်အထိနှင့် ငွေဒဏ် ကျပ် ၂၀၀၀/- အထိ ကျခံပေးဆောင်ကြရပါမည်။

ပုဒ်မ(၁၇)

ယင်းဥပဒေ ပုဒ်မ(၆)အရ မှတ်ပုံတင်ဘဲ ပုံနှိပ်ထုတ်ဝေလျှင် ပြစ်မှုပြစ်ဒဏ်ကတော့ ထောင်ဒဏ် (၃)နှစ်အထိနှင့် ငွေဒဏ် ကျပ် ၂၀၀၀/- အထိ ကျခံပေးဆောင်ကြရပါမည်။

ပုဒ်မ(၁၈)

မဟုတ်မမှန် ဖော်ပြခြင်းကြောင့် ၎င်းပြစ်ဒဏ်မှာ ထောင်ဒဏ် (၃)နှစ်အထိနှင့် ငွေဒဏ် ကျပ် ၂၀၀၀/- အထိ ကျခံပေးဆောင်ကြရပါမည်။

www.burmeseclassic.com

www.burmeseclassic.com

ပုဒ်မ(၁၉)

မှတ်ပုံတင်သက်သေခံလက်မှတ် ရှုပ်သိမ်းခံရပြီးသည့် နောက်/ရှုပ်သိမ်းလိုက်နိုင်သည့်နောက် ပုံနှိပ်နှင့် ထုတ်ဝေလုပ်ငန်း ဆက်လက်၍ လုပ်ကိုင်လျှင် ပြစ်ဒဏ်သည်ကား ထောင်ဒဏ် (၃)နှစ်အထိနှင့် ငွေဒဏ် ကျပ် ၂၀၀၀/- အထိ ကျခံပေးဆောင်ကြရပါမည်။

ပုဒ်မ(၂၀)

ပုံနှိပ်နှင့် ထုတ်ဝေသူများ မှတ်ပုံတင်နည်းဥပဒေအပိုဒ်နှင့်ကို လိုက်နာခြင်း ပျက်ကွက်လျှင် ထောင်ဒဏ် (၃)နှစ်အထိနှင့် ငွေဒဏ် ကျပ် ၂၀၀၀/- အထိ ကျခံပေးဆောင်ကြရမည် ဖြစ်ပါသည်။

မှတ်ချက်

ယင်းဥပဒေပုဒ်မ ၁၆၊ ၁၇၊ ၁၈၊ ၁၉ နှင့် ၂၀ ကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရက ၁၉၉၉ ခုနှစ်၊ ဇွန်လ(၁၈)ရက်နေ့တွင် ဥပဒေအမှတ် (၁၆/၉၉) ဖြင့် အောက်တွင်ဖော်ပြထားသည့်အတိုင်း ပြင်ဆင်ပြဋ္ဌာန်းထားရှိခဲ့ပါသည်။

ဖြင့်ဆင်ချက်ဥပဒေ ပုဒ်မ(၂)(က)

(က) ပုဒ်မ ၁၆ နှင့် ပုဒ်မ ၁၈ တို့တွင် ပါဝင်သော (၃)နှစ်အထိထောင်ဒဏ် + ငွေဒဏ် ကျပ် ၂၀၀၀/- အယ်ခံအား ထောင်ဒဏ် (၆)လမှ (၃)နှစ်အထိ + ငွေဒဏ် ကျပ် ၂၀၀၀/- မှ ငွေဒဏ်ကျပ် ၂၀၀၀၀/- (ကျပ်နှစ်သောင်းအထိ) ပြင်ဆင်လိုက်သည်။

(ခ) ပုဒ်မ ၁၇၊ ပုဒ်မ ၁၉ နှင့် ပုဒ်မ ၂၀ တို့တွင် ပါရှိသော ထောင်ဒဏ် (၃)နှစ်အထိ + ငွေဒဏ် ကျပ် ၂၀၀၀/- အထိအစား ထောင်ဒဏ် (၁)နှစ်မှ ထောင်ဒဏ် (၃)နှစ်အထိ + ငွေဒဏ် ကျပ် ၂၀၀၀/- မှ ငွေဒဏ်ကျပ် ၃၀၀၀၀/- (ကျပ်သုံးသောင်းအထိ) ပြင်ဆင်လိုက်သည်။ (ပုံ/စောမောင်၊ နိုလဲ ချုပ်ကြီး၊ နဝတအဖွဲ့အစိုးရ) ဟူ၍ ပါရှိမပေသည်။

ယခုတစ်ဖန် ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်က အောက်တွင်ဖော်ပြသည့်အတိုင်း ပြင်ဆင်လိုက်ပြီး ယင်း ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြောင်းတစ်ရပ်ကို ခေတ်စဉ်ထုတ်သကဲ့သာတွင် ဖော်ပြကာ ပြည်သူများတဲမှ အမြင် ပြန်ကြားလိုရေးအတွက် တောင်းခံလျက်ရှိကြောင်း လေ့ပေးအပ်ရှိ ရပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်း (ပြင်ဆင်ချက်)

အခန်း(၄) ပြစ်မှုနှင့် ပြစ်ဒဏ်များ

ပုဒ်မ(၂၀)

မည်သူမဆို ပုဒ်မ ၁၆ နှင့် ၁၉ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ရုပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ် ကျပ်သိန်း(၅၀) မှ ကျပ်သိန်း(၁၀၀) အထိ ချမှတ်ရမည်။ အကယ်၍ ငွေဒဏ်မဆောင်နိုင်ပါက ထောင်ဒဏ် (၆)လအထိ ကျခံရမည်။

ပုဒ်မ(၂၁)

မည်သူမဆို ပုဒ်မ ၁၇ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား တွေ့ရှိစီရင်ခံရလျှင် ထိုသူကို ငွေဒဏ်ကျပ် (၁၀)သိန်း၊ ကျပ်သိန်း(၅၀)အထိ ချမှတ် ခြင်းခံကြရမည်။ အကယ်၍ ငွေဒဏ်မဆောင်နိုင်ပါက ထောင်ဒဏ် (၃)လအထိ ကျခံရမည်။

ပုဒ်မ(၂၂)

မည်သူမဆို ပုဒ်မ ၁၈ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားတွေ့ရှိစီရင်ခံရလျှင် ထိုသူကို ငွေဒဏ် ကျပ် (၁)သိန်းမှ ကျပ်(၃)သိန်းအထိ ချမှတ်ခြင်းခံကြရမည်။ အကယ်၍ ငွေဒဏ်မဆောင်နိုင်ပါက ထောင်ဒဏ် (၆)ရက်အထိ ကျခံရမည်ဖြစ်၏။

ကေဂီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)

Ref:

(၁) ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင် ဥပဒေ

(၂) ၁၉၈၉ ခုနှစ် နဝတအစိုးရအဖွဲ့၏ ပုံနှိပ်သူများနှင့် ထုတ်ဝေ သူများ မှတ်ပုံတင် ပြင်ဆင်သည့်ဥပဒေ

(၃) ၂၀၁၃ ပုံနှိပ်၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ ကြမ်း

www.burmeseclassic.com

www.burmeseclassic.com

အမှတွေပြေအေးစေမယ့် ဥပဒေအမေးအဖြေ

ဦးစောလိုင် [BA (HIST:) H.G.P, R.L]

အရှင်အိမ်ထောင်၏ မိဘအမွေကို နောက်အိမ်ထောင်မှ ကျွန်ရစ်သူက ဆက်ခံနိုင်သလား

ဆရာရှင့် ...

ကျွန်မခင်ပွန်းသည်ဟာ ကျွန်မနဲ့ စကားများရန်ဖြစ်ကြပြီဆိုရင် မြောက်ဥက္ကလာပကအိမ်မှာ သွားနေတတ်ပါတယ်။ ရက်အတန်ကြာလို့ စိတ်ဆိုးပြေသွားရင်တော့ လက်ရှိသားကောတကအိမ်ကို ပြန်လာတတ်ပါတယ်။ အဲဒီမြောက်ဥက္ကလာကအိမ်ရော၊ ယခုသားကောတက နှစ်ထပ်တိုက်ကော ကျွန်မမိဘတွေဆီက အမွေရထားတာတွေချည်း ဖြစ်ပါတယ်။

ဒီလိုနဲ့ လင်မယားရန်ဖြစ်တိုင်း မကြာခဏ မြောက်ဥက္ကလာအိမ်ကို ဆင်းသွားရာက တစ်ကြိမ်မှာတော့ တစ်ပတ်လည်း ပြန်မလာ၊ နှစ်ပတ်လည်း ပေါ်မလာ ဖြစ်နေတော့ ကျွန်မ မြောက်ဥက္ကလာအိမ်ကို လိုက်သွားမိတယ်။

အလို ... လက်စသတ်တော့ အဲဒီအိမ်မှာ မိန်းမတစ်ယောက်နဲ့အတူ ရှိနေတာကိုးရှင့်။ ဒါတရားရုံးရှေ့မှာ လက်ထပ်ယူထားတဲ့မိန်းမတဲ့။ ဥပဒေအရ နောက်မိန်းမယူပိုင်ခွင့်ရှိလို့ ကွာရှင်းလည်းမပေးနိုင်ဘူးလို့ လေသံမာမာနဲ့ ပြောတယ်။

ကဲ ... ဆရာ၊ ကျွန်မ ဘာများတတ်နိုင်ပါတော့မလဲ။ မနိုင်လို့ သည်းခံပြီး ခန္တီပါရမီလက်ကိုင်ခွဲပြီး စိတ်ပျက်လက်လျော့ပြီး ပြန်လာရတာပေါ့ရှင်။

ဟောရှင် ... တစ်နှစ်လောက်အကြာမှာ သတင်းဆိုးတစ်ခု မကျွော်လင့်ဘဲ ကြားလိုက်ရပါကောလား။ ကြည့် ... ။ ကျွန်မခင်ပွန်းသည် ဆုံးပြီတဲ့ရှင့်။ နှလုံးရောဂါနဲ့တဲ့။ ဟုတ်တယ်။ သူ့မှာ နှလုံးရောဂါအခံရှိတယ်ဆိုတာလေ။

အဲ ... ပြဿနာက ခင်ပွန်းသည်ဆုံးပြီးမှ စတာပါပဲရှင်။ တခြားတော့မဟုတ်ဘူး။ မြောက်ဥက္ကလာကအိမ်ကို နောက်ယူတဲ့မယားက သူပိုင်တယ်ဆိုပြီး သိမ်းပိုက်ထားတာပါပဲ။

ကဲ ... ဆရာရေ၊

ကျွန်မမှာ ခင်ပွန်းသည်လည်း အလုပ်ရတဲ့အပြင် မိဘဆီက အမွေရထားတဲ့ အိမ်ကို လက်လွတ်ဆုံးရှုံးရမယ့် မိုးအေးနှစ်ခါနာဂိန်း ဆိုက်နေပါပြီ။

ဒါကြောင့် ဒီပြဿနာကို ဥပဒေအရ ဘယ်လိုဆောင်ရွက်ရမယ်ဆိုတာ အကြံဉာဏ်ကောင်း ချီးမြှင့်ပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်ရှင့်။

ရိုသေလေးစားစွာဖြင့်
မခင်မာရီ
ဇမ္ဗူသီရိရပ်ကွက်၊ ၄ ရပ်ကွက်၊ သာကေတ။

မခင်မာရီခင်ဗျား ...

မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ အမွေခန်းမှာ လင်နဲ့မယား ပစ္စည်းခွဲတဲ့အခါ နိဿယနဲ့ နိဿိတ ပိုင်ဆိုင်မှုဆိုတာ ရှိပါတယ်။ ကိန်းဂဏန်းအရပြောရရင် နိဿယဆိုတာ သုံးပုံနှစ်ပုံ၊ နိဿိတက သုံးပုံတစ်ပုံကို ဆိုလိုတာပါ။

ဒါထက်ရှင်းအောင်ပြောရရင် ခင်ပွန်းမိဘဘက်က အမွေရရင် ခင်ပွန်းက သုံးပုံနှစ်ပုံ၊ ဇနီးက သုံးပုံတစ်ပုံ အကျိုးခံစားခွင့် ရှိပါတယ်။ အဲဒီအတိုင်းပဲ ဇနီးမိဘဘက်က အမွေရရင် ဇနီးက သုံးပုံနှစ်ပုံ၊ ခင်ပွန်းက သုံးပုံတစ်ပုံပေါ့ဗျာ။

ဒါတွေက လင်မယား ပျော်ရွှင်စွာ ပေါင်းသင်းနေထိုင်တဲ့အချိန်တွေမှာတော့ ဘာမှအကျိုးသက်ရောက်မှု မရှိကြပေမဲ့ စိတ်အခန့်မသင့်လို့ ကွဲမယ်၊ ကွာမယ်ဖြစ်လာတဲ့အချိန်မှာတော့ ဒီကိစ္စဟာ အသက်ဝင်လာပြီး အငြင်းပွားစရာ ဖြစ်လာတတ်ပါတယ်။

အခု မခင်မာရီရဲ့ ပြဿနာက ရှင်းရှင်းလေးပါ။

ခင်ပွန်းဖြစ်သူက သူ့သဘောနဲ့သူ အိမ်ပေါ်က ဆင်းသွားပြီး မခင်မာရီဘဘက်က အမွေရထားတဲ့ အိမ်မှာ နောက်

www.burmeseclassic.com

www.burmeseclassic.com

မိန်းမနဲ့ တက်နေတယ်။ တစ်နှစ်မပြည့်ခင် ခင်ပွန်းဆုံးတော့ နောက်မိန်းမက သူ့ယောကျ်ားအိမ်ဆိုပြီး အပိုင်စီးထားဖို့ ကြိစည်နေတယ်။

ဒီနေရာမှာ အရေးကြီးတာက မခင်မာရီနဲ့ ခင်ပွန်းဖြစ်သူတို့ ကွာရှင်းခြင်းမပြုရသေးတာ၊ နှစ်ဦးဝိုင်ပစ္စည်းတွေကိုလည်း နိဿယနဲ့ နိသီတာ မပြုလုပ်ရသေးပါဘူး။ ဒါကြောင့် မြောက်ဥက္ကလာကအိမ်ဟာ လင်မယားနှစ်ဦးဝိုင် ဖြစ်နေဆဲပါ။

ဆိုလိုတာက မြောက်ဥက္ကလာက အိမ်ဟာ မခင်မာရီရဲ့ မိဘများဘက်က အမွေရပစ္စည်း ဖြစ်တဲ့အပြင် လင်မယား ကွာရှင်းခြင်းမရှိလို့ အမွေလည်းမခွဲရသေးတာကြောင့် ကျော်ဥဒေအရ မခင်မာရီတစ်ဦးတည်းသာ ဝိုင်ဆိုင်ရမှာဖြစ်ကြောင်း ဖြေကြားလိုက်ပါတယ်။

××× ××× ×××

သားသမီးကို မိဘသဘောတစ်ခုတည်း အတင်းအိမ်ထောင်ချပေးလို့ ရသလား

ဆရာရှင့် ...

ပြောရမယ်ဆိုရင် ဒီနေ့ အိုင်တီခေတ်မှာ မပြုးဘဲနဲ့ ဝါးလုံးကွဲ ရယ်ရမယ့်အဖြစ်လားတော့ မသိဘူး။ မယုံကြည်နိုင် **လောက်အောင်ကို ခေတ်နောက်ကျနေပြီး ရှေ့ရှိုးဆန်လွန်းတဲ့ ကျွန်မမိဘတွေအကြောင်းပါဆရာ။**

ကျွန်မအစ်မက သူ့သုခငယ်ချင်းအချင်းချင်း ကတိကဝတ် ပြုထားခဲ့ကြတာ ရှိတယ်တဲ့။ သူတို့ဒီမိမိထောင်ကျလို့ သားသမီး ရလာရင် သားသမီးချင်းပေးစားကြဖို့တဲ့။ ခုဆို အနှစ်အစိတ် လောက်တောင် ကြာခဲ့ပါပြီ။

မကြာသေးခင်က အဖေသူငယ်ချင်းလင်မယားနှစ် ယောက် ရန်ကုန်ကို ဘုရားဖူးဆိုပြီး ရောက်လာတယ်။ သူတို့ရဲ့ **တစ်ဦးတည်းသောသားလည်း** ပါလာတယ်။ အဲဒါ သူတို့မပြုန် ခင် တစ်လက်စတည်း စေ့စပ်ထားခဲ့ချင်တယ်လို့ ပြောတယ်။ **ကျွန်မမိဘတွေလည်း သဘောတူတာနဲ့ နောက်တစ်နေ့မနက်မှာ အိမ်မှာပဲ လူကြီးစုံရာနဲ့ စေ့စပ်ပွဲလေး လုပ်ခဲ့ပါတော့တယ်။**

လူကြီးတွေက သူတို့ကတိအတိုင်း အကောင်အထည် ဖော်နိုင်လို့ ပျော်တပြုံးပြုံးနဲ့ ဝမ်းသာပီတိဖြစ်နေကိုက်မှာ ကျွန်မ တို့လူငယ်တွေမှာတော့ ဆုပ်လည်းစူး၊ စားလည်းရူး ဖြစ်အောင် အခက်အခဲကြုံနေရပါတယ်ဆရာ။

တကယ်တော့ ကျွန်မတို့နှစ်ယောက်မှာ လက်ထပ်ကြ ဖို့အထိ ကတိကိုယ်စီပေးထားတဲ့ ချစ်သူတွေ ရှိနေကြလို့ပါ။ ကျွန်မတို့ ရှေးရိုးဆန်လွန်းတဲ့ မိဘတွေရဲ့ ပြင်းပြတဲ့ **ဆန္ဒကို** လည်း မလွန်ဆန်နိုင်း ကိုယ်ချစ်ရတဲ့သူတွေကိုလည်း သစ္စာ မဖောက်နိုင်နဲ့ ၁၅၀၀ နဲ့ ၅၂၈ မေတ္တာ လောင်ချိုင့်ထဲမှာ ချ နောင်ခံနေရပါပြီ။

ဒါကြောင့် တရားဥပဒေပြဋ္ဌာန်းခွင့်တွေမှာရော ဒီ ပြဿနာမျိုးကို ဖြေရှင်းပေးနိုင်တဲ့ ဥပဒေပဒ္ဓိဘူးလား။ ရှိရင် အမြန်ဆုံး ဖြေကြားပေးဖို့ မေတ္တာရပ်ခံပါရစေဆရာရှင့်။

လေးစားစွာဖြင့်

တင်တင်ဦး

ဝိုလ်မျှော်လမ်း၊ မုံရွာမြို့

မတင်တင်ဦးခင်ဗျား ...

ကန်တော်ပက်ဇ္ဇာမဟုသတ်မှာ ''လူကြီးတွေက သဘော တူပေမဲ့ လူငယ်တွေကို မေးမြန်းလို့ ဆန္ဒမရှိရင် စေ့စပ်ကြောင်း လမ်းပွဲ ပျက်ပြယ်တယ်'' လို့ ဆိုပါတယ်။

ပါကာဏပက်ဇ္ဇာဓမ္မသတ်မှာလည်း ''နှစ်ဖက်မိဘများ က ထိမ်းပြားဖို့ သဘောတူပေမဲ့ ယောကျ်ားလေးနဲ့ မိန်းကလေး တို့ တစ်ဦးကိုတစ်ဦး မနှစ်သက် မစုံမက်ကြရင် လူကြီးတွေရဲ့ သဘောတူညီချက် ပျက်ပြယ်တယ်'' လို့ ဆိုထားတာ တွေ့ ရပါတယ်။

အလားတူပဲ မောင်ထိုက်နှင့် မည်ု-၂ ယူဘီအာ (၁၈၉၇-၁၁)၁၉၃၇ မှာလည်း ''**မိန်းမသည် အရွယ်ရောက်ပြီးသူ ဖြစ်ပေ၊ အရွယ်မရောက်ခင်းသူဖြစ်ခဲ့ ၎င်း၏ဘခွနကိုဆန့်ကျင် ပြီး မိဘများက ထိမ်းပြားလက်ထပ်မပေးနိုင်**'' လို့ ဝိုရင်ထုံးပြုထား ခဲ့ပါတယ်။

ဒီပြဿနာက အကောင်းဆုံးအကြံပြုချင်တာက မတင်တင်ဦးကို့နှစ်ယောက်ရဲ့ ချစ်သူကိုရော ကိုယ့်မိဘတွေကို အရင်ပြောကြည့်ဖို့ပါပဲ။ တစ်ဖက်လူမှာ ချစ်သူရှိနေလို့ လက် မထပ်နိုင်ဘူးဆိုတာပျိုးပေါ့။ ကိုယ့်မှာချစ်သူရှိနေတာကိုတော့ မလိုအပ်ရင် တည့်မပြောပါနဲ့။

ဒါမှလည်း လူကြီးချင်း ပြန်ညှိနိုင်းတဲ့အခါ သူကိုထား ခဲ့တဲ့ ကတိကို ယုံကြည်အားထားတဲ့ လူငယ်တွေကိုစွကြောင့်သား မလွဲမရှောင်သာ ဖြစ်ရတာပါဆိုပြီး စိတ်သွက်ပေါက် ရသွားကြ ပါလိမ့်မယ်ဗျာ။

အောင်မြင်ပါစေ

ဦးဇော်လှိုင် [B.A(Hist:) H.G.P.,R.L]

www.burmeseclassic.com

www.burmeseclassic.com

ရုရှားနိုင်ငံ ဆေးလိပ်မသောက်ရဉပဒေ တိတိကျကျလိုက်နာကြရန် ဆောင်ရွက်တော့မည်

ယခုအခါ ရုရှားနိုင်ငံတွင် လူ(၃) ယောက်လျှင် တစ်ယောက်ဆေးလိပ်သောက်လျက်ရှိရာ ရုရှားနိုင်ငံတစ်ပြည်လုံး၌ နှစ်စဉ် လူဦးရေ ၄၀၀,၀၀၀ ခန့်သည် ဆေးလိပ်သောက်ခြင်းနှင့် ပတ်သက်သော ရောဂါများဖြင့် သေဆုံးခဲ့ကြရ၏။ သို့ဖြစ်ရာ ရုရှားအစိုးရ စည်ပင်သာယာရုံးမှ အမိန့်တစ်ရပ် ထုတ်ပြန်၍ ယခု ၂၀၁၃ ခုနှစ်၊ ဖွန်လ(၁)ရက်နေ့မှစပြီး အများပြည်သူစုဝေးရာ ဟိုတယ်၊ ဘားဆိုင်၊ စားသောက်ဆိုင်၊ ပျော်ပွဲစားရုံများ၊ ကျောင်း၊ ဆေးရုံ၊ စျေး၊ ရုံး၊ လေဆိပ်၊ ရေဆိပ်၊ ဆိပ်ကမ်း၊ ဘူတာရုံ၊ လေဆိပ်၊ မြေအောက်မီးရထား၊ အားကစားကွင်းအစရှိသည့် ပြည်သူအများသွားလာစုဝေးရာ နေရာများတွင် ဆေးလိပ်မသောက်ကြရ။ ပျက်ကွက်လျှင် အပြစ်ပေးတော့မည်ဟု သတင်းရရှိသည်။ တစ်ဖန်ထပ်မံ သိရှိရသည်မှာ လာမည့် ၂၀၁၄ ခုနှစ်တွင်မူ ရုရှားတစ်နိုင်ငံလုံး၌ ယင်းဥပဒေကို လက်တွေ့အကောင်အထည်ဖော်နိုင်မည်ဟု ရည်မှန်းတွက်ချက်ထားသည် ဆိုသည်။ ဆေးလိပ်သောက်သူရော၊ ရောင်းသူပါ ပြင်းပြင်းထန်ထန် အရေးယူသွားမည်ဟု သိရ၏။

ကေတီအောင်သိန်း
(ရန်ကုန်တက္ကသိုလ်)

Ref:
C.S.T (Singapore), (27.1.2013), Page (21)

မလေးရှား အရေးပေါ် အမြန်တိုင်ချက်ဖွင့်ရန်ဌာန ဖွင့်လှစ်အသုံးပြုလျက်ရှိ

မလေးရှားနိုင်ငံ၊ စင်စန်းပြည်နယ်အတွင် ပြည်သူလူထုတို့အနေဖြင့် အရေးအခေါ်ချက်ချင်း အမြန်တိုင်ချက်ဖွင့်ရန်ဌာနကို လူစည်ကားရာ မြို့လယ်ကောင်တွင် ဖွင့်လှစ်ထားလျက်ရှိရာ မည်သူမဆို အရေးပေါ်လျှင် အရေးပေါ်သလို ခဲ့ဌာန၊ ခဲ့နေအသီးသီးသို့ မျက်ချင်းအမြန် တိုင်ကြားပွင့်နိုင်၊ အကြောင်းကြား သတင်းပို့နိုင်လေသည်။ အရေးပေါ်တိုင်ချက်ဖွင့်ရန်ဌာနအတွင်း၌ ဧလုတ်တစ်ခုကို နှိပ်လိုက်ခြင်းဖြင့် ခဲ့စခန်း၊ ခဲ့ဌာနအသီးသီးသို့ ဆက်သွယ်အကြောင်းကြားသတင်းပို့၊ အကူအညီတောင်းခံနိုင်၏။ မလေးရှားနိုင်ငံတော်အစိုးရက လွန်ခဲ့သော ၂၀၁၂ ခုနှစ်တွင် ၁၂,၀၀၀ ကျော်(ရင်းကျစ်)စိုက်ထုတ်ပံ့ပိုး၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

ကေတီအောင်သိန်း
(ရန်ကုန်တက္ကသိုလ်)

Ref:
C.S.T (Singapore), (11.2.2013), Page (33)

www.burmeseclassic.com

www.burmeseclassic.com

ကောင်းမှုကောင်းကျိုးပေး

မယုံနဲ့

www.burmeseclassic.com

www.burmeseclassic.com

ထောင်မှူးများအလိုရှိသည်

အပိုင်း(၇၆)

ဒီဒီးလုပ်စားနေကြသူများ

တူးတူးတို့ရေ ...

ဖျာပုံထောင်ဖွင့်တဲ့ကိစ္စ အောင်မြင်ကြောင်းဆုံးသွားတော့ အင်းစိန်ဂုံးချုပ်ထောက်ခွာနစုကို ပြန်ဝင်ရပြီး ထုံးစံအတိုင်း ဥပဒေအကြံပေးလုပ်ငန်းကို ဆက်လုပ်ရပြန်တာပေါ့ဗျာ။ ကိုယ်ဟာဝန်ထုတ်က 'ထောက်'ဌာနစုဆိုပေမဲ့ ဥပဒေအကြံပေးအဖွဲ့က ဒီအီး။ ပီအီးတွေနဲ့ပဲ အစဉ်နေကုန်နေတာ များတာယ်လေ။ အလုပ်က ဘယ်လောက်များလဲဆိုရင် အစိပ်ယူရေးထောမျိုးတောင် ရှိသေးသဗျ။

အလုပ်ကများသလားမမေးနဲ့။

ဒီအီးတစ်ဇာတ်လာရင် ပထမဆုံး ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေးဆောက်ခွဲစာအုပ်ပါ ပြဋ္ဌာန်းထားတဲ့ ဒီအီးအစ်ဆေးမှုပုံစံနဲ့ ညီညွတ်မှုရှိမရှိ စစ်ဆေးရတယ်။ ဒီအပိုင်းမှာတော့ ဒီအီးအားလုံးဆိုလို သတ်မှတ်ပုံစံနဲ့ ကိုက်ညီတတ်ကြပါတယ်။ မကိုက်ညီရင်တော့ ဒီအီးတန်ဖိုးသည်းခံနည်းလျော့နည်းတတ်တာပေါ့ဗျာ။

အဲဒီနောက်မှ ဒီအီးရဲ့သက်သေအားလုံး အစစ်ခံထွက်ဆိုချက်တွေကို ကဲ့ဆိုက်ခဲ့ အသေးစိတ်ဖတ်ရတယ်။ ပြီးမှ ဆွဲရှိချက်၊ သုံးသပ်ချက်၊ ထောက်ခံချက်တွေကို အသေးစိတ် ဖတ်ရပြီး သက်ဆိုင်ရာ ဆွဲချက်တွေနဲ့ သဟာအဟာဖြစ်မဖြစ်၊ တရားမျှတမှု ရှိမရှိ ပြဋ္ဌာန်းဥပဒေ၊ အကျဉ်းထောင်လက်စွဲဥပဒေတွေနဲ့ ညီညွတ်မှု ရှိမရှိ သုံးသပ်စစ်ဆေးရတယ်။

အားလုံးပြီးမှ ဥပဒေအကြံပေးအဖွဲ့ရဲ့ တွေ့ရှိချက်၊ သုံးသပ်ချက်၊ ထောက်ခံချက်တွေကို သီးခြားရေးသားရတယ်။ **အဲဒီရေးသားချက်တွေကို အစည်းအဝေးနေ့မှာ ဥပဒေအကြံပေးအဖွဲ့ ဥက္ကဋ္ဌဆီမှာ ဖတ်ကြားတင်သွင်းပြရတာယ်။** ဒီတင်ပြချက်ကို ကျန်အဖွဲ့ဝင်တွေက သင့်၊ မသင့် ဝေဖန်သုံးသပ်ကြရတယ်။ နောက်ဆုံးမှ အဖွဲ့ဥက္ကဋ္ဌရဲ့ အဟည်ပြုမှုကိုနဲ့ ဝန်ထမ်းရေးရာအစည်းအဝေးကို တင်ပြရတယ်။

ညွှန်ကြားရေးမှူးချုပ်နဲ့ သက်ဆိုင်ရာ ထောင်အုပ်စုညွှန်ကြားရေးမှူးတွေ ပါဝင်တဲ့ ဝန်ထမ်းရေးရာအစည်းအဝေးမှာ ဖတ်ကြားတင်ပြချက်တွေကို အလေးအားနာယူကြတယ်။ နောက်ဆုံးမှာ အားလုံးရဲ့သဘောတူ ထောက်ခံချက်အရ ညွှန်ချုပ်က ဆုံးဖြတ်အတည်ပြုမှုပေါက်တော့တယ်။

ဒီဝန်ထမ်းရေးရာ ဆုံးဖြတ်ချက်ဟာ **တစ်ခါတစ်ရံ ဒီအီးအဖွဲ့ရဲ့ ဆုံးဖြတ်ချက်အတိုင်း ဖြစ်ချင်ဖြစ်တတ်သလို** ဥပဒေအကြံပေးအဖွဲ့ရဲ့ ထောက်ခံချက်နဲ့ ထပ်တူညီမှု ဖြစ်တတ်တယ်ဗျ။ အဲ ... တချို့ဆုံးဖြတ်ချက်တွေကျတော့ ဒီအီးနဲ့လည်း မတူ၊ ဥပဒေအကြံပေးအဖွဲ့နဲ့လည်း မတူဘဲ တသီးတခြားဆုံးဖြတ်ချက်မျိုးလဲ ဖြစ်နေတတ်သဗျ။

ဘယ်လိုပဲဖြစ်ဖြစ် အကျဉ်းဦးစီးဌာနရဲ့ အာဏာပါဝါအကြီးဆုံး အုပ်စုညွှန်ကြားရေးမှူးတွေနဲ့ ညွှန်ကြားရေးမှူးချုပ်တို့ကိုယ်တိုင် အပြန်ပြန်အလှန်လှန် ဝေဖန်ထောက်ရှု စဉ်းစားသုံးသပ်ပြီးမှ ဆုံးဖြတ်ထားတဲ့ကြောင့် ဆိုတော့လည်း သာနာညီမျှမှု၊ တရားမျှတမှု ရှိမှာက အသေအချာပါပဲ။ ဒါပေမဲ့ စည်းကမ်းစည်းမျဉ်းအရေးမှာ အင်မတန်မှ တိကျတင်းကျပ်မှုမရှိသလို ပုံသေသတ်မှတ်ချက်တွေလဲ မရှိတော့ဘဲ ဒီဒီးလုပ်စားသူတွေအတွက် **အရေးခဲယဉ်းတဲ့ ဘစ်ဖက်ဖက်ကို မသိမသာ ဘက်လိုက်ပိုနေမှာတော့ မြေတာပဲလေ။**

အရေးကိုယ်တိုင်ဌာနဝန်ထမ်းရေးရာမှာ ရဲဖန်ရဲခါဆိုသလို **အမှုကြီးတစ်ခုကို** ဝေဖန်သုံးသပ်ကြရာမှာ ညွှန်မှူးအချင်းချင်း သဘောထားချင်း ကွဲလွဲကြရတတ်သဗျ။ ဒီကိစ္စဟာ တရားမျှတမှုတက် သူ့လွှဲကိုယ့်လွှဲ ဘက်လိုက်တဲ့အသွင် ဆောင်နေတယ်ဆိုတာကို ညွှန်ချုပ်ကြီးက ကောင်းကောင်းချိပ်မိတယ်။ ဒါကြောင့် အမှားလက်ခံနိုင်မယ့် ဆုံးဖြတ်ချက် ချပေးလိုက်တယ်။ ဒါဟာ ဌာနတိုင်းရာ အကြီးအကဲပြစ်တဲ့ ညွှန်ချုပ်ကြီးရဲ့ ဘစ်ချက်လွတ်အပိုင်လုပ်ဆောင်

www.burmeseclassic.com

www.burmeseclassic.com

ဆိုနိုင်ပါတယ်။ ဘယ်ညွှန်ပြူးမှ စောဒက မတက်ခဲ့ကြတော့တဲ့ အတည်ပြုလိုက်ရုံပဲလေ။ ဘာလို့ စောဒကမတက်ခဲ့ကြလဲ ဆိုတော့ ညွှန်ချုပ်ကြီးက မူပါဒကို ကိုင်ထားတာမို့လို့ပဲ။ အဲဒီမူပါဒကို သွားထိလို့ ကတော့ 'မဲစာတောင်ခြေ၊ စီးထွေးသွေတည်' ဖြစ်သွားနိုင်တာပေါ့ဗျာ။

အဲ ... တစ်ခုတော့ ရှိသပေါ့ဗျာ။ ညွှန်ချုပ်ကြီးရဲ့ အတည်ပြုလိုက်တဲ့ ဆုံးဖြတ်ချက်က အတွေ့နောမတ်မပါဘဲ အကတိတရားလေးပါး ကင်းမှဲ့ဖို့တော့ လိုသေး သပေါ့ဗျာ။

တူးတူးတို့ရေ ...

ဒီအီးဆိုလို့ ရှေးခေတ်ထောင်ပိုင်ကြီးတွေဆီက သက်ကြီးစား သက်ငယ်ကြားလာတဲ့ အစဉ်အသား အမှတ်ရစရာလေးတစ်ခု တွေးမိသဗျ။ ထောင်ပိုင်ကြီး တစ်ယောက်ပေါ့ဗျာ။ နာမည်တော့မပြောတော့ပါဘူး။ သူဒီအီးဥက္ကဋ္ဌအဖြစ် တာဝန်ကျတဲ့အခါတိုင်း သူ့အိမ်သူ့သက်ထားထောင်ပိုင်ကြီးကတော်ကို ခေါ်သွားလေ့ရှိသတဲ့။

သူ့စည်းမျဉ်းအရဆို ဒီအီးဥက္ကဋ္ဌရယ်၊ အဖွဲ့ဝင်(၁)ရယ်၊ အဖွဲ့ဝင်(၂)ရယ် စုစုပေါင်းသုံးယောက်ပဲ ခွင့်ပြုထားတာ မဟုတ်လား။ အဲ ... တစ်ခါတစ်ရံ လက်နှိပ်စက်ရိုက်ဖို့ ဝန်ထမ်းတစ်ယောက်ပေါ့လေ။ ဒါလောက်ပဲ သွားကြတာ ထုံးစံပါပဲ။

ခုတော့ အဲဒီထောင်ပိုင်ကြီးက ဇနီးသည်ပါ ခေါ်လာတော့ ဒီအီးအစစ်ခံရမယ့် ထောင်က အရာရှိတွေ အပိုအလုပ်ရှုပ်ကုန်ကြတာပေါ့ဗျာ။ အမှန်ဆို အိမ်ရှင် ထောင်ပိုင်အနေနဲ့ ဒီအီးအဖွဲ့သုံးယောက်ကို ထောင်ဧည့်ရိပ်သာမှာ နေရာချထားပေးလိုက်ရုံနဲ့ ပြီးတဲ့ကိစ္စပဲဟာ။

ခုဟာက အရွယ်လွန်မှ ဟန်းနီးမွန်းထွက်လာကြတဲ့ ထောင်ပိုင်လင်မယားအတွက် အိပ်ခန်းသီးသန့်စီစဉ်ပေးရတဲ့ ဒုက္ခက ပိုလာတယ်။ ဒါတင်မကသေးဘူး။ အရာရှိတွေ တစ်နေကုန် ဒီအီးစစ်ဆေးနေတဲ့အချိန်မှာ တစ်ယောက်တည်း ပျင်းကျန်ရစ်ခဲ့တဲ့ ဧည့်သည်ထောင်ပိုင်ကတော်ကို အိမ်ရှင်ထောင်ပိုင်ကတော်က ကိုယ်တိုင် စားစရာအစုံအလင်နဲ့ လာပြီး ဧည့်ခံရတာပေါ့ဗျာ။ ပြောကြတဲ့စကား တွေက ခေတ်ဆန်ရောက်တောရောက်ဆိုပေမဲ့ ဧည့်သည်ထောင်ပိုင်ကတော်ပြောသမျှ 'ကောင်းပါတယ်'၊ 'မှန်ပါတယ်'၊ 'ဟုတ်ကဲ့'၊ အစ်မချင်းပီးပွန်အောင် ပြောပေးရတာဗျို့။ ဒါကလည်း သူ့ခင်ပွန်းသည် အစစ်ဆေးခံနေတဲ့အမှု သက်သာလို့ သက်သာငြားပေါ့လေ။

ဒီအီးအဖွဲ့တွေကလည်း အိမ်ရှင်ရဲ့ ပြုမူဆက်ဆံတာတွေကိုပါ အချက်တစ်ခုအနေနဲ့ ထည့်သွင်းသုံးသပ်ကြတတ်တာကလည်း အစဉ်အလာလို ဖြစ်နေတာ မဟုတ်လားဗျာ။

"ဒီမြို့မှာ ဘာပစ္စည်းတွေ ပေါလဲရှင့်"

ဟော ... ဧည့်သည်ကတော်က သူ့မှူလရည်မှန်းချက်ကို အမှတ်တမဲ့လိုလို နဲ့မေးပြီ။ သည်ယုန်မြင်လို့ သည်ချုံထွင်မှန်းသိနေတဲ့ အိမ်ရှင်ကတော်ကလည်း အပြုံးမပျက်တဲ့ ...။

"ဒီမှာက နယ်စပ်မြို့ဆိုတော့ ထိုင်းကဝင်လာတဲ့ အထည်အလိပ်တွေ ပေါတာပေါ့ အစ်မ"

အိမ်ရှင်ကတော်က ဧည့်သည်ကတော်ရဲ့ ရင်ထဲ၊ အသည်းထဲကို ဖောက်ထွင်းမြင်နေရသလို ရေလာမြောင်းပေးစကားကို လိုက်တယ်။

ဧည့်သည်ကတော် မျက်နှာဝင်းခနဲ တောက်ပြောင်သွားပြီး ဟန်ပင်မဆောင်နိုင်တော့တဲ့ ...

"ဟုတ်လား။ ဒါဆို အဲဒါတွေ ဘယ်မှာရှိလဲဟင်"

ဧည့်သည်ကတော်က အလောတကြီး မေးလိုက်တယ်။

"မြို့မစျေးထဲမှာ ရှိတယ်အစ်မ"

"အင်း ... ဒါဆို သွားကြည့်ကြ ရင် ကောင်းမလား"

"ကောင်းပါတယ် အစ်မ"

ဒီလိုနဲ့ နှစ်ယောက်သား မြို့မလေ ထဲ အနှံ့ရောက်သွားကြပါလေရော ဧည့်သည်ကတော်ခမျာ တစ်သက်နဲ့တစ် ကိုယ် တစ်ကြိမ်တစ်ခါမှ မမြင်ဖူးတ ပစ္စည်းအသစ်အဆန်းတွေကို နဖူးတွေ့ ဒူးတွေ့ မြင်လိုက်ရသလို မျက်လုံးပြူးကြီ နဲ့ တအံ့တသြ လိုက်ကြည့်နေပါရဲ့။

ပြီးတော့ ဟိုပစ္စည်းလည်းလိုချင် ဒီပစ္စည်းလည်းအရမ်းကြိုက်လို့ လက်ည် တဝိုးကိုးနဲ့ဗျ။ လက်ရှိခင်ပွန်းဖြစ်သူ အမှုကြီးကို တာဝန်ယူစစ်ဆေးနေ ဒီအီးဥက္ကဋ္ဌရဲ့ကတော် ဖြစ်နေတော့လည် အိမ်ရှင်ကတော်က သူလက်ညှိုးထိုးသ မလစ်ဟင်းရအောင် စိတ်ကျေနပ်အော တနင့်တပိုးကြီး ဝယ်ပေးရတာပေါ့လေ

ဒီပစ္စည်းကိစ္စက ဧည့်သည်ကထော မှာတင် ပြီးမသွားသေးဘူး။ လိုအပ် ဝန်ထမ်းသက်သေ၊ အကျဉ်းသားသ သေတွေ စစ်ဆေးပြီးလို့ ပြန်ခါနီးကျ အိမ်ရှင်ထောင်ပိုင်ကိုယ်တိုင် ဒီအီးဥက္ နဲ့ အဖွဲ့ဝင်သုံးယောက်အတွက် လ ဆောင်ပစ္စည်းအသီးသီး ပေးရသေးသ ပြီးတော့ သူတို့အမှုကို သက်သက်သ သာ လုပ်ပေးပါမည့်အကြောင်း ဦ မတော် အနှုးအညွတ်တောင်းပန်ရသေ တယ်လေ ...။

ဒီအီးဥက္ကဋ္ဌက တစ်ချက်ပြုံးပြပြီး

"စိတ်အေးအေးသက်သာနေ ထောင်ပိုင်ကြီး။ ကျွန်တော်တို့တတ်နိ သမျှ ဆောင်ရွက်ပေးပါ့မယ်"

ဒီလိုဆိုပြန်တော့လည်း အိမ် ထောင်ပိုင်ကြီးရင်ထဲ ပီတိတော့ဖြစ်မိ ဗျ။ ဒါပေမဲ့ သူလည်း ဒီအီးတွေအများ စစ်ဆေးခဲ့ရတဲ့သူဆိုတော့ အခါခြအနေ

www.burmeseclassic.com

www.burmeseclassic.com

ကောင်းကောင်းသိနေတယ်လေ။

သူလက်ရှိအစစ်ဆေးခံရတဲ့ အမှု က လာဘ်ပေးလာဘ်ယူကိစ္စ တိုင်ကြားခံ ရတာဖြစ်ပြီး ထောက်ခံထွက်ဆိုတဲ့ ဝန် ထမ်းနဲ့ အကျဉ်းသားသက်သေတွေ ရှိနေ တယ်။ ဒါတင်မကသေးဘူး။ မကြာသေး ခင်က အကျဉ်းသားနှစ်ယောက် ထောင် အုတ်ရိုးကျော်ပြေးလွှတ်ခြောက်ပွဲကလည်း ထင်ရှားပေါ်လွင်နေတော့လည်း သူ့ အခြေအနေ သူတွက်ဆပြီး စိတ်မအေး နိုင် ဖြစ်နေတာပေါ့။

အဲ ... နောက်ဆုံး ဆုံးဖြတ်ချက် ကျလာတဲ့အဓိန့်က "မယုံမနေရ ပင်စင် ပေးလိုက်သည်" တဲ့ဗျ။

တူးတူးတို့ရေ ...

အဲလို ရှေးခေတ်ထောင်ပိုင်ကြီး အကြောင်းထက် ပိုပြီးအံ့သြစရာကောင်း တဲ့ ပုဂ္ဂိုလ်ထူးတစ်ယောက် ရှိသေးသဗျ။ အဲဒါက တခြားမဟုတ်ဘူး။ ကိုယ်တို့ တူးတူးအဖွဲ့ဝင် ထောင်ပိုင်တစ်ယောက်ပဲ ဗျ။ အဲဒီတုန်းက သူက မန္တလေးဗဟို အကျဉ်းထောင်ကြီးမှာ သင်တန်းကျောင်း အုပ်တာဝန် ယူထားရတာပေါ့ဗျာ။

သိကြတဲ့အတိုင်း သင်တန်းကျောင်း ဆိုတာမျိုးက ခြောက်တီးခြောက်ချက်နှင့် ဘာမှရပေါက်ရလမ်းမရှိတဲ့နေရာ မဟုတ် လားဗျာ။ နေ့ဖြည့်စာ မှန်မှန်စားရဖို့တောင် မနည်းရုန်းကန်နေရတဲ့ အခြေအနေလေ။

အဲဒီထောင်ပိုင်မှာက ဇနီးရယ်၊ အရွယ်ရောက်နေတဲ့ သားနဲ့ သမီးရယ် အားလုံး မိသားစုလေးယောက်ရှိတယ် ဗျာ။ အဲ ... သူ့နာမည်ကိုတော့ မဖော် ပြတော့ပါဘူး။ တော်ကြာ မရှိတဲ့သိက္ခာ တွေ ကျနေပါဦးမယ် ... ဟဲ .. ဟဲ။

ကိုယ်ဘာဖြစ်လို့ ဒီလောက်တောင် အမှတ်တင်နေရသလဲဆိုရင် အဲဒီလူ ဒီအီး ဥက္ကဋ္ဌတာဝန် အပေးခံရပြီဆိုရင် သက် ဆိုင်ရာထောင်ကို သူများတကာလို တစ် ယောက်တည်းမသွားဘဲ မိသားစုလေး ယောက်လုံး တခမ်းတနား ထွက်တော်မူ ကြတာကလား။

အဲဒါနဲ့ပတ်သက်ပြီး ကိုယ်အင်းစိန် ဗဟိုထောင်ကြီးမှာ တာဝန်ထမ်းဆောင် ခဲ့စဉ် ဖြစ်ရပ်တစ်ခုကို အမှတ်ရမိသဗျ။ အဲဒီတုန်းက ထောင်ပိုင်ကြီးက မစ္စတာ ဘီမဂ္ဂနန်။ ထောင်ပိုင်လေးက ဦးကြည်၊ ထောင်မှူးကြီးနှစ်ယောက်က ဦးတင်ရွှေ နဲ့ ဦးစောလွင်ဗျ။ သူတို့နှစ်ယောက်က သင်တန်းတစ်တစ်ဦးတည်းဆင်းတွေလေ။

တာဝန်အရ ဦးတင်ရွှေက စီမံအုပ် ချုပ်ရေးတာဝန်ခံ၊ ဦးစောလွင်က အလုပ် ကြီးဘက်တာဝန်ခံ။ ပြောရရင် သူတို့နှစ် ယောက်က မတည့်ကြဘူး။ တစ်ယောက် နဲ့တစ်ယောက် ငေါ့နေသစ်နေ၊ တိုက်နေ ခိုက်နေကြတာ။

တစ်နေ့ မနက်ပိုင်း ဘူးဝထောင်ပိုင် ကြီးရုံးထဲ ကိုယ်ရှိနေတုန်း ထောင်မှူးကြီး ဦးစောလွင် ရုတ်တရက် ဝင်လာတယ်။ ထောင်ပိုင်လေးခေါ်ထားလို့ပါ။ သူ့မျက်နှာ ကတော့ ထုံးစံအတိုင်း သုန်သုန်မှန်မှန်ပါပဲ။

"ဦးစောလွင်"

ထောင်ပိုင်လေးကခေါ်တယ်။

"ဟုတ်ကဲ့ဆရာ"

"ခင်ဗျား ပဲခူးထောင်ပြောင်းရလိမ့် မယ်"

"ဗျာ .. ဆရာ၊ တကယ်လားဟင်"

"တကယ်ပေါ့ဗျ"

စောစောက လင်ပုပ်ဖမ်းသလို ဖြစ် နေတဲ့ ဦးစောလွင်ရဲ့မျက်နှာကြီးဟာ ကမ္ဘာ ဦးလူများ နေလကိုမြင်လိုက်ရသလို သူ့ ပါးစပ်ပြဲကြီး နားရွက်တက်ဆိုတော့မတတ် ရွှင်လန်းဝမ်းမြောက်သွားပါလေရော။

သူက စားပွဲပေါ်က တယ်လီဖုန်း ကို ကောက်ကိုင်ပြီး ထောင်ဝင်းထဲမှာရှိ တဲ့ သူ့အိမ်လိုင်းခွဲကို အိတ်ချိန်းကတစ် ဆင့် လှမ်းတောင်းလိုက်ရတယ်။

ဖုန်းရတယ်ဆိုတာနဲ့ ...

"မိန်းမရေ ... ကိုယ်တို့ ပဲခူး ထောင်ပြောင်းရမယ်တဲ့။ ပွတာပဲ" လို့ ပြောလိုက်သတဲ့ဗျာ။

တူးတူးတို့ရေ ...

ခုလည်း ကိုယ်တို့တူးတူးအဖွဲ့ဝင် ထောင်ပိုင်ကြီး ဒီအီးဥက္ကဋ္ဌဖြစ်တိုင်း မိသားစုအလိုက် အိမ်ရှင်ထောင်ပိုင်ဆီမှာ (ဒီအီးဥက္ကဋ္ဌအာဏာနဲ့) စားကောင်း သောက်ဖွယ်တွေ မျိုလိုက်ဆို့လိုက်၊ ဟို ဘုရား ဒီဘုရား အထင်ကရနေရာတွေ ပို့ခိုင်းလိုက်၊ အထည်ဆန်း၊ ပစ္စည်းဆန်း တွေ လိုချင်တာမှန်သမျှ ဝယ်ခိုင်းလိုက် နဲ့ 'တကယ့်လိုတရ'တဲ့ တိုင်းပြည်ကို ရောက်နေတာ မဟုတ်လား။

အဲဒါကြောင့်မို့ ဒီထောင်ပိုင်က လည်း အင်းစိန်ဗဟိုထောင်က ထောင်မှူး ကြီး ဦးစောလွင်လိုမျှား ပြောလေမလား မသိဘူး။

"မိန်းမရေ ... တို့တော့ပွပေါက် ဒီအီးတစ်ခု တိုးပြန်ပြီဟေ့"

ဒီနေရာမှာ ကိုယ်တို့ဝန်ထမ်းတွေ ပညာရှိ သတိဖြစ်ခဲ့ မဖြစ်ဧရာဇ်တာတစ်ခု ရှိသဗျ။ အမှန်တော့ ဒီအီးဆိုတာ ကိုယ် တို့ဝန်ထမ်းအချင်းချင်း အပြန်ပြန်အလှန် လှန် တာဝန်အရ စစ်ဆေးကြရတာဗျ။ သူအမှုဖြစ် ကိုယ်စစ်၊ ကိုယ်အမှုဖြစ် သူ စစ် သဘောပဲလေ။

အဲဒီမှာ တချို့ဒီအီးဥက္ကဋ္ဌက ကိုယ် အာဏာရှိတာကို အခွင့်ကောင်းယူပြီး တစ်ဖက်ဝန်ထမ်းတွေကို ကြိုးလေးတဲ့ ပြစ်ဒဏ်တွေ ပေးစစ်လိုက်တယ်။ ခံရတဲ့ လူတက်ကတော့ 'နေသေးသပဲ'။ ချိသွေး တမြမြ ပေါ့ဗျာ။ အဲ ... သူ့အလှည့်ကြုံ တာနဲ့ တစ်သက်တာ နာလန်မထူနိုင် အောင် နှိပ်ကွပ်စစ်လိုက်တော့တာပေါ့။ ဝန်ထမ်းတွေ သတိပြုဖွယ်ပါပဲ။

အဲ ... အရေးကြီးတာက ဒီအီးမှန် သမျှ အပြစ်ဒဏ်ပေးရမယ်ဆိုတဲ့ မဟာ မူဝါဒကို ကိုင်ထားတဲ့ "ဒီအီးဖော်မုန်း" လို မကျွင်ကြိမိဖို့တော့ လိုသပေါ့ဗျာ။

(ဆက်လက်ဖော်ပြပါမည်။)

ဗဟို(စာ)

www.burmeseclassic.com

www.burmeseclassic.com

မားမှန်ကျောင်းထွေး

အမှန် ရွေးနိုင်ပါစေ

စလင်း - ဦးအောင်သိန်း

"မောင်မိုးရေ မင်းကို ရွှေနေ ပေါက်စဘဝက အတွေ့အကြုံလေး ဖောက်သည်ချဦးမယ်"

"ကောင်းကားပေါ့ ဦးစလင်းရာ၊ လူဆိုတာ ငယ်ရာက ကြိုးလာကြတာပဲ မဟုတ်လား။ ရွှေနေလည်း ပေါက်စ ဘဝက တဖြည်းဖြည်း အတွေ့အကြုံရင့်လာ၊ နောက် ဝါရင့်မှုန်နဲကြီး ဖြစ်ပေါ့ ဒါ ဓမ္မတာပဲဟာ"

"အင်း မောင်မိုးဒဿတွေက တယ်ကောင်းကိုးကွ"

"ဦးစလင်းနဲ့ ပေါင်းနေတာပဲဟာ ဒီလောက်တော့ရှိရမှာပေါ့ ဟဲ ဟဲ"

"အဖြစ်အပျက်က ဒီလိုကွ"

"မြင်မြင်ချင်းပဲ ချစ်မိတယ် × × မြင်မြင်ချင်းပဲ ကြိုက်မိတယ် × × စေတနာ မောင့်အပေါ်ထားလို့ ပို့မေ မေတ္တာရှိလှတယ် × × ရေစက်ဟောင်း ဆုတောင်းပြည့်လို့ထင်တယ် × × ဒီ ဘဝမှာပဲတကယ် ပို့မေ မေတ္တာရှိလှတယ် × × ×

"သင်းသင်း နှင် ငါ့ကို ဟောင်းဆို နေတာမဟုတ်လား"

"ဟုတ်ပါလိမ့်မယ် အားကြီး"

"ဘာ ဟုတ်ပါလိမ့်မယ်လည်း ဒီမှာ ငါပဲရှိတဲ့ဟာကို"

"သေလိုက်"

သင်းသင်းဆုံးသည့် သီချင်းတစ်ပိုင်း တစ်စသာရှိသေးသည်။ ညွှန့်မောင် လုပ်စလိုက်သဖြင့် သီချင်းဆိုရပ်သွား သည်။ သင်းသင်း၊ ညွှန့်မောင်ဟို့သည် နိုက်ဦးဖြိုနယ်၊ အင်းသင်ကျေးရွာ ဇာတိများဖြစ်ကြသည်။ ကျောင်းပညာ မူလတန်း တန်းဆုံးရံသာ တက်ခဲ့ကြ သည်။ အလယ်တန်း တက်လိုလျှင် ဖောင်တော်သီသို့ သွားတက်ရမည်။ အနှည်းဆုံး သုံးလေးနှိုင်ခရီးရှိသည်။ ဒီအနွေးအေး ပညာသင်အားမပေးတော့

www.burmeseclassic.com

www.burmeseclassic.com

မူလတန်းပညာရေးနှင့် အဆုံးသတ်လိုက်ကြရသည်။

ရွာမြောက်ဘက် ချောင်ရိုးစပ်တွင် ညွန့်မောင်က မြက်ရိတ်၊ သင်းသင်းက ဟင်းသီးဟင်းရွက်ခူးရင်း ဆုံတွေ့ကြခြင်း ဖြစ်သည်။

"သင်းသင်း နင် ရှမ်းစုဘုရားပွဲမှာ ပြင်ထားလိုက်တာ၊ ကွမ်းတောင်ကိုင်ကျနေတာပဲ၊ နင်ဝတ်တဲ့ အင်္ကျီနဲ့ ထဘီက နင်နဲ့ တကယ်လိုက်တယ်"

"အို ကိုညွန့်မောင်ကလဲ"

သင်းသင်း ရှက်သွားသည်။

"နင်နဲ့ တကယ်လိုက်လို့ လိုက်တယ်ပြောတာ၊ တောင်ပိုင်းက အဝင်းတို့ထက်တောင် ပိုလှနေသေးတယ်"

ရွာတောင်ပိုင်းက အဝင်း၏ အလှသည် ရွာနီးချုပ်စပ်မှာတော့ နာမည်ကျော်သည်။ မိဘများ ချမ်းသာတော့ ဝတ်နိုင်စားနိုင်ကြသည်။ အဝင်းကလည်း နာမည်နဲ့လိုက်အောင် အသားအရည်က ဝင်းပဂိုပြည်သည်။ ပြည့်ပြိုးသော ခန္ဓာကိုယ်အချိုးအစား။ အနည်းငယ်သွယ်သော မျက်နှာ၊ တောက်ပသောမျက်လုံးတို့က ဆွဲဆောင်မှုအပြည့် ရှိနေသည်။ ထို့ကြောင့်လည်း ကာလသားများ ပိုင်းပိုင်းလည်နေခြင်းဖြစ်သည်။

"ကိုညွန့်မောင် ကျွန်မအတွက် မြက်နည်းနည်းရိတ်ပေးပါလား။ အိမ်မှာ နွားစာမရှိလို့"

"ရပါတယ် နည်းနည်းမဟုတ်ဘူး နင် နိုင်သလောက်ရွက်၊ ငါရိတ်ပေးမယ်"

အပြန်တွင် ညွန့်မောင်က မြက်ထမ်း သင်းသင်းကခွက်၊ အတူတကွ ပြန်ကြလေသည်။ ညွန့်မောင်တို့က ဆင်းရဲသည်။ လယ်ပိုင် ယာပိုင်မရှိ။ လူတွားခေါ်ယူင် လူတွားလိုက်သည်။ ထွန်ဂွားခေါ် တွန်ဂွား၊ လှည်းတွားခေါ်လှည်းတွား ကြုံရာလုပ်ရသည်။

သင်းသင်းတို့က အခြေတစ်ခု၊ သမီးတစ်ခု၊ အိမ်ဆိုင်လေး ဖွင့်ထားသည်။ နှိစားနွားမတစ်ကောင် မွေးထားသည်။ ယောကျ်ားသားမရှိ၍ ခိုင်းနွားမထား။ လယ်ကိုတော့ သီးစားချသည်။ ညွန့်မောင်တို့နှင့် ယှဉ်လျှင် စီးပွားရေးအဆင့်ပြေသည်ဟု ဆိုနိုင်သည်။ သက်ငယ်မိုး၊ အိမ်ပြင် စသည့် ယောကျ်ားသားများလုပ်ရသော အလုပ်မျိုးရှိတိုင်း ညွန့်မောင်သာ ဒိုင်ခံလုပ်ပေးရသည်။

ညွန့်မောင်က သင်းသင်းကို မေတ္တာရှိနေသည်။ အနွံအတာခံခြင်း၊ စိတ်ကောင်းရှိခြင်း၊ အတွေ့အမြင်များခြင်းတို့ကြောင့် ကြာတော့ သင်းသင်း စိတ်ပိုင်လာတော့သည်။

"ဒိုက်ဦးသွား ဈေးဝယ်မယ့်အစား ပဲခူးသွားပါလား၊ ပဲခူးက ဖောက်သည်ယူရင် ဈေးသက်သာတယ်"

"သင်းသင်းမှ မသွားတတ်တာ"

"ပဲခူးမှာ ဘာမသွားတတ်ရမှာလဲ၊ ငါလည်းလိုက်မယ်"

သင်းသင်းတို့ အိမ်ဆိုင်လေး အတွက် ဈေးဝယ်တိုင်း ညွန့်မောင်ပါနေရသည်။ ရံဖန်ရံခါ ညွန့်မောင်တစ်ယောက်တည်း သွားဝယ်ပေးရသည်။ ရက်မှသည်လား၊ လမှသည် နှစ်သို့ကူးပြောင်းလာသည်။ အခြံနှံကြေးသာသည် နှင့်အမျှ သင်းသင်းတို့ ဆက်ဆံရေးက ရင်းနှီးပွင့်လင်းလာသည်။ အဲဒီလိုနဲ့ နောက်ဆုံး မရလာပွဲကျင်းပ လက်ထပ်လိုက်ကြသည်။

"ဒါ အဆန်းပဟုတ်ပါဘူး ဦးစလင်းရာ ရိုးနေပါပြီ"

"ဆန်းတာလည်း ပြောမှာပေါ့၊ မောင်မိုးရာ လက်ထပ်ပြီး ညွန့်မောင်က သင်းသင်းတို့အိမ် လိုက်နေတယ်"

"ဒီလိုဆို အားလုံး အဆင်ပြေသွားတာပေါ့"

"မပြေလို့ ဆန်းတယ်ပြောတာပေါ့"

"ဟုတ်ကဲ့ ဦးစလင်း၊ ရှင်းပြပါဦး"

"သင်းသင်းရဲ့အမေ ညွန့်မောင်ယောကျ်မကြီးက ညွန့်မောင်ဟာ သူ့အိမ်မှာ စားဝတ်နေရေး မပြေလည်တော့ ထဘီနားခိုပြီး လာကပ်နေတာပေါ့လို့ လူတွေ့ကိုင်း ပြောနေသတဲ့ ညွန့်မောင်မိဘတွေ အဲဒီစကား တဆင့်ကြားတော့ ခမည်းခမက်တွေ အဆင်မပြေကြတော့ဘူး၊ ညွန့်မောင်လည်း ယောကျ်မအိမ်က ဆင်းရတော့တာပေါ့"

"ဒီလိုဆိုတော့ ညွန့်မောင် ယောကျ်မကြီးက လွန်တာပေါ့"

"လွန်တာတော့ မပြောနဲ့၊ ညွန့်မောင်ကိုတောင် တရားစွဲသေးတာ"

www.burmeseclassic.com

www.burmeseclassic.com

"ဗျာ တရားခွဲတယ်၊ ဟုတ်လား"

"သင်းသင်းကို တရားလိုလုပ်ခိုင်း လိမ်လည်ပြီး ကာမရေယူတယ်ဆိုတဲ့ ပုဒ်မနဲ့ပေါ့"

"ဖြစ်ရလေ တကယ်ဆိုးတဲ့ အဘွားကြီးပဲ"

"ဒါ ထားလိုက်တော့ နောက်မှ ဆက်ပြောမယ်၊ ဖီစီရင်ထုံး ဖတ်ကြည့် စမ်းပါဦး"

ပြည်ထောင်စု မြန်မာနိုင်ငံတော် တရားရုံးချုပ် တရားစီရင်ထုံးများမှ မောင်အောင်နိုင်ထွန်းနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ပါ-၂ (၂၀၀၈ ခုနှစ်၊ စာမျက်နှာ-၁၂၈)အမှုကို ဖတ်ရန်ပေးလိုက်ပါသည်။

ကန့်ဘလူမြို့နယ် တရားရုံးက တရားခံအောင်နိုင်ထွန်းအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၄၁၇ အရ အလုပ်နှင့်ထောင်ဒဏ ၆ လ ချမှတ်သည်။ စစ်ကိုင်းတိုင်းတရားရုံး၊ တရားရုံးချုပ် (မန္တလေး)တို့က မြို့နယ်ရုံး၏ အဓိန့်ကို အတည်ပြုသည်။ အထူးအယူခံဝင် ရောက်သော အမှုဖြစ်သည်။

အယူခံတရားလို၏ ရှေ့နေက အောင်နိုင်ထွန်းသည် မသွဲ့သွဲ့ဝင်းနှင့် တရားရုံးတွင် လက်ထပ်စာချုပ် ချုပ်ဆိုခြင်း၊ ကျေးရွာတွင် အခမ်းအနားဖြင့် မင်္ဂလာဆောင်၍ လက်ထပ်ခြင်းလည်း ပြုခဲ့ကြောင်း၊ ထိုမင်္ဂလာပွဲ၌ ကျေးရွာခလေ့ ကန်တော့ကြေးငွေ အနည်းအများတွင် အငြင်းပွားကြပြီး နှစ်ဘက်မိဘ မသင့်ဖြစ်ခဲ့ကြောင်း၊ အတူနေထိုင်ပေါင်းသင်းခဲ့ရာမှ တစ်လခန့်အကြာတွင် လင်မယားချင်း အဆင်မပြေသဖြင့် တရားလို မသွဲ့သွဲ့ဝင်းက နေအိမ်မှ မိဘအိမ်သို့ ဆင်းသွားပြီးနောက်ပိုင်း မပေါင်းသင်းတော့ကြောင်း၊ အောင်နိုင်ထွန်းက မယားခေါ်လိုမှု လျော့နည်းသွားပြီး မသွဲ့သွဲ့ဝင်းက လင်မယားကွာရှင်း ပြတ်စဲလိုမှုနှင့် နစ်နာကြေးရလိုမှုစွဲဆိုကြောင်း၊ လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းမှုမပြုခြင်းသည် လင်မယားအကြား ပေါ်ပေါက်သော ကိစ္စသာလျှင်ဖြစ်ပြီး ပြစ်မှုမြောက်သော ကိစ္စဟု သတ်မှတ်ခြင်း၊ ဆုံးဖြတ်ခြင်း မပြုသင့်ကြောင်း၊ ကန့်ဘလူမြို့နယ် တရားရုံး၏ ပြစ်မှုပုဒ်မ-၄၁၇ အရ ပြစ်မှုထင်ရှား စီရင်သည့်အဓိန့်နှင့် ထိုအဓိန့်ကို အတည်ပြုခဲ့သည့် စစ်ကိုင်းတိုင်းတရားရုံး၏ အဓိန့်၊ တရားရုံးချုပ် (မန္တလေး)၏ အဓိန့်များကို ပယ်ဖျက်ကာ အမှုမှ အပြီးအပြတ် လွှတ်သင့်ကြောင်း လျှောက်လဲသည်။

မသွဲ့သွဲ့ဝင်း၏ ရှေ့နေက အောင်နိုင်ထွန်းသည် မသွဲ့သွဲ့ဝင်းအား ခိုးပြေးခဲ့စဉ်က မိမိတို့ ရပ်ရွာလေ့အတိုင်း မိန်းကလေးမိဘများကို ပြောဆိုပြီး မိရာဖရာကန်တော့ လက်ထပ်ပွဲကျင်းပကာ ရိုးမြေကျပေါင်းသင်းမည်ဟု အကြိမ်ကြိမ် ကတိပြုခဲ့ကြောင်း၊ ဝါဆိုလပြည့်နေ့တွင် လက်ထပ်ပွဲကျင်းပရာ၌ မိန်းကလေးမိဘများကို မိရာဖရာအနေဖြင့် ပင့်ဖိတ်ခြင်း၊ ကန်တော့ခြင်း မပြုခဲ့ကြောင်း၊ မိန်းကလေးဘက်မှ ငွေကျပ် သုံးသိန်းနှင့် ကန်တော့ပွဲ ရှစ်ပွဲတောင်းခံကြောင်း အကြောင်းပြသော်လည်း ယောကျ်ားလေးအိမ်၌ပင် မင်္ဂလာပွဲကျင်းပကာ မိန်းကလေးမိဘများကို ပင့်ဖိတ်ခြင်း၊ ကန်တော့ခြင်း မပြုခြင်းသည်ပင် ခိုးပြေးပဉ္စကာတည်းက ထိုသို့ဆောင်ရွက်ပေးရန် ရည်ရွယ်ချက်မရှိဘဲ မိန်းကလေးအား ပေါင်းသင်းခွင့်ရအောင် လှည့်ဖြား၍ အကြောင်လင်မယားအဖြစ်သို့ ရောက်ရှိအောင် ဆောင်ရွက်ခြင်းသည် လိမ်လည်လှည့်ဖြား၍ လင်မယားအရာရောက်အောင် ပြုလုပ်ခြင်းဖြစ်၍ ကန့်ဘလူမြို့နယ် တရားရုံး၏ ပြစ်ဒဏ်စီရင်ချက်နှင့် စစ်ကိုင်းတိုင်းတရားရုံး၊ တရားရုံးချုပ် (မန္တလေး)တို့၏ အဓိန့်များကို အတည်ပြုသင့်ကြောင်း လျှောက်လဲသည်။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သည့် ရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးက အောင်နိုင်ထွန်းနှင့် မသွဲ့သွဲ့ဝင်းတို့သည် ကန့်ဘလူမြို့နယ် တရားသူကြီး၏ရှေ့မှောက်တွင် လက်ထပ်ခြင်း၊ အောင်နိုင်ထွန်း၏ မိဘများနေအိမ်တွင် လက်ထပ်ဆောင်းပြီး မင်္ဂလာအခမ်းအနား

www.burmeseclassic.com

www.burmeseclassic.com

ပြုလုပ်ခဲ့သော်လည်း မသွဲ့သွဲ့ဝင်း၏ စီမံချက်များကျေနပ်အောင် ရပ်ရွာဓလေ့ထုံးတမ်းနှင့်အညီ တောင်းရမ်းလက်ထပ်ဆောင်ရွက်မပေးခဲ့ခြင်း၊ နစ်ဖက်ညှိနှိုင်းမရဖယ်ခြင်း၊ လက်ထပ်ခဲ့ခြင်း တစ်ခုခုသော ကြည့်ရှုဆုံးဖြတ်ရန်မဟုတ်ဘဲ အောင်နိုင်ထွန်းသည် မသွဲ့သွဲ့ဝင်းထံမှ **ကာမရယူစဉ်က လိမ်လည်လှည့်ဖြား**ရယူပြီးမှ အမှန်တကယ်ပေါင်းသင်းရန် ဆန္ဒမရှိ၍သာလျှင် ပေါင်းသင်းခြင်းဖြစ်ပြီး ပစ်ပယ်ထားခဲ့ကြောင်း မသွဲ့သွဲ့ဝင်း၏ ကိုယ်စိတ် ဂုဏ်သရေ ထိခိုက်နစ်နာစေသည့်အတွက် ပြစ်မှုတင်ရွှားစီရင်သည့် မူလရုံးအဓိန်နှင့် ယင်းအဓိန်ကို အတည်ပြုသည့် တရားရုံး အဆင့်ဆင့်၏ အဓိန်တို့သည် ဥပဒေနှင့်ညီညွတ်နေပါကြောင်း အထူးအယူခံအား ပလပ်သင့်ကြောင်း လျှောက်လဲသည်။

မောင်သန်းထွန်းနှင့် ပြည်ထောင်စုခြံမာနိုင်ငံ (မခင်နှင်းရှိ) ၁၉၇၂ ခုနှစ်၊ ခြံမာနိုင်ငံ တရားစီရင်ထုံးများ စာ-၂၃ ရာဇသတ်ကြီး ပုဒ်မ-၄၁၅၏ ဒုတိယပိုင်း လိမ်လည်မှုတွင် အကျုံးဝင်ရန် -

(က) တရားခံက တစ်ဦးတစ်ယောက်အား လှည့်ဖြားခြင်း။

(ခ) လှည့်ဖြားခြင်းခံရသူက အရာတစ်ခုကို ပြုခြင်း (သို့မဟုတ်) ပြုရန် ပျက်ကွက်ခြင်း။

(ဂ) လှည့်ဖြားခြင်း မခံခဲ့ရသော ထိုသူသည် ထိုအရာကို ပြုမည်မဟုတ်ကြောင်း၊ သို့မဟုတ် ပြုရန်ပျက်ကွက်မည် မဟုတ်ခြင်း။

(ဃ) တရားခံက ထိုသူအား တမင်သွေးဆောင်ခြင်း။

(င) ထိုသူ၏ ပြုလုပ်မှု (သို့မဟုတ်) ပျက်ကွက်မှုကြောင့် ၎င်း၏ ကိုယ်ကိုဖြစ်စေ၊ စိတ်ကိုဖြစ်စေ၊ ဂုဏ်သရေကိုဖြစ်စေ၊ ပစ္စည်းကိုဖြစ်စေ၊ ပျစ်စီးနစ်နာစေခြင်း။ အန္တရာယ်ဖြစ်စေခြင်း စသည့်အင်္ဂါရပ်များ ရှိရန်လိုသည်။

လိမ်လည်ကာမရယူမှု ပုဒ်မ-၄၁၇ မြောက်ရန် အထက်ပါအင်္ဂါရပ်များကို တရားခံ ကျူးလွန်ကြောင်း ပေါ်ပေါက်ရန် လိုအပ်ပါသည်။ အင်္ဂါရပ်ငါးရပ်အရ တရားခံက လက်ထပ်ပေါင်းသင်းပါမည်ဟု ယုံကြည်အောင် လှည့်ဖြားပြောဆိုရမည်။ တရားလိုက ယုံကြည်ပြီး မိမိ၏ ကာမကိုပေးခြင်း ဖြစ်ရမည်။ တရားခံသည် လက်ထပ်ရန် ငြင်းဆိုမှုရှိရမည်။ သို့မှသာ ပုဒ်မ-၄၁၇ အရ ပြစ်ဒဏ်စီရင်နိုင်မည်ဖြစ်သည်။

ဒိုက်ဦးမြို့နယ်က ညွန့်မောင်အမှုက မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်၊ အဖွဲ့ဖြင့် စီရင်သည့်ခေတ် ဖြစ်သည်။ တရားသူကြီးများမှာ ဥပဒေပညာရှင်များမဟုတ်။ တရားစီရင်ရေးအဖွဲ့ဥက္ကဋ္ဌက မူလတန်းပြဆရာ၊ အဖွဲ့ဝင်နှစ်ယောက်က လယ်သမားများ ဖြစ်သည်။ ညွန့်မောင်ကို အမှုမှ အပြီးအပြတ်လွှတ်ခဲ့ပါသည်။

ကန့်ဘလူမြို့နယ်က အောင်နိုင်ထွန်းအမှုသည် ၂၀၀၆ ခုနှစ်က စစ်ဆေးခဲ့သော အမှုဖြစ်သည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်း ဥပဒေဘွဲ့ရများကို ခန့်ထားပြီး တရားသူကြီးများအဖြစ်စစ်ဆေးစီရင်စေခဲ့ပါသည်။ ဖ·ဆ·လ ခေတ် တရားရေး အကြံပေးများကို ရာထူးအလိုက် တရားသူကြီးများအဖြစ် ပြောင်းလဲ တာဝန်ပေးခဲ့ပါသည်။ အောင်နိုင်ထွန်း အထူးအယူခံတွင် အပြီးအပြတ် လွှတ်ပြီးဖြစ်သော်လည်း ထိုအခွင့်အရေးသည် ပေးကားပေး၏၊ မရခဲ့ပါ။ တရားရုံးချုပ် (မန္တလေး)၏ အဓိန်မချမှတ်မီမှာပင် ပြစ်ဒဏ် ၆ လကျခံပြီး ဖြစ်နေပါသည်။

ရာဇဝတ်မှုများ စီရင်ဆုံးဖြတ်ရာတွင် လမ်းညွှန်စီရင်ထုံးများ ပုဒ်မ-၃၁၁ အင်္ဂါရပ်များနှင့် အမှုတွင် ပေါ်ပေါက်သည့် အကြောင်းခြင်းရာများအပေါ် စေ့စပ်သေချာစွာ သုံးသပ်ဆုံးဖြတ်သင့်ပါကြောင်း ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားပါက ပြစ်မှုနှင့် ပြစ်ဒဏ်မျှတရန်နှင့် ပြစ်မှုကျူးလွန်ကြောင်း မပေါ်ပေါက်ပါက အပြီးအပြတ် လွှတ်ရန် ဝန်မလေးသင့်ကြောင်း တိုက်တွန်းရေးသား တင်ပြလိုက်ရပေသတည်း။

ဆက်လက်ဖော်ပြပါမည်။

စလင်း - ဦးဇေအောင်သိန်း

www.burmeseclassic.com

www.burmeseclassic.com

အလေးချိန်(၂၂၂)ကီလိုဂရမ်ရှိသော 'ဘလူးဖင်တူနာ' (bluefin tuna) ငါးကို ဒေါ်[illegible] (၂,၁၈)သန်းဖြင့် စံချိန်တင်ရောင်းချ

ဆူရှီ(sushi) ဟင်းလျာအတွက် အသုံးပြုငါးထန်ထန် လိုအပ်ချက်ကြောင့် ကမ္ဘာတစ်ဝန်း ကြီးကျယ်ခမ်းနားသော ငါးကြိုးများ လျှောကျလွှတ်ရှိနေသည့် တိုင် ပတ်[illegible] ကျင်ထိန်းသိမ်းရေးအရာရှိ များက [illegible] ချက်ရှိနေသည့်တိုင် ယမန်နေ့[illegible] ကျို့လေလံပွဲတစ်ခုတွင် 'ဘလူဖင် တူနာ' ငါးကြီးတစ်ကောင်ကို အဓမရိကန်[illegible] (၁, ၇၆၂,၅၀၀သန်း (စင်ကာပူဒေါ်လာ ၂,၁၈ သန်း)ဖြင့် ရောင်းချခဲ့သည်။ ယင်းသည် ယခင်နှစ် ကြာမီက ဈေးနှုန်းထက် သုံးဆနီးပါး မြင့်တက်နေခဲ့သည်။

[illegible]နှုန်းငင် ဒရေ့ဖြောက်ပိုင်း 'အိုဝို ရီ'ပြည်နယ် ကမ်းလွန်ပင်လယ်ပြင်မှ [illegible] မိခဲ့သော ကီလိုဂရမ်(၂၂၂)ရှိသည့် 'တူနာ' ငါးကြီးသည် မြို့တော်တိုကျို၏ 'စူကီဂို' ငါးဈေးတွင် ပထမဧ[illegible]လပွဲ၌ ယန်းငွေ (၁၅၅,[illegible]သန်း ပေါက်နေခဲ့ကြောင်း ဈေး အရာရှိဟစ်ဦးစီးသူ မစ္စတာ[illegible]ကို ပြောကြားလိုက်သည်။ ယင်းငါး၏ နူးညံ့ သော [illegible]မရောင်နှင့် အနီဒရောင်အသား သည် ဆူရှီအ[illegible] ဆာရှိမီ ဟင်းလျာအတွက် အထူးအရေးပါသည်။ ဆူရှီးသော ဘလူး ဖင်ငါးအသားကို အကောင်းဆုံးလွှာ၍ လိုးထားခြင်းကို 'အိုတိုရို'ဟု [illegible]ကြိုး ယင်း[illegible]တစ်ချပ်လျှင် အဆင့်[illegible] တိုကျို ဆူရှီစား[illegible] ဒွေ (၂,၀၀၀)၊ စင်ကာပူဒေါ်လာ (၂[illegible] ရောင်းချနိုင်သည်။

ကမ္ဘာတစ်ဝန်းမှ [illegible]မိသော ဘလူး ဖင်တူနာ ငါးများကို ဂျပန်လူမျိုး ရာခိုင်နှုန်း ၈၀ တို့က စားသုံးကြသည်။ ယင်းတွေ့ ဖမ်းဆီးမိသော ယင်းငါးကြီးများကို ကမ္ဘာ့ အရပ်ရပ်မှ ဂျပန်နိုင်ငံသို့ စားသုံး သဘောဖြင့် တင်ပို့ကြသည်။ ယင်း ရောင်းဝယ်ရေးတွင် အောင်မြင်လျက် သူမှာ အသက်(၆၀)အရွယ် လေလံ သူ မစ္စတာ ကီယိုရှိကီယူရာ ဖြစ်သည်

www.burmeseclassic.com

www.burmeseclassic.com

သူသည် 'ကီယိုမူရာ' ကုမ္ပဏီဥက္ကဋ္ဌဖြစ်ပြီး သူ၏ကုမ္ပဏီသည် 'ဆူရှီဖန်မေ' စား သောက်ဆိုင် ဆိုင်ခွဲများကို ဖွင့်လှစ်ရောင်း ချလျက်ရှိကြသည်။ သူ၏ ဆိုင်ခွဲများတွင် ယင်းဘလူးဖင်တူနာ ငါးဟင်းလျာသည် ဈေးတော့နည်းနည်းကြီးကြောင်း ကျွှိ သတင်းသို့ ပြောကြားလိုက်ပြီး သို့သော် တူနာငါးဟင်းလျာအကောင်းစားကို ဂျပန် နိုင်ငံတွင် မိမိတို့ ဖြည့်ဆည်းပေးနိုင်သည် ဟု မျှော်မှန်းပါကြောင်း ပြောကြားလိုက် သည်။

အဆိုပါ တူနာငါးကို အလွှာချပ် ပေါင်း (၁၀,၀၀၀)ခန့် လှီးဖြတ်သွားမည် ဖြစ်ကြောင်း၊ ယင်းအလွှာချပ်တစ်ခုလျှင် ပျမ်းမျှ ဂျပန်ယန်းငွေ (၁၅,၅၄၀)တန်ဖိုးရှိ မည်ဖြစ်ကြောင်း မစ္စတာကီမူရာက ပြော ကြားလိုက်သည်။ မစ္စတာကီမူရာသည် နှစ်သစ်မင်္ဂလာအောင်ပွဲတစ်ခု ဖွင့်လှစ်ခြင်း (သို့) ပြည်သူလူထုသို့ သတင်းပေးခြင်း အနေဖြင့် အဆင့်မြင့် လေလံပွဲကို ဆွဲ ဆောင်မှုရှိစေရန် လွန်ခဲ့သောနှစ် နှစ်သစ် လေလံပွဲတွင် ယန်း(၅၆၈,၄) စံချိန်ဟောင်း ကိုလည်း တင်နိုင်ခဲ့သည်။

ငါး၏ အရည်အသွေး ထူးထူးခြား ခြား ကောင်းမွန်မှုကြောင့် စားသုံးသူများ သည် ဈေးနှုန်းမြင့်ခြင်းကို ထည့်မတွက် ကြတော့ပေ။ ဈေးနှုန်းသည် တစ်ကီလို ဂရမ်လျှင် ယန်း(၇၀၀,၀၀၀)ထိ ဖြစ်သွားခဲ့ သည်။ ဘလူးဖင်တူနာ ငါးသုံးမျိုးစလုံး သည် ပစိဖိတ်သမုဒ္ဒရာတောင်ပိုင်းနှင့် အတ္တလန္တိတ်တို့တွင် နေထိုင်ကြပြီး၊ အလွန်အကျွံ ငါးဖမ်းမှုကြောင့် လွန်ခဲ့ သော ၁၅ နှစ်ကပင် ငါးအရေအတွက် လျော့ပါးနေခဲ့သည်။ နက်ဖြန်တွင် အစိုးရ ဌာနတွင်း အုပ်စုတစ်စုမှ ပစိဖိတ်ဘလူးဖင် ငါး ထိန်းသိမ်းမှုနှင့်ပတ်သက်၍ အချက် အလက်ထုတ်ပြန်မည်ဖြစ်ရာ ပတ်ဝန်း ကျင်ထိန်းသိမ်းရေးအရာရှိများက ငါးအရေ အတွက် လျော့ပါးခြင်းအပေါ် သတိပေး ဖော်ပြလိမ့်မည်ဟု ယုံကြည်ရသည်။

ပစိဖိတ်ဘလူးဖင်တူနာငါးနှင့် ပတ် သက်၍ မိမိတို့ ကြားသိရသမျှသော သတင်းများမှာ ကောင်းသတင်းမရှိ ကြောင်း ဝါရှင်တန်အခြေစိုက် ထိန်းသိမ်း ရေးတိုက်ပွဲဝင်စခန်းမှ ဒါရိုက်တာ မစ္စ အမင်ဒါနစ်ဆင်က ပြောကြားလိုက်သည်။ မိမိတို့သည် အလွန်တန်ဖိုးကြီးသော ငါး များကို ဆက်လက်၍ အလွန်အကျွံဖမ်း ယူနေသည်ကို တွေ့မြင်နေရကြောင်း ပြောကြားလိုက်သည်။

လေးဝတီကျော်

Ref: 222 Kg bluefin tuna sells for record $ 2.18 m, The Straits Times, Sunday, January 6, 2013

မြောက်ရိုင်းများ ရွာဝင် လုယက်တိုက်ခိုက်

ခေတ်သည် ပြောင်းခဲ့ပြီ၊ မကြာသေးမီက မလေးရှား တောတွင်းမှ မြောက်ရိုင်းများ အစာတော်ပြတ်၍ ရွာဝင်၊ မြို့ဝင် လုယက်တိုက်ခိုက်စားသောက်သည့် သတင်းများ ထွက်ပေါ်ခဲ့သလို၊ ယခုလည်း ဇန်နဝါရီလ ၂၈ ရက်နေ့က အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းဒေသ ဟကက်ဆာကျေးရွာအနီး ရှိ တောတွင်းမှ မြောက်ရိုင်းအကောင် ၁၀၀ ခန့်တို့သည် ရွာထဲသို့ ချဉ်းနင်းဝင်ရောက်ပြီး တိုက်ခိုက်လုယက်စား သောက်ကြ၏။ ဟန့်တားသူ လူ(၇)ဦး ပြင်းထန်စွာ ထိခိုက် ဒဏ်ရာများရရှိသဖြင့် ဆေးရုံသို့ တင်ပို့လိုက်ရသည်ဆိုသည်။ ကျေးရွာလုံခြုံရေးမှ မြောက်များကို ထောင်ဖမ်းရန် ကြိုးစား နေကြသည်ဆိုသည်။ (လောလောဆယ်အားဖြင့် မြောက် များကို အရေးယူမည့်ဥပဒေ မရှိသေးပေ။)

ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)

Ref:

(1) N.Y.S.P (Malaysia), (27.1.2013)

(2) ကြေးမုံနေ့စဉ် (၁၂ ၂ ၂၀၁၃) ရိုက်တာသတင်း

စင်ကာပူနိုင်ငံ၊ စင်ကာပူမြို့ ရှေ့နေဌာနများမှ အမှုလိုက်ပါဆောင်ရွက်မှု အခြေအနေ

စင်ကာပူနိုင်ငံ၊ စင်ကာပူမြို့တွင် ရှေ့နေဌာနများပြီး အမှုလိုက်ပါဆောင်ရွက်ခြင်းမရှိဘဲ မယားစရိတ်၊ ကလေး စရိတ်၊ ရာဇဝတ်ပြစ်မှုအသေးအဖွဲများတွင် ရှေ့နေဌာနများ မကုန်ကျခံတော့ဘဲ မိမိကိုယ်တိုင် လိုက်ပါဆောင်ရွက်နေ သည်ကို တွေ့ရသည်။ သို့ဖြစ်လေရာ ရှေ့နေ၊ ရှေ့ရပ်များ မှာ ရာဇဝတ်ပြစ်မှုအသေးအဖွဲများတွင် လိုက်ပါဆောင်ရွက် ခွင့်မရရှိကြပေ။ အမှုကြီးကျပြန်တော့လည်း ရှေ့နေခ ခေါင် နိုက်လျက် ငှားရမ်းသူမရှိဖြစ်နေရာ ရှေ့နေများမှာ အလုပ် အကိုင်မကောင်းဖြစ်နေကြသည်ဆိုသည်။ စင်ကာပူနိုင်ငံ ဥပဒေအရ မြန်မာနိုင်ငံကဲ့သို့ပင် မိမိတာတ်ကျွန်းသည်ဆိုလျှင် ရှေ့နေမငှားရမ်းဘဲ ကိုယ်ပိုင်ဆောင်ရွက်ခွင့် ရှိပေသည်။

ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)

Ref:

C.S.T (Singapore), (11.2.2013), Page (14)

www.burmeseclassic.com

www.burmeseclassic.com

ပဉ္စတန် ဝန်ကြီးချုပ်

(၄)

www.burmeseclassic.com

www.burmeseclassic.com

အခန်းဆက်ဝတ္ထုရှည်

တန်းဖြူဆင်ကျေး

(ယခင်လမှအဆက်)

ပဒုလက်

"စာမေးပွဲကြေးကတော့ ဘာမှမလိုတော့ဘူးနော်။ သင်ခန်းစာတွေဆိုရင်လည်း သင်ရိုးကုန်ခါနီးပြီ။ ဒါကြောင့် ဆရာမအတူးပြောချင်တာက ပေါက်ဆိန်တို့အုပ်စု ကျောင်းမှာ "တန်းမြင့်ဂျင်" ဘွဲ့ဆိုပြီး နာမည်ကြီးကြသလို စာမေးပွဲကြီးမှာလည်း မင်းတို့တစ်တွေကို တစ်ကျောင်းလုံးက ဆရာ၊ ဆရာမတွေ၊ ကျောင်းသားတွေ အထင်ကြီးအောင်လုပ်ပြပါ"

"ဒီကောင် အဲ့ဒီ ကျော်ဇံမှာ အမျော်အမှီလို့ ဂုဏ်ပေးပွဲကျတယ်ဆိုတာ လံဂမကြားပါရစေနဲ့။ "အောင်အယ်ပ" ဆိုတဲ့ အသံပဲ ကြားပါရစေ။ ဒါမှနောက်က ကျောင်းသားတွေ အကုယူကြမှာ၊ အကုယူလောက်အောင်လဲ လုပ်ပြပါ။ တို့ဆရာတွေဆိုတာ ဟောဒီကျောက်သင်ပုန်းကြီးလို .. အသိပညာမည်းမှောင်နေတဲ့ ကျောင်းသားတွေကို ဟောဒီမြေပြုန်းခဲလို မြူဖွေးဖောက်ပြောင် လင်းလက်လာအောင် လုပ်ပေးနေတဲ့သူတွေကွ"

"ဒါကြောင့် .. မင်းတို့ ဘာတွေဟာ ဆရာတွေပေးတဲ့ အတတ်ပညာတွေကို လိုလို လားလား ဘန်ဖိုးရှိရှိ သင်ယူကြမယ်ဆိုတာသာတောပေါက်ပြီးသား၊ မျော်မှန်းလဲ ပျော်ပါ။ သင်စရာလဲ ရပါပါ။ ကျွန်တော် စရာ ရှိတာလဲ ရှာ ကြပါ။

www.burmeseclassic.com

www.burmeseclassic.com

မှတ်စရာရှိတာလဲ မှတ်ကြပါ။ ဒီလိုကျက်ရင်း မှတ်ရင်း လာမည့်စာမေးပွဲကြီးမှာ နှစ်ချင်း ပေါက်အောင်အောင်လုပ်ကြပါ။ **ဆရာမကတော့** မင်းတို့ **တတွေကို ယုံလိုက်ပြီး** ဟုတ်တယ်နော်"

ဆရာမ ဒေါ်ခင်မြင့်ရှိန်က တပည့်များကို ပညာပေးဆုံးမရင်း ကတိခံခိုင်းလိုက်ရာ ပေါက်ဆိန်တို့အုပ်စုက -

"ယုံလိုက်ပါ **ဆရာမ၊ ကျွန်တော်တို့ ဆရာမမျက်နှာ**ကို အိုးမည်းမသုတ်ပါဘူး **ခင်ဗျ**"

ဆရာမကား ပြုံးလျက်-

"ခေါင်-ခေါင်-ခေါင်"

ကျောင်းဆင်း ခေါင်းလောင်းထိုးသဖြင့် ပေါက်ဆိန်တို့ အုပ်စု ဆရာမအား နှုတ်ဆက်ကာ တန်းစီထွက်လာကြ၏။

"ဆရာမကတော့ နှင်တို့ တတွေကို တကယ်ယုံလိုက်ပြီးနော်၊ တကယ်ကိုဆရာမ လက်မထောင်နိုင်အောင် လုပ်ကြပါဟာ။ နင်တို့အုပ်စုကြောင့် ဆရာမကြီးကတို့ ဆရာမကို တော်တော်ဆူသတဲ့ဟ"

ပေါက်ဆိန်နှင့် အဟူထွက်လာသော မမြလွင်က ပြော၏။

"ကျွန်တော်တို့က ဘာလွဲလုပ်လို့ ဘာတွေအပြောခံ ရတာလဲ အင်မကြီးရာ"

"ဟဲ့- နင်တို့ ဟိုအဖိုးကြီး အိမ်သာထဲရောက်သွားတဲ့ကိစ္စ ကျောင်းလစ်တဲ့ကိစ္စ၊ အတန်းထဲ ဘရုတ်ကျတဲ့ကိစ္စတွေ ကြောင့်ပေါ့ဟ"

"ဟုတ်တယ်ကွ ပေါက်ဆိန်၊ ငါလည်း ကြားတယ်။ **တို့ဆရာမကို အဲဒီကိစ္စကြောင့် ဆရာမကြီးက တော်တော်ဆူ တယ်တဲ့ကွ**"

အေးမှ ကပ်ပါလာသော မောင်ရွှေက ဝင်ပြော၏။

"**အဲဒီတော့ နှင်တို့အဖွဲ့**တွေ ကျောင်းမှာ ဘရုတ်ကျ တာတွေရပ်ပေါ့၊ တို့ဆရာမ မျက်နှာမငယ်ရအောင် ကြိုး စားကြပါဟာ"

မမြလွင်နှင့် မောင်ရွှေတို့က ပေါက်ဆိန်အား သူတို့သိသမျှ ပြောကြ၏။

"အေးပါကွာ၊ ဒီလောက်လဲ စိုးရိမ်မနေပါနဲ့။ ဆရာမ မျက်နှာမငယ်အောင်တော့ ကြိုးစားပြရမှာပေါ့"

"ဒါပေါ့ကွာ၊ ဆရာမခမျာ နှင်တို့ ဘရုတ်ကျသမျှ တခြား ဆရာ/ဆရာမတွေ ရှေ့မှာ ခေါင်းငုံ့ခံနေကြရတာ၊ ဆရာမ ပြောသလို လုပ်ပြလိုက်စမ်းပါ။ နှင်တစ်ယောက်တည်း မဟုတ်ဘူးနော်၊ ဟို ဝင်းကြည်၊ ကျားကြီးကျော်ညွှန့်၊ မြင့်သိန်းမြိုင်၊ နှင်တို့အဖွဲ့ဝင်အားလုံးပေါ့ ဟာ"

"ဟုတ်တယ် ဟေ့ကောင်၊ မင်းတို့အုပ်စုတစ်စုလုံး ကြိုးစားမှနော်၊ ဒုးလောက်တင်မှ ရင်လောက်ကျမှာဟေ့"

မောင်ရွှေက ထပ်ဆင့် ကွန့်လိုက်လေရာ ပေါက်ဆိန်က -

"မင်းတို့ကလဲကွာ၊ ကြက်တူရွေးကတော်တော်၊ မယ်ဘော်က ကဲလိုက်ကြတာ"

"**ကြည့်..** ပြောလေကဲလေ၊ **မန်းလေပြဲလေဆိုတဲ့ ကောင်၊ ကဲဟာ..**"

မမြလွင်က ဒေါဖောင်းကာ ပေါက်ဆိန်ခေါင်းကို ခေါက်ထည့်လိုက်လေ၏။

စကားတပြောပြောနှင့် ပေါက်ဆိန်တို့အုပ်စု လမ်းလျှောက်လာကြရာ လွယ်လွယ်ထိပ်သို့ရောက်သောအခါ ဒုးရင်းသီးဝယ်နေသော ကိုဘန်းနှင့် တွေ့လေ၏။

"ဟာ..ကိုဘန်း၊ ဘာလဲ ကျွန်တော်တို့ကို မျှော်ခဲ့ဖို့ ဒုးရင်းသီးဝယ်နေတာလား"

ပေါက်ဆိန်က နှုတ်ဆက်လိုက်သဖြင့် ကိုဘန်းသည် ဒုးရင်းသီးဝယ်နေရင်း လှည့်ကြည့်ကာ -

"ပေါက်ဆိန်တို့ပါလား၊ ကျောင်းက ပြန်လာတာကိုး"

မျက်စိက မမြလွင်နှင့် မခင်စန်းတို့အား ဝှေ့ကြည့်ရင်း ပြော၏။

"စားချင်ရင် အိမ်လိုက်လေကွာ"

"အဲဒါ ဦးဘန်းတဲ့ကြီး၊ ဟို..အထက်ဆရာကိုဘန်း"

ပေါက်ဆိန်က စပ်ပြုံနှင့် ကိုဘန်းအား မမြလွင်၊ မခင်စန်းတို့နှင့် မိတ်ဆက်၏။

"အထက်ဆရာကြီး ဟောကော့..ဒါဆို ကျွတို့ကို ယကြာလေး ဘာ... ..."

"လုပ်ပြီတို့အစ်မကြီးတော့၊ ခုတွေ့ ခုတောင်လား"

မောင်ရွှေကပြော၏။ ဘန်းက ဆို၏။

"ဟာ - ဘယ်က အဆရာကမှာလဲ။ အလေပေါက်ဆိန် လောင်နေတာ ဟိ ဟိ"

ကိုဘန်းသည် ပေါက်ဆိန်တို့ အုပ်စုနှင့်အတူလိုက်မကြာမီ မခင်စန်းနှင့် မမြလွင်တို့က နှုတ်ဆက်ပြီး လှည့်သွားကြ၏။ ကိုဘန်းက ခွဲသွားသော မမြလွင်ကို ကြည့်ရင်း..

"ကောင်းခြောက်ဆဲလေးရပ်၊ သွေးထပ်ထပ်ခဲ့ ရှေးနိပါတ်ထုတ်မမို့ ဘုဿတီထွဋ်ထား၊ ဇိုးနှင့် ကိန္နရီလို၊ တသိုက်သိုက်ထွေ့ မှာ..."

www.burmeseclassic.com

www.burmeseclassic.com

ကိုဘန်းရွှတ်၍ မဆုံးမိ ပေါက်ဆိန်က ဖြတ်၍ -

"ဥမ္မာဒန္တီစာမယ်နှယ်၊ နဂ္ဂာတပါအသား၊ ကုမုဒ်နွယ် နှုတ်ဖျားက၊ ပတ္တမြားသဖွယ်၊ ကြယ်ဥက္ကာ ညှင်ရောင်မီးလို ပ၊ မင့်မောင်ကြိုးထင်လှတယ် . . . "

တဖန် ပေါက်ဆိန်က ရွှတ်၍ မဆုံးမိ ကိုဘန်းက ဖြတ်၍ -

"မြင့်ဆောင်ကိုးညောင် လယ်မှာ၊ ရွှေစဖွယ်ပဝင်းလို့ . . လမင်းထက် နှစ်လေးသာ၊ အေးမြလိုက်တာ . . မြင်ရသူ ဖေသက်သာတယ်၊ ရွှေမျက်နှာ ကြည်လွန်းလို့လေး . . "

"ပေါက်ဆိန်က ဘယ်ဆိုးလို့လဲကွ၊ ဦးပုည့်တေးထပ်လဲ ရသကိုး ဟဲ . . ဟဲ"

"ရတာပေါ့ ကိုဘန်းရယ်၊ ရဆို ကျွန်တော်လည်း ဒီတေးထပ်လေး ကြိုက်လွန်းလို့ အလွတ်ကျက်ထားတာဗျ"

"တေးထပ်ကိုပဲလား . . သူကလေးကိုရော . . မကြိုက်ဘူးလား"

"ဟာ . . ကိုဘန်းကလဲ၊ သူယေ်ချင်းတွေဗျ၊ ဘာတွေလာပြောနေတာလဲ"

"အေး . . သူယေ်ချင်းက စတာပဲပေါ့ကွာ။ ကြည့်စမ်း . . သူ့အပြုံးလေးတွေ၊ လမ်းလျှောက်ဟန်လေး၊ သူ့အသားလေးတွေ . . ဟော . . အသံကလေးက ဟင်္သာမင်းရဲ့ အသံ၊ သမင်ငယ်မျက်စိ၊ ကျီးအာသီးကဲ့သို့နှုတ်ခမ်း၊ ဆင်မယဉ်သဲလို အသွား၊ လိပ်ကဲ့သို့ သော ကျောကုန်း၊ လည်တိုင်ကလေးကလည်း ဆင်လည်တိုင် . . . . "

"တော်ပါတော့ ကိုဘန်းရာ၊ ကိုဘန်းပြောမှာ မဖြလွင်တိုးရွှာန်ဖြစ်ရချေရဲ့ . . ဟား . . ဟား . . ဟား . . "

"ဘယ်ကလာ တိုးရွှာန်ရမှာလဲပေါက်ဆိန်ရ၊ အဲဒါ သာမုဒ္ဒြလက္ခဏာကျမ်းမှာဆိုတဲ့ မိန်းမလှတွေရဲ့ အင်္ဂါရုပ်တွေကွ။ ရှိသေးတယ် . . . ဘာတဲ့ . . . လပြည့်ဝန်းကဲ့သို့သော မျက်နှာ၊ ကြာညိုပန်းကဲ့သို့သော မျက်စိ၊ ညီညွတ်သော သွား၊ ဝက်ခြံကင်းသော နဖူး၊ ညိုသော ဆံကေသာ၊ မကျယ်သောနှာရောင်၊ ပဒုမ္မာကြာ ကိုယ်သင်းနံ့၊ ကောင်းသောအရပ်၊ ကြည့်ဟန်တင့်တယ်ခြင်း၊ ပျို့သောပါးစောင်၊ မျက်ခုံးနှစ်ဖက်ပြေပြစ်ခြင်း၊ သေးသွယ်သော ဆံကေသာ၊ ချွန်သောနှာသီးဖျား၊ မျက်ဝန်းကြီး စတဲ့ ကောင်း (၆၄)ရပ်နဲ့ ပြည့်စုံတဲ့ မိန်းကလေးကွ"

"ပြောလေကဲ့လေပါလား ကိုဘန်းရာ။ ကောင်းပြီ . . ဒါဆို အိမ်ရောက်ရင် ကိုဘန်းဇနီးကို ပြောလိုက်မယ်"

"နေ . . နေ . . ပါဦး၊ ကောင်း (၆၄)ရပ်ဟုတ်လား ဘယ်လို ဘယ်လို . . ရှင်းပြပါဦးကိုဘန်းရာ"

တစ်ချိန်လုံးနားထောင်နေသော မောင်ရွှေက ဝင်မေး၏။

"ကောင်း (၆၄)ရပ်ဆိုတာ မိန်းမကောင်း၊ မိန်းမမြတ်တွေမှာရှိအပ်တဲ့ လက္ခဏာတွေပေါ့ကွ။ အဲဒီလက္ခဏာတွေကို သီရိမဟာမာယာဝတ္ထု နဲ့ ခုနက သာမုဒ္ဒြလက္ခဏာကျမ်းတွေမှာ ဖော်ပြထားတယ်ကွ။ သီရိမဟာမာယာဝတ္ထုမှာ လက္ခဏာ (၂၀)၊ သာမုဒ္ဒြလက္ခဏာကျမ်းမှာ (၇၄)၊ နှစ်ရပ်ပေါင်းလိုက်(၉၄) မျိုးရှိတဲ့အနက် တူတဲ့လက္ခဏာ (၃၀)ကို ဖယ်လိုက်တော့ (၆၄) မျိုး ကျန်တယ်။ အဲဒါကြောင့် မိန်းမကောင်း၊ မိန်းမမြတ်တို့ရဲ့ လက္ခဏာတွေဟာ (၆၄)မျိုးရှိတယ်လို့ဆိုတယ်။ တိုတိုပြောရင် ကောင်း (၆၄)ရပ်ပေါ့ကွာ"

"ဟုတ်ပါဗျာ၊ ခုမှပဲ ရှင်းသွားတော့တယ် ကိုဘန်းရာ။ ကိုဘန်းက အမျိုးသမီးကျမ်းလဲ အတော်ကျေသားပဲဗျ"

မောင်ရွှေက သူသိချင်သည်ကို ဖြေရှင်းသော ကိုဘန်းအား အပြတ်ပင့်လေ၏။ မောင်ရွှေက အပြတ်ပင့်၍ မကြာမီ ပေါက်ဆိန်က-

"ဟော . . ပြောရင်း ဆိုရင်း ဟောဟိုမှာ ဥစ္စ လမ်းဆုံးထဲက ထွက်လာတာ ကိုဘန်းမိန်းမ ဒေါ်မိမိသန်းဗျ"

"ဟေ . . ငါ့မိန်းမ . . "

ကိုဘန်းသည် ယူဇနီးကို ရှာရင်း သာမုဒ္ဒြလက္ခဏာကျမ်းလာ မိန်းမလှတို့၏ အဆိုအညွှန်းများ ရုပ်သွားလေ၏။ ပေါက်ဆိန်နှင့် မောင်ရွှေတို့က တဟားဟား ရယ်ကြရင်း သုတ်ခြေတင်ကြလေ၏။ ကိုဘန်း အိမ်သို့ရောက်သော အခါ အမောတကောနှင့် ဝင်လာသော ပေါက်ဆိန်နှင့် မောင်ရွှေတို့ကို ကိုဘန်းမိန်းမ ဒေါ်မိမိသန်းက -

"ဟဲ့ - ပေါက်ဆိန်နဲ့ မောင်ရွှေ၊ အမောတကော ဘယ်လိုဖြစ်လာကြတာလဲ"

တံခါးဖွင့်ပေးရင်းမေး၏။

"ဘယ်လိုမှ မဖြစ်ပါဘူး ဒေါ်မိမိသန်းရာ၊ ကိုဘန်းက ကျွန်တော်တို့ကို အမေ့ပေါ် အရင် ရောက်တဲ့လူကို ဦးရင်းသီးကျွေးမယ်ဆိုလို့ ပြေးလာကြတာပါ"

ပေါက်ဆိန်နှင့်မောင်ရွှေတို့သည် ဧည့်ခန်းတွင်းသို့ ဝင်ထိုင်ရင်း ဒေါ်မိမိသန်းကို ကြည့်၍ ပေါက်ဆိန်က -

"အလဲ . . သေသေချာချာ ကြည့်မှ လပြည့်ဝန်းမျက်နှာ၊ ကြာညိုကဲ့သို့သော မျက်ဝန်း၊ ညီညွတ်သောသွား၊ ချွန်သောနှာသီးဖျား၊ လိပ်ကဲ့သို့

www.burmeseclassic.com

www.burmeseclassic.com

သော ကျောကုန်း၊ ဟင်္သာမင်း ရဲ့ အသံဆိုတဲ့ အင်္ဂါရုပ်တွေ ဟာ ဒေါ်မိမိသန်းမှာ စုံပုံနေတာပဲ။ ဒါကြောင့် ကိုဘန်းက ရွေးချယ်လိုက်တာကိုး . . ဟဲ . . . ဟဲ . . . ဟဲ . . "

အမှန်တကယ်တော့ ဒေါ်မိမိသန်းသည် ပိန်ပိန်ရှည်ရှည် ပါးပါးလှပ်လှပ်၊ လေတိုက်လျှင် လဲမည့်ဟန်နှင့် ရှေ့သွားကလေးမှုန်းကလေးဖြင့် အလှမြင်သို့ ခေါ်ယူနိုင်လောက်အောင် အသိအကယ်ညံ့ မည်သူနှင့်မျှ မတူအောင် ဖြစ်စေကာ၊ မျက်ဝန်းကလည်း မှေးလှတော့။ ပြောရင်း ရယ်နေကြသော ပေါက်ဆိုန်နှင့် မောင်ရွှေတို့ကို ဒေါ်မိမိသန်းက -

"နင်တို့နှစ်ကောင်ဘာတွေဖြစ်လာသလဲ။ ဒီနေ့မှ ထူးထူးခြားခြား ငါ့ကို တယ်ညွှန်းနေပါကလား။ စားရမယ်၊ စားရမယ်။ တော်ကြာ ကိုဘန်းပြန်လာရင် နင်တို့ပြောတဲ့အတိုင်း ဒူးရင်းသီး စားရမယ်။ ဟာ . . ခြေသံကြာ တယ်၊ ကိုဘန်းလာပြီ"

ကိုဘန်းသည် ဒူးရင်းသီး နှစ်လုံးဆွဲရင်း အခန်းထဲ ဝင်လာလေ၏။

"ရော့ . . မိန်းမ၊ ဒီကနေ့ ဟောပြောခ"

ကိုဘန်းက ဒူးရင်းသီး နှစ်လုံးကို ဒေါ်မိမိသန်းသို့ ပေးရင်း -

"ဒီနှစ်ကောင် နင့်ကို ဘာတွေလာပြောသေးလဲဟေ့။ သင်္ကေထားနော်၊ ဒီကောင်တွေက အတို့အထောင်တွေ"

ကိုဘန်းက အပေါ်အင်္ကျီ ချွတ်ရင်း ပြော၏။ ပေါက်ဆိုန်က -

"ဘာမှ မပြောပါဘူး ကိုဘန်းရယ် အင်း . . ဟို ကိုးကန်းကြောင့် သာမုဒ္ဒြလေးတွေကြမ်း သွားကို မိန်းမလှတွေရဲ့ အင်္ဂါနှုတ်ခမ်းနဲ့ ဒေါ်မိမိသန်း တယ်ညီပါကလားဆိုတာတော့ ခုနပြောမိတယ်ခင်ဗျ"

"ကြည့်ပါလား . . ပြောရင်းဆိုရင်း ဒီကောင်တွေ ငါ့ကို ထောင်နေကြပြီ"

"အော် . . ဘာမျှားထောင်လို့လဲဗျာ၊ ခုနကပဲ လမ်းမှာ ကိုဘန်း မမြလွင်တို့ကို တွေ့လို့ . . ဟိုကျမ်းကို ရွှတ်ပြတာလေ"

"ဘာ . . ဘာကျမ်း ပေါက်ဆိုန်၊ မိန်းမလှကျမ်း ဟုတ်လား"

ဒေါ်မိမိသန်းက ဒူးရင်းပန်းကန်ချရင်း မေး၏။

"ဟုတ်တယ်ဗျ အဲဒီ သာမုဒ္ဒြကျမ်းထဲက မိန်းမလှတွေရဲ့ အင်္ဂါရုပ်တွေဟာ ဒေါ်မိမိသန်းမှာ အားလုံးစုံပြည့်နေတဲ့ အကြောင်းကို ကိုဘန်းက ကျွန်တော်တို့ကိုလမ်းမှာ ပြောတာကို ပြောတာခင်ဗျ"

မောင်ရွှေက ပေါက်ဆိုန် အပြောကို ဖာထေးကာ ပြင်ပြောလိုက်၏။ သည်တော့မှ ကိုဘန်း အသက်ရှူမှုန်သွားလေ၏။ ဒေါ်မိမိသန်း ပြုံးကားဝဲပုံတို့ ဖြစ်သွား၏။

"ကဲ . ကဲ . စားကြကွာ၊ ဒီဒူးရင်းသီးက ကံကံမက်က လာတာဟဲ့ ဝယ်လာတာကွ။ တကယ်မျိုးကောင်းတယ်"

ကိုဘန်းက စကားလွှဲပစ်လိုက်ပြီး ပေါက်ဆိုန်နှင့် မောင်ရွှေတို့ကို မျက်ခိုပ်ပြလိုက်၏။ ပေါက်ဆိုန်တို့ကလည်း သဘော ပေါက်သဖြင့် စကားကို ဒူးရင်းသီးဖက်သို့ လှည့်လိုက်၏။

"ကောင်းလိုက်တဲ့ ဒူးရင်းသီးဗျာ၊ ရွှေဒင်္ဂါးလေး၊ မိကျောင်းခေါင်းလေး"

"ရွှေဒင်္ဂါးဆိုတာတော့ မှန်တယ်ကွ။ မိကျောင်းခေါင်း ဆိုတာတော့မမှန်ဘူး။ မိကျောင်းခေါင်းပုံသဏ္ဌာန်ဒူးရင်းသီးက စားကောင်းတယ်လို့ ပြောတာ။ နာမည်မဟုတ်ဘူးကွ"

"သေချာလိုလားဗျာ . . လမ်းဘေးမှာ ဒူးရင်းသီးရောင်းတဲ့လူတွေက ဟောဒီမှာ မိကျောင်းခေါင်း သေပ်ကောင်း၊ စားကြည့်ဆိုပြီး အလကားကျွေး ကြော်ညာနေတာလေဗျာ"

"အဲဒါ . . ဒူးရင်းသီး အရကြောင်း နားမလည်ဘဲနဲ့ ငွေပေးနေတဲ့လူတွေကွ။ ငါ အဲ ဘိုက်ဆက်မှာ ကြိုးစားခဲ့ကောင်၊ ငါပြောမယ် နားထောင်၊ တို့တိတ်ဖက်က ကတ္တူကျွန်းက ဒူးရင်းသီးတွေက နာမည်ကြီးကွ၊ အသီးမျိုးစုံသလို နာမည်မျိုးလည်း စုံသကွ၊ မင်းကို ပြောပြရင် သဘောကျသွားမယ်။ နာမည်စုံပေးထားသလို ဒူးရင်းသီးရဲ့ အရသာတွေဟာလဲ ထူးခြားသကွ"

"ဟုတ်လား . . လုပ်စမ်း ပါဦးဗျာ"

"တို့တိတ်ဖက်က ဒူးရင်းသီးရဲ့ နာမည်တွေက ရည်းစားမေ၊ ရွှေဒင်္ဂါး၊ ခရိမ်ကွဲ၊ လင်မယားရန်ဖြစ်၊ တစ်ခွက်သောက် . . ."

"ဟာ . . ဟုတ် ရောဟုတ်ကဲ့လားဗျာ၊ နာမည်တွေကတော့ သဘောကျသွားပြီ"

"တကယ် နာမည်တွေပါကွ။ တို့တိတ်ဖက်မှာ မှည့်ထားတာ ဘာတဲ့ . . တစ်ခွက်သောက်၊ ပြီးတော့ . . ခွေးရိုက်ခွင်၊ လင်ငယ်လို၊ မယားငယ်လို၊ အကျင့်မသန့်၊ ခွေကောင်ပို၊ ကွေးအိပ်ချင်၊ နတ်သမ္ဘာ၊ ထမင်းငါးပန်းကန်၊ ယောကျ်မဆဲ၊ ရိုက်တီ၊ လူမှန်းမသိတဲ့ကွ"

"နာမည်တွေကတော့ ဟားရသဗျ၊ တစ်ခုချင်းလဲ ရှင်းပြစမ်းလေဗျာ"

"ခွင့်ပြုမယ်၊ ရှည်းစားမှဆိုတဲ့ ဒူးရင်းသီးမှာ စားလို့ကောင်းရုံ ကလေးလောက်လို့

www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ရည်းစားတောင် ကိုယ်မေ့သွားတတ်သကွ။ ဆွေမျိုးမေ့ဆိုတာမျိုးပေါ့ကွာ။ နောက် ရွှေဂင်္ဂါးဆိုတာကတော့ ခုနက မင်းတို့ပြောသလို ရွှေရောင်ငင်းဝါနေလို့ပေါ့။ ရေစိမ်ကျွဲဆိုတဲ့ ဦးရင်းသီးကျတော့ စားပြီးတာနဲ့ ရေထဲဆင်းစိမ်နေရတော့ပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ပူလွန်းလို့ပေါ့ကွာ။ စားပြီးတာနဲ့ တစ်ကိုယ်လုံးပူလာတာပဲဟေ့။ အဲ . . လင်မယားရန်ဖြစ်ဆိုတဲ့ ဦးရင်းသီးကျတော့ အဲဒီအသီးကို စားရော၊ စားပြီးတော့ အိပ်ပျော်သွားတတ်သကွ။ အိပ်လဲပျော်ရောသူခိုးက ဝင်ခိုးပါလေရော၊ အဲဒီတော့ လင်မယားစကားများပါလေရောကွာ။

နောက်တစ်လုံး တစ်ခွက်သောက် ဦးရင်းကျတော့ စားမိတာနဲ့ တက်တတ်တယ်။ အဲဒီလိုတက်ရုံး အရက်တစ်ခွက် သောက်မှပျောက်တယ်။ ဒါကြောင့် တစ်ခွက်သောက်တဲ့။ နောက် ခွေးရိုက်ချင်ဆို တာက စားပြီး အရသာရှိလွန်းတော့ ငိုက်လာရော၊ ငိုက်လာတော့ ခွေးကလာပြီး ရစ်သီ ရစ်သီ လုပ်နေတော့ ခွေးကို ထရိုက်ချင်ပါလေရော"

"ဟား . . ဟား . . ဟား . . ကြဲကြီးစည်ရာဗျာ။ ဆက်ပါဦး"

"ကြဲကြီးစည်ရာမဟုတ် ဘူး ငါလူတို့၊ တို့ထားဝယ်ဖက်မှာ တကယ်ကို ငါငယ်ငယ် တုန်းက ရှိတာ။ ဆက်ပြောမယ်။ ခွေးရိုက်ချင်ပြီးတော့ လင်ငယ်လိုတဲ့ (စားမိရင် -- -- နေ တက်တတ်တယ်တဲ့၊ အမှန်ကတော့ အရသာရှိလွန်းလို့ ဟေ့) နောက်တစ်မျိုး မယားငယ်လို ဆိုတဲ့ ဦးရင်းသီးကလဲ အဲဒီ ပုံစံမျိုးပဲ။ ဟီ ဟီ . . နောက် တစ်မျိုးကတော့ ဇာတ်မင်း သားတဲ့။ အဲဒီ ဦးရင်းသီးကို စားမိတာနဲ့ ကချင် ဆိုချင်လာ တာပဲဟေ့။ အဲ . . နောက် တစ်မျိုးကတော့ အဝိစိဆိုတဲ့မျိုး၊ အဲဒီအလုံးကို စားမိရင် သိပ်ပူတာပဲဆိုပဲ။ အဝီစိက ငရဲအိုးကြီးထဲရောက်သွားသလိုပေါ့ကွာ။ နောက် ခွေကာယိုင်ကတော့ စားမိရင် ဦးတွေမခိုင်တော့ဘဲ ပစ်လဲသွားသတဲ့။ ကွေးအိပ်ချင်ဆိုတဲ့ အသီးကျတော့ စားပြီးတာနဲ့ ကွေးကွေးလေးဖြစ်ပြီး လုံးဝ လုံးဝ မထချင်တော့ပါဘူးတဲ့။ ဟော . . နတ်သုဒ္ဓါကျပြန်တော့ စားလိုက်တာနဲ့ တကယ့် နတ်သုဒ္ဓါများအလား အရသာ ရှိလွန်းတယ်တဲ့ကွ။ အဲ - ထမင်းငါးပန်းကန်ဆိုတဲ့ ဦးရင်း သီးကျပြန်တော့ သူ့ကို စားပြီးရင် ထမင်းငါးပန်းကန် စားလိုက်ရမှတဲ့ခင်ဗျ။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီ ဦးရင်းသီးဟာ အစာကြေတယ်တဲ့ကွ။

ဟော . . ယောကျ်ားမဆဲဆိုတဲ့ ဦးရင်းသီးကျတော့ စားလိုက်တာနဲ့ ဘာမှမလုပ်ချင်တော့ဘဲ တိပ်ချည်းနေလို့ ယောကျ်ားမက ဆဲဆိုပြီးခိုင်းရတဲ့အဖြစ်အထိ ဖြစ်ကုန်ရောတဲ့ဗျ။ ရိတီတီကျပြန်တော့ စားပြီးတာနဲ့ ရိတီတီဖိလင်ကလေးခံစားရတယ်တဲ့။ နောက်ဆုံး လူမှန်းမသိဆိုတဲ့ ဦးရင်းသီးကျတော့ စားလဲပြီးရော လူမှန်းကို မသိတော့အောင် ခံစားရတယ်တဲ့ဟေ့။

အဲဒါကတော့ ငါတို့ ဘိတ်ဖက်က ဦးရင်းသီးမျိုးတွေပဲဟေ့။ မှတ်ထားကြ။ ဟကယ်ကော့ တချို့ဦးရင်းသီးတွေဟာ တင်းတုပ်ဟဲ့သဘော။ အဆိပ်ရှိတဲ့သဘောပေါ့ကွာ။ ဥပမာ အာဒါလွတ်ဥလိုပေါ့ကွာ။ အဆင်မသင့်ရင် မူးမေ့သွားတတ်သလို တစ်ခါတစ်လေ အန္တရာယ်တောင် ပေးတတ်သကွ။

ဦးရင်းသီးကျတော့ . . အသက်အန္တရာယ်ပေးတတ်တဲ့ အထိ မစိုးရိမ်ရဘူးပေါ့ကွာ။ ဒါပေမယ့် အားနည်းတဲ့အခြိန်၊ ကျန်းမာရေးမကောင်းတဲ့အခြိန်တွေမှာ ဦးရင်းသီးကို မစားဖို့ သတိထားရမယ်ကွ။ ဘာဖြစ်လို့လဲဆိုတော့ ဦးရင်းသီးဟာ တက်တတ်လို့ပဲ။ ဟို . . ငါးသလောက်တို့ ဘာတို့လိုပေါ့ကွာ"

"ဟုတ်ပြီ။ ကိုဘန်းပြောတဲ့ ဦးရင်းသီးအကြောင်းကတော့ တော်တော်ကို စိတ်ဝင်စားစရာပါပဲဗျာ။ မှတ်သားလောက်ပါပေတယ်။ ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ မှတ်သားထားရမှာပေါ့ဗျာ။ ဒါနဲ့ ခုကျန်တော်တို့ စားတဲ့ ဦးရင်းသီးမျိုးကကော ဘယ်လိုမျိုးလဲ ကိုဘန်း"

မောင်ရွှေ၏ အမေးကြောင့် ကိုဘန်းစဉ်းစားခန်း ဝင်ရလေ၏။

"နေအုံးကွ . . တို့စားတဲ့ ဦးရင်းသီးမျိုးက . . "

ကိုဘန်း စဉ်းစားနေစဉ် ပေါက်ဆိန်က -

"မယားကြောက်မျိုးဖြစ်မယဗျ၊ မယားကြောက်မျိုး"

"ဘာကွ၊ မယားကြောက်တော့မဟုတ်ဘူးဟေ့၊ ခွေးရိုက်ချင်ဖြစ်မယ်ကွ၊ ခွေးရိုက်ချင်ဖြစ်မယ်"

ဟု ဖြောကာ အိမ်ခန်းထောင့်မှာ ထီးကိုယူသဖြင့် ပေါက်ဆိန်နှင့် မောင်ရွှေတို့ နှစ်ဦး လက်မှားမင် မသုတ်နိုင်ဘဲ ထချပြေးကြလေ၏။

ဆက်ဖတ်ရှုပါမည်။

ပဉ္စလက်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

တစ်ပြည်သူအဖြစ်နဲ့ ချစ်ပါရစေ

ညိုမင်းလွင် (မော်ကွန်း)

ယခင်လမုအဆက်

ကိုရီးယား ဗဟိုဆေးရုံ အရေးပေါ်ခန်းရှိ ခုတင်ပေါ်တွင် သျှီမေ့နေသည်။ သူမကို အကြောဆေးသွင်းပေးနေရာ ပိုက်မှတစ်ဆင့် ချဲ့နေသော ဆေးစက်တို့ကိုကြည့်ရင်း။ ဆရာဝန်ကြီး လီ စိုးရိမ်နေသည်။ သျှီ သတိမေ့နေသည်မှာ နှစ်ရက်ပင်ရှိနေပြီ၊ မိမိ အသက်ကို အသက်စွန့်ကယ်ခဲ့သော သမီး။ သမီးရင်းမဟုတ်သော်လည်း ဖခင်အရင်းကဲ့သို့ မိမိကို ကယ်တင်ခဲ့သည်။ သျှီကို ကြေကွဲစွာကြည့်နေမိသည်။ ဇာ် သမီးလေး မသေပါစေနဲ့...

နေ့လယ် ၂း၃၀ နာရီ သျှီ၏ သွေးပေါင်တက်လာသည်။ နလုံးခုန်စက်ကလည်း သျှီ၏ နလုံးပုံမှန်ဖြစ်နေကြောင်း သျှီ မျက်နှာမှာလည်း သွေးရောင်လွှမ်းလာသည်။ သျှီ ပန္နဒွန်လောကဆဲ ပြန်ရောက်လာသည်။ မျက်စိပွင့်လာသည်။ တစ်ဖန် အလန့်တကြားအော်သည်။

"အား...ကိုကြီးကောင်း သတော်ပျက်ပြီ သားအောင်...ကိုဖြူရေ ကယ်ပါဦး" သျှီ၏အော်သံသည် ပြန်မာစကားဖြစ်၍ ဆရာဝန်နှင့် သူနာပြုများ နားမလည်သော်လည်း ဆရာဝန်ကြီး လီမြောင် သိလိုက်ပြီ။ သျှီစိတ်သည် မေ့နေသောအတိတ်ကို ပြန်ရောက်သွားပြီ သမီးလေးကိုလည်း စွန့်လွှတ်ရတော့မည်ကို လီခံစားမိသည်။

တာဝန်ကျ ဆရာဝန်သည် စိတ်ငြိမ်ဆေးတစ်လုံး သျှီကို ထိုးပေးလိုက်သည်။ သျှီ မိန့်မော၍ ခေတ္တအိပ်ပျော်သွားသည်။ လီကလည်း သျှီ၏မျက်နှာမှ တစ်စက်ကလေးမျှမပွာတဲ့ ကြည့်နေသည်။ သုံးနာရီအကြာတွင် သျှီသတိရလာသည်။ ဆရာဝန်ကြီးလီက -

"သမီး သျှီ သတိရလာပြီလား စိတ်အေးအေးထားနော်"

"ရှင် ကျွန်မ သျှီမဟုတ်ဘူး "မေဦးခင်"ပါ မြန်မာပြည်က နာဂစ်မုန်တိုင်းမှာ သေကောပျက်ခဲ့တာပါ"

"ဟုတ်ပါတယ် "သျှီ" အဲ "မေဦးခင်" မင်းကိုဧရာဝတီကမ်းရောက်လာပြီး ကယ်တင်ထားတာဖါ၊ ဦးနောက်ကို သပ်အလုပ်မပေးပါနဲ့ဦး စိတ်အေးအေးထားပါနော်" ဒေါက်တာလီက သိမ်မွေ့မှာ သမီးလေးသျှီကိုရှိသည်။ အတိတ်ကမ္ဘာဆီကို ပြန်သတိရလာသည့် "မေဦးခင်" ကတော့ ဘာမျှစကားမဆိုဘဲ စုံစေ့သဲကွဲစွာ မသိရသော ဝိမိအဖြစ်ကို ဆက်လက်စဉ်းစားမိသည်။ သူမမှတ်မိတာကတော့ 'ရေမင်းသား' မနစ်မြုပ်မီ နောက်ဝိုင်းက အဖြစ်အပျက်များ။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

သို့ (သို့မဟုတ်)မေဦးခင် ဆေးရုံမှ ဒေါက်တာလီမြောင်၏အိမ် ပြန်ရောက်ခဲ့သည်။ သူမ ကောင်းစွာကျန်းမာနေပြီး သို့ရာတွင် ဤအိမ် ဤနေရာအားလုံးသည် သူမစိတ်ထဲ မဟုတ်မိတော့။ ဝိုးတဝါးသိသလို မသိသလိုဖြစ်နေသည်။ ဒေါက်တာလီသည် သို့ခေါ် မေဦးခင်အား ကြည့်မှန့်တင်ချပ် ပေးလိုက်သည်။ သို့က မှန်ကိုယူ၍ သူမမုခ်ကိုကြည့်မိသည်။ ထို့နောက် အလန့်တကြား အော်ပြန်သည်။

"အို ဒီမှန်ထဲက ဘယ်သူလဲ၊ ဘယ်သူလဲ၊ မေဦးမဟုတ်ဘူး၊ မဟုတ်ဘူး" ဒေါက်တာလီက -

"ဟုတ်ပါတယ် သမီး ဒီရုပ်ပုံမှာ မေဦးရဲ့ ရုပ်ပုံမဟုတ်ပါဘူးကွယ် ကဲရော့ ကိုယ်တိုင်ကိုကြည့်ပါဦး" ဒေါက်တာလီမြောင်သည် မေဦးခင်၏ ပလတ်စတစ်ဆာဂျရီမပြုလုပ်ခင် ၎င်းမှတ်ဘမ်းတင်ထားသည့် မေဦး၏ ရုပ်ပုံကို ပြလိုက်သည်။ မေဦးခင် သူ့ရုပ်ပုံကို ကြည့်ရင်း . . .

"အမလေး အရုပ်ဆိုးလိုက်တာ ဘုရား . . ဘုရား" ဟု အော်ဟစ်မိသည်။

"ဟုတ်တယ်သမီး . . သမီးကို ပင်လယ်ထဲက ကယ်တင်ပြီး ဒီဆေးရုံရောက်လာတော့ သတိယည်းမေ့နေတယ်၊ သမီးဆီမှာ ဘာအထောက်အထားမှ မတွေ့ရဘူး၊ မှန်တိုင်းထဲမှာ ပျက်စီးကုန်ဘယ် ထင်ပါတယ်ကွယ်။ နောက်ပြီး ဒဏ်ရာတွေကလည်း သမီးအခုကြည့်တဲ့ ဓါတ်ပုံထဲက အတိုင်းပါပဲ၊ ခွဲစိတ်ဖို့ကလည်း အရေးတကြီးလိုနေလို့ ဖေဖေရဲ့ကွယ်လွန်ခဲ့တဲ့ သမီးလေးယုသို့ ရဲ့ရုပ်ပုံကို ခွဲစိတ်ခဲ့ရတာပါပဲ၊ ဒီနောက် သမီးနေကောင်းလာတော့လည်း သမီးရဲ့ အတိတ်အာဘော်အားလုံး မေ့နေခဲ့တယ်။ ဖေဖေကလည်း လမ်းစပျောက်သွားတဲ့ သမီးကို ယုသို့အဖြစ်၊ မှန်တိုးခဲ့ရတာပါပဲ။ ဒီအချိန်မှာ သမီးခဲ့သမိတ်မှာ ဘာမှ မသိတော့လို့ပါဘဲ၊ သမီး အခုလိုအတိတ်ကို ပေးနေခဲ့တာ နှစ်နှစ်ရှိပါပြီ၊ အခုတော့ သမီးရဲ့မှုရင်းဘဝ စိတ်နယ်ထဲပြန်ရောက်ပြီပေါ့ကွယ်၊ ဖေဖေ သမီးကို သမီးအရင်းလိုပဲ ချစ်ပါတယ်ကွယ်၊ အခုအရေးမှာလည်း သမီးဟာ "သို့" ဆိုတဲ့ ဘဝနဲ့ ဖေဖေ့ အသက်ကို ကယ်ခဲ့လို့ တိုးလို့တောင် ချစ်မိပါတယ်ကွယ်"

"ဘုရား . . ဘုရား နှစ်နှစ်တောင် အတိတ်မေ့ခဲ့တာပါလား၊ အခုရောက်နေတာကလည်း ကိုရီးယားနိုင်ငံ အို . . သားလေး "အောင်" ကိုဖြူဂိုမရှိကြသေးရဲ့လား၊ ကိုကြီးကောင်း သေပြီထင်ပါဘဲ၊ သို့ခေါ်မေဦးခင် ဝမ်းပမ်းတနည်း ငိုကြွေးမိသည်။

"တိတ်ပါ သမီးရယ် အတိတ်က ကြမ္မာရဲ့ ချရာမှာ ဖေဖေတို့လူသားတွေ နေကြရတာပါပဲ၊ အခု သမီးအသက်ရှင် နိုင်သေးတာကပဲ သမီးရဲ့ ရှေ့ဆက်မယ့် မျှော်လင့်ချက်တွေအတွက် ကံကြမ္မာရဲ့ ကောင်းချီးပေးခြင်းလို့သာ ယူဆပေတော့ သမီးရေ"

♦ ♦ ♦

သို့ခေါ် မေဦးခင်သည် သူမ၏ ဘဝကို ဆရာဝန်ကြီးလီမြောင်အား ပြောပြသည်။ ဆရာဝန်ကြီးကလည်း မေဦး အတိတ်မေ့နေသည့် ကာလများ၊ ကလုပ်ရှားခဲ့ပုံများ အမွေတွေလွှဲပေးခဲ့သား အဖနှစ်ဦးပျော်ရွှင်စွာလည်ပတ်ခဲ့ပုံ နောက်ဆုံး လူဆိုးများလက်မှ ကယ်ကြခဲ့ပုံများကို ဒေါက်တာလီ၏ ပြောပြချက် ဓါတ်ပုံများအရ ဘဝနစ်ခနေခဲ့ရသော သူမအဖြစ်ကို ဆက်စပ်မိသည်။ သူ ရှင်ထဲရှိ မေဦးခင်ဘဝက ခင်ပွန်းသည် ကိုပြု၊ သားကလေးအောင်တို့ကို အလွန် ပင်လွမ်းဆွတ်မိသည်။ ဆရာဝန်ကြီးက လည်း မေဦး၏ခံစားချက်ကို ကိုယ်ချင်း စာနားလည်ပေးသည်။

"ဖေဖေ မေဦး မြန်မာပြည်ပြန်ပြီး သားနဲ့ ကိုပြုဆီ သွားချင်ပါတယ်၊ သမီး ကိုပြန်ခွင့်ပြုပါဖေဖေ"

မိမိကိုယ်တိုင်ပင် ကယ်လွှန်ခဲ့သော သမီးသို့၏ ပုံတူ မေဦးခင်အား ကျေး သံယောဇဉ်ရှိခဲ့သည်။ မေဦးခင်၏ ရင်း ပေါက်ဖွားခဲ့သော သားဖြစ်သူ အောင် အပေါ်ရှိနေသည့် သမုဒယ သံယောဇဉ် ကို ဆရာကြီး စာနာမိသည်။ သားဖြစ် သူအောင်အပေါ်ရှိနေသည့် သမုဒယ သံယောဇဉ်ကို ဆရာကြီး စာနာမိသည် ဒေါက်တာလီမြောင်က . . .

"သမီးသွားချင်တာ သဘာဝကျ တယ်၊ ဒါပေမယ့် ဖေဖေတို့ ဆည်းကပ် ကိုးကွယ်တဲ့ "ဗုဒ္ဓ" ရဲ့တရားတော်မှာ မြင် စိတ်တစ်ခုဖြစ်ပေါ်ဖို့ အရျခံပစ္စည်းရပ် မျက်စိဆိုတဲ့ စက္ခုအကြည်တို့ ပေါင်း

www.burmeseclassic.com

www.burmeseclassic.com

တော့ မြင်စိတ်ဖြစ်လာပြီး သိမှတ်စိတ်က ဘယ်သူဘယ်ဝါရယ်လို့ ခွဲဝေသတ်မှတ်တယ်ဆိုတာ သမီးသိတယ် မဟုတ်လားကွယ်"

"ဟုတ်ကဲ့ သိပါတယ်ဖေဖေ"

"အင်း ဟုတ်ပြီ၊ အခု သမီးရဲ့ ရုပ်အသွင်ဟာ မေဦးခင် မဟုတ်တော့ဘူး။ ယုသျှိရုပ်သွင်ဖြစ်နေတဲ့အတွက် သမီးရဲ့ သား၊ ခင်ပွန်းစတဲ့ ယခင်က သိကျွမ်းမြင်ဖူးခဲ့သူတွေဟာ သမီးကို "မေဦးခင်"ရယ်လို့ ခံစားမိမှာ မဟုတ်ဘူးကွဲ့၊ သမီးဟာ "မေဦးခင်"ဖြစ်ကြောင်း သက်သေပြနိုင်ဖို့က မေဦးခင်ရဲ့ သား လေးအောင်ရဲ့ မျိုးရိုးဗီဇကို မေဦးခင်ရဲ့ မျိုးရိုးဗီဇနဲ့တိုက်ပြီး DNA နည်းပညာနဲ့ စစ်မှ တူညီတာတွေ့ပြီး မေဦးခင်ရုပ် မဟုတ်တော့တဲ့ မေဦးခင်လို့ သူတို့လက် ခံလာလိမ့်မယ်ကွဲ့၊ ဒီလို DNA နဲ့ စစ်ဖို့ကလည်း "အောင်"ကိုရှာရမယ်။ နှစ်နှင်ငံအပြန်အလှန် များပြားလှတဲ့ ဆက်သွယ် စီစစ်မှုတွေလိုတော့ အချိန် ကြာမယ်၊ ဒီတော့ သမီးအနေနဲ့ မြန်မာ ပြည်ကို မေဦးခင်ဘဝနဲ့ ပြန်တာထက် ဖေဖေ့သမီး "သျှိ"အဖြစ် ပြန်တာက ပိုလွယ်မယ်ကွဲ့ ဟိုရောက်လို့ အဆင်ပြေသည်ဖြစ်စေ၊ မပြေသည်ဖြစ်စေ ဖေဖေ ကိုဆက်သွယ်ပါ၊ ကိုရိုးယားကနေ သမီး ကိုထာဝရကြိုဆိုနေပါ့မယ် သမီးရယ်"

♦ ♦ ♦

သျှိဟုဆိုသော မေဦးခင်၊ မွေးစား ခင်ကြီး၏ အစစအရာရာကို ဆိုင်လင် ပြီးမှ ဘန်ကောက်၊ တစ်ဆင့် ရန်ကုန် ဝေဟင်ပင်ရောက်ခဲ့ပြီး ဝေဟင်မှ "လေး ဆူခါတ်ပုံရွှေတိဂုံစေတီ"အား ပူးမြော် ရသည်မှာ သပ္ပါယ်လှ၊ ကြည်နူးလှသည်။ ကိုယ့်မြေ ကိုယ့်ရေကို ရောက်လို့ စိတ် အားတက်ကြွမှု၊ ကြည်နူးလန်းဆန်းမှုတွေ သျှိခံစားရသည်။ စေတီတော်ကို လက်ကြာငုံဖြင့် ဦးခိုက်ရိုသေရင်း ဖခင် ကြီးဒေါက်တာလှိ ကျန်းမာပါစေ၊ အောင်နှင့် ကိုပြုံးတို့နဲ့ဆုံတွေ့ပါစေဟု မေဦးခင် ဆုတောင်းမိ အခါခါပေါ့။ သျှိ သည် အမိမြေကို ခြေချပြီးပြီးချင်း ကိုရိုး ယားသံရုံးဝင်ရောက် သတင်းပို့ကာ တောက်လျှောက် ဂျပြုံသို့ ကားစင်းလုံး ဝှာ၍ ခရီးဆက်ခဲ့သည်။

သျှိကို အားလုံးက ကိုရိုးယားမ ကလေးဟုပင် ထင်ကြ မြင်ကြ၏။ ညလုံးပေါက် ရခိုင်ရိုးမကို ကျော်ဖြတ်ခဲ့ သည်။ ဂျပြုံကိုဝင်တော့ နံနက် ၉ နာရီ နာဂစ်မုန်တိုင်းထိပြီး နစ်နစ်အတွင်း ပြုသည် အများကြီးပြောင်းလဲသွားခဲ့ သည်။ မေဦးခင်တို့ ခြံဝင်းရောက်ပြီး မိဓိအိမ်ကြီးကို မတွေ့ရ၊ အုတ်ပုံကြီး အဖြစ်သာ တွေ့ရသည်။ ထိုစဉ် ကလေး တစ်ဦး ခြံထဲမှပြေးထွက်လာပြီး -

"အဖွားရေ ခြံရှေ့မှာ TV ထဲက ကိုဇော်ဝေးမင်းသမီး ရောက်နေတယ်ဗျို့"

ထိုစဉ် အုန်းခြံနောက်ဘက်မှ အဖွားအိုတစ်ဦး ထွက်လာကာ သျှိကို တအံ့တသြကြည့်ရင်း -

"အို ကိုရိုးယားမကလေးပါလား။ ဘယ်သူနဲ့ တွေ့ချင်သလဲကွဲ့. မြန်မာ စကားကော ပြောတတ်သလား"

အိမ်လဲမတွေ့ရ၊ သားနှင့်ခင်ပွန်းကို လည်း မတွေ့ရသဖြင့် ရုတ်တရက် ရင်နာ ဆို့တက်လာသည်။ ကျလုလု မျက်ရည်ကို ထိန်းရင်း . . . "ယုသျှိ" ဟဝန့်ပင် "အဖွားရယ် ဒီခြံမှာနေတဲ့ ကိုပြုံနဲ့ အောင်တို့ကို တွေ့ချင်လို့ပါရှင်"

"ဟယ် မြန်မာစကားတတ်တယ် တော့ နေပါဦး သူတို့နဲ့တွေ့ချင်တာ ဘာ အကြောင်းလဲကွဲ့"

"ကျွန်မ သူငယ်နီး မေဦးခင်နဲ့ရန်ကုန် တက္ကသိုလ်မှာ ခင်ခဲ့ပါတယ်။ သူ့ကို အကြောင်း သိချင်လို့ပါ"

"ကိုပြုံနဲ့ သူသားကတော့ မရှိတော့ ဘူးကွဲ့. သူမိန်းမကတော့ နောက် ယောကျ်ားနောက် လိုက်သွားသလိုလို ပြောကြတာပဲ" မေဦးခင် တုန့်လှုပ် သွားသည်။

"ရှင် နောက်ယောကျ်ားနောက် လိုက်သွားတယ်? သူတို့သားအဖကော ဘယ်ရောက်သွားကြသလဲရှင်၊ ကျွန်မကို ကျေးဇူးပြု၍ ပြောပြပါလားရှင်"

"ကဲလာလာ ဘဲမှာထိုင်ပါဦး အဖွား ကတော့ ဒီခြံကို စောင့်ရောက်ဖို့ ကိုပြုံ ကတာဝန်ပေးခဲ့ကာပါကွယ်"

♦ ♦ ♦

၂၁၀၈ ခုနှစ် မေလ ၁ ရက် ညနေခင်း

အောင်သာဖြူ၏ ငါးဖမ်းစက်လှေ ညနေစောင်းတွင် ဂျပြုံသို့ ပြန်ပင်လာ

www.burmeseclassic.com

www.burmeseclassic.com

သည်။ အဲမ်ရောက်တော့ သား "အောင်" ကခြဲဝမှ ဆီးကြိုနေသည်။ မေဦးကို မတွေ့သဖြင့် အရီးစဲအား မေးမိသည်။ ကြီးစဲက -

"ငပြူးရေ နင့်မိန်းမတော့ သူအမေ ဆီက မသက်သာနေကြောင်း ဖုန်းလာလို့ ခုကိုခုချင်းပဲ သံပုံကား ရန်ကုန်အထင်း ကားနဲ့လှိုက်သွားတယ်ကွဲ့"

ကိုပြူး စိတ်မှာ ဝေဝေဝါဝါဖြစ်သွား သည်။ မိမိက **ကင်းပေါ်တက်ခဲ့စဉ်က ကားလမ်းပိတ်နေကြောင်း ဆီပ်ကမ်းမှ** ကြားခဲ့ရသည်။ သို့ဖြစ်၍ ဘာကားနဲ့မှန်း လိုက်သွားသည်ကို စုံစမ်းရန် မြို့အဝင် ကားဂိတ်သို့ ထွက်ခဲ့သည်။ ကားဂိတ် ကလည်း လမ်းပိတ်ကြောင်းနှင့် မေဦး ခ် ခေမင်းသားနှင့် ပါသွားမည်ထင် ကြောင်း ပြောခဲ့သည်။ ကိုပြူလည်း ဒေါသလည်းထွက်၊ စိတ်ကလည်းထွေ၊ ဝန်းအတွက်လဲ စိတ်ပူကာ ကားဂိတ် အနီး အရက်ဆိုင်တွင် အရက်ဝင် သောက်နေစဉ် ကျော်ဇင်တို့အဖွဲ့ အရက် ဆိုင်ကို တစ်ကြော့်ထပ်ရောက်ပြီး သောက်ကြစဉ် ကိုပြူကို ကျော်ဇင်လှတွေ့ သွားသည်။ မူးကလည်းမူး ရန်စ ကလည်းရှိပြီးတဲ့ ကျော်ဇင်လှက သူဘော် ဒါများကို မကြားတကြား ပြောကြားခဲ့ သည်။

"ဘော်ဒါတို့ ဆိုင်ထဲမှာ မိန်းမ နောက်ယောက်ျားနောက်ပါသွားတဲ့လူ ရှိတယ်ကွ"

"ဟား‥ဟား‥ဟား"

"ဟေ့ကောင် ကျော်ဇင် မင်းဘာ စကားပြောတာလဲကွ"

"ဟဲ့‥ဟဲ့ မင်းက မခံနိုင်လို့လား ကွ၊ မေဦး သူကိုကြီးကောင်း ဆိုင်ကယ် နောက်ပါသွားတာ ကောလို့ ကြောလို့ ဟဲ့ ဟဲ့ ဟဲ့"

"အဲဒီလား" ကိုပြူက ကျော်ဇင်လှကို **တိုးကြိတ်သည်ပဲ သူဘော်ဒါများကပါ ပါဝင်လာပြီး ရန်ဖွဲ့ခဲ့တော့သည်။ ကိုပြူဆေးရုံရောက်သွားကာ။ ကျော်ဇင်တို့ အဖွဲ့ အချုပ်ခံခဲ့ရသည်။ ကိုပြူကော်ရာ မပြင်းလှသော်လည်း** ဆေးရုံမှ ညအိပ်ရ သဖြင့် သား "အောင်"လည်း ဖခင်နှင့် ဆေးရုံမှာပင် ညအိပ်ခဲ့ရသည်။

♦ ♦ ♦

"ကလေးမရယ် **အဲဒီ**.ညမှာပဲ နာဂစ် မုန်တိုင်းက တိုက်လိုက်တာ ကိုပြူအိမ်လဲပြို သူအဒေါ်လဲဆုံးခဲ့တယ်။ သူတို့သားအဖတောင် ဆေးရုံမှာ ရောက်နေလို့ မသေတာကွဲ့၊ သူဇနီး ကလည်း သူတားမြစ်တဲ့ကြားထဲက ကိုကြီးကောင်းနဲ့ ဆက်ဆံရပါ့မလားလို့ အထင်လွဲ တစ်ပြိုင်လုံးကလည်း သွားပုတ် လေလွင့်ပြောကြတော့ ကိုပြူရှက်လည်း ရှက်ခဲ့တယ်ကွဲ့၊ နာဂစ်မုန်တိုင်းပြီးလို့ မကြာခင်မှာပဲ သူငါးဖမ်းစက်လေတွေ ရောင်းပြီး ရန်ကုန်ထွက်သွားတာပဲ ကွယ်"

မေဦးခင်သည် ကြားရသော ကြေကွဲဖွယ်သတင်း ခံစားရသော အထင်လွဲမှုတို့ကြောင့် ဝမ်းနည်း၍ တသိမ့်သိမ့်ငိုကြွေးရင်း . . .

"အဖွားရယ် ကိုပြူတို့ ရန်ကု ဘယ်အရပ် ပြောင်းသွားတယ်ဆို မသိဘူးလားရှင်"

"လိပ်စာတော့မသိဘူးကွဲ့ အေ ဒါနဲ့ ကိုပြူပိန်းပအရင် အလုပ်လုပ်ခဲ့ တွဲဘက်ကျောင်းက ဆရာတစ်ယော ကတော့ ကိုပြူနဲ့သားကို ရန်ကုန် ကျောင်းတစ်ကျောင်းရှေ့မှာ တွေ့ခဲ့တာ လို့ပြောတယ်။ ဘယ်ကျောင်းလဲဆို တော့ သူက ကားပေါ်က လှမ်းမြင် တာမို့ မသိခဲ့ဘူးလို့ အဖွားကြားတာ

သို့၏ မျော်လင့်ခြင်းတို့ တစ် ပြိုကွဲခဲ့ရပြီ၊ သို့ရာတွင် သားနှင့်ခင် အသက်ရှင်စွာရှိနေသေးကြောင်း သ သဖြင့် ဝမ်းသာမိသည်။ တစ်ဆ တည်းမှာ **ကိုပြူ၏ မိမိအပေါ်ထား** သည့် အချစ်တို့သည် အထင်လွဲ အမုန်းထုထည်အဖြစ် ပြောင်းခဲ့ပြီ သူမခံစားနားလည်ခဲ့သည်။ မေဦး ရန်ကုန်ချက်ချင်းပြန်ခဲ့သည်။ သံုးလ တစ်နှစ်နေခွင့် တောင်းခံရာ ဒေါက်ဝ လီမြောင်၏ ဝိတ်ဆွေ သံမှူးအကူအ ကြောင့် အလွယ်တကူ "ပာသို့" ရခဲ့

♦ ♦ ♦

အောင့်အသက် (၅)နှစ်ရှိပြီ ဖြစ်၍ သူငယ်တန်း သို့မဟုတ်တစ်တ ပညာ စသင်မည်ဟု မေဦးတွက် သည်။ ဘယ်ကျောင်း ဘယ်လိုခံ့ မလဲ၊ ရန်ကုန်ဆိုတာ လူဦးရေကလည် ငါးသိန်းကျော်၊ မြို့နယ်ပေါင်းကလည် အများသား‥ "မေဦးခင်"ပွဲစားမှ ဆင့် သီးခြားတစ်ထပ်တိုက်ကလေး

www.burmeseclassic.com

www.burmeseclassic.com

ပြောဆားခဲ့သည်။ နောက် "ပစ်ကပ်ကား ဖြူလေးတစ်စီးဝယ်ခဲ့သည်။ လုပ်ငန်းသဘော "ကိုရီးယားရေခဲမုန့်ဈေးကားလေး" မွေးစားဖခင်ကြီး၏ ထောင့်စေ့အောင်စီစဉ်ပေးလိုက်သော ငွေကြေးထုံလောက်စွာပါရှိမှု၊ မြန်မာပြည်၊ ရန်ကုန်ရှိ ကိုရီးယားအအေးလုပ်ငန်းမှ ရေခဲမုန့်မျိုးစုံ ဖေါက်သည်ယူကာ ကျောင်းတကာကျောင်းသို့ ရေခဲမုန့်ရောင်းရင်း သားနှင့်လင်ကို ရှာပုံတော်ဖွင့်ခဲ့သည်။ သားအောင်က "ရေခဲမုန့်" ကြိုက်သည်ကို၊

"ကလေးတို့ရေ ကိုရီးယားရေခဲမုန့်ကွဲအားပေးကြပါဦး"

ရေခဲမုန့်တင် ကားကလေးမှလည်း၊ တေးသံစုံက မြည်နေသည်။ ကလေးများကလည်း မေဦးခင်ကို ကိုရီးယားမလေး"ဟု ထင်ကာ အထူးအဆန်းဖြစ်အားပေးခဲ့ကြသည်။ တစ်ကျောင်းပြီး တစ်ကောင်း ရှာပုံတော်ဖွင့်ခဲ့သော်လည်း မတွေ့သေး။ မေဦး မြန်မာပြည်ရောက်သည်မှာ သုံးလပင်ပြည့်သွားပြီ။

♦ ♦ ♦

ဖေဖော်ဝါရီလ ကုန်သည့်နေ့ ကုက္ကိုင်းရှိ အထက်တန်းကျောင်း တစ်ခုရှေ့တွင် "သျှီ"၏ ရေခဲမုန့်ဈေးကားလေး ရပ်ထားသည်။ တေးသံစုံကလည်း ဖွင့်ထားလျက်၊ သျှီနှုတ်ကလည်း ကိုရီးယားမြန်မာ နှစ်ဘာသာဖြင့် -

"ကိုရီးယား ရေခဲမုန့်ကွဲ့ ကလေးတို့ အားပေးကြပါဦး" အသံကလေး တစ်ယွင်လွင် နံနက် ၈ နာရီကျော်တွင် သျှီ၏ ဈေးကားလေးနှင့် အတော်လှမ်းသောနေရာတွင် စလွန်းကား ထိုးဆိုက်လာသည်။ လာသမျှကား ဝင်သမျှ ကျောင်းသားတို့ကို မလွတ်တမ်း ကြည့်နေသော သျှီသည် ထိုကားလေးကို သတိထားကြည့်မိသည်။ ကားနောက်ခန်းတံခါးဖွင့်လာသည်။ ကလေးတစ်ဦး ကျောင်းဝတ်စုံဖြင့် ထွက်လာသည်။ ရှေ့ခန်းမှ ဒရိုင်ဘာက ထိုကလေးကို လက်တွဲ၍ ကျောင်းဆီလှမ်းလာသည်။ တဖြည်းဖြည်း နီးသထက်နီးလာသည်။ သျှီ၏နလုံးသား ဆတ်ကနဲ တုန်ခါသွားသည်။ သူမနှင့် ပေ ၂၀ မျှပင် မဝေးတော့ "အို သားကလေးအောင်" ပါလား၊ တစ်ဆတ်ဆတ်ခုန်နေသော သူမ၏ နလုံးသား၊ တစ်ကိုယ်လုံး သွေးတို့ ဆူပွက်ကုန်သည်။ ဝမ်းသာခြင်း၊ အံ့သြခြင်းတို့ဖြင့် သျှီသိုသောဘဝကို မေ့ကာ ပြေးဖက်ပြီး သားရေလို့ခေါ်ရလေမလား၊ မဖြစ်နိုင်သေးကြောင်း မေဦးခင်သိလိုက်သည်။ ဖြစ်ချင်ဇောကို ချုပ်တည်းကာ-

"သားတို့ရေ ကိုရီးယားရေခဲမုန့်ကွဲ့ ချောကလက်ရေခဲမုန့်လည်းပါတယ်"

သျှီအသံကို ကြားရသော ကလေးသည် သူကြားဖူးသော အသံဟုသိခဲ့သည်။ မေတ္တာလိုင်းတစ်ခုက သူ့အားရိုက်ခတ်မိသဖြင့် သျှီကို စူးစူးစိုက်စိုက် ကြည့်သည်။ သျှီ၏ ညှို့တောက်ပသော မျက်ဝန်းအစုံကို ကလေး၏စိတ်မှာ မြင်ဖူးခဲ့သယောင် ကလေးသည် သူ့ကို လက်တွဲလာသည့် အမျိုးသမီးကြီးအား လှည့်ကြည့်ကာ ပြောကြားခဲ့သည်။

"ဘ ဘ အောင်ရေခဲမုန့်စားချင်တယ်" သေချာသွားပြီ သူ့ယ်သူ "အောင်"တဲ့

"သားလေး လာလာ ချောကလက်ရေခဲမုန့်လည်း ပါတယ်ကွဲ့"

"ဟာကောင်းတာပေါ့ "အောင်"က ချောကလက်ရေခဲမုန့်ကို သိပ်ကြိုက်တာ၊ ဟင်အန်တီက TV ထဲက ကိုရီးယားမင်းသမီးလို လှနေပြီး မြန်မာစကား တတ်တယ်နော်"

"အင်းပေါ့သားရယ် အန်တီက မြန်မာလိုသင်ထားတာကို"

သျှီသည် အောင်ကို ရေခဲမုန့်ဘူးကမ်းပေးရင်း မျက်တောင်မခတ် ကြည့်နေသည်။

"ရော့ အန်တီ မုန့်ဖိုးပိုက်ဆံ" အန်တီက လက်ဆောင်ပေးတာပါကွယ်"

"ဟာ မရဘူးဗျ အောင့်ဖေဖေက သူများပစ္စည်း အလကားမယူရဘူးတဲ့"

"ကဲ ကဲ ယူပါ့မယ် "သား" က ဒီကျောင်းမှာ နေတိုင်းတက်ရလား"

"ဟုတ်ကဲ့အန်တီ" သျှီသည် မခံစား နိုင်တော့သည့်အဆုံး "အောင်"ကို ပွေ့ဖက်နမ်းမိရင်း အောင်၏ အုပ်ထိန်းသူ ဒရိုင်ဘာကို ကိုရီးယားစရိုက်ဖြင့် အရိုအသေပေးရင်း -

"တောင်းပန်ပါတယ်ရှင် ကျွန်မ ချစ်လွန်းလို့ပါ"

"အို ကိစ္စမရှိပါဘူးခင်ဗျာ"

အောင်၏ စိတ်ခံစားမှုမှာလည်း ငယ်စဉ်က မေမေ မေဦး၏ ကိုယ်သင်း

www.burmeseclassic.com

www.burmeseclassic.com

လိုမျိုးကို ရှုံ့ရှိုက်မိရင်း ဝိန်းမော သွားသည်။

"သားရေ နောက်နေ့ကျရင် လာ ယင်ဦးနော်" အောင်က ပါးစုံနှစ်ဖက် ဖောင်းဖောင်းခြင့် ပြုံးပြရင်း"

"လာမယ် အန်တီ အန်တီ ပြွေး ပြွေးပေးတာ "အောင့်" မမေ့ရဘူး"

♦ ♦ ♦

မဆုံနိုင်တော့ အောင်ဖြစ်ခဲ့ရသည့် ဘဝတွင် မေဦးအပ် တစ်ပြန်လည် သို့ သားကိုခေါ်ခြင်း ရည်ရွယ်ချက်သည့် ဖြစ် နှင့်။ ထိုနေ့ကတွင်းဆင်းချိန် အိမ်ကို ပြန်အလာပြန်ခဲ့ရသည်။ သူမ၏စိတ်သည် အဆောင်နှင့်အတူ ပါသွားတော့သည်။ နောက်တစ်နေ့တွင် တက်ကြွလန်းဆန်း နေသော သို့သည် သားလာမည့် ကျောင်းသို့ စောစောကြီးတင်ရောက်ခဲ့ သည်။ ကားတစ်စင်းပြီး တစ်စင်း ဆိုက် ရောက်လာပြီး ကျောင်းသားများကားမှ ဆင်း၍ ကျောင်းသို့ဝင်ခဲ့ကြပြီး ကျောင်း ဝင်ပေါက်မှ စေ့စေ့စပ်ကြည့်နေသော သို့သည် ကျောင်းတက်ခေါင်းလောင်း ထိုးပြီးသည့်တိုင် "အောင်" ပေါ်မလာခဲ့ ပေ။ သားအပေါ် မေတ္တာစိတ်ကြောင့် စိုးရိမ်ပူပန်မှုများ သို့ရင်မှ ခံစားရသည်။ အောင့်လိပ်စာ မေးမမိသဖြင့်လည်း ဘယ်လိုက်ရမည်ကို သို့မသိ၊ လိပ်စာ သိတောင်မှ လိုက်၍ မဖြစ်သေး။ ထိုနေ့ အချိန်တန် အိမ်ပြန်ရတော့လည်း သို့၏ စိတ်ကို သားကပင် စိုးမိုးထားခဲ့သည်။ သားကိုတွေ့လျက် မကြင်သာသည့် ဖိစီ ဘဝအဖြစ်ကို သို့သည် ဝမ်းနည်းမိ သည်။ ကြမ္မာဆိုးရယ် ဘယ်တော့မှ ပြီးပါ့မလဲကွယ်။

တတိယနေ့ မေဦး ခါတိုင်းထက် အောင့်ကျောင်းကို စောစောရောက်နေ သည်။ စိတ်ထဲမလည်း -

"သားလေး ကျောင်းလာပါ့မလား။ အရင်တုန်းက တယည့်တော်အား သားနဲ့ ထွေ့ခွင့်ပေးသလောက်တော့ သားနဲ့ ဆုံရမှာ။ ခုနေဘာင်းရေရွတ်ပိသည်။ ထိုစဉ် မလှမ်းလှသော နေရာဆီမှ အသံစူးစူးလေး သို့ကြားလိုက်ရသည်။ ထိုအသံသည် သူမထံသို့ လွင့်လာ သည်။

"အန်တီ...ကိုရီယားရေ...အန်တီ ကိုရီယားရေ" သားအောင်၏ အသံ မေဦးသည် အသံလာရာအပြေးသွား၍ အောင့်ကို မချီပွေ့တင် သိုင်းဖက်ပြီး မိမိ၏ပခုံးပေါ် သားရဲ့ခေါင်းကလေးကို မှေးတင်ထားရင်း...

"မနေ့က သား ဘာလို့ကျောင်း မတက်တာလဲကွယ် အန်တီတစ်နေကုန် ပဲစောင့်နေတာ"

"အန်တီရယ် သားကျောင်းမယ်ကွက် ချင်ပါဘူး။ ဖေဖေနေမကောင်းလို့ ဆေးခန်းသွားခဲ့တော့ သားကို ကျောင်းပို့ မယ့်ကားမရှိတော့လို့ ကျောင်းမတက်ရ တာပါဗ" မေဦးရင်ထိတ်မိသည်။ ကိုဇြူး ဘာများဖြစ်လို့လဲ"

"ဖေဖေက တစ်ခါတစ်ခါ စိတ်ညစ် တယ်ဆိုပြီး အရက်တွေ အများကြီး သောက်တယ်။ အဲဒါဆိုရင် နောက်နေ့ ကျဖျားရော။ အဲအန်ဒုံးပြုရာပါ "အောင်"တော့ ဖေဖေအရက်သောက် ရင်အကြိုး စိတ်ညစ်တယ် အန်တီရာ ကိုဖြူးအရက်အလွန်သောက်ခြင်းသည် မိမိနှင့် ဆက်စပ်နေကြောင်း မေဦး သဘောပေါက်သည်။ တစ်ဖန် သားကို မေးသည်။ "သားမေမေ မရှိဘူးလား ကွယ်"

"သားမေမေက မရှိတော့ဘူးလို့ ဖေဖေကပြောပါတယ်။ သိပ်လဲမမေး ဘူးအန်တီရဲ့ မေမေအကြောင်း မေးရင် ဖေဖေက "မမေးနဲ့ကွာ" လို့ အမြဲဆူလို့ သားလည်း မမေးရဲတော့ဘူး"

"အော် သားရယ် "အောင်"က အန်တီလာလို့ မျက်ရည်ဝဲနေတာလည်း သားကို ရေခဲမုန့် ပေးဦးလေ သား ကျောင်းကာ်ချိန် နီးနေပြီ အန်တီရဲ့"

"ဟုတ်ပါရဲ့သားရယ်၊ ကဲရောဒေါ မုန့်ဘူး၊ သားအိမ်လိပ်စာပေးခဲ့ပါဦး အန်တီ သားတို့အိမ် လာလည်လို့ အောင်ကွယ်၊ အောင်သည် စိုးစိုးရွံ့ရွံ့နှင့် စကားဆိုသည်။

"ဖေဖေကို မေးကြည့်ဦးမယ် အန်တီ၊ ဖေဖေက ပိန်းမဆိုသိပ်အကြည် ဘူးဗျ၊ အိမ်မှာ ပိန်းမဆိုလို့ အဖေးနှင့် ပေးတဲ့ ဒေါ်ငြိမ်းပဲရှိတယ်"

"ဒါဆို ညနေကျောင်းဆင်းရင် ရေခဲမုန့်လက်ဆောင်လဲပေးလိုက်မယ် သားဖေဖေကိုလည်း အန်တီ အိမ်လာ လည်ခွင့်ရအောင် ပြောပေးကွယ်"

"ဟုတ်ကဲ့ အန်တီ"

အန်တီကိုရီးယားဟု ထင်ပြင့် သို့ခြင်းအားသော မေမေ မေဦးခင်ဗျာ

www.burmeseclassic.com

www.burmeseclassic.com

မေဦးခင်အပေါ် အမုန်းကွန်ပြင့်ပုံထားသော ကိုဖြူကို "ကျွန်မ မေဦးခင်ပါရှင်လို့" ပြောလိုမရ၊ ဘယ်မှာလည်း မေဦးခင်မျက်နှာ၊ မေဦးခင်မျက်နာနှင့် ယူဆိုတာတောင် ကိုဖြူရင်မှာ အမုန်းတွေကို ဘာနဲ့လွှင့်ထွက်အောင် လုပ်နိုင်မှာလဲလေ၊ ဆွေးခဲ့သော်လည်း ကွာရှင်းဆယ် အပြုံးဖြင့် မေဦးခင်က "သို့ကာ တောင်ကိုရီးယားကပါ ဆိုးလိမ့်မှာနေပါတယ်ရှင်၊ အခုမြန်မာပြည်လာတာက (အာရုကလေးများ၏ ပညာရေးနှင့် မိဘ/ဆရာဆက်ဆံရေး)စာတမ်းအတွက် လေ့လာဖို့လာတာပါရှင်၊ ဒီတိုင်း အသားလွတ်လျှောက်မေးလျှောက်ကြည့်နေမယ့်အစား အခုဒီကလေးအကြိုက် ငေးနေရောင်းရင်ဆိုတော့ ကလေးပဲတွန့် အလွယ်တကူထိတွေ့နိုင်တာပေါ့ မစွတာဖြူ" ကိုဖြူသည် ယုသို့၏ အသံလေယူလေသိမ်းတို့ကို ဂရုစိုက်နားထောင်ရင်း ကာလကြာမြင့်စွာ ကြားဖူးခဲ့သည့် လေယူလေသိမ်းကို အသစ်ခံစားမိသည်။

"ဒီရောက်တာ ကြာပြီလား၊ မစွယုသို့၊ ဘယ်မှာတည်းလို့ စာတမ်းလည်းစုံပြီလား၊ဗျ"

"မင်္ဂလာခုံမှာ တိုက်ပုလေးတွေးထားပါတယ်ရှင်၊ စာတမ်းကတော့ မစုံသေးပါဘူး သို့ပေမဲ့ရောက်တာ သုံးလရှိပါပြီ မစွတာဖြူ"

ကိုဖြူနှင့် သားလေးအောင်တို့သည် မစွယုသို့ကို ရခိုင်ငါးပိထောင်းရောက်သီးပင်းချို ကြက်ပိုသား အပါ

အောင်တို့နှစ်ဦး၏ မေတ္တာနယ်သည် ဘွယ်သည်ထက် တွယ်ခဲ့ နွယ်ခဲ့လေပြီး

သို့ခေါ် မေဦးနှင့် အောင်တွေ့ခဲ့ပြီး တစ်လခန့်ကြာတော့ အောင်က ဖေဖေကိုဖြူကို -

"ဖေဖေ သားတို့ကျောင်းမှာ ရေခဲမုန့်ကို ကားနဲ့ရောင်းတဲ့ ကိုရီးယားတစ်ဦးရှိတယ် ဖေဖေ၊ သိပ်ခင်ဖို့ကောင်းတာပဲ၊ TV ထဲက ကိုရီးယားဇင်သမီး ( )အတိုင်းပဲ ဖေဖေရဲ့၊ သူက "သား "အိမ်ကိုလာလည်ချင်လို့တဲ့ ဖေဖေခွင့်ပြုပေးပါလားဟင်" မိမိစိတ်ကို သိသော်လည်း အောင်လေး၏ ကိုရီးယားမလေးအပေါ် ခင်မင်မှုသည် ကြီးမားကြောင်း ယူဆမိသော ကိုဖြူသည် သားစိတ်မကောင်းဖြစ်မည်စိုးရိမ်သဖြင့်

"သားနဲ့ သိပ်ခင်နေရင်တော့ ဆန်းဒေးမှာ မင်းအန်တီကိုရီးယားကို အလည်ဖိတ်ပေါ့ကွာ"

◆ ◆ ◆

ဖေဖေ၏ ခွင့်ပြုချက်ကြောင့် အိမ်အလည်လာမည့် အန်တီကိုရီးယားအလာကို "အောင်" ပန်းခြံထဲ ထိုင်ခုံမှ ထိုင်ရင်းစောင့်မျှော်နေသည်။

"ပွမ်..ပွမ်..ပွမ်" ကားဟွန်းသံ အောင်ကြားကြားခြင်း ပန်းခြံမှ ခြံတံခါးဆီပြေးထွက်ရင်း -

"လာပြီဗျို့ အန်တီကိုရီးယားရေ ဖေဖေရေ ညည့်သည်လာတယ်ဗျို့"

အောင်သည် သို့ကို အော်ဟစ်ကြိုဆိုသကဲ့သို့ ကိုဖြူကိုလည်း တစ်ဆက်တည်းအသိပေးခဲ့သည်။ ခြံတံခါးဖွင့်ပေးရင်း အောင်က -

"လာပါ့မလားလို့ မျှော်လိုက်ရတာ အန်တီကိုရီးယားရယ်"

"လာမှာပေါ့ကွယ်" အောင်၏အော်သံကြောင့် အောင်သာဖြူ အိမ်မတံခါးဖွင့်ချိန်ကြိုနေသည်။ သားကိုလက်ဆွဲ၍ သူဆီလျှောက်လှမ်းလာသော "ကိုရီးယားမလေး"သည် လှပလွန်းလှသည်။ ဝိုသောရင်၊ ကျဉ်သောခါးနှင့် ရင်ဖိုဖွယ်တင်သားတို့ဖြင့် ပြီးပြည့်စုံသောအလှကို ကိုဖြူမြင်သော်လည်း ဝိုးကိုရီးယားမလေး၏ ညို့မှောင်သော မျက်ဝန်းနှင့် လေဖြင့်လွင့်နေသည့် ဆံကေသာတို့သည် တစ်ခါတုန်းဆီက မြင်ဖူး ထွေးမွေ့ယုယခဲ့ဖူးသူတစ်ဦး၏ အလှတရားများနှင့်တူလှသည်ဟု ကိုဖြူထင်မိသည်။ အိမ်တံခါးမသို့ သို့နှင့်အောင် ရောက်တော့ -

"ကြိုဆိုပါတယ် မစွယုသို့" ကိုဖြူကနှုတ်ဆက်တော့ သို့က -

"ကျေးဇူးတင်ပါတယ် မစွတာဖြူ၊ လာလည်ခွင့်ရလို့လည်း ဂုဏ်ယူပါတယ်"

မစွတာဖြူနှင့် သို့တို့၏ တွေ့ဆုံနှုတ်ဆက်ပုံကို အောင်သည် အပျော်မျက်နှာဖြင့် ကြည့်နေသည်။ သုံးဦးသားဆိုဖာပေါ်အသီးသီး၊ ထိုင်ကြပြီးတော့ ကိုဖြူက -

"သားအောင်က မစွယုသို့ကို အတော်ချစ်တယ် ထင်တယ်ဗျာ၊ မစွသို့ကမြန်မာပြည်မှာ ရေခဲမုန့်ကုမ္ပဏီရှိလို့လား၊ ရေခဲမုန့်စီးပွားရေးအတွက် လာတာလားဗျာ"

www.burmeseclassic.com

www.burmeseclassic.com

အဝင် စားဖွယ်စုံဖြင့် ထမင်းကျွေး
ကြေးခံရင်း ချွေးတလုံးလုံး နှုတ်ခမ်းမှ
တစ်ရှူးရှူးခတ်သဖြင့် ရေသောက်နေရ
သောမစ္စတာသို့ကို အောင်တို့ သားအဖ
ကြည့်ရင်း တဟားဟား သဘောကျခဲ့
သည်။ သို့ကလည်း သို့ဘဝကို မေ့ထား
ကာ မေဦးခင်၊ သားအောင်နှင့် ကိုဖြူ
တို့မိသားစု ထမင်းဝိုင်း စားနေသည့်
အလား အားပါးတရ စားခဲ့သည်။
ထမင်းစားပွဲပြီးတော့ ကိုဖြူက-

"အတော်ထိလွယ်းပဲလား မစ္စယုသို့
အခုသို့စားတာ ကျွန်တော်တို့ ရိုးရာ
ဓလေ့ အစားအစာတွေပဲမှ၊ ကျွန်တော်
စီစဉ်ညွှန်ကြားပြီး ဒေါ်ငြိမ်းပုံလက်ရာပေါ့
ဗျာ၊ ကောင်းရဲ့လားဗျာ၊ အပျော်
မျက်နှာပဲ ပြသွဲ့ခင်ဗျာ"စကား သို့က -

"အိုကေတာ့ မစ္စတာ ဦးဖြူ ဒါနဲ့မ
စာတမ်းအတွက် "အောင်"ကို ဗျူးဖို့
မကြာခဏ လာလည်ခွင့်ပေးပါ မစ္စတာ
ဖြူ ကျွန်မတောင်းဆိုပါတယ်"

မစ္စယုသို့နှင့် နာရီပိုင်းသာ တွေ့ရ
စကားပြောရ ညှိခဲ့ကွေးမွေးရသော
အချိန်တို့သည် ကြာလှသည် မဟုတ်
သော်လည်း ဝမ်းသာခြင်း ကြည်နူးခြင်း
ထပ်၍ထပ်၍ ဆုံဆည်းလိုသော ဆန္ဒ
များက ကိုဖြူစိတ်ကို အတင်းဆွဲဆောင်
နေပြန်သည်။ ဒီအချိန်တွေကို ကြာကြာ
ဆန့်ထုတ်ရင် ခကာင်းပါရဲ့ဟု ကိုဖြူ
အတွေး စဉ်းစားရင်း မစ္စယုသို့၏
တောင်းဆိုသည့် အိမ်လာလည်ခွင့်ကို
ပေးခဲ့သည်။

◆ ◆ ◆

ကြမ္မာ၏ချုပ်ရာမှာ ကွဲကွာခဲ့သည့်
မိသားစု ပြန်ဆုံတော့လည်း လူမျိုးခြား
မိတ်ဆွေလို ပြန်ဆုံစည်းခဲ့ကြသော
ကိုဖြူ အောင်နှင့် မစ္စယုသို့ဟု သူတို့
သိထားသော မေဦးခင်တို့သည် အတူ
တကွ ပျော်ကြ/လည်ပတ်ကြနှင့် ရင်းနှီး
မှုခိုင်ခဲ့ကြသည်။ "အောင်"၏ နွေ
ကျောင်းပိတ်ရက်များတွင် တောင်ကြီး၊
အင်းလေး၊ မန္တလေး စစ်ကိုင်းတောင်၊
မုံရွာသမ္မာဒွေး၊ မေမြို့ပိတ်ချင်းမြောင်း၊
ဆံတော်ရှင်ကျိုက်ထီးရိုးစေတီ အားလုံး
ဆီသူတို့ ဘုရားဖူးရောက်ခဲ့ကြသည်။
တောင်အလယ်မှာ တိပ်မြူးဆိုင်းသော
ကမာဝက်ရွာရှိ "ကျိုက်ကမော့စေတီ"
ရောက်တော့ နှင်းဝေသော တောင်ခြေ
တောတန်းစီမံးစီမံးကို လှမ်းကြည့်ရင်း
ကိုဖြူသည် ဂွမ်းတောင်ကုန်းတစ်ခုပေါ်
မှအတူတကွ ပင်လယ်ပြင်စိမ်းပြာပြာကို
ကြည့်ရင်း မိန့်မောစွာ မေဦးခင်ကို
ချစ်ရေးဆိုခဲ့၊ သူမက ငြင်းပယ်ခဲ့သည်
များသတဲ့ရခဲ့ပြန်သည်။ ထိုခံစားချက်မျိုး
ကပင် စေစားခြင်းကိုဖြူခံစားခဲ့ရသည်။
မစ္စယုသို့ကလည်း အဝေးသို့ ငေးကြည့်
နေစဉ် ကိုဖြူက -

"မစ္စသို့ ခင်ဗျား အခုလိုအကြောကြီး
ကိုရီးယားက ခွာလာရတော့ မိသားစုကို
လွမ်းမှာပဲနော်"

"ကျွန်မက စင်ကယ်ပါ မစ္စတာဖြူ
ဖေဖေကတော့ ဆိုးလ်မြို့ ဗဟိုဆေးရုံမှာ
ခွဲစိတ်ဆရာဝန်ကြီးပါ၊ မေမေကတော့
မရှိပါဘူးရှင့် သို့ကိုသာ မေးတယ်၊
မစ္စတာဖြူကမကာ အိမ်ထောင်ထပ်
မပြုတော့ဘူးလား" သို့ခေါ် မေဦးခင်
စကားနှိုက်သည်။ ကိုဖြူက-

"အေးဗျာ ကျွန်တော့်ဝန်း မေဦး
အပေါ်ချစ်ခဲ့တဲ့ အချစ်တွေဟာ နာကြည်
မှု ခံသီးတာတွေ မပျောက်သေးဘူး
ဒါပေမယ့် သူကို မုန်းခဲ့ပြီလားဆိုတာ
ဝေခွဲမရသေးဘူး၊ ဒါကြောင့် အသ
ယူပြီး ထပ်တွေ့ရမယ့် ဒုက္ခကိုရင်မဆိ
ချင်တာရယ်၊ အချစ်နဲ့အမုန်းဝေခွဲ
တော့တဲ့ ကျွန်တော့်ဘဝမှာ မေဦး
ကို တစ်ဖက်သတ်ချစ်ခဲ့ ရယူခဲ့
ခင်ပွန်းတစ်ဦးအဖြစ် သစ္စာရှိ
နေချင်ပါတော့တယ်ဗျာ" သို့သည်ကို
၏တွေးတောမှတ်သိ၊ မသိစိတ်
ဆင်ခြင် မှတ်သိဆုံးဖြတ်သည့် သိစိ
တို့၏ လွန်ဆွဲမှုနယ်၏ ဗဟိုတွင်ရှိ
ဟုယူဆမိခဲ့သည်။ မေဦးနှင့် ကိုဖြူ
သည် မြတ်နိုးဖော်၊ ကြင်နာဖ
အားပေးဖော် နှစ်သိမ့်ဖက်၊ ငယ်နည်
ဖော် ဝမ်းနည်းဖက်၊ ဆင်းရဲဖော် ဆင်
ဖက်ဖြင့် ထူထောင်ခဲ့သော အိမ်ထော
တစ်ခု မဟုတ်ခဲ့၊ ကိုဖြူ၏ ရင်းနှီးတွ
တာခဲ့သည့် တစ်ဖက်သတ်အချစ်၊ မိ
ကရုန်းထွက် ငြင်းမရသည့် မလွန်ဆ
နိုင်သော အကြောင်းများကြောင့်သ
ကိုဖြူကို လက်ထပ်ခဲ့သည်။ သူကို
"ချစ်သူ" ဆိုသည့် အဆင့်တော့မ
သို့ရာတွင် ဇနီးတစ်ဦး၏ တာ
ဝတ္တရားများတော့ မပျက်ခဲ့ဘဲ ဖြူစင်
ရှိခဲ့သည်။ မိမိယောင်္ကျားပြီဆိုတော

www.burmeseclassic.com

www.burmeseclassic.com

အသည်းပေါက်မတတ်၊ သူကို ချစ်မိ
ကြောင်းနှစ်များလည်းကြာ၊ ဘဝခြား
သလိုဖြစ်တော့မှ မိမိ၏ပကတိအမှန်ကို
ဆားနာလည်လာခဲ့သည်။ အော် အချစ်
ဆိုတာ ပညတ်ခံစားချက်သက်သက်၊
ဒိဋ္ဌကသာ လက်တွေ့ဘဝနဲ့ လိုက်
ဖက်ညီထွေအောင် ထိန်းကွပ်လမ်းခင်း
ဆားလို့သာ လှလှပပလေးဖြစ်တည်နေ
အပါကလား။ ယခုတော့ ကိုဖြူစိတ်ကို
ကိုဖြူဖိစီပေါ်ရှိ ပညတ်ခံစားချက်
အချစ်တို့သည် အမှန်းကွန်က ဖုံးထား
ဆဲပြီ . . .

မိုးဦးပင်ဝင်လေပြီ၊ သို့သည် ထို
နေ့က ကျောင်းပိတ်ရက်လည်းဖြစ်၊ မိုး
ကလည်းသည်းနေလို့ မိမိအိမ်ကလေး
တွင်းပင် အခန်းအောင်းနေသည်။ ထိုင်ရာ
မိမိ၏လက်ကိုင်ဖုန်း မြည်လာသည်။
သူမ လက်ခံနားထောင်တော့ "ဟဲလို
အန်တီကိုရီးယားလားဟင်" အောင့်၏
အသံကလေး "ဟုတ်ပါတယ် သားရေ
အာများဖြစ်လို့လဲကွယ်"

"အန်တီရေ . ဖေဖေအရက်အရမ်း
သောက် လဲနေလို့ပါ အန်တီလာကူပါဦး"

"ကားဆရာတို့ ဒေါ်ဂွမ်းပုံတို့ မရှိ
ကြဘူးလားအောင်"

"သူတို့လည်း ကျောင်းပိတ်ရက်မှာ
အိမ်က လုပ်စရာတွေလုပ်ပြီး သူတို့အိမ်
ပြန်ကြတယ်ဗျ၊ အန်တီလာခဲ့နော် သား
တစ်ယောက်တည်း ကြောက်လို့၊ မိုး
ကလည်းအရမ်းရွာနေတယ်"

အောင်ကလေး ငိုဆိုင်နေရပုံကို
သို့ချက်ခြင်းနားလည်သည်။ သားအပေါ်
စိုးရိမ်စိတ် ခင်ပွန်းသည်အပေါ် သောက
အမြန်ဆုံး သားဆီ မိမိကားဖြင့် လာခဲ့
သည်။

"အန်တီ ကိုရီးယားရေ လာဗျို့
လာဗျို့" အောင်က ခြံဝမှာ ထီးကလေး
ဆောင်း၍ သူမကို စောင့်နေရှာသည်။
စောစောကငိုမဲ့မဲ့ မျက်နှာလေးသည်
ယခုတော့ အားတက်နေသည့် အောင်
၏အပြုံး အိမ်ထဲရောက်တော့ အောင်က

"လာလာအန်တီ ထမင်းစားခန်းထဲ
မှာ" အောင်၏ပြောသံကို မိုးသံသဲသဲ
ကြားမှ ကိုဖြူ မူးမူးနှင့် ကြားလိုက်ရင်း-

"ဘယ်က အန်တီလဲကွ၊ မလာနဲ့
မိန်းမဆို ငါမုန်းတယ်"

အရက်ပုလင်းခွံများ။ ဖန်ခွက်နှင့်
ဆော်ဒါပုလင်းတို့ အန်ဖတ်တို့ဖြင့် ကြမ်း
ပြင်တွင် အလဲလဲအကွဲကွဲ ဖြစ်နေသော
ကိုဖြူ့ မေဦးသန့်ရှင်းရေးလုပ်ပေးသည်။
မနိုင့်တနိုင် ကိုဖြူကို အခန်းဆီ ပင့်မ
ချီတွဲစဉ် -

"ဘယ်သူလဲကွ ငါ့ကို တွဲတာ
ဒီကိုယ်သင်းနဲ့ ငါသိတယ်၊ မေဦးလား
မဟုတ်ဘူး မင်းကသေပြီပဲ၊ သွားသွား
ငါ့နားမလာနဲ့၊ မင်းကိုမုန်းတယ် မုန်း
တယ်"

"မစ္စတာဖြူ ကျွန်မသို့ပါ ရှင်သိပ်
မူးနေဘို့ သက်သာအောင်၊ လာကူတာ
ပါ"

ကိုဖြူထံမှ စကားပြန်ပင်မရ၊ သူမ
နှင့်အတူ ဧရွက်ဆွဲပါလာသည်။ မိမိ
ကြောင့် ခင်ပွန်းသည် အရက်သမားဖြစ်၊
ခံစားနေရပုံကို လက်တွေ့မြင်တော့
မေဦး ရင်နင့်မိသည်။

မူးမူး မောမောနှင့် ကိုဖြူခုတင်ပေါ်
လဲကျသွားသည်။ တင်ကိုယ်လုံးလည်း
အေးစက်နေလို့၊ မေဦးသည် တစ်ခါ
တုန်းက "ချစ်လင်" ကို ယခုမှပဲ အချစ်
တွေ့ဖြင့် သိမ်းကျုံးပွေ့ဖက်၍ နွေးထွေး
စေသည်။ ကိုဖြူ သိမသိတော့ သူမ
မသိ၊ သူမသိတာက ရင်ခုန်လှုပ်ရှား
နေသော အာပို့မလိုခံစားချက် အသိ
အချစ်။

စောစောက သည်းကြီးမဲကြီးမိုး
သည် ယခုတော့လည်း ဂ္ဂန္ဓမိုရိုရှိ တစ်
ဖွဲဖွဲ မိမိရင်ငွေ့ကြောင့် နွေးထွေးအိပ်
ပျော်သွားသော ချစ်လင်၏မျက်နှာကို
အားပါးတရ သူမကြည့်သည်။ အချစ်
ဆိုသော အရာမရှိတဲ့ အနမ်းတွေသာ
ခံစားခဲ့ရသော မေဦးသည် ယခုထော့
ရင်ခုန်သောအချစ်ဖြင့် ကိုဖြူ့ကို ဖိနမ်း
သော အနမ်းတွေ နွေးထွေးနူးညံ့စွာ ပေးခဲ့
သည်။ မိမိအဖြစ် မိမိစဉ်းစားရင်း ကိုယ့်
လင်ကိုယ်ခိုးနမ်းရတာ ရယ်စရာတော့
အကောင်းသား။

ညသည် စလာချေပြီ။ မိုးကလည်း
အဝေးသို့ပြေးသွားသည်။ သိစိတ်ကိုယ်
ခန္ဓာဖြင့် သူအားဖက်ထားသော သူမ၊
မသိစိတ်ကိုယ်ခန္ဓာဖြင့် မေ့မော၍
တုံ့ပြန် တင်းကြပ်စွာ ပွေ့ထားသောသူ
မသိစိတ်ကို နီးထစေသော ကိုယ်သင်း
ရနံ့၊ သူတို့၏ ခန္ဓာရော ဝိညာဉ်ပါ
တစ်ထပ်တည်းကျကာ အချစ်အစ္စ
လေးတစ်ခုဆီ ရောက်ရှိသွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ကိုဖြူက အိပ်မက်လေလား ဟုထင်မည်။ မေဦးသိသည်။ မိမိကတော့ ချစ်ရည်လွှမ်းသော နလုံးသားဖြင့် ကျွန်မ၏အပေးဆပ်ခံသည်။

♦ ♦ ♦

ညဉ့်အမောင်ပြယ်၊ အလင်းရောင်ပစီသေးခင်မှာပင် မေဦးနိုးသည်။ ကိုဖြူကို မနိုးရက်၊ လွှတ်သည်ရက်နဲ့ နေမိသည်။ မိမိဦးခေါင်းမှမှန်ဆင်ခဲ့သော စံပယ်ဖြူခွေးတွေကိုသည် ကိုဖြူ့အကောက်ပြန်ကြဲလျက်၊ သို့ဟုသူသိသော မေဦးရင်ခုန်ရက်ရွံခြင်း မည်သို့မျက်နှာချင်း ဆိုင်ရပါမလဲဟု မစွဲခြားနိုင်သော အတွေးဖြင့် ကိုဖြူနှင့် သားတို့မနိုးခင် မိမိအိမ်သို့ပြန်ခဲ့သည်။

ကိုဖြူ အိပ်ရာထ အတော်နောက်ကျခဲ့သည်။ အနံ့မပျယ်သေးတဲ့ စံပယ်လေးတွေ တွေ့တော့ "ဆတ်ကနဲ" အိပ်ရာမှခေါင်းထောင်ထမိသည်။ မနေ့ညက အကြောင်း ပြန်စဉ်းစားမိသည်။ ဘယ်ကလာ၍ ဘယ်သူစံပယ်တွေလဲ "ကျွန်မသို့ပါလို့"လဲ ကြားမိသလို နွေးထွေးသော အနမ်းများ အိပ်မက်လား တကယ်လား ဝိုးတဝါး အလန့်တကြား သားကိုအော်ခေါ်မိသည်။

"အောင်ရေ အောင်ရေ·သားလာပါဦးကွာ"

"လာပြီ ဖေဖေ လာပြီ"

"မနေ့ညနေက ဘယ်သူလာသေးလဲသား မင်းအန်တီကိုရိုးယား လား"

"ဟုတ်တယ် ဖေဖေ၊ ဖေဖေက မူးလဲနေတော့ သားက ဘာမှမကူညီတတ်တော့ဘူး။ ဒါနဲ့ အန်တီဆီဖုန်းဆက်ခေါ်ရတာပါ သားကို စိတ်မဆိုးပါနဲ့"

"မဆိုးပါဘူး အောင်ရာမင်းအန်တီ ဘယ်အချိန်ပြန်သွားလဲ"

"သားတောင်မနိုးသေးဘူး ပြန်သွားတယ်ဖေဖေ"

ကိုဖြူဝိုင်၍ ညကအကြောင်း ပြန်ပြောမိသည်။ မိမိ အိပ်မက်မက်ခြင်းပမာ ဘာမှ မှီးခစ်တယ်လာခဲ့သည်။ ကျန်တဲ့အနံ့အလွှမ်း ပျောပျောခြင်းတွေဟာ ဘာကယ်ပြုခဲ့သေးလား မဝေခွဲတတ် မိမိ အလွန်အလွန် မူးခဲ့သည်ကို . . .

"ဘုရား . . ဘုရား ငါသို့ကိုများ ဘာပြုလုပ်မိပါလိမ့်" နှုတ်မှ ရေရွတ်မိတော့၏။

သားနှင့်ကိုဖြူအိမ်မှ ပြန်ကတည်းက သို့အအေးမိဖျားတော့သည်။ သားရှိရာကျောင်းသို့လည်းဈေးရောင်းမထွက်နိုင်တော့ အိပ်ဖော်ကလေးနှင့် ဆေးခန်းသွား၍ ဆေးထိုးသော်လည်း လူကထမရ၊ ဆရာဝန်ကလည်း တစ်ပတ်လောက်နားဖို့ အကြံပေးခဲ့သည်။ လူကလည်း မလန်းတော့ အားငယ်စိတ်တွေဝင်လာသည်။ ဤသို့ဖြင့် ကျောင်းတက်ရက်တစ်ပတ် ပြည့်သွားခဲ့သည်။

ကိုဖြူကလည်း မိမိ၏ဆုံခဲ့ရသည့် အဖြစ်အပျက်များကို စဉ်းစားရင်း သားအောင်ကိုလဲ မမေးရဲ လူကြီးသိကွာဆယ်နေရသည်။ စနေကျောင်းပိတ်ရက်တွင် "အောင်"ပန်းခြံထဲထိုင်နေတာတွေ့တော့ ကိုဖြူက "အောင်ရေ ဘယ်သူစောင့်နေတာလဲကွ" အသာလေးမေးတော့၊ ညီးငယ်သောမျက်နှာနှင့် သားက -

"အန်တီ ကိုရိုးယားများ လာပြီလို့ပါ ဖေဖေရာ၊ အန်တီ ကျောင်းမှန့်လာမရောင်းတာလဲ တစ်ပတ်တောင်ရှိနေပြီ၊ သားလွမ်းတာနဲ့ နေတာ"

"သား ဖုန်းဆက် မေးမကြည့်လားကွ"

"ဆက်ပါတယ်ဖေဖေ အန်တီ အိမ်ဖုန်းက အန်တီဖျားနေလို့ ဆေးသွားကယ်တဲ့"

"ဟေ . . ဟုတ်လား ညနေမင်းအန်တီအိမ် သွားကြတာ စောစောက ပြောရောပေါ့သားရဲ့"

"ဖေဖေ မကြိုက်မှာစိုးလို့ပါ"

♦ ♦ ♦

လူကဖျားတော့ စိတ်ကမေဦး၏ရှေ့ဆက်ရမည့် ဇာတ်လမ်းလည်း မတွေးတတ်၊ သူမနှင့် ကိုဖြူနယ်ကျံခဲ့သည်ကို သူသိပါရဲ့လား၊ ကို "ကိုရိုးယားမအပေါစားလို့" ထင်ပေပလား။ မိမိကစ ဖွင့်ပြောပါလည်း သူလက်ခံပါ့မလား။ မိန်းမဂ္ဂန္ဓြေကလည်းရှိသေး။ အတွေးတို့ယောက်ယက်ခတ် လုံးထွေးလာအထီးကျန်အားငယ်လာသည်။ မျှားလာလျှင် ကောင်းပါလေမျှော်အကွေးဖြင့် ငေးရင်း မျက်ကျခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ် ကားပွဲန်းသံနှင့်အတူ အောင့်၏ အသံစာစာလွင်လွင်လေး ကြားလိုက်ရသည်။

"အန်တီကိုရီးယားရော၊ သားတို့လာ ပြည်တယ်ဗျ"

သို့တစ်ကိုယ်လုံး ထူပူတောင့်တင်း အားရဝမ်းသာ အိမ်တံခါးပြေးဖွင့် ...

"ဟေး...သားရေလာလာ အန်တီ ပြည်မျှော်နေတာ" ဧည့်ခန်းတွင် အတူ ထိုင်တော့ ကိုဖြူက -

"မစ္စသို့ရယ် ဖုန်းဆက်လိုက်ရော၊ ကျွန်တော်တောင် မနက်က သားကြီးမှ သို့ဖျားနေကြောင်း သိရလို့ အံ့သြသွားခဲ့တာပါပဲ" ကိုဖြူက သို့ကို အံ့စိတ်ဖြင့် စေ့စေ့ကြည့်ရင်းဆိုသည်။ ဆက်တည်းပင် -

"မစ္စသို့ကြည့်ရတာ ဖြူဖြဖ်ဖြူဖြူ ဆုံခဲ့ အားနည်းနေပုံရတယ်၊ ဒီမှာ သည်းသို့တစ်ယောက်တည်းဆိုတော့ ကော် သိပ်ဖျားနေရင် အဖော်မရှိ ဘူးရှိခဲ့ ခက်မယ်"

ကျွန်တော်တို့နဲ့ကလည်း သည် ဆောက်ရင်းနှီးနေတာ၊ အားမနာပါနဲ့ ကျွန်တော့်ခြံမှာ ဘန်ဂလိုတစ်လုံးအား နေတယ်၊ ပြောင်းလိုက်ခဲ့ပျာ၊ ကျွန်းမာ ရေးတိုက်ချရတော့ ပြန်ပြောင်းပေါ့ဗျာ" ကိုဖြူက ဖိတ်ခေါ်တော့ သားလေး အောင်ကလည်း -

"ဟုတ်ပါတယ် အန်တီရာ သားတို့ အိမ်မှာနေရင်း ဆေးကုပေါ့၊ ကျွန်းမာ တော့မှဒီပြန်လာပေါ့နော်" မပြင်နိုင်သော မေတ္တာရောင်ပြန်က အောင့်ကို တိုက် တွန်းပြန်သည်။

ကိုယ့်လင် ကိုယ်ပြန်ကြွေးရုန်းနိုင် ဆိုက်သော မေဦးလည်းကျွန်းမာရေးက ချို့ယွင်း တကယ်လို့ မိမိသေသွားရင် ဘုရား...ဘုရား ဆက်မတွေးရဲ ကျော်သို့ဖြင့် နောက်ခဲလာနောင်ခါလေး သဘောထား ကာ အောင်တို့အိမ်ပြောင်းလိုက်ခဲ့သည်။

အောင်တို့ ဘန်ဂလိုတွင် သို့ နေကောင်းလိုက်၊ ပြန်လဲလိုက်နှင့် သုံးလ ကြာခဲ့ပြီ။ လူက နာလန်မထူနိုင်တော့ သည်အဆုံး ကိုဖြူက -

"မစ္စသို့ ခင်ဗျားရဲ့ ကျွန်းမာရေးက စိတ်ကျေနပ်စရာ မတွေ့ဘူးဗျာ၊ သမား တော်နဲ့ ဆေးစစ်ကြည့်ရအောင်ဗျာ"

"အဆင်ပြေသလိုသာ စီစဉ်ပါတော့ မစ္စတာဖြူ"

♦ ♦ ♦

ဗျိုင်းရေအိုးစဉ်ဂို့ သွင်ပါကူအပူး ကုဆေးခန်းတွင် သို့ကျွန်းမာရေး စစ်ဆေးခဲ့သည်။ ဆရာဝန်ကြီး ဦးနေဝင်း က ကိုဖြူကို အသာလက်ကုတ်အသိ ပေးအပြင်ခေါ်ထုတ်ပြီး -

"ဦးအောင်သာဖြူ...မစ္စယုသို့မှာ ကိုယ်ဝန်သုံးလ ရှိနေတယ်ဗျ ခင်ဗျား ဇနီးလား"

"ဗျာ" မထင်မှတ်သော သတင်း စကားကြောင့် ကိုဖြူ အံ့သြမှင်သက်မိ သည်။ သို့ရာတွင် မစ္စသို့၏ဂုဏ်သိက္ခာ ကိုလည်း လောလောဆယ် ကာကွယ် ရမည်ဖြစ်၏။

"ဟုတ်ပါတယ် ဆရာကြီးခင်ဗျား၊ သို့အပ်တဲ့ ကုသမှုသာ လုပ်ပေးပါ။ သူ ကိုးစားသူ အသိမပေးပါနဲ့ဦးနော်"

ဆရာကြီး၏ ဆေးဝါးအညွှန်း အတိုင်း မစ္စသို့ကို ကိုဖြူအထူးဂရုစိုက် သည်။ သို့ဟု သူတို့ဝိုးထားကြသော မေဦးခင်ကလည်း မိခင်လောင်းဖြစ်ဖူး၍ သူမ၏အခြေအနေကို သူမခန့်မှန်းနေမိ သည်။ ကိုဖြူကလည်း သို့နှင့်ခင်မင်ခဲ့ ရသည့် ကာလများအတွင်း သူမ၏ ဂိုသားမှု သန့်စင်မှုကို တွေ့ထားပြီးဖြစ် သည်။ စံပယ်မန်းတွေ ကြေခဲ့သည့် ညကဖြစ်သော သူကျူးလွန်ခဲ့သည်မှာ အိပ်မက်မဟုတ်ကြောင်း သံသယကင်း စွာသိရှိလိုက်ရသည်။ မိမိသည် ထူ ယုတ်မာမဟုတ်၊ မိမိဆောင်ရွက်မှုကို မိမိလက်ခံတာဝန်ယူရမည်သာဖြစ်၍ -

"မစ္စယုသို့ ကျွန်တော်အနှုံးအကျင့် တောင်းပန်ပါတယ်၊ သို့မှာ ကိုယ်ဝန် သုံးလရှိပြီလို့ ဆေးစာက ဖော်ပြထားပါ တယ်။ ဒါကလည်း ကျွန်တော် မူးမူးနဲ့ မဆင်မခြင်ဖြစ်ခဲ့တာပါ။ ကျွန်တော် မစ္စ ယုသို့ကို လက်ထပ်ပါရစေ"

"မစ္စတာဖြူ ကျွန်မတို့အနောက် တိုင်းကတော့ (Unwanted Baby) ဆိုပြီး မွေးချင်ရပါတယ်၊ မခေနံပါဘူး တော်တော်ကြာ အရက်မူးလို့ဖြစ်ခဲ့ရာ ပေါက်ထပ်ခဲ့ရတာယ်၊ အခုမှပဲတူဆိုလို့

www.burmeseclassic.com

www.burmeseclassic.com

မစွတာဖြူဘစ်သက်လုံး နောင်တရ ဝမ်းနည်းနေရပါမယ် "သျှီ"ဘဝနဲ့ သျှီ ရှိပါနေတော့"

"အို ဒီသဘောမျိုးဟုတ်ပါဘူး "သျှီ" ကျွန်တော်တာဝန်ကျေ ငြီးရောဆိုတဲ့ သဘောမဟုတ်ပါဘူး။ သျှီကို စတွေ့ကတည်းကလည်း ကျွန်တော့်စိတ်မှာ ခံစားချက်တစ်မျိုးနဲ့ ကွယ်တာမီနေ ကြောင်း ကျွန်တော်ဝန်ခံပါတယ် သျှီ"

♦ ♦ ♦

ဘဝတစ်ခုမှ လက်ထပ်ပွဲ နှစ်ခါ ဆင်ခဲ့တဲ့ သူမ။

ကိုဖြူနှင့် သျှီတို့ အကျဉ်းရုံး လက်ထပ်ခဲ့ကြသည်။ သျှီ၏မြန်မာပြည် နေခွင့်အချိန်ကလည်း ပြည့်တော့မည်။ စက်တင်ဘာလတွင် ကိုဖြူ၊ သျှီနှင့် အောင်တို့ ကိုရီးယားနိုင်ငံသို့ ခရီးထွက် ခဲ့ကြသည်။ သျှီ၏ ကြိုတင်အကြောင်း ကြားချက်အရ အစစအရာရာလုံးသိနေသော ဆရာဝန်ကြီး မစွတာ လီမြောင်က ဆိုးလ်မြို့လေဆိပ်တွင် အပြုံးနှင့်ကြိုရင်း စောင့်နေသည်။ "သျှီ"က ဖခင်ကို -

"ဖေဖေ ဒါ "သျှီ ဒါလင်" မစွတာ ဖြူပါ"

"ဖေဖေ့သမီးက ဒါလင် အရာ ကောင်းသားပဲ၊ ဖေဖေသမက်က လူချော လူခန့်ကိုး၊ မြေးကြီးတစ်ဦး အပြင် ဗိုက်ထဲမှာ ဘစ်ယောက်ဆိုတော့ အိုကေ..အိုကေ"

♦ ♦ ♦

သျှီ၏ နောင်မွေးလာမည့် ကလေး အတွက်ဟုဆိုကာ ဒေါက်တာလီ၏ တာဝန်မြစ်သည့်ကြားမှ အောင်သာဖြူ အလုပ် ဝင်လုပ်ခဲ့သည်။ ယောကျ်ားမ အကူအညီဖြင့် အောင်သာဖြူကျွမ်း ကျင်ရာ ပင်လယ်ငါးဖမ်းကုမ္ပဏီတွင် အလုပ်ရခဲ့သည်။ ကိုဖြူ အလုပ်တာဝန် ဖြင့် စက်ကုမ္ပဏီးထွက်နေစဉ် ဇန်နဝါရီ ၄ ရက်တွင် "သျှီ" သမီးရတနာလေးကို ကျန်းမာစွာ ဖွားမြင်နိုင်ခဲ့၏။ သျှီက ဖခင် ဒေါက်တာလီကို -

"ဖေဖေ သျှီမွေးလာတဲ့ သမီးလေး ရဲ့နာမည်ဟာ သမီးရဲ့ "မေဦးခင်" ဆိုတဲ့ ကျွန်မရဲ့ မူလရုပ်ရည်ပါပဲ ဖေဖေ၊ ဘာလို့ သျှီရဲ့ ရုပ်ရည်နဲ့ မတူတာလဲရင်"

"ဟုတ်တယ်သမီး လူတို့ရဲ့ မျိုးရိုး ဗီဇအရ သားဥကတော့ မပြောင်းသွား ဘူးကွဲ့၊ ဒါကြောင့် သျှီရုပ်သွင်နဲ့ ကလေး ဘယ်လောက်မွေးမွေး သျှီရုပ်သွင်နဲ့ တော့ ဘယ်တော့မှ မတူနိုင်ပါဘူး မေဦး ရဲ့ရုပ်သွင် ဒါမှမဟုတ် အောင်သာဖြူရဲ့ ရုပ်သွင်နဲ့ တစ်နည်းမဟုတ်တစ်နည်း အမြဲတူညီနေမှာပဲ သမီး"

အလုပ်ကိစ္စပြီး၍ အပြေးတစ်ပိုင်း ပြန်လာသော ကိုဖြူသည် သမီးလေးကို ပွေ့ချီကာ စေ့စေ့စပ်စပ် သမီးမျက်နှာကို ကြည့်ရင်း တအံ့တသြဆိုသည်။

"ဟာ..သမီးလေးရဲ့ ရုပ်အသွင်ဟာ ကျွန်တော့်ဝန်းဟောင်း မေဦးခင်ရဲ့ ရုပ်နဲ့ ခွဲတစ်စုံပ် တူနေတယ် သျှီ၊ ကျေးဇူးတင် လိုက်တာ သျှီရယ်၊ မေဦးရဲ့ ကိုယ်ပွား ကလေးမွေးပေးလို့"

ဆေးပညာ သဘောကိုယ်သော ဆရာဝန်ကြီး မစွတာလီမြောင်ကတော့ ဘာမျှစကားမဆိုဘဲ သမီးနှင့် သ ကိုကြည့်ရင်း ပြုံးတဲ့တဲ့။ ယသျှီက ကိုဖြူကို ပြုံးမဲ့မဲ့ကြည့်ကာ -

"ဘာလဲ မစွတာဖြူ ရှင့်း ဟောင်းကြီးကို မမေ့ဘူးပေါ့နော်၊ သျှီ ရောတကယ်ချစ်ရဲ့လားဟင်"

မစွတာဖြူက သမီးကို ပွေ့ထား ပျာပျာသလဲနှင့် -

"အို ချစ်ပါတယ် သျှီ တကယ် တာပါ၊ မေဦးခင်ကိုလည်း သတိရ ခွင့်လွှတ်ထားခဲ့ပါပြီ သျှီ" ညီမ သဖြင့် ပေါ့နေသော အော ဒေါက်တာကြီးကို -

"ဘိုးဘိုး ညီမလေးကို မေ ပဲနှင့်လို့ နာမည်ပေးမယ်ဗျ" ဒေါက လီက -

"ဟ မင်းပေးမယ့်နာမည်က အင်ဒီပဲနှင့်"တဲ့လား ထူးထူးဆန် ကွာ"

"ဘိုးဘိုးကလည်း အရန် ညီမလေးက မြန်မာနိုင်ငံ လွတ်လပ် နေမှာ မွေးတာလေ၊ အင်ဒီပဲနှင့် လွတ်လပ်ရေးလေ၊ ဒါကြောင့်မို့ လွတ်လပ်ရေး" ပေါ့။ အားလုံးသ ကျစွာ ရယ်မောကြရင်း သာယာ မိသားစု ဘဝသစ်ဆီသို့။

ပြီးပါပြီ။

ညီမြင်းလွင် (မော်

www.burmeseclassic.com

www.burmeseclassic.com

(၂၀၁၃ ခုနှစ်)

မတရားအသင်းများ

ပြင်ဆင်ချက်ဥပဒေကျမ်း

ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)

ယနေ့အထိ မြန်မာနိုင်ငံတွင် အာဏာတည်လျက်ရှိကျင့်သုံးနေသော မတရားအသင်းအက်ဥပဒေ (Unlawful Association) မှာ အိန္ဒိယအက်ဥပဒေအမှတ်-၁၄/၁၉၀၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် အတည်ပြုခြွာန်းခဲ့သော ဥပဒေဖြစ်ပါသည်။

မူလ(မူရင်း)ပြဋ္ဌာန်းချက်ဥပဒေပုဒ်မ-၁၇(၁)တွင် မည်သူမဆို မတရားအသင်း(သူပုန်အဖွဲ့၊ နိုင်ငံအားပုန်ကန်သောအဖွဲ့)ထဲသို့ ပါဝင်လျှင် ၎င်းသူပုန်အဖွဲ့အတွက် ဆက်ကြေး၊ ဝင်ကြေးထည့်ဝင် ရယူတောင်းခံလျှင်၊ တစ်နည်းနည်းအားဖြင့် ကူညီပါလျှင် ထောင်ဒဏ်(၂)နှစ်မှ (၃)နှစ်အထိ ကျခံနိုင်သည် ဖြစ်၏။

တစ်ဖန် ယင်းအက်ဥပဒေပုဒ်မ-၁၇(၂)တွင်မူ မည်သူမဆို မတရားအသင်း(သူပုန်အဖွဲ့)ကို စီမံအုပ်ချုပ်လျှင်၊ ပါဝင်ကူညီလျှင် ထောင်ဒဏ်(၃)နှစ်မှ (၅)နှစ် ကျခံရမည့်အပြင် ငွေဒဏ်ကိုလည်း ပေးဆောင်ကြရမည် ဖြစ်သည်။

ယခင်ကာလ သူပုန်နယ်မြေတွင် နေထိုင်ရသောသူများ၊ ကျားမတို့သည် မည်သူမဆို မိမိ၏ ဝမ်းရေးအတွက် လုပ်ကိုင်ဆောင်ရွက်ရာတွင် ခြိမ်းခြောက်ခံရခြင်း၊ အိုးအိမ်၊ အသက်ဘေးအန္တရာယ်များကို ကြောက်ရွံ့ကြရသည့်အတွက် ဆက်ကြေးပေးခြင်း၊ ကူညီခြင်း ပြုခဲ့ကြရ၏။ ထိုအခါ သူပုန်နှင့် ဆက်သည်ဆိုကာ တရားစွဲဆိုခံကြရ၏။ ထောင်လည်းကျ၊ ငွေဒဏ်လည်း ပေးဆောင်ကြရသည်။

ယင်းကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်က ယင်းဥပဒေကို ပြင်ဆင်ရန် လိုအပ်သည်ဟု ထင်မြင်ယူဆ၍ ဥပဒေကြမ်းအဖြစ်ဖြင့် အောက်ဖော်ပြပါအတိုင်း ပြင်ဆင်လိုက်ပါသည်။

ဥပဒေကြမ်းပြင်ဆင်ချက်

မိမိ၏ နေ့စဉ်ပုံမှန်စားသောက်၊ သွားလာလုပ်ကိုင်ဆောင်ရွက်မှုအတွက်သော်လည်းကောင်း၊ မိမိ၏ အသက်ဘေးအန္တရာယ်ကို ကြောက်ရွံ့ရသည့်အတွက်သော်လည်းကောင်း မတရားအသင်းများနှင့် ဆက်နွယ်ပတ်သက်ဆောင်ရွက်ခြင်းသည် ဤဥပဒေပြဋ္ဌာန်းသည့် ပြစ်မှုများတွင် အကျုံးမဝင်ဟု မှတ်ယူရမည့်အပြင် တရားစွဲဆိုခြင်း မခံထိုက်စေရဟု ပြင်ဆင်လိုက်သည်။

ယင်းဥပဒေကြမ်းပြင်ဆင်ချက်သည်ကား ပြည်သူအတွက် များစွာ အကျိုးပြုနိုင်သည့်အတွက် စာရေးသူအနေဖြင့် လိုက်လိုက်လဲလဲ ထောက်ခံအပ်ပါကြောင်း ရေးသားတင်ပြအပ်ပေသတည်း။

ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)

Ref:

(၁) မတရားအသင်းများ အက်ဥပဒေ
(၁၉၀၈ ခုနှစ်၊ အိန္ဒိယဥပဒေ၊ အမှတ်-၁၄)

(၂) ကြေးမုံဆန်းစဉ် (၁၁-၃-၂၀၁၃)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကြမ္ဘာငေ်ခ လင်မယား

THE MAN WHO ROBBED HIS OWN POST OFFICE

by

JEFFERY ARCHER

(ယ ခ င် လ မ္ဘ အ ဆ က်)

ဆူးက မုန့်နှစ်ငါးကြော်နှင့် ညစာ ဆမင်းဝိုင်းတွင် ခရစ္စကို သတိပေးသည်။ မွေတာနှင့် မစ္စစ်ပါဆင်တို့လင်မယား စော စီးစွာ အနားယူဖို့ ကြဲစည်လျက်ရှိကာ ဆိုင်ကိုလည်း ရောင်းထုတ်ဖို့ စိတ်ကူးနေ ကြပြီဆိုသည့်အကြောင်း ဖြစ်သည်။

''သူတို့က ဆိုင်ကို ဘယ်လောက် ချို့ မျော်လင့်သလဲ''

''ပေါင်ငါးထောင်ဆိုတဲ့ ကိန်း ထားတစ်ခုတော့ မစ္စတာပါဆင် စကား ဆို ထည့်ပြောတာ ကျွန်မကြားလိုက်မိ တာပဲ''

''ဒါဖြင့် ဆိုင်ရှင်အသစ် ဖြစ်လာ မယ့်သူတွေ စိတ်ထဲမှာ လက်တွေ့လုပ် ကိုင်တဲ့အခါ ဝန်ထမ်းကောင်းဆိုတဲ့အချက် ကို သဘောပေါက်လာလိမ့်မယ်လို့ မျှော် လင့်ထားရအောင်ကွာ''

''ပိုင်ရှင်သစ်တွေက သူတို့မှာ ရှိ ပြီးသား ကိုယ်ပိုင်ဝန်ထမ်းနဲ့ လာဖို့က အပုံ ကြီးများတာရှင့်။ ရှင့်ဘတ်စကားကုမ္ပဏီ အသိမ်းပိုက်ခံသွားရတုန်းက ရှင်ဘာဖြစ်ခဲ့ တယ်ဆိုတာလည်း မမေ့နဲ့လေ''

ထိုကိစ္စကို ခရစ္စ စဉ်းစားခန်းဝင် သည်။

နောက်နေ့မနက် ရုံးနာရီတွင် ဆူး က အလုပ်မသွားခင် သမီးထရေစီကို ကျောင်းသို့ လိုက်ပို့ပေးရန် အိမ်ကထွက် သည်။ သူတို့သားအမိ သွားပြီဆိုသည်နှင့် ခရစ္စနှင့် 'တပ်ကြပ်'တို့ မနက်ခင်း ကိုယ် လက်ကြိုခိုင်ရေးအတွက် အိမ်မှထွက်ကြ သည်။

ခွေးကလေးမှာ နားဝေတိမ်တောင် ဖြစ်ရသည်။ သူ့သခင်က ခါတိုင်း သူ လိုင်းလိပ်တွေထဲ မြူးထူးပျော်ပါးနေကျ ဖြစ်သော ပင်လယ်ဆိပ်ကမ်းဘက်သို့ ဦးမတည်ဘဲ ထိုအစား ဆန့်ကျင်ဘက်သို့ သာ ချီတက်လျက် မြို့လယ်ပိုင်းဆီ သွား နေသောကြောင့် ဖြစ်သည်။

တပ်ကြပ်ကတော့ သူ့သခင်နောက် မှ သစ္စာရှိစွာ ခုန်ပေါက်လိုက်ပါသွားပါ သည်။ နောက်ဆုံးတွင် သူ့ခမျာ ဟိုင်း လမ်းရှိ မစ်ဒ်လင်းန်ဘဏ်တိုက်အပြင် ဘက် သံတန်းတွင် အချည်ခံထားရသော အဖြစ်နှင့် ကျန်ခဲ့သည်။

ဘဏ်မန်နေဂျာမှာ သူ့ကို မစ္စတာ ဟဲ့စကင်းစ်က ကနဦး စွန့်စားလုပ်ကိုင် သည့် စီးပွားရေးလုပ်ငန်းတစ်ခုနှင့် ပတ် သက်၍ တွေ့ဆုံဆွေးနွေးလိုပါကြောင်း မေတ္တာရပ်ခံလာသည်တွင် သူ၌ဖြစ်ပေါ် သွားသည့် အံ့အားသင့်ရမှုကို ဘယ်လိုမှ မဖုံးဖိနိုင်။ မစ္စတာနှင့် မစ္စစ်ဟဲ့စကင်းစ် တို့၏ ပူးတွဲဘဏ်စာရင်းကို ချက်ချင်း သူ စစ်ဆေးကြည့်သည်။ သူတို့ငွေစာရင်းတွင် ဆယ့်ခုနစ်ပေါင်နှင့် ဆယ့်နှစ်သျှီလင်းသာ ရှိသည်ကို တွေ့ရသည်။ သူတို့လင်မယား ၌ ယောက်ျားဖြစ်သူ မစ္စတာဟဲ့စကင်းစ် က တစ်နှစ်ကျော်လုံး အလုပ်အကိုင်မရှိ ဖြစ်နေသည်ဟုဝိုင် ဝိုင္ငေမထုတ်ခဲ့ဖူးသည်ကို လည်းတွေ့ရ၍ ဘဏ်မန်နေဂျာ သဘော ကျသွားသည်။

သူ့ည့်သည် တင်ပြလာသည့် အဆိုကို ဘဏ်မန်နေဂျာ ငဲ့ညှာသိတတ် စွာ နားထောင်နေပါ၏။ သို့သော် ခရစ္စက သူကျကျနန ဇာတ်တိုက်ထားသည့် တင် ပြချက်ကို ဆုံးအောင်မသွားရသေးခင် ဝမ်းနည်းစွာ ခေါင်းခါပြလာသည်။

ဘဏ်မန်နေဂျာက ရှင်းပြသည်။

''ကျုပ်တို့ဘဏ်ဟာ ဒီလို စွန့်စား လုပ်ကိုင်တဲ့ အလုပ်အကိုင်တစ်ခုအပေါ် ထည့်သွင်းမစဉ်းစားနိုင်ဘူးခင်ဗျ။ အနည်း ဆုံးအားဖြင့် အာမခံပစ္စည်းအဖြစ်တင်မယ့် လုံခြုံမှုပစ္စည်းက အခုလောက် အနည်း အပါးကလေး ဖြစ်နေတဲ့အခါမှာတော့ လူကြီးမင်းမှာက ကိုယ်ပိုင်အိမ်ရာဆိုတဲ့ တောင် ရှိတာမဟုတ်ဘူးလေဗျာ''

www.burmeseclassic.com

www.burmeseclassic.com

ဘဏ်မန်နေဂျာက ယခုလိုထောက်ပြသည်။ ခရစ္စ ကျေးဇူးစကားဆိုပြီး မန်နေဂျာနှင့် လက်ဆွဲနှုတ်ဆက်ကာ ထိပ်ထောကိုက်ဖြင့် ပြန်ထွက်လာခဲ့တ၏။

သူသည် ဟိုင်းလမ်းကို ဖြတ်ကူးလာခဲ့သည်။ တပ်ကြပ်အား သံတန်းတစ်ခုတွင် နောက်ထပ်ချည်ပြန်သည်။ မာတင် ဘဏ်ထဲ ဝင်ခဲ့သည်။

ခရစ္စမှာ သူ့ကို ဘဏ်မန်နေဂျာက အတော်နှင့် လက်ခံမတွေ့နိုင်သေးခင် အချိန်အတန်ကြာ ထိုင်စောင့်နေရတ၏။ တွေ့တော့လည်း အလားတူ ဘွဲ့ပြန်မှုပြင့် သာ ကြိုဆိုခံရသည်။ သို့သော် မန်နေဂျာက အနည်းငယ်အားနှင့် ယခုလိုကိစ္စမျိုးတွင် ဘရမ်တန်းနီးယား ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းကမ္ဘာကိုသို့ သွားရောက်ချဉ်းကပ်သည့်သည်ဟု သူ့အား လမ်းညွှန်၏။ မန်နေဂျာက ရှင်းပြသည်မှာ ထိုလုပ်ငန်းကမ္ဘာကိုသစ်သည် လုပ်ငန်းအသေးစားများအတွက် လုပ်ငန်းစတင်မှု ချေးငွေများတွင် အထူးပြုဆောင်ရွက်သည်ဟူ၍ ဖြစ်သည်။

ထိုဘဏ်မန်နေဂျာကို ခရစ္စကေးဇူးတင်စကားပြောပြီး ဘဏ်ထဲမှ ပြန်ထွက်လာခဲ့တ၏။ တပ်ကြပ်ကို ကြိုးပြေ၍ ကျေဇူးလှလမ်းသို့ ခပ်သွက်သွက်ပြန်လာခဲ့သည်။ သူအိမ်ပြန်ရောက်သည်မှာ သူးက သူ့အတွက် မုန့်နှစ်ငါးကြော် နေ့လယ်စာနှင့် အတူ အိမ်ပြန်မလာခင် အချိန်မီ လက်မတင်ကလေးဖြစ်သည်။

နေ့လယ်စာ စားပြီးသွားလျှင် ခရစ္စ အိမ်ကထွက်ပြန်သည်။ နီးရာ တယ်လီဖုန်းရုံးသို့ ဦးတည်သွားသည်။ တယ်လီဖုန်းဘူးထဲသို့ လေးပဲနီထည့်ပြီး ခလုတ်အေကို နှိပ်သည်။ တစ်ဖက်နှင့်သူ စကား အပြန်အလှန် ပြောသည်မှာ တစ်မိနစ်မျှတိတိရှိသော ကြာလိုက်သည်။ နောက်အိမ်သို့ပြန်လာခဲ့သည်။ သို့သော် သူးအား သူ နောက်နေ့ ဘယ်သူဘယ်ဝါနှင့် အချိန်းအချက်လုပ်ခဲ့သည်ကို အသိမပေး။

နောက်နေ့မနက် ထူးတစ်ယောက် ထရေစီအား ကျောင်းဝိုသွားမည့်အရေးကို သူ့မှာ စောင့်နေရသေးသည်။ သား အမိသွားကြပြီဆိုသည့်နှင့် အိမ်ထဝိုးသို့ သူတက်ခဲ့သည်။ ကိုယ်ပေါ်က ဂျင်းဘောင်းဘီနှင့် ဆွယ်တာကို ချွတ်သည်။ ဆူးနှင့်လက်ထပ်တုန်းက သူဝတ်ခဲ့သော ဝတ်စုံနှင့် ပြောင်းဝတ်လိုက်သည်။ အင်္ကျီက တနုဂ်နွေနေ့ ဘုရားရှိခိုးကျောင်းသို့ သွားရောတွင် ဝတ်လေ့ရှိသော နံသာရောင် ရှပ်။ လည်စည်းက ယောကွမက ခရစ္စ မတ်လက်ဆောင်အဖြစ် သူ့ကိုပေးထားခဲ့သည့် လည်စည်း။ သည်လည်စည်းကို ဘယ်တော့မှမစည်းဟု သူ တေးထားခဲ့သည်။

နောက် ဖိနပ်တွေတိုက်သည်။ စစ်ရေးလေ့ကျင့်တုန်းက ဒရေဆရာ တပ်ကြပ်ကြီးက မင်းဖိနပ် ဘာမှအပြစ်ဆိုစရာမရှိဘူး။ အစစ်အဆေးခံတယ်ဟု ပြောယူရသည်မျိုးအထိ ပြောင်လက်လာအောင် တိုက်သလို တိုက်သည်။ မှန်ထဲတွင် ကိုယ့်ကိုယ်ကို စစ်ဆေးသည်။ စွန့်စားလုပ်ကိုင်သော လုပ်ငန်းသစ်တစ်ခု၏ ပိုင်ရှင်လောင်းတို့၏ ဂိုက်နှင့်တူမတူ မျှော်လင့်ရင်းဖြင့် ဖြစ်သည်။

နောက်တော့ ... ခွေးကို ပန်းခြံအနောက်ဘက်တွင် ထားခဲ့ကာ မြို့ထဲသို့ ထွက်လာခဲ့သည်။

ခရစ္စသည် ဘရစ်တန်းနီးယား ဒွေချေးလုပ်ငန်းကုမ္ပဏီမှ ဒွေချေးမန်နေဂျာ မစ္စတာ ထရီမိန်းဆိုသူနှင့် ချိန်းထားသည်ကို အချိန်ဆယ့်ငါးမိနစ်စော၍ ရောက်သွားသည်။ သူ့ကို ဧည့်စောင့်ခန်းတွင် ထိုင်အစောင့်ခိုင်းထားကြသည်။ သည်မှာ ခရစ္စသည် သူ့တစ်သက် ပထမဆုံး အကြိမ်အဖြစ် ဖိုင်နင်းရဲ့ဝတိုင်းကို ကောက်ကိုင်သည်။ အားလုံးကသူ့ကို ဆယ့်ငါးမိနစ်ခန့်သွားသောအခါ အတွင်းရေးမှူးမလေးတစ်ယောက်က သူ့အား မစ္စတာထရီမိန်း၏ ရုံးခန်းတွင်းသို့ သွင်းပေးသည်။

ငွေချေးအမှုဆောင်အရာရှိက ခရစ္စ၏ ရည်မှန်းချက်ကြီးသော တင်ပြချက်ကို စာနာထောက်ထားစွာ နားထောင်သည်။ နောက် စူးစမ်းမေးမြန်းသည်။ အရင်တွေ့ခဲ့သော ဘဏ်မန်နေဂျာနှင့်ဆိုင်မေးသည့်နည်းတူ မေးလာသည်။ "လူကြီးမင်းမှာ ဘယ်လိုအာမခံပစ္စည်း ပေးနိုင်တာရှိသလဲ" ဖြစ်သည်။

ခရစ္စကလည်း ပရိယာယ်တွေ ဟန်တွေ လုပ်မနေ။ ပြောင်ပြောင်ပဲ ပြောချသည်။

"ကျွန်တော့်ဇနီးနဲ့ ကျွန်တော် မနက်အိပ်ရာထတာနဲ့ ရှိသမျှအချိန်နာရီတွေအားလုံး အလုပ်လုပ်ကြမယ်။ ကျွန်တော့်ဇနီးက နောက်နောက်ကတည်းက ဒီလုပ်ငန်းအကြောင်း သိထားနှင့်ပါတယ်။ ဒီအချက်ကလွဲလို့ မရှိပါဘူးခင်ဗျာ"

ခရစ္စသည် ထိုသို့ပြောပြီးနောက် သူ့မေတ္တာရပ်ခံချက်အပေါ် ဘရစ်တန်းနီးယားက စဉ်းစားခိုင်ခြင်းမရှိပါဟု ပြောဆိုသောအကြောင်းပြချက်တွေ များစွာ ကြားရတော့မည်ဟု နားစွင့်နေခဲ့သည်။ သို့သော် သူထင်သည့်အတိုင်း ပြောလာမည့် အစား မစ္စတာထရီမိန်းက "လူကြီးမင်းရဲ့ဇနီးဟာ ကျွန်တော်တို့ကုမ္ပဏီဘက်က ထည့်ဝင်တဲ့ ငွင်းနှုန်းပြုပ်နှံမှုမှာ သူလည်း တစ်ဝက်ပါဝင် အကျိုးဝင်နေတယ်ဆို တော့ လုပ်ငန်းတစ်ခုလုံးအပေါ် သူ ဘယ်လိုသဘောထားပါသလဲ"ဟု မေးလာ၏။

"ဒီကိစ္စမှာ ကျွန်တော် သူ့နဲ့ တိုင်တောင် မတိုင်ပင်ရသေးပါဘူးခင်ဗျာ"

ခရစ္စ ရုတ်ခြည်းပြောထွက်သွားသည်။

"ဒါဖြင့် တိုင်ပင်ပါလို့ တိုက်တွန်းတယ်ဗျာ" ဟု မစ္စတာထရီမိန်းက ဆိုသည်။ "ဒီတော့ မြန်မြန်လည်း ပြန်ပြီး

www.burmeseclassic.com

www.burmeseclassic.com

ဘာကြောင့်ဆို မစွတာနဲ့ မစွစ်ဟဲ့ ကောင်းစ်တို့အတွက် ရင်းနှီးမြှုပ်နှံရေးကိစ္စ ခွဲစားသေးခင် ကျွန်တော်တို့အနေနဲ့ မစွစ်ဟဲ့စကင်းစ်ဟာ လူကြီးမင်းတင်ပြတဲ့ အဆိုအတိုင်း တစ်ဝက်လောက် တော်တ၊ မတော်တ၊ သိလို့အတွက် သူနဲ့ လူချင်း တွေ့ဖို့ လိုအပ်ပါတယ်''

ခရစ္စသည် ထိုည ညစာစားကြရင်း သူဆွေးနွေးလာခဲ့သည့်သတင်းကို ဇနီးသည်အား ဖွင့်ချသည်။ ဆူးမှာ ပါးစပ် အဟောင်းသားဖြစ်နေတ၊ ခုဖြစ်လာသည်က သည်လိုကိစ္စမျိုးနှင့် စပ်လျဉ်းလို့ ခရစ္စ ဘယ်တုန်းကမျှ စိတ်ကူးပေါ်ပူးသည့် ပြဿနာမဟုတ်ဘူး မဟုတ်လား။ သို့သော် ဆူးကိုယ်တိုင် ယောက်ျားဖြစ်သူနှင့် အတူ ကိုယ်တိုင်ကိုယ်ကျ လိုက်သွားရသောအခါ မစွတာထရီပိန်းနှင့် လူချင်းတွေ့သည်နှင့်ပင် ယင်းဘဲ့တွေ့သည့်ကိစ္စမှာ ဘရစ်တန်းနီးယားဘဏ္ဍာရေးလုပ်ငန်းက သူတို့လင်မယားကို ချေးငွေပေါင် ၅၀၀၀ ကြိုတင်ထုတ်မပေးခင် ပုံစံတွေ ဖရေတွက်နိုင်အောင် ဖြည့်ခိုင်းသည့်အလုပ် သက်သက်ဖြစ်နေတော့သည်။

ထိုမှ တစ်လအကြာတွင် မစွတာနှင့် မစွစ်ဟဲ့စကင်းစ်တို့ မိသားစုသည် ဘုရင်လိမ်းမကြီးရှိ သူတို့တ၊ သုံးခန်းပါ အိမ်ကလေးမှနေ၍ ဘီချ်(ဆိပ်ကမ်း)လမ်းရှိ မုန့်နှစ်ငါးကြော်ဆိုင်တစ်ဆိုင်သို့ ပြောင်းရွှေ့ကြတော့သည်။

* * * * *

[အလယ်]

ခရစ္စနှင့် ဆူးသည် ဆိုင်မျက်နှာစာရှိ 'ပါဆင်'ဟူသော အမည်စာလုံးကို ဖြစ်ထုတ်ဖျက်ပစ်ကာ 'အစီအမံသစ်အောက် က ဟဲ့စကင်းစ်'ဆိုသည့် အမည်သစ်ရေး ခြယ်သည့်အလုပ်ဖြင့် ပထမဆုံးကြုံရသော တနင်္ဂနွေနေ့ကို သူတို့လင်မယား အချိန်ကုန်လွန်စေခဲ့သည်။

ဆူးသည် ခရစ္စအား သင်ပေးသည့် အလုပ် အမြန်ချမှတ်ထောင်ရွက်သည်။ ကြက်ဥနှစ်ဖွားမှီ ရောထားသည့် အညက် ဆုံးမှုန့်နှစ် လုပ်ယူရာတွင် ထည့်ရသည့် အမည်များ၊ ပြင်ပုံပြင်နည်း ဖြစ်သည်။ သည်ကိစ္စ သည်လောက်လွယ်ပါက (ဆူးက ယောက်ျားကို ရှင်းပြသည်) လမ်း အထက်ပိုင်း ကိုက်အနည်းငယ်အကွာမှာ ပြိုင်ဘက်ဆိုင် လူရှင်းနေချိန်တွင် သည် ပြင်မုန့်နှစ်ငါးကြော်ဆိုင်ရှေ့၌ လူတွေ သည်လောက်အရှည်ကြီး တန်းစီစောင့် ဝယ်နေမည်မဟုတ်ပေ။

ခရစ္စတစ်ယောက် သူ့မုန့်နှစ်ငါး ကြော် အမြဲရှိပြီး အစားရ မမာပါ၊ သို့ မဟုတ် အရသာ မဆိုးပါ၊ ပျော့ဖတ်ဖတ် လည်း မနေပါဟု အာမခံမပြောနိုင်သေး ခင် သီတင်းပတ်အနည်းငယ်တော့ အချိန် ယူရသေးသည်။

သူက ဆိုင်မျက်နှာစာ ရှေ့တန်း မန်နေဂျာလုပ်ပြီး မုန့်နှစ်ငါးကြော်များ ထုပ်ပိုးပြင်ဆင်ပေးခြင်း၊ ဆားအိတ်နှင့် ရှာလကာရည်ထုပ်များဝေခြင်း စသည်ပြုနေစဉ် ဆူးက ငွေလက်ခံစက်နောက်တွင် နေရာ ယူသည်။ ငွေသိမ်းသည်။ ညပိုင်း ဆိုင် ပိတ်ချိန်ရောက်လျှင် စာရင်းစာအုပ်များကို နေ့စဉ် ရေးသွင်းသည်။ တစ်ဆိုင်လုံးကို အစွန်းထွက်မရှိရအောင် ဆေးကြော တိုက်ချွတ်သည်။ ကောင်တာအပေါ်ပိုင်း ကို ကိုယ့်မျက်နှာကိုယ် ပြန်ကြည့်လို့ရ သည်အထိ လက်လက်ထအောင် တိုက် သည်။ ဗာဟီရအလုပ်တွေ လက်စ မသတ်မချင်း ဆူး၏အကျင့်က သူတို့ ကိုယ်ပိုင်အခန်းသေးကလေးတွင် ခရစ္စနှင့် အတူဝင်၍ အနားယူလဲလျောင်းရန် အပေါ်ထပ်ခိုးသို့ တက်သည်ဟူ၍ မရှိ။

ဆူးက ဆိုင်ဗာဟီရအလုပ်များကို အပြီးသတ်အောင် လုပ်ရသဖြင့် အမြဲ နောက်ဆုံးသမား။ ခရစ္စက မနက်အိပ်ရာ အထတွင် ပထမသမား။ မနက်လေးနာရီ ထိုးသည်နှင့် သူ့အားကစားဝတ်စုံဟောင်း ကြီး ဝတ်သည်။ တပ်ကြွပ်နှင့်အတူ လွန်း ဆီပ်သို့သွားသည်။ တစ်နာရီ နှစ်နာရီ လောက်ကြာလျှင် သူပြန်ရောက်လာပြီ။ ငါးကြီးဆီထုတ် လတ်လတ်ဆတ်ဆတ် ပင်လယ်ငါးတွေ၊ အသားစား ပင်လယ်ငါး တွေ၊ ငါးလိပ်ကျောက်တွေ၊ ငါးခွေးလျှာ တွေ စိတ်ကြိုက်ရွေးချ၍ ဝယ်လာသည်။ ငါးဖမ်းမော်တော်တွင် နံနက်ပိုင်းမိသည့် ငါးများဖြင့် လွန်းဆိပ်သို့ ဆိုက်ကပ်လာပြီး၍ ခရစ္စအကြာတွင် ယခုလိုသွား၍ ရွေး ဝယ်နိုင်ခြင်းကြောင့် ဖြစ်သည်။

ကလီသော့ပ်တွင် မုန့်နှစ်ငါးကြော် ဆိုင်များ အများအပြားရှိသည်။ ရှိပင်ရှိ သော်လည်း များများကြွယ်ကာလအတွင်း ဟဲ့စကင်းစ်တို့ဆိုင် အပြင်ဘက်တွင် တန်း စီစောင့်ဝယ်သော လူတန်းတစ်ခု ပေါ်စပြု လာခဲ့သည်။ တစ်ခါတစ်ရံ ပထမဦးဆုံး လာ၍ အားပေးသော ဖောက်သည်ကို ဆိုင်တွင်းဝင်လာနိုင်စေရန် 'ပီတ်'ဆိုသော ဆိုင်းဘုတ်ပြားကို ဆူးက သွားပြီးပြန် လှည့်မချိတ်ရသေးခင်ပင် ဆိုင်ရှေ့ တန်းစီ နေသည့် လူတန်းက ရှိနှင့်နေပါပြီ။ လူ တန်းက မနက်ဆယ့်တစ်နာရီကနေ ညနေ သုံးနာရီ သို့မဟုတ် ညနေစောင်း ငါးနာရီ ကနေ ညကိုးနာရီကြား၌ လျော့သွား သည်ဟူ၍ မရှိ။ နောက်ဆုံး ဆိုင်းဘုတ် ပြား ပြန်လှည့်ချိတ်သည့်အချိန်အထိပင် ဖောက်သည်က ရှိနေတတ်သေးသည်။ သို့သော် နောက်ဆုံးမှ ကပ်ဝင်လာသည့် စားသုံးသူဖောက်သည်ကို ဝည့်ခံပြုစုမပြီး သေးမချင်း ပြန်လှည့်ချိတ်ရိုး မရှိပါ။

* * * * *

ပထမနှစ်အကုန်တွင် ပေါင် ၉၀၀ ကျော်ကျော် အမြတ်ပေါ်သည်ဟု ဟဲ့ စကင်းစ်တို့ လင်မယား အတိအလင်း ပြောနိုင်လာခဲ့ပြီ။ ဆိုင်ရှေ့တွင် လူတန်း က ရှည်လာသည်နှင့်အမျှ ဘရစ်တန်းနီ

www.burmeseclassic.com

www.burmeseclassic.com

ယားဘဏ္ဍာရေးလုပ်ငန်းသို့ တင်ရှိနေသည့် အကြွေးသည်လည်း လျော့ကျလာခဲ့သည်။ တိုကြောင့် ငါးနှစ်သက်တမ်းလုပ်ထားသည့် နှစ်ဦးနှစ်ဖက် သဘောတူစာချုပ် မကုန်ဆုံးခင် ရှစ်လအလိုတွင် ချေးငွေကို အတိုးနှင့်တကွ သူတို့လင်မယား အပြီးအပြေ ပြန်ဆပ်နိုင်ခဲ့သည်။

နောက်ဆယ်စုနှစ်အတွင်း ဟဲ့စကင်းစ်တို့၏ ကျော်စောသတင်းက ကုန်းရေပါဆိုသလို ကျယ်ပြန့်ကြီးထွားလာတော့သည်။ တိုကျော်စောမှသည် ခရစ္စအား ကလီးသော့ပ်ပြို့ရှိ မိုးခါးခေါင် မြို့နယ်ကုန်သည်ပွဲစား လူငုံးငံများ၊ ပညာရှင်များ အဖွဲ့အစည်းဟွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ပူးပေါင်းရန် ဖိတ်ကြား မိသောရစေသလို ဆူးကိုလည်း မိတင်များ သမဂ္ဂ၌ ခုတိယဥက္ကဋ္ဌ ဖြစ်လာစေခဲ့သည်။

ဆူးနှင့် ခရစ္စတို့ ငနီးမောင်နှံ အနှစ်နှစ်ဆယ်မြောက် မင်္ဂလာအထိမ်းအမှတ် အဖြစ် ပေါ်တူဂီသို့ ခုတိယအကြိမ် ပျားရည်ဆမ်းခရီး ထွက်ကြသည်။ ကြယ်လေးပွင့်ဟိုတယ်တစ်ခုတွင် ဆယ့်ငါးရက်တာ ဝင်တည်းသည်။ သည်တစ်ကြိမ်တော့ သူတို့ငနီးမောင်နှံ နေရင်းဌာနေကို တေးစီးစွာ နောက်ကြောင်းပြန်လှည့်စရာမလိုတော့။ နောက်ဆယ်စုနှစ်တစ်လျှောက်လုံး နွေရာသီရောက်ပြီဆိုလျှင် အယ်လပ္ပဖေးရားသို့ သူတို့လင်မယား အပြေပြန်သွားလေ့ရှိသည်။ ဒါ ယတ္တဝါတွေမှာ အရိုးစွဲနေအောင် ပါနေသောအကျင့် ... ဟဲ့စကင်းစ်တို့ လင်မယားရယ်လေ။

သမီးထရေစီကလည်း အခြေခံပညာ အထက်တန်းကျောင်းပြီး၍ ဘရစ္စတိုတက္ကသိုလ်သို့ ဆက်သွားသည်။ လုပ်ငန်းစီမံခန့်ခွဲမှုပညာရပ် ယူသည်။

ဟဲ့စကင်းစ်တို့မိသားစုတွင် ဝမ်းနည်းစရာတစ်ခုတည်း ဖြစ်ရသည်က 'တပ်ကြပ်' သေသွားမှု။ ဒါလည်း တစ်ဖက်က ကြည့်ပြောလျှင် သူကလည်း အသက်ကြီးပြီ ဆယ့်လေးနှစ်ပင် ရှိပြီမဟုတ်လား။

* * * * *

ခရစ္စသည် ရှိထရီကလပ်အဖွဲ့ဝင် အပေါင်းအသင်းပုဂ္ဂိုလ်တချို့နှင့် အတူ ယမကာ သုံးဆောင်လျက်ရှိသည်။ သည်မှာ မြို့ပေါ်၌ အောင်မြင်မှုရပြီး ချီးမွမ်းနေရသော စာတိုက်မန်နေဂျာ ဒေါ်ကွက်တန်က ခရစ္စကို အသိပေးလာသည်။ သူလိတ်ခ်ီစပြဲကိုသို့ ပြောင်းတော့မည်။ စာတိုက်လုပ်ငန်း အကျိုးစီးပွားတစ်ခုလုံးကို ရောင်းဖို့ စိတ်ကူးလျက်ရှိသည်ဆိုသော သတင်းစကား။

သည်တစ်ကြိမ်တော့ ခရစ္စသည် ကွင်တန်ပြောလာသည့် အဆိုကို ဇနီးသည်နှင့် တိုင်ပင်ဖြစ်ဖောင် တိုင်ပင်သည်။ ဆူးမှာလည်း တစ်ချီထပ်ပြီး အံ့အားသင့်ရပြန်ပါသည်။ အံ့အားသင့်ရာမှ အသိပြန်ဝင်လာသောအခါ သူ့ဘက်က သိဖို့လိုအပ်သည့် မေးခွန်းတွေ့ မေးစရာဖြစ်လာသည်။ ဘရစ်တန်းနီးယား ဘဏ္ဍာရေးလုပ်ငန်းသို့ တစ်ချီထပ်သွားဖို့ကိစ္စအတွက် သဘောမတူခင် သည်ကိစ္စက အရည်လည်ထားမှ ဖြစ်မည်မဟုတ်လား။

"အစ်မကြီးမှာ မစ်ခ်လင်းဘဏ်အား အုပ်ငွေစာရင်းမှာ ဘယ်လောက်ရှိလားပါသလဲ"

မစ္စတာဘရီမိန်းက မေးလာပါတော့သည်။ ထရီဒိန်းမှာ ဘရစ်တန်းနီးယားတွင် မကြာသေးခင်ကပင် ငွေချေးမှုနေဂျာအဖြစ် ရာထူးတက်နေခဲ့ပြီးဖြစ်သည်။

ဆူးက သူ့ငွေစာရင်းလယ်ဂျာကို ကြည့်သည်။

"သုံးသောင်းခုနစ်ထောင်နှစ်ပေါင်"

"ပြီးတော့ကော ပုန်နှစ်ဂါးကြောင့်ဆိုင် လုပ်ငန်းအခေါ်မှာ တန်ဖိုးအယ်လောက် အစ်မကြီး သတ်မှတ်ထားပါသလဲ"

ထရီမိန်း နောက်ထပ်မေးလာသည်မေးခွန်း။

"ပေါင်တစ်သိန်းသာသာပေးရ ကမ်းလှမ်းချက်အပေါ်မှာပဲ ကျွန်မတို့ရဲ့ စားကြွမှာပါ"

ဆူးက ယုံကြည်မှုရှိစွာ ပြန်ပြောသည်။

"ပြီးတော့ကော စာတိုက်လုပ်ငန်းက တန်ဖိုးဘယ်လောက် သတ်မှတ်ထားပါသလဲ။ အခုလို မြို့ရဲ့ အချက်အချာကျနေရာမှာ ဘည်ရှိနေတဲ့အဖြစ်ကို ထည့်စဉ်းစားရင်ပေါ့"

"မစ္စတာကွင်တန် ပြောတာတော့ စာတိုက်ဟာ ပေါင်နှစ်သိန်းခွဲသောင်း ချေးပေးလာတာကို ဝဋ်စားတဲ့ အခြေမှာ ရှိတယ်ဆိုတာပဲ။ ဒါဟာ ကျွန်မကို သူအာမခံပြောတာက တကယ်လို့ အဆိုအငေါ်တည့်တည့် ချေးငွေပေါ်လာရင်ကော ပေါင်သန်းတစ်ဝက် (ပေါင်နှစ်သိန်းငါးသောင်း)နဲ့ ရောင်းမယ်ဆဲလေ"

"ဒါဆို ပစ်မှတ်ကိုမိဖို့ အစ်မကြီးတို့မှာ ပေါင်တစ်သိန်းကျော် လိုနေသေးတာပေါ့"

ဘဏ္ဍာငွေကြေးခွဲခြမ်းစိတ်ဖြာပုဂ္ဂိုလ်က အချက်ကိုမေးလာသည်။ အဖို့ လယ်ဂျာငွေစာရင်းတစ်ခု ပြင်ကြည့်နေရာမှ သူက စကားဆိုပြီးမှ "စာတိုက်လုပ်ငန်းရဲ့ မနှစ်က ပေါ်ငွေက ဘယ်လောက်ရှိသလဲဆိုတာ မေးလာပြန်သည်။

"ပေါင်နှစ်သိန်းသုံးသောင်း"

"အမြတ်က ..."

ဆူးမှာ သူ့ကိန်းဂဏန်းမှတ်ကြည့်ရန်လိုလာပြန်သည်။

"နှစ်သောင်းခြောက်ထောင်နဲ့ ... ဆူး ဒါဖမဲ့ ဒါမှာ နှစ်စဉ်အစီရင်ခံမြဲထားတဲ့ နေရာကျယ်ကျယ်ပြန့်ပြန့်

www.burmeseclassic.com

www.burmeseclassic.com

အဆိုင်ရတာအတွက် ထပ်ဆောင်းရတဲ့ အိုးကြေးငွေ၊ နှုန်းတွေနဲ့ အခွန်အခတွေ ပေးသေးဘူးနော်''

ဆူက စကားဆိုင်းပြီးမှ ''ဒါဆိုရင် ဒီစာတိုက်ကို ကျွန်မတို့ ပိုင်ပြီးပြီနော်''ဟု ဆိုလိုက်သည်။ ထိုအခါ ဦးဘထရီမိန်းက ပြောလာပြန်သည်။

''ဒီကိန်းဂဏန်းတွေကို ကျွန်တော် ဘို့ စာရင်းစစ်တွေက အတည်ပြုပေးမယ် ဆိုရင် ပြီးတော့ အစိမကြီးတို့က မုန့်နှစ် ခြင်းကြော်ဆိုင်ကို ပေါင်တစ်သိန်းဝန်းကျင်နဲ့ ဆောင်းထုတ်နိုင်မယ်ဆိုရင် ဒါ ခိုင်မာတဲ့ ငှားနှုန်းမျှော်မှန်းမှုတစ်ခုအဖြစ် ကျိန်းသေပေါ် ပါတယ်။ ဒါပေမဲ့ ...''

သူ့စကားကြောင့် ငွေချေးမည့်သူ နှစ်ဦး ခပ်ထင်ထင်အမူအရောကေ့ ပေါ်လာ ဆော့သည်။

''ငွေချေးဖို့ ဖြစ်လာတဲ့အခါ 'ဒါပေ ခဲ့'ကတော့ အမြဲပေါ်စမြဲလေ။ သိတဲ့ အတိုင်း ချေးငွေက စာတိုက်အနေနဲ့ အေ အုပ်စုအမျိုးအစားအဆင့်မှာ ဆက်လက် ထိန်းထားတဲ့အပေါ်ပဲ အကြောင်းခံမှာဖြစ် ပါတယ်။ မြို့ရဲ့ အဲဒီဝရိယာမှာရှိတဲ့ အဆောက်အအုံအိမ်ရာတစ်ခုဟာ လက် ခံပေါက်ဈေးနဲ့ဆိုရင် ပေါင်နှစ်သောင်း လောက်မှာ အရောင်းအဝယ်ဖြစ်နေ တယ်။ ဒါကြောင့် စာတိုက်ရဲ့ တကယ့် တန်ဖိုးက စီးပွားရေးအလုပ်ဖြစ်ဘဲနဲ့အမျှ ရှိပါတယ်။ ပြီးတော့တစ်ခါ တကယ်လို့ ကျွပ်ထပ်ပြောပါတယ်။ တကယ်လို့ စာ တိုက်က အေအုပ်စု အမျိုးအစားအဆင့် အတိုင်း ရှေ့ဆက်ရှိနေဦးမှနော် ...''

သည်မှာ ခရစ္စက ဝင်ပြောလာ သည်။

''စာတိုက်က လွန်ခဲ့တဲ့ အနှစ်သုံး ဆယ်လုံး အေအုပ်စုအမျိုးအစားအဆင့် မှာ တောက်လျှောက်ရှိလာခဲ့တာပဲ။ ဘာ ကြောင့် နောက်နောင် အဆင့်အနေ အထား ပြောင်းရဦးမှာလဲ''

သည်တော့ ဘဏ္ဍာရေးခွဲခြမ်းစိတ် ဖြာသူက ပြန်လည်ချေပသည်။

''အနာဂတ်ကို ကျွပ် ကြိုတင် ဟောကိန်းထုတ်နိုင်မှတော့ မစ္စတာဟဲ့ စကင်းစ်ရယ် ... အခြေမလုံတဲ့ ရင်းနှီး မြှုပ်နှံမှု ကျွပ်ဘယ်လုပ်ပါ့မလဲ။ ခက်တာ က ကြိုမပြောနိုင်တော့လည်း အခုကြောင်း အားလျော်စွာရှိတဲ့ အရင်ကိုးစွန့်စားမှုတော့ ကမ္ဘာကကလို့ သဘောထားရတော့မှာ ပေါ့ဗျာ။ အဲမှန်က ဘရစ်တန်းနီးယားဟာ လူတွေမှာပဲ ရင်းနှီးမြှုပ်နှံတာ။ ပြီးတော့ ဒီမျက်နှာစာနယ်ပယ်မှာ သက်သေပြစရာ ကလည်း မရှိဘူးဖြစ်နေတယ် မဟုတ် လား''

သို့ပြောပြီး သူက ပြုံးလာသည်။

''ကျွပ်တို့ ပထမလုပ်ခဲ့တဲ့ ရင်းနှီး မြှုပ်နှံမှုအတိုင်းပေါ့ဗျာ။ ဘယ်ချေးငွေမှာ မဆို သုံးလတစ်ကြိမ် အရစ်ကျပြန်ပေးသွင်း တာပဲ ကျွပ်တို့ မျှော်လင့်တယ်။ ငါးနှစ် တာဆိုတဲ့ ကာလသတ်မှတ်ချက်နဲ့ပေါ့။ ပြီးတော့ အခုကိစ္စမှာ ငွေအလုံးအရင်းက ပါနေတာကြောင့် ကျွပ်တို့ဘက်က စာ တိုက်အဆောက်အအုံမပါမှာ သိမ်းဆည်း ပိုင်ခွင့်တစ်ရပ်တော့ လိုချင်တယ်''

''ဘယ်ရာခိုင်နှုန်းနဲ့ ...''

ခရစ္စက ချက်ချင်းဝင်မေးသည်။

''ရှက်ခွဲရာခိုင်နှုန်း။ ထပ်ဆောင်းပြစ် ဒဏ်ကြေးလည်း ပါသေးတယ်နော် ...။ တကယ်လို့ အတိုးအညွှန့်တွေကို အခိုင်မာ မပေးသွင်းခဲ့ရင်ပါ''

''ကျွန်မတို့ လူကြီးမင်းရဲ့ ကမ်း လှမ်းချက်ကို အသေအချာ စဉ်းစားဖို့ လိုဦးမယ်ရှင်။ ကျွန်မတို့ဟာက ဆုံးဖြတ် တာနဲ့ အသိပေးပါ့မယ်''ဟု ဆူက ပြော လိုက်တော့သည်။ မစ္စတာထရီမိန်း အပြီး တစ်မှုကို မျှော်သိပ်ထားလိုက်သည်။

* * * * *

''အဲဒီ အေအုပ်စုအမျိုးအစား အဆင့်ဆိုတာကြီးက ဘာသဘောလဲ ယောက်ျားရယ်''

သူတို့ဖန်းမောင်နှံ ဘိပ်ကမ်းချက်မှာ စာဘက်သို့ ခပ်သွက်သွက်လျှောက်လာ ကြရင်း ဆူးက ခရစ္စကို မေးလာ၏။ ဆူး မှာ စိတ်ထဲတွင် ဆိုင်သို့ ပထမဆုံးလာ ရောက်အားပေးသူ ဖောက်သည်မိတ်အား ဦးဦးဖျားဖျား ဆိုင်မှုံပေးရန် အချိန်မီတန် သေးရဲ့ဟု အောက်မေ့သည်။

''အေအုပ်စုအမျိုးအစားအဆင့် ဆို တာ အမြတ်တွေအားလုံးရှိတာကို ပြော တာကွ''ဟု ခရစ္စက ပြန်ရှင်းပြလာသည်။

''စာတိုက်စုငွေစာရင်းတွေ၊ ပင်စင် လစာတွေ၊ စာတိုက်ငွေလွှဲစာတွေ၊ မော် တော်ယာဉ်လင်း အခွန်အခတွေ ပြီးတော့ ဖရိုယံဘွန်းဒ် အာမခံစာချုပ်တွေတောင် ပါသေးတယ်။ ဒါတွေအားလုံးက မင်း အပေါ် မက်မောစရာ အမြတ်တစ်ခု အာမခံလာယ်ကွ။ ဒါတွေမပါရင်တော့ တိုဒို လိုင်စင်ခွန်တွေး တံဆိပ်ခေါင်းတွေး လျှပ် စစ်ငွေတောင်းလွှာတွေ ဒါတွေအပေါ်မှာပဲ အားထားဖို့ရှိတယ်။ အဲ ... သူတို့က မင်း ကို စာတိုက်ဘေးမှာ ဆိုင်ခန်းတစ်ခန်း ဖွင့်ဖို့ ခွင့်ပြုမယ်ဆိုရင် မင်းမှာ အပိုဘေး ပင်ငွေကလေး အနည်းအပါးတော့ ရနိုင် စရာရှိတာပေါ့။ မစ္စတာကွင်တန် ကမ်း လှမ်းလာသမျှဟာ ဒါပဲဆိုရင်တော့ တို လင်မယား မုန့်နှစ်ငါးကြော်ဆိုင် ဆက်မှင့် တာပဲ ကောင်းတယ်မိန်းမ''

''နေပါဦး၊ ကျွန်မတို့မှာ အေအဆင့် ကနေ လက်လွတ်ဆုံးရှုံးသွားမယ့် အရေ စွန့်စရာ တစ်ခုခုကော ရှိလို့လား''

''မရှိပါဘူး။ ဘာပါပြစရာဖြစ်လာ ပါကွာ။ ဒါမှမဟုတ် နယ်မြေစာတိုက် မန်နေဂျာ ကိုယ့်ကို အာမခံပြောတာ အဲဒါ ပဲ။ တကယ်ဆိုရင် သူဟာ ငိုထိုးကလေး အဖွဲ့ဝင်တစ်ယောက် မိန်းမ၊ ကိုယ့်ကို သူပြောတာက ဒီကိစ္စဟာ အဆင်ပြေ

www.burmeseclassic.com

www.burmeseclassic.com

စာတိုက်ကြီးဌာနချုပ်မှာ ဆွေးနွေးစရာ အဖြစ်နဲ့တောင် ဘယ်တုန်းကမှ မပေါ်ခဲ့ဘူးတဲ့။ ဘရစ်တန်းနီးယားဘက်ကလည်း သူတို့မှာ ပေါင်တစ်သိန်းကြီးနဲ့ ခွဲရဖို့ လိုလိုလားလား မပြစ်ခင် အရှည်အကြာကတည်းက **ဒီကိစ္စနဲ့ ပတ်သက်လို့ ပုံစံမီးပြီးသား ပြစ်ဖယ်ဆိုတာတော့ မိတ်ဆွေသာ မင်းမှာထား**"

"**ဒီတော့ သူးတို့ ရှေ့ဆက်သွား သင့်တယ်ပေါ့**"

"**သူတို့ အရှေ့တန်းနီးယားဘက်က စည်းကမ်းမဲ့ကြတော့အပေါ်မှာ တို့ ဘက်ကလည်း ချုပ်ကိုင်မှုအကန့်အသတ် အနည်းအပါးနဲ့ သွားရတာပေါ့ကွာ**"

"**ဘယ်လိုမျိုးလဲ**"

"**အဲ . . . စပြောရရင်တော့ မစ္စတာ ထရီပိန်းကြီး ရှစ်ရာခိုင်နှုန်းအထိ ဆင်းလာလိမ့်မယ်ဆိုတာ ကိုယ်တော့ နည်းနည်းမှ သံသယမဖြစ်ဘူး။ အခုဆိုရင် ဟိုင်းလမ်းမှာ ရှိကြတဲ့ ဘဏ်တွေကလည်း စွန့်စားလုပ်လာကြတဲ့ စီးပွားရေးလုပ်ငန်းတွေမှာ ထည့်ဝင်ဖြုပ်နှံမှုတွေ လုပ်လာကြပြီကွ။ မေ့တော့မမေ့နဲ့ပေါ့။ ဒီတစ်ခါ ငွေထုတ်ချေးရင် အဆောက်အအုံသိမ်းပိုင်ခွင့် အချက်တော့ ဒီလူကြီး ထည့်လာလိမ့်မယ် ဖိန်းမ**"

ဟဲ့စကင်းစ်တို့ ဇနီးမောင်နှံ သူတို့ မုန့်နှစ်ငါးကြော်ဆိုင်ကို ပေါင် ၁၁၂,၀၀၀ ဖြင့် ရောင်းလိုက်သည်။ ရောင်းရငွေပေါ်တွင် သူတို့ဘဏ်စာရင်းမှ ထုတ်ယူသည့် နောက်ထပ် ပေါင် ၃၈,၀၀၀ နှင့် ထပ်ဖြည့်နိုင်သွားတော့သည်။ ဘရစ်တန်းနီးယားကလည်း ၈ ရာခိုင်နှုန်းအကိုးဖြင့် ပေါင် ၁၀၀,၀၀၀ ထုတ်ချေးကာ ဟဲ့စကင်းစ်တို့ လက်ထဲရှိငွေကို ကိုးဖြွင့်ပေးလိုက်သည်။

သည်လိုဖြင့် ပေါင် ၂၅၀,၀၀၀ တန် ချက်လက်မှတ်တစ်စောင်ကို လန်ဒန်ရှိ စာတိုက်ကြီးဌာနချုပ်သို့ ပို့လိုက်ကြတော့သည်။

သည်မှာပင် ခရစ္စကာ "ကိုင်း . . . အခမ်းအနား ဆင်ယင်ကျင်းပဖို့ အချိန်အခါပဲ မိန်းမရေ" ဟု ကြေညာသည်။ သည်တော့ ဆူးက "ရှင့်စိတ်ထဲ ဘာလုပ်ဖို့ စိတ်ကူးနေလို့လဲ" ဟု ပြန်မေးသည်။

"**အက်ရှ်ဖို့ဒ်ပြိုလေးကို ကားနဲ့ ဆင်ဆွားယမ်း အဲဒီမှာ သမီးထေရစ်နဲ့ သိတော်ကားတ်ကုန်မှာ ပျော်မယ်ကွာ**" ဟု စကား ... သွားသည်။ နောက်မှ . . .

"**ဟဲ့ ဘာတဲ့ အပြန်မှာကျတော့**"

"**ပြီးတော့ အပြန်မှာကျတော့ . .**" ဆူးက **သူ့ယောကျ်ားစကားအတိုင်း လိုက်ပြောသည်**။

"**ဘဲ့တားဒီး ခွေးပေဟာ ဝင်မယ်ကွာ**"

နောက်တစ်လကြာသောအခါ . . မစ္စတာနှင့် မစ္စဟဲ့စကင်းစ်တို့ဇနီးမောင်နှံ ရယ်၊ နောက်ထပ်ရောက်လာသော (သည်တစ်ခါ အနက်ရောင်) လာဘရာဒါမျိုး ခွေးသစ်ကလေး 'တံဆိပ်ခေါင်း' ရယ်၊ ဘီချ်(ဆိပ်ကမ်း)လမ်းရှိ သူတို့မုန့်နှစ်ငါး ကြော်ဆိုင်မှနေ၍ ဝိတိုရိယခရဲဆင့်ရိပ်သာရှိ အုပ်စုအမျိုးအစား 'အေ'အဆင့် စာတိုက်သို့ ပြောင်းရွှေ့သွားကြတော့သည်။

* * * * *

ခရစ္စနှင့် ဆူးသည် အချိန်နာရီများစွာအတွင်းသို့ ဝီရိယရှိရှိနှင့် အသေအလျင် ပြန်၍ဝင်ကြသည်။ မုန့်နှစ်ငါး ကြော်ဆိုင် ပထမအစဖွင့်စဉ်ကလိုမဟုတ်၊ သူတို့လင်မယားအဖို့ ရှင်းရှင်းကို အတွေ့အကြုံမရှိသော အလုပ်ချိန်နာရီများ။

သည်လိုနှင့် . . .

နောက်ငါးနှစ်တစ်လျှောက်လုံး အပိုကုန်ရမည့် ကိစ္စမှန်လျှင် ဘယ်ကိစ္စမှာမဆို အသုံးငွေကို ဖြတ်ချပစ်ကြသည်။ အားလပ်ခရီးဆိုတာ အလျှင်းမထွက်။ အပွင့်မကားတဲ့ ရိုးရိုးနေ၊ ခြိုးခြိုးခြံခြံနှင့် သည်အတိုင်း စခန်းသွားကြသည်။ ကိုယ်တိုင် တစ်ခေါက်တစ်ကျင်းလောက် သွားဖို့ စိတ်ကူးလိုက်သည်မှ မကြာခဏ သို့သော် ဘရစ်တန်းနီးယားသို့ သွားတစ်ကြိမ် အရစ်ကျသွင်းနေရသော ငွေပြောင်ထုပ်ကြီး ပြောပြမသွားမချင်း ယောကျ်ားသို့ အလည်သွားချင်သည့်စိတ်ဆန္ဒ ချုပ်တည်းချိုးနှိမ်ထားရသည်။

ခရစ္စသည် ရိုးထရိုကလပ်တွင် ထမ်းဆောင်ပြတာဝန်များကို ဆက်လက် ထမ်းဆောင်၏။ ဆူးကလည်း ကလေး သော့ပ်ဌာနခွဲ မိခင်များသမဂ္ဂတွင် ဥက္ကဋ္ဌ ဖြစ်နေပြီ။ သမီးထရေစီသည်လည်း ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုတွင် စခန်းမန်နေဂျာရာထူးသို့ တက်သွားခဲ့ပြီ။ တစ်ခုပဲ ရှိသည်။ 'တံဆိပ်ခေါင်း' တစ်ကောင် အစားကြွေးလိုက်သမှ သားအမိသားအဖသုံးယောက် စားထက် ကျော်နေလေဟော့သည်။

စတုတ္ထခြောက်နှစ်တွင် မစ္စတာ မစ္စစ်ဟဲ့စကင်းစ်တို့ ဇနီးမောင်နှံ 'တာ တာ'၏ စံပြနယ်မြေစာတိုက်'ဟူး ဂုဏ်ထူးဘွဲ့မည် ချီးမြှင့်ခံလာရသော နောက်ကိုးလာကြောသော် ဘရစ်တန်းယားသို့ သူတို့လင်မယား နောက်ဆုံး သွင်းစရာဖြစ်သော အရစ်ကို ပေးလိုက်တော့သည်။

သည်မှာပင် ဘရစ်တန်းနီးယား ဘုတ်အဖွဲ့က ခရစ္စနှင့် ဆူးမှာ အမည်ဖြင့် ကြေးပြီတစ်ပဲနီမျှ မရှိသော စာတိုက်ကို သူတို့ပိုင်သွားပြီဖြစ်၍ အတွက် သူတို့ဇနီးမောင်နှံအပေါ် သောအားဖြင့် တည်ခင်းသည့် နေ့စာစားပွဲ၌ ရွှင်ရယ်ဟိုတယ်သို့ ကြေး ပါမည့်အကြောင်း ဖိတ်မန္တကာ ပြုလာ ဂုဏ်ပြုပွဲတွင် ခရစ္စက "ကွန်တို့ဇနီးမောင်နှံမှာ မူလထည့်ဝင်ထား ရင်းနှီးငွေ ပြန်ပေါ်အောင် ငွေရှာပို့ သေးတယ်ခင်ဗျာ" ဟု ဘုတ်အဖွဲ့ဝင်

www.burmeseclassic.com

www.burmeseclassic.com

ပြောဆိုတယ်။ "ဘာမှတော့မဟုတ်
ပေါင်ကလေးနှစ်သိန်းငါးသောင်း

ဘရစ်တန်းနီးယားဥက္ကဋ္ဌက ဝင်ရှ
ပြောသည်။
"လက်ရှိသွားနေတဲ့ နှုန်းနဲ့ဆိုရင်
တို့ဇနီးမောင်နှံ အောင်မြင်ဖို့ဆိုတာ
ငါးနှစ်လောက်ပဲ အချိန်ယူရမှာပါ။
အဲဒီအချိန်ကျရင် ပေါင်တစ်သန်း
ဒီမှာရေးလုပ်ငန်းကြီးကို ခင်ဗျား
ဦးဆုံးထိုင်နေလောက်ပါပြီ"
"ဒါ ကျွန်တော် သန်းကြွယ်သူဌေး
ဆိုလိုတာလားခင်ဗျ"
"ဟင်း ... မဟုတ်သေးဘဲက"
ဆူးက ဝင်နောက်သည်။ "ကျွန်မ
ဘေးရှင်ဌေစာရင်း ရဌေဘက်မှာ
ကလေးတစ်သောင်းကျော်ပဲ ပြနေ
နော်။ ဖြစ်ခြင်းဖြစ်ရင် ရှင်က
ပြားတစ်ပဲ သူဌေးပါရှင်"
ဥက္ကဋ္ဌက ရယ်တော့သည်။ နောက်
နှင့် ဆူးတို့ရှိရာဘက်သို့ သူတို့အား
သောအားဖြင့် မိမိတို့ဖန်ခွက်များကို
မြောက်ကြွပါရန် ဒါရိုက်တာလူကြီး
ကို ပန်ကြားလိုက်သည်။
ဥက္ကဋ္ဌက ခရစ္စအား "ကျုပ်စပိုင်
ကျုပ်ကိုပြောတယ် ခရစ္စ"ဟု
ပြောလာသည်။ "ကျုပ်တို့ဒေသမှာ
ကလပ်မှာ နောက်တက်မယ့်ဥက္ကဋ္ဌ
ခင်ဗျားဖြစ်နိုင်စရာရှိသတဲ့ဗျာ"
"ဒီလိုနဲ့ပဲ သိုးကာသိကာ ကပ်လွဲ
တော်တယ်နော" ခရစ္စကလည်း သူ့
ထဲက ဖန်ခွက်ကို နှိမ့်ကိုင်ရင်း ပြန်
သည်။ "ပြီးတော့ မိခင်များသမဂ္ဂရဲ့
ပြောသမျှ ဒါ ကျိန်းမသေသေးပါဘူး။
းလည်း မသင့်ကြနဲ့။ ဆူးဟာ
ယ်လို အမျိုးသားရေးရာဥက္ကဋ္ဌအဖြစ်
ပေါ်လာခဲ့ရင်ရောဗျာ ..."
"ကဲ ... အခုနောက် ခင်ဗျား ဘာ
လုပ်မယ်လို့ စိတ်ကူးထားသလဲ"
ဥက္ကဋ္ဌက သူ့ကိုမေးလာသည်။
ခရစ္စက တံ့ဆိုးမနေဘဲ ဖြေလိုက်သည်။
"ငါးနှစ်လုံး ကလီးသော့ပ်ဆိပ်
ကမ်းရယ်၊ မုန့်နှစ်ငါးကြော်တစ်ပန်းကန်
ရယ်၊ အဲသလို ရှိတာကလေးနဲ့ ဖြစ်သလို
ရောင့်ရဲနေလာပြီးမှတော့ ပေါ်တူးကို
ခရီးထွက်ခြင်းသာ ကျွန်တော်တို့ လစ်
ကိုယ်မယား ကြိုးပမ်းခဲ့တဲ့အရာ ဖြစ်မယ်
လို့ ထင်တာပဲခင်ဗျာ"
ထိုအဖြစ်သည်လည်း ဤဝတ္ထု
ဇာတ်လမ်းအတွက် ကျေနပ်လောက်စရာ
နိဂုံးတစ်ခု ပြုပေးတန်လောက်သည်။
အကယ်၍ စာအုပ်ကြီးသမားများဖြစ်ကြ
သော အရာရှိလောကကသာ တစ်ချိုဝင်
မစွက်ခဲ့လျှင် ပြောပါသည်။
ယခုတစ်ခါကျတော့ ဗဟိုစာတိုက်
ကြီးရှိ ဘဏ္ဍာရေးဒါရိုက်တာထံမှ မစ္စတာ
နှင့်မစ္စစ် ဟဲ့စကင်းစ်တို့ထံ လိပ်မူထား
သော စာတစ်စောင် ရောက်ရှိလာပါ
သည်။ ထိုစာကို သူတို့လင်မယား အယ်လ
ပူဖေးရားသို့ ခရီးထွက်ရာမှ ပြန်ရောက်
အလာတွင် အိမ်တံခါးပေါက်ဝဖျာပေါ်၌
သူတို့အား စောင့်မျှော်လျက်သား ရှိသည်
ကို တွေ့လာကြရသည်။

* * * * *

စာတိုက်ဌာနချုပ်
၁၄၈၊ အိုးဇေမ်း၊ လန်ဒန်၊
အီးစီအိုင်စီ ဥ အိတ်ချ်ကျူ
မစ္စတာနှင့် မစ္စစ်ဟဲ့စကင်းစ်ခင်ဗျား
စာတိုက်ကြီးသည် ... ယင်း၏
အဆောက်အအုံကဏ္ဍပိုင်းအား အဆင့်
ပြန်လည်သတ်မှတ်ခြင်းပြုလျက်ရှိပါသည်၊
ထိုဆောင်ရွက်ချက်အရ ယင်း၏ သက်
တမ်းရင့်နေသော အဆောက်အအုံအဆို
ပါ အဆင့်အနေအထားအပေါ် ပြောင်းလဲ
မှုများ ပြုတော့မည် ဖြစ်ပါသည်။
ထို့ကြောင့် ကျွန်ုပ်သည် ဘုတ်အဖွဲ့
က ကလီးသော့ပ်မြို့ဝရိယာနယ်မြေ
အတွင်းရှိသော အုပ်စု'အေ'အမျိုးအစား
အဆင့် စာတိုက်နှစ်ခု ရွှေလျှောက်မလို
အပ်တော့ဟူ၍ စိတ်ကောက်စွာ ပြုလိုက်
ရမည်ဟု အဆုံးအဖြတ်ကို လူကြီးမင်းတို့
အား အသိပေးအကြောင်းကြားအပ်ပါ
သည်။ ဟိုင်းလမ်းရှိ ဌာနခွဲအသစ်သည်
'အေ'အဆင့်အနေအထားဖြင့် ဆက်
လက်သွားမည်ဖြစ်ပြီး ဝိတိုရိယဝရဲဆင့်
ရိပ်သာ၏အဆင့်မှာ 'ဘီ'အဆင့်သို့ လျော့
ကျသွားမည် ဖြစ်ပါသည်။ ထို့အတွက်
လူကြီးမင်းတို့အာဂ်မှ လိုအပ်ရာရာ ညှိနှိုင်း
မှုများ ဆောင်ရွက်နိုင်စေရန် အလို့ငှာ
ကျွန်ုပ်တို့ စာတိုက်ကြီးသည် နှစ်သစ်ကူး
မတိုင်မီ အဆိုပါ ပြောင်းလဲမှုများ ပြုရန်
ရည်ရွယ်ထားခြင်း မရှိပါ။
လူကြီးမင်းတို့နှင့် ကျွန်ုပ်တို့၏
ဆက်ဆံရေးကို ရှေ့ဆက်လက်သွားရေး
အတွက် ကျွန်ုပ်တို့ ဦးမျှော်ပါသည်။
သစ္စာရှိစွာဖြင့်
ဘဏ္ဍာရေးဒါရိုက်တာ
"ဒါဟာ ကျွန်မစိတ်ထဲ ဖြစ်တဲ့
အတိုင်း ဆိုလိုတယ်လို့ ဆိုလိုကောလား
ဟင်"
စာကို ဒုတိယအကြိမ်ပြန်ဖတ်ပြီး
ဆူးက မေးလာသည်။
"အေး ... အရိုးအရှင်းဝေါဟာရနဲ့
ပြောရရင်တော့ အချစ်ရေ ... ကိုယ်တို့
ဟာ ကျန်တဲ့ ဘဝတစ်လျှောက်လုံး
ဒီစာတိုက်ကို ဆက်လုပ်သွားရင်တောင်မှ
ကိုယ်တို့ မူလထည့်သင်ပြုပ်ခဲ့ထားတဲ့ ပေါင်
နှစ်သိန်းခွဲ ပြန်ရဖို့ဆိုတာ ဘယ်တော့မှ
မျှော်လင့်လို့ မရတော့ဘူးကွ"
"ဒါဆိုရင်တော့ စာတိုက်ကို ရောင်း
ပစ်ဖို့ပဲ ရှိတော့တာပေါ့"
"ဒါပေမဲ့ ဒီမြေနဲ့ ဘယ်သူကဝယ်
မှာလဲကွာ။ စာတိုက်ရဲ့စီးပွားရေးလုပ်ငန်း
က 'အေ'အဆင့်မှာ မရှိတော့တဲ့အကြောင်း
သိသွားရင်လေ"

www.burmeseclassic.com

www.burmeseclassic.com

ခရစ္စက အချက်ကျကျ ရှင်းပြသည်။ သည်တော့ ဆူးက "ဟွန်း ... **ဘရစ်တန်းနီးယားကလူကြီးအပြောကဖြင့် ကြွေပြီဆပ်ပြီးသွားတာနဲ့**တင် ကျွန်မတို့ **စာတိုက် ပေါင်တစ်သန်းတန်သွားမှာပါတဲ့။ အာမခံပြောတာလေ**"

"**ဒါကဖောတော့ လုပ်ငန်းအနေနဲ့ တစ်နှစ်ကို ပြန်ပေါ်ငွေ ပေါင်ငါးသိန်းရှိပြီးတော့ အမြတ်ကို ပေါင်ရှစ်သောင်းခန်း** ကျင်လောက်အထိ **တိုးပွားအောင် လုပ်**နိုင်ဦးမှကိုး"

"ကျွန်မတို့ ဥပဒေအတိုင်း အကြံဉာဏ်ရယူသင့်ပြီ ယောက်ျား"

ခရစ္စမှာ မိန်းမစကားအတိုင်း စိတ်မပါတပါနှင့် သဘောတူလိုက်ရသည်။ **သူတို့ရှေ့နေဘက်မှ** ထင်မြင်ချက်က ဘယ်လိုရှိလာဦးမလဲဆိုသည်ကို သူ့စိတ်ထဲ သံသယများစွာ မဖြစ်သေးသည့်တိုင် ဖြစ်သည်။ တကယ်ဆွေးနွေးကြည့်သော အခါ သူတို့ဝတ်လုံက တာဝန်သိစွာ အကြံပြုသည်က ဥပဒေသည် သူတို့ဘက်တွင်မရှိ၊ ထွက်ပေါ်လာမည့်ရလဒ်ကို သူအာမမခံနိုင်။ ထို့ကြောင့် စာတိုက်ကြီးအပေါ် တရားတဘောင် စွဲဆိုခြင်းကိစ္စကို မထောက်ခံ။

ရှေ့နေက "ခင်ဗျားတို့မှာ သိက္ခာပိုင်းဘက်က အောင်ပွဲကြီးတော့ ရနိုင်စရာရှိပါရဲ့။ သို့သော် ဒီအောင်ပွဲက ခင်ဗျားတို့ဘဏ်ငွေစာရင်းလက်ကျန်အပေါ် ဘာအထောက်အကူမှ ပြုမှာမဟုတ်ဘူးလေ" ဟု ဆိုလာ၏။

သည်တွင် ခရစ္စနှင့် ဆူး ချမှတ်သည့် အလုံးအပြတ်က သူတို့စာတိုက်ကို ဈေးကွက်ပေါ်တင်ရောဖြစ်သည်။ တစ်စုံတစ်ယောက်က စိတ်ဝင်စားမှု ပြလာပါ့မလား သိလိုရှိလည်း ဖြစ်သည်။

သည်မှာတင် ခရစ္စ၏ အကဲဖြတ်မှု တစ်ခဲ့လာ၍ မှန်နေသည်။ စုံတွဲသုံးတွဲက စာတိုက်အဆောက်အအုံကို တကူးတက လာ၍ကြည့်ပါ၏။ သို့သော် 'အေ' အဆင့် ရှေ့ဆက်မရှိတော့သည့်အဖြစ် သိသွားသည်တွင် ဘယ်သူမျှ နောက်ထပ်ပြန်ပေါ်မလာတော့။

သည်မှာ ဆူးက "ကျွန်မလောင်း ပြောခဲ့တယ်" ဟု လုပ်လာပြန်လေသည်။

"**ဘာခရစ္စမ်းက အဲဒီအရာရှိကြီးတွေ ဟာ ကျွန်မတို့ပိုက်ဆံကို သူတို့အိတ်ထဲ မထည့် ခင် ဟိုးအရည်ကတည်းက ကောင်းခကောင်းသိပြီးသား။ ကျွန်မတို့စာတိုက်ကို အဆင့်ပြောင်းပစ်တော့မယ်ဆိုတာကိုလေ။ ဒါပေမဲ့ ဒီကိစ္စ** ကျွန်မတို့ **အပေါ် အသိမပေးဘဲထားတာ**က သူတို့အတွက် တွက်ခြေကိုက်တယ်မဟုတ်လား"

"မင်းပြောတဲ့အတိုင်း ဟုတ်ချင်လည်းဟုတ်မယ်။ ဒါပေမဲ့ တစ်ခုတော့ စိတ်ထဲအသေစွဲထားလို့ရတာ ရှိတယ်။ အဲဒီလူကြီးတွေဟာ အဲဒီအချိန်အခါတုန်းက စာနဲ့ပေနဲ့ အရေးအသားလုပ်ခဲ့တာ ဘာမှရှိမှာမဟုတ်ဘူး။ ဒီတော့ တို့ဘက်က ဘယ်တော့မှကို ဘာအထောက်အထားမှ လက်ဆုပ်လက်ကိုင် ပြစရာမရှိဘူး"

"**ကျွန်မတို့မှာလည်း** အလားတူပဲ မရှိပါဘူးနော်"

"မင်းဘာဆိုလိုတာလဲ အချစ်"

"ကျွန်မတို့ဆီက သူတို့ဘယ်လောက် ခိုးယူခဲ့ကြသလဲ"

ဆူးက တောင်းဆိုလိုက်သည်။

"**အင်း ... ဒီစကားနဲ့ မင်းဆိုလိုတာက ကိုယ်တို့ မူလမြှုပ်နှံခဲ့တဲ့ ရင်းနှီးငွေကို ဆိုလိုတာ ဆိုရင်တော့ ...**"

"ဟုတ်တယ် ... အိုစာမင်းစာ အတွက် ကျွန်မတို့ ခြစ်ခြစ်ကုပ်ကုပ် စုဆောင်းလာခဲ့ရတဲ့ ငွေလေရှင်။ အနှစ်သုံးဆယ်လုံး တကုပ်ကုပ်နဲ့ ရှာခဲ့ရတဲ့ ခြူးပဲနိ။ အဲသလိုရှိတဲ့ ပဲနိတိုင်းပါနော်။ ဒါ ဒါ ကျွန်မတို့ ပင်စင်တွေ ထည့်ပြောသေး တာမဟုတ်ဘူး"

မိန်းမစကားကို ခရစ္စစိတ်ထဲတွ စိတ်တွက်တွက်ကြည့်ရင်း ခေါင်းထော မတ်လာသည်။ "အေးကွာ၊ မူလထ ထားတဲ့ငွေ လက်ထဲပြန်ပေါ်လာတာ အဲဒီငွေတွေနဲ့ တို့ရှေ့ဆက်လုပ်သွား မျှော်ကိုးထားလို့ရသေးတဲ့ အမြတ်အ တစ်ဝုံတစ်ရာတောင် မပါသေးဘူး"

"ဟုတ်တယ် ယောက်ျား။ ဒါ ကျွန်မတို့ဆီက ခိုးသွားတာ သက်သ ရှိသေးတာ" ဟု ဆူးက ထပ်ပြော သည်။

"ပေါင်နှစ်သိန်းခွဲကျော်ကလေ ကွာ။ ဒါ အတိုးတွက် မင်းထည့်မတွ ပါ"

"နောက်ပြီးတစ်ခါ ကိုယ်ရင်းနှီ မြှုပ်နှံငွေ ပြန်မြင်ရဖို့အရေးက မျှော် စရာလည်း မရှိတော့ဘူးလေ။ ဒီငွေ ကျန်တဲ့ဘဝတစ်လျှောက်လုံး ကျွန် လုပ်ကိုင်သွားရင်တောင်မှ ..."

"ငွေပမာဏဟာ အဲသလော နီးနီးပါပဲ အချစ်ရယ်"

"ဒီတော့ ကျွန်မ ရည်ရွယ်ချ တော့ ဇန်နဝါရီ ၁ ရက်နေ့မှာ အန ဖို့ပဲ"

"ဩ ... မင်းက တစ်သက် ဒီတိုင်းထိုင်စားသွားမယ်လို့ မျှော်မှန်း ပေါ့"

"ကျွန်မတို့ရဲ့ မူလရင်းနှီးမြှု လေ"

"**ဒီအတွက် မင်းက ဘယ်လို သွားမယ်လို့ စိတ်ကူးနေလို့လဲ**"

"**အခွန်းအထင်းကင်းရှင်းတဲ့** ကျ တို့ရဲ့ ကျော်စောသတင်းအပေါ် ကောင်းပြန်ယူခြင်းအားဖြင့်လေ ...

(ဆက်လက်ဖော်ပြ

ကျ

www.burmeseclassic.com

www.burmeseclassic.com

လိပ်ခေါင်းရောဂါရှင်များ ဝမ်းမြောက်ဖွယ်

လိပ်ခေါင်းရောဂါမှန်လျှင် ဒီဌာနကို ဝမ်းမြောက်ဖွယ်ကောင်းရမည်။

- ဆရာ၏ဆေးခန်းတွင် လိပ်ခေါင်းရောဂါရှင်များအား မပူ၊ မစပ်၊ မနာ၊ မကျင်၊ မလှီးမဖြတ်၊ မြန်မာ့နည်း မြန်မာ့ဟန်သက်သက်ဖြင့် အမြစ်ပါမကျန် လုံးဝပျောက်ကင်းအောင် ကုသပေးလျက်ရှိပါသည်။
- ကုသ၍ပျောက်ကင်းသွားသော ရောဂါရှင်ပေါင်းများ၏ ဓာတ်ပုံနှင့်ထောက်ခံစာပေါင်းများစွာတို့ကို လက်တွေ့လာရောက်လေ့လာနိုင်ပါသည်။ (နိုင်ငံခြားမှ ခွဲစိတ်ကုသဖူးသူများ အပါအဝင်)
- ရောဂါအတွက် ပျောက်ကင်းအောင် တာဝန်ယူသည်။
- လိပ်ခေါင်းရောဂါသည် အနာယူမှသာ အမြစ်ပြတ် ပျောက်ကင်းနိုင်ပါသည်။

ဒုတ်ချက်။ ။ လိပ်ခေါင်းရောဂါသည် စားဆေးသက်သက်ဖြင့် လုံးဝပျောက်ကင်းပါ။

နိုင်ငံကျော် မွန္တလေးမြို့ အဘိဝမ္မာတောင်သာဆရာကြီးဦးလှဟောင်၊ ဆရာမကြီးဒေါ်သန်းဟန် (လိပ်ခေါင်းအထူးကုပိဋ္ဌာ)

မြန်ကုန်ဆေးခန်းဌာနခွဲ

အမှတ်(၅၀)၊ (၅)လွှာ၊ (၁၂၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀၀၉၃၉၁၊ ၀၉-၄၃၀၅၂၀၂၂၀၂
ဆု-၁၄လမ်းကြား၊ ၈၀-၈၁ လမ်းကြား၊ အကွက်-၅၄၊ ပြည်လုံးချမ်းသာ၊ မန္တလေး။ ဖုန်း-၀၂-၇၂၂၀၀၊ ၀၉-၉၁၀၄၄၀၂၅

ထောက်ခံချက် - ၈၁/ ဝဓဥဂ၀/ထလ

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ခင်မောင်ထွန်း (လမ်းမတော်)

အမှောင်ကို အနက်ဆိုးသူ

ရန်ကုန်-မန္တလေးစာပို့ရထားသည် ကျောက်ဆည် ဘူတာသို့ ဆိုက်ကပ်ရန် **နီးလေလေ ပို၍ မြန်မြန်ဖောင်းလေဟု** ထင်နေရသည်။

ကျောက်ဆည်ဘူတာကို ရောက်ခါနီး ချိန်တွင် ရွှေသာလျောင်းတောင်ကြီးနှင့် တောင်ပေါ်ဆိပ်တွင် ရွှေရောင်ဝင်းဝင်းလက်နေသော ရွှေသာလျောင်း **စေတီတော်ကို** တွေ့မြင်ရပြီဖြစ်သည်။

ရွှေသာလျောင်းတောင်နှင့် ဝေဘူတောင်တို့သည် ဇော်ဂျီမြစ်၊ မင်းရဲချောင်းတို့ကို တွေ့မြင်ရမည်ဖြစ်သည်။

ကျောက်ဆည်မြို့တွင်းသို့ ရောက်ပြီဆိုလျှင်လည်း ဇော်ဂျီမြစ်၊ မင်းရဲချောင်းတို့ကို တွေ့မြင်ရမည်ဖြစ်သည်။

ဇော်ဂျီမြစ်နှင့် မင်းရဲချောင်းတို့သည် ကျောက်ဆည်မြို့ အတွင်းမှ **ဖြတ်သန်း၊ စီးဆင်းနေသောကြောင့်** ကျောက် ကျောက်ဆည်မြို့သည် စိမ်းလန်းစိုပြည်လျှက်အောမြဲ၍ လှပမှုတို့ကို ဖန်တီးပေးဆောင်လျက် ရှိနေပါသည်။

ဝေဘူ ဆရာတော်ဘုရားကြီး တည်ထားခဲ့သော ဝေဘူချောင်၊ မြို့၏ **အလယ်တွင်တည်ရှိနေသော** ရွှေမုဒ္ဒော ဘုရား၊ လေးမျက်နှာဘုရားတို့သည် ကျောက်ဆည်မြို့၏ အကြောင်းကို ပြောလျှင်မပါ၍ မဖြစ်သော ဘာသာရေးဆိုင်ရာ အကျော်အမော်နေရာများ ဖြစ်ကြပါသည်။ ရွှေသာလျောင်းတောင် **စောင်းတွင် တည်ရှိနေသော** ကျောက်သေတ္တာ စေတီတော်မှာ မြို့နှင့်နီးကပ်လျက်ရှိသည်။ **မြို့၏တောင်ဘက်အစွန်တွင် တည်ရှိနေသည့် ကျောက်ကြီး** ဟောနေမှာ ကတိပျက်သူများ၊ လိမ်လည်သူများ ကြောက်ရွံ့ကြသည်။

မြို့၏မြောက်ဘက်တွင် ရွှေသိမ် **စေတီတော်တည်ရှိသည်။** ထိုထိုသော အရာများစွာဘို့ကိုကြည့်ရင်း ကျွန်တော် **၏** မြင်ကွင်း၌ လွန်ခဲ့သော နှစ်ပေါင်း (၂၀)ခန့်က ကျောက်ဆည်မြို့တွင် နေထိုင်ခဲ့စဉ်က အခြေအနေများကို သတိရလာခဲ့သည်။

မျက်ဝန်းရိပ်တွင် အရိပ်သဖွယ် ထင်ဟပ်လာခဲ့သည်။ "အထက်မြန်မာ နိုင်ငံတော်၏ စပါးကို" ဟုခေါ်သော

www.burmeseclassic.com

www.burmeseclassic.com

ကျောက်ဆည်မြို့ သည်မြို့ သည်နေရာ၊ သည်ဇာတိနှင့် ကင်းကွာ၍ ဝေးရာ အရပ်သို့ရောက်ရှိနေခဲ့သည်မှာ နှစ်ပေါင်း (၃၀)ခန့်ပင်ရှိနေပါချေပြီ။ မီးရထားလည်း မြစ်ကူးတံတားတစ်ခုပေါ်တွင် အရှိန်အဟုန်ဖြင့် ပြေးလွှားဖြတ်သန်းနေသည်။ ထိုအချိန်တွင်မှ ကျွန်တော်၏ အတွေးမျှင်များ ပြတ်တောက်သွားခဲ့သည်။ ရထားက ကျောက်ဆည်မြို့သို့ ဝင်ရောက်ရန် ဇော်ဂျီ မြစ်ကူးတံတားကို ဖြတ်သန်းနေသည်။ မြစ်ကူးတံတားကို လွန်လေသောအခါ မီးရထားက အရှိန်နှုန်းကို လျော့ချလျက် ခတ်မောင်းနေသည်။ ဘူတာအတွင်းသို့ မီးရထား ဝင်ရောက်သွားသည့်အခါ ကျွန်တော့် အားလာရောက်ကြိုဆိုမည့်သူကို ဘူတာအတွင်း၌ရှာဖွေကြည့်ရှုမိခဲ့သည် ဘူတာအတွင်း စကြံ့တစ်နေရာတွင် ဒရဲအုပ် (စခန်းမှူး)ဝတ်စုံဖြင့် ဘူတာအတွင်းသို့ ဝင်ရောက်လာသော မီးရထားတွဲများကြည့်နေသော ညီဖြစ်သူကို တွေ့လိုက်သည်။ ထို့ကြောင့် ကျွန်တော် အားပါးတရအော်ဟစ် နှုတ်ဆက်လိုက်သည်။

"ဟေး ကိုရဲ . . ."

ကျွန်တော်၏ အသံကို ကြားလိုက်ရသော ညီဖြစ်သူ ကိုရဲမြင့်က အသံလာရာသို့ ကြည့်လိုက်သည်။ ထို့နောက် ကျွန်တော်ကို တွေ့မြင်သွားခဲ့သည့် အတွက် ခြေလှမ်းကို သွက်သွက်လှမ်းကာ ကျွန်တော်စီးနင်းလိုက်ပါလာသည့် အထက်တန်းအိပ်ခန်းတွဲရှိရာသို့ လာနေသည်။ အနီးသို့ရောက်လာသည့်အခါ ကျွန်တော်က မေးလိုက်သည်။

"ကိုရဲ စောင့်နေတာ ကြာပြီလား"

ကျွန်တော်၏အမေးကို ကိုရဲမြင့်က ပြုံး၍ ပြန်ဖြေသည်။

"မကြာသေးပါဘူးအစ်ကို ရုံးပိုင်ကြီးကို ကြိုတင်မှာထားခဲ့ရလို့ ရထားဆိုက်ချိန်နီးတော့ သူက ဖုန်းလှမ်းဆက်တယ်၊ ဒါကြောင့် သိပ်မစောင့်ရပါဘူး"

"ဒါဆို တော်သေးတာပေါ့ကွာ"

"ရထားကလဲ အချိန်မှန် ဝင်ပါတယ်"

ကျွန်တော်က ခရီးဆောင်သေတ္တာ အပြာလေးကို ကိုင်ကာ ဘူတာစင်္ကြံပေါ်သို့ဆင်းသည်။ ဘူတာအတွင်း၌ ခရီးသည်များ၊ လာရောက်ကြိုဆိုသူများ ပို့ဆောင်သူများမှ ပျားပန်းခပ်မျှလှုပ်ရှားစည်ကားနေကြသည်။

ကျွန်တော်က ဘူတာအတွင်းရှိ လူများကိုကြည့်ရင်း ပြုပြင်မွမ်းမံထားသော ဘူတာအဆောက်အအုံကို ဂရုပြုကြည့်လိုက်မိသည်။ ယော်စဉ်ဘဝ၌ ဝေ့ ာည်များနှင့် အလွန်ပင် ခြားနားနေပြီဖြစ်သည်။ ကျွန်တော်ငယ်ရွယ်စဉ်က ကျောက်ဆည်တွင်နေထိုင်ကြီးပြင်းလာခဲ့သူ ဖြစ်သည်။

ယခု ပြည့်သူဝန်ထမ်းဘဝဖြင့် ရန်ကုန်တိုင်းရဲတပ်ဖွဲ့တွင် တာဝန်များကို ထမ်းဆောင်နေဆဲဖြစ်သည်။ ဇာတိချက်ကြွေဖြစ်သော သည်မြေသည်ဒေသသို့ မရောက်သည်မှာ ကြာခဲ့ပြီဖြစ်ပါသည်။

ဘူတာရုံမှ အထွက်တွင် ကျောက်ဆည်မြို့သို့ မဝင်မီကပင် အဝေးမှလှမ်း၍ မြင်ခဲ့ရသည့် ဝေဘူတောင်ပေါ်ရှိသောလျောင်းဘုရားကို တွေ့မြင်လိုက်ရပြန်သဖြင့် စိတ်တွင်းမှ ရည်မှန်းခြေဖူးမြော်လိုက်သည်။ မြို့၏ မြင်ကွင်းမှ ကျွန်တော်၏ ရင်တွင်း၌ ခွဲခြံသွားစေခဲ့စားမှုတစ်ခုတစ်ရာကို ဖြစ်တည်ကွန်စေရန်ပေးနိုင်စွမ်းသည်ဟုထင်ခဲ့မိပါသည်။ ဘူတာအဆောက်အအုံ၏ အပြင်မရောက်မီမှာပင်ကိုရဲမြင့်ကပြောသည်။

"စခန်းသုံးကားကိုပဲ ဆွဲလာခဲ့တယ် အစ်ကို"

"ရပါတယ်ကွာ"

ညီအစ်ကိုနှစ်ယောက် စကားပြောရင်း ဘူတာရုံအပြင်သို့ ထွက်လာကြသည်။ ကား၏ အနီးသို့ရောက်သည့်အခါတွင် ဘူတာအတွင်းသို့ သုတ်သုတ်သုတ်ပြာ ဝင်ရောက်လာခဲ့သူ တစ်ယောက်နှင့် တိုက်မိခဲ့သည်။

"အင့် . . ."

ထို့ကြောင့် ကျွန်တော်က ဝင်တိုက်သူကို ကြည့်လိုက်သည်။ ထိုသူကလည်း ကျွန်တော်ကို ကြည့်သည်။ ထို့နောက် ဝင်တိုက်သူက တောင်းပန်သည့်စကား ပြောသည်။

"မတော်လို့ပါနော် . . ."

"ရပါတယ်ဗျာ"

ထိုသူကတောင်းပန်ရင်း ကျွန်တော်ကို ကြည့်နေသည်။ ကျွန်တော်ကလည်း သူ့ကို ကြည့်၍ပြုံးသည်။

www.burmeseclassic.com

www.burmeseclassic.com

ဘာကြောင့် ကျွန်တော်ကသူကို ကြည့်ပြီး ပြုံးရတာလဲ၊ သူက ကျွန်တော်၏ သူငယ်ချင်း အေးကိုဖြစ်သောကြောင့်ပါတည်း။

သို့ရာတွင် အေးကိုက ကျွန်တော်ကို မမှတ်မိ။ ခေတ္တမျှ ကြည့်နေခဲ့သည်။ ထို့နောက် သူထံမှ အံ့သြ၍ ဝမ်းသာသည့်ဟန်ဖြင့် အသံများထွက်လာခဲ့သည်။

"ဟာ ဦးခင်မောင်ထွန်းကြီး..."

"သြော်...မင်းက မှတ်မိသားပဲ"

"စောစောက ရတ်တရက်ဆိုတော့ မမှတ်မိဘူး"

"မင်းလောလောနဲ့ ဘာတွေ ဆန္ဒစောပြီး ဘယ်ကိုသွားမလို့လဲ..."

"မန္တလေးကို သွားမလို့လေ၊ ညနေမှ ပြန်လာခဲ့မယ်၊ ပြန်လာမှပဲ တွေ့ကြမယ်၊ မပြန်သေးဘူးမဟုတ်လား"

အေးကိုက စကားပြောရင်း ဘူတာအတွင်းသို့ ဝင်ရောက်သွားသည်။

ထို့ကြောင့် ကျွန်တော်နှင့်ကိုရဲမြင့်တို့က ကားပေါ်သို့ တက်ရောက်ပြီး စက်နှိုးမောင်းနှင်၍ ဘူတာရုံမှ ထွက်ခွာလာခဲ့ကြသည်။

ထိုအချိန်တွင် ခြေလှမ်းကျဲကြီးများဖြင့် ဘူတာရုံအတွင်းသို့ ဝင်ရောက်သွားသော ကိုဝင်းမြင့်ကို တွေ့လိုက်ရပြန်သည်။ ထို့ကြောင့် ကျွန်တော်က ကိုရဲမြင့်ကို မေးသည်။

"ကိုရဲ"

"ဗျာ အစ်ကို..."

"ကိုဝင်းမြင့်က အခု ဘာလုပ်နေတာလဲ၊ တရားသူကြီးပဲလား"

"မဟုတ်တော့ဘူး ... အစ်ကို၊ ကိုဝင်းမြင့်က ကုန်သည်လုပ်နေတယ်လေ၊ ပြီးတော့ စာရေးဆရာလဲ လုပ်နေတယ်လေ"

"အေး...နီလေးမောင်ရဲ့ မဂ္ဂဇင်းထဲမှာတော့ ဦးဝင်းမြင့်(ကျောက်ဆည်)ဆိုတဲ့ နာမည်လဲ မကြာမကြာတွေ့ဝိုတယ်၊ အဲဒါ ဒီကောင်ကြီးလား"

"ဟုတ်တယ် အစ်ကို၊ ပြီးတော့ တက္ကသိုလ်ကိုးရန့်ဆိုတဲ့ ကလောင်အမည်နဲ့လည်းရေးတယ်"

"အေးကွာ ဒီကောင်ကြီးလဲ ငယ်ငယ်ကတည်းက ဝါးပိုပဲ စာရေးတာကို ဝါသနာပါခဲ့တယ်"

ကားပေါ်တွင်ညီအစ်ကိုနှစ်ယောက် စကားကောင်းရင်း လိုက်ပါလာခဲ့ကြသည်။ မကြာမီမှာပင် ကျောက်ဆည်ဘူတာ၏ အရှေ့ဘက်မလှမ်းမကမ်းတွင် ရှိနေသော အမှတ်(၁) ရဲစခန်းရှေ့သို့ ရောက်သည့်အခါ ကားကိုရပ်လိုက်သည်။ ဘူတာနှင့် ရဲစခန်းတို့မှာ နီးကပ်သည်ဟု ဆိုရမည်။ သည်သို့ နီးကပ်သောခရီးကို ကားဆွဲလာခဲ့သည့်အဖြစ် တွေးတောရင်း ကျွန်တော်ပြုံးလိုက်သေးသည်။

သည်လမ်း၊ သည်ခရီးတို့ကား ငယ်စဉ်ကလေးဘဝပြေလွှားဆောက်စားသွားလားနေကျ နေရာများဖြစ်ပါသည်။ ထို့ကြောင့် ငယ်စဉ်ငယ်သွေး ကလေးဘဝတွင် လွတ်လပ်ပေါ်ပါးစွာ နေထိုင်ဆော့ကစားခဲ့ရသော ဘဝနှင့် ယခုလက်ရှိ အသက်အရွယ်ဖြင့် လုပ်ငန်းတာဝန်ဘဝအိုင်းအခြားတို့က နှိုင်းယှဉ်ကြည့်မိခဲ့သည်။ ထိုအခါ ကျွန်တော်၏ စိတ်တွင်း၌ မှတ်ချက်ဘစ်ခုပြုလိုက်မိသည်။

"သြော်...အရွယ်မငယ်တော့ပါလား"

ကားကိုရပ်ပြီးသောအခါ ကိုရဲမြင့်က အောက်သို့အရောင် ဆင်းလိုက်ပြီး ကျွန်တော်၏ ခရီးသေတ္တာအပြာလေးကို ဆွဲပြီး အိမ်အတွင်းသို့ ဝင်သွားသည်။ ကျွန်တော်က ကားပေါ်မှ ဆင်းပြီးသော်လည်း အိမ်တွင်းသို့မဝင်သေး ပတ်ဝန်းကျင်အနေအထားကို တစေ့တစောင်းလေ့လာကြည့်ရှု အကဲခတ်နေခဲ့သေးသည်။

ကျောက်ဆည်မြို့၊ ကျွန်တော် ရောက်သွားခဲ့သည်။ ထိုအချိန်တွင် ရုံးအတွင်းမှ လူရွယ်တစ်ယောက်ထွက်လာသည်။ ကျွန်တော်၏ ရှေ့သို့ရောက်သည့်အခါ ကျွန်တော်ကို မေးသည်။

"အစ်ကိုကြီးက ဦးခင်မောင်ထွန်းဟုတ်ပါတယ်နော်"

ထိုအမေးကို ကျွန်တော်က အံ့ဩစွာ နားထောင်ရင်း အဖြေတစ်ဝက်နှင့် အမေးတစ်ပိုင်းကို မေးလိုက်သည်။

"ဟုတ်ပါတယ်ဗျာ၊ ကိစ္စက..."

"အတွင်းရေးမှူး ဦးတင့်ဝေ ခဏကြွဖို့ ဖိတ်ခိုင်းလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com

ဦးတင့်ဝေဆိုသည့်အမည်ကို ကြားလိုက်ရသောကြောင့် နပူးရေးကို တွန့်အောင် မျက်မောင်ကုပ်၍ စဉ်းစားကြည့်လိုက်သည်။ ဦးတင့်ဝေနှင့်ပတ်သက်သော အဖြေကိုရာသည်။ ယင်စာရင်းဝင် သူငယ်ချင်း ရင်းနှီးခဲ့ရပါသည်။

ထို့ကြောင့် ကျွန်တော်က လာရောက်ဖိတ်ကြားသော လူရွယ်၏နောက်မှ လိုက်၍ အဆောက်အအုံတွင်းသို့ လိုက်ပါဝင်ရောက်သွားခဲ့သည်။ အတွင်းပိုင်းသို့ရောက်သည့်အခါ ဦးတင့်ဝေက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုခဲ့သည်။

"ကြွပါ...စာရေးဆရာကြီးခင်ဗျာ ကြွပါ..."

ကျွန်တော်က ဦးတင့်ဝေ၏ ရှေ့တွင် ရှိသော စားပွဲဘေးမှ ထိုင်ခုံတစ်ခုတွင် ဝင်ရောက်ထိုင်လိုက်သည်။ သို့ဖြင့် ယင်ပေါင်း သူငယ်ချင်းဖြင့် ခံတွင်းတွေ့စွာ စကားပြော၍ ကောင်းခဲ့ကြသည်။

"မနေ့က ရထားပေါ်က ဆင်းပြီး ဘူတာက အတွက်မှာ ကိုဝင်းမြင့်နဲ့ တွေ့လိုက်ရတယ်"

"သူက ဘယ်ကိုသွားမလို့လဲ..."

"မန္တလေးဘက်ကိုလိုက်သွားတယ်"

ကျွန်တော်က ပြောလိုက်သည်။ ဦးတင့်ဝေက ပြုံး၍နားထောင်နေသည်။ ထို့နောက် ဦးတင့်ဝေက စားပွဲပေါ်ရှိ စီးကရက်ဘူးနှင့် မီခြစ်တို့ကို ကျွန်တော့် ရှေ့သို့ရောက်အောင် တွန်းပေးရင်း ပြောသည်။

"ဟုတ်တယ် ဗလကြီး ဒီကောင်လဲ ကိုယ့်လိုပဲ အလုပ်က ခပ်များများရယ်၊ အေးလေ ကိုယ်တို့က မြို့နယ်ဆိုတဲ့ အတိုင်းအတာနဲ့ လုပ်ကိုင်နေကြရတာပါ။ မင်းတို့က ရန်ကုန်မှာ တိုင်းအဆင့် နဲ့ဆိုတော့ ပိုပြီး အလုပ်များမှာပေါ့နော်"

"သိပ်ပြီးတော့လဲ မထူးလှပါဘူး ဘင့်ဝေရာ၊ ငါတို့နှိုင်းငဲ့နဲ့ ငါတို့လူမျိုးတွေ ဖွဲ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းပြီး ကြိုးစားဆောင်ရွက်နေကြဆဲ အချိန်ဆိုတော့ ပြည်သူ့ဝန်ထမ်းတွေ အားလုံးဟာ ကိုယ်စီကိုယ်ငင် အလုပ်တွေကများနေကြရမှာပဲ"

ကျွန်တော်နှင့် ဦးတင့်ဝေတို့ စကားပြော၍ ကောင်းနေကြသည်။ ထိုအချိန်တွင် ရုံးရှေ့ရှိ ဂျစ်ကားတစ်စီး ထိုဆိုက်ရောက်ရှိလာကြောင်း သိလိုက်ရသည်။ ကားကို စက်ရှိန်မသတ်မီမှာပင် ကား၏ အရှေ့ပိုင်းမှ ကျောင်းဆရာ ဦးအေးကို နှင့် ကုလားမောင်မောင်တို့နှစ်ယောက် ဆင်းလာခဲ့ကြသည်ကို တွေ့ရသည်။ ဦးအေးကိုက အခန်းတွင်းသို့ ဝင်ရောက်လာသည့်အချိန်မှာပင် ပြောလိုက်သည်။

"ဒီကောင်ကြီး ရောက်နေတုန်း ငါတို့ သူငယ်ချင်းတွေ ဆုံကြရအောင် မန္တလေးမှာရှိတဲ့ အလုပ်ကို ပြီးအောင် မနည်းလုပ်လာခဲ့ရတယ်..."

ဦးအေးကိုက ကျွန်တော့်ကို လက်ညှိုးဖြင့် ညွှန်ပြရင်း ထိုင်ခုံတစ်လုံး တွင်ဝင်၍ ထိုင်လိုက်သည်။ ကျွန်တော်က ယင်ပေါင်းသူငယ်ချင်း ဘင့်ဝေနှင့် အေးကိုတို့နှစ်ယောက်ကို မြင်တွေ့ရသည့်အခါတွင် ကျွန်ရှိနေသေးသော သူငယ်ချင်းတို့အား သတိရလိုက်ပြန်သည်။ ထို့ကြောင့် ကျွန်တော်က အေးကို နှင့် ဘင့်ဝေတို့အား ပြောလိုက်သည်။

"ဟေ့ကောင်တွေ၊ မင်းတို့ကိုမြင်မှ သတိရတယ်၊ ဟိုကောင်ကြီးကော ဘယ်မှာလဲ..."

"ဘယ်ကောင်ကြီးကို မေးတာလဲ"

"ကျော်ကော်ကြီးလေကွာ၊ သူက အခုကျောက်ဆည်မှာပဲလား"

ကျွန်တော်၏ စကားကိုကြားလိုက်ရသောအခါ ဦးတင့်ဝေနှင့် မောင်မောင်တို့နှစ်ယောက် ပြိုင်တူရယ်မောလိုက်ကြသည်။ ဦးအေးကိုက ကျွန်တော့်ကို ပြောသည်။

"ရှိသပမောင်ရာ၊ အထွေထွေပြင်ဆင်ရေးဆိုတဲ့ ဆိုင်းဘုတ်အကြီးကြီးကို ရေးပြီး သူ့အိမ်ရှေ့မှာ ချိတ်ထားတယ်"

"ဘာတွေကို ပြင်ဆင်တာလဲ လုပ်ပါဦး"

"သူလုပ်ငန်းက အတော်လေးကို စုံတယ်၊ ကလေးကျောင်းသုံး ခဲတံနဲ့ စက်ကအစ ရေဒီယို၊ ကတ်ဆက်၊ မော်တာ၊ ဒိုင်နမိုး၊ ဆီစက်၊ ဆန်စက်၊ စက်ဘီး၊ ဆိုက်ကား၊ မော်တော်ကား၊ စက်ပစ္စည်းပိုဒီးစုံကို ပြင်တယ်လေ"

ဦးအေးကို၏ ပြောစကားကြောင့် ကျွန်တော်က ရယ်မိသည်။ ထို့နောက် ကျွန်တော်က ဦးအေးကိုအား ပြော လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ဒီကောင်ကြီးနဲ့ ကိုယ်တွေ့ချင်တယ်ကွာ . . ."

ထိုအခါ အေးကိုက တင့်ဝေအား ပြောသည်။

"မင်း အခုအားသလား တင့်ဝေ"

"ရတယ်လေ၊ မင်းအတွက် ဘာလုပ်ပေးရမလဲ၊ ပြော သူငယ်ချင်း"

"ငါ့ကားလာတဲ့ ကားက အဆင်သင့်ရှိနေတယ်၊ ဒီတော့ကျော်ဇော်ကြီးရှိတဲ့ နေရာကို အခုတစ်ခါတည်း သွားလိုက်ကြရအောင်"

"ဒါဆိုရင် သွားမယ်လေ၊ ကျော်ဇော်ကြီးကို မနက်စာကျွေးခိုင်းမယ်လေ"

"အေး ကောင်းတယ်၊ လာ . . . သွားကြစို့"

အေးကိုက ပြောရင်း ထိုင်မှထသည်။ ထို့နောက် သူငယ်ချင်းလေးယောက် အခန်းတွင်းမှ ထွက်လာခဲ့ကြသည်။

"အထွေထွေ ပြင်ဆင်ရေး"

ဆိုင်းဘုတ်က ကြီးသည်။ အဝေးကပင်လှမ်း၍ မြင်တွေ့နေရသည်။ ဆိုင်းဘုတ်ချိတ်ထားသည့် နေအိမ်ရှေ့သို့ ရောက်သောအခါကားကိုရပ်ပြီး သူငယ်ချင်းလေးယောက်တို့က ကားပေါ်မှ ဆင်းလိုက်ကြသည်။ မြေပြင်သို့ ခြေချမိသည့် အခါကျွန်တော်က ဆိုင်းဘုတ်ကို အသံကျယ်လောင်စွာအော်၍ဖတ်လိုက်သည်။

"အထွေထွေပြင်ဆင်ရေး"

ထို့နောက် ကျွန်တော်က တင့်ဝေနှင့် ဦးအေးကိုတို့ကို လှည့်ကြည့်သည်။ သူတို့က ကျွန်တော့်ကို ပြုံး၍ကြည့်နေကြသည်။ ထိုအချိန်တွင် အိမ်အတွင်းမှ လူတစ်ယောက်ထွက်လာခဲ့သည်။ ကျွန်တော်ကို တွေ့လိုက်ရသည့်အခါ အံ့သြဝမ်းသာစွာဖြင့် နှုတ်ဆက်သည်။

"ဟာ . . ခင်မောင်ထွန်း ဗလကြီး ကျောက်ဆည်ကို ဘယ်တုံးက ရောက်လာခဲ့တာလဲ"

ကျော်ဇော်ကြီးကို ကျွန်တော်က ပြန်လည်ဖြေကြားလိုက်သည်။

"မနေ့က ရောက်လာတာပါ"

"လာကွာ၊ အထဲကိုဝင်ကြ၊ ငါ့အိမ်ကတော့ မင်းမြင်တဲ့အတိုင်းပဲ"

ကျော်ဇော်ကြီးက ပြောရင်း ကျွန်တော်တို့ သူငယ်ချင်းလေးယောက်ကို အိမ်အတွင်းသို့ ဆွဲခေါ်သည်။ ထို အချိန်တွင် ဦးတင့်ဝေက ပြောသည်။

"ဟော့ကောင် ကျော်ဇော ခင်မောင်ထွန်းက ညည့်သည်၊ ငါတို့က ညည့်မြောင်တွေ၊ မင်းက . . . အိမ်ရှင်နော်"

ထိုအခါ ကျော်ဇော်ကြီးက ပြောသည်။

"အေးလေကွာ၊ အဲဒါ—ဘာဖြစ်လဲ"

"ဒီတော့ ငါတို့ကို မင်းက မနက်စာနဲ့ ချီးမြှင့်၊ ထမင်းစားရင်း စကားပြောကြရအောင်လေကွာ"

ဦးတင့်ဝေအား ကျော်ဇော်ကြီးက ပြုံး၍ကြည့်သည်၊ ထို့နောက်မှ ပြောသည်။

"ဒါလေးများ၊ ရပါတယ်ကွာ၊ ကဲ . . . လာ သွားကြစို့"

ကျော်ဇော်က ဦးဆောင်၍ အိမ်အတွင်းမှ ထွက်သည်။ ကားပေါ်သို့ ရောက်သည့်အခါ ကျွန်တော်မေးသည်။

"မင်းအလုပ်က ဟန်ကျရဲ့လား"

"အေး ဟန်ကျပါတယ်သူငယ်ချင်း၊ သူငယ်ချင်းတွေ ဆုံတွေ့တဲ့ အချိန်မှာ ပြောရဦးမယ်"

"ဘာများလဲ ကျော်ဇော်ကြီးရ"

"ဒီလိုပါကွာ၊ အလုပ်ဆိုတာက လခစားမှ မဟုတ်ပါဘူး အခု ငါ့ကို ကြည့်၊ ကိုယ်ပိုင်လုပ်ငန်းကို လုပ်နေတယ်၊ သူငယ်ချင်းတွေအားလုံးကတော့ အလှိုလှိုနဲ့လခစားတွေဝင်ပြီး လုပ်ကိုင်နေကြတယ်။ မင်းဆိုရင် ပါကီးယူနစ် အတွင်းရေးမှူး၊ အေးကိုဆိုတာက ကျောင်းဆရာ၊ ခင်မောင်ထွန်းကျတော့ ရဲတပ်ဖွဲ့ဝင် . . ."

"ဒါကတော့ကွာ၊ နိုင်ငံတော်ရဲ့ တာဝန်ကို ထမ်းဆောင်နေကြတာပဲ"

"အေးလေကွာ . . . ငါကလဲ ကိုယ်ပိုင်လုပ်ငန်းကို လုပ်ကိုင်နေခဲ့ပေမဲ့ နိုင်ငံတော်ရဲ့တာဝန်ကို ထမ်းဆောင်နေတာပဲ"

ကျော်ဇော်ကြီးစကားကို နားမရှင်သော တင့်ဝေက မေးသည်။

"ဘာပြောတယ်၊ ကျော်ဇော်ကြီး မင်းက ကိုယ်ပိုင်လုပ်ငန်းကို လုပ်နေပြီး ဘာဖြစ်လို့ နိုင်ငံတော်ရဲ့ တာဝန်ကို ထမ်းဆောင်နေတာလို့ ပြောရတာလဲ"

ထို့ကြောင့် ကျော်ဇော်ကြီးက ရှင်းပြသည်။

www.burmeseclassic.com

www.burmeseclassic.com

"အေးလေ၊ ငါလုပ်နေတာ ပုဂ္ဂလိက လုပ်ငန်း။ ဒါပေမဲ့ ငါတစ်ယောက်ထဲရဲ့ အကျိုးစီးပွားအတွက်လုပ်နေတာမဟုတ်ဘူးလေကွာ"

ထိုအခါ ဦးအေးကိုက ဝင်၍ မေးပြန်သည်။

"မင်းပြောတာကို တို့များ နားမလည်ဘူး၊ ပညာရှိရေ ဒီတော့ အကျယ်ကိုပြောပါအုံး . . ."

"ငါတို့နိုင်ငံအတွင်းမှာ ငါလိုသူစား အများကြီးရှိနေကြတယ်၊ ကိုယ်ထက်တဲ့ ပညာနဲ့ ကာဝန်တွေကို သမိုးဆောင်နေကြကာလေ၊ ငါဘို့ရဲ့ ရည်ရွယ်ချက်ကတော့ ငါတို့ပြည်လို့ရမယ့် စက်ပစ္စည်းကိရိယာတွေကို ပြင်လို့ရသမျှအားလုံးကို ပြင်မယ့် ပြည်တွင်းမှာ ဒီလိုပြင်ဆင်နိုင်ခဲ့ရင် ကြီးကြီးကျယ်ကျယ်ပြောရရင် တော့ကွာ၊ နိုင်ငံခြားကို စိမ့်ပြီး ယိုထွက်နေတဲ့ ငွေထွက်ပေါက်ကို ငါတို့က ဝိတ်ပေးနေကြတာပဲ၊ ဒီတော့ ငါတို့ဟာလည်း နိုင်ငံတော်အတွက် တာဝန်ထမ်းနေကြတဲ့ ဝန်ကမ်းတွေပဲပေါ့ကွာ"

ထိုအခါတင်ဝေက ပြောပြန်သည်။

"မင်းကို ဒီသဘောမျိုးပြောနေတာ မဟုတ်ပါဘူးကွာ၊ ငါဆိုလိုတာက ကိုယ်ပိုင်လုပ်ငန်းဆိုတော့ သွတ်လပ်မှုပိုပြီးရှိတယ်၊ နားချင်တဲ့အခါ နား လုပ်ချင်တဲ့အချိန်မှ ထပြီးလုပ်၊ ကိုယ့်စိတ်နဲ့ ကိုယ် ထင်သလို . . ."

"ဟိုး ဆရာ ဟိုး . . . ကိုယ်ပိုင်လုပ်ငန်းဆိုပြီး ထင်ရာစိုင်းလို့ရမယ်များ ထင်နေသလား၊ သူငယ်ချင်း၊ မင်းတို့ ထက်ဘောင်ပိုပြီး ဆိုးသေးတယ်၊ အရေးကြီးတာက ဘယ်လုပ်ငန်းပဲလုပ်လုပ် ကတိတည်ဖို့ လိုတယ်လေ၊ နောက် တစ်ခုရှိသေးတယ်၊ အဲဒါက ရက်ချိန်း မှန်ဖို့ပါ၊ အေး ကတိမတည်၊ ရက်ချိန်း မမှန်လို့ကတော့ကွာ၊ ငါ့ရဲ့ လက်ရာဟာ ဒီးပေါ်ကို ပျံတက်နေအောင် ဘယ်လောက်ပဲကောင်းနေပါစေ၊ ငါ့အတွက် သမင်းကို နပ်မှန်အောင် စားရမှာ မဟုတ်ဘူး"

"ဒါကတော့ကွာ . . ."

"ဒါကြောင့် တင်မောင်မြင့်ကြီးက ငါ့ကိုပြောခဲ့တာပေါ့"

"ဘာတွေကို ပြောခဲ့တာလဲ . . ."

"လခစား ဝန်ထမ်းတွေသာ ငါလို အလုပ်ကိုတန်ဖိုးထားပြီး ကြိုးစားတတ်ကြရင် ငါတို့နိုင်ငံတော်ကြီး တိုးတက်တာ ကြာလှပြီတဲ့လေ . . ."

"ဟုတ်တာပေါ့ကွာ"

"တင်မောင်မြင့်ကြီးကလဲ သူစိတ်နဲ့သူ လုပ်ဖော်ကိုင်ဖက်တွေနဲ့ ဆက်ပြီး လက်တွဲလုပ်ဖို့ မဖြစ်တော့ဘူးဆိုပြီး အလုပ်က ပင်စင်ယူလိုက်တယ်လေ၊ အခုတော့ ဒီကောင်လွတ်လွဲတ်လပ်လပ် ဖြစ်သွားပြီ"

ဦးကျော်ဇော၏ စကားတွင် တင်မောင်မြင့်ဆိုသော အမည်ကိုကြားလိုက်ရသည်။ ထို့ကြောင့် ကျွန်တော်၏ သတိစဉ်တွင် တင်မောင်မြင့်ဆိုသော ငယ်သူငယ်ချင်းတစ်ယောက်ပေါ်ထွက်လာခဲ့ပြန်ချေသည်။ ကျော်ဇောကြီးအား ကျွန်တော်က မေးလိုက်သည်။

"တင်မောင်မြင့်ကော အခု ဘယ်မှာရှိနေသလဲ သူငယ်ချင်း . . ."

ကျွန်တော့်အမေးကို ကျော်ဇောကြီးက ဖြေသည်။

"ထင်းရှူးပြင်မှာလေကွာ၊ လူတွေသူတွေနဲ့ အလုပ်ဝေးတဲ့ ထင်းရှူးပြင်လို တောင်စခန်းကိုဟောင် စိတ်တိုင်းကျ ရွေးချယ်ပြီး သွားနေတာလေ၊ ဒီကောင်ကြီးပြန်ရောက်လာခဲ့တာ ငါနဲ့အတူတူပဲ၊ ဒီကောင်ကြီးက ထင်းရှူးပြင်မှာ ခြံဝယ်ပြီး အိမ်ဆောက်နေခဲ့ပေမဲ့၊ ဇိကို့တော့ မကြာမကြာ ရောက်လာတတ်တယ်။ ဒါပေမဲ့ အခုတလော ကျောက်ဆည်ကို ရောက်မလာခဲ့တာ လေးရက်လောက်ရှိသွားခဲ့ပြီ"

ဦးတင်မောင်မြင့်ဟုပင် ပြောရသည်။ ငယ်စဉ်ကမူ တင်မောင်မြင့်ဟုခေါ်နေကျဖြစ်သည်။ သူကအနုပညာသမား။ ပန်းချီရေးရန် ဝါသနာပါခဲ့သူဖြစ်သည်။ အလုပ်မှ အနားမယူမီ ရန်ကုန်တွင် ရန်ကုန်တွင် ကျွန်တော်နှင့်တစ်ခါဆုံခဲ့ဖူးသည်။

ငယ်ပေါင်း သူငယ်ချင်းများနှင့် တွေ့ဆုံရလေတိုင်း . . .

ကျွန်တော် ကိုယ်တိုင်ပင်လျှင် ကျောက်ဆည်မြို့သို့ ပြန်လာချင်စိတ် သည်။

တင်မောင်မြင့်က အနေအ သည်။ စကားနည်းသည်။ အလုအ

www.burmeseclassic.com

www.burmeseclassic.com

ကြိုက်သော အတွေးသမား သို့မဟုတ် ဆင်ကူးယဉ်သမားဖြစ်သည်။ ကျွန်တော်ဘ တွေးရင်း ကျွန်တော်၏ မျက်စိနှစ်ရိုးတွင် တင်မောင်မြင့်၏ စကားသံများကို ကြားယောင်လာခဲ့သည်။

"ဒီမှာ···ခင်မောင်ထွန်းရဲ့ ဒူးလေးဆိုတာ လက်နက်တစ်ခုကွ၊ လက်နက်ဆိုတာက အသက်ကို အန္တရာယ်ပေးနိုင်တယ်၊ ကြမ်းတမ်းမှုသဘောသက်ဝင်နေတဲ့ လူသုံးပစ္စည်းတစ်ခုပဲ။ ဒါပေမယ့် ဒူးလေးဆိုတာကို နူးညံ့သိမ်မွေ့တဲ့ အသွင် မြင်လာအောင်ပုံစံရေးရမယ်"

တင်မောင်မြင့်က ကျွန်တော့်ကို ညွှန်ကြားချက်ပေးခဲ့သည်ကို ပြောသည်။

"ဒီမှာ ကျော်တော···မင်းက သက်မှုပညာပိုင်းမှာတော်တယ်၊ ဒီတော့ ငါဆွဲတဲ့ ဒီဇိုင်းပုံစံအတိုင်း အသစ်တစ်ခုကိုလုပ်၊ ငါတို့ သူငယ်ချင်းတွေ ပြီး အလုပ်ဆုံး လက်နက်တစ်ခုကို ဆုတ်လုပ်ကြရအောင်"

တင်မောင်မြင့်က ဤသို့ပြောခဲ့ပြီး ကြာမီမှာပင် ဒူးလေးပုံစံကို ရေးဆွဲခဲ့သည်။ ကျော်တော်ကြီးက ပီတောက်သားဖြင့် ဒူးလေးတစ်လက်ဖြစ်အောင်လုပ်သည်။ ထိုဒူးလေးဖြင့်ပင် ကျွန်တော်က ပြိုင်ပွဲတစ်ခုတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့်အတွက် ဆုရရှိခဲ့ဖူးသည်။ ထိုဒူးလေးကို ရန်ကုန်ရှိ အမေ့အိမ်တွင် အလှအပ ပစ္စည်းတစ်ခုအဖြစ် ယခုသိမ်းဆည်းထားသည်။ ကျွန်တော်က တွေးနေသည်။ ကျွန်တော်၏ အတွေးအမျှင်ကို ဦးအေးကိုက ဖြတ်တောက်လိုက်သည်။

"ဒီတော့ မင်းတို့အားတဲ့ရက်မှာ တို့တစ်တွေစုပြီး တင်မောင်မြင့် ရှိတဲ့ထင်းရှူးပြိုင်ကို သွားလည်ကြမယ်၊ ခင်မောင်ထွန်းကြီး မပြန်ခင်မှာပေါ့ကွာ"

ထိုနေ့က ထိုမျှဖြင့်ပင် လူစုခွဲခဲ့ကြသည်။ ဦးတင်မောင်မြင့် နေထိုင်သည့် ဆိုသော ထင်းရှူးပြိုင်တောင်စခန်းက ကျောက်ဆည်မြို့နှင့် အတော်ကြီး အလှမ်းကွာဝေးသည်ဟု မဆိုသာ။

သို့ရာတွင် ကျွန်တော်နှင့် သူငယ်ချင်းများက ထင်းရှူးပြိုင်သို့ ကားဖြင့် သွားရောက်ခဲ့ကြသည်။ **လမ်းမှာ မြေနီခင်းသော တောင်တက်လမ်းဖြစ်သည်။**

ထို့ကြောင့် ကားကို စိတ်ကြိုက် မောင်းနှင်၍ မရ။ မိုးရာသီဖြစ်၍လည်း တောင်ပေါ်သို့ တက်ရမည့် မြေနီလမ်းတွင် ကားကို သတိကြီးစွာထား၍ မောင်းနှင်းခဲ့ကြရသည်။

ထင်းရှူးပြိုင်တောင်စခန်းကို ကျော်လွန်လေလျှင် ရှမ်းပြည်နယ်နှင့် ဆက်စပ်သည့်နေရာမှာ မဝေးတော့ပါခေါ်။

တင်မောင်မြင့်၏ ပန်းချီသမားပီသသော စိတ်ကူးကိုပင် သဘောကျနှစ်သက်မိခဲ့ရသည်။ ထင်းရှူးပြိုင်တောင်စခန်းနှင့် နီးလာလေလေ ပတ်ဝန်းကျင်တွင် ရှိနေသည့် ရှုခင်းများမှ ပို၍ လှပလာလေလေ ဖြစ်နေသည်။

လမ်းခရီးတစ်လျှောက်တွင် မွေးမြူရေးသမားများ၏ ခြံဝန်းကျယ်များ၊ စိုက်ပျိုးရေးသမားများမှ မိုက်ပျိုးထားသော ရောင်စုံပန်းခင်းကျယ်ကြီးများကို တွေ့မြင်နေရသည်။ ကျွန်တော်တို့ဝီးနှင်းလိုက်ပါလာခဲ့ကြသော ကားငယ်လေးမှာ မကြာမီမှာပင် တောင်ကုန်းငယ်လေး တစ်ခုကိုဖြတ်ကျော်တက် ရောက်လာခဲ့သည်။ **ထို့နောက် ကားငယ်လေးက ခြံဝန်း တစ်ခုအတွင်း မောင်းနှင်ဝင်ရောက်သွားခဲ့သည်။** လုပသောပုံစံဖြင့် ဆောက်လုပ်ထားသော အိမ်ဘစ်လုံး၏ ရှေ့တွင် ကားကို ထိုးဆိုက်ရပ်နားလိုက်သောအခါ ဦးကျော်တော်က ပြောသည်။

"တင်မောင်မြင့်ရဲ့ ထင်ရှူးပြိုင်တောင်စခန်းဆိုတာ ဒါပါပဲဗျာ···"

အိမ်ရှေ့တွင် ကားကို ရပ်ပြီး ဦးကျော်တော်က ရှေ့ဦးစွာပင် ကားပေါ်မှ ဆင်းလိုက်သည်။

ထိုအချိန်တွင် အိမ်ဖော်ဖြစ်ဟန် တူသောအမျိုးသမီးငယ်က ဦးကျော်တော်အား ရှင်းနှီးလေးစားစွာ စကားပြောလျက် ကြိုဆိုသည်။

"ဟာ···ဦးဦးကျော်တော်ပါလား၊ မမအေးတော့ မရှိဘူး"

"ဘယ်ကိုသွားနေလို့လဲ···"

"မနက်တောတောင်းက ကျောက်ဆည်ကိုဆင်းသွားတယ်"

"ဟုတ်လား···"

"ကျော်တယ်၊ ဦးဦးဆီကိုရော ဝင်မလာဘူးလား"

www.burmeseclassic.com

www.burmeseclassic.com

"အေး . . . ဝင်မလာခဲ့ဘူးလေ"

"အိမ်ထဲကို ကြွပါ ဦဦး သွေးသည် တွေကိုလဲခေါ်ပါ"

"အေး . . . အေး ဦးဦးလဲ မနက် စောစောကတည်းက ဟောဒီ သူငယ် ချင်းတွေကိုခေါ်ပြီး ဒီကိုထွက်လာခဲ့တာ၊ လမ်းမှာတော့ မတွေ့ခဲ့ဘူးလေ"

"ဟုတ်လား ဦဦး . . ."

"တင်မောင်မြင့်ရော ဘယ်ကို သွားလဲ . . ."

ဦးကျော်စော်က အိမ်အတွင်းသို့ ဝင်ရင်းမေးသည်။ သွေးခန်းအတွင်းသို့ ရောက်သည့်အခါ သူငယ်ချင်းများနှင့် အတူ ထိုင်ကြသည်။

"တောလိုက်သွားမယ် ပြောပြီး ထွက်သွားခဲ့တာ၊ ကြာပြီလေ၊ တစ်ပတ် ပြည့်တော့မယ်ထင်တယ်၊ အဲဒါကြောင့် မမအေးက စိတ်ပူနေခဲ့တယ်၊ ဒီမနက် ကျတော့မှ မမအေးက ကျောက်ဆည် ကို လိုက်သွားခဲ့တာ"

ကျွန်တော်အပါအဝင် အပေါင်း အသင်းများက တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေမိကြသည်။ သူငယ်ချင်းအပေါင်းအသင်းများ၏ မျက်လုံးများက ကျွန်တော်အား ဝိုင်းချီကြည့်နေကြသည်ကိုမြင်နေရသည်။ ထိုအချိန်တွင် ခြံ၏အဝင်ဝဆီမှ ကားသံကို ကြားလိုက်ရသည်။ ကားက နှစ်စီး။ ခြံဝင်းအတွင်းသို့ဝင်လာနေကြသည်။ ရေမွှေတင်လာသော ကားပေါ်တွင် တင်မောင်မြင့်၏ ဇနီးတင်ကြင်အေး နှင့် ယာဉ်မောင်း ကိုချစ်ဖူးတို့ စီနင်းလိုက်ပါလာကြသည်။ ကားအမျိုးအစားမှာ ဝီလီကျစ်ကား အဖြူရောင်ဖြစ်သည်။ ယာဉ်မောင်းသူ မှာချစ်ဖူးဖြစ်သည်။ ဝီလီကျစ်ကား အဖြူ ရောင်၏နောက်တွင် ကျောက်ဆည်မြို့ ရဲစခန်းမှ ရဲစခန်းသုံး လင့်ရိုဘာကား အပြာအဖြူအကြောင်းတွေ့မြင်ရသည်။ လင့်ရိုဘာကားမှာ ကျောက်ဆည် မြို့ပြ ကျွန်တော်တို့လာစဉ်က စီနင်းခဲ့သော ကားဖြစ်သည်။ ထိုရဲကား ပေါ်မှ ဆင်းလာသူမှာ ကျွန်တော်၏ညီ ကိုရဲမြစ်သည်။ ကိုရဲကို မြင်တွေ့ရသည့် အခါ ဦးဝင်းမြင့်က ဆီးကြိုရှုပြောသည်။

"သြော်စခန်းမှူးလဲ ပါလာတာကိုး အကြောင်းထူးရှိလို့လား ဦးရဲမြင့်"

ဦးဝင်းမြင့်အမေးကို ကိုရဲမြင့်က ဖြေသည်။

"ဦးတင်မောင်မြင့် ပျောက်နေလို့ ဆိုပြီး စခန်းကို လာတိုင်တယ်လေ၊ ဒါကြောင့် . . . အခုလောလောဆယ် လူပျောက်မှုနဲ့ တိုင်ချက်ဖွင့်ထားပါတယ်"

ထိုအခါ ကျွန်တော်က မေးလိုက်သည်။

"အေး အစ်ကိုတို့လဲ ဒီကိုရောက်လာမှ တင်မောင်မြင့်ကြီး ပျောက်နေတယ်ဆိုတာကို သိရတယ်"

"ဟုတ်ကဲ့ပါ အစ်ကို . . ."

"အခု ဘာတွေလုပ်ထားပြီလဲ ကိုရဲ"

"ဒီကိုလာရင်း ဒီအနီးအနားက ခြံတွေမှာ အမဲပစ် လိုက်လေ့ရှိသူတွေ ရှိတယ်ဆိုတာ သိရလို့ ကျွန်တော်ဝင်ပြီး စုံစမ်းခဲ့ပါတယ်အစ်ကို"

ကျွန်တော်နှင့် ကိုရဲမြင့်တို့ စကား ပြောနေစဉ် ဒေါ်တင်တင်အေးက ထ ရောက်ပြီး အဖြစ်အပျက်များကို ပြော သည်။ သူမ၏ မျက်နှာတွင် စိုးရိမ်ပူ ပြီး သောကအပြည့်ရှိနေကြောင်း ပြ နေသည်။

"လွန်ခဲ့တဲ့(၇)ရက်၊ အေး အထ တော့ (၁၁)ရက်နေ့က ခါတိုင်းလို အမဲပစ်သွားမယ်လို့ ပြောပြီး ထွက်သွ ခဲ့တာပဲ၊ ခါတိုင်းလဲ ဒီလိုပြောပြီးသွ နေကျပါ။ လေးငါးရက်လောက် ကြာ ပြန်ရောက်လာတာပဲ၊ အခုတော့ရ တွေက ကြာနေခဲ့ပြီလေ၊ ဒါကြော အေးလဲ စိတ်ပူလာတာနဲ့ ရဲစခန်း တန်းပြီး သွားခဲ့တာ၊ စခန်းမှူးဦးရဲမြ ကိုတွေ့ရတာနဲ့ လူပျောက်မှု တိုင်ခဲ့ တယ်"

ကျွန်တော် ဒေါ်တင်တင်အေ စကားကို နားထောင်ရင်း ယာဉ်မော ချစ်ဖူးကို ကြည့်လိုက်သည်။ ကိုချစ် မျက်နှာတွင် မလုံမလဲ ဖြစ်ကြောင်းတွေ့ ရသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် ကျွန်တော် တာဝန်ထမ်းဆောင်ခဲ့သည်မှာ နှစ်ပေါ် များစွာ ကြာမြင့်ခဲ့ပြီဖြစ်သည်။

ထိုသက်တမ်းကာလ တစ်လျှောက် တွင် အမှုပေါင်းများစွာကို စစ်ဆေး ရသည်။ ထို့ကြောင့် တင်မောင်မြင့်ပြ ပျောက်နေသည်ဆိုသော အမှုကို ယ ကတွေ့ကြုံခဲ့ရသော အတွေ့အကြုံ ဖြင့် နှိုင်းယှဉ်ဆက်စပ်တွေးတောကြ

www.burmeseclassic.com

www.burmeseclassic.com

သည်။ ထိုအချိန်တွင် ဦးတင့်ဝေက ပြောသည်။

"ကဲ ဦးရဲမြင့်၊ ခင်ဗျားရဲ့ နောင်ဆော်ကြီး စာရေးဆရာ ရဲအရာရှိကြီး ဆုက်နေတဲ့အချိန်မှာ ကျွန်တော်တို့ရဲ့ သူငယ်ချင်းကြီး ပျောက်နေတဲ့အမှုကို အပြန်ဆုံးဖော်ထုတ်နိုင်အောင် ကြိုးစားစမ်း"

ထိုအခါ ကိုရဲက ကျွန်တော့်ကို ကြည့်ရင်း ပြောသည်။

"အခု ပျောက်နေတဲ့ ဦးတင်မောင်မြင့်ကြီးဟာ အစ်ကိုတို့ရဲ့ သူငယ်ချင်းဆိုတာ ကျွန်တော်သိပါတယ်အစ်ကိုရာ၊ သူကို ထုတ်ပေးထားခဲ့တဲ့ အမဲလိုက်သေနတ် အတွက် လိုင်စင်ကို လဲကျွန်တော်က အမြဲလုပ်ပေးလာခဲ့တာပါ၊ ကျွန်တော်နဲ့လဲ ရင်းနှီးပါတယ်"

ကျွန်တော်က နားထောင်နေရာမှ ကိုရဲကို မေးလိုက်သည်။

"သူနဲ့ အမဲပစ်လိုက်ဖက်ဆိုတဲ့ သူတွေက ဘာပြောသလဲ"

"ဦးတင်မောင်မြင့်က (၂၀)ရက်ကျမှ သူတို့နဲ့ အမဲပစ်ထွက်ဖို့ စီစဉ်ထားခဲ့တယ်တဲ့အစ်ကို၊ အခုလို အမဲပစ်သွားခဲ့တာကို သူတို့တောင် မသိလိုက်ကြဘူးလို့ ပြောကြပါတယ်"

ကိုရဲမြင့် စကားဆုံးသွားသော အခါ ဒေါ်တင်တင်အေးက ပြောသည်။

"ဟုတ်ပါတယ်ရှင် ခါတိုင်း သူ အမဲပစ်ထွက်ရင် သူငယ်ချင်း အပေါင်းအသင်းတွေနဲ့ တစ်စုတစ်ဝေးကြီး သွားနေကျပါ၊ ဒီတစ်ခါတော့ သူတစ်ယောက်တည်းပဲ ထွက်သွားခဲ့တာပါ"

ထိုအခါ ကျွန်တော်က မေးလိုက်သည်။

"သူက ဘာတွေကို ယူသွားသလဲ . . . "

"ကျောဝိုးအိတ်ရယ်၊ သေနတ်ရယ်ပဲ ယူသွားခဲ့ပါတယ်၊ ပြီးတော့ သူက ပြောသွားခဲ့ပါသေးတယ်"

"ဘာတွေ ပြောသွားခဲ့တာလဲ"

"သူ သူငယ်ချင်းတွေနဲ့ တစ်နေရာရာမှာစုပြီးမှ သွားမလို့ပါပဲ"

ထိုကြောင့် ကျွန်တော်က ဖေါ်မောင်တင်အေားထံမှ တင်မောင်မြင့်၏ သေနတ်လိုင်စင်များကို တောင်းယူစစ်ဆေးကြည့်သည်။

ဒဿမ ၁၂ နှစ်လုံးပြူးတစ်လက်မ၊ ကျည်ထောင့် ၃၀၊
ဒဿမ ၄၄ ဂင်ချက်စတာ သေနတ်တစ်လက်၊
ကျည်ဆောင့် ၄၀။

ထိုနောက် ကျွန်တော်က ကိုရဲမြင့်နှင့်အဖွဲ့ကို ခေါ်၍ တင်မောင်မြင့်၏ အိမ်တွင်းရှိ ရှာဖွေကြည့်သည်။ ကင်မောက်မြင့်က သေနတ်များကို ဂင်ချိန်စနစ်တကျ ထားသည်။ သေနတ်ငါးတွင် ဒဿမ ၄၄ ဂင်ချက်စတာ ပြောင်းရှည် တစ်လက်တည်းကိုသာ တွေ့ရသည်။

ဒဿမ ၁၂ နှစ်လုံးပြူးသေနတ်မှာ သေနတ်ထားရာတွင် မရှိ၊ နှစ်လုံးပြူးသေနတ်ကျည်(၃၀)တောင့်နှင့် ဂင်ချက်စတာကျည်(၄၀)တောင့်တို့မှာ နေရာမယွင်းတည်ရှိနေကြသည်။

ထိုအခါ ကျွန်တော့်အား မေးခွန်းနှစ်ခုမှာ ကျွန်တော်၏ ဦးနှောက်အတွင်းသို့ ဆင်းရောက်လာခဲ့သည်။

"တင်မောင်မြင့်က ကျည်ဆံမယူဘဲ သေနတ် တစ်လက်တည်းကိုသာ ယူသွားခဲ့တာ ဘာကြောင့်လဲ . . . "

"ကျည်ဆံမပါဘဲ အမဲကို ဘာနဲ့ ပစ်မလဲ . . . "

ထိုမေးခွန်းများတွက် အဖြေကို ကျွန်တော်ရှာသည်။

လူပျောက်မှု၊ လူပျောက်မှုသည် လူသေမှုဖြစ်လာနိုင်သည်။ ထိုမှဆက်လက်၍ လူသေမှုမှလည်း၊ လူသတ်မှုဖြစ်လာနိုင်သည်။

မည်ကဲ့သို့သော အမှုမျိုးကိုမဆို ရဲတပ်ဖွဲ့ဝင်များက အမှုမှန်ပေါ်ပေါက်ရေးအတွက် အလေးထား ကြိုးစားဖော်ထုတ်ကြရသည်။ ယခု ပျောက်ဆုံးနေပါသည် ဆိုသော ဦးတင်မောင်မြင့်မှာ ကျွန်တော်၏ ငယ်ပါင်းရောင်းရင် သူငယ်ချင်း အရင်းအချာဖြစ်သည်။

ဤအမှုကို ကျွန်တော်၏ ညီအရင်းဖြစ်သော စခန်းမှူး ဦးရဲမြင့်က အမှုစစ်အရာဝိုအဖြစ် တာဝန်ယူဆောင်ရွက်ရသည်။ ကိုရဲမြင့်သည် ရဲတပ်ဖွဲ့သို့ ဝင်ရောက် တာဝန်ထမ်းဆောင်ခဲ့သည့် ဒသုပ်လက်မှာ နှစ်ပေါင်းသည်အတွက် အတွေ့အကြုံလည်း နည်းပါးသေးသည်။

www.burmeseclassic.com

www.burmeseclassic.com

နောက်ပေါ့နေ့၏ ညနေခင်း။

ကျွန်တော်က ဥပဒေရေးရာများကို လေ့လာနေသည့်အချိန်။ ကိုရဲမြင့်က **ကျွန်တော်အန်းသို့** ရောက်လာပြီး ပြောသည်၊

"အစ်ကို . . ."

"ဟေ . . . ဘာလဲ၊ ကိုမဲ့ ပြော"

ကိုရဲမြင့်က စကားကိုမဆက်သေး ဘဲ ကျွန်တော်ကို ကြည့်နေသည်။ ထို့ကြောင့် ကျွန်တော်က မေးလိုက်သည်၊

"ဘာလဲ ကိုရဲ . . . တင်မောင်မြင့် ကြီးပျောက်နေတဲ့ကိစ္စကို ပြောမလို့လား"

"ဟုတ်တယ်အစ်ကို ဖါပေမဲ့ . . ."

"ဘဉ်လိုပဲ ဒေါ်စရာလို့မရဘူးလို့ ပြောချင်ကောလား ကိုရဲ"

"ဟုတ်ဟယ် အစ်ကို . . ."

ဒီတော့ကွာ မင်းမှာ ဘယ်လို ထင်မြင်ချက်မျိုး ရှိနေသလဲဆိုတာကို အရင်ပြောကြည့်လိုက်လေ"

"ဒီလိုလေ အစ်ကို၊ သူနဲ့ အမဲပစ် လိုက်ဖော် လိုက်ဖက်တွေရဲ့ထွက်ဆိုချက် ရယ်၊ ပတ်ဝန်းကျင်အထောက်အထား အချက်အလက်တွေရယ် အားလုံးကို ဆက်စပ်ပြီး ကြည့်မယ်ဆိုရင် ဦးတင် မောင်မြင့်တစ်ယောက်တည်း အမဲပစ် သွားခဲ့တာလို့ ယူဆရမလိုဖြစ်နေတယ်"

"အရင်ကရော တင်မောင်မြင့်ကြီး က အခုလိုဟစ်ယောက်တည်း အမဲပစ် ထွက်လေ့ရှိတတ်သတဲ့လား . . ."

"ဦးတင်မောင်မြင့်က အမဲပစ်တာ ကို ဝါသနာကြီးတယ်၊ ဖါပေမဲ့ တစ် ယောက်တည်းသွားလေ့မရှိခဲ့ဘူး၊ သူ အပေါင်းအသင်းတွေက အမဲပစ်ဝါသနာ ပါသူတွေကို စုပြီးမှ တစ်စုတစ်ဝေးကြီး သွားတတ်ကြတယ်။ ဖါပေမဲ့ . . ."

"ဘာကိုလဲ ဒေါ်တင်တင်အေး ပြောခဲ့တဲ့အထဲမှာ တင်မောင်မြင့် တစ် ယောက်တည်း အမဲပစ်ထွက်သွားခဲ့ တယ်လို့ အခိုင်အမာ ပြောခဲ့တာပဲ"

"အေးလေ၊ ဒီလိုဆိုရင်တော့ . . . တခြားဘက်ကလှည့်ပြီး စဉ်းစားကြည့် ရအောင်လေ . . ."

"ဘယ်လိုများလဲ အစ်ကို . . ."

"ဒီလိုလေ၊ ကိုရဲရဲ၊ အစ်ကိုတို့က ငယ်ပေါင်းသူငယ်ချင်းတွေဆိုပြီး ဦးတင် မောင်မြင့်လို့ ခေါခဲ့ကြတာ၊ သူက အစ် ကိုတို့အားလုံးထဲမှာ အသက်အကြီးဆုံး ပါပဲ၊ သူအသက်က အခုဆို ၄၅ နှစ် ၅၀ နှစ်နီးပါးလောက်ရှိနေပြီ"

"ဟုတ်လား . . . အစ်ကို"

"ဒီတော့ တင်မောင်မြင့်ကြီးနဲ့ ဒေါ်တင်တင်အေးတို့ဟာ အသက်(၁၀) နှစ်လောက်ကွာနေကြတယ်။ ဖါပေမဲ့ တင်မောင်မြင့်ကြီးက အတွေးသမား လေ၊ ဒီတော့ သူကပိုပြီး ရင့်နေပုံရ တယ်လေ"

"ဖါထက် အစ်ကို . . ."

"ဘာလဲ ကိုရဲ ပြော . . ."

"ဒီလိုလေ အစ်ကိုရဲ့ အခု ဦးတင် မောင်မြင့်ကြီး ပျောက်နေတယ်ဆိုတဲ့ အမှုနဲ့ သူတို့ဇနီးမောင်နံရဲ့ အသက် အရွယ်တွေ ကွာခြားတာနဲ့ ဘယ်လိုများ ပတ်သက်နေလို့လဲ . . ."

"အေးလေ . . . အစ်ကိုရဲ့ အ အကြံအရပြောရမယ်ဆိုရင်တော့ ဘာ ကိုချစ်မှုနဲ့ ပတ်သက်နေလိမ့်မ

"ဖါ . . . ဖါဆိုရင် . . ."

"အေးလေ ဒေါ်တင်တင်အေး သိကွာကို စော်ကားတာတော့မဟ ဘူးပေါ့ကွာ၊ အသက်အရွယ်ကွာဟ အခြေခံပြီး စိတ်ထား အယူအဆ ချက်ကွာဟမှုတွေ စိတ်တိုင်းမကျမှု ဖြစ်လာနိုင်တယ်လေ၊ အဲ နောက်တ က . . ."

"ဘာများလဲ အစ်ကို . . ."

"တင်မောင်မြင့်ရဲ့ အိမ်ကို တဲ့အချိန်က သဲလွန်စအနေနဲ့ ထု တာဘာတွေကို တွေ့ခဲ့ရသလဲ . .

"ကျွန်တော်အတွက်ကတော့ မရခဲ့သလောက်ပါပဲ အစ်ကို"

"ဒီတော့ အမှုတိုင်းမှာ သဲလွန် တွေရှိတတ်ကြတယ်၊ အဲဒီသဲလွန်တ ကို ရနိုင်သလောက်ရအောင်ရှာ သဲလွန်စကို ရပြီဆိုရင်တော့ အ တစ်ဝက်ရပြီလို့ ယူဆနိုင်တယ်"

"ဟုတ်ကဲ့ပါအစ်ကို . . . ကျွန် မှတ်ထားပါ့မယ်"

"ဩော် ဖါထက် ကိုရဲ . . ."

"ဟုတ်ကဲ့၊ ပြောပါ အစ်ကို"

"တင်မောင်မြင့်ကြီးရဲ့ အိမ် ရောက်တဲ့အချိန်က အိမ်အဝင်မှာ တစ်ကောင်ကို တွေ့သေးသလား"

"ဟုတ်ကဲ့ တွေ့ခဲ့ပါတယ်"

"အေး အဲဒီခွေးက ဗမာခွေး ခွေးမျိုးပဲ"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်လား အစ်ကို . . .

"အဲဒီခွေးရဲ့ မျက်လုံးထဲမှာ အဖြေရှာလို့ရတယ်"

"ဘယ်လိုကြောင့်များလဲ အစ်ကို"

"အိမ်ထဲကို ဝင်လာသူတွေကြားမှာ သူသခင်ဖြစ်တဲ့ တင်မောင်မြင့်ကြီးပါသလား။ မပါဘူးလားဆိုတာကို စူးစမ်းရှာဖွေနေတယ်ဆိုတာ သူမျက်လုံးတွေထဲမှာ တွေ့နေရတယ်၊ ခွေးက အိမ်မွေးခွေး ရိုးရိုးပါ။ အိမ်မွေးခွေး ရိုးရိုးဆိုတာအိမ်ပေါ်ကို တက်ခွင့်မရကြဘူး။ အိမ်အောက်မှာပဲ နေကြရတာများတယ်"

"ဟုတ်ပါတယ် အစ်ကို"

"ဦးတင်မောင်မြင့်နဲ့ ဒေါ်တင်တင်ဇော်တို့ အိမ်မှာက ရှာဆိုးပျဉ်ချပ်တွေကို ကြမ်းခင်းထားပြီးပါလစ်ကိုပြောင်နေအောင်တိုက်ထားတယ်။ ဒီလို အိမ်မျိုးမှာ ဒီလိုအိမ်မွေး ဗမာခွေးရိုးရိုးကို အိမ်ပေါ်တက်ခွင့်ပေးထားတယ်"

ကျွန်တော်က စကားကိုခေတ္တရပ်ထားပြီး ကိုရဲကိုကြည့်နေသည်။

ကိုရဲကလည်း ကျွန်တော်ကိုပြန်ကြည့်နေသည်။

"ပြီးတော့ အဲဒီခွေးရဲ့ အနေအထိုင် အပြုအမူတွေကိုကြည့် ဂိုးရိုးခွေးနဲ့ မတူဘူး၊ အမဲလိုက်တို့အတွက် ငယ်ငယ်ကတည်းက လေ့ကျင့်ပေးထားတဲ့ခွေး"

"ပြီးတော့ အဲဒီခွေးရဲ့ အနေအထိုင် အပြုအမူတွေကိုကြည့် ဂိုးရိုးခွေးနဲ့ မတူဘူး၊ အမဲလိုက်ဖို့အတွက် ငယ်ငယ်ကတည်းက လေ့ကျင့်ပေးထားတဲ့ခွေး" ရပ်ထားလိုက်ပြန်သည်။ ထို့နောက် စကားကို ဆက်ပြောခဲ့ရသည့်အတွက် အာခြောက်လာသဖြင့် ရေခွေးကြမ်းပန်းကန်ကို ကောက်ယူပြီး ရေခွေးကို တစ်ငုံသောက်လိုက်သည်။ ထို့နောက်မှ စကားကိုဆက်၍ ပြောလိုက်သည်။

"ဒီတော့ အမဲလိုက်ဖို့အတွက် လေ့ကျင့်ခဲ့တဲ့ခွေးကို အိမ်မှာထားခဲ့ပြီး တင်မောင်မြင့်က အမဲလိုက်သွားတယ် ဆိုတာ ဖြစ်နိုင်ပါ့မလား . . ."

ကျွန်တော်က စကားကိုရပ်ပြီး ကိုရဲမြင့်ကို ကြည့်သည်။ ကိုရဲမြင့်က ကျွန်တော့်ကိုကြည့်ပြီး ခေါင်းညိမ့်ပြသည်။ ထို့ကြောင့် ကျွန်တော်က စကားကို ဆက်ပြောသည်။

"နောက်တစ်ခု ရှိသေးတယ်၊ အဲဒါက သေနတ်ကိုင်ဆောင်ခွင့်ပြုထားတဲ့ လိုင်စင်စာအုပ်မှာ နှစ်လုံးပြူးသေနတ် တစ်လက်၊ ကျည်(၃၀)တောင့်နဲ့ ဒဿမ(၄၄)ဝင်ချက်စတာ ပြောင်းရှည်တစ်လက်ကျည်က(၄၀)တောင့် ကိုင်ဆောင်ခွင့်နဲ့ အမဲလိုက်ခွင့် ပြုထားတယ်"

ထိုအခါ ကိုရဲမြင့်က ထောက်ခံစကားကို ပြောသည်။

"ဟုတ်ပါတယ် . . . အစ်ကို"

"နောက်ပြီး သေနတ်ထားတဲ့စင်မှာ နှစ်လုံးပြူးသေနတ်တစ်လက်တည်းသာ လျော့နေပြီး ဒဿမ ၄၄ ဝင်ချက် စတာသေနတ်ရယ်၊ ကျည်တောင့်(၄၀)ရယ်၊ နှစ်လုံးပြူးကျည်တောင့် (၃၀)ရယ် ဟာ နေရာမှာပဲ ရှိနေခဲ့ကြတယ်" ထွက်ခွာတော့ စကားများကို နားထောင်နေခဲ့သော ကိုရဲမြင့်က စဉ်းစားဟန်ပြုသည်။ ထို့နောက်မှ မဝံ့မရဲဖြင့် အဖြေကို ပေးသည်။

"နှစ်လုံးပြူးသေနတ် မရှိတာကိုတော့ ကျွန်တော်သတိထားမိခဲ့ပါ့ဗျာ အစ်ကို၊ အဲ ကျည်ဆန်(၃၀)ရှိနေတာကိုတော့"

"အေးလေ ဒါက သာမန်လူတွေအနေနဲ့ သတိမထားမိနိုင်တဲ့ အချက်ပဲ အမဲလိုက်နေကျလူဟာ သေနတ်နဲ့အတူ ကျည်ကိုတစ်ပါတည်းယူသွားရမယ်လေ၊ ပြီးတော့ အမဲလိုက်သွားရင်း လက်နက်ခဲယမ်းတွေ ပါသွားမှာဖြစ်သလို အမဲလိုက်တတ်တဲ့ခွေးရိုရင်လဲ တစ်ပါတည်း ခေါ်သွားရမှာပေါ့ကွာ"

ကျွန်တော်ပြောသမျှကိုသာ အာရုံစိုက်နားထောင်နေခဲ့သော ကိုရဲမြင့်၏ မျက်နှာတွင် ဝမ်းသာအားရဖြစ်သွားပြီး ဝင်းလက်တောက်ပြောင်သွား.သည်။

ထို့နောက် စကားကိုပြောသည်။

"ဟုတ်တယ် အစ်ကို၊ အစ်ကို ပြောမှ ကျွန်တော်သတိထားမိခဲ့တယ်"

"ဒီတော့၊ အခုလောလောဆယ်မှာ တင်မောင်မြင့်ကြီး သွားဟတ် လာတတ်တဲ့ နေရာတွေနဲ့ အပေါင်းအသင်းတွေဆီကို ထပ်သွားပြီး စုံစမ်းပါ။ နယ်ထိန်းအင်အားကို အလေးထားပြီး သုံးပါ။ တင်မောင်မြင့်နေအိမ်ရဲ့ပ ပတ်ဝန်းကျင်မှာ နယ်ထိန်းတစ်ယောက်နဲ့အတူ ရပ်ကွက်က ကောင်စီဝင်တစ်ယောက်ရဲ့

www.burmeseclassic.com

www.burmeseclassic.com

အကူအညီကိုရယူပြီး စောင့်ကြည့်ခိုင်းပါ။ အခြေအနေသူးခြားရင် ချက်ချင်း အကြောင်းကြားခိုင်းပါ ဟုတ်လား . . .”

ကျွန်တော် ပြောသမျှစကားများ ပြီးဆုံးသွားသောအခါ ကိုရဲမြင့်က ဝမ်းသာအားရ တက်ကြွစွာပြောသည်။

“ဟုတ်ကဲ့ စိတ်ချပါ အစ်ကို၊ ကျွန်တော်အခုပဲ အမြန်ဆုံးစီစဉ်လိုက်ပါမယ်၊ ရုပ်ကွက်ကောင်စီတွေကိုတော့ ဟိုနေ့ကတည်းက ကျွန်တော်မှာထားခဲ့ပါတယ်”

“နို့ပေါ့ပြီကွာ၊ အမှန်တရားက ကြာခင်မှာပဲ ပေါ်လွင်လာလောက်မှာပါ၊ တရားကို နှိတ်စောင့်သတဲ့ အေးအေးဆေးဆေးတရားကို စောင့်တဲ့ နတ်ဆိုတာက တခြားတော့ မဟုတ်ဘူးကွ”

“ဘယ်သူတွေများလဲ အစ်ကို . . .”

“တာဝန်ကိုသိတဲ့ ပြည်သူတွေပဲ ပေါ့ကွာ”

“ဟုတ်လား အစ်ကို . . .”

“အေး ဟုတ်တယ် . . .

ဒီတော့ ဒီအမှုကို အမြန်ဆုံးပေါ် အောင် မင်းကြိုးစား လိုက်စမ်းပါ ငါ့ညီရာ၊ အစွမ်းကုန်တဲ့အထိ ကြိုးစား လိုက်စမ်းပါ။ ပြီးတော့ အစ်ကိုကလဲ ဝိုင်းဝန်းပြီး အကြံပေးပါ့မယ်။”

“စိတ်ချပါ အစ်ကို . . .

ဦးတင်မောင်မြင့်ကြီး ပျောက်နေတဲ့ ကိစ္စအတွက် အမှန်ကန်ဆုံး အမြန်ဆုံး ပေါ်အောင် ကျွန်တော်ကြိုးစားပြီး ဖော်ထုတ်ပါမယ်အစ်ကို”

ထို့နောက် ကျွန်တော်နှင့်ကိုရဲမြင့်တို့ စကားဝိုင်းကို သိမ်းလိုက်ကြသည်။

သို့ရာတွင် အချိန်ရသေးသည့်အတွက် ကျွန်တော်ငယ်ပေါင်း သူငယ်ချင်းများ ရှိရာသို့ ထွက်လာခဲ့သည်။

ကျွန်တော်သည် မွေးဖွားရာဇာတိ မြေသို့ ရောက်ရှိနေခိုက် အချိန်တွင် ငယ်ပေါင်းရောင်းရန်း သူငယ်ချင်းများနှင့် တွေ့ဆုံပြီး ငယ်ဘဝအကြောင်းများကို တစ်ဝကြီးပြောပြခဲ့ကြသည်။

နေ့ခင်း ပြောကိုတက်တွင် နေထိုင် လျက်ရှိနေသော ကိုတက်မြ မမရီ၊ တင်ရွှေထရေခင်-တင်ရွှေဘို့နှင့် လည်းကောင်း စုကြီးရပ်နေကိုပါဆိုသူနှင့်လည်းကောင်း ဆုံတွေ့နေခဲ့ရသောကြောင့် ကိုရဲမြင့် နေအိမ်သို့ ညဉ့်နိုင်းမှ ပြန်လည်ရောက်ရှိ လာခဲ့သည်။ အိမ်သို့ပြန်လည် ရောက်ရှိ သောအခါ ကျွန်တော်က ည့ေခန်းတွင် အနားယူနေသည်။ ထို အချိန်တွင် ကိုရဲမြင့်ရောက်လာသဖြင့် ကျွန်တော်က မေးလိုက်သည်။

“ကိုရဲ”

“ဗျာ အစ်ကို . . .”

“တင်မောင်မြင့်ကြီး အမှုနဲ့ပတ်သက်ပြီး ဘာထူးသေးသလဲ”

“ဟုတ်ကဲ့ ထူးခြားမှုကိုတွေ့ပြီလို့ ပြောလို့ရပြီ အစ်ကို”

“အေး . . . ဘာတွေကို ရုတ်တရက်ပြောစမ်းပါဦး”

“ဒေါ်တင်ကာ်အေးက ရွာခင်းသာ ဂေဟာကို ပစ္စည်ပေးငှါးကို ဖျစ်ဖျူးခဲ့ မကြာခဏ လာကြတယ်ဆိုတာကို သိရဟယ်အစ်ကို”

“ဟေ ဟုတ်လား . . .”

“ဟုတ်ပါတယ် အစ်ကို”

“ဒီလိုဆိုရင် အမှုကတော့ အမြန်ဆုံး အဖြေထွက်လာတော့မှာပေါ့ကွာ ဒါထက် ကိုရဲ . . .”

“ဗျာ . . . အစ်ကို”

“တင်မောင်မြင့်ကြီးကို တွေ့ဖို့လို တယ်၊ အင်း အစ်ကိုအတွေ့အကြုံအရ ပြောရမယ်ဆိုရင်တော့ တင်မောင်မြင့် တစ်ယောက်ဟာ သေသွားခဲ့ပြီနဲ့တူ တယ်၊ အေးလေ တင်မောင်မြင့်ကြီးသာ သေဆုံးသွားခဲ့ပြီဆိုရင် အလောင်းကို မတွေ့ ကွေ့အောင်ရှာရမယ်”

“ဟုတ်ကဲ့ ဒေါ်တင်တင်အေး တို့ အိမ်ကို စောင့်ကြည့်ဖို့ ကျွန်တော် တာဝန်ပေးထားပါတယ်။

အထူးသဖြင့် ဒေါ်တင်တင်အေးနဲ့ ဒရိုင်ဘာ ကိုချစ်မူးတို့ရဲ့ အသွားအလာ အဆက်အသွယ်တွေနဲ့ လူပ်ရှားမှုတွေ အားလုံးကိုလဲ နောက်ယောင်ခံ လိုက်နိုင်းလားပါတယ်”

“အေး . . . ကောင်းတယ် . . . သဲလွန်စဆိုတာကို အမှုဖြစ်မှုနဲ့ဆိုက် နေရာမှာပဲ မြန်မြန်ရှာရမယ်”

ကျွန်တော်၏ စကားဆုံးသွားသည့် အချိန်တွင် ကိုရဲက ရေချိုးမည်ဟု ပြောလျက် အိမ်ထဲ အနောက်ဘက်သို့ ဝင်ရောက် သွားခဲ့သည်။

အိမ်ရှေ့ ည့ေခန်းအတွင်း၌ ကျွန်တော်တစ်ယောက်တည်း ကျန်ရစ်နေခဲ့သည်။ ထိုအချိန်တွင် အိမ်ရှေ့မှ ခေါ်သံကို ကြားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဆရာ ဦးရဲမြင့်က . . . ဆရာ ဦးရဲမြင့် . . ."

အိမ်ရှေ့ခေါ်သံကြောင့် ကျွန်တော် အိမ်ရှေ့ကို ထွက်ကြည့်လိုက်သည်။ အိမ်ရှေ့မှ အသံပေးခေါ်နေသူမှာ ရဲစခန်းမှ ရဲတပ်သားလေး တစ်ယောက်ဖြစ်နေကြောင်း တွေ့မြင်လိုက်ရသည်။

ထိုရဲတပ်သားလေးက ကျွန်တော့် အား သူတို့၏ စခန်းမှူးဦးရဲမြင့်၏ အစ်ကို ရဲအရာရှိတစ်ဦးဖြစ်ကြောင်း သိထားခဲ့ပုံရသည်။ ထို့ကြောင့် ကျွန်တော်အား အလေးပြု အရိုအသေပေးကာ သတင်းပို့သည်။

"ဆရာဦးရဲမြင့်ကို မြို့နယ်မှူးက ခေါ်ခိုင်းလိုက်လို့ပါ"

"ဘာကိစ္စများလဲ ပြောလို့ရမလား"

"ဟုတ်ကဲ့ ရပါတယ်ခင်ဗျ . . . ထင်းရှူးပြိုင်တောင်စခန်းက ရပ်ကွက်ကောင်စီဝင် ဦးထွေးရိန်က လွှတ်လိုက်တဲ့ ဆတ်သားတစ်ယောက် ရောက်လာလို့ပါ . . ."

"အေး အေး ကိုရဲ ရေချိုးနေတယ်၊ ပြီးရင် လွှတ်လိုက်မယ် ဟုတ်လား၊ ကိုဝင်းထွန်းကို သတင်းပို့လိုက်နော်"

"ဟုတ်ကဲ့ခင်ဗျ"

ရဲတပ်သားလေးက အလေးပြုပြီး ရဲစခန်းရှိရာသို့ ပြန်သွားသည်။ ထို အချိန်တွင် ကိုရဲက ရေချိုးခန်းအတွင်းမှ ထွက်လာသည်။ ထို့ကြောင့် ကိုရဲအား အကျိုးအကြောင်းပြောပြလိုက်သည်။ ထို့နောက် နစ်ယောက်သားမြို့နယ်မှူး၏ ရုံးခန်းရှိရာသို့ ထွက်ခွာသွားခဲ့ကြသည်။

မြို့နယ်မှူးဖြစ်သော ရဲအုပ်ဦးဝင်းထွဏ်းက ပြောသည်။

"ဆရာ ဦးရဲမြင့်ကို ခေါ်လိုက်ရတာက ဆရာ့ သူငယ်ချင်းရဲ့ကိစ္စပါ။ ဒါက ထင်းရှူးပြိုင်တောင်စခန်းက ရပ်ကွက်ကောင်စီဝင် ဦးထွေးရိန်က လွှတ်လိုက်တဲ့ ဆတ်သားပါ။ ဒီတော့ ဦးရဲမြင့်က နယ်ထိန်းအဖွဲ့ဝင်အချို့နဲ့ လိုက်သွားပါ။ စခန်းက ကားကိုပဲယူသွားပါ။ အခြေအနေထူးလိမ့်မယ်လို့ မျှော်လင့်ပါတယ်"

မြို့နယ်မှူး ဦးဝင်းထွဏ်းနှင့် ကိုရဲမြင့်တို့နစ်ယောက်အား လုပ်ငန်းကိစ္စများကို တာဝန်ခွဲဝေနေကြသည်။

ထို့နောက် ကိုရဲမြင့်က နယ်ထိန်းတပ်ဖွဲ့ဝင်အချို့ကို ခေါ်ခြင်း ထင်းရှူးပြိုင်တောင်စခန်းသို့ ထွက်ခွာသွားကြသည်။ ထိုခရီးတွင် ကျွန်တော်လည်း လိုက်ပါသွားခဲ့ပါသည်။

ထင်းရှူးပြိုင် တောင်စခန်းသို့ ရောက်ရှိလွှားခဲ့သည့်အခါတွင် ရပ်ကွက်ကောင်စီအဖွဲ့ဝင် ဦးထွေးရိန်က ခရီးဦးကြိုဆိုပြီးပြောသည်။

"စခန်းမှူးကြီးရေ၊ ကျုပ်ကတော့ စခန်းမှူးကြီးက မှာကြားသွားပြီးကတည်းက ခြံထဲကိုတောင် မဆင်းတော့ဘဲ ဦးဘင်မောင်မြင့်ရဲ့ ခြံဘက်ကိုသာ နေ့ရော ညပါ စောင့်ကြည့်နေခဲ့ပါတယ်။ အရင်ကတော့ အခြေအနေဟာ အေးအေးဆေးဆေးပါပဲ မနေ့က ညဉ့်မှာ မိုးကတော်တော်ကလေးကို ရွာချလိုက်တယ်လေ၊ ဒီနေ့မနက်ဝိုင်း ရောက်တော့ အခြေအနေထူးခြားလာတာကို တွေ့လိုက်ရတယ်"

ဒါယကိုထူးခြားတဲ့ အချက်တွေကို တွေ့ခဲ့ရလို့လဲ ဦးထွေးရိန် . . ."

"ထူးခြားပါဘိုလား ဆရာရယ်၊ လာလာ ကျွန်တော်ပြမယ်၊ ကျွန်တော့် ခြံကနေ လှမ်းကြည့်ရင် မြင်နေရတယ် လာ ဆရာ လာ . . ."

ရပ်ကွက်ကောင်စီဝင် ဦးထွေးရိန်က ရေမှ ဦးဆောင်၍ခေါ်သွားသည်။ ကျွန်တော်နှင့် ကိုရဲမြင့် အပါအဝင် ရဲတပ်ဖွဲ့ဝင်များက ဦးထွေးရိန်၏ နောက်မှ လိုက်ပါသွားခဲ့ကြသည်။

ဦးတင်မောင်မြင့်၏ ခြံနှင့် ဦးထွေးရိန်တို့၏ ခြံမှာ မျက်စောင်းထိုး အနေအထားဖြင့် တည်ရှိနေသည်။ ဦးထွေးရိန်၏ ခြံအတွင်းမှ ကြည့်လျှင် ဦးတင်မောင်မြင့်၏ ခြံအတွင်းသို့ ထင်ထင်ရှားရှား မြင်တွေ့နိုင်သည်။ တစ်နေရာသို့ ရောက်သည့်အခါ ဦးထွေးရိန်က ပြောသည်။

"ဟော ဟိုမှာတွေ့လားဆရာ . . . အိမ်ခြေရင်းဘက်က ထင်းရှူးပင်ကို ကြည့်ပါဆရာ . . ."

ဦးထွေးရိန်က ပြောရင်း ဦးတင်မောင်မြင့်၏ ခြံဘက်သို့ လက်ညှိုးဖြင့် ညွှန်ပြသည်။ ထို့ကြောင့် ကျွန်တော်တို့က ဦးတင်မောင်မြင့်၏ ခြံဘက်သို့ ကြည့်လိုက်ကြသည်။

ထိုသို့ကြည့်နေစဉ် အခိုက်မှာပင် ခွေးဘစ်ကောင်၏ ဟောင်သံကိုကြားလိုက်ရသည်။

"ဂုတ်ဂုတ် . . . ဂုတ်ဂုတ်"

"ဂုတ်ဂုတ် ဂုတ်ဂုတ် ဂုတ်ဂုတ်"

www.burmeseclassic.com

www.burmeseclassic.com

အသံနှင့်အတူ ခွေးတစ်ကောင်၏ သဏ္ဌာန်ကို ဦးတင်မောင်မြင့်၏ အိမ်နောက်ဘက်၌ တွေ့မြင်ကြရပြန်သည်။ ထိုခွေးကား ဦးတင်မောင်မြင့်မှ စနစ်တကျ လေ့ကျင့်သင်ကြားထားခဲ့သည့် အမဲလိုက်ခွေးဖြစ်နေသည်။

ထိုခွေးက ထင်းရှူးပင်တစ်ပင်၏ အောက်သို့ ရောက်ရှိလာခဲ့ပြီး မြေကြီးကို လက်ဖြင့် ယက်ထုတ် တူးဖွေနေသည်။

ထို့နောက် ထိုခွေးက နောက်သို့ ပြန်လည်ဆုတ်ခွာ ထွက်ပြေးသွားလျက် ဟောင်းသံကို ပေးပြန်သည်။

"ဝုတ်ဝုတ်...ဝုတ်ဝုတ်"

ထိုမှတစ်ဖန် ထိုခွေးက အိမ်ကို လှည့်ပတ် ပြေးလွှားနေပြန်သည်။ မကြာသေးအချိန်တွင် အိမ်ဘက်မှ ထွက်ပေါ်လာသော ဒေါ်တင်တင်အေးကို တွေ့မြင်ကြရသည်။

ထင်းရှူးပင်အောက်သို့ ရောက်သည့်အချိန်တွင် ဒေါ်တင်တင်အေးက အိမ်ဘက်သို့လှည့်၍ လှမ်းခေါ်ဟန်ပြုသည်ကို တွေ့မြင်ကြရပြန်သည်။ မကြာမီ ဒရိုင်ဘာ ကိုချစ်ဖူးက အိမ်အတွင်းမှ ထွက်လာသည်။ သူ၏ လက်တွင်းမှာမူ တုတ်တစ်ချောင်းကို ကိုင်ဆောင်ယူလာကြောင်း တွေ့မြင်ကြရသည်။

ကိုချစ်ဖူးက လက်တွင်းရှိ ကိုင်ဆောင်ထားသော တုတ်ဖြင့် ဒေါ်တင်တင်အေးကို ကြည့်သည်။ ခွေးက ဒေါ်တင်တင်အေးကို ဟောင်သံပေးပြီး ထင်းရှူးပင်ရှိရာကို ပြေးသွားခဲ့ပြန်သည်။ ခွေးက ဒေါ်တင်တင်အေးထံသို့ ပြေးလာပြီး ဟောင်လိုက် ထင်းရှူးပင်ရှိရာသို့ ပြေးသွားပြီးဟောင်လိုက်ဖြင့် အလုပ်ရှုပ်နေသည်။

ထို့အခါ ဒရိုင်ဘာ ကိုချစ်ဖူးနှင့် ဒေါ်တင်တင်အေးတို့က ထိုခွေးအား ခြောက်လှန့်ရုံမဟုတ်တော့ဘဲ ထိုခွေးအားဆုတ်ဖြင့်လိုက်၍ရိုက်နှက်ကြသည်။

ခဏ်ဘာ ကိုချစ်ဖူးမှ ရိုက်လိုက်သော တုတ်တစ်ချက်သည် ထိုခွေး၏ ခြေထောက်ကို ထိသွားခဲ့သည်။

ထို့ကြောင့် ခွေးက နာနာကြည်းကြည်းအော်ဟစ် ညည်းညူလျက် အဝေးသို့ ထွက်ပြေးသွားသည်။

သို့ရာတွင် ထိုခွေးက ဝေးဝေးသို့ ရောက်အောင်မပြေး။ ထင်းရှူးပင်နှင့် မလှမ်းမကမ်းနေရာသို့ ပြန်လည်ပြေးလွှားခဲ့ပြီး မဝံ့မရဲဟန်ဖြင့် ဟောင်နေပြန်သည်။ ထိုမြင်ကွင်းကို ကျွန်တော်က စူးစိုက်ကြည့်ရှုနေသည်။ ထို့နောက် ကျွန်တော်က ကိုရဲမြင့်အား ပြောလိုက်သည်။

"အင်း...သေချာသလောက်ပဲ ကိုရဲရေ"

"ဟုတ်တယ် အစ်ကို..."

"ဒီတော့ ဦးထွေးရိုန်က ရပ်ကွက်ကောင်စီဝင်တစ်ယောက်ကို ထပ်ခေါ်ပြ၊ တင်မောင်မြင့်ရဲ့ ခြံထဲကို သွားကြရအောင်"

"ဟုတ်ကဲ့ပါ ဆရာ"

ဦးထွေးရိုန်က ပြောရင်း နေရာမှ ထွက်သွားခဲ့သည်။ ဦးထွေးရိုန်က မကြာမီ ပြန်လည်ရောက်လာခဲ့သည်။ သူနှင့်အတူ ရပ်ကွက်ကောင်စီအဖွဲ့ဝင် ဦးတင်အေးနှင့် ဦးဝင်းကိုဆိုသူတို့ ပါလာခဲ့ကြသည်။

ထို့ကြောင့် ထိုသူများကိုခေါ်လျက် တင်မောင်မြင့်၏ "ထင်းရှူးပြိုင်တောင်စခန်းသို့" သွားရောက်ခဲ့ကြသည်။

တင်မောင်မြင့်၏ ခြံဝင်းအတွင်းသို့ ရောက်ရှိသွားခဲ့ကြသောအခါ ဒေါ်တင်တင်အေးက အံ့အားသင့်စွာ ကြည့်ရှုနေသည်ကို တွေ့မြင်ကြရသည်။ ထို့ကြောင့် ကိုရဲမြင့်က ပြောလိုက်သည်။

"ကဲ...အားတော့နာလုပါတယ် ဒေါ်တင်တင်အေး၊ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ တာဝန်နဲ့ ဝတ္တရားအရ ဒီခြံဝင်းအတွင်းမှာ ဒီမှာအတူလိုက်ပါခဲ့ကြတဲ့ ရပ်ကွက်ကောင်စီဝင်တွေနဲ့ အတူရှာဖွေပါရစေ၊ ခွင့်ပြုပါခင်ဗျာ"

စခန်းမှူးဖြစ်သူ ကိုရဲမြင့်၏စကားကို ကြားလိုက်ရသော ဒေါ်တင်တင်အေး၏ နှုတ်မှ အံ့သြသည့်အသွင်ဖြင့် အာမေဋိတ်အသံ တစ်ခု ထွက်ပေါ်လာခဲ့သည်။

"ရှင်..."

သူမ၏ မျက်နှာပြင်တွင်လည်း အံ့သြမှု၊ စိုးရိမ်မှု၊ ကြောက်လန့်မှုများအား ဖုံးကွယ်၍ မထားနိုင်တော့ဘဲ တစ်ခုပြီးတစ်ခု ဆက်တိုက်ထွက်ပေါ်လာခဲ့သည်ကို တွေ့ရသည်။

ဒေါ်တင်တင်အေးက အတတ်နိုင်ဆုံး မှုမှန်အောင်ကြိုးစား ထိန်းချုပ်ရင်း ဆက်၍ပြောသည်။

"ဟုတ်ကဲ့ ရှာကြပါရှင် ရှာကြပါ ဒေါ်တင်တင်အေး၏ ခွင့်ပြုချက်

www.burmeseclassic.com

www.burmeseclassic.com

ရှိလေသောအခါ ရဲတပ်ဖွဲ့ဝင်များက ဘရွှင်းပေါက်ပြားများဖြင့် စောစောပိုင်းတွင် ခွေးယက်ထားခဲ့သော ထင်းရှူးပင်ခြေတွင် တူးဖော်ကြသည်။

အချိန်ကများစွာပင် မကြာလိုက်တော့ပြီ။ ဦးတင်မောင်မြင့် ကို တွေ့ကြပြီ။

ရှေ့ဦးစွာ တွေ့မြင်ခဲ့ကြရသည်က ပလပ်စတစ်အိပ်ရာခင်းဖြင့် ရစ်ပတ်၍ ထပ်ထားသော အထုပ်တစ်ခု၊ ထို အထုပ်အား ဖြေလိုက်လေသောအခါ ဦးတင်မောင်မြင့်၏ ရုပ်အလောင်းထွက် ပေါ်လာသည်။ ဦးတင်မောင်မြင့်၏ ရင်ညွှန့်တွင် **ဓားဒဏ်ရာတစ်ချက်**ကို တွေ့ရသည်။ သေဆုံးခဲ့ရသည်ကာလမှာ ရက်အတန်ကြာခဲ့ပြီဖြစ်၍ အလောင်းမှာ ပုပ်ပွ၍ပင်နေပြီဖြစ်သည်။

အလောင်းတစ်ခုအား ဖော်ထုတ်ရရှိပြီးလျှင် အလောင်း၌ သေဆုံးရပုံ အကြောင်းစုံ အသေးစိတ်ကို ရှာဖွေလေ့လာကြရသော ရဲတပ်ဖွဲ့ဝင်များမှာ ရှုပ်ရှာခြင်း၊ ကြောက်ရွံ့ခြင်းတို့မရှိရပေ။

သေဆုံးခဲ့ရခြင်း အကြောင်းရင်းခံကို ဖော်ထုတ်ကြရမည်ဖြစ်ပါသည်။

ဦးတင်မောင်မြင့်၏ ရင်ညွှန့်မှ ဒဏ်ရာသည် နောက်ကျောဘက်သို့ ထုတ်ချင်းခတ် ပေါက်ထွက်နေကြောင်း တွေ့မြင်ရသည်။

ဒဏ်ရာ၏ အနေအထားမှာ ဓား ဖြင့် ထိုးထားသော ဒဏ်ရာမျိုးဖြစ်ကြောင်းကိုလည်း တွေ့မြင်ကြရသည်။ လူအများ အားလုံးတို့က အလောင်းအား ဝိုင်းအုံကြည့်ရှုနေကြသည်။

ကိုရဲမြင့်က ကျွန်တော့်အား မေးလာသည်။

"အစ်ကို အလောင်းမှာ ရင်ညွှန့်ကနေ နောက်ကျောဘက်ကို ပေါက်နေတဲ့ ဒဏ်ရာတစ်ချက်တည်းပဲ **တွေ့ရတယ်။ တခြားလက္ခဏာကို မတွေ့ရဘူး ဒီဒဏ်ရာတစ်ချက်တည်းနဲ့ပဲ သေခဲ့ပုံရတယ်**"

ကိုရဲမြင့်၏ ပြောစကားများကို နားထောင်ရင်း ကျွန်တော်က စဉ်းစားနေသည်။ ထို့နောက်မှ ကိုရဲမြင့်အား ပြောလိုက်သည်။

"**အေး ဟုတ်တယ်၊ အစ်ကိုလဲ အဲဒါကို လေ့လာနေတာ၊ အနေအထား** ကတော့ ဒီဒဏ်ရာနဲ့ပဲ သေခဲ့ပုံရတယ်"

လူတစ်ယောက်သေဆုံးခဲ့လျှင် . . သေဆုံးခဲ့သူ၏ လက္ခဏာရပ်ကို လေ့လာကြည့်ရှုလျှင် ထိုသေဆုံးခဲ့ရသည့် အကြောင်းရင်းကို ဖော်ထုတ်နိုင်ကောင် အင်းစိန်မှုခင်းတပ်ဖွဲ့ (CID) ကမှုခင်းသိပ္ပံ သင်တန်းဖွင့်၍ ရဲအရာရှိတစ်ယောက်ဖြစ်သည့် အတွက် . . အလောင်းအား လေ့လာ အကဲခတ်နေပြီဖြစ်သည်။

လူတစ်ယောက် သေဆုံးခဲ့လျှင် (CAUST OF DEATH) သေဆုံးခဲ့ရခြင်း၏ အကြောင်းရင်းကို ရှာဖွေကြရာတွင် . . .

(WHY) ဘာကြောင့်လဲ။
(WHERE) ဘယ်နေရာမှာလဲ။
(WHO) ဘယ်သူလဲ။
(WHEN) ဘယ်အချိန်ကလဲ။
(WHICH) ဘယ်လိုလဲ။
(WHOM) ဘယ်သူကြောင့်လဲ။

အစရှိသည့် (ဘ) ခြောက်လုံးကို မူတည်၍ စစ်ဆေးကြရပါသည်။ အခိုပါ မေးခွန်းများဖြင့် တောင်းခံကို ရှာဖွေဖော်ထုတ်ကြရသည်။ **စခန်းမှူး** ကိုရဲမြင့်က အလောင်းအား အသေးစိတ် လေ့လာကြည့်ရှု မှတ်တမ်းတင်ပြီးသော အခါ ရဲတပ်ဖွဲ့ဝင်အချို့နှင့်အတူ ကျောက်ဆည်ဆေးရုံသို့ ပို့ဆောင်စေခဲ့သည်။

ထို့နောက် အလောင်းနှင့်အတူ တွေ့ရှိရသော ဒဿမ ၁၂ ဖိုနှစ်လုံးပြူး သေနတ်တစ်လက်နှင့် ပစ္စည်းများထည့်ထားသော ကျောပိုးအိတ်တစ်လုံးတို့ကို ရှာဖွေပုံတွင် ရေးသားထည့်သွင်းပြီး သိမ်းဆည်းခဲ့သည်။

လုပ်ဆောင်ရန် ကိစ္စများ ပြီးစီးသွားခဲ့လေသောအခါ ကျောက်ဆည် ရဲစခန်းသို့ ပြန်လည်ထွက်ခွာလာခဲ့ကြသည်။ ကျောက်ဆည်ပြို့ **အမှတ်(၁)** ရဲစခန်းသို့ ပြန်လည်ရောက်ရှိကြသည့် အချိန်**။** ကိုချစ်မူးက သူ၏လက်ကောက်ဝတ်တွင် ချုပ်နှောင်ခတ်နိုင်ထားသော သံမဏိလက်ထပ်အစုံကို ကြည့်နေသည်။

ဒေါ်တင်တင်အေးက မျက်နှာကို အောက်ငုံ့ပြီး တရှုံ့ရှုံ့ ငိုကြွေးနေသည်။

စခန်းမှူး ကိုရဲမြင့်နှင့် ကျွန်တော်တို့က မြို့သက်စွာ ကြည့်နေခဲ့ကြသည်။ ခဏမျှအကြာတွင် စခန်းမှူး ကိုရဲမြင့်က မေးသည်။

"ကဲ . . . ဒေါ်တင်တင်အေး ဦးတင်မောင်မြင့် သေဆုံးခဲ့ရတဲ့ကိစ္စကို ပြောပါ . . ."

www.burmeseclassic.com

www.burmeseclassic.com

ကိုရဲမြင့်၏ အသံကိုကြားသည့် အခါ ဒေါ်တင်တင်အေး၏ မျက်နှာက အပေါ်သို့မော့လာခဲ့ပြီး စခန်းမှူးကိုရဲမြင့်နှင့် ကျွန်တော့်ကို တစ်လှည့်စီကြည့်နေသည်။ ထို့နောက် ဒေါ်တင်တင်အေးထံမှ အသံများထွက်ပေါ်လာသည်။

"ဦးတင်မောင်မြင့်ကို ကျွန်မ သတ်ခဲ့တာပါ။ ဒါပေမဲ့ ဘာကြောင့်သတ်ခဲ့ရတာလဲဆိုဘာကိုတော့ ကျွန်မ မပြောပါရစေနဲ့..."

စခန်းမှူးကိုရဲမြင့်နှင့် ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်က ဒေါ်တင်တင်အေးကို ကြည့်နေကြသည်။ မေးခွန်းပေါင်းများစွာကို စက်သေနတ်ပစ်သကဲ့သို့ စဉ်ဆက်မပြတ်မေးချင်နေသည်။ သို့ရာတွင် ဒေါ်တင်တင်အေးက မေတ္တာရပ်ခံ ထားခဲ့သောကြောင့် မေးခွန်းများကို ဆက်၍ မမေးဖြစ်ခဲ့။ ဒေါ်တင်တင်အေးကို ကြည့်နေဖြစ်ခဲ့ကြသည်။ ခဏအကြာတွင် ဒေါ်တင်တင်အေး ထံမှ စကားသံများ ထွက်ပေါ်သည်။

"ဦးတင်မောင်မြင့်ကို ကျွန်မ ကိုယ်တိုင်သတ်ခဲ့တာပါ။ သတ်ခဲ့တဲ့ အချိန်ကတော့ ဦးတင်မောင်မြင့် အိပ်ပျော်နေတဲ့အချိန်မှာ ဓားနဲ့ထိုးပြီးသတ်ခဲ့တာပါ"

ဒေါ်တင်တင်အေးက စကားကို အဆုံးသတ်ပြီး ခုံးပွဲချုံတော့သည်။

ထို့ကြောင့် စခန်းမှူး ကိုရဲမြင့်က ဇရိုင်ဘာ ကိုချစ်ဖူး ဘက်သို့လှည့်၍ မေးသည်။

"ကဲ...ကိုချစ်ဖူး ခင်ဗျားကရော ဘာပြောချင်သေးလဲ"

ထိုအခါ ကိုချစ်ဖူးက ပြောသည်။

"ဦးတင်မောင်မြင့်ကို ကျွန်တော် မသတ်တာ အမှန်ပါဆရာ၊ ဒါပေမဲ့ မမအေးကခိုင်လို့ ကျွန်တော်ကိုယ်တိုင် တွင်းတူးပြီး အလောင်းကို မြေမှာမြှုပ်ခဲ့ရတာပါ"

"အင်း ကိုချစ်ဖူးက ဦးတင်မောင်မြင့်ကို သေစေဘူးလို့ ငြင်းတယ်၊ ဒေါ်တင်တင်အေးကတော့ သူသတ်ပါတယ်လို့ ဝန်ခံတယ်...ဦးတော့ ဒီအမှုကို နှစ်ဦးစလုံးက ပူးပေါင်းကြံစည်လုပ်ဆောင်ခဲ့ကြတာပါလို့ ဝန်ခံခဲ့ကြတယ်၊ ဒီကော့ ကိုချစ်ဖူးက ဒေါ်တင်တင်အေးနဲ့ ဘယ်လိုများ ပတ်သက်နေလို့လဲ..."

ကိုချစ်ဖူး၏ မျက်နှာက ကိုရဲမြင့်၏ မေးခွန်းကြောင့် နီရဲသွားသည်။

ထိုနောက် ရှက်ကြောက်သည့် အမူအရာဖြင့် ပြောသည်။

"ဟာ...ဒါကတော့ ဆရာရယ်"

ကိုချစ်ဖူးထံမှ စကားသံများ တိတ်ဆိတ်သွားသည်။

ဤသို့ဖြင့် ဦးတင်မောင်မြင့် သေဆုံးခဲ့ရသည့် အမှုဖေါ် ပေါက်သွားပြီးဖြစ်သည်။ ထို့ကြောင့် ဒေါ်တင်တင်အေးနှင့် ဒရိုင်ဘာ ကိုချစ်ဖူးတို့၏ ဝန်ခံထွက်ဆိုချက်၊ သက်သေ အထောက်အထားများ စုံလင်စွာနဲ့အတူ စခန်းမှူး ကိုရဲမြင့်က တရားရုံးတော်သို့ တင်ပို့တရားစွဲတော့မည် ဖြစ်သည်။

ကျွန်တော်ကလည်း ခွင့်ရက်ကုန်ဆုံးပြီးဖြစ်သည့်အတွက် ကျွန်တော်အား ရစ်ပတ်နှောင်ဖွဲ့လာခဲ့ကြသည်။

ဒေါ်တင်တင်အေး၏ ဝန်ခံချက်တွင် ဦးတင်မောင်မြင့်အား သူမက သတ်ခဲ့တာပါဟု ထွက်ဆိုထားသည်။

လောကရှိ ရှိရှိသမျှသော ရန်ကုန်ကာ အပေါင်းတို့တွင် ကြောက်စရာအကောင်းဆုံးနှင့် အကြီးမားဆုံး ရန်သည် ရာမရာဂပင်ဖြစ်သည်။

ကာမရာဂသည် အရာရာတိုင်းအပေါ်တွင်ဖုံးစေပါသည်။ အမောင်တစ်ယောက် အမျောင်တွင် ကိလေသာတည်းဟူသော အမောင်သည် အမောင်ဆုံးဖြစ်ကြောင်း ဒေါ်တင်တင်အေးအနေဖြင့် သတိမူလိမ့်မည်မဟုတ်။

ကာမအမောင် လွှမ်းအုပ်ထားနေသည့် အချိန်တွင် မည်သည့်အကြောင်းကိုမျှ တွေးမြင်ကြလိမ့်မည်မဟုတ်။

သတိလက်လွတ် ငှက်တောကျွတ် သကဲ့သို့သာ ဖြစ်နေကြပေလိမ့်မည်။

ဓမ္မပဒတွင် ပြဆိုထားသည်။

အနိဋ္ဌာရသူသည် ရန်စပေါ်တတ်၏။ အရှုံးခံရသောသူသည် ဆင်းရဲဒုက္ခတွင်ငွေ့နေရ၏။ အကြင်သူသည် အရှုံး အနိုင် နစ်မျိုးလုံးကို ကျော်ကွားနိုင်သူဖြစ်ခဲ့၊ ထိုသူသည် ချမ်းသာစွာ နေရ၏ဟူ၍ ဖြစ်ပါသတည်း။

ခင်မောင်ထွန်း(လမ်းမတော်)

www.burmeseclassic.com

www.burmeseclassic.com

မူးယစ်ဆေးဝါးသယ်ယူသည့် အိန္ဒိယလူမျိုးနှစ်ဦး

မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူလေဆိပ်တွင် မကြာခင်က အိန္ဒိယလူမျိုးနှစ်ဦးအား မူးယစ်ဆေးဝါးများ တရားမဝင်တင်သွင်းမှုအတွက် ရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဌာနက ဖမ်းဆီးလိုက်သည်။ ဖမ်းဆီးခံရသူနှစ်ဦးမှာ အသက် ၅၂ နှစ်အရွယ် အမျိုးသမီးနှင့် ၄၃ နှစ်အရွယ် အမျိုးသားဖြစ်သည်။ ၎င်းတို့ကို သီးခြားစီဖမ်းဆီးခဲ့ရာ ကီတာမင်းဆေးပြား ၁၀၈ ဧက ကီလိုဂရမ် ဘန်ဖိုးအားဖြင့် မလေးရှားရင်းဂစ် ၈၁၃၀၈၈၅ ဖြစ်သည်။

ယခင်နှစ်ကတည်းက မှူခင်းကျူးလွန်ကြသူများဖြစ်ပြီး ခုနစ်ကြိမ်နှင့် ဆယ်ကြိမ်စီ ကျူးလွန်ခဲ့ပေသည်။ အမျိုးသမီးကို လေဆိပ်အတွင်း ဖမ်းဆီးနိုင်ခဲ့ပြီး အမျိုးသားကို လေဆိပ်ပြင်ပ အင်္ဂါယာဉ်ဌာနရှိမီးပြီး ဆယ်နှစ်အကြာ ဖမ်းဆီးနိုင်ခဲ့ခြင်း ဖြစ်ပေသည်။ ၎င်းတို့၏ လက်ဆွဲအိတ်များထဲ သိုဂုက်လာကြခြင်းဖြစ်ပြီး၊ မူးယစ်ဆေးဝါး ငါးကီလိုမီတာဂရမ်ကျော်စီ သက်ဝင်တွေ့ရှိမှုအတွက် ထိရောက်စွာအရေးယူရန် စီစဉ်လျက်ရှိသည်။ ပြည်ပမှတင်သွင်းမှုကို အတော်ပင်ဟန့်တားရမှု ဖြစ်သည်။

မောင်ကောင်းယဉ်

Ref: The Star 11.3.13

မလေးရှားလမ်းဘေး မြို့လယ်ကောင် တိုင်ချက်ဖွင့်ရန် အရေးပေါ်ဌာနထားရှိ

မကြာသေးမီက မလေးရှားနိုင်ငံ၊ စင်စန်းမြို့၊ လမ်းဘေး မြို့လယ်ကောင်တွင် ပြည်သူများ မူခင်းကိစ္စရပ်များ အရေးပေါ်တိုင်ကြား၊ အကူအညီတောင်းခံနိုင်ရန်အတွက် တိုင်ချက်ဖွင့်အရေးပေါ်ဌာန ဖွင့်လှစ်ထားရှိခဲ့ရာ မလေးရှားနိုင်ငံတော်အစိုးရက မူခင်းကြီးငယ် နေ့စဉ် ထူပြောစွာ ဖြစ်ပွားပေါ်ပေါက်လျက်ရှိသော မလေးရှားနိုင်ငံတွင် မူခင်းကျဆင်းရေးအတွက် ရည်စူးပြီး မလေးရှားငွေ ရင်းဂျစ်(ရင်းဂစ်) ၂၅၀၀၀၀၀ အကုန်ကျခံကာ နိုင်ငံခြားမှ စက်ဝယ်ပြီး ယခုလို လမ်းဘေး မြို့လယ်ကောင်၌ တိုင်ချက်ဖွင့်ရန် အရေးပေါ်ဌာန ဖွင့်လှစ်ပေးခဲ့ခြင်း ဖြစ်သည်ဟု သိရသည်။

ကေတီအောင်သိန်း
(ရန်ကုန်တက္ကသိုလ်)

Ref: C.S.T. (Singapore) (27.2.2013) Page (12)

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



(တစ်)

မိုးကလည်း သည်းသည်းရွာသွန်းလျက်ရှိ၏။ လေပါ ပါလာ၍ တငေါငေါမြည်နေ၏။ ယခုနှစ် မိုးတွင်း ဒီညလောက် မိုးရွာသည်မှာ ဒီညပဲ ထင်ဖ။

မိုးသည်းသည်းမှာ ကားမောင်းရသည်မှာ အန္တရာယ်များလွန်းသည်။ **များသောအားဖြင့် ထိုသို့သော ညမျိုးမှာ ကား**မမောင်းချင်ကြ၊ စိတ်ပျက်တတ်ကြသည်။

ခုတော့ ...

ခင်မော်ဆိုသည့် သကောင်သားက ထိုသို့မဟုတ်၊ သဘောကျ အကြိုက်တွေ့နေပြန်သည်။ ကြည့်လေ ...။ သူ့ကား ကို အရှိန်တင်၍ မောင်းလာခဲ့သည်။

ထိုသို့ အရှိန်တင်မောင်းလာသည်မှာလည်း သူ့မှာ ရည်ရွယ်ချက်တွေရှိ၏။ အနည်းဆုံး ယာဉ်စည်းကမ်းအသေးစား တစ်ခုခုကို အန္တရာယ်ကင်းစွာနှင့် သူကျူးလွန်ဖြစ်အောင် **ကြံစည်နေခြင်းဖြစ်၏။**

သူ၏ကားကို ရန်ကုန်မြို့ပြင်အထွက် သို့ ဦးဘည်ကာ မောင်းနေခြင်းဖြစ်၏။ ယာဉ်သိန်းရဲ ကင်းရှေ့သို့ ရောက်လာ၏။ ကားကို အရှိန်မြှင့်သည်ထက် မြှင့်ကာ မောင်းလိုက်သည်။

"ဒေါ် ..."

"ဒွိ ..."

"ဒွိ ..."

ယာဉ်တိန်းရဲကင်းမှ ဒီဆယ်လ်မှတ်သံ တွင့်ကြွဲ ကြားရသည်။ သူရဟုမိုက်ဟန်ဆက်၍ အရှိန်ပြင်းစွာ မောင်းသည်။

သိပ်မကြာလိုက်။

"ဒေါ် ... ဝရော"

သူ့ရည်ရွယ်ရင်းအတိုင်း ယာဉ်ထိန်းရဲမော်တော်ဆိုင်ကယ် နောက်မှ ထွက်လိုက်လာသည်။ သူ့ကားမရပ်၍မြစ်လေဟာန် ကာကိုရပ်ပေးလိုက်ရသည်။ မော်တော်ဆိုင်ကယ် သူ့ကားရှေ့မှ ပိတ်ရပ်သည်။ ယာဉ်ထိန်းရဲအုပ် ဖြစ်နေသည်။ –ပခုံးပေါ်မှာ အပွင့်ဘဝ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com

အရာရှိကိုယ်တိုင် ဖြစ်နေ၍ သူ သဘောကျသွားသည်။ ဒုရဲအုပ်စောဝင်း။ **နာမည်ကို ရဲအုပ်၏ ရင်တတ်တွင် ချိတ်** ထားသော ကတ်ကို ဖတ်ပြီး မှတ်သား လိုက်သည်။

''ကားကို သတ်မှတ်မိုင်နှုန်းထက် ပိုမောင်းတဲ့အတွက် ကားလိုင်စင်''

ခင်မော် စိတ်ရှုပ်ဟန်နှင့် လိုင်စင် ကို ထုတ်ပေးရင်း ပြောသည်။

''သူငယ်ချင်းတစ်ယောက်ရဲ့ အသုဘသတင်းကို မမျှော်လင့်ဘဲ ကြားလိုက်ရ လို့ ပဲခူးကို ထွက်လာခဲ့တာ။ စိတ်လော ကြီးသွားတယ်ဗျာ''

''ဘယ်လိုပဲ ဇောကြီးကြီး သတ် မှတ်မိုင်နှုန်းထက် ပိုမောင်းတာ အန္တရာယ် ရှိတယ်လေ''

''လွင်စန်းယဉ်ရေ.. မင်းကတော့ သေသွားပြီ၊ ငါကတော့ ဒီမှာ အန္တရာယ် နဲ့ တိုးနေတယ်''

သေဆုံးသူ သူငယ်ချင်း၏ နာမည် ကို တမင်တပြီး သူလိုင်စင်ပေးလိုက်ရ သည်။ ယာဉ်ထိန်းရဲအုပ်က လိုင်စင်သိမ်း သည်။ ချလံတစ်ရွက် ထုတ်ပေးရင်း ...

''အဂ်ါနေ့ ရုံးချိန်းအတွင်း ရုံးမှာ ဒဏ်ငွေလာဆောင်ပါ။ ခင်ဗျား ပဲခူးကို ဆက်သွားရင်လည်း သတ်မှတ်အရှိန်နှုန်း အတိုင်း မောင်းပါ။ **ခင်ဗျားတင်မကဘူး တခြားယာဉ်တွေပါ အန္တရာယ်ရှိတယ်ဗျာ**''

ယာဉ်ထိန်းရဲအုပ်က ပြောပြီး သူ၏ မော်တော်ဆိုင်ကယ်အား မောင်း၍တွက် သွားသည်။

* * *

(နှစ်)

အမှန်တော့ သူအကွက်ဆင်လိုက် ခြင်းဖြစ်သည်။ ပဲခူးမှာ သေဆုံးသည့် လွင်စန်းယဉ်ဆိုသည့်သူကို သူမသိပါ။ တွေ့လည်း မတွေ့ဖူးပါ။ ဒီနေ့ထုတ် သတင်းစာနာရေးကြော်ငြာမှာ ပါလာ သည့် နာရေးကြော်ငြာကိုဖတ်ပြီး သူပြော **လိုက်ခြင်းသာ**။

သူပြစ်မှုတစ်ခုကို ကျူးလွန်ဖို့ တမင်အကွက်ဆင်နေခြင်းသာ။ ထိုနေ့ည ပြစ်မှုတစ်ခုခုကို သူကျူးလွန်တော့မည်။ ထိုသို့ ကျူးလွန်လျှင် သူရန်ကုန်မှာမရှိဘဲ ပဲခူးသို့သွားနေကြောင်း အလီဘိုင်ခေါ် သက်သေပြချက်တစ်ခုခု လုပ်ထားဖို့ ဖန်တီးနေခြင်းသာ ဖြစ်၏။

ယာဉ်ထိန်းရဲထွက်သွားစဉ် သူကား ကို ဆက်မောင်းထွက်ခဲ့သည်။ ယာဉ်ထိန်း ရဲနှင့် **သူဆုံခဲ့ရာနေရာမှာ** ရန်ကုန်–ပြည် လမ်း၊ အင်းစိန်စော်ဘွားကြီးကုန်း လမ်း ဆုံမှာဖြစ်သည်။

သူ ကားကို ဆက်မောင်းလာစဉ် မင်္ဂလာဒုံ ခရေပင်လမ်းဆုံသို့ ရောက်လာ ၏။ ထိုမှ အမှတ်(၁)လမ်းမကြီးညာဘက် ဖွဲ့ဆင်းကာ ဝေဘာဂီ၊ ပုလဲမြို့သစ်ဘက် ကို ဦးတည်လိုက်သည်။ သူ့အစီအစဉ်သူ သဘောကျနေ၏။

သူ၏ ကားကလေးမှာ မြောက် ဥက္ကလာပ ဝေဘာဂီလမ်းဆုံမှ ခေမာသီ လမ်းပေါ် ချိုးကွေ့ပြီး ရန်ကုန်မြို့တွင်းသို့ တခြားလမ်းကြောင်းကို တမင်ရွေးပြီး မော ်းင် ဲပြန်သည်။

ားတစ်လမ်း၊ အပြန်တစ်လမ်း။

* * *

(သုံး)

သည်တစ်ခါတော့ ခင်မော် ကား ကို ပုံမှန်သတ်မှတ်နှုန်းအတိုင်း မောင်း တော့သည်။ ကုက္ကိုင်း နာမည်ကြီးစား သောက်ဆိုင်တစ်ဆိုင်မှာ သူ့ချစ်သူ **'ခက်စိမ်းခင်'** အလုပ်လုပ်နေသည်။

စားသောက်ဆိုင်ဝင်းအတွင်း မောင် ရိပ်ကျကျနေရာမှာ ကားကိုရပ်လိုက် သည်။ ဟားသောက်ဆိုင်ထဲ ဝင်ထိုင်သည်။ သူမြန်မာဘီယာတစ်လုံးမှာသောက်ရင်း **ခက်စိမ်းခင်** ပွဲတောင်းခံရကာ သီချင်း ဖျော်ဖြေနေသည်ကို ထိုင်၍ နားထောင် သည်။

သူ့ချစ်သူ ခက်စိမ်းခင်ကို ပန်းကုံ တွေ့စွပ်၊ ထိကပါး ရိုကပါးလုပ်၊ ပရော ပရည်ပြုကြသည်ကို သူရင်နာစွာနှင့် စောင့်ကြည့်နေရသည်။ သောက်စားပွဲ ယစ်သူတွေ သောက်စားပွဲးယစ်ရာမှထ ကာ ပွဲးယစ်ရာကတွေ ဖြစ်နေသည်ကို ခင်မော်ကြည့်၍မရ။ အထူးသဖြင့် သူ့ ချစ်သူ ခက်စိမ်းခင်အား ထိုသို့လုပ်နေ သည်ကို သူပို၍မကြည့်ချင်၊ မမြင်ချင်။

သို့တိုင် ... မကြည့်ချင်ဘဲလည်း ကြည့်နေရသည်။ မမြင်ချင်ဘဲလည်း မြင် နေရသည်။ သူနှင့် သူ့ချစ်သူ ခက်စိမ်းခင် တို့အဖြစ်ကား ဆိုင်သာဆိုင် မပိုင်သည့် အဖြစ်တွေမဟုတ်ပါလား။

''ဟင်း ...''

သူဘီယာသောက်ရင်းက သတ် ပြင်းမောကြီးတွေ အကြိမ်ကြိမ်ချနေ သည်။

ခက်စိမ်းခင်က ချောမောလှပလွန်း သူလေးဖြစ်၏။ အရွယ်အားဖြင့် သူ့ထက် ဆယ်နှစ်ခန့် ငယ်သည်။ လက်ဆုပ်လက် **ကိုင် လင်ဟူ၍ မရှိဖူးသေးသော အပျိုစင် ဒါပေမဲ့ ခက်စိမ်းခင် ယရစ်နှင့် အပြိုင်** ဖြစ်ခဲ့သည်ကို သူအသိဆုံး။

သူ့အသက်က နှစ်ဆယ့်ရှစ်နှစ်၊ သူ့ချစ်သူ ခက်စိမ်းခင်အသက်က တစ် ဆယ့်ရှစ်နှစ်။ ဒါပေမည့် ခက်စိမ်းခင်က တင်းတင်းရင်းရင်း၊ မို့မို့မောက်မောက် စွင့်စွင့်ကားကား ရှိက်ဖိုကြီးငယ်အသွယ် သွယ်သည့် အင်မတန်လက်ရာမြောက်ခဲ့ သော ပန်းပုဆရာ၏ ထုဆစ်ထားသော နတ်မိမယ်လေးအလား။ သူ့အတွက် ဗီးနပ် အချစ်နတ်သမီး ရုပ်တုလေး။

www.burmeseclassic.com

www.burmeseclassic.com

သူကတော့ အသက်အရွယ်နှင့် ကိုက်အောင် အိုစာခဲ့ပြီး သူသည် မိဘ အလိုလိုက်ထားသော ငွေကြေးချမ်း သာသည့် သားတစ်ယောက်ဖြစ်သော ကြောင့် ဆေးခွဲခဲ့သည်။ သိပ်မကြာခင်ကမှ ပျောက်ကင်းပြီး ဆေးဖြတ်ခဲ့သည်။ ဆေး ဘေးဒဏ ယမကာနှင့်အစားထိုး၍ စား သောက်ဆိုင်တွေဘက်လှည့်ရာမှ အရက် အဆစ်ခွဲပြီး ခက်စိမ်းခင်နှင့် စား သောက်ဆိုင်မှာ ဆုံခဲ့သည်။

ငွေကြေးသုံးဖြုန်းနိုင်သော ခင်မော် လှစားသည့် ခက်စိမ်းခင်လို စား သောက်ဆိုင်ပျံမလေးတွေတို့ အစာဖြစ်ခဲ့ သည်။ ထိုကိစ္စမျိုး၌ အတွေ့အကြုံနည်း သော ခင်မော် ခက်စိမ်းခင်အား အတည် သောက်ထပ်ဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့ဖူး သည်။

သို့သော် ဆေးသမားတစ်ဖြစ်လဲ ယောကျ်ားစွမ်းဆောင်ရည်ညံ့ဖျင်းမှု ကြောင့် ဆူဖြိုးတက်ကြွသော ခက်စိမ်းခင် ကို မမွှေမက်၍ လက်ထပ်ဖို့ ငြင်းဆန်ခဲ့ သည်။ ဒါပေမဲ့ သူထံမှ ရနိုင်သမျှရအောင် ယူခဲ့ ဖြူခဲ့ ကလူခဲ့တ်။ သည်ကြောင့် ခက်စိမ်းခင်ကို ချစ်လျက်နှင့် ငြီးငွေ့နေခဲ့တ်။ ခက်စိမ်းခင်တ်စိတ်နှင့် ဆောက်ကိုပင် မကြာခဏ ပြန်ပြန် လာသွားတ်။

ဆေးပေါက်သည့်အချိန်၊ သူတို့ ၏ 'ရင်းထခိုက်'မှာ ခက်စိမ်းခင်ကို သောတ်ပစ်ရန်ပင် အကြိမ်ကြိမ်စိတ် ကူးသည်။ ဆေးသမားပီပီ မစားရသည့် အခဲနှင့်ပက်ဖို့ ကြံစည်ထားသည်မှာ သည်အခိုက် ... ခက်စိမ်းခင်တ် ဦးဆုံးသွားတ်။ ခက်စိမ်းခင် စား သောက်ဆိုင် ပျော်ပြေရေးစတ်တ်ခဲ့ပေါ်မှ အကြောင်းကား အနောက်ဘက်သို့ ဝင် သွားသည်။

(လေး)

ခင်မော် ထောင့်ကျကျစားပွဲမှာ နေရာယူထားရာမှ ထသည်။ အနောက် ဘက် ခက်စိမ်းခင်အတွက် နေရာချထား သော **အခန်းသို့ ခင်မော်ခင်လာသော အခါ ခက်စိမ်းခင် အတော်အစားများ** ဝဲ လှယ်နေလေပြီ။

"ဟော ... ကိုမော်ပါလား"

"ကိုမော် လုပ်မနေနဲ့ မင်းကို လာ ခေါ်တာ"

သူက ငွေရေးကြေးရေးကို ထုနှင့် ထည့်နှင့် ခက်စိမ်းခင်အတွက် အကုန် အကျခံထားနိုင်သဖြင့် အဝိုင်အနိုင် အထက်စီးမှ ပြောနေကျအတိုင်း ပြော သည်။ ခက်စိမ်းခင်က သိပ်မမှု။ မှန်တင် ခုံပေါ်မှ နွှတ်ခမ်းနီတောင့်ကိုယူပြီး နွှတ် ခမ်းကိုဆိုးကာ မှန်ကိုကြည့်ရင်း အလေး အနက်မထားဟန် တံ့ပြန်သည်။

"ဘယ်တော့လိုက်ရမှာလဲ"

"အခုပဲပေါ့ ..."

"ဘယ်ကိုလိုက်ရမှာလဲ။ လွတ် လွတ်လပ်လပ် နှစ်ယောကျ်တဲမှ ဒီက ကြိုက်တာနော်"

"ကိုယ့်အိမ်ကို သွားကြမယ်။ ကိုယ့်အိမ်ကလူတွေ တစ်ယောကျ်မှ မရှိ ကြတော့ဘူး။ ဟိုတစ်ခါလို ခရီးထွက်သွား ကြတယ်"

"ဒါဆို လူတစ်ယောကျ်၊ ကားတစ် စီးနဲ့ တိုက်တစ်လုံးပဲ ကျန်ခဲ့တယ်ပေါ့"

"အဲ့ကြောင့် လူနှစ်ယောကျ်ဖြစ် အောင် ခက်စိမ်းကို ကိုယ်လာခေါ်တာ"

"ဖုန်းဆက်လိုက်ရင် ရရဲ့သားနဲ့"

"ဖုန်းထဲကဆိုရင် မကျိုန်းသေဘူး လေ။ အမိက မလိုရင် ဓရိယာအပြင် ဘက်ကို ရောက်ရောက်နေတတ်တာ ကိုး"

ခက်စိမ်းခင်ကလည်း သူပြောသည့် အတိုင်း လုပ်လေ့ရှိတတ်သည်။ သူ့ဆီက ရနိုင်သမျှရအောင် ချူယူပြီး အရှောင် အတိမ်းတွေ မကြာမကြာလုပ်နေတတ် သည်။

"ဒီည့လည်း ကိစ္စက မပြီးသေးဘူး ကိုယ်ရေ့။ ရက်ပတ္တရောက်လာတဲ့သူ နှစ်ယောကျ်ကို ပျော်ပြေပွဲရှိသေးတယ်။ သူတို့ဆီကမှ ဒေါ်လာတွေ ထွက်လာမှာ"

"အဲဒီလောက်တော့ မင်းယောကျ်း ကိုယ်လည်း ပေးနိုင်ပါတယ်"

သူက ပြောရင်း ခက်စိမ်းခင်တ် လက်မောင်းရင်းကို ကိုင်မြှောက်ပြီး **"တစ်ခါ တည်းလိုက်ခဲ့ရမယ်" ဟူ၍ မလိုက်သည်။**

"အား .. လာ့လာ ... နာလိုက် တာ။ ကိုမော် သိပ်ရမ်းတာပဲ။ ဒါ ကိုယ့် အိမ်မဟုတ်ဘူးလေ။ သတိလေးဘာလေး ထားဦးမှပေါ့ ..."

ဟန်ဆောင်ပန်ဆောင် မိသည်းပို လေး လုပ်ပြလိုက်တ်။ ဒါကို ဟုတ်လှပြီ ထင်ပြီး ဖိုးကျိုင်းဝုတ်ဖြစ်သွားသော ခင်မော် သဘောတွေ့ ကျေနပ်သွားလေ သည်။

"ဒီလိုဆိုရင် စကားကျည်မနေနဲ့ ခုတစ်ခါတည်း လိုက်ခဲ့ရမယ်"

ခင်မော်သည် ခက်စိမ်းခင်အပေါ် ပိုင်စိုးပိုင်နင်း နိုင်လွန်းတ်။

★ ★ ★

(ငါး)

မိုးက သဲသဲမဲမဲ ရွာချေနတုန်း။ မိုး သည် ညနေကတည်းက ရွာနေသည်မှာ ရပ်နားသည်ဟု မရှိသေး။ အပြိုးကြီးကြီး နှင့် ရွာချင်တိုင်းရွာနေသည်ပုံမျိုး။

မည်သို့ပင်ဖြစ်စေ ခင်မော့်မှာ မိုးရွာနေ သည်ကို ဂရုမထားနိုင်။ ခက်စိမ်းခင် အခေါ်ခံလာ စိတ်အာရုံရောက်ရှိနေလေ သည်။

"ကိုမော် မတရားဘူး။ ကိုယ့်ဆန္ဒ တစ်ပုဒ်သည်းကိုပဲ ကြည့်တယ်။ ကိုယ့်

www.burmeseclassic.com

www.burmeseclassic.com

ထိုဘပြည့်ဖို့ပဲ ဦးစားပေးတယ်။ တစ်ဖက်သား ဘယ်လိုဖြစ်ဖြစ်၊ ဘယ်လိုနေနေ နားလည်မပေးဘူး''

ခက်စိမ်းခင် အလိုမကျ ပြောလာသော စကားတွေကို ခင်မော် လုံးဝမခံစားနိုင်ဘဲ ဖြစ်နေသည်။

''ကိုမော် ဘာလို့ ဒုံကိုဘာဝေကြီး လုပ်နေရတာလဲ။ ခက်စိမ်းပြောတာကို ကိုမော် သဘောမပေါက်သေးဘူးလား။ ဟင်း ... အင်း .. အင်း .. ဟွန်း''

''တော်တော့ ခက်စိမ်း။ မင်းပြော တဲ့စကားတွေဟာ ကိုယ့်ကို လူနှလူယဉ် ဘဝကနေ လူဆိုးလူကြမ်းကြီးတစ်ယောက် ဘဝမျိုး မရောက်ရောက်အောင် တွန်းပို့ နေတာပဲ''

သည်ရွေ့သည်မျှသာ ပြောလိုက်ရသည်။ ခင်မော်သည် မိမိ၏ အတွင်း အဖွဲ့တွင်စိတ်ကဲ့ ထိန်းချုပ်၍ မနည်းချည်း အောင့်အည်းထားလိုက်ရသည်။ ရင်တွင်း ပေါက်ကွဲနေသော ဒေါသစိတ်တွေက သည်ထက်မက ပြောပစ်လိုက်ချင်သည် က အမှန်။

အကြောင်းက ခက်စိမ်းခင် ယခု တစ်လော ဘယ်လိုအချိန်မျိုး ချိုးနေသည် ကို ခင်မော် ကောင်းကောင်းစုံစမ်းသိရှိ ထားပြီးသား။

ခက်စိမ်းခင်သည် ခင်မော်နှင့် စတင်တွေ့ခါစက ခင်မော်မှ ခင်မော် အချူးအမူးဖြစ်နေသလို ဟန်ဆောင်ပန် ဆောင် ဆွဲဆောင်ခဲ့သည်။

ထိုဆွဲဆောင်မှုကို ယုံကြည်ပြီး ခင် မော် ခက်စိမ်းခင်အတွက် တိုက်ခန်းတစ် ခန်း ယုဇနအိမ်ရာတာက်တွင် ရအောင်ရှာ ထားပေးခဲ့သည်။ ရန်ကုန်ဆင်ခြေဖုန်းတန်း လူးမှာ နေနေကြရသော ခက်စိမ်းခင်တို့ မိသားစု တိုက်ပေါ်ဓရောက်သွားသည်။ သည်နောက်မှာ ဒွေဒွေလင်ဝတ်လက်စား တစ်ဆင့်စား

ခင်မော်သည် တစ်ဦးတည်းသော သားဖြစ်နေ၍ မိဘချစ်သားသမျှ ဥစ္စာဓန တွေအားလုံး သူပိုင်အဖြစ် သုံးစွဲနိုင်ခွင့် ရှိနေသည်။ မိဘတွေကလည်း သူတို့သား ကလေး သုံးချင်ရာသုံး ဆေးသမားဘဝ က ကျွတ်လွတ်သွားလျှင် တော်ပြီ။ ခက် စိမ်းခင်နှင့် အကြောင်းရင်းရှိနေသည်ကို လည်း သိသည်။ ခက်စိမ်းခင်က ခင်မော် ၏ဘဝကို ပြုပြင်ပေးလိမ့်မည်ဟု တွေး ထားကာ အသာပင် မသိကျိုးကျန် ပြုနေ ခဲ့ကြသည်။

သို့သော် ခက်စိမ်းခင်လို အလွန် ချောမောလှပပြီး အင်မတန်ခေတ်ရှေ့ပြေး ၍ အတွေ့အကြုံများနေသော မိန်းကလေး ကို ခင်မော် အပိုင်အနိုင် ချုပ်ကိုင်၍ မနိုင်ခဲ့။

အခုပဲကြည့် ... ။ သူမသည် သောက်ဆိုင်ပိုင်ရှင်၏သားနှင့် မိမိကွယ် မှာရော ရှေ့မှောက်မှာပါ တွဲနေသ မဟုတ်ပါလား။ ဒါကို စက်ပူက သည်နှစ်ယောက်နှင့် လှည့်ပြီး ပေါက်ရှာသည်။

သည်ညမှာလည်း ခက်စိမ်းခင် လူအသစ်ဖြစ်သော စားသောက်ဆို ရှင်၏သားနှင့် တွေ့ကြဖို့အစီအစဉ်ရှိ သည်ကို သူပေးကမ်းထားသောသူ မှ သတင်းရထားသည်။

သည်လိုသတင်းရထားက ခင်မော်သည် ခက်စိမ်းခင်ကို ဂိဂိပုံမျိုးချိုးရှိ၍ အရေခေါ်ထုတ်လာခဲ့ခြင်း

* * *

(ခြောက်)

''ကိုမော် လုံးဝမတရားဘူး ဆန္ဒတစ်ခုတည်းကိုပဲ ကြည့်တယ်''

ခက်စိမ်းခင်အလိုမကျမှုတွေ ဆေးသမားခင်မော့်ကို အားမလိုအ အငေါ်တူးလျက် ပြောနေလေသည်

''တော်ပြီ ခက်စိမ်း။ ကိုယ်နဲ့ လာလို့ ခက်စိမ်းအိမ်က သိသွား ဘာမှပြောကြမှာမဟုတ်ဘူး။ ကို စိတ်ရှပ်အောင် ဂျီကျမနေနဲ့။ ကို ရှုပ်မခံချင်ဘူး။ ဒီညကို ငြိမ်းငြိမ်းချ လေး ကျော်ဖြတ်ကြပါရစေ ...

သည်တွင် ခက်စိမ်းခင်သည် သောက်နေကျ နွားနို့ချိုင့်ထဲမှ နွား ခွက်ကို သူ့အတွက်ထားသော ထဲ ငဲ့၍သောက်လိုက်သည်။ တစ်မျိုးကြီးဟု ထင်လိုက်သည် အတွင်းမှာ ရင်ခေါင်းတစ်ခုလုံး ကာ ပူလောင်လာ၏။ ခက်စိမ်းခင် နောက်ကျသွားပြီ။

အဆိပ်မိပြီး မချိမဆန့်ခံစားရင်း အမြှုပ်တွေ၊ သွေးတွေ အန်ထွက်ကာ ရုပ်ပျက်ဆင်းပျက် ဖြစ်နေသော ခက်စိမ်းခင်၏အလောင်းမှာ မိုးရေထဲ သယ်မ,လာခြင်း ကြောင့် ပိုးရေနှင့် ဆေးကြောသလို ဖြစ်သွားသည်။ ရေစိုနေသော်လည်း ကားနောက်ခန်းအပိုးတံခါးကို ပိတ်လိုက်လျှင် အလွယ်တကူ မြင်နိုင်စရာမရှိ။

www.burmeseclassic.com

www.burmeseclassic.com

"ကိုမော် ... ခက်စိမ်းကို အဆိပ်ထိုးပြီးပြေပါ့ ဟုတ်လား"

ဟု ပြောရင်း လဲကျသွားလေတော့သည်။

မိုးသည်းနေသည့်အဖြစ်မှာ ခင်မော့်အိမ်အကောင်းဆုံးသော အခြေအနေကြီးဆိုက်ရောက်သွားလေပြီ။

ထိုသို့ မိုးရွာနေမှ ခက်စိမ်းခင်၏ အလောင်းကို ဖျောက်ဖျက်ရန် အခြေအနေက ဖန်ဂီးထားသောကြောင့်ဖြစ်၏။

အိမ်မီးတွေကိုတော့ လိုအပ်သည့်အရာမှာပဲ ဖွင့်ထားသည်။ ကျန်နေရာများတွင် အမှောင်ချထားသည်။

ဒရိုင်ဘာလင်မယားလည်း ခွင့်နှင့်ပြန်နေကြသည်။ အိမ်ဖော်မကလေးသည်း ခင်မော်၏ မိခင်နှင့်အတူ မိခင်အိမ် မော်လမြိုင်ပါသွားသည်။ ခင်မော့်အိမ်က နိုင်ငံခြားရောက်နေသည်။ အိမ်တစ်ယောက်တည်းဖြစ်အောင် ဖန်တီးထားသော ခင်မော်။

မိမိက ကုန်ခန်းထားလေသမျှ မိမိအပေါ် လုံးဝဂရုမစိုက်သော ချစ်သူအောင်ဆောင် ပိုင်းလုံးမ ဆန်သော ခက်စိမ်းခင်အား လက်စဖြတ်ရန် စိတ်ကူးအတွက်ချ အကောင်အထည်ဖော်လိုက်နိုင်ပင်တည်း။

* * *

(ခုနစ်)

ခင်မော် ခက်စိမ်းခင်၏အလောင်းကို ခက်ခက်ခဲခဲပင် တစ်ယောက်တည်း ကာ အမှောင်ကြားကနေ အိမ်အပြင်သို့ သယ်ထုတ်သည်။ မိုးတွေကလည်း သဲသဲမဲမဲ ရွာချနေတုန်း ဖြစ်၏။

နဂိုကတည်းက အလောင်းကို ကားထဲအသွင်းမှာ ဘယ်လိုသော အကြောင်းနှင့်မှ မမြင်စေရန် ကားကို အိမ်ရှေ့ဆင်ဝင်အောက် ကားရပ်နေကျနေရာမှာ ရပ်မထားဘဲ တိုက်အိမ်ကြီးဘေးက ကားဂိဒေါင်ရှေ့မှာ ရပ်ထား၍ မိုးရေထဲမှာ ခက်စိမ်းခင်၏အလောင်းအား မနိုင့်တနိုင် မခဲရသဖြင့် အလောင်းကော သူပါ ရေရွှဲရွှဲစိုခဲ့သည်။

ဆေးသမားဖြစ်သော ခင်မော် ဆေးဒဏ်ကြောင့် မောနေသေးသည်။ အမောအပန်းဖြေရင်း ကားနောက်ခန်းမှာ ထည့်ထားပြီးဖြစ်သော ခက်စိမ်းခင်၏ အလောင်းကို ခပ်မှိန်မှန်အလင်းရောင်နှင့် လှမ်းကြည့်သည်။

အဆိပ်မိပြီး မချိမဆန့်ခံစားရင်း အမြှုပ်တွေ့၊ သွေးတွေ အန်ထွက်ကာ ရုပ်ပျက်ဆင်းပျက် ဖြစ်နေသော ခက်စိမ်းခင်၏ အလောင်းမှာ မိုးရေထဲ သယ်မ,လာခြင်းကြောင့် မိုးရေနှင့် ဆေးကြောသလို ဖြစ်သွားသည်။ ဇရုပ်နေသော်လည်း ကားနောက်ခန်းအပုံးတံခါးကို ပိတ်လိုက်လျှင် အလွယ်တကူ မြင်နိုင်စရာမရှိ။

သို့ဖြင့် ခက်စိမ်းခင်၏ အလောင်းကောင်သည် အဆိပ်မိပြီး အသတ်ခံထားရဟန်မတူ။ ခရီးသွားရင်း အိပ်ပျော်နေသည့် ပုံစံမျိုး။

အရေးကြီးတာက ထိုအလောင်းကို ခင်မော် သူ့တိုက်ရိပ်အဝန်းအဝိုင်းမှ အပြင်သို့ထုတ်၍ စွန့်ပစ်ဖို့။ ဒါကိုလည်း သူအကွက်ချစီစဉ်ပြီးသား။

သူတို့တိုက်ခန်းနှင့် ခပ်လှမ်းလှမ်းတွင် ငပိုးရိပ်ချောင်းကြီးရှိသည်။ ထိုချောင်းကြီးပေါ်ရှိ တံတားတစ်ခုပေါ်မှ ပစ်ချပြီး ကားကို မောင်းပြေးရုံသာ။ ခုလို လေရော၊ မိုးရော သဲသဲမဲမဲ ရွာနေသည့် အချိန်မှာ ဘယ်သူမျှ သိလိမ့်မည်မဟုတ်။ သတိထားလိုက်နိုင်မည်မဟုတ်။

"ကဲ ... ဘာတတ်နိုင်သေးလဲ ခက်စိမ်းခင်။ နင့်အလှတွေနဲ့ မာန်တက်ချင်လို့ကော ရည်းမှာတဲ့လား။ ဟင်း ... ဟင်း .. နင့်ရဲ့နောက်အကောင်ကတော့ နင့်အကြောင်းမသိသေးလို့ သိပ်နမြောနေလိမ့်မယ်။ ငါကတော့ ဝေးသေး။ နင်မရှိတဲ့နောက် ငါဝယ်ပေးထားတဲ့ တိုက်ခန်းကို နင့်နာမည်၊ ငါ့နာမည်နဲ့ နှစ်ဦးစပ်ဆိုတော့ အပိုင်ပြန်သိမ်းပြီး နင့်အမေ အဖေတွေကို နှင်ချလိုက်ရုံပဲ ... ။

"ကဲ ... မိခက်စိမ်းခင်၊ နောက်ဆုံး နှုတ်ဆက်ခြင်းအနေနဲ့ ဘိုင့်ဘိုင် .."

ခင်မော် ပြောပြောဆိုဆို ကားနောက်ခန်းအပုံးကို ပိတ်ပစ်လိုက်သည်။ သူက အသံမကြားအောင် ဖြည်းဖြည်း ပိတ်လိုက်သော်လည်း ...

"ဝုန်း ..."

"ကျိန်း ..."

အသံကြီးက သူ့နားထဲကို ပွင့်ထွက်ပေါက်ကွဲ တိုးဝင်လာသည်။

"အား ... အမယ်လေး"

ဆေးသမားသတ္တိက ဒါပဲဖြစ်၏။ မိုးသည်းလေထန်ညမှာ မိုးချုန်းပြီး မိုးကြိုးပစ်တာတောင် အလွန်အမင်း ထိတ်လန့်တုန်လှုပ်သွား၏။ ဖြစ်ရမည်လေ။ သူက မဟုတ်မဟတ် မမှန်မကန် တစ်ခုခုကို ကျူးလွန်ထားသူမဟုတ်လား။

ခင်မော် စိတ်ကို ပြန်တင်းလိုက်သည်။ သတ္တိမွေးရန်အတွက် ရဲဆေးတော့ တင်ဦးမှ ဖြစ်မည်။ ရဲဆေးက သူ့အိမ်ခန်းထဲမှာရှိသော ကော်နိုလမ်းလျှောက်ဝိစကီ။

ဝိစကီတစ်ပက်၊ နှစ်ပက်သောက်၊ အဝတ်အစားပြန်လဲပြီးမှ ခက်စိမ်းခင် အလောင်းထည့်ထားသည့် သူ့ကားကို ခြံပြင်သို့ မောင်းထွက်ကာ ငပိုးရိပ်ချောင်းဘက် ဆက်သွားမည်။

ခင်မော် ကားပေါ်တက်ပြီး ထိုနေရာမှ အိမ်ရှေ့ ကားဆင်ဝင်အောက်သို့ မောင်းယူလာခဲ့သည်။ ဒါမှ သူအိမ်ထဲဝင်ပြီး ပြန်ထွက်အလာ မိုးမရိုဘဲ ကားကို အဆင်သင့် မောင်းထွက်လာနိုင်သော

www.burmeseclassic.com

www.burmeseclassic.com

ကို ဆင်ဝင်အောက်တွင် ရပ်ထားလိုက်သည်။ ဆင်ဝင်ဆောင်မီးကို ခစကတည်းက ထွန်းမထားသဖြင့် အလင်းရောင် မစို့မပို့နှင့် ဆပ်မောင်မောင်အနေအထား။

ကားပေါ်မှ ဆင်းပြီး တိုက်အတွင်း ပြန်ဝင်သည်။ မကြာခင် ဖြန်ထွက်လာပြန်ဖြစ်၍ တိုက်တံခါးကို ပြန်ပိတ်မနေတော့။ မိမိဘာဆက်လုပ်ရမည်ကို သိနေပေမဲ့ ဝီစကီလေး တစ်ပက်, နှစ်ပက် သောက်ရင်း ခြေသွက်လက်သွက်ဖြစ်အောင် အရှိန်တင်ရမည်။

တိုက်အတွင်းသို့ရောက်လျှင် မိမိအိမ်ခန်းအတွင်းသို့ဝင်ကာ ခြောက်သွေ့သော ဝတ်စုံနှင့်လဲ၍ မိုးကာအင်္ကျီ ထပ်ဝတ်သည်။ ပြီးတော့ ဝီစကီပုလင်းကိုယူပြီး တစ်ပက်ချင်းသောက်သည်။ သောက်ရင်းက သူ့၏လုပ်ဆောင်ချက်များကို ပြန်လည်တွက်ဆနေမိသည်။

ခက်စိမ်းခင်းသည် အဆိပ်သောက်ပြီး သေသည့်ပုံစံမျိုး။ ဒါမှမဟုတ် မသေသေအောင် အဆိပ်သောက်ပြီး ငမိုးရိပ်ချောင်းထဲ ခုန်ချအဆုံးစီရင်သွားခြင်းမျိုး။

အခင်းဖြစ်ပွားချိန်မှာ သူနှင့်ပတ်သက်၍ မရတော့။ သူ့ကို မဥပဒ်နှိုင်တော့။ သူပဲခူးကိုရောက်နေသည်။ မယုံလျှင် ယာဉ်ထိန်းဒုရဲအုပ်စောဝင်းကို မေးကြည့်။ ပဲခူးသွားမည့် သူ့ကားကိုပင် လိုင်စင်ဖမ်း၍ သိမ်းထားခဲ့လေပြီ။

လာမည့် အင်္ဂါနေ့ကျလျှင် မော်တော်ယာဉ်ရုံးမှာ ထိုအမှုအတွက် အမှုရင်ဆိုင် အဆုံးအဖြတ်ခံ ဒဏ်ငွေပေးဆောင်ရန် သက်သေခံချလံပင် အဆင်သင့်။

ကဲ ... မပိုင်လား။ သူ့ထက်ပိုင်တာတောင် သူ့လောက်ပိုင်တာမျိုးမရှိ။ မရှိ။ လုံးဝမရှိပြီ ...။

★ ★ ★

(ရှစ်)

မိုးက စဲလိုက်၊ သည်းလိုက်နှင့် တိတ်သည်ဟူ၍ မရှိ။ မိုးထဲလေထဲမှာ ခင်မော်တို့အိမ် ခြံစည်းရိုးတံတိုင်းအနီးကို လူတစ်ယောက် ပြေးဝင်ချဉ်းကပ်လာသည်။

အနက်ရောင်လူ ...။ တစ်ကိုယ်လုံးလုံအောင် မိုးကာအနက်၊ ဦးထုပ်အနက်၊ သားရေဖိနပ်အနက်။

ခြံစည်းရိုး အုတ်တံတိုင်းအပြင်ဘက်၌ ဝိတောက်ပင်များ အစီအရီစိုက်ထား၍ ခြံစည်းရိုးအုတ်တံတိုင်းမှာ အမောင်ကျလျက်ရှိသဖြင့် ထိုသူ ခြံထဲသို့ဝင်ရန် အခွင့်ကောင်းဖြစ်နေ၏။

အုတ်တံတိုင်းပေါ် အလွယ်တကူ ကျော်တက်၍ မရစေရန် မှန်စ၊ ပုလင်းကွဲစများ မြှုပ်စီထားသော်လည်း အနက်ရောင်လူတွင် ပါလာသော တစ်ပေခွဲခန့် ရှိသော ကဏန်းလက်မနှင့် ပိုးချွန်းသံအားပြုပြီး ရိုက်ချပစ်လိုက်ရာ လူတစ်ကိုယ်စာ ခေါင်းတုံးတုံးသလို ဖြစ်သွား၏။ ပြီးမှ ပို၍သေချာစေရန် အုတ်တံတိုင်းထိပ်မှာ ပတ္တူစအပိုင်းလေးခင်းပြီး အုတ်တံတိုင်းပေါ်တက်၍ ခြံထဲကျော်ဝင်သွား၏။

ထိုအနက်ရောင်လူကား ဖောက်ထွင်းဝိဇ္ဇာ မိုက်ခဲကျော်ကြီး ဖြစ်သည်။ မိုက်ခဲကျော်ကြီးသည် ဖောက်ထွင်းဝိဇ္ဇာ အလုပ်ကိုသာမက အခြား ဒုစရိုက်အလုပ်မျိုးစုံ ကြိုးသလိုလုပ်သူဖြစ်၏။ အခွင့်အခါကောင်းကို စောင့်ပြီး အမျိုးမျိုးလုပ်နိုင်အောင် ဒုစရိုက်အဌာရသာ ကြွယ်ဝကာ စောရပဏ္ဍိတ်တစ်ယောက် ဖြစ်၏။

သူအကျွမ်းကျင်ဆုံး အနှစ်သက်ဆုံး အလုပ်မှာ ဖောက်ထွင်းခိုးယူသော စောရအလုပ်ဖြစ်၏။ ထိုအလုပ်က 'တစ်ကိုယ်တော်လုပ်ရသည်။ အဖော်မလို။ ဝေစုခွဲမပေးရ။ အဲ ... လက်ထောက်ချသူရှိလျှင် နည်းနည်းပါးပါး ခွဲဝေပေးရုံ။

ယခု သည်တိုက်ကို မိုက်ခဲကျော်ကြီး ဖောက်ထွင်းဖို့ အုတ်တံတိုင်းကျော်တက်လာနိုင်သည်မှာ သည်တိုက်အခြေအနေကို ကြိုတင်သိနေသောကြောင့် ဖြစ်၏။

လွန်ခဲ့သော တစ်ရက်, နှစ်ရက်က မင်းအောင်နှင့်သူ စားသောက်ဆိုင်တစ်ဆိုင်တွင် ပြန်ဆုံကြသည်။ မင်းအောင်နှင့် သူသိသည်မှာ မိုက်ခဲကျော်ကြီး လုပ်ကားတစ်စီးတွင် ဒရိုင်ဘာလုပ်နေစဉ်ကဖြစ်သည်။ ထိုစဉ်က မင်းအောင်သည် ကားမောင်းတတ်သေး။ မိုက်ခဲကျော်ကြီး၏ ကားစပယ်ယာဖြစ်၏။ ကျော်ကြီးက ကားမောင်းသင်ပေး၍ ကောင်းမောင်းတတ်ကာ လိုင်းကားမှ ပြစ်မှုတစ်ခုဖြင့် ထောင်အတူကျသွားခဲ့ကြသည်။

ထောင်မှပြန်လွှတ်လာတော့ မင်းအောင်က ဒရိုင်ဘာပြန်လုပ်သည်။ ကျော်ကြီးကလည်း အငှားကားဟန်ပြမောင်းကာ သူကျွမ်းသောအလုပ်ကို အခွင့်သင့်လျှင် သင့်သလိုလုပ်တော့သည်။

ခုတော့ သူ့တပည့်မင်းအောင်ခင်မော်တို့တိုက်မှာ ကားမောင်းနေသည်။ မိန်းမကိုရော ကလေးကိုပါ ရွာပြန်ပို့ထားသည်မှာ ကြာပြီ။ ခင်မော်တို့တိုက် နောက်ဦးမှာ ခြံအလုပ်သမားတွေအတွက် တန်းလျားဆောင်ဆောက်ပေးထားသည်။

ခင်မော့်အဖေ ကုမ္ပဏီကိစ္စတစ်ခုဖြင့် နိုင်ငံခြားသွားနေခိုက်၊ ခင်မော့်အမေ သူ့ဓာတိုရယ်မြေ မော်လမြိုင်သို့ သွားနေခိုက် ကားမောင်းပို့စရာ အလုပ်လည်း မရှိတော့။ သူ့မိန်းမပို့ထားရာ ရွာသို့ ခဏပြန်မည်ဟု မိုက်ခဲကျော်ကြီးအား ပြောရာက တိုက်အခြေအနေ လက်ထောက်သလို ဖြစ်သွားခြင်းဖြစ်၏။

"တစ်တိုက်လုံးမှာ ဆေးသမား ဘို့သားတစ်ယောက်ပဲ ကျန်တယ်။ ကောင်ကလည်း သူတစ်ယောက်ပဲ ကျ

www.burmeseclassic.com

www.burmeseclassic.com

အောင် အားလုံး၊ ပထုတ်သလို လုပ်နေ

မိုက်ခဲကျော်ကြီး ခုတလော အကွက်
မမိသဖြင့် ဖောက်ထွင်းဝိဇ္ဇာသုံးခြင်း
မလုပ်သည်မှာ ကြာပြီ၊ မင်းအောင်
ကား သူ့ကို သွေးဆွဲပေးသလို။

ခုတော့ ထိုအလုပ်ကိုလုပ်ရန် အခါ
ကြုံလာပြီ မဟုတ်လား။ သည်လို
အခြေအလမ်းမျိုးကို မိုက်ခဲကျော်ကြီး
တယ်တုန်းကမှ အလွတ်ပေးခဲ့ဖူးသည်ဟူ

မိုးနှင့်လေကပါ မိုက်ခဲကျော်ကြီးကို
အညီပေးနေပါပကော။ ရာသီဥတု
တိုယ်ဘက်ခပ်ပါပါ ဆိုတာမျိုး။ မိုက်ခဲ
ကျော်ကြီး အုတ်တံတိုင်းပေါ်မှ ခုန်ချလျှင်
ပန်းချီမှောင်ရိပ်မှာ ပြေးကပ်သည်။
တိုက်ကြီးမှာ လင်းတစ်ဝက် မှောင်
ခြင်း ဖြစ်နေ၏။ တချို့နေရာမှာ
တော်း တချို့နေရာမှာ အမှောင်။ မိုက်ခဲ
ကျော်ကြီး အထူးစီမံ စံတင်ထားသော
အောက်ဂျီအတွင်းအိင်္ဂါထဲမှာ ဖောက်
ခွဲရာတွင် အသုံးပြုရန် ပေါ့ပေါ်ပါးပါး
ခဲ့ သီးတွင်သော လက်နက်ကိရိယာအစုံ
ထားသည်။ ထိုကဲ့သို့သရ လက်နက်
ကိရိယာအိတ်ကို လက်နှစ်ဖက်ဖြင့် သပ်ပိ
ပိုက်သေးသည်။

ပြတင်းပေါက်ကပဲ ဖောက်ဝင်ရ
ထား နောက်ဖေးတံခါးကပဲ ဖောက်ဝင်
လား။ အပေါ် တရုတ်ကပ်ကြားကပဲ
ဖောက်ဝင်ရမလားဟု အကဲခတ်လေ့လာနေ
ခဲ့ အိမ်ရှေ့အိမ်မကြီးတံခါး ခပ်ဟဟပွင့်
ပြီး ကားတစ်စီး အဆင်သင့်ရပ်ထား
သည်ကို မီးရောင်မမှိမပျိုကြားက တွေ့မြင်
ခဲ့ပြန်သည်။

လူရိပ်လူခြည်ကို အကဲခတ်ရင်း
မိုက်ခဲကျော်ကြီး သူခိုးတွက် အပြေး
လွှားတွက်ရတော့သည်။ သူ့အလုပ်က
အခြေအနေကိုတွက်ဆပြီး အပြန်အကောင်
အထည်ဖော်ရမည့်အလုပ်။ ဒါမှ အချိန်
နှင့် တစ်ပြေးညီ လုပ်ဆောင်ရမည်ဟူ
သော ခေတ်ပေါ်စကားအတိုင်းဖြစ်သည်။

မိုက်ခဲကျော်ကြီး ချုံမှောင်ရိပ်မှ
တိုက်ကြီး၏ မှောင်ရိပ်ကို ပြေးကပ်သည်။
တိုက်ကြီး၏အမှောင်ရိပ်မှ ပေါ်တီကို
အောက် အလင်းတစ်ပိုင်း။ အမှောင်တစ်
ဝက် ရပ်ထားသော ကားဘေးမှ တိုက်
တံခါးဝအမှောင်ရိပ်မှာ ကပ်လိုက်သည်။
တိုက်တံခါးဝ ခပ်ဟဟဖွင့်လျက်သားရှိ
သည်ကိုတွေ့ပြီး တွေးမရနိုင်အောင် ဖြစ်
သွား၏။ သူ့စိတ်ထဲမှ ချီတုံချတုံအတွေး
က ဝင်လာပြန်၏။

"ဘယ်လိုလဲတော့ မသိဘူး ... ။
ဒီတိုက်မှာ ခင်မော်ဆိုတဲ့ လူငယ်တစ်
ယောက်ပဲ ရှိတယ်လို့ပြောတယ်။ ဒီကောင်
လေးကလည်း ဆေးသမား။ အရက်
သမားပြောတယ်။ ဒါပေမဲ့ သတိတော့
ထားရလိမ့်မယ်"

အတွေးကနောက် လူက ဝင်ရန်
အဆင်သင့်ဖြစ်နေသော တိုက်အတွင်းသို့
ရောက်သွား၏။ ပြီးတော့ လျင်မြန်ဖျတ်
လတ်စွာ အပေါ်ထပ်သို့ တက်လာခဲ့
သည်။

သည်လိုတိုက်အတွင်း သူ့တပည့်
မင်းအောင်ကြောင့် ဖွဲ့စည်းပုံနှင့် ထားသို
ပုံအားလုံးကို မိုက်ခဲကျော်ကြီး သိအောင်
ကြိုးစားပြီးသား။

တိုက်ကြီးတစ်တိုက်လုံး လုံခြုံလှ
သဖြင့် အပြင်မှ မီးသံလေသံမှအပ တခြား
ဘာသံညာသံကိုမျှ မကြားရအောင် ရှိနေ
သည်။

လူလူသူသူ တစ်စုံတစ်ယောက်မျှ
ရှိမနေသလိုလို ... ။

* * *

(ကိုး)

အမှန်ကတော့ ဤတိုက်ကြီးအတွင်း
တွင် အချိန်တစ်ချိန်တည်း လူနှစ်ဦး ကိုယ့်
အလုပ်နှင့်ကိုယ်၊ ကိုယ့်ဇောနှင့်ကိုယ် လှုပ်
ရှားနေကြခြင်း ဖြစ်သည်။

ခင်မော် မမြင်ကွယ်ရာမှ မိုက်ခဲ
ကျော်ကြီး တိုက်အပေါ်ထပ်ရောက်သွားခဲ့
ခြင်းပင်။ လျင်မြန်သွက်လက်သော မိုက်ခဲ
ကျော်ကြီး ယခုတော့ မီးခံသေတ္တာကို ရှာ
နိုင်ပြီ။

သူ့ကျွမ်းကျင်မှုနှင့် အိမ်ရှင်သားဖြစ်
သူ ဆေးသမားခင်မော်ပဘာင် မဖွင့်နိုင်
သော မီးခံသေတ္တာသော့ကိုပင် ဖွင့်နိုင်ခဲ့ပြီ။

အဖိုးတန် လက်ဝတ်ရတနာပစ္စည်း
တွေ ခန့်မှန်းထားသည်ထက် များစွာရရှိ
လိုက်သလို ငွေသားအချို့ပင် ရလိုက်
သေးသည်။

ဒီပုံအတိုင်းဆိုလျှင်တော့ သူ့အတွက်
သည်တစ်သက် စားလို့မကုန်။ တစ်ချို့
တည်းနှင့် မိလျှံနာသူဌေးကြီးဖြစ်ပြီ။ ငွေ
သားနှင့် စိန်ရွှေရတနာတို့ကို မိမိအသင့်
ယူဆောင်လာသော ကျောပိုးအိတ်ထဲ
ထိုးသိပ်ထည့်ပြီး ကျောမှာ ပိုးလွယ်သည်။

လက်အိတ်စွပ်ထားသော်လည်း
ခြေရာလက်ရာ မတော်တဆမကျန်စေရန်
ဖျက်ချပြန်သည်။ မီးခံသေတ္တာကို မူလ
အနေအထားမျက် ပြန်၍ နဂိုအနေ
အတိုင်း ပိတ်ထားခဲ့သည်။ ထိုအခန်းထဲမှ
ထွက်၍ အခန်းတံခါးကို မူလအတိုင်း ပြန်
ပိတ်နေစဉ် ...

"ဟေ့ ... ဟေ့ကောင် ... မင်း
... မင်း ဘယ်ကလဲ"

သူ့နားထဲ မိုးခြိမ်းသံကြီးလို မမျှော်
လင့်ဘဲ လူသံကြားလိုက်ရပြီ။ ဖြစ်ချင်
တော့ မိုးရေခဲကျကောင်အကျိုတ်ပြီး သူ့
အခန်းမှပြန်ထွက်လာသော အိမ်ရှင်
ခင်မော်နှင့် အပေါ်ထပ်လှေကားအနီးမှာ
ပက်ဝင်းတိုးခဲ့ခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

ရုတ်တရက်အနေအထားက တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ကြောင်အမ်းအမ်း ဖြစ်သွားကြသည်။ အမှန်တော့ နှစ်ဦးစလုံး မိမိတို့ ကျူးလွန်ထားသော ဒုစရိုက်အမှုကိစ္စများဖြင့် မိမိတို့ကိုယ်ကို လိပ်ပြာမသန့်ဖြစ်ကာ ကြောက်လန့်နေကြခြင်းဖြစ်၏။

သို့သော် ပွဲတိုးပူးသော မိုက်ခဲကျော်ကြီးက ဟန်မပျက်လှုပ်ရှားဖို့ စတင်သည်။ ခပ်တည်တည်ဖိန့်၍ ပြေးပေါက်ရှာသည်။

"မင်းကကော ဘယ်သူလဲ"

သည်မှာ ခင်မော်က မိုက်ခဲကျော်ကြီး၏ နောက်မှာပိုးထားသော ကျောပိုးအိတ်ကိုမြင်သွားကာ သူခိုးမှန်းသိသွား၏။

"မင်း ... မင်း ... သူခိုး သူခိုးပဲ"

ဟု ပြောကာ ခုန်အုပ်လိုက်သည်။

မိုက်ခဲကျော်ကြီး မိမိထံခုန်အုပ်လာသော ခင်မော်၏ တိုက်ကွက်မှ လွတ်ထွက်စေရန် ခန္ဓာကိုယ်ကို ယို့ရှောင်ပေးလိုက်သည်။ ခုအချိန်မျိုးမှာ ခုခံတိုက်ခိုက်ရန်ထက် ထွက်ပြေးတိမ်းရှောင်နိုင်ရန် ပိုအရေးကြီးသည်။

သို့သော် ခင်မော်က အလွတ်မပေးနိုင်။ အရက်ရှိန်နှင့် ပို၍သွက်နေ၏။ ရဲလည်းရဲနေ၏။ အနေအထားပျက်သွားသော မိုက်ခဲကျော်ကြီးအား ပင်လုံးပြီး အတင်းလှဲချသည်။

သူလည်း ခေတ်လူငယ်တစ်ဦးပီပီ အတိုက်အခိုက် သင်တန်းတက်ဖူးထား၍ အသက်အပုတ်ခေသူမဟုတ်။ ကျွမ်းကျင်စွာ မိုက်ခဲကျော်ကြီးအား လဲသိပ်ပြီး ခန္ဓာကိုယ်ပေါ်မှ တက်ခွဖိထားလိုက်နိုင်သည်။

"ဒုန်း ..."

"ဝုန်း ..."

"ခွမ်း ..."

လှေကားထိပ်မှ အလှပန်းဘိုးတွေ လူနှစ်ယောက်သတ်ပုတ်မှုကြောင့် ဝင်တိုက်မိပြီး ကြမ်းပြင်ပေါ် ကျကွဲကုန်သည်။

မိုက်ခဲကျော်ကြီးက ဆေးသမားပဲဟု ခင်မော်ကို အထင်သေး၍ လက်နက်ကို အဆင်သင့်ထုတ်မထားမိသော်လည်း လူဆိုးလူမိုက်တစ်ဦးပီပီ ဒီလိုပွဲမျိုးတွေ နဲ့ နေကျဖို့ လက်ရည်တူပြိုင်လည်းတိုက်ခိုက်နိုင်၍ သူတစ်ပြန်ကိုယ်တစ်ပြန် ဖြစ်နေစဉ် ဆေးသမားခင်မော် သက်လုံကျကာ အမောဖောက်လာသည်။

သည်တစ်ကြိမ် မိုက်ခဲကျော်ကြီး၏ ခန္ဓာကိုယ် လှေကားထိပ် ကျောပေးအနေအထားရောက်အောင် အကွက်ဆင်ပြီး လှေကားကို နောက်ကျောခိုင်းအနေအထားဖြစ်သွားသော ခင်မော်အား ပစ်ကန်ချလိုက်သည်။

"ဖြန်း ..."

"ဗုန်း ..."

"ဝုန်း ... ဝုန်း ... ဝုန်း"

"အ ... အား"

"ဒုန်း ... အုန်း"

"အွတ် ..."

ခြေနှင့်ခတ်၍ အကန်ခံလိုက်ရသောအသံ၊ လှေကားထိပ်မှ အောက်သို့ တလိမ့်ခေါက်ကွေး လိမ့်ကျသွားသော အသံများ ဆူညံဆက်တိုက်ကြဲ ပေါ်ထွက်လာကာ ခင်မော်၏ခန္ဓာကိုယ်ကြီး လှေကားရင်းကြမ်းပြင်ပေါ်ရောက်မှ အကျရပ်ကာ 'အွတ်'ခနဲ အသံမြည်၍ အသက်ပျောက်သွားလေတော့သည်။

★ ★ ★

(တစ်ဆယ်)

မိုက်ခဲကျော်ကြီး ခင်ဗျော် သေမသေဆိုတာကောင် ကြည့်မနေအား တော့။ အိမ်ပေါက်ဝသို့ရောက်အောင်သာ ခင်မော်၏အလောင်းကြီးပေါ်မှ ခုန်ကူးဖြတ်ကျော် ပြေးထွက်လာမိတော့သည်။

အပြင်တွင် မိုးနှင့်လေသည် 'ထပ်ကြော့၍ သဲသဲမဲမဲ ရွာချလာပြန်၏။

မိုက်ခဲကျော်ကြီးသည် ကားမောင်းကျွမ်းကျင်သည့်အလျောက် ကားကို စောကားတည်းက စိတ်ဝင်စားသူဖြစ်ခဲ့ခုလို အခြေအနေမျိုးမှာ သည်အတိုင်း ခြေလျင်ပြေးသည်ထက် ကားနှင့်ထွက်ပြေးမှ ပို၍ခရီးရောက်နိုင်မည်၊ သည်ရာသည် သည်စက်ကွင်းက အမြန်လွတ်နိုင်မည်။

မိုက်ခဲကျော်ကြီး ကားမောင်းနေရာကို ကြည့်လိုက်သည်။ ကားသော့တန်းလန်းနှင့် ရှိသေးသည်။ အဆင်သင့်မောင်းပြေးရုံ။

ဘာကိုမှ ဆက်မတွေးတော့။ ကားပေါ်အမြန်တက်သည်။ ကားစက်နှိုးကားကို ဝေါခနဲ မောင်းထွက်၏။

သို့သော် မိုက်ခဲကျော်ကြီး ကားခြံအပြင်သို့ မောင်းမထွက်နိုင်တော့။ ရှေ့မှာ ခြံထဲမောင်းဝင်လာသော ရဲကားတစ်စီး။

စောစောပိုင်းကသဲ အိမ်ထဲက တိုးသံခိုက်သံများကြောင့် သက်သာမကင်းနေသော ခြံနီးချင်းတစ်ဦး၏ ဖုန်းသတင်းပေးမှုကြောင့် ရဲကားတစ်စီး ရောက်ရှိလာခြင်းပင်။

ကြမ္မာငင်သည့် သည်ဝဋ်ကြွေး ကို မလွတ်နိုင်ပြီ။

ကြမ္မာငင်သည်က ဆေးသမား ခင်မော်လား ...။

သူ့ချစ်သူ အချောအလှ ဖုံမသေး ခက်စိမ်းခင်လား ...။

ဖောက်ထွင်းဝိဇ္ဇာ ဒုစရိုက်သမား မိုက်ခဲကျော်ကြီးလား ...။

ပြေးမလွတ်သော ဝဋ်ကြွေးကြီးတော့ ဆပ်ကြရမည်ပင်။

ကျော်မင်း

www.burmeseclassic.com

www.burmeseclassic.com

နိုက်ကလပ်ပျော်ရွှင်ပွဲမှ မြင်ကွင်းမလှ အနီဌာရုံဖြစ်ရပ်

ဘရာဇီးနိုင်ငံ၊ စင်တာမာရီယာမြို့ဆောင်ပိုင်းရှိ နိုက်ကလပ်တပွဲရုံ၌ ပျော်ပွဲစီစဉ်ဆင်နွှဲနေစဉ် မီးလောင်မှုဖြစ်ပွားသဖြင့် သူ ၂၃၀ ကျော် သေဆုံးပြီး ၁၀၀ ကျော် ဒဏ်ရာရခဲ့သည်။ အများအားဖြင့် ကျောင်းသူကျောင်းသားများဖြစ်ကြောင်း သိရသည်။ မီးခိုးလုံးမှားအကြား မွန်းကျပ်ကာ သက်ဝှေ့ဖို ခက်ခဲခြင်းနှင့် ပြေးလွှားကြစဉ်း အချင်းချင်းနင်းမိကာ ထိခိုက်သဖြင့် သေဆုံးဒဏ်ရာရသူ များပြားခဲ့ရပေသည်။

တာဝန်ရှိသူတစ်ဦး အပြောအရ ၂၃၃ ဦး သေဆုံးပြီး ၁၁၆ ဦး ဒဏ်ရာရခဲ့ကြောင်း။ မီးသတ်ဌာန၏ အပြောအရ မီးလောင်သဖြင့် ကြောက်လန့်တကြား စုပြုံထွက်ပြေးရင်း အချင်းချင်းနင်းခြေမိကာ ဒဏ်ရာရသေဆုံးရသည်အထိ ဖြစ်ရကြောင်း တွေ့ရသည်။ ဒဏ်ရာရသူများကို ဆေးရုံတင်ပို့ကာ အသက်ရှင်ခွင့်ရရှိအောင် ကြိုးစားဆဲ ဖြစ်သည်။ မိသားစုဝင်ဆွေမျိုးများ ဝမ်းနည်းကြေကွဲရပေသည်။

ဖြစ်ရပ်မှာ တီးဝိုင်းအဖွဲ့ဝင်တစ်ဦးက မီးရှူးမီးပန်း ပစ်လွှတ်ရာမှ မျက်နှာကြက်ကိုထိကာ လောင်ကျွမ်းမှု ပုံ့နှံ့ခဲ့ရသည်ဆို၏။ အသက်ရှင်ခွင့်ရသူတစ်ဦးကမူ အစောင့်များသည် စားသောက်ခဲ့သူများ ငွေမချေသေးသဖြင့် တံခါးကို မဖွင့်ပေးဘဲ ရှိကြသဖြင့် ထွက်ပေါက်မရှိဖြစ်ကာ သေဆုံးကြရသည်ဟု ဆို၏။

ကမ္ဘာဖလားဘောလုံးပွဲ ဘရာဇီးနိုင်ငံ၌ ကျင်းပရန် ရက် ၅၀၀ အလိုတွင် ဖြစ်ပွားခဲ့ရာ စိတ်မသက်မသာစရာ ဖြစ်ရသည်။ ဤကာလအတွင်း ကျင်းပမည့် နိုင်ငံတော်၏ အစီအစဉ်အချို့ကို ဖျက်သိမ်းခဲ့ရသည်။ မီးလောင်မှုကိစ္စကို တာဝန်ရှိသူများ စစ်ဆေးဆဲဖြစ်သည်။ ဆက်လက်စီစစ်အလေးထားစရာများ ရှိနေပြီး မည္သမလှ အနီဌာရုံဖြစ်ပွားရသည့် ပျော်ပွဲရှင်ပွဲမှ ကူးစက်မှုဖြစ်သည်။

မောင်ကောင်းယဉ်

Ref: T.S.T. 29.1.13

ဆိုင်းနိုင်ငံက သိုလှောင်ရုံမီးလောင်မှု

ထိုင်းနိုင်ငံ၊ ကလန်လွန်း ခရိုင်၊ ဇန်သွန်သာနီမြို့ရှိ ပလက်စတစ်နှင့် အပြားပြားများထုတ်လုပ်သည့် လုပ်ငန်းဆိုင်ရာသိုလှောင်ရုံ မီးလောင်ခဲ့သည်။ ကပ်လျက်သားရှိနေသည့် အုန်ပင္လည်းသိုလှောင်ရုံနှစ်ခု မီးလောင်ရာ မီးသတ်သမားများ ခက်ခက်ခဲခဲငြိမ်းသတ်ကြရသည်။

ရဲတပ်ဖွဲ့၏အပြောအရ လျှပ်စစ်ဓာတ်အား ချွတ်ယွင်းမှုကြောင့် ဖြစ်ပြီး၊ တန်ဖိုးဘတ်ငွေ သန်း ၂၀ ခန့် ဆုံးရှုံးခဲ့ရကြောင်း ဖြစ်ပွားသည့် ဆိုင်းအစများကို တွေ့ရပေသည်။



မောင်ကောင်းယဉ်

Ref: B.P. 8.3.13

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မဘဝ

အခန်း (၆)

www.burmeseclassic.com

www.burmeseclassic.com

သူတောင်းသည့်ငွေကို ချယ်ရီက အလွယ်တကူ ထုတ်ပေးသော်လည်း မျက်နှာပြင်ပေါ်မှာ မကြည်မသာ အရိပ်ကလေး ဟပ်သွားသည်ကို သတိပြုမိသည်။

မနေ့က သုံးရာ။ ဒီနေ့ နှစ်ရာငါးဆယ်။

အစပဲ ရှိသေးသည်။

အားလုံး ထမင်းစားပြီးပြီ။

သူအတွက် ချယ်ရီက ခူးခပ်ပေးသည်။

ရေချိုးဘာချိုးနှင့် ရှစ်နာရီထိုးခါနီးမှာ ထမင်းစားပွဲမှာ ထိုင်ဖြစ်သည်။

ပုံမှန်စားနေကျ တစ်ဝက်လောက်ပဲ စားနိုင်သည်။ သို့တစေ ယျာရှင်းမပြည်။

ချယ်ရီ မေးသမျှကို ပြန်ဖြေရင်း ထမင်းစားပွဲမှ ထ, လိုက်ရသည်။

သိန္ဓိရှင်နေအေး

အပိုင်း (၆)

BURMESE CLASSIC .com

အိပ်ရာဝင်ပြုမြဲ ဘုရားရှိခိုး၊ ပုတီးစိပ် ဝတ်မပျက် သော်လည်း ပြုမြဲဝတ်မပျက် အောင် လုပ်ရသည့်သဘောမျှသာ ဖြစ်သောကြောင့် စိတ်မတည်ငြိမ်သည့် အလျောက် ပုတီးပတ် အလွဲလွဲ အချော်ချော် ဖြစ်ရသည်။

မနေ့ကထက်စာရင်တော့ တော်သေးသည်ဟု ဆိုရမည်။

မနေ့ကဆို ဦးသုံးကြိမ်ချရုံဖြင့် ကိစ္စပြီးလိုက်ရသည်။

အိပ်ရာဝင်ပြီ။

"ကို နှစ်ရက်တည်းနဲ့ ငွေငါးရာ ကျော်သွားပြီနော်။ ဒီအတိုင်းဆို ရှေ့ကို လွယ်ပါ့မလား။ ချယ်ရီတို့မှာ ထုပ်ထုပ်ထည်ထည်မှ မရှိတာ"

ဤသို့ဖြင့် စကားစလာသည်။

ချယ်ရီ ပြောပုံက အတော်ကြီး စိတ်ဝိန်စရာ ဖြစ်သွားသည်။

နှချိန်မှာ ငွေရေးကြေးရေးကိစ္စ ပြောဖို့ မဟုတ်ကြောင်း၊ အမှုခွင်ထဲ ပါသွားနိုင်သည့် အခြေအနေမှာ ဒီကိစ္စအတွက် ဘယ်လိုလုပ်ကြမလဲဆိုတာကိုသာ အလေးပေး စဉ်းစားရ၊ ပြောရဆိုရမှာ

ကျောင်းမြသန်း

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ကြောင်း ပြောလိုက်ရသည်။

ရင်ထဲမှာ ခံစားလိုက်ရသည့် မကျေနပ်မှုကြောင့် သူ၏ အသံနှင့် ပြောပုံဆိုပုံမှာ ခါတိုင်းလို မပျော့သွယ်။ ဆတ်ဆတ်မာမာ လေသံပါသွားသည်။

ချယ်ရီက အကုန်ခံသင့်တာ ခံရမှာ ဖြစ်ပေမယ့် လိုတာထက် ပိုပြီး အကုန်အကျ မခံဖို့ သတိပေးရကြောင်း တို့ ပြန်ပြောလာသည်။

သူမ၏အသံကလည်း မပျော့သွယ်။

ဒီညတော့ စကားဆက်ပြောလို့ ဖြစ်လိမ့်မည် မထင်။ အစကတည်းက ယဉ်သလို ဖြစ်နေသမို့ ခေါင်းကိုက်သည်ကို အကြောင်းပြပြီး စကားလမ်းကြောင်း ဖြတ်လိုက်ရသည်။

ဒါတောင် ပွစိပွစိ လုပ်နေသေးသည်။

ကိုယ်ရတာက နည်းနည်း၊ သူတို့ကများများ လုပ်တာကို ကိုယ်က ဒီလောက် အထိ လိုက်ဖို့ မလိုကြောင်း ဘာညာဘာညာတွေ ပွစိပွစိ လုပ်နေသည်။

မျက်လုံးအတင်းပိတ်ပြီး တစ်ဖက် လှည့်နေလိုက်ရသည်။

ဦးကြည်မောင် ပြောတာကို ပြန်၍ ကြားယောင်လာသည်။

"ကိုယ်က တစ်တက်ဆိုရင် သူတို့က နှစ်တက်၊ သုံးတက် စားသွားလိမ့်မယ်နော်၊ အဲဒါကိုလည်း သတိထားဦး"

ခုက်စွာကဦးကြည်မောင် သတိပေးသည့်အတိုင်း ဖြစ်နေပြီလား။

တော်တော်နှင့် အိပ်မပျော်။ စာရင်းတွေ စစ်ဆေးတုန်းပဲ ရှိသေးသည်။ မပြီးသေး။ ပြီးမှ အဖြေပေါ်မည်။ အတွေးစဉ်များ ဘောင်ဘင်ခတ်နေသည်။

သူ လုပ်ခဲ့ရသည့် မမှန်မကန် ကိစ္စများတွင် ချယ်ရီ၏ လွှဲဆွ တိုက်တွန်းချက်ပါသည်။ သူမကိုယ်တိုင်လည်း သိနေသည်။ ပေးသမျှကိုလည်း ကြည်ကြည်သာသာ ယူခဲ့သည်။

တော်သင့်ပြီဆိုသည့် စကားမျိုး တစ်ခွန်းတစ်ပါဒမျှ မပြောဘူးခဲ့။

ခုပြဿနာ ဖြစ်လာပြီ။

ထိုပြဿနာ၏ နောက်ဆက်တွဲ ဘယ်အခြေအနေ ဖြစ်နိုင်သည်ကို သူမကိုယ်တိုင်လည်း သိသည်။

ထိုစဉ်လျက်ထိုပြဿနာကိုယ့်အပေါ် လုံးဝ ပတ်သက်မလာအောင် ဘယ်လိုလုပ်သင့်သည်၊ ဘယ်လိုလုပ်ရမည် စသည်များကို တိုင်ပင် ဆွေးနွေးရမည့်အစား ငွေစကားကို အဓိကထား ပြောလာသောကြောင့် စိတ်ထဲမှာ အတော်ကြီး ကသိကအောက် ဖြစ်ရသည်။

တကယ်ဆို ဒီစကားမျိုး ခုချိန်မှာ မပြောသင့်။

ပြောသင့်ရာကို မပြော ဘဲ မပြောသင့်ရာကို ပြောလာသည်မှာ စံစရာရှိ အတူ၊ ဒီစရာ၌ အတူသဘောထားမို့ မရှိကြောင်း ပြသရာ ရောက်သည်။

ဝန်ထမ်းလောကတွင် ရတာနှင့် ဖြစ်အောင် စားသောက်နေထိုင်ပြီး မင်းဘက္ကာကို ကိုယ့်ဟာလို သဘောမျိုး ဘဲ မျှတအောင် ကြိုးစား ရှုံးကန်နေသူများ ရှိသလို၊ မင်းဘက္ကာကို ကိုယ့်မိဘအနေ အနှစ်လို သဘောမူပြီး မမှန်မကန် အကြံအဖန် နည်းမို့ စံဖြင့် မိုးရွာတုန်း ရေခံပြီး ဟဝ ချိုးနေကြသူများလည်း ရှိကြသည်။

မင်းဘက္ကာကို ကိုယ် ဟာမဟုတ်ဘူးလို့ သဘော နိုင်သူများမှာ အကောင် မတွေးရ။ ဖောဖောသီသီ မပြုရပေမယ့် စိတ်လေး၊ စိတ် ဇလုံးစရာ မရှိဘဲ စိတ်သန့် ကိုယ်သန့် ကြည်ကြည်လင်လင် အိပ်ရေးဝအောင် အိပ် စက်ခြင်းနှင့် ဆုံဆည်းရသည် ဖြစ်သည်။

"ကိုယ်က တစ်တက်ဆိုရင် သူတို့က နှစ်တက်၊ သုံးတက် စားသွားလိမ့်မယ်နော်၊ အဲဒါကိုလည်း သတိထားဦး"

www.burmeseclassic.com

www.burmeseclassic.com

ကောင်းကောင်းစား အာဟောသိသိ သုံးစွဲနိုင်သူ ဆွေမျိုးသားချင်းများ ကိုယ်စီကိုယ်စီ ရှိနေကြသည်။

ပြဿနာ မဖြစ်သေးသည့်တိုင် တစ်နေ့နေ့မှာ ဆိုးဆိုး ရွားရွား ဖြစ်လာပြီဆိုလျှင် နှစ်နှစ်ခြောက်ခြောက် ဖြစ်ကြ၏။

ပြဿနာပေါ်ပြီးဆိုရင်တော့ ဆီဦးထောပတ်လည်းရသော မထင်တော့။ စိတ်ကြည်ကိုယ်သန့် အိပ်စက်ရခြင်းလည်း မရှိတော့။ သောအလုံးအခဲကြီးကို ရင်မှာပိုက်ပြီး ဘယ်လိုအဆိုးမျိုးနှင့် ရင်ဆိုင်ရမည်ကိုသာ အတွေးဆဲ ဝင်ပြီး ချောက်ချားမှုမျိုးခဲ့ကို ခံစားရစမြဲ ရှိကြ၏။

ခုတော့ လွင်ဦးမှာ...။

► ► ► ► ►

(ငါး)

ကျောချမှ ဓားပြမှန်းသိ ဆိုသလို ခုတော့ သူ သိပြီ။

သင်တုန်းဓားပေါ်က ဗားရည်ကို လျက်မိသည့်အဖြစ်။

ဓားသွားနှင့် မတိတဲ့ဗားရေကို လျက်နေရစဉ်က ချိုမြိန်သည်။

ကို လျက်ရသည်မှာ တစ်နေ့မဟုတ် တစ်နေ့ ဓားသွားနှင့် လျှာထိမှာ သေချာသည်။

ခုထိပြီ။

ခြေမကိုင်မိ၊လက်မကိုင်မိ။

စိတ်ကျပေနသည့်ကိုယ်ကာယကိုပါ ယိုယွင်းသွားစေသည်။

မနက် လက်ဖက်ရည်ဝိုင်းမှာ ခေါ်မေစိက ဘယ်လိုဖြစ်ကြကာလဲဟုအမေးစကား ရှိလာသည်။

မေးပုံက ဘဝင်မကျစရာ။ ဘယ်လိုဖြစ်ကြတာလဲတဲ့။

သမီးဖြစ်သူ ပြောပြ၍ သိနေပါလျက်က အတွန့်အထွန့်လေး သုံးပြီး မေးလာသည်။

စိတ်ထောင်းခနဲ ဖြစ်သွားသည်။

တိုတိုပြတ်ပြတ်ပဲ ဖြေလိုက်သည်။

"အပိုဝင်ငွေရှာရင်း ဖြစ်ရတဲ့ကိစ္စပါ အန်တီ"

"အထက်လူကြီးတွေ ဘာတွေဆီ စောစောစီးစီး ဝင်တွေ့ဖို့ ဘာဖို့က အရေးကြီးတယ်နော်"

ချယ်ရီက သူ ဒီနေ့ ခွင့်ယူခဲ့ကြောင်း ပြောသည်။

ခွင့်ယူခဲ့သည့်အကြောင်းနှင့်အတူ နတ်ကတော်ကြီးဆီသွားစရာရှိလို့တဲ့ ဖြေသည်။

ဘာကြောင့်သွားမည်ကို မေးဖို့ မလိုတော့။ သူ့ကိစ္စအတွက် သွားဖို့ စီစဉ်ကြခြင်းဖြစ်မှာ သေချာပေါ့။

ပြဿနာ ဟစ်စုံတစ်ရာ ရှိလာရင်၊ ဖြစ်လာရင် ကောင်းဆရာတို့၊ နတ်ကတော်တို့၊ အကြားအမြင် ဆရာတို့ထံ သွားကြစမြဲ၊ ရောက်ကြစမြဲ ရှိကြသည် မဟုတ်ပါလား။

ဒါကလည်း ပြန်မာလူမျိုးတို့၏ ခလေ့ထုံးစံ အစဉ်အလာလို ဖြစ်နေသည်ကိစ္စ။

ဒီလို အရေးကြဲ သည့်ကိစ္စမျိုးကို မဆိုထားကြီး၊ ငှက်နာခေါင်းကိုက်သည့် အသေးအမွှားကိစ္စမျိုး ရှိလာသော်မှ သွားကြရောက်ကြစမြဲ ရှိကြသည်သာ။

ခေါ်မေစိကနတ်သမား။

ဘယ်မှာ ဘယ်နတ်ကကောင်းက ဘယ်လိုဆိုသည့် သတင်းကြားလျှင် အချိန်ရလျှင် နေ့ချင်းပေါက်။ အချိန်မရလျှင် နောက်တစ်နေ့ အရောက်သွားရမှ စားဝင်အိပ်ပျော်သူ။

ဒေါင်တို့ နတ်ကတော်တို့နှင့် ပတ်သက်၍ အနွံအလမ်း အလွန်ကြီးသူ။

ချယ်ရီ ရုံးမဟက်သော ခါတိုင်းထက် စောပြီး ရုံးသို့ ထွက်ခဲ့သည်။

ထမင်းဘူးလည်း မယူတော့။

သူတို့ရုံး ဝင်းကြီးထဲမှာပင် ဦးကြွေးမောင်နှင့် သွားတွေ့သည်။ ဦးကြွေးမောင်က သူနှင့်တွေ့ရန် လုည့်ဝင်လာခြင်း ဖြစ်သည်။

အမှန်စောနေသေးသောကြောင့် လက်ဖက်ရည်ဆိုင်သို့ ပြန်ထွက်ခဲ့ကြသည်။

ဦးကြွေးမောင်က အခြေအနေ ပို မေးသည်။

အကြောင်းသိချင်ပို့ အခြေအနေ အဆိုးကြီး မဖြစ်သေးသော်လည်း မကောင်းသည့်ဘက်သို့ အလေးသာနေကြောင်း ပြောပြလိုက်ရသည်။

ဦးကြွေးမောင်က ဘာမျှ မပြောဘဲ သက်သတ်လွတ်စားပြီး အုန်ဒြာန်ပုတီးစိပ်ဖို့ အိမ်မှာ မစိပ်ဘဲ ဘုရားတက်ပြီး ပုတီးစိပ်ဖို့ ပြောသည်။

"သက်သတ်လွတ်မားရကာက သမ္ဘာဝါတို့ရဲ့ အသားနဲ့ လျှာရင်းမဖြက်ဘဲ ခြိုးခြံမှုပြုတာမှာ ကောင်းသောအမှုကို ပြုတာ။ ပုတီးစိပ်ပယ်ဆိုတာ မျိုလွှဲတဲ့စိတ်ကို ဆိန်းခိုင်တဲ့အတွက် ထွေထွေထူးထူး အကုသိုလ်စိတ် [illegible]

www.burmeseclassic.com

www.burmeseclassic.com

ကုသိုလ်စိတ် ဖြစ်တယ်။ **အဓိဋ္ဌာန်ပြုတယ်ဆိုတာက** မလုပ်မနေ လုပ်ပါ့မယ်လို့ ကတိပြုတာ။ အဲဒီကတိတာဒါကောင်းသော ကတိမြောက်တယ်။ ဓော်ပုံတဲ့ ရွှေတိဂုံကို **တက်ပြီး စိတ်ပါလက်ပါ ဝတ်ပြု** ရှိခိုး၊ ဦးခိုက်တဲ့အတွက် ထူးမြတ်တဲ့ ကုသိုလ်မြောက်တယ်။ ခု... ကိုလွင်ဦးမှာ မကောင်းမှုတွေ ပိုးပိနေတယ်။ **အဲဒီလို မကောင်းမှုတွေ** ပိုးပိနေတာကို ကောင်းမှုနဲ့ ဖယ်ရှားတာ ဖြစ်တယ်။ ဒါ ဦးလေးနားလည်သလို ပြောတာပါ။ ခုခို့နှိမ်မှာဖြစ်လာတဲ့ ပြဿနာကို ရှင်းဖို့လည်း လုပ်၊ ကုသိုလ်ဖြစ်ဖို့လည်း လုပ်"

ဦးကြည်မောင်က ထိုသို့ ပြောဆို၍ လုပ်ငန်းခွင်ဝင်ရန် နှုတ်ဆက်ပြီး ထွက်သွားသည်။

သူက ဦးကြည်မောင်ကို ကတိမပေးလိုက်မိသော်လည်း ဦးကြည်မောင် ထွက်သွားပြီး နောက် ရိုးရိုးလေး ပြောသွားသည်ကို သဘောပေါက်ပြီး **နောက်တစ်နေ့ကစ၍ သက်** သတ်လွတ်စားပြီး အဓိဋ္ဌာန် ပုတီးစိပ်ရန် ဆုံးဖြတ်လိုက်သည်။

ဘုန်းကြီးကျောင်းတွင် နေခဲ့စဉ်က စိတ်ပါလက်ပါ ဘုရားဝတ်ပြု မှန်သလို ပုတီး စိပ်လည်းမှန်ခဲ့သည်။ ဦးကြည်မောင်တို့အိမ်မှာ နေခဲ့စဉ်ကလည်း မှန်သည်။

ဝတ္တရားရှိလို့ လုပ်ရသည်မျိုး မဟုတ်ဘဲ စိတ်ပါလက်ပါ ဘုရားဝတ်ပြု၍ ပုတီးစိပ်ခဲ့သည်။

ထိုစဉ်က ပုတီးစိပ်ခဲ့ရာတွင် တစ်စုံတစ်ရာကို ရယူလိုသော ဆန္ဒဇော မကပ်ရှိဘဲ ကုသိုလ်အာရုံဇောကိုသာ ရရှိခဲ့သည်။

မှန်ကန်သော အာရုံဇောဖြင့် ကောင်းမှုကို ပြုကျင့်လျှင် တောင့်တစရာ မလို၊ ကောင်းသော ရောင်ပြန်အကျိုး သက်ရောက်မှုကို ခံစားရမည် ဖြစ်၏။

မမှန်မကန်သည့် တစ်စုံတစ်ရာဃော လောဘအာရုံဇော ငြိတွယ်ပြီး လုပ်လျှင် ညောင်းတာပဲ အဖတ်တင်ကောင်းသောတန်ပြန် အကျိုးသက်ရောက်မှု တုံ့ပြန်လာလိမ့်မည် မဟုတ်ပေ။

လွင်ဦးမှာ ချယ်ရီနှင့် **အိမ်ထောင်ပြုပြီးသည့်နောက် ဘုရားဝတ်ပြု** မပျက်အောင်လည်း ပုတီးစိပ်ပျက်ခဲ့သည်။

ဘုရားဝတ်ပြု မပျက်ဆိုပေသည့် ယခင်ကလို စိတ်ပါလက်ပါ ဝတ်ပြုသည်မျိုး မဟုတ်ဘဲ တာဝန်ကျေ ဝတ်ပြုပုံမျိုးဖြင့်လာဝတ်ပြုခဲ့သည်။

ခု ဦးပြည်မောင်က သတိပေး တိုက်တွန်းစကား ဆိုသွားတော့မှ သတိပြန်ဝင်လာသည်။

ထိုသို့ သတိပြန်ဝင်လာရုံမျှဖြင့်မပင် နောက်ကို ရွှမ်းထွေးနေသည့် စိတ်အစဉ်အနည်းငယ် ပြေလျော့၍ စိတ်ကြည်လင်သလို ရှိသွားသည်။

BURMESE CLASSIC .com

အလုပ်ခွင် စားပွဲ၌ ထိုင်ပြီးသည်မှာ ဆယ်ပြီနှစ်ပင် မကြာသေး၊ အထက်အရာရှိ၏ ရုံးလုလင် ရောက်လာပြီး အခေါ်လွှတ်လိုက်ကြောင်း ပြောသည်။

အထက်အရာရှိက လျော့နည်းပျောက်ဆုံး ပစ္စည်းအမျိုးအစားနှင့် ခန့်မှန်းခြေတန်ဖိုးကို မေးသည်။

သူက အကြမ်းဖျင်းစာရင်းနှင့် ခန့်မှန်းခြေ တန်ဖိုးကို တင်ပြရသည်။

ခန့်မှန်းခြေတန်ဖိုး နှစ်သိန်းနီးပါး။

အထက်အရာရှိဖြစ်သူမှာ မျက်လုံးပြူးမျက်ဆံပြူး ဖြစ်သွားသည်။

ဟူးခနဲ သက်ပြင်းမှုတ်ထုတ်ပြီး ဖြေရှင်းဖို့ မလွယ်သည့်အကြောင်းနှင့် သူ့ဘက်က ဝင်ရောက် ရပ်တည်ပေးဖို့ မလွယ်သည့်အကြောင်း ပြောသည်။

သူ၏ အထက်အရာရှိမှာ သူ့ကို လုပ်ကွက်ခွင်ထဲတွင် မပါဝင်။

မပါဝင်ဟု ဆိုရခြင်းမှာ သူနှင့် ဆက်နွယ်ခြင်း မရှိသောကြောင့် မပါဝင်ဟု ဆိုရခြင်း ဖြစ်၏။

လုပ်ကွက်ခွင်ထဲတွင် ဝင်သူ ယခု အဖမ်းခံထားရသူများနှင့် တိုက်ရိုက်ဆက်နွယ်မှု ရှိ မရှိကိုမူ သူလည်း မသိ။

ခုချိန်ထိတော့ သူ ငြိုပုံဆိုပုံ၊ နေပုံထိုင်ပုံက ထူးတည်ငြိမ်ငြိမ်ပင် ရှိနေသည်။

သုံးနာရီကျော်လောက်တွင် တရားရုံးသို့ သွားနေကြကို မြင့်ဦး ပြန်ရောက်လာသည်။

သူတို့နှင့် တွေ့ခဲ့သည်မှာ အကြောင်း အခြေအရာကောင်းသည့်အကြောင်း တိုးတိတ်တိတ် ပြောပြသည်။

အကြောင်းခြင်းရာ အသေးစိတ်ကိုတော့ ညနေ ဆင်းမှ ပြောမည်။

ဒဿတင်းစကားကြောင့် အတော်ကြီး စိတ်အေးသွားသည်။

ညနေရုံးဆင်း လာဖက်ရည်ဆိုင် ရောက်တော့ အသေးစိတ် ပြောပြသည်။

လက်ရှိဖြစ်မှုဖြစ်စဉ်အပြင် သူတို့လေ့လာထား

www.burmeseclassic.com

www.burmeseclassic.com

ဘး မည်သူမှာ မပါဝင်ကြောင်း ဖြောင့်ချက်ပေး ဝန်ခံသည်။

သူတို့အတွက် အပြင်က ခိုနေသူတွေက ဝိုင်းဝန်းကူညီကြဖို့ မှာလိုက်သည့်အကြောင်း ပြောသည်။

အချုပ်ထဲ မဝင်ရဖို့ သေချာသွားပြီ။

ရင်ဆိုင်ရဦးမည်က ဘုန်ဆိုင်ရာ စုံစမ်းစစ်ဆေးခြင်း။

ဒါကိုတော့ ရှောင်လွှဲလို့ မရ။

အိမ်ပြန်ရောက်တော့ ချယ်ရီရော ဒေါ်မေစီပါ နောက်နှာ ကြည်ကြည်သာသာ ခံနေသည်ကို တွေ့ရသည်။

အိပ်ခန်းထဲ ဝင်ပြီး အဝတ်အစား လဲနေတုန်း ချယ်ရီ ဝင်လာပြီး ပြောသည်။

မယ်တော်ကြီးက ကိစ္စအားလုံး ပြီးပြတ်သွားအောင် ဘဝန်ယူမည့် အကြောင်း၊ ဘာမှ ပူစရာ မလိုတော့ကြောင်း၊ ခုတောင် အချုပ်ထဲ ဝင်ရအောင် မယ်တော်ကြီး၏ အကာအကွယ်ပေးထားကြောင်းများ၊ မယ်တော်ကြီး ကိုယ်တိုင် ဝင်လာပြီး ဟောသွားကြောင်းများ ပြောပြသည်။

သူက မူခင်းခွင်နှင့် မပတ်သက်ဖို့ သေချာသွားပေးကြောင်းနှင့် သူတို့အတွက် ဝိုင်းဝန်း တာဝန်ယူရမည့် အကြောင်း ပြောပြရာ ချယ်ရီက သူတို့ပြောတိုင်း မလုပ်ဖို့နှင့် ငွေကုန်ကြေးကျကိစ္စကို တာဝန်မယူဖို့ ပြောလာသည်။

သည်ကိစ္စကို ချယ်ရီနှင့် ဆက်ပြောနေလျှင်ကတောက်ကဆ စကားများမှာ သေချာသမို့ ဘာမှဆက်မပြောတော့ဘဲ ငြိမ်နေလိုက်သည်။

မယ်တော်ကြီးကို ပဝါနှင့် ငွေတုံးပွဲဆက်သည့်အခါ သူပါလိုက်ခဲ့ဖို့ လိုကြောင်း ချယ်ရီက ပြောသည်။

ယခုရက်ပိုင်းအတွင်း လုပ်ငန်းခွင်မှာ မရှိလျှင် မဖြစ်သည့် အကြောင်းပြချက်ဖြင့် ရှောင်လွှဲဖို့ ကြိုးစားသော်လည်း မရ။

သူပါ လိုက်နိုင်အောင် တနာရီနေသွားဖို့ စီစဉ်ထားကြောင်း ပြောသည်။

"ကို မလိုက်ရင် မာမီနဲ့ ပြဿနာ ဖြစ်လိမ့်မယ်နော်၊ မာမီက ကို့အတွက် လုပ်ပေးနေတာ၊ အဲဒါကိုတော့ ကို သဘောပေါက်"

ခေါင်းညိတ်လိုက်ရုံမှ တစ်ပါး။

နောက်တစ်နေ့တွင် ဒီအိမ်ဖွဲ့၍ စစ်ဆေးမည့်အမိန့် ထွက်လာသည်။

ပေါ်တက်ပြီး ပုတီးစိပ်မည့် အစီအစဉ်ကို ဖျက်လိုက်ရသည်။

ဒီအိမ်ဖွဲ့ပြီး စစ်ဆေးနေစဉ် ရက်ပိုင်းအတွင်း စိတ်ကသောင်းကနင်း ဖြစ်နေမည်ဖို့ တည်တည်ငြိမ်ငြိမ် ပုတီးစိပ်လို့ ရလိမ့်မည် မဟုတ်။

ချယ်ရီတို့က တနင်္ဂနွေနေ့အထိ မစောင့်တော့ မယ်တော်ကြီး၏ အကူအညီအတွက် နတ်ကတော်ကြီးထံ ပြေးရပြန်သည်။

ဒီအိမ်ဖွဲ့ပြီးစစ်ဆေးသည့် အခြေအနေမှာ မကောင်း။

ပစ္စည်းများ လျော့ပါးပျောက်ဆုံးခြင်းကိစ္စတွင် သူ၏ ပေါ့လျော့မှု ရှိနေကြောင်း ဝန်ခံလိုက်ရသည်။

နောက်တစ်ပတ် အမိန့် ထွက်လာသည်။

သူအား ရာထူးမှချထား လိုက်သည့်အမိန့်။

အိမ်မှာလည်းပြဿနာ တက်ကုန်သည်။

ဒေါ်မေစီကဒီပြဿနာမှာ သူ၏ မရိုးဖြောင့်သော လုပ်ရပ်ပါသည်။

သမီးကို ပေးတာက နည်းနည်း၊ သူမိဘတွေကို ပေးရဖို့ရလာက များများဟု စွပ်စွဲလာသည်။

ချယ်ရီကလည်း မိခင်ကို တစ်လေတည်း ထွက်လာသည်။

သူမကို ပေးတာက တစ်ရာ၊ သူအိမ်ကို ပေးတာက တစ်ထောင်မကဏ္ဍသာလျှော့နည်းပျောက်ဆုံး စာရင်းတန်ဖိုး သိန်းဂဏန်းအထိ စာရင်းပေါက်ရခြင်းဖြစ်သည်။

ခု ဘာလုပ်မလဲဟု သူကို မေးလာသည့်အပြင် ရာထူးချထားစဉ် ကာလ စားဝတ်နေရေးအတွက် ဘယ်လို ဖြေရှင်းမလဲဆိုသည့် မမေးသင့် မမေးအပ်ရာသော၊ မပြောသင့် မပြောအပ်ရာသော စကားအသုံးအနှုန်းကို ပါ သုံးနှုန်း ပြောဆိုလာသည်။

လွှင်ဦးက သူ့အနေဖြင့် သူ့အိမ်ကို ဘာမှပြန်ပြီး ပံ့ပိုးရတာ မရှိခဲ့၊ ရသမျှလခရောဘေးဝင်ငွေပါ ချယ်ရီလက်ထဲ သို့သာ ပေးခဲ့သည်။

ဒါကို **ချယ်ရီသိသည်။ ချယ်ရီသိလျှင်ဒေါ်မေစီလည်း** သိလိမ့်မည် ဖြစ်ပါလျက် ခုထမင်းရေပူလာမှ လျှာလွဲစကားမျိုး ပြောလာသည်။

သူတို့က မစားရဘဲ သူကပဲ သူ့အိမ်သားစုကို ပံ့ပိုးလို့ ခုလို ဖြစ်ရသည်ဟု စွဲချက်တင်လာသည်။

ရင်နှင့် ရင်နာစရာ ကောင်းလှသည်ဟု ဆိုရမည်ကို။

www.burmeseclassic.com

www.burmeseclassic.com

ခက်တာက ဒါမျိုးဆိုတာ ရှင်းဖို့မလွယ်။

အထောက်အထားပြပြီး ရှင်းလို့ရသည်မျိုး မဟုတ်။

သည်ပြဿနာမျိုးက မိသားစုတိုင်းမှာ ရှိသည်။

သူ့ဘက် ပေးနိုးနိုး၊ ကိုယ့်ဘက်ပေးနိုးနိုး သံသယအထင်ရှိကြသည်မှာ နိယာမ။

လွင်ဦးက ဒီလိုအထင်အပြောမျိုး ပြောဖို့ မကောင်းကြောင်း။ အထူးသဖြင့် ဒေါ်မေစိက ပြောလာသည့်တိုင် ချယ်ရီက ရှင်းပြသင့်ကြောင်း၊ ခု ချယ်ရီကပါ သံယောင်လိုက် ပြောလာသည်မှာ မီးလောင်ရာလေပင့် လုပ်ပေးသလိုမျိုး လုပ်ပေးသည့်သဘော ဖြစ်နေသောကြောင့် ထို့သို့ မလုပ်သင့်ကြောင်း ချယ်ရီကို ရှင်းပြော ပြောလိုက်သည်။

ချယ်ရီက စာရင်းကွာသည့် မွေးမာဏ၏ ဆယ်ပုံတစ်ပုံပင် သူ မရ။ သူ့အိမ်ကို မပုံပိုးလျှင် ဘယ်သူ့ကို ပေးရလို့လဲဟု မေးလာသည်။

"ကိုယ် ဘယ်သူ့ကို ပေးတယ်ဆိုတာရီလေး အသိဆုံးပဲ၊ ဒါ မေးစရာလား"

"ဒါတော့ မသိဘူးလေ၊ ကိုယ့်ဟာကိုယ်ပဲ သိမှာပေါ့"

"တော်စမ်းကွာ၊ ရုံးမှာ ပြဿနာတစ်မျိုး၊ အိမ်မှာက ပြဿနာ တစ်မျိုး"

"ပြောစရာ ရှိတာတော့ ပြောရမှာပဲ၊ မကြားချင် တခြားမှာ သွားနေ၊ ဒါပဲ ရှိတယ်"

"မင်း ဘယ်လို ပြောလိုက်တာလဲ"

"ကြားတဲ့အတိုင်းပဲလေ"

ထိုမှဆက်၍ စကားများကြသည်။

သူပြောကိုယ်ပြော ပြောလာပြီးဝိုဘော့လည်း အပြောအဆိုတွေ ရင့်သီးလာစမြဲ ရှိသလို အသံလည်း ကျယ်လာသည်။

ဒေါ်မေစိဝင်လာသည်။

ဒေါ်မေစိ အပြောက တစ်ဖက်စီးနင်း အငေါ်။

ပို၍ ရှုပ်ထွေးကုန်သည်။

သိကွာကို ထိပါးလွန်းသည့် အပြောအဆိုများကြောင့် မဖြစ်သင့်သည်များ ဖြစ်လာမည့် အခြေအနေသို့ ရောက်လာသည်။

အိမ်မှာဆက်နေရင် ပို ဆိုးမည့် အခြေအနေကြောင့် အိမ်မှ ထွက်ခဲ့ရသည်။

ဘယ်သွားမလဲ၊ သွားစရာ တစ်နေရာပဲ ရှိသည်။ ဦးကြည်မောင်တို့အိမ်။

အိမ်မှာ ဖြစ်ပျက်ခဲ့သည့်အကြောင်းကို ပြောပြရသည်။

"ကိုလွင်ဦးကို ဦးလေး ပြောခဲ့သားပဲ။ ကိုယ်က တစ်တက်၊ နှစ်တက်၊ သူတို့ကလေး ငါးခြောက်တက်လုပ်လိမ့်မယ်ဆိုတာ၊ ခုတော့ အိမ်တွင်းရေးပါ ရှုပ်ထွေးလာရတာပေါ့။ အစာမတော် တစ်လုတ်၊ အသွားမတော် တစ်လှမ်း၊ အပြောမတော် ဝိဿလေးနဲ့ ဘေးထုဆိုတာတွေ ဖြစ်ကုန်ကာပေါ့။ သွေးပူသွေးဆူနေတုန်း ပြဿနာကို ရှင်းလို့ မရဘူးလေ။ ဦးလေး နက်ဖြန် ချယ်ရီခဲ့တွေ့ပြီး ပြောသင့်တာတွေ ပြောပြမယ်။ တစ်ရက်၊ နှစ်ရက် တန်သည်တော့၊ ဒီမှာပဲ နေဦး။ ခုလောလော ဆယ်မှာ အိမ်တွင်းရေး ကိုထက် ရုံးကိစ္စကို ရှင်းဖို့က အရေးကြီးတယ်။ ခေါင်းအေးအေးထား"

ဦးကြည်မောင်က အကုသိုလ်တင် ရှိလာရင် ကုသိုလ်နှင့် မှတစ်ပါး အခြား ချေဖျက်စရာ မရှိ။

ကုသိုလ်မှုကို ရရမည်ဟု ဥပုသ်စောင့်ပြီး အဓိဌာန်ထ ဘုရားပေါ်တက် ပုတီးစိပ် ပြောသည်။

သူက ထောင်ထဲရောက် နေသည့် ကိုသိန်းငွေတို့အား အကုအညီပေးရမည့် တာဝ ရှိနေကြောင်း၊ ကတိလည် ပေးထားကြောင်း၊ ခုအတိုင် ဆို အိမ်ကို ပြန်မှုဖြစ်မည် အကြောင်း ဦးကြည်မောင်ကို ပြောပြရသည်။

"ဟုတ်သပေါ့လေ ခလုတ်ထိတော့ အဓိတ ဆိုစကားလည်း ရှိတာကိုး။ လောလောဆယ်တော့ ဒီလိုပဲ လုပ် ရတော့မှာပေါ့"

ဦးကြည်မောင်က ဆို

"ဟုတ်သပေါ့လေ၊ ခလုတ်ထိတော့ အဓိတ ဆိုစကားလည်း ရှိတာကိုး။ လောလောဆယ်တော့ ဒီလိုပဲ လုပ်ရတော့မှာပေါ့၊"

www.burmeseclassic.com

www.burmeseclassic.com

မသိတထိလေး ပြောပြီး ပြုံးနေသည်။

(ဒီ သီ ဘင်းကျွတ်မှာ ခွယ်ရိုတို့ နှစ်ယောက် မိခင်ကြီး သွားကန်တော့ကြရအောင်နော်) ဆိုသည်ကသည်း ဖြစ်လာဖွယ်ရာ အကြောင်းမရှိတော့၊ ခုပမာ ယောက်တည်းပဲ ပြန်ခဲ့ရသည်။

ဟိုကျရင် ဘယ်လိုပြောရမည်ကို တစ်လမ်းလုံး စဉ်းစားခဲ့ရသည်။

အမှန်အတိုင်း ဖွင့်ပြောလို့မဖြစ်။

အသက်ကြီးမှ မိခင်ကြီးကို သောကဆင့်ပွား လက်တမ်းသလို ဖြစ်မည်။

အမှန်အတိုင်း ပြောလိုက်လျှင် အမေသားမက၊ အစ်မပါ သောကဖက်သွားကြီး ကျန်ရစ်ခဲ့ကြမည်။

ယောက်ဖတော်ကြီးဇော်ဦး စီးပွားရေး အခြေအနေကောင်းမကောင်းဆိုတာလည်း ချိုပြန်သေးတယ်။

သူက အိမ်အကြောင်း ဘာမှမသိ။

အရှင်းဆုံး ပြောရလျှင် အိမ်ကို တောင်မှ တစ်ခါတစ်ခါသာ သတိတရရှိမိသည်။

ခု ပြဿနာ အကျပ်အတည်းရှိလာမှ အိမ်ကို သတိရရုံမက အိမ်သို့ပါ အရောက်ပြေးခဲ့ရသည်။

အိမ်ရောက်ရင် မျက်နှာရိပ်၊ မျက်နှာကဲပါ ပြင်ရမည်။

ဒီပြဿနာပေါ်လာကတည်းက မှန်ထဲမှာ ဘယ်အချိန် ပြန်ကြည့်၊ ပြန်ကြည့် သူ့ရဲ့မျက်နှာမှာ ညှိုးရိပ်ထင်နေပြီ မှိုင်နေသည်။

ဟန်ဆောင်မျက်နှာရိပ် **ဖြင့် အိပ်ပြန်ရောက်သွားသည့်** တိုင် အမေက ဆီးပြောသည်။

"ငါ့သားအတော်ကို ဝိန်းသွားပါလား။ မျက်နှာလည်း အတော်ကျသွားတယ်နော်။ အနေအထိုင် အဆင်ပြေရဲ့လား။ အလုပ်အကိုင်ရော အဆင်ပြေရဲ့လား"

သူက အမေ့စကား အလာပေါ် ချော်လဲရောထိုင် လုပ်လိုက်ရသည်။

အားလုံး အဆင်ပြေသည့် အကြောင်း၊ အစာအိမ်ရောဂါကြောင့် ကျန်းမာရေး အဆင်မပြေသည့် အကြောင်း ပြောလိုက်ရသည်။

လမ်းမှာ စဉ်းစားလာတုန်းက သည်လို ပြောမည် ဆိုသည့် အစီအစဉ်မပါ။

ခုမှ ရောက်ရာပေါက်ရာ ပါးစပ်ထွက်စကား ပြောလိုက်မိသည်။

လူမှုန်းသိတတ်စအရွယ်ကတည်းက မိခင်ကြီးအား ဘာအကြောင်း ဘာကိစ္စနှင့်မှ မလိမ်မညာဖူးခဲ့။

ခု အရွယ်ရောက်ပြီး၊ အိမ်ထောင်သည် ဘဝရောက်ခါမှ လိမ်နေပြာနေရပြီ။

လိပ်ပြာမသန့်စေကာမူ ဖြစ်ရှိလာသည့် ဖြစ်ကြောင်း ဖြစ်ရပ်က မလိမ်လို့ မဖြစ်ပေ။ ယခုသာမှီ ယိမ်းပိုက်ရသည်။

ခွင့်ယူပြီး ဆေးဝါးကုသနေသို့ **အကြောင်းပါ ပြော၍** ထပ်ဆင့် လိမ်လိုက်ရပြန်သည်။

အမေက အမှန်လိုဆေးတွေ ကောင်းတယ် ဘုံမယ် မြန်မာဆေးအစွမ်းတော်တွေလည်း ရှိကြောင်း၊ အိမ်ပှာ ဖေးဖေးဆေးဆေး အနားယူရင်း သူတို့ဖြို့က နာပည်ကြီး သမားတော်ကြီး ဆရာညိမ်းနှင့် ကုသကြည့်ဖို့ ပြောသည်။

ယောကျ်ားကြီးတွေက မြန်မာဆေးကို သာ အားထား အားသန်လေ့ရှိသည့်အတိုင်း ပြောလာခြင်း ဖြစ်၏။

အကြောင်းရင်းအမှန်ကို အမေ မသိအောင်ကွယ်။

သူ တကယ် ဝမ်းနေရသည်က အစာအိမ်ရောဂါ မဟုတ်၊ အိပ်ယောင်ရေး အစာမကြေရောဂါနှင့် အစာမတော် တစ်လုတ်မှ ဝင်ပျက် ရမည်အထိ နာလာသည် ရောဂါ။

အမေပြောသည့် ဆရာညိမ်း မဆီထားကို သမားတော်ကြီး ဇော်ကသော်မှ သို့ ရောဂါကို ပျောက်အောင် မကုသစွမ်းနိုင်။

အမေ မသိပေဲ့ ကိုပဲ့ ဘာကိုယ်တော့ သိနေသည်။

အိမ်အခြေအနေကို အကဲခတ်ကြည့်သည်ကခါ စီးပွားရေးအခြေအနေ အတော်ကလေး အဆင်ပြေနေပုံ ရကြောင်း အကဲခတ်မိရသည်။

သူ့ကိုစွ အတွက် ယောကျ်ားတော်ကြီးကို ကိုင်တွယ် ပြောရမလား။ အစ်မ ဖြစ်သူက ဝန်ဆင့်ပြောရမလား ဆိုသည်ကိုမူ ဝေခွဲမရသေး။

အစ်မက တစ်ဆင့် ပြောလျှင် ယောက်ဖတော်ကြီးက သူတို့မိသားစုအပေါ် တစ်ပျိုး ထင်သွားမလား။ အစ်မဖြစ်သူ ပြောတာ မပြည့်စုံရင် သံသယ ထင်စရာ အပြစ်မြင်စရာမျိုးများ ဖြစ်သွားလေမလား။

ကိုလည်း သည်းခံ ကြားရသည်။

အစ်မ သိသွားရင် အမေ့ကားသို့ ပေါက်ဘူးဟု မပြောနိုင်။ အေးခမ်းနေသည့် သူတို့၏ မိသားစုမိုးမြေလေးတွင် သူအတွက်ကြောင့် ပြဿနာ တက်ရသည်ကို

www.burmeseclassic.com

www.burmeseclassic.com

မဖြစ်စေချင်။

သူပြန်ရောက်ပြီး သုံးရက်မြောက်နေ့တွင် ယောက်ဖတော်ကြီးရှိရာ လုပ်ငန်းခွင်သို့ လိုက်သွားပြီး သူ တွေ့ကြုံနေရသည့် အခက်အခဲပြဿနာကို ယောက်ဖတော်ကြီးအား ပြည့်ပြည့်စုံစုံ ပြောပြပြီး ယောက်ဖတော်ကြီးမှ အကူအညီပေးနိုင် မပေးနိုင်နှင့် အကူအညီပေးမည့်ဌေးကြေးကို သူဖဲ့ဆပ်သွားမည် ဖြစ်ကြောင်းကိုပါကတိကဝတ် ပေးစကားပြောရသည်။

ယောက်ဖတော်ကြီးက သူတို့အိမ်တွင်းရေးကိစ္စကို ဘာမှမပြော။ ဌေး ဘယ်လောက်လိုမည်သာမေးသည်။

သုံးလေးထောင်လောက် ဆိုလျှင် သူ လုည်သာပဲသာရှိမည့်အကြောင်းပြောရသည်။

ယောက်ဖတော်ကြီးက ဌေးငါးထောင် ပေးလိုက်မည့်အကြောင်း၊ လုပ်ငန်းထဲတွင် ဌေးငါးသောင်းကျော် ဝင်နေသောကြောင့် လောလောဆယ် သွလက်ဝယ်တွင် ဌေးမရှိသေးကြောင်း၊ တစ်ပတ်ကျော်ကျော်လောက် စောင့်ရင် ဌေးပေါ်လာစရာ ရှိကြောင်း ပြောသည်။

သူက သူစောင့်နေမည့် အကြောင်းနှင့် ထိုကိစ္စကို အမေနှင့်အစ်မတို့ကို ဘယ်လို ထိုဌေးကို ခေတ္တလှည့်ဌေး အဖြစ် သူယူထားကြောင်း၊ ကတိစာချုပ် ချုပ်ပေးထားပါ မည်ဟု ပြောလိုက်ရသည်။

ယောက်ဖတော်ကြီးက စာချုပ်ပေချုပ်တွေ လုပ်စရာ မလိုကြောင်းနှင့် သူ၏ ကူညီမှုကို အသိအမှတ်ပြုထားဖို့သာ လိုကြောင်း ပြောသည်။

ရင်ထဲမှာ အဟော်ကြီး ပေါ်ပါးသွားသည်။

တစ်ပတ်ကျော်ကျော် မိခင်ကြီးနှင့်အတူ ကြည်ကြည်သာသာ နေထိုင်ပြီး ရန်ကုန်သို့ ပြန်ခဲ့သည်။

ပထမတော့ ယောက်ဖတော်ကြီး မှာလိုက်သည့် အတိုင်း အိမ်ကို ပြန်မည်ဟု စိတ်ကူးလိုက်သေးသော်လည်း မိဘတွေကို ပုံပိုးထောက်ပံ့သည်ဟူသော သူတို့၏ စွပ်စွဲချက်ကို ဝန်ခံဘိသို့ ရှိမည်ဖြစ်သောကြောင့် အိမ်ကို မပြန်တော့ဘဲ ဦးကြည်မောင်တို့ အိမ်သို့ပင် ခြေဦးတည့်ခဲ့ရသည်။

ဦးကြည်မောင်ကရောက်ရောက်ချင်း ဘာမှမပြော သော်လည်း နောက်တစ်နေ့တွင် ချယ်ရီနှင့် တွေ့ခဲ့ပြီး သည့်အကြောင်းပြောပြသည်။

"ဦးလေးအနေနဲ့ကတော့ ချယ်ရီ ဘာတွေပြောလိုက် ပြန်ပြောလည်း အကြောင်းထူးမှာ မဟုတ်လို့ ပြန်မပြော တော့ပါဘူး။ ကိုလွင်ဦး အိမ်ထောင်ဘက် အရွေးမှားသွားပြီလို့ပဲ အတိုချုံး ပြောချင်တယ်။ ဒါလောက်ဆို ကိုလွင်ဦး သဘောပေါက်ပါလိမ့်မယ်။ ဘာဆက်လုပ်သင့်ကြောင်းပဲ ဦးလေး ပြောချင်တယ်။ နောက်ထပ် ရုံးမိန့် မထွက်မချင်း ဦးလေးတို့နဲ့ပဲ နေဦးပေါ့"

အိမ်ထောင်မှု ဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုးဆိုရိုးစကားများမှာ ပေါ့ပေါ့တန်တန် သဘာမူ ရမည့် ဆိုရိုးစကား မဟုတ်။

ထိုဆိုရိုးစကားမှာ သူနှင့် တိုက်ရိုက်သက်ဆိုင်နေပြီ။

မျက်လုံးနှင့် နှလုံးသားကိုသာ အလေးပေးပြီး ရွေးချယ်ခဲ့သည့် လက်တွဲဖော်မှာ စံစရာရှိအတူ၊ ခံစရာရှိအတူး လက်တွဲဖော်လို သဘောထား မရှိ။

ဟိုစဉ်ကဦးနှောက်အသိနှင့် ဝေဖန်ပိုင်းခြားမှု အားနည်းခဲ့သည်။

ခုတော့ နောက်ပြင်ရန် ခက်သည့် အဖြစ်မျိုးနှင့် ထိပ်တိုက် ကိုးရတော့မည်။

ဒါပေါင် အချုပ်ထဲ၊ ထောင်ထဲကို မရောက်သေး လို့ ရောက်များရောက်ခဲ့ရင် ဘယ်လိုနေလိမ့်မည်ကိုအတွေး ဆိုစရာ မလိုတော့။ ကိုယ့်လမ်းကိုယ်လျှောက်ပြီး ကိုယ့်ပြဿနာ ကိုယ်ရှင်းရမှာ သေချာသည်။

ထားဘိတော့၊ အဲဒီပြဿနာကနောက်၊ အရင်ရှင်းရမည်က လုပ်ငန်းခွင်ပြဿနာ။

လောလောဆယ် သွားမတွေ့သင့်ကြောင်း ဦးကြည်မောင် အကြောရှိလာသည်မှာ အကြောင်းရှိလိမ့်မည်။

အဲဒီအကြောင်းက ရှိုးရှိုးမဟုတ်သော ထူးထူးခြားခြား အကြောင်းဖြစ်လိမ့်မည်။

မကွေ့တော့ရန် ဆုံးဖြတ်လိုက်သည်။

ဦးကြည်မောင် ပြောသည့်အတိုင်း နောက်တစ်နေ့ကစ၍ ဥပုသ်စောင့်ပြီး ဓရုက် အဓိဌာန်ဝင်ရန် ပြင်ဆင်လိုက်သည်။

မနက်စောစောပိုင်း ရေချိုးသန့်စင်ပြီး ဦးကြည်မောင်တို့အိမ်ကို ဆွမ်းခံကြွသည့် ဦးပဉ္စင်းထံမှ သီလယူသည်။

မနက်ထမင်းစားမည့် အချိန်မရောက်မီ ပက်လက်ကုလားထိုင်တွင် ထိုင်လျက် ပုတီးစိပ်သည်။

(ရွှေလဆက်ရန်)

ကျော်မြသန်း

www.burmeseclassic.com

www.burmeseclassic.com

ကံဆိုးလှသည့် သေဆုံးမှု

မလေးရှားနိုင်ငံ၊ ဘူကစ်မာကာချင် မြို့၌ အသက် ၇၀ နှင့် အသက် ၄၄ နှစ်အရွယ် သားအမိနှစ်ဦးတို့သည် မနက်ပိုင်း ကျန်းမာရေးလေ့ကျင့်မှု အစီအစဉ်အရ ပန်းခြံသို့ ပရိုတွန်ဆက်တော်ကားဖြင့် မောင်းနှင်သွားစဉ် မိတာ ၁၀၀ ခန့်အရောက် အုန်းပင်တစ်ပင် ပြိုလဲကျကာ ကားပေါ်ရောက်လာခဲ့သည်။ ဤဖြင့် သားအမိနှစ်ဦး အသက်ဆုံးရှုံးခဲ့ရသည်။

ကယ်ဆယ်ရေးသမားနှင့် မီးသတ်သမားများက သူတို့၏ နှစ်အလောင်းများကို ဆွဲထုတ်ကာ ဆေးရုံသို့ ပို့ပေးလိုက်ရသည်။ အသက် ၄၂ နှစ်အရွယ်ရှိ သားနှင့် အသက် ၇၀ အရွယ် ဖွေးမတို့က သူတို့မိခင်သည် မုဆိုးမပြစ်ပြီး နေ့စဉ်လေ့ကျင့်ခန်းမပျက်မကွက်ပြုလုပ်ကြောင်း၊ ပန်းခြံသို့သွားဆဲ ရှိကြောင်း သတင်းထောက်များကို ရှင်းပြသည်။ ဝိန်ခြည်နှစ် တာဝန်ရှိသူများက ရင်းဂစ် ၂၀၀၀ အကူအညီပေးခဲ့သည် ဆို၏။

မောင်ကောင်းသဉ်

Ref: The Star 29.1.13

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

စိန်တောက်အဝတ်လဲပြီး အပြင်ထွက်လာ၏။

စိန်တောက်ထွက်အလာကို စောင့်နေသော စစ်ကိုင်းသား ဖြူခဲနှင့် ဂြိလ၊ ထန်မန်းတို့က–

"ဆာဂျင်ကြီး ... ကျွန်တော်တို့ အားလုံးကို ရာထူးတစ်ဆင့်တိုးပေးဖို့ မကြာခင်အော်ဒါထုတ်ပေးမယ်လို့ ခရိုင်ဝန်က အမိန့်ရှိလိုက်ပါတယ်"

"ဟေး ... ဟုတ်လားကွ"

"ဟုတ်ပါတယ် ဆာဂျင်။ ကျွန်တော်တို့နှစ်ယောက်စလုံးရော့မှာ ခရိုင်ဝန်က ပြောတာပါ"

ဂြိလ၏ အစီရင်ခံစကား မှန်ကန်ကြောင်း၊ တန်မန်းကလည်း ထောက်ခံပြောလိုက်ပြန်သည်။

"နာဂတောင်တန်း စီမံကိန်းထဲမှာ သွပ်မိုးအိမ်တွေဆောက်ပေးဖို့ သွပ်တွေလည်းပါလာပါတယ် ဆာဂျင်။ လောလောဆယ် သွပ်တွေကိုတော့ စစ်ပိုရွာမှာပဲ ထားခဲ့ကြသေးတယ်၊ မိုးမကျမီ သူကြီးအိမ်တွေကို စံနမူနာပြ အရင်မိုးပေးကြရမယ်လို့ပြောပါတယ်"

"ဟေ့ ... ဂြိလ၊ မင်းတို့လူတွေက လက်ခံပဲ့မလား။ သံအောက်မှာ လူမနေကောင်းဘူးလို့ ငါတို့စခန်းကို မိုးတုန်းက မင်းတို့သူကြီးပဲ ပြောသေးတယ်လေ။ သွပ်အစား ဆားနဲ့စောင်က အဓိကဆိုတာ မင်းခရိုင်ဝန်ကို မပြောပြဘူးလား ဂြိလ'ရဲ့"

"မပြောခဲ့တော့ဘူး ဆာဂျင် ...။ အကြောင်းက ဒီလိုပါ။ အရင် ခန္တီးမှာ စီမံကိန်းအရ သွပ်မိုးအိမ်ဆယ်လုံးလောက် အစိုးရက ဆောက်ပေးတာ။ အစက တော့ ဒီလိုပဲ သံအောက်မှာ လူမနေကောင်းဘူးဆိုပြီး နာဂတွေ ဘယ်လူမှ မနေကြဘူးလေ။ နောက် အစိုးရဝန်ထမ်းတွေ နေနေကြတာကြာတော့ ကောင်းမှန်းသိလို့ သူ့ဆောက်ပေးပါ၊ ငါ့ဆောက်ပေးပါ ဖြစ်လာကြတာ ဆာဂျင် ကြီးကြားမှာပေါ့"

"အေးကွာ။ ဒီလိုပဲ တို့ညီမှာလည်း တဖြည်းဖြည်း စည်းရုံးယူကြရမှာပေါ့"

"သူကြီးကိုလည်း ကျွန်တော်တို့ ပြောပါ့မယ်။ သူလည်း ခန္တီးရောက်မှုးတာပဲ။ ခန္တီးက နာဂတွေ ခု သွပ်မိုးအိမ်မှာ နေသားကျနေကြပြီ"

"အေးကွာ။ မင်းတို့ဒီတစ်ခေါက် ခန္တီးဆင်းသွားကြတာ ငါတို့ရာထူးတိုးကြမယ်ဆိုတော့ မင်္ဂလာသတင်းပဲ။ အဲဒီတော့ ဒီညနေ ..."

"အဟမ်း ... ဟမ်း ... ဟမ်း .. နောက် မင်္ဂလာသတင်းတစ်ခု ပါပါသေးတယ် ဆာဂျင်ကြီး။ ကျွန်တော်လည်း ခန္တီးရောက်လို့ ဒီကောင် မောင်းတွေ့ သံတွေဝယ်တော့မှ မေးလို့ ပြောပြတယ်။ တကယ့်လျှိုဂုက်တဲ့ အကောင်ဗျ၊ သူငယ်ချင်းချင်းတောင် ကြိုမပြောဘူး"

"ဟေး ... ဘယ်လို မင်္ဂလာသတင်းလဲကွ တန်မန်း"

တန်မန်းက ဂြိလဘက် မေးငေါ့ပြပြီး ရယ်နေ၏။

ဂြိလကမူ ခေါင်းငဲ့ပြီး ပြုံးစိစိလုပ်နေ၏။

(စာတ်သိမ်းပိုင်း)

ကျားမွဲနှင့် ကြံ့လိုက်ပွဲ



www.burmeseclassic.com

www.burmeseclassic.com

"ဟင် ... ဂြိလ၊ မင်းက မောင်းတွေ့၊ သံထည်တွေ ဝယ်လာတယ်ဆိုတော့ မိန်းမယူတော့မယ်ပေါ့ဟုတ်လား။ ဘယ်ရွာသူလဲကွ၊ ပြောပါဦး"

"ဒီရွာကပါပဲ ဆာဂျင်ကြီး"

"တယ်ဟုတ်ပါလား။ မင်းတို့ရိုးရာ"

"ဟုတ်ဆို ... ဒီကောင်ညည ကင်းကနေ ပျောက်ပျောက်သွားတာ ပန်ကို သွားနေတာကိုး ဆာဂျင်ကြီး"

"အေး ... မင်းမိန်းမယူတာက တော့ အကြောင်းမဟုတ်ဘူး။ နှစ်ဦးနှစ်ဖက်အဆင်ပြေအောင်လည်း မင်းတို့ရိုးရာနဲ့အညီ လုပ်ကြနော်။ အတော်ကြာ ငါတို့ တော့ နာဂအောင်းလုံကြီး အစုးမခံနိုင်ဘူးနော်"

"စိတ်ချပါဆာဂျင်။ ကျွန်တော်တို့ အချင်းချင်း နားလည်အဆင်ပြေပါတယ်"

"မင်းတို့ချင်း အဆင်ပြေတာက တော့ ဟုတ်ပါပြီ။ ငါနဲ့ သူကြီးကလည်း အဆင်ပြေမှနော်။ ခုသူကြီးရောက်လာတော့ မင်းတို့က သူကြီးကို အကျိုးအကြောင်း ကြိုကြိုတင်တင် ပြောပြထားကြဦး"

ယခု ဂြိလာမှာ နာဂအမျိုးသား ရဲတစ်ယောက်ဖြစ်သဖြင့် နာဂအမျိုးသမီးတစ်ယောက်ကို အိမ်ထောင်ဖက်ရွေးသည်မှာ ဘာမှ ကန့်ကွက်ပြောဆိုစရာ မရှိသော်လည်း နာဂတို့မှာ တစ်နယ်နှင့် တစ်နယ်၊ တစ်မျိုးနွယ်နှင့် တစ်မျိုးနွယ် ဓလေ့အယူအဆ ကွဲပြားမှုရှိကြသဖြင့် စိန်တောက်က စိုးရိမ်၍ ပြောခြင်းဖြစ်သည်။

နာဂအမျိုးသမီးသည် ယခင်က သူတို့မျိုးနွယ်စုကိုသာ လက်ထပ်ယူကြသော်လည်း ယခုအခါ ပြည်နယ်ပြည်မ ကူးလူးဆက်ဆံမှု၊ ပြည်ထောင်စုအစိုးရတို့၏ အရာထမ်း၊ အမှုထမ်းတွေကလည်း သူတို့ဒေသတွင် အခြေချနေထိုင်လာကြမှုတို့ကြောင့် ရှမ်း၊ ချင်း၊ ကချင်၊ ဗမာ စသော တိုင်းရင်းသားများနှင့်ပါ အိမ်ထောင်ပြုလေ့ရှိလာကြသည်။

အမျိုးသမီး အပျိုလေးများမှာ ရည်းစားသနံ့ရှိနေသည်ကို မိဘများအား ဖွင့်မပြောရဲကြ။ ပန်မှာ၊ တောထဲမှာ၊ သို့မဟုတ် အမျိုးမဟုတ်သော တခြားအိမ်တစ်အိမ်အိမ်မှာသာ ချိန်းတွေ့တတ်ကြသည်။ ယောကျ်ားလေးဘက်က မိန်းကလေး၏ မိဘများဆီတွင် သွားတောင်းကြ၍ သဘောတူလျှင် လက်ထပ်နိုင်ကြသည်။

မိဘက သဘောမတူလျှင် ဘိုးဘွားများက သဘောမတူ၍လည်း မရ။ မွေးချင်းမောင်နှမ ခြောက်ယောက်ထဲက လေးယောက်တူ၍လည်း မရ။ အားလုံး သဘောတူကြမှ လက်ထပ်နိုင်ကြသည်။ မိဘက သဘောတူသော်လည်း တခြားသားသမီးများက သဘောမတူလျှင် ဆွေမျိုးများကပါ ဝိုင်းပယ်ထားတတ်ကြသည်။ ထိုပြဿနာမျိုးဖြစ်လာလျှင် နှစ်ဘက်ဆွေမျိုးမိဘတွေက ညှိနှိုင်း၍ ဖေ့စပ်ကြရသည်။

မိဘသဘောမတူဘဲ လက်ထပ်ပေါင်းသင်းကြလျှင် မိဘက သမီးကို ရိုက်နှက်ဆုံးမနိုင်သည်။ သူကြီးနှင့် ရွာလူကြီးတို့ဆီမှာ ဂုဏ်သရေဖျက်မှု၊ အိမ်နတ်စိတ်ဆိုးအောင်လုပ်မှုနှင့် တရားစွဲနိုင်သည်။ ထိုအမှုမျိုးမှာ ကွဲ၊ နွား လျော်ကြေးပေး၍ ပင် မရ။ ငွေသားဒဏ်းတစ်ရာ၊ နှစ်ရာ တောင်းလေ့ရှိ၏။

အိမ်ရှင်သဘောမတူသော အိမ်မှာ အိမ်ရှင်မရှိခိုက်၊ အိမ်ရှင်တောင်ယာသွား နေခိုက် လာအိပ်ကြလျှင် အိမ်စောင့်နတ်စိတ်ဆိုးအောင်လုပ်သည်ဟု လျော်ကြေးတောင်းတတ်သည်။ မိဘနှစ်ဖက်က သဘောတူ၍ လက်ထပ်ကြသောအခါ ယောကျ်ားလေးသည် ဇနီးသည်၏ မိဘ အိမ်၌ ငါးနှစ်၊ ခြောက်နှစ်၊ ခုနစ်နှစ်ခ အလုပ်အကျွေးပြု၍ နေရ၏။ သားသမီ ထွန်းကားလာလျှင်တော့ သုံးနှစ်၊ လေးခ နှင့်လည်း အိမ်ခွဲဆင်းခွင့်ပြုကြရ၏။ ဤ အိမ်ခွဲဆင်းသောအခါ အိမ်ခွဲနေကြမည် သမီးနှင့်သမက်ကို အိမ်၌ မွေးထားသော ကြောက်၊ ဝက်တို့ကို တစ်ဝက်ခွဲပေးလိုက်ရသည်။ ဤသည်မှာ အသွင်းမပေးနိုင် များအတွက်သာ။

ယခင်အခါက မိန်းကလေးကို တောင်းလျှင် ကျွဲတစ်ကောင်၊ မောင်း လုံး၊ ယောကျ်မထီးအတွက် ဓားတစ်ထ ယောကျ်မမိန်းမသူအတွက် စောင် ထည်၊ သို့မဟုတ် ထိုပစ္စည်းတွေနှင့် မျှသော ကာလတန်ဖိုးငွေကြေးကို လျှင်လည်းရသည်။ ထိုသို့ တင်တော နိုင်သူများသည် ဇနီးသည်ကို မိမိ မိဘအိမ်သို့ ခေါ်လာနိုင်၏။ သူတို့ ကို မိဘအကျမပါဘဲ ရပ်တည်နိုင် ဟု ခွင့်ပြုလိုက်ကြသည်။

ဤသို့ သူတို့၏ အစဉ်အလာ ကို ကြားထား။ သိထားသဖြင့် ယခု သည် မောင်းတစ်လုံးနှင့် ဓားလုပ်လ တို့ကို ခန္ဓီးက ဝယ်ယူလာခြင်းဖြစ် ကျွဲတစ်ကောင်မှာ လက်ရှိပေါက် ၃၅၀၀/-၊ ၄၀၀၀/-ဆိုတော့ ဂြိလာ နိုင်သဖြင့် သူ့ဇနီးအသစ်စက် ယောကျ်မအိမ်က ခေါ်လာနိုင်သည်

ကွမ်းဖိုးတောင်းသည့်ကိစ္စမှာ ခါတစ်ခါ ပြဿနာရှိတတ်၏။ ကလေးရှင်က ၅၀၀/ ၆၀၀ တင်တော ဝိုင်းသောအခါ မပေးနိုင်၍ မပေးစာ ပြဿနာရှိသည်။ ထိုအခါ ကြာ ဝင်ရောက်၍ ဖျန်ဖြေသဖြင့် ၄၀၀/ နှင့်လည်း ကျေအေးပေးစားကြပြီး

အချို့ဒေသတွင် မိဘက သ တူ၍ ပေးစားကြသော်လည်း မတင်နိုင်လျှင် မင်္ဂလာမဆောင

www.burmeseclassic.com

www.burmeseclassic.com

ကလေးတစ်ယောက်၊ နှစ်ယောက်ရသည် အထိ မင်္ဂလာမဆောင်ဖြစ်ကြသေးသော အိမ်ထောင်နှံများလည်း ရှိကြသည်။

ယောကျ်ားလေးဘက်က တောင်းခံလက်ထပ် ပေါင်းသင်းနေထိုင်ကြပြီးမှ ကွာရှင်းလျှင် မိန်းကလေးဘက်က တရားခွဲနိုင်သည်။ မိန်းကလေးဘက်က အမှားရှိလျှင်လည်း ယောကျ်ားလေးဘက်က တရားစွဲနိုင်၏။ ထိုသို့ဖြစ်လျှင် ရှုံးသူက နိုင်သူကို နွားတစ်ကောင်၊ သို့မဟုတ် နွားတစ်ကောင်ထက်ပိုသော လျော်ကြေးကို ပေးရသည်။

ထိုသို့ကွဲကြရာ၌ သားသမီးငယ်သေးလျှင် အဖိုက ရှုံးရှုံးနိုင်နိုင် ယူသွားနိုင်၏။ သို့သော် ကြီးလာလျှင် အဖကိုပြန်ပေးရ၏။ သားဖြစ်ဖြစ်၊ သမီးဖြစ်ဖြစ် အဖေကသာ ပိုင်သည့်သဘောပင်။

မိန်းကလေးဘက်က အမှားအချွင်းရှိ၍ ကွာရှင်းကြလျှင် ယောကျ်ားဆေးဘက်က တင်တောင်းထားသော ပစ္စည်းတွေကို ပြန်ပေးရသည်။ ထိုသို့အပြီးလျှင် မိန်းကလေးက သူနှစ်သက်သော ယောကျ်ားတစ်ယောက်ကို လက်ထပ်ယူခွင့်ရှိသည်။ ယောကျ်ားလေးကလည်း ကွာလိုက်သောမိန်းမဘက်က သောပစ္စည်းနှင့် နောက်တစ်ယောက်ကို ထင်တောင်းသည်။ ယောကျ်ားဘက်က အမှားရှိလျှင်တော့ တင်တောင်းထားသော ပစ္စည်းများကို တစ်ခုမှ ရပိုင်ခွင့်မရှိဆော့။

လင်ယောကျ်ား သေဆုံးသွားလျှင် မိန်းကလေးသည် သူ၏ညီ၊ သို့မဟုတ် သူတို့ကို ယူရ၏။ သဘောတူတူ၊ မတူတူ လေ့ထုံးစံအရ ယူရ၏။ ညီမှာ မိန်းမရှိနှင့်လည်း မရီးကို ယူကိုယူရသည်။ ညီသေဆုံးသွားလျှင်လည်း အစ်ကိုက ခယ်မကို ယူထားရ၏။ လက်ရှိမိန်းမနှင့် သားယောကျ်ားမမွေးလျှင် မယားကြီးကို ခွင့်တောင်း၍ နောက်မိန်းမတစ်ယောက် ယူနိုင်သည်။ ရှိးရာဓလေ့ဖြစ်သဖြင့် မယား နှစ်ယောက်ကလည်း တစ်ယောက်ကို တစ်ယောက် ခွင့်လွှတ်ကြသည်။ ထို့ကြောင့် မယားကြီး၊ မယားလတ်၊ မယားငယ် အတူနေကြသည်။ များသောအားဖြင့်မူ စားဝတ်နေရေးကြောင့် သားယောကျ်ားလေး မထွန်းကားလျှင်လည်း နောက်မိန်းမ ထပ်မယူသူက များသည်။

ဤကဲ့သို့သော ဓလေ့ရိုးရာရှိထားသည်ကို သိထားသော စိန်တောက်က ယခု သူ့တပည့်ကြီး ဂြိလကို သေချာအောင် မေးရသည်။ ပြဿနာတစ်စုံတစ်ခုဖြစ်ပေါ်လာလျှင် ယခုလက်ရှိမှာ လူကြီးမိဘဖြစ်သူက စိန်တောက်ဖြစ်နေသည်။ သည်ကြားထဲ ဂြိလမိန်းမယူတော့မည်ဟု **အားလုံးသိသွားကြသောအခါ ပိုင်းနောက်ပိုင်းပြောင်၍** တဟားဟားဖြစ်နေကြ၏။ ထိုအထဲ ဘုက်ထီးကိုလည်း အဆစ်ထည့် ပိုင်းနောက်ကြသေးသည်။

"ဂြိလ ... မင်းယောကျ်မက နွားတစ်ကောင်၊ ကျွဲတစ်ကောင်၊ ဝက်တစ်ကောင် တင်တောင်းရမယ်ပြောရင် ဝက်, ကျွဲ, နွားလောက်ကို စာမဖွဲ့နဲ့။ ကျွဲပက ဂါးဘားမင်းဆားမစ်(စ်)ဗျ။ **ဒီနေ့ သုတ်ကိုင်းဗိလို့ရလာတဲ့ ကြွေကြီးတစ်ကောင်ပါ** အဆစ်ထည့် တင်တောင်းပေဦးမယ်ပြောကွာ"

ဟု ရွှေခဲက နောက်၏။ ထိုသို့ နောက်ပြောင်ပြောဆိုနေချိန်မှာပင် စိုင်သား၊ စိုင်ကလီစာ နှစ်တွဲနှင့် စိုင်ခေါင်းနှစ်ခေါင်းကို တစ်ယောက်တစ်ခေါင်းစီ လက်ဆွဲကာ ဝေလွန်စွန်ခေါင်သူကြီးနှင့် ဆယ်အိမ်မှူးတို့ ရောက်လာကြသည်။

"ဟာ ... သူကြီး၊ လာ ... လာ၊ ဘာလို့ ခေါင်းနှစ်လုံးယူလာရတာလဲ။ ကျွဲပက ချို့ရရင်ပြီးပါတယ်ဆို"

"ကျအောင်းမင်းတို့ တစ်ယောက် တစ်ကောင်စီ ပစ်ကြတာဆို။ ဒါကျွဲပ်တို့ **ထုံးစံပဲလေ ...။ စိုင်ခေါင်းကြီးနှစ်လုံး** ကျအောင်းမင်းတို့စခန်းမှာ ချိတ်ဆွဲထားရင် ကြက်ခြောက်၊ ကျီးနှင်တောင် ရပါသေးတယ်လေ။ မကောင်ဘူးလား"

စိန်တောက်က ဝေလွန်စွန်ခေါင်သူကြီးကို ဘာပြောရကောင်းမည်နည်း ဟု ခဏတွေဝေသွားစဉ် –

"ဟုတ်ပါတယ် ဆာဂျင်ကြီးရာ။ သူကြီးပြောတာ မှန်ပါတယ်။ ကျွန်တော် ကြည့်စီစဉ်လိုက်မယ်"

ဟု ပြောကာ တန်မန်းက စိုင်ခေါင်းနှစ်လုံးကို သူကြီးနှင့် ဆယ်အိမ်ခေါင်းလက်ထဲက ယူသွားသလို၊ ပေါင်ပိက လည်း အသားတွဲနှင့် ကလီစာတွဲကို လိုလိုချင်ချင် ဝင်ဆွဲယူသွား၏။

ထိုအခါ စိန်တောက်မှာ အစိုးရယောကျ်ုပ်ကြေးနှင့် နာဂတောင်တန်းစီမံကိန်း၏ တစ်စိတ်တစ်ကဏ္ဍဖြစ်သည့် ဆားဝေငှေးရေး၊ စောင်ဝေငှေးအပြင် လောလောဆယ် စစ်ပို့ရွာရောက်နေသော သွပ်ပြားများနှင့် သူကြီးအိမ်ကို စံပြအဖြစ် သွပ်မိုးရေးတို့ကို ပြောပြရ၏။ မိုးတွင်းအတွက် သူတို့ရွာသူရွာသားများအား ဆားခွဲတမ်း၊ စောင်ခွဲတမ်းကိစ္စကိုလည်း ဘာမှမပြောသော်လည်း စောစောက ဂြိလအား စိန်တောက်မေးခဲ့သလိုပင် သူအိမ်သွပ်မိုးရန် ကိစ္စကျတော့ သူကြီးက ငြင်းတော့၏။

"သံအောက်မှာ လူမကောင်းဘူးလေ ဆာဂျင်။ နတ်ကြွက်မှာ မဟုတ်ဘူး။ ကျွပ်မှာ မိန်းမနဲ့ ကလေးတွေများတယ်"

သူကြီးခမျာမှာ ပြောင်တိုက်ခံရ၍ **သူညီမိန်းမကိုပါ စောင့်ရှောက်ယူထားရသူဖြစ်လေရာ ပိန်မနှင့် ကလေးများ** သည်မှာတော့ မှန်၏။ သို့သော် နတ်မကြွက်သည်ကလွဲလျှင် သူကြီးမှာ စားဝတ်နေရေးအတွက် ပူပန်ရသူမဟုတ်။

www.burmeseclassic.com

www.burmeseclassic.com

နွားနောက် အကောင် ၅၀ ကျော်နှင့် ရိုးရာပိုင်ဆိုင်မှု ယာသုံးလေးကွက်က စပါး ရနေသည်ကို စိန်တောက်သိ၏။ ပြီးတော့ တူတွေ့၊ သားတွေကလည်း အားကောင်း မောင်းသန်နှင့် အရွယ်ရောက်နေကြပြီ။ သူတို့က အလုပ်လည်းကောင်းကြသည်။ ယာထွင်ကောင်း၊ အလုပ်ကောင်းကြသဖြင့် သူသား၊ သူ့ကျေးဇူးတွေကို အိမ်ထောင်ဖက်မှန်းချင်နေကြသော နာဂပျို မေများက အများကြီး။ နာဂတို့ အိမ်ထောင်ဖက်မှာ ရှုပ်ကိုမကြည့်။ အလုပ်ကောင်းသူ တောင်ယာခွဲထွင်နိုင်သူကို သာ ကြည့်၏။ လုံမပျိုများ ထိုသို့ကြည့်တတ်ကြသလို မိဘများကလည်း ထိုနည်းလည်းကောင်းပင်။

စိန်တောက် အကြံတစ်ခုရသွားသဖြင့် သူကြီးကို ပြောရသည်။

''သံအိုးအောက်မှာ သူကြီးတို့ မနေဘူးဆိုတာ ကျုပ်သိပါတယ်။ အဲဒါကြောင့် ဝေလွန်စွန်ခေါင်ရွာအတွက် ကျုပ်ကသွပ်ပြားတွေကို မှာလိုက်တာ။ ခုဩလတို့ကို ပြည်ထောင်စုအစိုးရပေးလိုက်တာသဖြူမဟုတ်ဘူး။ သွပ်ပြားတွေကို တမင်ခွဲပေးလိုက်တာ''

''ခန္တီးက ကျုပ်အမျိုးတွေဆီ ကျုပ်ရောက်ဖူးပါတယ်။ သူတို့မိုးထားတာလည်း သွပ်လို့ပဲပြောပါတယ်။ အလွန်အေးတယ်၊ မကောင်းဘူး။ ကျုပ်တို့ရွာဆို ခန္တီးထက် အများကြီး အများကြီးအေးတယ်။ ပြီးတော့ နွင်းကျရင် မိုးမလုံဘူးတဲ့၊ သွပ်ပြားတွေပေါ်က ရေစက်တွေကျတယ်ပြောတယ်''

အမှန်မှာ သွပ်ပြားက အစိုအစွေ့ပြန်ပြီး တစ်စက်တလေကျတာကို သူကြီးပြောခြင်းဟု စိန်တောက်နားလည်လိုက်၏။

သူကြီးပြောသည်မှာ တစ်နည်းတော့ ဟုတ်သည်။ ဖက်မိုးဖက်ကာ၊ သက်ငယ်ပို့။ တောင်ထန်းရွက်ပို့။ တောင်ထန်းရွက်ကာ အိမ်များနှင့်စာလျှင် သွပ်ပို့အိမ်တွေက ဆောင်းတွင်းတွင် အေးသည်။ ဤသည်ကိုတော့ စိန်တောက် သဘောပေါက်၏။

သို့သော် သွပ်ပြားတွေကို အလျားလိုက်ခေါက်သိပ်ပြီး ဝါးလုံးလျှိုကာ အထင်းသမားနှစ်ယောက်စီ ရှေ့တစ်ယောက်၊ နောက်တစ်ယောက် ထမ်းပြီး ခက်ခက်ခဲခဲ နာဂတောင်တန်းပေါ်အရောက် သယ်လာခဲ့ကြရသလို အစိုးက အလကားပေးသော သွပ်ကိုပင် သူအိမ်မိုးရန် ဆန္ဒမရှိသော သူကြီးကို စိန်တောက်မှာ ဘာပြောရမှန်းမသိ ဖြစ်သွားပြန်၏။

သူတို့ဒေသမှာ အလွန်ချမ်းအေးပြီး ဧောင်ကလည်း လုံလုံလောက်လောက် မပေးနိုင်ရာ သူတို့မှာ မိုရိုးဖလာ မီးဖိုကို သာ အားကိုးကြရသည်။ သူတို့မီးဖိုမှာ ဒုံးဆင့်ရှိသည်။ အောက်ဆုံးအဆင့်မှာ ထင်းတုံးကြီးတွေကိုထားပြီး၊ ဒုတိယအဆင့်မှာ မီးသွေးခဲကြီးတွေကိုတင်၍ မီးမွှေးထားသည်။ တတိယအဆင့်မှာလည်း မီးသွေးခဲအသေးလေးတွေကို ထားထား၏။ ထိုအပေါ်တွင် လူအိပ်ဆင့်ရှိသည်။ ထိုမီးဖိုအပူရှိန်နှင့် သူတို့အိပ်ကြသည်။

ညသန်းခေါင်ကျော်၍ တတိယအဆင့်က မီးသွေးတွေ ပြာဖြစ်ပြီး ချမ်း၍နှိုးလာလျှင် ဒုတိယအဆင့်က မီးသွေးခဲတွေကို တတိယအဆင့်သို့ ပြောင်းတင်၍ အိပ်ရသည်။ ထို့ကြောင့် သွပ်တွေကို တားဝန်ခံယူလာကြသော ဩလနှင့် ပေါင်ပိတို့က သူကြီးကို နာဂဘာသာနှင့် စကားဝင်အောင် ဝင်ပြောကြသည်။ မည်သို့ပြော ပြော သူကြီးကမူ ခေါင်းခါလိုက်၊ ပြန်ပြောလိုက်ချည်းလုပ်နေရာ စိန်တောက်က ဩ[illegible]ပေါင်ပိတို့ကို ''နေတော့ နောက်မှ ငါကြည့်ပြောပါ့မယ်''ဟု မျက်ရိပ် မျက်ခြည်ပြ၍ ဟန့်တားထားလိုက်ရ၏။

''ဩလ ... အဲဒီသွပ်ကိစ္စ ခဏထား ဦး။ လောလောဆယ် မင်းမိန်းမတောင်မယ့်ကိစ္စ သူကြီးကို ကြိုကြိုတင်တင် နားဖောက်ထားလိုက်ကွာ။ ခုဆယ်အိမ်ခေါင်းလည်းပါတော့ ပိုကောင်းပါတယ်။ ဖြစ်နိုင်ရင် သူမိဘကို နားဖောက်ပေးပါ။ ငါလည်းလိုက်ပါပို့မယ်ပြော၊ ဘယ့်နှယ်လဲ''

စိန်တောက်က ပြောလိုက်တော့ ဩလက သူမိန်းမယူမည့်ကိစ္စ သူကြီးကို ပြော၏။ သူကြီးက(ကျအောင်မင်း)ဂုဏ်အသရေရှိ အစိုးဝန်ထမ်းတစ်ယောက်နဲ့ သူသမီးလက်ထပ်မည့်ကိစ္စ ဘယ်မိဘမှ သဘောမတူ မရှိနိုင်ပါဘူး။ သူတို့အတွက်လည်း ကိုယ့်လူမျိုး အင်္ဂါဝန်ထမ်းတစ်ယောက် ရသည်ကို ဂုဏ်ယူရမည်ဖြစ်ကြောင်း၊ ပြော၏။ သူကြီးကလည်း ဩလတို့ကြောင့် ဩလမှာ နွတ်ခမ်းငေ့မရ ဝမ်းသာသွား၏။

သူကြီးနှင့် ဆယ်အိမ်မှူးတို့ ပြန်နီးတွင် သူကြီးက ဝမ်းသာအားရနှင့် စရာပင် လုပ်ပြောသွားသေး၏။ သူ့သမီးမရှိ၍သာ ရှိလျှင် စခန်းတွင် ဇော်ထပ် တန်မန်းတို့ ပေါင်ပိတို့တစ်ယောက်နှင့်ပင် ပေးစားချင်ကြောင်း စိန်တောက်ကလည်း သူကြီးကို ဇော်ထပ်လည်း အလားအလာရှိသေးကြောင်း နှစ်ယောက်ကျွန်နေသေးကြောင်း ဇော်ပြောလိုက်သည်။

ညနေခြောက်နာရီ မထိုးမီပင် သားနှင့် ကလီစာ ရောချက်ထားသော ဟင်းအိုးကလည်း ကျက်ပြီးပြစ်ရာ ဩလ ဘယ်ချလာနိုက် အကြိုပွဲကို အာရုံဖွင့်လိုက်ကြသည်။

× × × × × ×

နောက်တစ်နေ့ မနက်မှာတော့ ဩလတို့ လားအဖွဲ့နှင့် သယ်လာကြသော

www.burmeseclassic.com

www.burmeseclassic.com

ညီတော်စုအစိုးရ၏ ထောက်ပံ့ပစ္စည်းများကို စိန်တောက်က စစ်ဆေးရ၏။ အဓိကမှာ နာဂတောင်တန်း၌ အရေးအကြီးဆုံးဖြစ်သော ဆားပင်။ ဆားထုပ်ဆယ်ဂဏန်းမှာ ပေါင် ၅၀ အလေးရှိ အထပ်းသားတစ်ယောက် တစ်နှိုင်ထုပ်များ ဖြစ်သည်။ နာဂတောင်တန်းတွင် ပိုးစောစောထုတ်သဖြင့် ပိုးသံကြားသည်နှင့် ဆားများ အစိုပြန်၊ အရည်ပျော်တတ်ရာ ဆားလွန်ခွန်ခေါင်နှင့် ပတ်ဝန်းကျင်ရွာများကို မီးမကြားမီ ခွဲတမ်းဆားပေးရန် စာရင်းသွင်းရ၏။

စောင်နှင့် အခြား တွေ့ရာကမာ အန်းသုံးပစ္စည်းများကိုပါ စိစစ်နေရာ၌ ကြွင်း တစ်မနက်ကုန်သွား၏။

ညနေပိုင်းတွင် ဂြိုလက သူ့ယောကျ်ားအတွက် ခွန်အားယင်လာသော သံပြားကို ဆားလုပ်ရန် ပန်းပဲ၊ကိုသွားသောအခါ စိန်တောက်ကလည်း ဂြိုလဓိန်းကလေးကို ကြည့်ချင်သဖြင့် လိုက်လာ၏။ လမ်းတွင် ဂြိုလက –

"ဟာ . . . ဆာကျင်ကြီး၊ ကျွန်တော့် အမျိုးသမီးကို အကြောက်ကြီးရိုက်ကြည့် မနေနဲ့နော်"

"ခုကပင် မင်းကလည်း ဖြစ်နေဦးက်တာ။ ကြည့်ဦးတာပဲကွ၊ ပဲ့ပါသွားမှာ ကြားနေတာပဲ။ ငါ့ဓွေးတဲ့မှ"

ဂြိုလက ရယ်ပြီး –

"သူက သိပ်ရှက်တတ်လို့ပါ"

ဤတစ်ခါကော့ စိန်တောက်က ဆိုမိသည်။ ဤသည်ကို ဂြိုလက ဘာ ဆောပေါက်သည်မသိ။

"ကျွန်တော်တို့ အမျိုးသမီးတွေ ဟိုဟို . . . ရှေးရှေးတုန်းကလို အကျိုမဝတ်ဘဲ မနေကြတော့ပါဘူး ဆာကျင်ကြီး"

"အေးပါ။ ငါလည်းသိပါတယ်။ တို့ ကျင်မှာနေခဲ့တုန်းက ကချင်တွေက ငါ့ကိုပြောတာ သတိရလို့ပါ"

"ဘာလဲ၊ ကျွန်တော်တို့ နာဂအမျိုးတွေ အကြောင်းလား"

"မဟုတ်ပါဘူး။ ကချင်သူငယ်ချင်းတွေက ငါ့ကိုပြောတာပါ။ မင်းတို့မောတွေ ခုနည်းနည်းယဉ်ကျေးလာကြပြီ၊ ကချင်လုံချည်တွေ ဝယ်ဝတ်တတ်ကြလို့တဲ့"

ဂြိုလက ရယ်ပြန်သည်။

သည်လိုနှင့် . . . ဆရာတပည့်နှစ်ယောက် ဝေလွန်စွန်ခေါင်ရွာထဲ ရောက်လာကြ၏။ သူ့ကိုသိနေကြသဖြင့် တွေ့သူတိုင်းက "ကျအောင်းမင်း၊ ရွာထဲလာလည်တာလား" ဟု နှုတ်ဆက်ကြ၏။ စိန်တောက်က အားလုံးကို ပြုံးပြပြီး ခေါင်းညိတ်ပြရသည်။

ကလေးများကိုတော့ သကြားလုံး တစ်ယောက်တစ်လုံးစီ ပေးရ၏။ ယူနီဖောင်းကိုရှိန်၍လား မသိ။ အတင်းလိုက်ဖမ်းဆွဲခေါ်၍ ပေးရ၏။ ယခင်က ပေးဖူးရဖူးတဲ့သူကလေးများကပူ "ကျအောင်းမင်း၊ ကျအောင်းမင်း" ဟုအော်ပြီး နောက်ကလိုက်လာကြ၏။ သူတို့လိုက်လာမှ စောစောက ဆွဲဖမ်းပေးရသော ကလေးများကလည်း အများနည်းတူ "ကျအောင်းမင်း၊ ကျအောင်းမင်း" ဟုအော်၍ ဇနာက်က လိုက်လာကြ၏။ သူအမျိုးသမီးအိမ်နားထိ လိုက်လာကြသဖြင့် ဂြိုလက နာဂလိုအော်လိုက်တော့မှ ပြန်ပြေးသွားကြသည်။

အိမ်တစ်အိုင်နားအရောက်မှာ ဂြိုလက စိန်တောက်ကို မျက်ရိပ်မျက်ခြည်ပြ၏။ အဘွားကြီးတစ်ယောက်နှင့် ဆန်အတူထောင်းနေကြသော ကောင်မလေးကို စိန်တောက်က မသိမသာ ကြည့်မိသည်။ နာဂမျိုးလေးမှာ အရပ်ပုပုပ်ပုပ်နှင့် ချစ်စရာလေးပင်။ ဂြိုလကို တစ်ချက်သာ ကြည့်ပြီး ခေါင်းငုံ့သွားကာ ဆန်ကောင်းနေ၏။ ဂြိုလက ရှက်တတ်သည်ဟု သတိပေးထားသဖြင့် မျက်လုံးမျက်ဖန်၊ နှာတံ၊ မျက်ဝန်းတို့ကိုမူ သေသေချာချာ မကြည့်ခဲ့ချဲ့။

ထိုနေရာက လွန်လာပြီး မကြာမီမှာပင် ရွာများက ပန်းပဲထုသံကို ကြားရသည်။ ထိုအသံကြားရာသို့ စိန်တောက်နှင့် ဂြိုလတို့ လျှောက်ကြ၏။ ဂြိုလကပင် ဦးဆောင်၍ ပန်းပဲဖိုထဲဝင်သည်။ နှုတ်ခမ်းမွေးကားကားနှင့် ဥပမိခုပ်ကောင်းသော နာဂအမျိုးသားကြီး တစ်ယောက်နှင့် နောက်သုံးယောက်တို့ကို ပန်းပဲဖိုထဲတွင် တွေ့ရသည်။ ဂြိုလက ဓားလုပ်ရန်လာကြောင်း နာဂလို ပြောလိုက်သည်။

စိန်တောက်နှင့် ဂြိုလတို့ကို ဆားဝေ၊ စောင်ဝေနှင့် ရပ်ရေးရွာရေးတွင်တွေ့နေကျဖြစ်သဖြင့် နေရာပေးကြ၏။ ပန်းပဲဖိုနားတွင် နာဂအမျိုးသားများ ကိုင်ဆောင်လေ့ရှိကြသော ဝါးနှင့် အဝေးပစ်၊ အနီးပစ် အောင်းလုံ့လုပ်ပြီးသား။ လုပ်လက်စများကိုလည်း တွေ့ရ၏။ သူတို့သုံးလေးဦးမှာ ပန်းပဲဖိုထဲ၌ ချေးတလုံးလုံးနှင့် ဂိုနေကြသည်။

သူတို့၏ ပန်းပဲဖိုမှာ အတော်ကြီးကို ခေတ်နောက်ကျနေကြောင်း တွေ့ရ၏။ ဤသည်မှာ လမ်းပန်းဆက်သွယ်ရေးမဆောင်းခြင်း၊ ခေတ်မီဂိုးတက်နေသော မရောက်ဖူးကြခြင်းဖြင့် သူတို့၏ ပန်းပဲဖိုမှာ ယခင်ရိုးရာအတိုင်းပင် ရှိနေသေးသည်ကို တွေ့ရသည်။

ဝါးပိုးဝါးကြီးကြီးနှစ်လုံးကို သုံးဆစ်ခန့်စီဖြတ်ပြီး နှစ်ဆစ်ကို အဆစ်ဖောက်ထား၏။ အောက်ဆုံးအဆစ်ကို မဖောက်ဘဲ ပိတ်ထားပြီး အောက်အဆစ်၏ အထက်နားတွင် လက်သန်းလောက်ရှိသော ဝါးလုံးလေးတစ်ပိုင်းကို ပြွန်တံလုပ်၍ ဝါးပိုးဝါးနှစ်လုံးစလုံးတွင် တပ်ဆင်သည်။ တစ်ထောင်လောက်အစေ့ကျွတ် ကျောက်ခဲလုံးလေးတွေကို ဖိုင်ပြီး ရွှံ့မံကာ မီးဖိသောလုပ်ထားခြင်း ဖြစ်လုံးပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com

တံလေး နှစ်ချောင်းကိုလည်း မီးမလောင်အောင် ကျောက်ခဲလေးတွေကို ရွံ့မံ၍ အကာလုပ်ထားသည်။ ထိုဝါးလုံးပြွန်လေး နှစ်ချောင်းမှာ ဝါးပိုးဝါးထဲက လေထွက်လာမည့်ပြွန်တံဖြစ်သည်။

သက်မသာသာရှိသော ကြွေမ်မာနှစ်ချောင်းသည် အဖျားတွင် ကြက်မွေးတွေကို အထပ်ထပ်သီပြီး ချည်ကြိုးနှင့် ပတ်ထားသည်။ ထိုကြက်မွေးစည်းကြိုး မာမာနှစ်ချောင်း၏ ကြက်မွေးစည်းအောက်ပိုင်းကို ဝါးပိုးဝါးခေါင်းထဲထည့်၍ လေထိုးတံလုပ်ထားသည်။ တစ်ယောက်က သစ်လုံးထိုင်စရာတစ်ခုပေါ်ထိုင်ပြီး ကြွေမ်မာလေထိုးတံနှစ်ချောင်းကို ဘယ်ညာကိုင်၍ လေထိုးပေးသည်။ ထိုအခါ ဝါးပိုးဝါးနှစ်လုံးနှင့် ဆက်ထားသော ဝါးလုံးလေးနှစ်လုံးမှ လေတရှူးရှူးထွက်လာ၏။ ထို အခါ ဖိုမှာရှိသော မီးသွေးများသည် နီရဲလာကြ၏။

ထိုမီးသွေးဖိုထဲတွင် သံပြားကိုဖုတ်ပြီး နီရဲလာသောသံပြားကို လိုသလောက် ကျောက်တုံးပေါ်တင်၍ ခုတ်ဖြတ်လိုက်သည်။ ဓားလုပ်ရန် အရွယ်တော်ဖြစ်သော သံပြားကို မီးဖိုထဲ တစ်ခါပြန်ထည့်ကာ မီးဖုတ်လိုက်ထားလိုက်ပြန်သည်။ ထို့နောက် ကျောက်တုံးခပ်ပြားပြားကြီးကြီး တစ်ခုပေါ်တင်၍ ကြွေမ်နှင့် ဝိုင်းပတ်ချည်ကာ လက်ကိုင်လုပ်ထားသော ကျောက်မာအလေးနှင့် သံချောင်း သံပြားများကိုထုရိုက်၏။ တူရောပေပါ ကျောက်မာ ကျောက်တုံးချည်းဖြစ်၏။ လိုချင်သည့်ပုံ မပေါ်မချင်း မီးဖိုထဲထည့်ဖုတ်လိုက်၊ ထုရိုက်လိုက် လုပ်ကြသည်။ သို့နှင့် ဓားပုံပေါ်လာပြီး ဓားဖြစ်လာသည်။

ဓားဖြစ်လာပြီးနောက် ပုံစံကျမကျ၊ ထုပုံထုနည်း မှန်မမှန်ကို ပန်းပဲဆရာက အထက်အောက် လှန်ကြည့်သည်။ သံသားကို စိတ်မချသေးလျှင် ထပ်ဖုတ်၊ ထပ်ထုခိုင်းသည်။ ပြီး ဓားသွားကို မြေကြီးနှင့်တိုက်ပြီး သစ်သားရေခွက်ထဲ ထည့်နှစ်လိုက်၏။ ရဲခနဲမြည်ကာ အခိုးအငွေ့တွေ ထွက်လာ၏။ အဆေးတင်ခြင်းဟု နားလည်ရ၏။ သစ်သားခွက်ထဲက ရေမှာ ဓားအပူရှိန်ကြောင့် ကပွက်ပွက်ဆူနေသည်။ တစ်မိနစ်၊ နှစ်မိနစ်လောက် ရေစိမ်ထားပြီး ပြန်ဖော်ကြည့်၏။ လိုအပ်လျှင်၊ ဆေးသားမတက်သေး၊ သံမာသေးဟုထင်လျှင် မီးဖုတ်ပြီး ထိုဓားကို ထပ်ဆေးပြန်သည်။ စိတ်ချလျှင် ဓားလာအပ်သူကိုပေးရန် အသင့်ဖြစ်သွား၏။

နာဂဓားတွေမှာ သံကောင်း၍လား၊ ပန်းပဲဆရာပဲ တော်၍လားမသိ။ အသွားဘက်က စိမ်းညို့ရောင်ထနေပြီး အလွန်မာသည်။ သစ်မြစ်၊ သစ်ဆုံး ဝါးမြစ် ဝါးဆုံတို့ကို ဘယ်လောက်ခုတ်ခုတ် ပွဲလိမ်ကောက်သွားတာ မရှိ။ ပန်းပဲဖိုနှင့် ပန်းပဲဆရာတို့ကို အမြင်နှင့်သာ ဆုံးဖြတ်ရလျှင် ဓားက ဤမျှအဆေးမာပြီး ကောင်းလိမ့်မည်ဟု ဘယ်လိုထင်စရာမရှိပေ။ သို့သော် သူတို့ဓားတွေကား အလွန်ကောင်းသည်။

ဓားလုပ်ခင်ဌေးမှာ အကြီးအသေးကို လိုက်၍ ၅၊ ၁၀ ပေးရသည်။ ဤသံသည်မှာ ပန်းပဲခရျည်း ဖြစ်၏။ ဓားအပ်သူက သံကိုယူလာရသည်။ ယခုကြီလက မင်္ဂလာကြေးတင်မည့်ဓားမှာ ဓားကြီးဖြစ်သဖြင့် ၁၀ ကျပ်ပေးရမည်ဟု ဆိုသည်။

ဓားအဟောင်းကို သလျှင် ဖိုထိုးသူ တစ်ကျပ်၊ ပန်းပဲထုသူ တစ်ကျပ်၊ မီးသွေးဖို တစ်ကျပ် ပေါင်းသုံးကျပ်ပေးရသည်ဟု ပန်းပဲဆရာက စိန်တောက်ကို ပြောပြ၏။ ကြီလ၏ မင်္ဂလာကြေးပေးရန် ဓားလုပ်သံကို ပန်းပဲဆရာကြီးအား အပ်ပြီး ကောင်းကောင်းလုပ်ပေးရန် မှာကြားပြီး ကြီလနှင့် စိန်တောက်တို့ ဓခန်းကို ပြန်လာကြသည်။

× × × × × ×

ကြီလမှာ ကွမ်းဖိုးအတင်ပေးနိုင်ရန် မင်္ဂလာဆောင်ပြီးသည်နှင့် သတို့သမီး သတို့သား၏ မိဘသဖွယ်ဖြစ်သော ဦး တောက်တို့ ပြည်ဆောင့်ရဲစခန်းကို ခေါ်သွား နိုင်သူဖြစ်သဖြင့် ကြီလတို့ ဓနိုးမောင်း အသစ်စက်စက်အတွက် စခန်းဘေးတွင် အဆောင်တစ်ဆောင်ကို ဝိုင်းကူဆောက်ကြရသည်။

စစ်ကိုင်းသား ရွှေခဲက ကြီလမိန်း ကိုခေါ်လာလျှင် ထမင်းချက်၊ ဟင်းချက် ကြီလမိန်းမအား လခပေး၍ ချက်ခိုင်းရုံ ဟု စိန်တောက်ကို လာတင်ပြ၏။ ယောင်္ကျား နှင့် ဘက်ထီးတို့ကမူ ထမင်းချက်ငှားရန် အစား ကြီလတို့လင်မယားဆီတွင် ထမင်း လခပေးစားကြလျှင် ပိုကောင်းမည်ဟု အကြံပေး၏။ ယောသား လောလူတို့ ကြီလမိန်းမက ဆီမပါ၊ ဟူးမပါ နာဂဓား ချက်ကျွေးလျှင် မင်းတို့စားနိုင်ကြမည်လား ဟု စောဒကတက်၏။ နာဂတို့မှာ ဘင်္ဂလီ ဟင်းချက်ချက် ဆီမပါသည်ကို သိထား၍ ပြော၏။

ကြီလက –

''မင်းတို့ ဟိုတုန်းကတော့ ဘာ တွေချက်တာ ကျန်းမာရေးနဲ့ ညီညွတ်တယ်ဆို။ ဆီမပါလို့ နာဂတောင်တန်းတစ်ယောက်မှ ဝိုက်ရှဲကြီးနဲ့ ဖားဆုံး လိုသွားလာနေတဲ့လူတွေ မတွေ့ရဘူး။ ငါ ငါမိန်းမရယ် ပင်းတို့က တစ်မျိုးပြန်ပြီ။ ပင်းတို့စားချင်တဲ့ ဆီနဲ့ဟင်းတာ ဘာခက်လဲ။ ငါ့မိန်းမကို ငါသင်မယ်။ အဲဒီခါမှ ပင်းတို့က နာဂဟင်းပေးပါလို့ မတောင်းဆိုကြနဲ့။ ခုကထဲ ပြောထားတယ်''

ကြီလကတည်း အားကျမခံ ပြော၏။

သူတို့ချင်း ဓနောက်ပြောင်ကြအပြီးမှာ စိန်တောက်ဘက် လှည့်ကြပြန်၏။

www.burmeseclassic.com

www.burmeseclassic.com

"ဆာဂျင်ကြီး။ ဂြိုလမင်္ဂလာဆောင်ဟာ ဆာဂျင်ကြီးက လူကြီးမိဘဆိုတော့ ဆီလာဆောင်ကို နာဂတ်စုံပြည့်နဲ့ တက်ရမယ်နော်"

ပေါင်ဝီက စိန်တောက်ကို ပြောတာ။ စိန်တောက်က -

"တက်ရမှာပေါ့ကွာ။ ကိုယ့်တပည့်ကြီး မင်္ဂလာဆောင်တာပဲဟာ။ ဒါပေမဲ့ ဆာနေတာက ဗိုက်မှာ ဝက်စွယ်လည်း မရှိဘူး ငှက်တောင်အရှည်ကြီးလည်း မရှိဘူး ဆိုတော့ ခေါင်းမှာ ဘာထိုးရကောင်းမလဲ"

"ဟာ ... ဆာဂျင်ကြီး အဲဒါဘာမှ စဉ်းစားစရာမလိုဘူး သူကြီးလာပေးထားတဲ့ စိုင်ခေါင်းစွပ်လုံးရှိတာပဲ။ တစ်လုံးကို ဆာဂျင်ကြီးဆောင်း တစ်လုံးကို ဂြိုလဆောင်း။ ငှက်အမွေးရှည်ရှည်ကလည်း မခက်ပါဘူး။ ဆောင်လောင်းငှက်ကြီးပဲဖြစ်ဖြစ်၊ ကလာဆာက်ကြီးပဲဖြစ်ဖြစ် မနက်ဖြန် ကျွန်တော်ရအောင် ပစ်ပေးပါ့မယ်။ မပူပါနဲ့"

တန်မန်းက တကယ်လိုလို နောက်သလိုလို ဝင်ပြောပြန်တာ။

ဤသည်ကို ဘက်ထီးက တန်ခုန်းကိုကြည့်ပြီး -

"အဲဒါ အရေးမကြီးဘူး။ တို့အထဲ နာပြည်စောင့်ရဲ့ နှစ်ယောက်ပါတာ ဂြိုလ်တော့ စွန်သွားပြီ။ မင်းကကော ..."

ထိုအခါ စိန်တောက်က -

"ဟေ့ကောင် ... မင်းပြောတာ ဟုတ်သေးဘူး။ တို့ပြည်စောင့်ရဲထဲမှာ ပေါင်ဝီကော ..."

"ဆာဂျင်ကြီးကလည်း။ ပေါင်ဝီက နာမှ မစစ်တာ။ ဒီကောင်က ချင်းနာဂစစ်ပဲ"

"ဟုတ်လို့လားကွ"

"ဟုတ်မဟုတ် ဆာဂျင်ကြီးမေးကြည့်လေ"

ပေါင်ဝီက ဘာမှ မပြောဘဲ ရယ်နေတာ။

"ဟုတ်လားကွ ပေါင်ဝီ"

"ဟုတ်ပါတယ်။ ကျွန်တော်မိန်းမရရင် ဆာဂျင်ကြီးတို့ နှစ်မျိုးလက်ဖွဲ့ရမယ်"

"မင်းလိုကောင်က ရဖို့များ ကိုယ့်ကိုယ်ကို ထင်နေသေးလား"

ဘက်ထီးက ဝင်ထောက်တာ။

"ဂြိုလထက်တောင် အမြန်ယူပြရမလား"

"ဟေ့ ... တကယ်လားကွ ပေါင်ဝီ"

"တကယ်ပေါ့။ ကျုပ်က ဂြိုလလို ပန်တောင်သွားစရာမလိုဘူး"

"မင်းက ပန်မသွားဘဲ ရတဲ့ ချစ်သူဆိုတော့ ဘယ်မှာလဲပြောလေ"

ဘက်ထီးက ဝင်မေးသည်။

"ခုပြောလို့ မဖြစ်သေးဘူး။ ကျုပ် ယောကျ်ားမက အတင်တောင်းရမယ့် ကွဲ၊ နွား၊ ဝက်တွေရှိနေလို့ မလိုချင်ဘူးတဲ့"

"မင်းယောကျ်ားမ ဘာလိုချင်တာလဲတဲ့"

'ကျုပ်ယောကျ်ားမက သုတ်ကိုင်းနဲ့ ထောင်လို့ရတဲ့ ကြွကြီးတစ်ကောင်ပဲ လိုချင်တယ်တဲ့။ အဲဒါ မင်းကိုပဲ အတင်ပစ္စည်းထားရမယ်လေ"

ကြေပစ်သွားရင်း နာဂသုတ်ကိုင်း မိဖူးသူ ဘက်ထီးကိုကြည့်ပြီး အားလုံးပွဲကျသွားကြတာ။

သည်လိုနှင့် ဂြိုလမင်္ဂလာဆောင်ရက်ကို ရောက်လာသည်။ လက်ထပ်မည့်ရက်ကို နာဂတို့ ဓလေ့စရိုက်အတိုင်း ရက်ရွေးကြသည်။ ဂြိုလမင်္ဂလာဆောင်မှာ စိန်တောက်တို့အဖွဲ့က ကျွဲနွဲ့ကောင်၊ ဝက်သုံးကောင်နှင့် ဧည့်ခံကျွေးမွေးကြမည်ဖြစ်ရာ ဝေလွန်စွန်ခေါင်တစ်ရွာလုံးကို မီးခိုးတိတ်ကြိတ်ကြရအောင် စီမံထားသည်။ ဝေးလွန်စွန်ခေါင်တင်မက စစ်ပို့က ရွာသူကြီးတို့အဖွဲ့၊ ကျန်းမာရေးဌာနက ကျန်းမာရေးအဖွဲ့သားများကိုလည်း ဧည့်သည်အဖြစ် ဖိတ်ကြားထားလေသည်။ နာဂတောင်တန်းကွင် ဂြိုလမင်္ဂလာဆောင်မှာ သူမတူအောင်ဖြစ်ရန် စိန်တောက်က စီစဉ်ရသည်။

ထိုနေ့မနက်တွင် နောက်အော် နာဂတို့၏ ထုံစံအတိုင်း နံနက်ခင်းတွင် သတို့သားမိဘအိမ်ဖြစ်သော ပြည်စောင့်ရဲစခန်းသို့ ဂြိုလအမျိုးသမီး ကိရဏ် အစောကြီးပေါက်ချလာသည်။ ခင်ပွန်းလောင်း မိဘအိမ်တွင် ပြုလုပ်ပေးရသည့်အတိုင်း ထင်းခွေ၊ ရေခပ်အလုပ်ကို စတီလုပ်ပြီး ဂြိုလနှင့်အတူ သူတို့နေကြရမည့်အိမ်တွင် ထမင်းလက်ဆုံစားပြီး သူမိဘအိမ်သို့ ပြန်သွားလေသည်။

ဂြိုလအမျိုးသမီး သူအိမ်ပြန်သွားသည်နှင့် ဂြိုလကို ဝိုင်းနောက် ဝိုင်းစကြတော့။ ထိုအထဲတွင် ညနေကျလျှင် သတို့သမီး ခေါ်ရန် လိုက်ပါရမည့် ဆာဂျင်ကြီး စိန်တောက်ကိုလည်း နာဂအမျိုးသားတို့၏ ဝတ်စုံပြည့်နှင့် ဧကာဇယ် အစမ်းလေ့ကျင့်ကြသည်။

ညနေတွင် ဝေလွန်စွန်ခေါင်ရွာမှ ဂြိုလသူငယ်ချင်း ကာလသားများ ရောက်လာကြတော့။ အားလုံးအသင့်ဖြစ်ကြသဖြင့် ဂြိုလ၏ ယောကျ်ားအိမ်သို့ သွားကြသည်။ စီစဉ်ထားသည့်အတိုင်း ကျဲသား၊ ဝက်သားတို့ဖြင့် တစ်ရွာလုံးရှိ မိန်းမ၊ ယောကျ်ား၊ ကလေးများပါမကျန် မီးခိုးတိတ် ကျွေးမွေးသည်။

ကျွေးမွေးပွဲတွင် ဂြိုလ၏ဇနီးလောင်း ကိရဏ်ကို ဧဏာသာ မြင်လိုက်ပြီး ပျောက်သွား၏။ စိန်တောက်မှာ သူတပည့်ကြီးမင်္ဂလာဆောင်တွင် အထစ်အငေါ့ တစ်စုံတစ်ခုမှ မရှိရအောင် သတိထားစောင့်ကြည့်နေရသူ ဖြစ်သဖြင့် ကိရဏ်ကို နောက်ထပ်လုံးဝမမြင်ရသောအခါ

www.burmeseclassic.com

www.burmeseclassic.com

ဂြိုလ်ကို မသိမသာ မေးဆတ်ပြ၍ မေးရ၏။ ဂြိုလ်ကလည်း ထူပူနေသည်လား မသိ။ စိန်တောက်မေးဆတ်ပြသည်ကို ဘာအဓိပ္ပာယ်မှ ပြန်မပြောဘဲ ရုတ်ပြီးသာ ပြုံးနေ၏။

တိုအခါ သတို့သားမိဘလုပ်ရသူ ဦးနှောက်မှာ ရင်ပူရပြန်၏။

''ဘယ်လိုပါလိမ့်။ ကိုရှင်ကများ သဘောမတူ၍ ထွက်ပြေးသွားလေ ပလား ...''

စားသောက်ပြီးသွားကြပြီ ဖြစ်သော်လည်း ဂြိုလ်၏ ဇနီးလောင်း ကိုရှင်ကို အရိပ်အရောင်မျှ မမြင်ရသဖြင့် စိတ်တထင့်ထင့်ဖြစ်နေစဉ် –

''ကဲ ... အားလုံးလည်း စားသောက်ပြီးကြပြီဆိုတော့ ကျအောင်းမင်းတို့ သတို့သမီးကို သွားခေါ်ကြတော့''

ဟု ဝေလွန်စွန်ခေါင်သူကြီးက ပြော သည်။

ထိုအခါမှ ဂြိုလ်နှင့်အတူတကွ ကာလသားများအားလုံး ထရပ်ကြ၏။ ပြီးတော့ ကိုရှင်ကိုခေါ်ရန် နာဂအပျိုးသမီး အပျိုများရှိရာအိမ်သို့ သွားကြရသည်။ သတို့သမီးလောင်း ကိုရှင်သွားနေရာအိမ်၌လည်း အကျွေးအမွေးနှင့် ဝည်ဝခံနေကြသည်။ ထိုအိမ်ရောက်တော့မှ ကိုရှင်ကို မြင်ရသဖြင့် စိန်တောက်မှာ သက်မချနိုင်တော့သည်။

ဂြိုလ်နှင့် စိန်တောက်တို့အပွဲကို ထိုအိမ်၌လည်း ခေါင်ရည်ထပ်တိုက်ကြပြန်ရာ ယဉ်ကျေးမှုအရ ထပ်သောက်ကြရပြန်၏။ ကာလသား၊ ကာလသမီးများအားလုံး ထိုအိမ်၌ ခေါင်ရည်ယစ်နေကြပြီ။

အပျိုးသမီးကြီးတစ်ယောက်က –

''ကဲ .. ခေါင်ရည်လည်းမသောက်ကြတော့ဘူးဆိုရင် နေလည်းဝင်တော့မယ်။ ကျအောင်းမင်းတို့ သတို့သမီးတို့ ခေါ်လို့ရရင် ခေါ်သွားကြတော့'

ဟု ပြောလိုက်ရာ ဂြိုလ်က အပျိုမအုပ်ထဲရှိ ကိုရှင်ကို ပြေးဆွဲသည်။ ကိုရှင်က အဆွဲမခံ ထပြေး၏။ ကိုရှင်ကို ဂြိုလ်က အိမ်ပေါ်မှာ ပြေးလိုက်ဖမ်း၏။

ကာလသား၊ ကာလသမီးများက သီချင်းဆို၍ သြဘာပေးကြ၊ လက်ခုပ်တီးအားပေးကြနှင့် တစ်အိမ်လုံး ဆူညံနေသည်။

ယခုမှ ဂြိုလ်တို့မင်္ဂလာပွဲမှာ အသက်ဝင်လှုပ်ရှားလာ၏။ ပျော်စရာလည်း ကောင်းလာ၏။ ဂြိုလ်က ကိုရှင်ကို လိုက်ဖမ်းရာ ကိုရှင်က အပျိုးသမီးအပျိုကြားထဲ ဝင်ပြေးသည်။ အပျိုမများကလည်း ဂြိုလ် ကိုရှင်ကို ဝင်မဆွဲနိုင်အောင် ကာပေးထားကြ၏။ ထိုအခါ ကိုရှင်ကို ကာပေးထားသော နာဂပျိုများကို နာဂလူပျိုတွေက ကိုရှင်ကို ဂြိုလ်ဝင်ဖမ်းဆွဲနိုင်အောင် ကာပေးထားသော နာဂပျိုများကို ဖယ်ရှားပေးကြသည်။

''ရအောင်ဖမ်း၊ ရအောင်ဆွဲ၊ ရအောင်ခေါ်ကွာ ... ရအောင်ဖမ်း''

ဟု ဂြိုလ်ကို အပျိုးသားများက ဝိုင်းအော်အားပေးကြသလို အပျိုးသမီးအပျိုများကလည်း –

''လိုက်မသွားနဲ့ကိုရှင်။ လွတ်အောင်ပြေး။ လွတ်အောင်ရှောင်၊ နင် ငါတို့ကို ခွဲမသွားပါနဲ့''

ဟု ဝိုင်းအော်ပြီး ကာထားကြသည်။

ဤသို့ဖြင့် အတန်ကြာသွားရာ ဂြိုလ်က ကိုရှင်ကို နာဂပျိုများကြားထဲ ဝင်ဆွဲပြန်၏။ ကိုရှင်က ထွက်ပြေးသွားပြီး အိမ်တိုင်တစ်လုံးကို ဖက်တွယ်ထားသည်။ အိမ်တိုင်ဖက်တွယ်ထားသော ကိုရှင်၏ လက်ကို ဂြိုလ်က အတင်းဆွဲဖြုတ်သည်။ ကိုရှင်ကလည်း ''ညရယ် ... ညရယ် ... ည ... ည''ဟုအော်ကာ အိမ်တိုင်ကို အတင်းဖက်တွယ်ထား၏။

''ကျအောင်းမင်း ... ရအောင်ရအောင်ဖြုတ်''

''ဂြိုလ ... ရအောင်ဆွဲ၊ ရအောင်ဖြုတ်ကွာ ...''

ကာလသား၊ ကာလသမီးများက ဂြိုလ်ကို ဝိုင်းအားပေးကြသည်။

ဂြိုလ်ကလည်း အိမ်တိုင်ကို ဖက်တွယ်ထားသော ကိုရှင်၏လက်ကို အတင်း ဆွဲဖြုတ်၏။ ကိုရှင်က ''ညရယ် ... ညရယ် .. ည .. ည ...''ဟု အော်ကာ ထွက်ပြေးသွားကြပြီး နောက်ဆုံး တိုင်တစ်လုံးကို ဖက်တွယ်ထားပြန်သည်။

ကိုရှင်က ''ညရယ် ... ည ... ည ... ညရယ်''ဟု အော်ခံနေခြင်းမှာ ''မလုပ်ပါနဲ့၊ မလိုက်ပါဘူး။ အမိအစ ညီအစ်ကိုမောင်နှမ၊ သူငယ်ချင်းများ မခွဲနိုင်ပါဘူး''ဟု ရုတ်ရုံသည့် အမူအရာနှင့် ဟန်လုပ်ဟန်ပြ အော်နေခြင်းသာ သည်။

ဂြိုလ်က ကိုရှင်လက်၏ကို အားဆွဲဖြုတ်နေပြန်ရာ ဤတစ်ခါတွင် ကာလသမီးများကလည်း ကိုရှင့်ကို ''လိုက်မသွားပါနဲ့၊ ငါတို့ကိုခွဲမသွားပါနဲ့''ဟု အော်ဟစ်ပြီး မဟန့်တားကြတော့ အားလုံးက ''ရအောင်ဆွဲဟာ၊ ရအောင်ဖြုတ်စမ်းပါ။ ယောကျ်ားဘသားမဟုတ်ဘူးလား။ ရအောင်ဆွဲစမ်း၊ ရအောင်ဖြုတ်စမ်း။ မိန်းမလက်ကိုတောင် မခွဲနိုင်ရင် တောင်ယာဘယ်လိုလုပ်စားမလဲ၊ ရအောင်ဆွဲ၊ ရအောင်ဖြုတ်၊ ယောကျ်ားဘသားဟေ့ ... ဟေ့ ...''ဟု အားပေးကြ၏။

အိမ်တိုင်ကိုဖက်တွယ်ထားသော ကိုရှင်က ဂြိုလ်ဆွဲဖြုတ်၍ လက်ပြတ် သွားသည်နှင့် အိမ်ရှေ့ထွက်ပြေးသွား လေကာတိုင်ကို ဖက်တွယ်ထား၏။ ကာလသားများနှင့် နာဂပျိုမေများက အားပေးကြရင်း လိုက်ပါလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ဂြိုလ်မှာ လှေကားတိုင်ကို ဖက်ဆွဲယိမ်းသော ကိရွှင်၏လက်ကို ဆွဲခြေတ်ပြေနိုင်၏။ ဂြိုလ်ဆွဲဖြုတ်၍ ကိရွှင်ဆက်ပြုတ်သွားသည်နှင့် လှေကားက ဆင်းပြေးသွားပြီး ခြေတံရှည်အိမ်အောက်က တိုင်တစ်လုံးကို ဖက်တွယ်ပြီး "ညရယ် ... ညရယ် ... ည ... ည" ဟု အော်နေပြန်၏။

အပျို လူပျိုများက ပြေးဆင်းလိုက်လာကြပြီး သူ့ဘက်၊ ကိုယ့်ဘက် ဝိုင်းအော်အားပေးနေကြပြန်၏။

"ဒီတစ်ခါ လွတ်မသွားစေနဲ့ကွ။ အောင်းဖမ်း၊ အတင်းဖက်ထား"

ကာလသားများက ဝိုင်းအော်အားပေးနေကြပြန်၏။

အမှန်မှာ ဂြိုလ်ကလည်း မနိုင်၍ မဟုတ်။ တမင်ပျော်စရာကောင်းအောင် ခံစားရအရ လွှတ်ပေးလိုက်၊ ပြန်ဖမ်းလိုက် ကစားနေသလို ကိရွှင်ကလည်း ဂြိုလ်ဆွဲဆောင်ရာသို့ မလိုက်လိုသဖြင့် ဖက်တွယ်ထားနေသည်မဟုတ်၊ တမင်ဟန်လုပ်ပြီး ခံစားခလေ့အရ ပျော်စရာကောင်းအောင် ကစားပြနေခြင်းသာ။

သည်လိုနှင့် ခြေတံရှည်အိမ်တိုင်ကို ဖက်တွယ်ပြီး "ညရယ် ... ညရယ် ည ... ည" အော်ပြီး အိမ်တိုင်ကို ဖက်ဆွဲလှည့်ပတ်ခံနေသော ကိရွှင်၏လက်ကို ဂြိုလ် မရအရ ဆွဲဖြုတ်လိုက်သည်။ ထိုအခါ ကိရွှင်က အော်၍ ထွက်အပြေး ဂြိုဏ်တောက်တို့အဖွဲ့ကပါ ဘက်ထီး၊ ချွေခဲ၊ တန်မန်း၊ ပေါင်ပီနှင့် ယောကြိုးသော လူတို့ကပါ –

"ဟေ့ကောင် ... ဂြိုလ၊ ဒီတစ်ခါ လွတ်စေနဲ့။ ဖမ်းကွာ ... ထမ်းပြေးကွာ၊ ဆွဲပြေးကွာ"

ဟု ဝိုင်းအော်ပေးလိုက်ကြရာ ဂြိုလ်လည်း ကိရွှင်ကို စွေ့ခနဲ ကောက်ချီလိုက်ကာ ပွေ့ပြေးတော့တ်။

ထိုအခါမှာတော့ နာဂပျိုမေများ ရော၊ နာဂလှလင်ပျိုများကပါ အော်ဟစ်ကောင်းချီးပေးပြီး ဂြိုလ်နှင့် ကိရွှင်တို့နောက်ကို ဩဘာပေးသီချင်းဆိုရှု ပြေးလိုက်ကြ၏။

ရွာအဆင်းလမ်းအရောက်မှာ ကိရွှင်ကို သူ့ရင်ခွင်ပေါ်ကချပြီး ဂြိုလ်က လက်ဆွဲခေါ်လာသည်။ သူတို့၏ ဇနီးမောင်နှံအသစ်စက်စက်ကို နာဂလှလင်ပျိုလုံးပျိုများက စခန်းအရောက် လိုက်ပို့ခဲ့ကြပြီး သီချင်းဆိုရှု ရွာကိုပြန်သွားကြသည်။

"ကိုကို့ဂြိုလ်ကြီး ... မင်းတို့ရိုးရာပြီးရင် တို့ရိုးရာအရလည်း ယဉ်ကျေးမှုဖလှယ်ကြတဲ့သဘောနဲ့ မင်းတို့လင်မယားကို တို့က ရွှေကြိုး၊ ငွေကြိုးတားပြီး ပုဆိုးတန်းတင် အကြင်လင်မယားအဖြစ် အသိအမှတ်ပြုရဦးမယ်။ ဒီတော့ လောလူလုပ်ကွာ။ မင်းလည်ပင်းက ရွှေဆွဲကြိုးကို ဖြုတ်၊ ငွေကြိုးမရှိတော့ သုတ်ကိုင်းကြိုးနဲ့ ဆက်ကွာ။ တို့ ဒီလင်မယားကို ကြိုးတားရအောင်။ ညီမကိရွှင်က အခန်းထဲဝင်၊ ဟေ့ကောင် ... ဟေ့ကောင်ဂြိုလ မင်း မဝင်ရသေးဘူးဟ။ အပြင်မှာနေဦး"

စစ်ကိုင်းသား ရွှေခဲက ဂြိုလ်တို့လင်မယားကို ကြိုးတားရန် အစီအစဉ်လုပ်၏။

"ထုံးစံအတိုင်း မင်းက ငါတို့ကို တစ်လခပေးရမယ်။ ဒါမှ မင်းတို့နှစ်ယောက်ကို ငါတို့က အကြင်လင်မယားအဖြစ် အသိအမှတ်ပြုမယ်။ ကဲ ... ပေးမယ်မှတ်လား။ မပေးရင် ကိရွှင်အခန်းထဲ ဒီည မင်းဝင်ကို မဝင်ရဘူး။ ဟဲ့ .. ကိရွှင်၊ နင်က ထွက်မကြည့်ရဘူး။ အခန်းထဲဝင်ပုန်းနေ"

ဂြိုလ်ကို ပြောရင်း အခန်းဝက ခေါင်းပြူကြည့်နေသော ကိရွှင်ကိုပါ ရွှေခဲက အော်လိုက်သဖြင့် ကိရွှင်မျက်နှာပျောက်သွားသည်။

"ကဲ ... ဂြိုလ၊ တို့ကို တစ်လခ ပေးမယ်မှတ်လား"

"ပေးပါစာယ်ဗျာ၊ ပေး ... ပေးပါတယ်၊ ပေးပါမယ်"

"ဖျောင်း ... ဖျောင်း ..."

ဂြိုလ်က ပေးပါမယ်ဆိုသည်နှင့် တန်မန်းက ဂြိုလ်ကို ကိရွှင်ရှိရာ အခန်းထဲအမှတ်တမဲ့ နောက်ကနေ တွန်းပစ်လိုက်ရာ ဂြိုလ်မှာ ကိရွှင်ရှိရာ အခန်းဝ၌ မှောက်ခုံလဲကျသွားလေသည်။

ဤသို့ဖြင့် ဂြိုလ်နှင့် ကိရွှင်တို့၏ မင်္ဂလာပွဲ ပြီးမြောက်သွားလေသည်။

ဖိုးကျော့

ရည်သွန်းကိုးကား မှီးငြမ်းရသော စာအုပ်များ

၁။ ဦးမင်းနိုင်
(တိုင်းရင်းသားယဉ်ကျေးမှု နိဒါန်းနှင့် အခြေစိုက်မေးခွန်းများ)

၂။ လူထုဦးလှ
(နာဂကောင်တန်း တစ္ဆေတစောင်း)

၃။ ချစ်ကိုကို
(စာရာမေတိခရီးသည်)

၄။ နာဂတောင်တန်း မောင်ကြည်ဇင်
(တောင်ပေါ်မြေမှ မြေပြန့်မန်း နာဂမြေမှ တော်လှန်ခြင်း)

၅။ နာဂတင်ဦး
(နာဂခရီးသည်)

၆။ မနုဿကျော်ဝင်း
နောက်အော်နာဂ (အမျိုးသားစာပေဆုရ စာအုပ်)
ဦးကျော်ဝင်း ယဉ်ကျေးမှုဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏
(တိုင်းရင်းသားယဉ်ကျေးမှု စာစဉ်)

www.burmeseclassic.com

www.burmeseclassic.com

နှစ်(၂၀)က USA မှ အမိုင်းဝင် ဝါကိုအရေး ပစ်ခတ်နိမ်နင်း

၁၉၉၃ ခု USA တက်ဆက်နယ်တွင် ပြည်တွင်းအကြမ်းဖက် နိမ်နင်းမှုကြောင့် လူအများဆုံး သေဆုံးခဲ့ရသော သမိုင်းဝင် ဝါကို(Waco) နိမ်နင်းမှုသည် ထိုနှစ် ဖေဖော်ဝါရီတွင် ဖြစ်ခဲ့ရသည်။ သို့ဖြစ်၍ ပါဝင်ဆောင်ရွက်ခဲ့ရသော အရက်၊ ဆေးရွက်ကြီးနှင့် ဓားသတ်အဖွဲ့ဝင်ဟောင်းများနှင့် ခံစားခဲ့ရသောသူများ အောက်မေ့ဖွယ်နှစ် (၂၀)မြောက်နေ့ကို တက်ဆက်တွင် ကျင်းပခဲ့သည်။

ကမ္ဘာပျက်မည်ဟု ယုံကြည်သော ခေါင်းဆောင်ဒေးဗစ်ကိုရှစ်ခ်နှင့် အဖွဲ့ဝင်များသည် ဘရန်ဒေဗာ်ချန့် အိမ်ပိုင်းကြီးတွင် စုပေါင်းနေထိုင်ကြသည်။ ၎င်းတို့တွင်လည်း လက်နက်ကြီးငယ်မျိုးစုံ လက်ဝယ်ထားရှိကြောင်း သတင်းရသဖြင့် ပြည်နယ်အစိုးရက ရှာဖွေခွင့်ဝရမ်းဖြင့် ထိုကွန်ပေါင်းအတွင်း ရှာဖွေစဉ် ပစ်ခတ်မှုဖြစ်ပွားပြီး ATF အေးဂျင့် (၄)ဦး သေဆုံးကာ (၁၆)ဦး ဒဏ်ရာရခဲ့ပြီး၊ အယူသီး (ဒေးဗစ်ကို ချစ်ဒ်အဖွဲ့ဝင်) အဖွဲ့ဝင် (၅)ဦး သေဆုံးခဲ့ရသည်။ (၅၁)ရက်ကြာ ထိုကွန်ပေါင်းကို ဝိုင်းရံထားပြီး ညှိနှိုင်းသော်လည်း မရသည့်အဆုံး FBIO ဦးဆောင်မှုဖြင့် ကွန်ပေါင်းအတွင်း မျက်ရည်ယိုငှဲ့ ပစ်သွင်းကာ နံရံကို တင့်ကားဖြင့်တိုက်၍ ဖျက်ဆင်ခဲ့သည်။ ဒေးဗစ်ကိုချစ်ဒ်နှင့် အဖွဲ့ဝင်တို့ကလည်း ၎င်းတို့ရှိ M-60 စက်သေနတ်၊ AK-47 စသည်တို့ဖြင့် ခုခံပစ်ခတ်ခဲ့ရာ ပစ်ခတ်မှုအကြိမ်ပေါင်း (၁၂၀၀)ဖြစ်ပြီးနောက် ဘရန်ဒေးဗစ်ချန့် ကွန်ပေါင်းကြီးနှင့် အိမ်ကြီးတို့မှာ ပြာပုံဘဝ ရောက်ခဲ့ရသည်။ ဤကြောက်ဖွယ်ဖြစ်ရပ်မျိုးသည် USA သမိုင်းတွင် အထင်ကရဆုံးဖြစ်ခဲ့ရာဇဝတ်သည်။ ထိုဝါကိုအရေးနှင့် ဆက်နွယ်ပြီး USA မှ အီရတ် ရက်(၁၀၀)စစ်ပွဲပြန် သူရဲကောင်းတပ်ကြပ်ကြီး ဝိုက်သည် ဝါကို အရေးအခင်းနှင့် ပတ်သက်၍ ပြည်နယ် အစိုးရနှင့် USA ဗဟိုအစိုးရ/FBI တို့ ရက်စက်စွာ တုံ့ပြန်သည်ဟု ယူဆနှိုက်သည့်အနေဖြင့် အိုကလာ ပြည်နယ်ရှိ အထပ်(၇)ထပ်ရှိ စုပေါင်းရှိ နေ့ကလေးထိန်ဌာနအောက်မှ ကိုယ်တိုင်လုပ် (၃၉၀၀)ပြင်းအားနှင့် ဗုံးဖြင့် ချိန်ကိုက်ဗုံးခွဲရာ ကလေး အများဆုံးအပါအဝင် လူ(၁၆၈)ဦး သေဆုံးပြီး အခြားလူ ထောင်ပေါင်း ဒဏ်ရွတ်ဖြစ်ခဲ့ရသည်။ ဝါကိုအရေး ဖြစ်စဉ်က ဒေးဗစ်ကိုရှစ်ခ်၏ အစွန်း အဖွဲ့ဝင် မည်မျှသေခဲ့ရသည်ကို စာ မတင်နိုင် ဖြစ်ခဲ့ရသည်။ ဤသို့ ဖွယ်အဖြစ်မျိုး ထပ်မဖြစ်စေရန်နှင့် သတိရစေရန် ဝါကို နှစ်(၂၀)အော ဖွယ်နေ့ ကျင်းပခြင်းဖြစ်သည်။

ညိုမြင်းလွင်(မော်

Ref: Internet News

www.burmeseclassic.com

www.burmeseclassic.com

ဓာတ်ပုံပြရိုက်ကူးသူ နာမည်ကြီးဓာတ်ပုံဆရာ အဖမ်းခံရ

ရုပ်ပုံမှာ စင်ကာပူနာမည်ကြီး ဓာတ်ပုံဆရာကြီး စင်ကာပူဇာတိ၊ ဂျပန် နေထိုင်သား မစ္စတာကီကာလျောင် (Leslie Kee) ၄၂ နှစ် ဖြစ်ပါသည်။ ၎င်းဆရာကြီးသည် ၁၉၉၇ ခုနှစ်တွင် ဂျပန်နိုင်ငံ ဓာတ်ပုံနုပညာရှင်ဘွဲ့ (Tokyo School of Visual Arts) ရရှိပြီး ဂျပန်နိုင်ငံ၊ တိုကျိုမြို့ ၁၉၉၈ ခုနှစ်ကတည်းက စင်ကာပူမြို့မှ ဆွေးနွေးထိုင်ရင်း ဓာတ်ပုံရိုက်သည့် အဝဖြင့် အသက်မွေးဝမ်းကျောင်းရှာ ဖွေခဲ့ရှိ၏။ ဂျပန်၊ အမေရိကန်၊ နယူး ယောက်နှင့် အာရှနိုင်ငံထုတ် နာမည်ကြီး ဂျာနယ်၊ မဲဒီယာကြော်ငြာလုပ်ငန်းနှင့် ဒီဇိုင်းတွေ၊ ဓာတ်ပြားလုပ်ငန်းအတွက် ဓာတ်ပုံရိုက်ကူးပေးခဲ့ရာမှ ဓာတ်ပုံပြာများ ရိုက်ကူးကာ စီးပွားရှာခဲ့သဖြင့် ကြွယ်ဝချမ်းသာခဲ့သည်ဆိုသည်။ ယခုဓာတ်ပုံပြာ ရိုက်ကူးဖော်ပြခဲ့မှုကြောင့် အဖမ်းခံခဲ့ရပြီး ငွေဒဏ်ငွေဆောင်စေရန် ဂျပန်ရဲဘက်မှ စီစဉ်ဆောင်ရွက်လျက်ရှိသည်ဆိုသည်။

ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)

Ref: C.S.T (Singapore), (18.2.2013), Page(2)

တူမလေးအရင်းအား မုဒိမ်းပြုကျင့်သော ဦးလေး ထောင်နှန်းစံခဲ့ရ

မလေးရှားနိုင်ငံ၊ စင်စန်းမြို့နေ အသက် ၃၉ နှစ်အရွယ်ရှိ တရုတ်အမျိုး သားတစ်ဦးသည် စင်ကာပူမြို့တွင် အင်ဂျင်နီယာအလုပ် လုပ်ကိုင်နေပြီး၊ လွန်ခဲ့သော (၃)နှစ်ခန့်က ၎င်း၏အစ်ကို အရင်းဖြစ်သူ ---သေဆုံးခဲ့ပြီးသည့် နောက် အစ်ကို၏ဇနီးတော်သူ မဓီးနှင့် သမီး(၄)ယောက်တို့အား ခေါ်ယူ၍ မလေး ရှားအရှေ့ပိုင်းဒေသ၊ စင်စန်းနေအိမ်တွင် အတူနေထိုင်စေခဲ့ပါသည်။ အစ်ကိုကြီး အစား တူမလေးအရင်း(၄)ယောက်အား ကြည့်ရှုစောင့်ရှောက်မည်ဆိုသော ဦးလေး အရင်း အင်ဂျင်နီယာ---သည် အသက် (၁၅)နှစ်အရွယ် တူမလေးအရင်းတယ်ဦး အား မတရားသားမယားပြုကျင့်ခဲ့မှု ကြောင့် အဖမ်းခံခဲ့ရပြီး ရုံးတင်စစ်ဆေးခဲ့ ရာ ပြစ်မှုထင်ရှားတွေ့ရှိသဖြင့် ၎င်းအပေါ် တရားရုံးတော်မှ ထောင်ဒဏ်(၁၅)နှစ်နှင့် ကြိမ်ဒဏ်(၁၀)ချက် ချမှတ်ခဲ့သည်။

ကေတီအောင်သိန်း
(ရန်ကုန်တက္ကသိုလ်)

Ref: Sin Chew Daily (Malaysia), (23.2.2013), Page(40)

www.burmeseclassic.com

www.burmeseclassic.com

ဒေါက်ဆုံ

အိုးဝိုး
ကောင်းပါတယ်ဆရာမကြီး

www.burmeseclassic.com

www.burmeseclassic.com

အားလုံး
ကောင်းမှုတရားများ

အောင်ရဲကျော်(မူခင်း)

ဆောင်အပတ်မှအဆက်

ကိုကိုးကျွန်းထောင်သို့ ဖခင်နှင့်ပါသွားခဲ့

ကျွန်တော် ထောင်ကုန်း မူလတန်းကျောင်းက (၄)တန်းအောင်မြင်သူ(၃)ယောက်ထဲတွင် ကံအားလျော်စွာပါသွားခဲ့ပါသည်။ ထိုအချိန်က (၄)တန်းမှာ အဝိုးရစစ်ဖြစ်ပြီး တစ်နေ့ထဲဘာသာစုံစာမေးပွဲကြားရပါသည်။ အင်မတန်မှ ကြိုးစားသူတို့သာ အောင်မြင်ကြပါသည်၊ ကျောင်းသစ်မှာနှစ်လခန့်လခန့်တက်ပြီး အောင်မြင်ခဲ့ခြင်းဖြစ်၍ ကံကောင်းသည်ဟုဆိုခဲ့ရခြင်းပါ။ (၅)တန်းကို ပုသိမ်ပြို့ကဘားကြီးကန်းရပ်ကွက် အစိုးရအမှတ်(၁)အထက်တန်းကျောင်းမှာ တက်ရပါသည်။ ထိုအချိန်တွင်လည်း ပုသိမ်ပြောင်းခဲ့ရစဉ်ကဲ့သို့ ၁၉၅၉ ခုနှစ်ဒီဇင်ဘာလထဲမှာ မြောင်းမိန်ကျခဲ့တာပို့ ကျွန်တော်ပညာရေးအတွက် အဖေနှင့်အမေ ခေါင်းစားခဲ့ကြရပါသည်၊ နေခဲ့ပြန်တို့ကျတော့လည်း ဆွေမရိ၊ မျိုးမရိ ငွေကြေးမပြည့်မစုံဆိုတော့ အမေတက်ကကြည့်တော့လည်းမှန်နေသဖြင့် အဖေက ကံတရားကိုသာအပြစ်ဖို့၍ အရဲစွန့်ပြီး မိသားစုပြောင်းခဲ့ပါတော့သည်။

ရန်ကုန်ထောင်ကြီးတွင် ရောက်ရှိသတင်းပို့၍ သဘော်ပတ်စောင့်ဆိုင်းရသည့်(၁၅)ရက်ခန့်အကြာတွင် ကြယ်ငါးပွင့်သဘော်ဖြစ်သည့် မီးပြအမည်ရှိသော ပင်လယ်ကူးသဘော်ကြီးဖြင့် ပင်လယ်ပြင်ထဲ တစ်နေ့နဲ့တစ်ညဖြစ်သန်းခဲ့ရာမှ ရန်ကုန်နှင့်ပင်လယ်ခရီးပိုင်(၂၆၀)ခန့်ရှိသည်ဆိုသော ကိုကိုးကျွန်းအကျဉ်းထောင်သို့ ခြေချခွင့်ရခဲ့ကြသည်။

သဘော်ကြီးမှာ ရေလယ်ကမ်းအနီးတွင် ကျောက်ချရပ်ထားခဲ့ပြီး အသက်ကယ်လေ့များဖြင့် ကျွန်းသို့ကပ်ကြရပါတယ်၊ ကိုကိုးကျွန်းပေါ်သို့ရောက်သည်နှင့် ကမ်းခြေတွင် ကြွေကျနေသော အုန်းသီးခြောက်များအား မိုးနဲ့ခွဲစားကြပါသည်၊ နောက်ပိုင်းတွင်တော့ ကြွေကျသောအုန်းသီး အိမ်နားတွင်ကျတာတောင် ယောင်မှားပြီး မကောက်ဖြစ်ကြတော့ပါ၊ အရသာရှိသောဇွန်းခြစ်အရွယ်များနှင့် အရည်သောက်ကောင်းသည့် အုန်းပနီဟု ခေါ်ကြသော အနီရောင် အုန်းသီးအခိုင်နုနုများကိုသာ ခူးစားခဲ့ကြတော့သည်။ ကိုကိုးကျွန်းတွင် တစ်နှစ်ကျော်ခန့်နေလာခဲ့ရာ ကျွန်တော့်အဖို့ အုန်းပင် ကောင်းစွာတက်၍ တက်လာခဲ့ပါသည်။

ကိုကိုးကျွန်းထောင်ဟုသော ခေါ်ခဲ့ရပေမယ့် အခြားသော ထောင်များအတိုင်း အုတ်ရိုးတံတိုင်းနှင့် ဆောက်ထားခြင်းမျိုး မဟုတ်ဘဲ သံဆူးကြိုးအား

www.burmeseclassic.com

www.burmeseclassic.com

ခတ်စိပ်စိပ်နှစ် ထပ်ကာထားပြီး အမြင့် (၁၂)ပေခန့်ထိရှိသည့် တောင့်တင်း ခိုင်မာ၍ လုံခြုံမှုရှိ သောနေမြင်၊ လမြင် လေဝင်လေထွက် ကောင်းသောထောင် ဖြစ်သည်၊ အဆိုပါ သံဆူးကြိုးနှစ်ထပ်၏ အကွင်းပိုင်း၌ အိပ်ဆောင်များရှိပြီး နိုင်ငံရေးသမားများနှင့် အပြစ်ဒဏ်ကျ ထောင်သားများကို သီးခြားစီ အဆောင်နှင့်ထားခြင်းဖြစ်သည်၊ မြန်မာပြည်မကြီးရှိ ပုသိမ်၊ မြောင်းမြ၊ မော်လမြိုင်၊ အင်းစိန်စသော ထောင်ကြီးများအတွင်း သို့ အကြိမ်ကြိမ် ဝင်ရောက်ခဲ့ဘူးသော်လည်း ဤ နေမြင် လမြင် ဆူးကြိုး ထောင် အတွင်းသို့ လုံးဝ ရောက်ဘူး ခဲခြင်းမရှိပါ သွား၍လည်း ခွင့်မပြုပါ။

ရွှေကောက်ပွဲကြီးမှာလည်း မကြာမီ ကျင်းပတော့မည်ဟု လူကြီးများ ပြောဆိုသံရပါတယ်၊ အဲဒါကြောင့် နိုင်ငံရေးသမားများ နှင့် နိုင်ငံရေးနဲ့ပတ်သတ်သော စာရေးဆရာများအား ပြည်မ နှင့်အဆက်အသွယ်ဖြတ်၍ သီးခြားချုပ်ထားခြင်းဖြစ်ကြောင်း လော်ကသိခွင့်ရခဲ့ပါသည်။

အပိုင်း(၃)

ထောင်နှစ်ခုခွဲထားခဲ့။

ကျွန်တော်တို့နေသော ကျွန်း၏ အရှေ့ဘက်ထိပ်စခန်းအား (၇)မိုင်စခန်းဟု အမည်တွင်ခဲ့ပြီး ကျွန်း၏ အနောက်ဘက်ရှိစခန်းကိုတော့ ရွာမစခန်းဟုခေါ် ဆိုကြပါသည်။ ရွာမစခန်းတွင်လည်း အကျဉ်းသားဌာနမှ ထောင်တစ်ခုနှင့် လုံခြုံရေးအတွက် တပ်စိပ်တစ်စိပ်ရှိနေပြီး ကျွန်ခန်ထမ်းများအား လုံး ဌာနပေါင်းစုံမှာတော့ (၇)မိုင်စခန်းမှာသာအခြေပြု တည်ရှိကြပါသည်။

အဆိုပါရွာမထောင်မှ အကျဉ်းသားများ၏ အဓိကလုပ်ငန်းမှာ စစ်မြေပြင်အင်ဂျင်နီယာတပ်အမှတ်( ) ၏ ယန္တယားများကိုအသုံးပြု၍ ထောင်သားများ၏လုပ်အားဖြင့် လေယာဉ်ပျံကွင်းဖောက်လုပ်ခြင်း လုပ်ငန်းဖြစ်ပါတယ်။ ရွာမထောင်တွင် နိုင်ငံရေးနှင့်ထိန်းသိမ်းထားသူများမရှိကြပါ။

ရွာမစခန်းမှကြည့်လျှင် စားပွဲကျွန်းမီးပြတိုက်အပြုနှင့် အနက်ခါးပတ်ကြား ကျောက်တိုင်ကြီးအား ထီးထီးမားမား တွေ့ကြရပြီး ညအချိန်များတွင် ကမြတ်ဖြတ်လင်းလက်နေသည့် မီးရောင်တို့က ဖြတ်သန်းသွားလာနေကြသည့် ရေယာဉ်များကို ခလုတ်မထိ ဆူးမငြိစေရန် အချက်ပြ၍ အလင်းဆောင်နေကြောင်း တွေ့မြင်ရမှာဖြစ်ပါသည်။

ရွာမစခန်းနှင့် (၇)မိုင်စခန်းအား စစ်မြေပြင်အင်ဂျင်နီယာတပ်မှစစ်သည်များနှင့် ထောင်ကျအကျဉ်းသားတို့၏လုပ်အားဖြင့် ဆက်သွယ်ရေးကား လမ်းဖောက်လုပ်ထားပြီး အသွားတစ်လမ်း အပြန်တစ်လမ်း တောတောင်များ ရှင်းလင်း၍ တောင်ပတ်လမ်းဖောက်ထားခဲ့ပါသည်။ လူကြီးများပြောဆိုသံရသည်မှာ ကိုကိုးကျွန်းသည်အလျား(၇)မိုင်၊ အနံ(၄)မိုင်ကျယ်ဝန်းလှသည်ဟုဆိုပါသည်။ (၇)မိုင်စခန်းနှင့်ရွာမစခန်းမှာ အရှေ့ဘက် အနောက်ဘက်ဟုထင်သည်။ ကမ်းခြေများမှလွဲ၍ ကျန်ရေ များတွင် မြင့်မားသောတောင်များ လျှိုမြောင်ကောများဖြစ်ကြပြီး ဝါး သစ်မျိုးစုံ(ကျွန်းနဲ့ပျဉ်းကတိုးမတွေ့) ပေါက်ရောက်နေကြပြီး တောတွင်း လေ့ကျပေါက်တတ်သော စားသော် ဖွယ် သစ်ဥသစ်ဖု အသီးအရွက်တို့ ပြည့်မသစ်တောကြီးများအတိုင်းပင် သည်ဟုသိရပါသည်။

အထူးသဖြင့် ပင်စည် လုံးတစ် မကပဲ ပေလေးဆယ် ကျော်ခန့်အ တွင်သာ အရွက်အကိုင်း များရှိသ စင်းလုံးခြောသစ်ပင်ကြီးများ ကိုတွေ့ သစ်အမျိုးအမည် တိတိကျကျ မ တတ်သော်လည်း အများသူငါ ပေါ်မှလူများ၏ အခေါ်အဝေါ်အရ သ ပင်ဟုဆိုကြပါသည်။ တိုသစ်နှ ကြီးများအား အပင်လုံးပြီး လွှစက်ခ ကာ လမ်းဖောက်လုပ်ရေး၏ လိုအ ရာများ၌ တံတားအဖြစ်အသုံးပြုကြ ကိုတွေ့မြင်ခဲ့ဘူးပါသည်။ ထို့အပြင် မာပြည်မတွင်ဖွေ့ခဲ့လှသည့် သစ် နက်ဘုရားများ ထုလုပ်ရောင်းချကြ ဖြင့် ကျွန်းမှပြန်သွားသူများအတွ ကျွန်ပြန်လက်ဆောင်အဖြစ် ထိုသစ် နက်သားများက အသုံးဝင်လှကြော သိရှိခဲ့ရပါတယ်။

အဓိကဝင်ငွေရွာသောအလုပ်

ကိုကိုးကျွန်း အကျဉ်းထော ထောင်ကျအကျဉ်းသားတို့၏ အ

www.burmeseclassic.com

www.burmeseclassic.com

များထဲမှ ဝင်ငွေရှာရသော အဓိက အလုပ်မှာ အုန်းသီး ကောက်ခြင်း၊ အုန်းသီး ခွာခြင်း၊ အုန်းဆီချက်ခြင်း၊ အုန်းဆံကြိုး ကျစ်ခြင်းစသည့် အလုပ်များဖြစ်ပြီး ရရှိလာသော ကုန်ချောများ ခဲ့ရောင်းချသော ဝင်ငွေကို ရှာမေးကြခြင်းမှာ အဓိကအလုပ်ဖြစ်သည်။

ကိုကိုးကျွန်းဇော်ဝန်းကျင်၌ ချယ်ရီကျွန်း၊ ကြွက်ကျွန်း၊ ကိုကိုးလေးကျွန်း ဆွဲကျွန်းတို့တည်ရှိပြီး ထိုကျွန်းများဆီသို့လည်း အုန်းသီးများသွား ရောက်ဆောက်ယူကြရပါသည်။

စားပွဲကျွန်းကိုတော့ အုန်းသီး ဆောက်ယူခြင်းမရှိဘဲ နွားရိုင်းများ သွားရောက်ပစ်ခတ်ခြင်း ပြုလုပ်ပါသည်။

အာဆိုပါစားပွဲကျွန်း မီးပြတိုက်တွင် ဆယ်ရေကြောင်းအတွက် မီးပြတိုက်ဝန်ထမ်းများနေကြ၍ ကျပန်ခေတ်ကာလ ထိုကျွန်း၌ ကျပန်များ ရေကြောင်း ခဲ့ ကာကွယ်ရေးအတွက် တပ်စွဲခဲ့ဖြင့် ရိက္ခာအဖြစ် မွေးမြူထားသည့် နွားများမှ ကျပန်များစစ်ဆုံးပြီး ဆတ်ခွာသွားခဲ့စဉ် ကျွန်ပေါ်တွင်ကျန်ရစ်ခဲ့ရာမှ ဆောထဲ ပြေးလွှားခဲ့ကာ တောထဲမှာပင် သားများပေါက်ပွားပြီး နွားအုပ်ဖြစ်၍ ယခုနှင့်မတွေ့တော့ ကြာမြင့်သောအခါ ကိုင်းဝိုင်းလာကြသဖြင့် နွားရိုင်းဟု ခေါ်ကြောင်း သိရပါတယ်၊ တောလိုက်ပစ်ဆတ်၍ သေဆုံးခဲ့သော နွားများမှာ ကျွန်တော်တို့ လယ်ယာသုံး ခိုင်းနွားများနည်းကဖြစ်ကြောင်း တွေ့ရှိရပါသည်။

သာသနာ့ဝန် ထမ်းဆောင်ခဲ့သည်။

ကိုကိုးကျွန်းတွင် ယူခေတ်ကဲ့သို့ မြို့နယ်အဆင့်ဖွဲ့စည်းပုံမရှိသေးပါ။ ခလရ ( )တပ်ခွဲတစ်ခွဲ လုံခြုံရေးတာဝန်ယူထားပြီး ရဲဝန်ထောက်တစ်ဦး အုပ်ချုပ်ရေးကိစ္စ စီမံကွပ်ကဲသည့် ရဲစခန်းအဆင့်တစ်ခုရှိပါသည်၊ အကျဉ်းဌာနမှ ထောင်ဝိုင် ထောင်မှူးထောင်ဖွဲ့စည်းပုံအဝိုင်းနှင့်၊ အခြားအစိုးရဌာနများ အနေဖြင့် မိုးလေဝသဌာန၊ စာတိုက်ကြေးနန်းဌာန၊ ဆေးရုံတစ်ရုံသာရှိပါသည်။ မိုးလေဝသမှ ညနေချိန် လေဘူကောင်း အနီကြီးတစ်လုံးကောင်း ကင်သို့ လွှတ်တင်ခဲ့ကြသည်မှာ ကျွန်တော်တို့ ကလေးများအဖို့ပျော်စရာ တစ်ခုဖြစ်ခဲ့သည်။ ညနေတိုင်းဘေလုံး လွှတ်သောနေရာတွင် စုရုံးရောက်ရှိကြပါသည်။

အခက်ဆုံးမှာ ပညာရေးကိစ္စပါ အစိုးရမူလတန်း ကျောင်းသာရှိသဖြင့် (၅) တန်းစာမေးပွဲဖြေဆိုခွင့် မရသလို (၆) တန်းလည်းဆက်မတက်ခဲ့ရသဖြင့် ပု သိမ်မှထွက်ခဲ့သည့် (၅)တန်း ဒုတိယ နှစ် ဘဝနဲ့ပင် မူလတန်းကျောင်း အုပ်ဆရာကြီး ဦးမြမောင်၏ ထံတွင် အင်္ဂလိပ်စာ၊ သခ်ၤာသင်ယူနေရင်း ကလေးများအား ဝိုင်းဝန်းစာသင်ပေးခဲ့ရ၍ ကျွန်တော့်အတွက် စာသင်ခန်းနှင့် တော့ မဝေးသေးဟုဆိုရပါမည်။

ကျွန်းပေါ်မှ တာဝန်ခံအရာရှိများ၏ အစီအစဉ်အရ ရန်ကုန်မှ ဘုန်းကြီးတစ်ပါးပင့်ဆောင်ခဲ့ပြီး ကျွန်တော်တို့ထောင် ရှိသော(၇)မိုင်စခန်း၌ ဘုန်းကြီးကျောင်း တစ်ဆောင်ဝိုင်းဝန်းဆောက်လုပ်ခဲ့ကြပြီး ရှင်ပြုပဉ္စင်းခံကျင်းပတော့ ကျွန်တော် လည်းကိုရင်ဝတ်ရင်း ပရိတ်ကြီးသင်ယူ၍ တစ်ဝါဆိုပြီး သာသနာပြုခဲ့ဖြစ်သည်။ ကျွန်တော်အပါအဝင် ကိုရင်(၅) ပါးဖြစ်ပြီး ဒုလွှဘအဖြစ်အကျဉ်းထောင် မှအမှုထမ်းတစ်ဦးဖြစ်သော ဦးတင်မောင်ဆိုသူမှ တစ်လခန့်ပဉ္စင်းတက်ခဲ့ကာ ဥပဒ်နေ့တိုင်းတရားဟောခဲ့သည်မှာ အင်မတန်တရားနာကြား၍ကောင်းလှသောကြောင့် ဥပဒ်သည်ဦးရေများပြားလာခဲ့သဖြင့် ခွင့်စေ့၍လူဝတ်လဲသွားခဲ့သော်လည်း ဆရာတော်၏ခွင့်ပြုချက်အရ ဦးတင်မောင်အား ဥပဒ်သီတင်းရက်များနှင့် အခြားဘာသာရေးဆိုင်ရာပွဲများ ကျင်းပသည့်အခါတိုင်း တရားဝိုချဟော ပြောရန်စီစဉ်ခဲ့ကြရပါသည်။ နောက်ပိုင်း သိခဲ့ရသည်မှာ အာဆိုပါဦးတင်အောင်သည် ယွင်ကဘုန်းကြီးဝတ်နှင့်နေခဲ့စဉ် တရားဟောခဲ့မှုကထိကတစ်ပါး ဖြစ်ခဲ့ဘူးကြောင်းပင်ဖြစ်ပါတော့သည်။

လိပ်သေပ်မှာလိပ်ဥတူးသူများ

ကျွန်တော်တို့ (၇)မိုင်စခန်း၏ တောင်ဘက်ဟုထင်ပါသည်(ငယ်ရွယ်စဉ်မို့အမှတ်မှားလျှင်မှားပါလိမ့်မည်) လေးမိုင်ခန့် တောအတိုင်းလျှောက်သွားပါက ဖွေးဖွေးလှုပ်၍ ကျောက်ဆောင်များနည်းပါးပြီး ညီညာပြန့်ပြူးသည့်လိပ်သောင်ဟုခေါ်တွင်သော သောင်တစ်ခု၌ နေပါသည်၊ ကျွန်တော်အစေခံနှင့်အတူ

www.burmeseclassic.com

www.burmeseclassic.com

တစ်ကြိမ်ရောက်ဖူးခဲ့ပါသည်။ ညဘက် ပင်လယ်လှိုင်းသံတဝုန်းဝုန်းအကြား ညီ ညာသောသောင်ပြင်ပေါ်တွင် နှစ်ပေခန့် အကျယ်ရှိသောစွပ်ကြောင်းကြီးများ ပင် လယ်ဘဲမှ သောင်စပ်ရှိဆပ်သဖူးပင်များ သစ်တောများအစပ်ထိ တွေ့ပြီဆိုလျှင် လိပ်မကြီးဥရန်တက်သွားကြောင်း သေ ချာသဖြင့် ညဘက်လရောင်အောက် ကွင်ပြားပြားမှောက်၍ ခတ်လုပ်းလုပ်းမှ တောစပ်သို့ အကဲခတ်ကြည့်ရပါသည်၊ သဲမွှင့်များအား သူတွင်ပါသောအတောင် ကဲ့သို့အပြားကြီးနှင့် ယက်ထုတ်နေသည် မှာ လူများတွင်းတူးနေသည့်အလားဖြစ် ပါသည်။ ကြည့်ရသူများက သူတူးလိုက် သောနေရာအားလုံးကို မှတ်သားထားရ ပါသည်။ လေးနေရာခန့်တူးလိုက်၊ ဖုံး လိုက်၊ လုပ်ပြီးမှ တစ်နေရာတွင်ခုထားခဲ့ ခြင်းဖြစ်လေသည်။ ဤကဲ့သို့ပြုလုပ်ရ သည်မှာလည်း ရန်သူအားလှည့်စား လိုက်သော လိပ်မကြီး၏နည်းဗျူဟာဟု ဆိုရပါမည်၊ လိပ်ဥအားတူးဆွ၍ ရှာဖွေ စားသောက်ကြသူ မွတ်များ၊ မျောက်များ နှင့် အခြားလူသတ္တဝါတို့အား ရှာဖွေမ တွေ့နိုင်ရန် လှည့်စားလိုက်ခြင်းဖြစ်ဟန် တူပါသည်၊ သို့သော်လည်း ကျွန်တော် တို့လိုလိပ်ဥသွားရှာမည့်သူများတွင် (၄) ပေခန့်ရှိ သံစူးအချွန်များဆောင်သွားကြ ပြီး စောစောကလိပ်မကြီးဝင်သွားသည့် သုံးလေးနေရာတွင် စူးဖြင့်ထိုးသွင်းခဲ့ကြ ရာ စူးထိပ်တွင်အညှီများစိုပြီး သဲများစို ၍ကပ်ပါလာသည့်နေရာသို့ ကြိမ်းသေ လက်ယေတူးယူကြတော့ လိပ်မကြီးခင် ဗျာ သူ့ထက်ဉာဏ်ရည်သာသောလူများ ကို အရှုံးပေးသွားရပါတော့သည်၊ လိပ်ဥ တစ်ကျင်းလျှင် အနည်းဆုံးကိုးဆယ်မှ တစ်ရာ့ရှစ်ဆယ်ထိရတတ်ပါသည်။ ထို ကာလမှာပင် ကိုကိုးကျွန်းပေါ်တွင် လိပ် ဥမရှာဖွေနိုင်သူများမှာ အလုံးတစ်ရာ ကို လေးကျပ်စျေးဖြင့် ဝယ်ယူစားသုံးကြ ရပါသည်၊ အချို့လိပ်ဥရှာဖွေသူများက ရန်ကုန်သို့ဆားရည်စိမ်ပြီး ကင်ပို့ကြ သည်ဟုကြားဖူးပါသည်။

သင်္ဘောပါတ်(ဖ)လတစ်ကြိမ်

ကိုကိုးကျွန်းသို့ နိုင်ငံတော်၏စီမံ ချက်ဖြင့် အကျဉ်းဌာနမှ ဌာနဂမ်းအသုံး ပြုခဲ့သောရေယာဉ်များတို့သည် မိုးဥတု ကာလ(ဖ)လခန့်တွင် လှိုင်းလေဒဏ်ကို စိုးရိမ်ရ၍ လုံးဝလာရောက်ခြင်းမရှိကြ ပဲ ကျန်(ဖ)လအတွင်းမှာသာ တစ်လ တစ်ကြိမ်ပုံမှန်ရောက်လေ့ရှိ၍ သင်္ဘော ဆိုက်ချိန်မှသာ ပြည်မရှိဆွေမျိုးမိဘများ ၏ပေးပို့သော စာများ လက်ဆောင် ပစ္စည်းများပါလာတတ်ပြီး အခြားစား ကုန်သောက်ကုန် ရိက္ခာပစ္စည်းများပါ လာကြပါသည်၊ ထိုနည်းတူစွာ နိုင်ငံရေး အကျဉ်းသားများ၊ ထောင်ကျအကျဉ်း သားများအတွက် ပေးပို့သောစာနှင့် ပ စ္စည်းများပါလာလေ့ရှိပါသည်။

ရွှေကောက်ပွဲကြီးကျင်းပခဲ့

၁၉၆၀ခုနှစ်တွင် အထွေထွေရွေး ကောက်ပွဲကျင်းပခဲ့သောကြောင့် ကိုကိုး ကျွန်းတွင်လည်း ရွှေကောက်ပွဲအတွက် မဲရုံများပြုလုပ်၍ မဲဆန္ဒပေးကြပါသည် ကျွန်တော်မှာ အသက်မပြည့်သေး ကလေး သာသာဖို့ မဲဆန္ဒမပေးခဲ့သော် လည်း အဖေအမေတို့နှင့်အတူ မဲရုံ အပျော်လိုက်သွားဖူးပါသည်၊ ထိုစဉ် ငယ်ရွယ်သူဖြစ်သည့်ကတကြောင်း ဦး ငံရေးကိစ္စမှာလည်း စိတ်ဝင်တစား မ တာကြောင့် ကိုကိုးကျွန်းပေါ်တွင် ထူ သည့်ပါတီကမဲနိုင်ခဲ့သည်တော့ မမှတ် မသိရှိသော်လည်း အဓိကအားပြိုင် ခဲ့ကြသော သန့်ရှင်းဖဆပလ (နော် နှင့် တည်မြဲဖဆပလ (ဆွေငြိမ်း) ပါတီများဖြစ်ကြောင်းကိုဖြင့် ကော ကောင်းကြီး မှတ်မိနိုင်ခဲ့ပါသည်။

ပဲခူးအကျဉ်းထောင်သို့

ရွှေကောက်ပွဲပြီးသောအခါ မြန် တပြည်လုံးတွင် သန့်ရှင်းဖ၊ဆ၊ပ အဖွဲ့ကြီးမှာ မဲအနိုင်ရသူအများစုဖြင့် သောကြောင့် အိမ်စောင့်အစိုးရဗိုလ်ခ ကြီးနေဝင်းမှာ အနိုင်ရပါတီဖြစ်သော သန့်ရှင်းဖ၊ဆ၊ပ၊လ ဝန်ကြီးချုပ်ဖြ ခေါင်းဆောင်သည့်အဖွဲ့ကို နိုင်ငံ ဏာလွှဲပြောင်းခဲ့ပြီးမကြာမီမှာပဲ ကျ တော့်ဖခင်ဖြစ်သူမှာ ကိုကိုးကျွန်းမှ လည်ပြောင်းရွှေ့ခွင့်ရပြီး အဖေရဲ့ဆွေ တိုင်း ဆွေမျိုးများရှိရာ ပဲခူးပြို့သို့ပြော ရွှေဘာဝန်ထမ်းဆောင်ခွင့်ရခဲ့၍ ပဲခူး ကျဉ်းထောင်တွင် ဆက်လက်တာဝ ထမ်းဆောင်ခဲ့သောအခါ နောက်လို မျာဖြစ်တဲ့ ကျွန်တော်နဲ့မိခင်ကြီးတို့ လည်း ပဲခူးတွင်အခြေချရန်ပြင်ဆင်

www.burmeseclassic.com

www.burmeseclassic.com

ဆောသည်။ ထိုစဉ်ကအသက်(၅၅)နှစ်ခွင် သက်ပြည့်အငြိမ်းစားပေးသောကာလဖြစ်၍ အဖေပင်စင်အတွက် အသက်ပြည့်ရန်နီးကပ်လာ၍ဖြစ်ပါသည်။

(၅)တန်းဖြင့်ကျောင်းပြန်နေသူကျွန်တော်

အသက်က (၁၄)နှစ်ခန့်ရှိနေပြီး ကျောင်းသွားအပ်တော့ ဆရာကြီးဖြစ်သူ ကာလည်း ကျွန်တော့်အမြခြေအနေကိုငဲ့ ညှာပြီး ကျောင်းထွက်နေခဲ့ရတဲ့ရက်အတွင်း ကျွန်တော် လေ့လာသင်ယူသာခဲ့သော အင်္ဂလိပ်စာနဲ့ သခ်ၤာကို ဆန်းစစ်၍ (၆)တန်းမှာစတင် တက်စေခဲ့ပါသည် အတန်းထဲရောက်တော့ ကျွန်တော် အကြီးဆုံးဖြစ်နေပြီး အတန်းသားများက အသံမထွက်ဘဲ တိုးတိုးတိတ်တိတ်ကျိတ်၍ ရယ်နေကြခြင်းကို သိလိုက်သူ ကျွန်တော့်အဖို့ အတော်ဆေး အရှက်ရခဲ့ရပါသည်။ ကျောင်းမှာ ပဲခူးမြို့ ကိုယ့်မင်း၊ ကိုယ့်ချင်းလမ်းက ဆရာကြီးဦးသာဒင်၏ အထူး သဒ္ဓါသင်အလွတ်ပညာသင် ကျောင်းတွင်ဖြစ်ပါသည်။

အပိုင်း(၄)

၁၉၆၂ခုနှစ် ဗိုလ်ချုပ်ကြီးနေဝင်းဦးဆောင်သောတပ်မတော်မှ နိုင်ငံတော်အာဏာအားသိမ်းယူခဲ့ပြီး မကြာလှသောအချိန်ကာလတစ်ခုမှာပဲ ကျွန်တော်ဖခင်အသက် (၅၅)နှစ်ပြည့်သွားခဲ့၍ သက်ပြည့်အငြိမ်းစားယူခဲ့တော့ ကျွန်တော်ဆက်ပြီး ပညာသင်ကြားရေးဇာတ်မိတ်များ၏အခက်အခဲကိုတစ်ဇာတ်စောင်းပြန်ကြည့်မိခဲ့ပြီး ကျွန်တော်ရင်မှပူလောင်သောဒဏ်ကိုခံစားခဲ့ရပါသည်။ (၇)တန်းစာမေးပွဲ ဖြေဆိုပြီးနောက် ကျောင်းမှထွက်ရန်ပြင်ဆင်ပြီး မိတ်များအားဖွင့်ပြောတော့ လွယ်လွယ်နဲ့သဘောမတူခဲ့ကြပါ၊ ဒါပေမဲ့ ကိုယ့်ဝမ်းနာတာ ကိုယ်သာသိသူ ကျွန်တော်အတွက် ဤနည်းမှလွဲ၍ အခြားမရှိနိုင်တော့ပါ၊ အဖေ့ လစာတစ်ရာ့တစ်ဆယ်နဲ့ ကျွန်တော့်ကျောင်းစရိတ်ကို အလုအယက် ဖန်တီးခဲ့ကြပုံ၊ တဖက်တစ်လမ်းကဝင်ငွေရရှိရေးအတွက် ထောင်ရေမှာအမေစျေးရောင်းနေခဲ့ကြပုံများမှာ ကျွန်တော့်အတွေ့အမြင်မဟုတ်ပါလား။ သည်ကြားထဲအဖေပင်စင်ယူခဲ့ပါလျှင် လစာမှာ ငါးဆယ်ခန့်သာ ရတော့မည်ဖြစ်သည်။ ကျွန်တော်(၇)တန်းစာမေးပွဲကို ကောင်းမွန်စွာအောင်မြင်ခဲ့သော်လည်း ကျောင်းဆက်နေရန် အင်အားမရှိတော့၍ ကျောင်းမှထွက်ခဲ့ရပါသည်၊ အဖေ့ရဲ့ပင်စင်ကလည်း မကြာမီကျမည်၊ လောလောဆယ်ဆယ်နေစရာက လိုအပ်နေပြီဖြစ်သည်။ အစိုးရပေးသော နေအိမ်တန်းလျားမှ ဖယ်ပေးရတော့မည့်အရေးကျွန်တော် စိတ်လက်မကြည်မသာဖြစ်နေခဲ့ရတာကြောင့် လက်ရှိတန်းလျားအိမ်လေးမှာ ဆက်နေခွင့်ရရှိနိုင်ဘို့မှာ တစ်ခုတည်းသော နည်းလမ်းသာရှိပါတော့သည်၊ အဲဒီနည်းလမ်းအတွက် ကျွန်တော်ရွေးချယ်လိုက်တာကတော့ ထောင်အမှုထမ်း ထောင်ကြပ်လုပ်ရန် (ထောင်ဝါဒါ) အလုပ်မှလွဲ၍ အခြားအကောင်းဆုံးသော နည်းလမ်းမရှိတော့တာကြောင့် ရေစက်မကုန်နိုင်သေးသည့် ထောင်အမှုထမ်းအဖြစ် ပဲခူးအကျဉ်းထောင်မှာ ဝင်ရောက်လုပ်ကိုင်ခဲ့ရပါတော့သည်။

အားလုံးကောင်းပါတယ်ခင်ဗျား။

ထောင်ကြပ်အဖြစ် အမှုတမ်းခဲ့ပြီး အင်းစိန်ထောင်မှာထောင်ကြပ်သင်တန်းသွားရောက်တက်တော့ ကျွန်တော်ငယ်ငယ်က စာသင်ခဲ့ဖူးတဲ့အုတ်တိုက်အရည်လေးမှာ ကျွန်တော်တို့ရဲ့အိမ်ဆောင်လေးအဖြစ်ပြန်တွေ့ခဲ့ရသလို ငယ်ငယ်က ဆော့ကစားခဲ့တဲ့ ထောင်ပတ်လည်လမ်းအတိုင်း ကျွန်းမာရေးလေ့ကျင့်ခန်းအတွက် ပြေးလွှားခဲ့ရပါသည်၊ ဤနေရာတွင် ကျွန်ခဲ့သောစကားတစ်ခု ထည့်ပြောချင်ပါသည်၊ ကျွန်တော်အကျဉ်းဘဝနှမအမှုထမ်းစဉ်က အသက်(၁၈)နှစ်မပြည့်သေး၍ အသက်ပိုထည့်ခဲ့ရသောကြောင့် သင်တန်းသားများထဲတွင် ကျွန်တော်အငယ်ဆုံးဖြစ်ပါသည်။ထိုငယ်ရွယ်မှုကြောင့်ပင် သင်တန်းသား(၁၃)အနက် ပထမအဆင့်မှာရှိပြီး သင်တန်းတစ်လပြည့်တော့ ပဲခူးထောင်ကိုအလုပ်ပြန်ဝင်ခဲ့သည်။

ကိုယ်တိုင် အမှုထမ်းမဖြစ်ခင်ကတည်းက ထောင်မျော်စင်ပေါ်မှ ကင်းသမားများ၏ "အားလုံးကောင်းပါတယ်ခင်ဗျာ" ဟူသောအော်သံများ ကြားယူနားရှိနေပေမယ့် ကြားဖူးနားဝရှိနေခဲ့ပေမယ့်

www.burmeseclassic.com

www.burmeseclassic.com

ဖခင်ထူးအဆန်းမဖြစ်ခဲ့သော်လည်း လက်တွေ့ဘဝမှာ ကိုယ်တိုင်အော်ရတော့မအော်ချင်ခဲ့ပါ။ ဤသို့အော်ရမည့်အသံထွက်ဖို့ အင်မတန်မှကျွန်တော့်အတွက် ဝန်လေးနေခဲ့ရပါသည်၊ ထောင်မှူးမျှော်စင်ပေါ်တွင်လည်းကောင်း အတွင်းအုတ်ရိုး အိပ်ဆောင်လုံခြုံရေးကင်းကျနေစဉ်သော်လည်းကောင်း အထက်အရာရှိတစ်ဦးဦး ငဲ့ရောက်စစ်ဆေးလာသည့်တွေ့ရသောအခါမျိုးတွင် ထိုကဲ့သို့ "အားလုံး ကောင်းပါတယ်ခင်ဗျား"ဟု ထိုအရာရှိကြားအောင်အော်၍ သတင်းပို့ရသောအလုပ်ဖြစ်ပါ။ ၎င်း မည်သို့သောရည်ရွယ်ချက်မျိုးနှင့် အစီအစဉ်ဆွဲခဲ့သည်ကားမသိရပါ။ ကျွန်တော်လေ့လာခဲ့စမ်းသမျှ တစ်ဆင့်စကားကြားခဲ့ရတာကတော့ အင်္ဂလိပ်ခေတ်ကာလတည်းပင် ဤသို့ အော်ဟစ်သတင်းပို့ခဲ့သည်ဟုသိရပါသည်။

ထောင်ကြီးများတွင်တော့ ဗဟိုကင်းမျှော်စင်ကြီးပေါ်မှ အချက် ပေးသံနာရီခေါင်းလောင်းသံကြားသည် နှင့် တာဝန်ကျလုံခြုံရေးများမှ အိပ်ဆောင်အစဉ်လိုက်အော်ရသည်ဟု ပြောသံကြားရသော်လည်း ပဲခူးထောင်မှာတော့ ကင်းစစ်ဆေးသော အရာရှိကိုမြင်မှသာ အော်ရခြင်းဖြစ်ပြီး သူဆန်၊ တော့ရဲရဲပြေပြဲ မအော်ချင်လည်း အော်ခဲ့ရသည့်ကာလမှာ ဖခင်ကြီး ဆုံးပါးသည်အထိ (၅)နှစ် ကျော်(၆)နှစ် နီးပါး ကြာမြင့်သည့်တိုင်ပင် ဖြစ်ပါတော့သည်။

ထောင်မှူးဦးမောင်မောင်(သို့မဟုတ်) စာရေးဆရာ ရန်အောင်မောင်မောင်။

ကျွန်တော်အကျဉ်းဌာနမှ ထွက်ရန်ကြိုးစားမိပါသည်။ ဘာကြောင့်လည်းဆိုတော့ မွေးဖွားသည်မှစ၍ ထောင်ခြေကျင်းသဲလက်ထိပ်သံတို့နှင့်သာ ယှဉ်ပါးလာခဲ့ရသူပို့ ငြီးငွေ့ခြောက်ကပ်လာနေသောအချိန်မှာပဲ ထောင်မှူးဦးမောင်မောင်ခေါ် ထောင်အကြောင်းများနှင့် သုတရသဝတ္ထုများ ရေးသားနေခဲ့သည့် နာမည်ရပြီးဖြစ်သူ စာရေးဆရာ ရန်အောင်မောင်ဟောင် ပဲခူးထောင်သို့ ပြောင်းရွှေ့ ရောက်ရှိလာခြင်းကြောင့် မထွက်ဖြစ်ခဲ့ခြင်းဟုဆိုလျှင် မှန်ပါလိမ့်မည်။

ကျွန်တော်က ငယ်စဉ်ကျောင်းမှာနေစဉ်ကာလကပင် စာပေအနုပညာပိုးရှိနေသူဖြစ်ပါသည်။ ဘားမားစတား၊ ဖလင်စတား၊ အချစ်တော်စာစောင်တို့တွင် လေးလုံးစပ်ကဗျာလေးများ လက်တည့်စမ်းနေချိန်ဖြစ်တာကြောင့် ဆရာရန်အောင်မောင်မောင်လို နာမည်ရပြီးသား စာရေးဆရာတစ်ယောက်နဲ့ မမျှော်လင့်ပဲဆုံတွေ့ခဲ့ရတော့ တပည့်ခံပြီး ဆရာ့ထံမှသိချင်တာ၊ တတ်ချင်တာလေးတွေ ဆည်းပူးချင်ခဲ့ခြင်းသာဖြစ်ပါသည်။

ဆရာနဲ့ပတ်သတ်ပြီး ကျွန်တော် ကြားစားခဲ့ရသည့် စာရေးဆရာများကတော့ ဆရာ့ထံအမြဲတန်းလိုလို ထောင်ရုံးခန်းထဲ အလည်လာသော့ရှိသည့် စာရေးဆရာ ရောင်နီဘဲဖြစ်ပါသည်။ ထောင်မှူးစာရေးဆရာ မင်းသူရိန်ကိုလည်း မကြာခဏမြင်ဘူးတွေ့ဘူးသော်လည်း ဆရာရောင်နီကဲ့သို့ အလာအသွားများတာကြောင့် ရင်းနှီးကျွမ်းဝင်ခြင်း မရှိခဲ့ပါ။ ဆရာရောင်နီကတော့ မျက်မှန်းတန်းမိပြီး စကားပြောဘူးဆိုဘူးပို့ ဆရာရန်အောင်မောင်မောင်ရဲ့ တပည့်ရင်းဆိုတာ အထူးမိတ်ဆက်ပေးရန်ပင်မလိုခဲ့တော့ပါ။

ကျွန်တော့် ရင်မှာ ကိန်းဝပ်နိုအောင်းနေခဲ့ပြီး အခြေအနေတစ်ခုကြောင့် ငုတ်လျှိုးပျောက်ကွယ်ခဲ့ရသည့် စာပေနဲ့ပတ်သတ်သော ခံစားမှုလေးတွေက ဆရာ့ကျေးဇူးများကြောင့် ပြန်လည်နိုးထလာခဲ့သည်ဟု ပြောရမည်သာဖြစ်သည်၊ ဆရာ့ရဲ့အားပေးမှု သွန်သင်မှုတို့ဖြင့် ဆောင်းပါးတစ်ပုဒ်အားကြေးမုံသတင်းစာ၌ ဖော်ပြခြင်းခံခဲ့ရပါသည်။

ဆောင်းပါး၏ ခေါင်းစဉ်မှာ . . .

"လူကြီးကို ကြိမ်ရိုက်ဆုံးမ၍ အကျိုးမမြင်" ဖြစ်ပါသည်။ အကျဉ်းဌာနတွင် ကျွန်တော်မတွေ့လို မမြင်လိုသော မနှစ်မြို့ဆုံးသော ကြိမ်ဒဏ်ရိုက်နှက်ခြင်းအကြောင်းကို စာဖတ်သူများထံသို့ ကွင်းကွင်းကွက်ကွက် တင်ပြနိုင်လိုက်ပါသည်။

ထိုသတင်းစာပါသော ကျွန်တော်၏ ဆောင်းပါးကြောင့် ပြောင်းလွဲသွားပါသည်ဟု ဘွန်နန်းပြည့်မကြိုက်ခဲ့သော်လည်း အုတ်တစ်ချပ် သဲတစ်ပွင့်ပမာ အထောက်အကူ ဖြစ်ခဲ့မည်မှာတော့ တွက်ဆမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

နောင်မကြာ မတင်သော ကာလ အပိုင်းအခြားတစ်ခုတွင် ကြိမ်ဒဏ်ပေးခြင်း အပြစ်ဒဏ်အား တရားရုံးများမှ မီးရှင်ခဲ့ခြင်းမရှိခဲ့သောကြောင့် ကျွန်တော် တွေ့လိုမမြင်လိုသည့် ရက်စက်သော ဒိုက်နက်အပြစ်ပေးခြင်းများကို ထောင်ထဲ၌ မတွေ့ရတော့သည်ပင် လျှင် ကျွန်တော့်အတွက် ဆရာ့ကျေးဇူးဖြင့် မွဲဦးထွက် အောင်မြင်ခဲ့သော စာပေ အသီးအပွင့်ဟုဆိုရပါမည်။

ထောင်ဝတ္ထုတွေနဲ့ အောင်မြင် ကျော်ကြားမှုဖြစ်နေသည့် ဆရာ့၏ အခြားသုတ၊ ရသဇာတ်လမ်းလေးတွေ မှာလည်း ရုပ်ရှင်ဇာတ်ကားအဖြစ် တစ်ခန်းတစ်နား အောင်မြင်နေသော ကာလဟုဆိုလျှင် မှားမည်မထင်ပါ။ ကျွန်တော် မှတ်သားမိသမျှ ပြောရပါလျှင် "သိကြားစေ သက်သေညွှန်း" "သည်လမ်းနှင့် သည်စခန်း" "သင်္ဘောတိုင်း မျက်ရည်ဝိုင်းသည်" တို့ဖြစ်ကြပါသည်။

ထောင်သံသရာ၏ဇာတ်သိမ်းပိုင်း

ထောင်သံသရာတွင် ဖခင်ဖြင့်သူမ စခဲ့ပြီး ကျွန်တော်ငယ်စဉ်ကနေအသက် (၂၀)ကျော်ထိတိုင် ကျင်လည်နေခဲ့သည့်ခရီးမှာ အဆုံးသတ်စေမဲ့အလုည်အပြောင်းတစ်ခုက မမျှော်လင့်ထားဘဲ ပေါ်ပေါက်လာခဲ့တော့သည်။ ပဲခူးရုပ်ရှင် ကုမ္ပဏီမှ ဒါရိုက်တာမင်းသားသန်း အောင်ရဲ့ ကြော်ငြာကြောင့်ဖြစ်သည်။ သူကုမ္ပဏီအတွက် သရုပ်ဆောင်မင်း သားသစ်၊ မင်းသမီးသစ်နှင့် လူရွှင်တော်၊ လူကြိမ်းဇာတ်ဆောင်အသစ်များ အလိုရှိကြောင်း ကြေးမုံသတင်းစာတွင်ပါလာသည့် ကြော်ငြာစာဖတ်မိရာက လူကြိမ်းသရုပ်ဆောင်အဖြစ် လျှောက်ထားလိုက်ပါတော့သည်။ ကံအားလျော်စွာပင် ပဏာမရွေးချယ်ခြင်း လူတွေ့ရွေးပွဲ၌ အရွေးခံလိုက်ရသည်။ ရွေးချယ်ပွဲကို ပဲခူးမြို့ရေပိုင်း(၁၈)လမ်း တရုတ်ဘုံကျောင်း၌ ကျင်းပခြင်းဖြစ်ပြီး ရန်ကုန်မှနာမည်ကြီးဒါရိုက်တာများ ရုပ်ရှင်သရုပ်ဆောင်များမှအဖွဲ့ဖွဲ့၍ ရွေးချယ်အတည်ပြုခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ပဏာမရွေးချယ်ထားခဲ့သူများအား ဒုတိယအကြိမ် ဆန်ကာတင်ရွေးချယ်ပွဲကိုတော့ မင်းသားသန်းအောင်ပိုင် အဆောက်အဦးတစ်ခုတွင် ကျင်းပခဲ့ရာ ကင်မရာရှေ့တွင် မင်းသားလောင်း၊ မင်းသမီးလောင်း လူရွှင်တော် အလောင်းအလျာများနဲ့ ကျွန်တော်တို့ လူကြိမ်းလောင်းများက၊ ဇာတ်လမ်းကိုလေးတစ်ခုကို ဒါရိုက်တာပြောတဲ့အတိုင်း သရုပ်ဆောင်ပြရတာပါ။ လက်တွေ့ ရုပ်ရှင်ရိုက်ကြည့်တဲ့စနစ်ပါ။ နောက်ဆုံးဆန်ကာတင် ရွေးချယ်ပွဲမှာ ပဲခူးရုပ်ရှင်၏ လူကြိမ်းသရုပ်ဆောင်အဖြစ် အတည်ပြုရွေးချယ်ခြင်းခံခဲ့ရပြီး နောက် မကြာခင်မှာပဲ ရွေးချယ်ထားခဲ့သည့် မင်းသား၊ မင်းသမီး၊ လူရွှင်တော်၊ လူကြိမ်းများအားလုံး၏ ဓာတ်ပုံများနဲ့ တကွ သတင်းစာမှာ ကြော်ငြာလိုက်သဖြင့် လူသိရှင်ကြားရုပ်ရှင် သရုပ်ဆောင် ဖြစ်ခဲ့ရပါတော့သည်။

အဲဒီမှာတင် ကျွန်တော်အလုပ်ထွက်ဖို့ကိစ္စက ပေါ်လာခဲ့ခြင်းဖြစ်သည်။ ရုပ်ရှင်ရိုက်ရက်များအတွင်း ခရီးထွက်ရသည်မှာ မကြာခဏဖြစ်သလို ခွင့်ရဖို့ဆိုသည်က သတ်မှတ်ထားသည့်ရက်ထက်ကျော်၍မှ ကြာကြောင့် တစ်ခုခုကို စွန့်လွှတ်ရမည့်အခြေအနေက ဖြစ်ပေါ်လာခဲ့ပြီဖြစ်၏။ လူဖြစ်စမှ ပေးနေတိုင် ထောင်အုတ်တံတိုင်းအနီး အသက်ရှင်လှုပ်ရှားခဲ့ရသောဘဝကို ရန်းလွှတ်နိုင်ရန်စိတ်ကူးယဉ်ခဲ့သော ကျွန်တော့်အတွက် ဆုတောင်းပြည့်ခဲ့လေ သလားဟု အတွေးပေါက်၍ ငါသနာပါရာ အနုပညာဖြင့် ထမင်းတစ်လုပ်စားရပြီး အသက်ရှင်သန်ရခြင်းအား ဘဝအတွက် ကျေနပ်စရာတစ်ခုအဖြစ် ရွေးချယ်၍ အ ကျဉ်းဌာနမှ နှုတ်ထွက်ခွင့်တင်ခဲ့ရသော အခါ ကျွန်တော့်ဘဝကို နားလည်သော ဆရာရန်အောင်မောင်မောင်၏ ကူညီပံ့ပိုးမှုကြောင့် တစ်လအတွင်းနှုတ်ထွက်ခွင့်ရခဲ့ရပြီး ငါသနာ၏နောက်သို့ကောက်ကောက်ပါအောင် ခြေချလိုက်ပါတော့သည်။

အလုပ်မှ နှုတ်ထွက်ခွင့်ရချိန်မှာပဲ ကျွန်တော်တို့ပဲခူးရုပ်ရှင်အဖွဲ့သားများနှင့် အပူ အကြ[illegible]ဒမီမင်းသား ထွန်းဇေ အကယ်ဒမီဝင်ရှားကင်တို့ ပါဝင်သော "သည်နွေသည်ဆောင်း" ရုပ်ရှင်ဇာတ်ကားအား ရှမ်းပြည်နယ်[illegible]မြင်းမထိတောင်တို့တွင် ရိုက်ကူး အတွက်ခရီးထွက်ခဲ့ရပါသည်။ ထို့နေ[illegible]

www.burmeseclassic.com

www.burmeseclassic.com

ဒုတိယမြောက် ဇာတ်ကားအဖြစ် မင်းသား တွဲတေးသိန်းတန်၊ မင်းသမီး နှင်းနွယ်စိုး ပါဝင်သည့် "တောင်ကုန်းအမှတ် ၁၁၉" အမည်ရှိစစ်ကား အား မွန်ပြည်နယ်ဘက်တွင် ရိုက်ကူးခဲ့ပါသည်။

ထိုဇာတ်ကား နှစ်ကားလုံးတွင် မင်းသားသန်းအောင် ကိုယ်တိုင်သရုပ်ဆောင် ဒါရိုက်တာအဖြစ်ပါဝင်ခဲ့လေသည်။

ကံကြမ္မာ၏ အလှည့်အပြောင်းကြမြန်ဆန်လှပါသည်။ ကျွန်တော်တို့အဖွဲ့ပါဝင်သည့် အဆိုပါဇာတ်ကားနှစ်ကား အပြီးမှာပဲ မင်းသားသန်းအောင် တစ်ယောက် သူ၏ ကိုယ်ရေးကိုယ်တာ အကြောင်းဖြင့် ပဲခူးရပ်ရှင်အား ဆက်လက် ဆောင်ရွက်ခြင်းမပြုခဲ့တော့သဖြင့် ကျွန်တော်နဲ့အတူ အားလုံးသောသရုပ်ဆောင်သစ်များအဖို့က အလုပ်လက်မဲ့ဘဝသို့ အလိုအလျောက်ရောက်ရှိသွားခဲ့ကြပါသည်။

မှတ်မိသရွေ့ ပြောရမည်ဆိုပါက မင်းသားများထဲမှ ဖောင်တော်သီသား အောင်ကိုကိုအား ရွှေကန့်ရိဇာတ်ကား တွင် ဇာတ်ပို့ဇာတ်ရဲ့ မင်းသားအဖြစ် တွေ့ခဲ့ပြီး ပဲခူးဒီးရထားဝင်းနေသူ မင်းသား မင်းဟန်ဆိုသူကတော့ မင်းသမီး ခင်သန်းနဲ့ သီတာပြိုးဇာတ်ကားမှာ ဇာတ်ရဲ့အဖြစ်တွေ့ခဲ့ပြီးနောက်ဆက်လက် မတွေ့မိတော့သလို မင်းသမီးဖြစ်သော ပဲခူးရွှေသာလျောင်းမှ တင်တင်ကြွယ်နဲ့အတူ လူကြမ်းဖြစ်သူ ပဲခူးကျောက်ကြီးစုရပ်ကွက်မှာနေတဲ့ စိန်ထွန်းဆိုသူတို့ နှစ်ဦးမှာတော့ ဇာတ်ထဲရောက်သွားကြသည်ကို မှတ်မိခဲ့ပါသည်။

ကျွန်တော် ကတော့ မှန်တိုင်းထန်သည့်ရေဆန်လေဆန်ခရီးတွင် ရွက်ကုန်လှင်၍ မျောပါသွားခဲ့ရင်းမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ ရောက်ရှိသွားခဲ့ပြီး နိုင်ငံအကျိုးအတွက် ကျွသည့်နေရာမှာ ကာဝန်ယူဆောက်ရွက်နေခဲ့စဉ် စာနယ်ဇင်းသမား ဆရာဦးသက်ကျော်ရဲ့ ကျေးဇူးတရားများဖြင့် ပေါင်းကူးဆက်သွယ်ပေးခဲ့မှုကြောင့် နှစ်ပေါင်းများစွာ ရင်ထဲမှသိမ်းဆည်း ငုတ်လျှိုးနေခဲ့သည့် စာပေရောဂါ နာလန်ထလာခဲ့ပါတော့သည်၊ လာဘ်မိုးစွေစာပေမှ အယ်ဒီတာချုပ် ဆရာမောင်မောင်မြင့်အေး၏ လက်ကမ်းကြိုဆိုနေရာပေးခဲ့သော ဂုဏ်ကျေးဇူးများစွာတို့ဖြင့် ကလောင်တစ်ချောင်းကိုဆုတ်ကိုင်နိုင်ခဲ့သလို မူခင်းသတင်းထောက်၊ ဖြစ်ရပ်မှန် မူခင်းဝတ္ထုတိုရေးသူဘဝနှင့် စာပေစင်မြင့်၏နောက်ဆုံးလှေခါးထစ်လေးပေါ်သို့ ခြေချခွင့်နေခဲ့ရင်း ရဲတပ်ဖွဲ့ဝင်ဘဝဖြတ်သန်းခဲ့သော မူခင်းအဖြစ်ခုံအား ရေသားနိုင်ခွင့်ရရှိလူ ဖြစ်ခဲ့ပါတော့သည်။

ဝမ်းမဝပေမဲ့ ဝါသနာအရှနစ်သက်

စုံမွှေသည့်ဘဝတစ်ခုတွင် ရှင်သန်နေရခြင်းအတွက် များစွာရှင်သန်ခြင်း၊ ကြည်နူးခြင်းကို ခံစားနိုင်ခဲ့ပြီးဟု ဆို၍ ရမည်ထင်ပါသည်။

နောက်ဆုံးအဆင့် တတိယအရွယ် လွန်ဘဝရောက်မှပဲ ကျွန်တော် ဖြစ်ချင်သော တောင်းတခဲ့သော ဘဝကို တစ်စွန်းတစ်စရခဲ့ပေမဲ့ အဲဒီအခြေအနေများအား သူဖြစ်စေချင်သော အရာအတိုင်းအတာတစ်ခုသို့ ရောက်ရှိနေခဲ့ခြင်းအပေါ် ဆရာသမားဖြစ်ခဲ့သော ဆရာရန့်အောင်မောင်မောင်တစ်ယောက်တွေ့မြင်ခဲ့စားနိုင်ခဲ့ခြင်း မရှိသည်ကတော့ဖြင့် ကျေးဇိတိုင်းကြေကွဲဝမ်းနည်းရပါသည်။

သို့သော် တမလွန်၏ကောင်းကင်ဘုံတစ်ခုမှနေပြီး ဆရာကြည်နူးဝမ်းသာနေလိမ့်မည်ဟုတော့ မျှော်လင့်မိသည်။

ဘဝတွင် မည်သို့ပင် ရှိစေတော ဝါသနာတောအကွင်းမှာ လှုပ်ရှားလျှောမွေ့နေခဲ့သော ဤအချိန်ကာလထဲကတော့ ကျွန်တော့်ဘဝတွင် ....

"အားလုံးကောင်းပါတယ်ခင်ဗျာ" ဟုသာဆိုလိုက်ချင်ပါ တော့သည်။

များစွာသော
ထောင်အမှုထမ်းဘဝ
ဖခင်များသို့
ထာဝရဦးညွှတ်လျက် ....

အောင်ရဲကျော်(မူခင်း

www.burmeseclassic.com

www.burmeseclassic.com

တောသတ္တဝါတို့၏ဘုရင်
ဆင်ဆိုသည်မှာ

ခင်မောင်အေး (မန္တလေး)

အာရှတစ်ခွင်တွင် ကမ္ဘာပေါ်၌ ကြီးသန်ခန္ဓာအကြီးဆုံး၊ ခွန်အားအကြီးဆုံး သတ္တဝါဖြစ်သော ဆင်များ ကပ်ဆိုက်နေ ကြောင်း ဆိုရချိမ့်မည်ဖြစ်ပါသည်။ အိန္ဒိယ မြောက်ပိုင်း အင်ဒိုနီးရှားနိုင်ငံနှင့် မြန်မာနိုင်ငံ အပါအဝင် သစ်တောများ မဆင်မခြင်ခုတ် ထွင်းမှုကြောင့် တောများပြုန်းတီးကုန်ကြ သည်။ တောများပြုန်းတီးသဖြင့် တော များတွင်နေထိုင်ကျက်စားကြသည့် တော သတ္တဝါများ စားကျက်နယ်မြေ ကျဉ်း ကျောင်းကုန်သည်။ တောသတ္တဝါငယ် လေးများအတွက် မထောင်းတာလှ သည်တိုင် ဆင်ကဲ့သို့သော သတ္တဝါကြီး များအတွက်မူ စားရေရိက္ခာ ရှားပါးလာ သည်။ ကောတွင်းမှာ အစာရှာဖွေ၍ မရ နိုင်တော့။

သို့ဖြင့်သဖြင့် လူတို့၏ တောင်ယာ စပါးစိုက်ခင်းများ၊ ပြောင်းခင်း၊ ပဲခင်းများ၊ တောင်ယာသီးနှံ စသည်တို့အပြင် လူတို့ စိုက်ပျိုးပြုပြင်ထားသည့် ဥယျောဉ်ယာဉ် များအထိပင် ဦးလှည့်လာကြသည်။ စင်စစ် ဆင်တွေအတွက် ကံဆိုးလာသည် ဟု ပြောရလိမ့်မည်။ သင်းတို့ ချောင်ပိတ်မိ နေချေပြီ။ လွယ်လွယ်ကူကူ ရနိုင်သည်က လူတွေစိုက်ပျိုးထားသော လယ်ယာစိုက် ခင်းများပဲ မဟုတ်ပါလား။

အိန္ဒိယနိုင်ငံတွင် ဆင်များကို အထွတ်အမြတ်ထား ကိုးကွယ်ခဲ့ကြ သည်။ ဆယ့်ခြောက်ရာစုနှစ်ခန့်အထိ ဟိန္ဒူလူမျိုးတို့သည် ဂါနက်ချိနတ်ဘုရား တစ်ပါးဖြစ်သည့် ဆင်ဦးခေါင်းနှင့် လူ၏ ခန္ဓာကိုယ်ရှိသော မြန်မာတို့က မဟာပိန္ဒ နတ်ဟု သိရှိထားသည့် နတ်ဘုရားအား ကိုးကွယ်ကြ၏။ ဂါနက်ချိသည် အတား အဆီးများကို ဖယ်ရှားပေးသည်၊ ခနဥစ္စာ ကို ဆောင်ယူပေးသူဖြစ်သည်ဟု ယုံ ကြည်ကြသည်။ သို့ဖြစ်သောကြောင့် ဟိန္ဒူဘာသာဝင်များက ဆင်များကို ကာ ကွယ်စောင့်ရှောက်ကြသည်။ ဆင်များ အန္တရာယ်မကျရောက်စေဖို့ အထူးကာ ကွယ်ပေးကြလေသည်။

ဆင်များ နေထိုင်ကျက်စားသည့် ပုံသဏ္ဌာန်သည် မိသားစုအသွင် ဖြစ် သည်။ မိခင်ဆင်မကြီးက ပေါက်ဖွားလာခဲ့ ကြသည့် ဆင်များဖြစ်ကြသဖြင့် အုပ်စုခွဲ သွားခြင်းမရှိကြဘဲ အတူတကွ ပေါင်း စည်းနေထိုင်ကြပေသည်။ ဆင်မတစ် ကောင်က သားတစ်ကောင် ပေါက်လာ သည်နှင့် သားထိန်းဆင်မတစ်ကောင်က ဝင်ရောက်ထိန်းပေးသည်။ မိခင်ဆင်မကြီး က နို့တိုက်ပေးရုံမျှသာ။ သို့နှင့် ဆင်အုပ် က တစ်စထက်တစ်စ တိုးပွားလာကြ၊ ကောင်ရေများသည်ထက် များလာခဲ့ရ သည်။ ဆင်ကောင်ရေများပြားလာသည် နှင့်အမျှ စားကျက်နယ်မြေသည်လည်း ကျဉ်းမြောင်းလာလေသည်။ သို့ဖြစ်၍ ဆင်တို့က အစာရေစာရှိနိုင်ရန်အတွက်



အမေ ... အမေ ... တမ်းတလို့ ငိုရှာပေမဲ့လည်း
အမေရေ ဘယ်မှာလဲ ...။

www.burmeseclassic.com

www.burmeseclassic.com

လူတို့၏စိုက်ခင်းများရှိရာဆီသို့ ဝင်ရောက်ကျက်စားလာကြလေတော့သည်။

အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကျွန်း၌ တောဆင်ရိုင်းများ သောင်းကျန်းလျက်ရှိနေလေသည်။ အာချေးပြည်နယ်၊ ပွမ်ပန်းကျေးရွာ စိုက်ခင်းများအတွင်း တောဆင်ရိုင်းတစ်အုပ် ဝင်ရောက်လာသဖြင့် လယ်သမားသုံးဦးက မောင်းထုတ်ရန်ကြိုးပမ်းခဲ့ကြသည်။ ဆင်အုပ်တွင်းမှ ဆင်ရိုင်းတစ်ကောင်က ပြန်လည်ခုခံတိုက်ခိုက်၍ လယ်သမားတစ်ဦး ဆင်နင်းခံရပြီး သေဆုံးခဲ့ရ၏။ ကျန်နှစ်ဦးမှာ ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။ ကံဆိုးရှာသူသည် မိဟာမက်အာမင်ဆိုသူ ဖြစ်ပါသည်။

အလားတူစွာပင် မြန်မာနိုင်ငံ၊ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ် ဖဖိုကျေးရွာ ရိုးမတောတွင်း၌ သင်းခွေချဉ်ရှာသူ မုဆိုးတစ်ဦးဖြစ်သော ကိုကျော်ဆန်းနှင့် အဖော် ဦးကျော်ဌေးတို့ အတူတကွ တောတွင်းသို့ ဝင်ရောက်ခဲ့ကြ၏။ ယင်းအခိုက် တောဆင်ရိုင်းတစ်ကောင်နှင့် ပက်ပင်းတိုးမိကြသည်။ ကိုကျော်ဆန်းနှင့် ကိုကျော်ဌေးတို့နှစ်ဦးစလုံး ထွက်ပြေးခဲ့ကြသည်တွင် ကိုကျော်ဆန်းမှာ တောရိုင်း၏ အနင်းခံရပြီး ဦးကျော်ဌေးသာလျှင် လွတ်မြောက်သွားသည်။

တောဆင်ရိုင်းများ ယင်းသို့ ရန်မူတိုက်ခိုက်နေခြင်းသဘင်းများ ရိုးမတစ်လွှင်တွင် မကြာခဏကြားနေရသည်။ စင်စစ် တောကောင်တို့၏ စားကျက်နယ်မြေများကို လူသားတို့က နယ်မြေချဲ့ထွင်ခဲ့ခြင်းကြောင့်ပင်။ အစာရေစာပြတ်လပ်လာသော တောဆင်ရိုင်းများအနေဖြင့် လူတို့၏စိုက်ခင်းများ၌သာ အစာရတော့မည်ဟု အလိုလိုသိလာကြပြီး လူသားတို့အား မကြောက်မရွံ့နိုင်တော့ဘဲ ဇွတ်အတင်း ဝင်ရောက်လာခဲ့ကြခြင်းပင် ဖြစ်ပါသည်။ မြောက်ဇာမတီကြိုးဝိုင်းအတွင်း တော ဆင်ရိုင်းများ ထိန်းသိမ်းမှုအတွက် စား ကျက်နယ်မြေ ထူထောင်တော့မည်ဟု သော သတင်းကို မြန်မာတိုင်းမ်ဂျာနယ် ၈-၁၄-၂၀၁၂ ခုနှစ်ထုတ်တွင် ဖတ်ရှုလိုက်ရပါသည်။ သက်ဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦး၏ ပြောကြားချက်အရ ရေိယာကေ သုံးသိန်းခန့်ရှိ မြောက်ဇာမတီ ဆင်ထိန်းသိမ်းရေးနယ်မြေဆိုသော ဆင်ဘေးမဲ့တောတစ်ခု တည်ထောင်ရန်ရှိသည်ဟု ကြားသိရပါသည်။ ဘေးမဲ့တော တည်ထောင်သည့်အတွက် ဆင်များ စားကျက်နယ်မြေ ပျက်စီးခြင်းမှ ပြန်လည်ကောင်းမွန်လာကာ ဆင်နှင့်လူ သားတို့အကြား ပဋိပက္ခများလည်း လျော့ပါးသွားမည် မှချဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ၁၉၉၄ ခုနှစ်က ပြဌာန်းထားခဲ့သည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး ဥပဒေအရ ဆင်သည် လုံးဝကာကွယ်ထားသော တိရစ္ဆာန်များစာရင်းတွင် ပါဝင်ကာ ဆင်များအား ခွင့်ပြုချက်မရှိဘဲ သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း၊ အနာတရဖြစ်စေခြင်း၊ ၎င်း၏အစိတ်အပိုင်းများအား ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားရှိခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း (သို့မဟုတ်) လွှဲပြောင်းခြင်းသာမက ထောက်ခံချက်မရှိဘဲ ပြည်ပသို့တင်ပို့ခြင်းတို့ကို ကျူးလွန်ကြောင်းထင်ရှားပါက ထောင်ဒဏ်ခုနစ်နှစ် (သို့မဟုတ်) ငွေကျပ်ငါးသောင်းဖြစ်စေ၊ (သို့မဟုတ်) ဒဏ်နှစ်ရပ်စလုံးဖြစ်စေ အရေးယူနိုင်ကြောင်း ပြဌာန်းထားပေသည်။

၂၀၁၂ ခုနှစ်အတွင်းက တောဆင်ရိုင်းများစွာ သတ်ဖြတ်ခြင်းခံခဲ့ရရာ အဆင်ခြင်ကင်းမဲ့သော မုဆိုးတို့၏ သတ်ဖြတ်ခြင်းက ရာခိုင်နှုန်းတော်တော်များများ ဖြစ်ချေပါသည်။ သက်ဆိုင်ရာပုဂ္ဂိုလ်၏ပြောပြချက်အရ –

''အရင်တုန်းက ဆင်တွေကို အစွယ်လိုချင်လို့ သတ်ကြတယ်။ အခုတော့ အစွယ်တင်မကတော့ဘူး၊ အသားရော အရေခွံကိုပါ ပြည်ပနိုးပို့ဖို့ သတ်ကြတယ်လေဗျာ''

ပြီးတော့ ဆက်လက်ပြောပြသည်မှာ –

''မြောက်ဇာမတီကြိုးဝိုင်း နေရာဒေသမဲ့တောသတ်မှတ်ပြီး၊ ဆင်တွေတတ်နိုင်သမျှ လူတွေနဲ့ဝေးဝေး တောထဲပြန်ရောက်အောင် လုပ်သွားမယ်။ အဲအတွက် အစီအစဉ်နှစ်ခုရှိတယ်၊ ဆင်ကျက်တွေပြန်ကောင်းအောင် ပဲ၊ စပါးကြံ စတဲ့သီးနှံတွေ စိုက်ပေးမယ်။ ပြီးသွားတဲ့အခါ ဆင်တွေကို ဒီစားကျက်နယ်ထဲကို ပြန်မောင်းသွင်းမယ်။ ပြီးတဲ့အခါ ဆင်တွေ ဒီဘက်ကို ပြန်မထွက်မိုင်အောင် ကျင်းတွေ၊ ချိုင့်တွေ၊ အတားအဆီးတွေကို ဖန်တီးထားမယ်။ ဒီအစီအစဉ်တွေကို ဌာနပေါင်းစုံနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ နှိုးဆော်တယ်''

အကူအညီမဲ့နေရှာသည့် တောတွင်းနေ တိရစ္ဆာန်များအတွက် ပြဿနာတရားလေးပါးဖြစ်သည့် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရားများကို ပွားများလျက် သတ်ဖြတ်ခြင်း၊ ဖမ်းဆီးခြင်း၊ အမဲလိုက်ခြင်း၊ ယင်းသတ္တဝါတို့အသား၊ အရေ၊ အစွယ် အစရှိသည်တို့ကို ရောင်းဝယ်ခြင်းတို့မှ ရှောင်ရှားစေတနာဓာတ်ဖြင့် သတိပေးတောင်းပန်အပ်ပါသတည်း။

စာကိုး–

မြန်မာတိုင်းမ်ဂျာနယ်
၈-၁၄-၂၀၁၃ ရက်နေ့။
ကြေးမုံသတင်းစာ၊ ၂၈-၂-၂၀၁၂
ကြေးမုံသတင်းစာ၊
၂၆-၁၂-၂၀၁၃

ခင်မောင်အေး(မန္တလေး)

www.burmeseclassic.com

www.burmeseclassic.com

ကျာမန်ပြောက်ကျားသဘော်

အက္ကဝါလင်းယုန်

လှမိုး(ပညာရေး)



၁၉၁၆ ခုနှစ်၊ အောက်တိုဘာလ၏ သာယာသောနေ့တစ်နေ့ နံနက်ခင်း ဖြစ်သည်။ ကျာမကီနိုင်ငံ၊ ဟန်းဘတ်ဆိပ်ကမ်း၊ ဆိပ်ခံတံတားအမှတ် ၁၂ မှ သုံးပင်တိုင်ရွက်သင်္ဘော၊ မာလက်တာသည် တဖြည်းဖြည်းထွက်ခွာလာသည်။ မာလက်တာသည် နော်ဝေနိုင်ငံအလံကို လွှင့်တင်ထား ပြီး တန်ချိန် ၁၅၀၀ သာရှိသော ကုန်တင်သင်္ဘောတစ်စင်းသာ ဖြစ်သည်။ သင်္ဘောကုန်းပတ်ပေါ်တွင် ပင်ထားသော သစ်များမှာလည်း နော်ဝေနိုင်ငံ၊ သစ်ကုမ္ပဏီတစ်ခုမှ ကျာမကီနိုင်ငံသို့ ပို့ဆောင်လော သစ်များဖြစ်ပြီး နော်ဝေ သစ်ကုမ္ပဏီတစ်ခု၏ အမှတ်တံဆိပ်များ ရိုက်နှိပ်ထား၏။

www.burmeseclassic.com

www.burmeseclassic.com

ကပ္ပတိန်ကြီးမှာ နော်ဝေနိုင်ငံသား ကနူဆင်းဖြစ်သည်။ ကပ္ပတိန်ကြီး၏ အခန်းအတွင်း နံရံတွင် နော်ဝေနိုင်ငံ၊ ဘုရင်ကြီးနှင့်မိဖုရားကြီးတို့၏ ဓာတ်ပုံကို ချိတ်ဆွဲထားပြီး နံရံတစ်ဖက်တွင်မူ နော်ဝေနိုင်ငံသား သင်္ဘောကပ္ပတိန်ကနူဆင်း၏ မိသားစုဓာတ်ပုံများကို ချိတ်ဆွဲထားသည်။ အမှတ်မဲ့ "မာလက်တာ" သင်္ဘောပေါ်သို့ တက်ရောက်သူအဖို့ တကယ် နော်ဝေနိုင်ငံရောက်နေရသလို ခံစားရမည်ဖြစ်သည်။ သင်္ဘောသားများ စားသောက်သည့် ပန်းကန်ခွက်များမှအစ နော်ဝေနိုင်ငံမှထုတ်လုပ်ပစ္စည်းများဖြစ်၏။ သင်္ဘော်၏ နေရာတိုင်းမှာ ကျယ်ကျယ်ပြန့်ပြန့်ရှိပြီး အဆင်အပြင်အားလုံးမှာလည်း နော်ဝေသင်္ဘောတစ်စင်းနှင့် ထပ်တူဖြစ်သည်။ သင်္ဘောသားများ ဖတ်နေသည့် သတင်းစာများ၊ ဂျာနယ်များမှာလည်း နော်ဝေဘာသာဖြင့် ထုတ်ဝေသော သတင်းစာများ၊ ဂျာနယ်များ၊ မဂ္ဂဇင်းများဖြစ်နေသည်။

သို့သော် သေသေချာချာစဉ်းစားတွေးခေါ်တတ်သူများအဖို့ဆိုလျှင် ပထမကမ္ဘာစစ်ကြီး ပြင်းပြင်းထန်ထန် ဖြစ်ပွားလျက်ရှိပြီး အန္တလန္တိတ်သမုဒ္ဒရာအတွင်း ဗြိတိန်နိုင်ငံနှင့် မဟာမိတ်များ၏ စစ်သင်္ဘောများနှင့် ဂျာမန်ကိုင်ဇာဘုရင်ရေတပ်မတော်မှ စစ်သင်္ဘောများသည် ပြင်းပြင်းထန်ထန်တိုက်ပွဲဖြစ်ပွားနေစဉ်အဘယ်ကြောင့် နော်ဝေနိုင်ငံမှ ကုန်သင်္ဘောတစ်စင်းသည် ဂျာမဏီနိုင်ငံ၊ ဟန်ဘတ်မြို့ဆိပ်ကမ်းမှ ထွက်ခွာလာသနည်းဟု စဉ်းစားမည်ဖြစ်ပါသည်။

မှန်ပါသည်။ သေသေချာချာစဉ်းစားလျှင်ဤသင်္ဘောသည် နော်ဝေနိုင်ငံမှ ကုန်တင်သင်္ဘောတစ်စင်းမဟုတ်နိုင်ပါ။ ဗြိတိသျှဘုရင့်ရေတပ်မတော်ကြီးမှ တိုက်သင်္ဘောကြီးများ၊ ဖျက်သင်္ဘောကြီးများ၊ ကရုဇာသင်္ဘောကြီးများသည် ပထမကမ္ဘာစစ်ကြီးစတင်ဖြစ်ပွားလာခဲ့သော ၁၉၁၄ ခုနှစ်၊ ဩဂုတ်လကစ၍ အတွေ့လန္တိတ်သမုဒ္ဒရာအား စိုးမိုးနိုင်ခဲ့ကြပါသည်။

နိုင်ငံတစ်နိုင်ငံသည် မိမိ၏ လုံခြုံမှုကို ကာကွယ်ရန်အတွက် ကုန်းမြေဘက်မှ စိုးရွံ့ကြောက်ကြရန်မလိုခဲ့လျှင် သို့မဟုတ် မိမိတိုင်းပြည်၏ နယ်နိမိတ်ကို ကျယ်ပြန့်စေရန် ကုန်းမြေ၌ အာရုံစိုက်စရာမရှိခဲ့သော် ပင်လယ်ရေကြောင်းကိုသာ စူးစိုက်မတ်မတ် ဦးတည်သွားရမည်ဖြစ်သည်။ အင်္ဂလန်နိုင်ငံသည် ရေပတ်လည်ဝိုင်းနေသော ကျွန်းတစ်ကျွန်းဖြစ်ပြီး အင်ပါယာကြီးမှာလည်း နေမဝင်အောင် ကျယ်ပြောသည်ဟု ဆိုသည်။ သို့ဖြစ်၍ ပင်လယ်ရပ်ခြားဒေသအများကိုလည်း စောင့်ရှောက်ရန်လိုအပ်သည်။ သို့ဖြစ်၍ အင်အားကြီးများသောရေတပ်မတော်ကြီးကိုတည်ဆောက်ရမည် ဖြစ်၏။ အင်္ဂလန်နိုင်ငံသည် သမိုင်းအဆက်ဆက် အင်အားတောင့်တင်းသော ရေတပ်မတော်ကြီးကို တည်ဆောက်ထားခဲ့ပြီး အလျှော်တစ်ခွင်ကို စိုးမိုးနိုင်သော ရေတပ်မတော်အင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်၏။ ပထမကမ္ဘာစစ်ကြီးစတင်ဖြစ်ပွားခဲ့သည်ကစ၍ ရေကြောင်းတိုက်ပွဲများတွင် ဂျာမဏီနိုင်ငံသည် အနှုန်းနှင့်ယှဉ်ပြိုင်ခဲ့ရ၏။

စစ်ကြီးဖြစ်လာသော အခါ ဗြိတိသျှတို့နှင့် မဟာမိတ်နိုင်ငံများသည်လည်း ကောင်း၊ ဂျာမဏီနိုင်ငံနှင့် မဟာမိတ်များသည် ဆောက်ပုံပို့ဆောင်ရေးလုပ်ငန်းကြီးများအတွက် ပင်လယ်ရေကြောင်းသွားလာရေးကို များစွာအားထားခဲ့ကြရသည်။ စစ်ကြီးမဖြစ်ပွားမီကာလက ကုန်တင်သင်္ဘောများသည် စစ်ကြီးဖြစ်ပွားလာသည့်ကာလသို့ ကျရောက်လာသော အခါ စစ်သုံးထောက်ပို့ရေယာဉ်များဖြစ်လာကြ၏။ စစ်သားတင်သင်္ဘောများ၊ စစ်သုံးပစ္စည်းများတင်ပို့သည့် ကုန်သင်္ဘောများ၊ ရိက္ခာပစ္စည်းတင်ပို့သည့် သင်္ဘောများဖြစ်လာခဲ့ကြ၍ တစ်နိုင်ငံမှ တစ်နိုင်ငံသွားလာ လှုပ်ရှားခဲ့ကြရ၏။

ဤသို့ပို့ဆောင်ရေး သော ရန်သူကုန်သင်္ဘော နှင့်လူစီးသင်္ဘောများကို မှုန်းရမည်။ တိုက်ခိုက်နှိ ပစ်ရမည် ဖြစ်၏။ သို့မှ စစ်ကြီး၏ အသက်သွေးကြော နှင့်တူသော ထောက်ပံ့ရေ လုပ်ငန်းကြီးရပ်တန့်ပျက်စီ ကာ စစ်ဆင်ရေးများလည် ကစင့်ကလျားဖြစ်ရမည်ဖြ သည်ဟု ဂျာမဏီရေတပ် တော်မှ တာဝန်ရှိသူများ ကျာမန်ကိုင်ဇာဘုရင် စစ်ဦး ဌာနက ယူဆခဲ့ကြသည်။ ကဲ့သို့ ကုန်သင်္ဘောများ လှုပ်တပြက် တိုက်ခိုက်ရေး အတွက် ဂျာမန်ရေတပ်မ ကြီးတွင် တိုက်သင်္ဘော အလုံအလောက်မရှိ။ သို့ဖြင့် အလျှော်အတွင်း ပြောက်တ စနစ်ဖြင့် ထိရောက်စွာ တိုက် ခိုက်ရေးနည်းဗျူဟာကို သုံးရန် စီမံခဲ့ကြ၏။

ကျင့်သုံးမည့် အလျှော် ပြောက်ကျားစနစ် နည်း ဟာအတွက် လျော်ပ သင့်တော်သော သင်္ဘော ကို ရွာဖွေ၍ ပြင်ဆင်မှုမ ရုပ်ဖျက်မှုများပြုလုပ်ရ ဖြစ်သည်။ ယင်းပြောက်ကျ

www.burmeseclassic.com

www.burmeseclassic.com

သင်္ဘောသည် မည်သည့်သင်္ဘောကိုမျှ ဘေးအန္တရာယ်မပြုမည့် ကုန်သင်္ဘောသဏ္ဌာန်ကဲ့သို့ ရုပ်ဖျက်ထားပြီး ရန်သူနိုင်ငံမှ ကုန်သင်္ဘောများ သွားလာလေ့ရှိသည်။ ရေလမ်းကြောင်းဒေသတစ်ဝိုက်၌ လှုပ်ရှားရွေ့ရမည်ဖြစ်၏။ တွေ့နိုင်သည့်အခါ ဖမ်းဆီးခြင်း၊ ပစ်ခတ်ချေမှုန်းခြင်း၊ တိုက်ခိုက်စစ်မြေပြင်ခြင်းစသည်တို့ကို အခြေအနေအရ ဆောင်ရွက်ရမည် ဖြစ်၏။

ဤကဲ့သို့ ဆောင်ရွက်ခြင်းဖြင့် **ရန်သူနိုင်ငံများအဖို့ ဒီဇီတို့ ကုန်သင်္ဘောကြီးများ**နှင့် သင်္ဘောသားများ ဆုံးရှုံးနေ၍ စိတ်ဓာတ်ကျဆင်းခြင်းများ ဖြစ်နိုင်ပြီး စစ်သုံးပစ္စည်းများ ဆုံးရှုံးနစ်နာသဖြင့် စစ်ရေးတွင် ထိခိုက်နိုင်ပေသည်။ တစ်ဖက်ရန်သူ အထိုက်အလျောက် ဆုံးရှုံးနစ်နာသမျှမှာ ဗာမန်နိုင်ငံအတွက် အမြတ်သွက် အကျိုးရှိမည်ဖြစ်သည်။

သို့ဖြစ်၍ ဂျာမန်ကိုင်ဇာဘုရင် ရေတပ်မတော်သည် ပြောက်ကျားသင်္ဘောများ အဖြစ် ပြောင်းလဲပြင်ဆင်ရန် ကုန်သင်္ဘောများကို ရွာဖွေခဲ့ကြ၏။ ဂျာမန်ရေတပ်မတော်မှ ယူဘုတ်များ အတ္တလန်တိတ်သမုဒ္ဒရာအလွှာဝါပြင်တွင် ဖမ်းဆီးထားမိသော ဗြိတိသျှ ကုန်တင် သင်္ဘော "ဘာဟားမား" ကို သွားသတိရကြသည်။ မှတ်တမ်းအရ ယင်းသင်္ဘောကို ၁၈၈၈ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ ဂလပ်စကိုသင်္ဘောကျင်းတွင် တည်ဆောက်ခဲ့ပြီး ၄၂ လက်မ အမြောက်များတပ်ဆင်ထားခဲ့၏။ သင်္ဘော၏ **ဖင်ဂျင်စက်များမှာလည်း** အသစ်များ ဖြစ်သဖြင့် ပြောက်ကျားသင်္ဘောအဖြစ် ပြုပြင်ပြောင်းလဲအသုံးပြုရန် အသင့်တော်ဆုံး ဖြစ်သည်ဟု သိကြရ၏။

ပြောက်ကျားလုပ်ငန်း **မည်သည် အစစအရာရာ ပါးနပ်လိမ္မာစွာ သိုသိပ်လျှို့ဝှက်**ရသော လုပ်ငန်းဖြစ်သည်။ ယခင် ဗြိတိန်သျှပိုင် "ဘာဟားမား" သင်္ဘောအား ပြောက်ကျားသင်္ဘော မာလက်တာဟု ရန်သူ့နိုင်ငံမှ သူလျှို များအထောက်တော်များ သတင်းပေးများ ထောက်လှမ်းသိရှိသွားပါက ပြောက်ကျားစစ်ရေးမစမီ ရှုံးပြီးဖြစ်နိုင်သည်။ သို့ဖြစ်၍ ဗြိတိသျှကုန်တင် သင်္ဘောဟောင်း ဘဟားမား ကို နော်ဝေနိုင်ငံဝိုင် "မာလက်တာ" သင်္ဘောဟု ပြောင်းလဲပြင်ဆင်ပြုပြင်ရာတွင် အထူးဆိပ်ကမ်းလျှို့ဝှက်အဖြစ် သတ်မှတ်ထားခဲ့သည်။

ယခင်ဖမ်းဆီးရမိထားသည့် ဗြိတိသျှကုန်တင် သင်္ဘောအား ရွက်တိုင်များ၊ ခေါင်းတိုင်များ အပိုတပ်ဆင်ခြင်း၊ တပ်ဆင်ထားသော အမြောက်များကို ရန်သူကုန်တင်သင်္ဘောများ မမြင်နိုင်ရန် အုံဖုံးများ တပ်ဆင်ထားခဲ့သည်။ စစ်အမြောက်ငယ်များကိုလည်း အုံဖုံးဒေါက်ကာများဖြင့် သိုဝှက်ထားပြီး သာမန်လှုပ်ရှားမှုတွင် မည်သူမျှ မမြင်နိုင်။ သင်္ဘောကို ဆေးသုတ်မွမ်းမံရာတွင် နော်ဝေနိုင်ငံမှ ကုန်တင်သင်္ဘောတစ်စင်းကဲ့သို့ ပြင်ဆင်ဆေးသုတ်ထားသည်။ ခပ်လှမ်းလှမ်းမှ ကြည့်လျှင် **သာမန်အဏ္ဏဝါလင်းယုန်တ မည်ဒ ဂျာမန်ကုန်တင်သင်္ဘော** တစ်ဝင်းမဟုတ်သော် နော်ဝေနိုင်ငံပိုင် ကုန်တင်သင်္ဘော တစ်စင်းဖြစ်သွားခဲ့ပြီ ဖြစ်၏။ ဤမာလက်တာအမည် ခံ **အဏ္ဏဝါလင်းယုန်**သင်္ဘောတွင် လိုက်ပါရမည့် သင်္ဘောသား ၅၇ ဦးမှာ နော်ဝေဘာသာစကားကို နော်ဝေနိုင်ငံသား စစ်ဦးကဲ့သို့ ကျွမ်းကျွမ်းကျင်ကျင် ပြောဆိုနိုင်သူများဖြစ်၏။

နော်ဝေအလံမှာ အလံတိုင်မှ လျှောကျသွားပြီး ဂျာမန်ကိုင်ဇာဘုရင် ရေတပ်မတော်အလံ တလွင့်လွင့် တက်လာသည်။ တပ်ဆင်ထားသော အမြောက်ကြီးများသည်လည်း အုံဖုံးမှာ အတွင်းမှ ပေါ်ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

သင်္ဘောရှိ အမြောက်နှင့် စက်သေနတ်များမှာ သာမန်ခုတ်မောင်းလှုပ်ရှားသွားလာနေသော အချိန်တွင် မမြင်နိုင်။ ရန်သူသင်္ဘောကို တွေ့မြင်သည့် အခြေအနေရောက်ရှိသည့်အခါမှ ကြောင်လက်သည်းများကဲ့သို့ အံဖုံးဝေါက်ကာများမှ ထွက်ပြူလာရန် စနစ်တကျ စီမံထား၏။

ပြောက်ကျားသင်္ဘော မာလက်တာအမည်ခံ အဏ္ဏဝါလင်းယုန်၏ မာလိန်မှူးဖြစ်သူမှာ ကိုင်ဇာဘုရင်ရေတပ်မတော်မှ ဗိုလ်မှူး ဘွန်လက်(ခ) နားဆိုသူ ဖြစ်၏။ (ဗိုလ်မှူး ဘွန်လက်(ခ)နား၏ ဓာတ်ပုံကို မိတ္တူကူးယူဖော်ပြထားပါသည်။) ဘွန်လက်(ခ)နားမှာ ကိုင်ဇာဘုရင် စစ်တက္ကသိုလ် ကျောင်းဆင်းတစ်ဦးဖြစ်၏။ ဂျာမန်ဘာသာအပြင် ဇာ်လိပ်ဘာသာ၊ နော်ဝေဘာသာ၊ ပြင်သစ်ဘာသာတို့ကို ကျွမ်းကျွမ်းကျင်ကျင်တတ်မြောက်ခဲ့သူ ဖြစ်၏။

ဂျာမန်တို့က သင်္ဘော အဏ္ဏဝါလင်းယုန်အား အမည်ပြောင်းထားသော နော်ဝေနိုင်ငံပိုင် မာလက်တာသင်္ဘော သည် ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သည့်အတိုင်း ၁၉၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့တွင် ဂျာမဏီနိုင်ငံ ဟန်ဘတ်(ဂ)ဆိပ်ကမ်းမှ ထွက်ခွာလာခဲ့သည်။ ထိုအချိန်မှာ မြောက်အတ္တလန္တိတ် ပင်လယ်ပြင်တွင် အတော်အသင့် ပြင်းထန်သော မုန်တိုင်းတိုက်ခတ်နေသည့် အချိန်ဖြစ်၏။ မာလက်တာသည် ဗြိတိသျှ ရေတပ်မတော်မှ တိုက်သင်္ဘော ကြီးများနှင့် တွေ့ရသည်။ သို့သော် နော်ဝေနိုင်ငံပိုင်သင်္ဘော တစ်စင်းဖြစ်သဖြင့် ဘေးအန္တရာယ်ပြုခြင်းမရှိ၊ သင်္ဘော အနီးချဉ်းကပ်စစ်ဆေးခဲ့သော်လည်း နော်ဝေနိုင်ငံသင်္ဘော အပြင် အဆင်မျှားအတိုင်း တွေ့ကြရကာ စစ်ဆေးသော ဗြိတိသျှတိုက်သင်္ဘောများသည် အဏ္ဏဝါလင်းယုန်အား အလွယ်တကူ ဖြတ်သန်းသွားလာခွင့် ပြုခဲ့သည်။

"အဏ္ဏဝါလင်းယုန်"ဂျာမဏီနိုင်ငံ၊ ဟန်ဘတ်(ဂ)ဆိပ်ကမ်းမှ ထွက်ခွာလာခဲ့သည်မှာ နှစ်လခွဲမျှ ရှိခဲ့ပြီဖြစ်သည်။ ဤကာလအတွင်း ရန်သူ ကုန်တင်သင်္ဘောများအား နစ်မြုပ်နိုင်ခြင်းမရှိခဲ့။ ၁၉၁၇ ခု၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် အရှေ့ဘက် မိုးကုတ်စက်ဝိုင်းမှ မီးခိုးတလူလူ မြင်ကြရသည်။ တွေ့မြင်ရသော မီးခိုးပမာဏမှာ အတော်အသင့် များသဖြင့် သင်္ဘောကြီးတစ်စင်းမှ ထွက်သော မီးခိုးဟု မာလိန်မှူး ဘွန်းလက်(ခ)နားက ယူဆထားပြီး အဏ္ဏဝါလင်းယုန်သည် တပ်လှန့်လိုက်ပြီး တပ်သားများကို နေရာယူလိုက်ကြသည်။ ရန်သူသင်္ဘော၏ ခေါင်းတိုင်ကို စတင်မြင်ရချိန်တွင် အဏ္ဏဝါလင်းယုန်မှာ ရန်သူသင်္ဘော နှင့် ကိုက် ၁၅၀၀ ခန့်ရှိသဖြင့် ရန်သူကို အမျိုးအမည် ခွဲခြားရ မရသေးပေ။ မိနစ် ၃၀ ခန့်ကြာသောအခါ သင်္ဘောနှစ်စီးမှာ တစ်စီးနှင့် တစ်စီး ဂရုမပြုဟန်ဖြင့် ခုတ်မောင်းမြဲ ခုတ်မောင်းနေကြသည်။ အဏ္ဏဝါလင်းယုန်သည် ဆက်လက်ခုတ်မောင်းနေရာမှ စက်ရှိန်ကို တိုးမြှင့်၍ နေရာကောင်းယူလိုက်သည်။ နော်ဝေသင်္ဘော မာလက်တာနှင့် တူအောင် ဆင်ယင်ထားသော အဏ္ဏဝါလင်းယုန်သည် ရုတ်ချည်းပြောင်းလိုက်သည်။ ဒေအလံမှာအလံတိုင်မှ လျှောကျသွားပြီး ဂျာမန်ကိုင်ဇာဘုရင်ရေတပ်မတော်အလံ တလွင့်လွင့်တက်လာသည်။ တပ်ဆင်ထားသော အမြောက်ကြီးများသည်လည်း အံဖုံးများအတွင်းမှ ပေါ်ထွက်လာသည်။ ၄၂ လက်မ အမြောက်နှင့် ရန်သူသင်္ဘောဘက်သို့ ကျော်လွှားမြောက်လှုန့်ပစ်ခတ်ခဲ့သည်။ ရန်သူသင်္ဘောလည်း စက်ရုပ်ရန် အသင့်စက်မှ အမိန့်ပေးလိုက်သည်။

အဏ္ဏဝါလင်းယုန်သင်္ဘော ရွှေလင်းယုန်၏ ဈေးဦးပေါ် သင်္ဘောမှာ ဗြိတိသျှအလံ သားပိုင် ဂလက်ဒေးရွိုင်ယယ် "Glady Royal" အမည်သော ကျောက်မီးသွေးသင်္ဘော ဆောင်လာသော သင်္ဘော်ဖြစ်၏။ ထိုသင်္ဘောသည် တော်အမေရိကတိုက်ပြုန်အရပ်မှ မြို့သို့ ကျောက်မီးသွေးများ

www.burmeseclassic.com

www.burmeseclassic.com

ဆောင်မည့်သင်္ဘောဖြစ်သည်။ အဏ္ဏဝါလင်းယုန်သည် ဗြိတိသျှ နန်တင်သင်္ဘော ဂလက်ဒေး နှိုင်းရယ်သင်္ဘောအနီးသို့ချဉ်း ကပ်သွားခဲ့ပြီး သင်္ဘောပေါ်သို့ တက်ရောက်သိမ်းပိုက်ခဲ့ပြီး သင်္ဘောသား ၂၆ ဦး သင်္ဘော ပါ ရိက္ခာများ၊ လက်ဆီများ အား ဖမ်းဆီးသိမ်းဆည်းယူပြီး သက်ဒေးရှိုင်ရယ်အား ယမ်း ဆီလူးများဖြင့် ဖောက်ခွဲဖျက် ဆီးခဲ့သည်။

အဏ္ဏဝါလင်းယုန်အဖို့ ပွဲ ဦးထွက်အောင်ပွဲဖြစ်ခဲ့သည်။ ရာမန်ကိုင်ဇာဘုရင် ရေတပ် တော်၏ အဏ္ဏဝါပြောက် ကားဝစီဆင်ရေးမှာ မျှော်လင့် ထားသည့်အတိုင်း အောင်ပွဲရ ခဲ့ခဲ့၏။ ၁၉၁၇ ခု၊ ဇန်နဝါရီ ၁၀ ရက်နေ့တွင် **အဏ္ဏဝါ** လင်းယုန်သည် ဒုတိယသား ဘောင်ကို အတ္တလန္တိတ်သမုဒ္ဒ ရာအတွင်းတွေ့ရပြန်သည်။ အဏ္ဏဝါလင်းယုန်အဖို့ စားရ ကြွေး၍ **မုတ်ဆိတ်ပျားငွဲခဲ့ရ** သော ထိုသင်္ဘောမှာ ကျူဇား လင်းမှ အင်္ဂလန်နိုင်ငံသို့ တင် သွေး သကြားများကင်ဆောင် ထားသည့် ကုန်တင်သင်္ဘော ဖြစ်ပေါ်ဖြစ်၏။ ထိုသင်္ဘော၏ အုပ်ချုပ်သူမှာ "လန်ဒီအိုင်လင်း" အမည်ရှိ ဗြိတိသျှရေကြောင်း ကျွမ်းလာရေးကုမ္ပဏီပိုင် သင်္ဘောတစ်စီးဖြစ်၏။

အဏ္ဏဝါလင်းယုန်သည် သူ၏ လုပ်နည်းကိုင်နည်းအ တိုင်း ထိုသင်္ဘောအနီးသို့ ချဉ်း ကပ်သွားခဲ့သည်။ လန်ဒီအိုင် လင်းသင်္ဘောမှ ကပ္ပတိန်ကြီး နှင့် သင်္ဘောသားအများကမူ "အဏ္ဏဝါလင်းယုန်" အား နော်ဝေနိုင်ငံပိုင်သင်္ဘောတစ် စင်းဟု ယူဆထားသည်။ တဖြည်းဖြည်းနှင့် သင်္ဘော ချင်းနီးကပ်လာခဲ့ပြီ ဖြစ်သည်။ မိနစ်အနည်းငယ်အတွင်း နော် ဝေနိုင်ငံပိုင်သင်္ဘောဟန်ဆောင် ထားသော အဏ္ဏဝါလင်းယုန် သည် သူ့အရေခွံကို ခွာချလိုက် ပြီး ဒေးမြောက်ဖြင့် လန်ဒီအိုင် လင်းအား ခြောက်လှန့်ပစ်ခတ် ခဲ့ပြီး သင်္ဘောအား သိမ်းပိုက် လိုက်တော့၏။ သင်္ဘောပေါ်မှ ကပ္ပတိန်နှင့် သင်္ဘောသား **စုစုပေါင်း ၅၀ အား ဖမ်းဆီး** ခေါ်ဆောင်သွားခဲ့ပြီး အတ္တ-လန္တိတ်သမုဒ္ဒရာအတွင်းရှိ ကျွန်းတစ်ကျွန်းတွင် ချထား ခဲ့ပြီး "လန်ဒီအိုင်လင်"သင်္ဘော ကိုမူ အမြောက်ဖြင့် ပစ်ခတ် နစ်မြုပ်ခဲ့တော့၏။

ဇန်နဝါရီလ ၂၁ ရက်နေ့ မှ မတ်လ ၂၁ ရက်အတွင်း "အဏ္ဏဝါလင်းယုန်"သည် ဗြိတိသျှကုန်တင်သင်္ဘော ၁၀ စီးအား ဖမ်းဆီး၍ဖောက်ခွဲ နစ်မြုပ်ခဲ့သဖြင့် ဗြိတိသျှနှင့် မဟာမိတ်တို့မှာ အထိနာခဲ့ရ သည်။ အင်္ဂလန်နိုင်ငံနှင့် မဟာမိတ်နိုင်ငံများမှ ထုတ် ဝေသော သတင်းစာများ၊ ဂျာ နယ်များတွင် ဂျာမဏီနိုင်ငံ သည် နိုင်ငံတကာ လိုက်နာရ မည့် ကျင့်ဝတ်သိက္ခာကို စောင့်သိရှိသေခြင်းမရှိသော နိုင်ငံတစ်နိုင်ငံဖြစ်သည်ဟု ရေးသားဖော်ပြခဲ့ကြ၏။

နော်ဝေနိုင်ငံကလည်း မာလက်တာအမည်သင်္ဘောမှာ မိမိတို့နိုင်ငံပိုင်ကုန်သင်္ဘော တစ်စီးမဟုတ်ကြောင်း ထုတ် ပြန်ကြေညာချက်ထုတ်ခဲ့သည်။ ဗြိတိသျှရေတပ်ဝန်ကြီးဌာနက မူ နော်ဝေကုန်တင်သင်္ဘော ဟန်ဆောင်ထားသောအဏ္ဏဝါ လင်းယုန်အား မည်သည့်ပင် လယ်ပြင်တွင်မဆို ဖောက်ခွဲ နစ်မြုပ်ရမည်ဟု အမိန့်ထုတ် ခဲ့သည်။

နိုင်ငံတကာ လိုက်နာရ မည့်ဥပဒေများကို ချိုးဖောက် သည့် ကပ္ပတိန်ဂွန်လပ်(ခ) နားအဖွဲ့အားလည်း ပြင်းပြင်း ထန်ထန် အရေးယူမည်ဟု ထုတ်ပြန်ကြေငြာခဲ့ပြီး ဗြိတိသျှ ရေတပ်မတော်မှ တိုက်သင်္ဘော ကြီးများပါဝင်သော တပ်ဖွဲ့ တစ်ဖွဲ့အား အဏ္ဏဝါလင်းယုန် ကို ရှာဖွေတိုက်ခိုက်နစ်မြုပ်ရန် စေလွှတ်ခဲ့၏။

အဏ္ဏဝါလင်းယုန်သည် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း မှ ပစိဖိတ်သမုဒ္ဒရာအတွင်း ဝင်ရောက်ခဲ့ရတော့၏။ ဗြိတိ သျှရေမတော်မှ တိုက်သင်္ဘော များသည် ပစိဖိတ်သမုဒ္ဒရာ အတွင်း ပိုက်စိပ်တိုက်ရှာဖွေ ခဲ့ကြသည်။ အဏ္ဏဝါလင်းယုန် သည် ဗြိတိသျှတိုက်သင်္ဘော များ၊ ကရုဇာသင်္ဘောများကို ရှောင်တိမ်းခဲ့ပြီး တောင် ပစိဖိတ်သမုဒ္ဒရာရှိ ကျွန်းငယ် များသို့ ထွက်လာခဲ့သည်။ ၁၉၁၇ ခု၊ ဩဂုတ်လဆန်းပိုင်း တွင် တောင်ပစိဖိတ်သမုဒ္ဒရာ အတွင်းရှိ "မိုပီဟာ"ကျွန်းတွင် ခဏတာရပ်နား၍ ရိက္ခာဖြည့် တင်းခဲ့ရသည်။ ဤကျွန်းတွင် ခဏတာရပ်နားစဉ် အဏ္ဏဝါ လင်းယုန်သည် ဆိပ်ကမ်းအနီး ရှိ ကျောက်တောင်တန်းနှင့် တိုက်မိရာမှ နှစ်မြုပ်သွားခဲ့ရ ၏။

ကပ္ပတိန်ဂွန်လပ်(ခ)နား နှင့် သင်္ဘောသားတချို့သည် သက်ကယ်လှေများဖြင့် ထွက် ပြေးကြသော်လည်း မိ၍ ကျွန်းအနီးတွင် ဗြိတိသျှတိုက် သင်္ဘောများက ဖမ်းဆီးရခဲ့ သည်ဟု ဆိုခဲ့ကြပါကြောင်း။

လှမိုး (ပညာရေး)

www.burmeseclassic.com

www.burmeseclassic.com

(၁)

www.burmeseclassic.com

www.burmeseclassic.com

ဆင်ရိုင်းမောင်မောင် နှင့် ရောဝဲအမှုကြီး (၁)

မောင်မောင် (မြန်မာပြည်)

သည်ရောဝဲကတော့ လူသားစားသည့် ရောဝဲလည်းမဟုတ်ပါ။ ကမ္ဘာ့ဘောလုံးပွဲစဉ်များကို ဖမ်းစားခဲ့သည့် ရောဝဲပေါလ်လည်းမဟုတ်ပေ။ သူသည် ရေပေါ်ပေါ်သည့် ရောဝဲသဘော်ပင်တည်း။ M/V Octopus (ရောဝဲ) သဘော်ပေါ်တွင် မြန်မာသဘော်သားများနှင့် တရုတ်အမျိုးသားအရာရှိများလိုက်ပါ အမှုထမ်းလျက်ရှိ၏။ ကုန်တန်ချိန်တင်ဆောင်နိုင်ခြင်းမှာ (၁၈၀၀၀) (NET TONNAGE 18000) ရှိပြီး အထွေထွေကုန်တင်သဘော်ဂ (CARGO LINER)ဖြစ်၏။

ရောဝဲကုန်တင် သဘော်သည် အာရုတိုက်အတွင်းသာ လှည့်လည်ကုန်တင်ကုန်ချပြုနေသော သဘော်ဖြစ်ပြီး၊ ဟောင်ကောင်၊ ထိုင်ဝမ်၊ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံများမှ လူသုံးကုန်ပစ္စည်းများကို ထိုင်း၊ ဗီယက်နမ်၊ စင်ကာပူ၊ မလေးရှားနိုင်ငံများသို့ တင်ပို့နေခြင်းပါပေ။ ပုံမှန်ကုန်တင်ကုန်ချပြုလုပ်နေသော သဘော်ဖြစ်ပြီး မူးယစ်ဆေးဝါးများ ရောင်းဝယ်သယ်ယူနေသည်ဟု သတင်းကြီးနေပြီး နိုင်ငံတကာရဲတပ်ဖွဲ့မှ စောင့်ကြည့်နေရသော ကုန်တင်သဘော်တစ်စင်းလည်း ဖြစ်၏။

ဟောင်ကောင်နိုင်ငံသည် အမေရိကန်နိုင်ငံပြီးပါက ဒုစရိုက်အများဆုံးဖြစ်ပွားရာ ကျွန်းမြို့လေးဖြစ်၏။ နေ့စဉ်လိုလို လုယက်မှု၊ ခါးပြမှု လူသတ်မှု ခိုက်ရန်ဖြစ်ပွားမှု စသည်ဖြင့် အမှုမျိုးပေါင်းစုံဖြစ်ပွားတတ်သောနေရာဖြစ်ပြီး ခါးပိုက်နှိုက်များထက်ကြောင်းကျန်းရာ ကျွန်းမြို့လေးလည်းဖြစ်၏။ ဒုစရိုက်ဂိုဏ်းကြီးများတည်ရှိလျက်ရှိပြီး လောင်းကစားရုံများသာမက ဘိန်းခန်း ပြည့်တန်ဆာဖိမ်ခန်းများစွာရှိနေ၏။ ဟောင်ကောင်နှင့်ကပ်လျက်မှာ မကာအိုကျွန်းမြို့လေးမှာလည်း လောင်းကစားရုံများပါ လွတ်လပ်စွာပင် ဖွင့်လှစ်ထားရှိ၏။

ဟောင်ကောင်ကျွန်းတွင် လူနေထူထပ်လွန်းလာသဖြင့် မိုးမျှော်တိုက်တာအဆောက်အဦကြီးများ တည်ဆောက်ကာ နေထိုင်ကြရပေသည်။ တရုတ်ပြည်မကြီးဘက်ခြမ်း ကိုလွန်း (Koluon) ဘက်တွင် မြို့သစ်တည်ကာ နေထိုင်ရာ အိမ်ရာများ တိုးချဲ့ဆောက်လုပ်ကြ၏။ လူကုံထံအများစု နေထိုင်ရာမှာ စိမ်းလန်းကျွန်း (GREEN ISLAND)လေးဖြစ်ပြီး လွန်စွာ

www.burmeseclassic.com

www.burmeseclassic.com

သာယာလှပသော ကျွန်းလေးဖြစ်၏။ ဟောင်ကောင်ကျွန်းတွင် လူနေထူထပ်မှုကြောင့် ရိုးရာဓလေ့ တစ်ခုလို ပေါင်းလေ့လေးများကို အိမ်အဖြစ်နေထိုင်ကြသော လူမျိုးစုပင်ရှိ၏။ မြန်မာနိုင်ငံက စလုံလူမျိုးစုအချို့မှာလည်း ထိုသို့ လေ့လေးများပေါ်တွင် အိမ်ရာလုပ်နေထိုင်သည်ဟု သိရပေသည်။ နိုင်ငံတကာလေဆိပ်ရှိပြီး အကောက်အခွန်မဲ့ ကျွန်းနိုင်ငံ (Duty Free Port) ဖြစ်၏။ (ထိုစဉ်က ဗြိတိသျှတို့၏ ကိုလိုနီလက်အောက်ခံဖြစ်သည်)

အပျော်အပါး စုံလင ်ရာ ဟောင်ကောင်မြို့လေးသည် နီယွန်ရောင်စုံမီးများနှင့် ရင်ခုန်မောစေအောင် မြူဆွယ်လျက်ရှိတော့၏။ ညဉ့်လုံးပေါက် စားသောက်ဆိုင်များသာမက ညဈေးတန်းမှာလည်း တိုးမပေါက်အောင် လူစည်ကားလျက်ရှိ၏။ ဆိပ်ကမ်းတွင် သင်္ဘောကြီးများ ထိုစဉ်က ကပ်ခွင့်မရှိပါချေ။ ခရီးသည်တင်သင်္ဘောများသာ ဆိုက်ကပ်နိုင်၏။ ကုန်တင်သင်္ဘောများမှာ ကျောက်ကြီးဖြတ်ကြရပြီး ဘွဲ့ငံများတွင် ချည်နှောင်ရပ်နားကြရင်း ရေစီးသန်၏။

ကုန်တင်ကုန်ချပြုလုပ်ရန်မှာလည်း တွဲသင်္ဘောဖြင့် ကုန်တင်ကွဲ (Butch) များဖြင့် ကုန်တင်ကုန်ချပြုလုပ်ကြလေ့ရှိ၏။ တချို့လေ့လေးများဖြင့် ဟင်းသီးဟင်းရွက်များပါ မကျန်သားငါးများ သင်္ဘောကြီးများဘေးကပ်ကာ အရောင်းအဝယ်ပြုကြလေ့ရှိ၏။ လူသုံးကုန်ပစ္စည်းများပါ သင်္ဘောကြီးများ ဘေးကင်းကာ အရောင်းအဝယ်ပြုကြလေ့ရှိ၏။ လူသုံးကုန်ပစ္စည်းများပါ သင်္ဘောကြီးပေါ်သို့ပင် လေ့ကပ်ကာ တက်ရောင်းချကြလေသည်။ အပြင်ကုန်းပေါ်သို့ မတက်လိုသော သင်္ဘောသားများအဖို့ အဆင်ပြေပါသည်။

ရောဝဲသင်္ဘောပေါ်တွင် မြန်မာသင်္ဘောသားလေးမောင်ချစ်ပိုလ် တစ်ယောက် စားပွဲထိုး (Mass Boy) အဖြစ် တာဝန်ထမ်းရွက်နေသည်။ သူသည် အသက် (၁၈) နှစ်သာ ရှိသေးပြီး တရုတ်လေးလို အသားဝါဖြူဖြူဖြစ်ပြီး ပိန်ပိန်နဲ့ပါးပါး အရပ်အမောင်းကောင်းသူဖြစ်ပြီး ရုပ်ရည်လည်းရှိသူတည်း။ သို့သော် သူတာဝန်အရ အရာရှိအခန်းများကို ရှင်းလင်းနေစဉ် ချွန်ထက်သော အသွားရှိသည့် လက်နက်ဖြင့် အသတ်ခံရကြောင်း၊ တာဝန်ရှိ သင်္ဘောမာလိန်မှူးက ဟောင်ကောင်ရဲတပ်ဖွဲ့သို့ အကြောင်းကြားခဲ့ပေသည်။

မြန်မာသင်္ဘောသားလေး မောင်ချစ်ပိုလ် အသတ်ခံရခြင်း၏ နောက်ကွယ်မှ အကြောင်းအရာများစွာ ရှိနေနိုင်၏။ ရောဝဲသင်္ဘောမှာလည်း မူးယစ်ဆေးဝါးရောင်းဝယ်မှု ရှိနေသည်ဟု သတင်းကြီးနေသဖြင့် ထို လူသတ်မှုမှာ မူးယစ်ဆေးဝါးကိုဏ်း နှင့်လည်း ပတ်သက်မှုရှိနိုင်၏။ လူသတ်တရားခံပေါ်ပေါက် ဖော်ထုတ်နိုင်ရေးအတွက် ဟောင်ကောင်ရဲတပ်ဖွဲ့မှာ ဂျာများနေတော့၏။ အထူးသဖြင့် လူမျိုးခြားတိုင်းတစ်ပါးသား သင်္ဘောသားမို့ ပိုမိုခက်ခဲမှုတွေ့ရတော့၏။ မြန်မာသင်္ဘောသားအချင်းချင်းဆိုထဲက မကျေနပ်နိုင်သော ပြဿနာကြည်းမှုကြောင့်လည်း သတ်ခြင်းဖြစ်နိုင်ပြန်သည်မို့ အင်တာပို (TERPO) နိုင်ငံတကာရဲတပ်ဖွဲ့ဌာနခွဲရှိရာ ကျပန်သို့ လှမ်းအကူအညီတောင်းခံရတော့သည်။ အင်တာပို ရဲတပ်ဖွဲ့နှင့် အေရှာပို (ASIAPO) အာရဲတပ်ဖွဲ့တို့တွင် မြန်မာရဲတပ်ဖွဲ့ဝင်အချို့ ပါဝင်အမှုဆမ်းဆောင်လျက်ကြသည်မို့ မြန်မာရဲတပ်ဖွဲ့ဝင်တစ်ဦးကို မောင်ချစ်ပိုလ့အမှုဖော်ထုတ်နိုင်ရေးအတွက် စေလွှတ်ရန် ဆုံးဖြတ်ခဲ့ကြ၏။ အေရှာပို ရဲတပ်ဖွဲ့နှင့် အင်တာပို ရဲတပ်ဖွဲ့တွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များသည် အမြဲတမ်း တာဝန်ထမ်းဆောင်ရသည့်ရာထူးရှိသူ လိုအပ်မှသာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှုထမ်းကောင်းတပ်ဖွဲ့ဝင်တို့ကို တွဲတာဝန်ထမ်းဆောင်ခိုင်းခြင်းလည်း ရှိပေသည်။ ရဲမှူးမောင်မောင် (ဂုဏ်အမည်ဆင်ရိုင်း) သည် မြန်မာနိုင်ငံမူခင်းရဲတပ်ဖွဲ့ (C.I.D) ၏ အထမ်းကောင်းတစ်ဦးဖြစ်သည့် အင်တာပိုရဲတပ်ဖွဲ့တွင်လည်း မူတာဝန်ထမ်းဆောင်နေရသူဖြစ်၏။

ဆင်ရိုင်းမောင်မောင်ကြော အမှုကြီးများစွာ ပေါ်ပေါက်ဖော်ထုအရေးယူနိုင်သည်ဖြစ်ရာ မြန်မာမူခင်းရဲတပ်ဖွဲ့သို့ အင်တာပိုရဲတပ်

www.burmeseclassic.com

www.burmeseclassic.com

ရဲမျူးမောင်မောင်အား စေလွှတ်ပါရန် အဆိုပြု ဦးစားပေးတောင်းခံခဲ့ပေသည်။ ဆင်ရိုင်းမောင်မောင်ကား အမှုကြီးတစ်ခုဖော်ထုတ်ပြီးစမှီ ခွင့်ရက်ရှည်ဖြင့် ချောင်းသားအပန်းဖြေနေခဲ့သို့ရောက်ရှိနေချိန်ဖြစ်၏။ ရဲတပ်ခွဲဝင်များမှာ နေ့ညမပြတ်မှုခင်းကဆင်းရေးအတွက် ဆောင်ရွက်ကြရသူများပါပေ။ တစ်ခါတစ်ရံအသက်ပါ နိုင်ငံတော်အတွက်ပေးလှူခဲ့ရသော အဖြစ်အပျက်များလည်း ရှိခဲ့ဖူးပါသည်။

ဆင်ရိုင်းမောင်မောင်ကား အနုပညာဝါသနာထုံသူ တစ်ဦးပါပေ။ ဂီတကိုလည်း မြတ်နိုးသူလည်း ဖြစ်ပြီးသည့် ကိုယ်တွေ့ကြုံမှုခင်းအဖြစ်အပျက်များစွာကိုလည်း ဝတ္ထုအသွင်အဖြစ် ရေးသားနေသူတစ်ဦးလည်း ဖြစ်ပေသည်။ ယခုလည်းကမ်းခြေကိုဆေးမောရင်း အနုနိမ်းရည်ကိုသောက်သုံးကာ စားပွဲကုလားထိုင်လေးနှင့် ချက်ဖျင်ထီးအမိုးအောက်မှာ ဝတ္ထုတစ်ပုဒ် ဖန်တီးအသက်သွင်း ရေးသားနေခြင်းပါပေ။

ထိုစဉ် သူ၏လက်ကိုင်မိုဘိုင်း (Mobile)ဖုန်းမှ ဂီတသံစဉ်လေးဖြင့် တယ်လီဖုန်းသံ ခေါ်နေပါတော့သည်။ ဖုန်းသံကြောင့် သူ၏ရေးလက်စ ဝတ္ထုကို လက်စမသတ်နိုင်တော့ဘဲ ဖုန်းကိုကိုင်ကာ ဆက်သွယ်သူ တယ်သူထံမှဆိုသည်ကို ကြည့်လိုက်ရာ သူ၏မုဒုန်းမှ ဘက်သွယ်နေကြောင်းသိရ၏။ သူထံသို့ မည်သည့် မိန်းကလေးများထံမှ ဖုန်းခေါ်လာစရာ အကြောင်းမရှိပါချေ။ သူတို့မှခင်းရဲတပ်ဖွဲ့ဝင်များသည် တာဝန်အရပုံစံအမျိုးမျိုးနှင့်လှုပ်ရှားကြရကာ အသက်အန္တရာယ်များလှသည့် ဆူးခင်းလမ်းပေါ် လျှောက်လှမ်းနေရသူများမို့ ချစ်သူကြင်သူအပေါ် မရှာဖွေချင်ပေ။ ရှိပါကလည်း နောက်ဆံတင်းရသည်မို့ ကိုယ်ရောစိတ်ပါအမှုအခင်းဖော်ထုတ်ရေးတွင် ဆောင်ရွက်နိုင်မည်မထင်မိပေ။ လူပျိုလူလွတ်သာပိုကောင်းပါသည်။ တုံးတိုက်တိုက်ကျားကိုက်ကိုက် လာမည့်အန္တရာယ်များကို ရင်ဆိုင်နိုင်ပေမည်။

"ဟယ်လို..အာစရိ.."

"ပြောကွာ မျိုးလွင်"

"အားတော့နာပါရဲ့ အာစရိရယ် ရဲမှူးကြီးက အခုချက်ချင်းရောက်ရာ အရပ်ကနေ တပ်ဖွဲ့ဌာနကို လှုကိုယ်တိုင် သတင်းပို့ဖို့ အမှာတော် ရှိလာလို့ပါ အာစရိရေ"

"ဆာက်..ဆောင်းကွာ..အေးအေး ဆေးဆေးတော့ အချိန်ပြည့် မနားရသေးဘူး..ဟူး"

"ဒါမျိုးဗျာ..အာစရိက စူပါစတား ရဲတပ်ဖွဲ့ဝင်ကိုးဗျ..ဒါပဲနော်"

"အေး..ငါလာနေပြီလို့ သတင်းပို့လိုက်တော့ မျိုးလွင်"

"ဟုတ်..လေးစားပါတယ် အာစရိ..အဲလေ ရဲမှူးခင်ဗျာ.."

မောင်မောင်ကား ကြိမ်ဖန်ကြာနှင့် ရိုက်ပြီး အခေါ်ခံရတဲ့ ငမိုးရိပ်မိကျောင်းလို သတင်းပေးပို့ချက်ရပြီဖို့ ချက်ချင်းဌာနတပ်ဖွဲ့သို့ သတင်းပို့ရန်အတွက် အထုပ်အပိုးပြင်ဆင်ပြီး အဝေးပြေးဘတ်စ်ကားရှိမရှိ ဖုန်းမေးရကာ ရှိသည်ကားနှင့် ချက်ချင်းပင် ချောင်းသာမှ ပြန်လာခဲ့ရတော့၏။ သူရေးသားနေသည့် ဝတ္ထုမှာတော့ ရှက်ရွံစွာ ခရီးဆောင်အိတ်ထဲဝင်ပုန်း ခိုနေရှာတော့သည်။ အဆုံးမသတ်နိုင်သေး၊ မည်မျှကြာမည်မဆိုနိုင်တော့ပေ။

ဌာနချုပ်မှ အရေးတကြီးဆောင်ရွက်အမှုထမ်းစရာပေါ်ပေါက်လာသဖြင့်သာ ပြန်ခေါ်ယူခြင်းဖြစ်၏။ မိမိတိုင်းရဲတပ်ဖွဲ့ဝင်များဘဝကို အထက်အရာရှိများက စာနာသဘောပေါက်ပါသည်။ သို့သော် ဘာဝန်နှင့် ဝတ္တရားအပေါ်မှာတော့ စောင့်သိရှိသေစွာဆောင်ရွက်ကြရမည်ပေ။ မိမိတို့ရဲတပ်ဖွဲ့ဝင်တိုင်း သစ္စာအခံ့ဌာန်အမြဲဆိုကြရသည် မဟုတ်ပါလား။

ချောင်းသာမှ နောက်တစ်နေ့ နံနက်စောစောအချိန်ကျမှ ရန်ကုန်အဝေးပြေးအောင် မင်္ဂလာကားဂိတ်သို့ ဆိုက်ရောက်၏။ သူ၏ ကိုယ်ပိုင်ကား ပါဂျီရို(Parjaro)အား ကားဂိတ်တွင် အပ်နှံထားခဲ့သည်ကို ရွေးယူပြီး သူ၏ နံ့သာကုန်းအင်းစိန်ရှိ တစ်ထပ်တိုက်ပုလေးသို့ ပြန်ခဲ့သည်။ နံနက်ရုံးဖွင့်သည့်အချိန်ကျမှ ရောက်ရှိကြောင်း သတင်းပို့ရမည်မို့ ကားစီးရာတွင် ပင်ပန်းနွမ်းနယ်လာသမျှ ရေမိုးချိုးကာ လန်းဆန်းစေလိုက်ရတော့၏။ ကိုယ်လက်သန့်စင်လိုက်ပါ

www.burmeseclassic.com

www.burmeseclassic.com

မှ လူမှာပေါ့ပါးလန်းဆန်းတက်ကြွလာတော့၏။ နံနက်စာအတွက် ရေခဲသေတ္တာထဲမှာ ရှိသောရိက္ခာတို့ကို ယူကာ ကိုယ်တိုင်စီမံရတော့၏။

တစ်ကိုယ်ရည်တကာရသမားမို့ လွတ်လပ်စွာနေထိုင်သူဖြစ်ရာ စားသောက်စရာများကို အဆင်သင့်ထားရှိထားရင် အပြင်မှာဝယ်စားသည်ထက် တစ်ခါတစ်ရံမိမိစားချင်ရာများကို ကိုယ်တိုင်ပြုလုပ်စားသောက်ရသည်က အရသာပိုရှိသလိုပါပေ။ ကြက်ဥကျော်မကျက်တစ်ကျက်နှင့် ပေါင်မုန့်မီးကင်ထောပတ်သုတ်ပြီး ကော်ဖီမစ်ပူပူနွေးနွေးဖြင့် နံနက်စာကို စားသောက်လိုက်ပြီး ခေတ္တတစ်နာရီခန့် အိပ်စက်အနားယူလိုက်တော့၏။

အိပ်ရာက နိုးထသည်နှင့် လက်တွင် အမြဲပတ်ထားသော စီဒီစင်္ကာရီအား ကြည့်လိုက်ရာ နံနက် ၇ နာရီ ကျော်ကျော်ရှိနေပြီတည်း။ မျက်နှာသစ် သွားတိုက်ကာ အိမ်မှနေရုံးသို့ မိမိကားမောင်းနှင်ပြီး ထွက်လာခဲ့၏။ ဌာနချုပ်မှာလည်း အင်းစိန်မှာမို့ ခရီးက ကြာကြာမမောင်းနှင်လိုက်ရဘဲ ဌာနချုပ်သို့ရောက်ရှိလာခဲ့၏။ မိမိရုံးခန်းသို့ရောက်ရှိသော်လည်း မိမိ၏တပည့်ကျော် ဆားပုလင်း တပ်ကြပ်ကြီး မျိုးလွင်ပင် ရုံးသို့မရောက်ရှိလာသေးပါချေ။ သို့သော် စာတိုလေးဖြင့် မိမိကိုတော့ အသိပေးသွားခဲ့ပါသေး၏။

"အာစရိ..

ရဲမှူးကြီးက ဌာနချုပ်ရောက်သည်နှင့် တာဝန်ကျရဲမှူးထံ သတင်းပို့ပါလို့ မှာထားပါတယ်.."

မိမိတို့ဌာနချုပ်သည် နေ့ည မပြတ် တာဝန်ကျ ရဲမှူးများက ဌာနအလိုက် တာဝန်ထမ်းရွက်နေကြရပါသည်။ ညတာဝန်ကျရဲမှူးထံသို့ မိမိအား ရဲမှူးကြီးက သတင်းပို့ခိုင်းခြင်းပါပေ။ ထို ရဲမှူးမှာ ရဲမှူးကြီးကိုယ်စား ညဘက် တာဝန်မှူးအဖြစ် တာဝန်ကျသူဖြစ်ပြီး ရဲမှူးကြီးရုံးခန်းတွင်သာ တာဝန်ထမ်းဆောင်ရသူဖြစ်၏။ မောင်မောင်လည်း ရဲမှူးကြီး ရုံးခန်းရှိရာ အပေါ်ထပ်သို့ သွက်လက်စွာတက်ရောက်လာခဲ့ပြီး ပိတ်ထားသော တံခါးကို အသာခေါက်လိုက်၏။ ရဲမှူးကြီးဆိုပါက မိမိ၏ တံခါးခေါက်ချက်ကို ရိပ်မိပြီး "မောင်မောင် ဝင်ခဲ့လေကွာ" ပြောစမြဲတည်း။

"ဝင်ခဲ့ပါ"

"ရဲမှူး ခင်ဗျား..ကျွန်တော် ရဲမှူးမောင်မောင် သတင်းပို့ပါတယ်"

"မောင်မောင် မင်းအတွက် ရဲမှူးကြီးက ဖိုင်တစ်ခုပေးဖို့မှာသွားတယ်ကွ..၊ ရော့ ယူပြီးမင်းရုံးခန်းမှာ လေ့လာပါဟုတ်လား"

"ဟုတ်..လေးစားပါတယ် ရဲမှူးခင်ဗျား.."

"အေးဗျာ..လေးစားပါတယ်"

မောင်မောင်လည်း ကေ့(ခ်)ဖိုင် (Case File)အား တရိတသေယူကာ အလေးပြုပြီး အခန်းတွင်းမှ ထွက်ခွာလာခဲ့တော့၏။ ရာထူးအဆင့်ခြင်း အတူတူဖြစ်သော်လည်း မိမိ၏ အထက်အရာရှိ ရဲမှူးကြီး ကိုယ်စား ဆောင်ရွက်ရသူမို့ ပိုမိုလေးစားစွာ ဆက်ဆံရပေသည်။ ဆင့်ကဲ ဆင့်ကဲ အမိန့်ကို နာခံတတ်ပါမှ ရဲတပ်ဖွဲ့ဝင် ကောင်းမည်၏။

အရေးကြီးသည့် အမှုတွဲများအား ဖိုင်အနီ (Red File)တွင် ထည့်ထားတတ်ပါသည်။ ထိုဖိုင်အား တာဝန်ကျ ရဲမှူးပင်ဖွင့်မကြည့်ရပေ။ တာဝန်ပေးခြင်းခံရသော ရဲတပ်ဖွဲ့ဝင်သာ ဖတ်ရှုလေ့လာခွင့်ရှိပေသည်။ ထိုသည်ကား ကြိုးနီစနစ်ဖြစ်ပြီး အမှုအားထောက်လှမ်းရာကိစ္စများ မပေါ်ပေါက်မပေါက်ကြားစေရန် စည်းစောင့်ထိန်းရခြင်းတည်း။

မောင်မောင်လည်း ဖိုင်တွဲယူကာ မိမိရုံးခန်းတွင်းရှိ မိမိစားပွဲတွင်တင်ထားလိုက်ပြီး ရေနွေးကေါက်ခြင်း ရေနွေးအိုးတည်ထားလိုက်၏။ ငါးမိနစ်ခန့်တွင် ရေနွေးအိုး ဆူပွက်ပြီမို့ ပလုပ်ဖြုတ်ကာ အနားရှိစင်ပေါ်မှ ကော်ဖီမစ်ထုတ်နှင့် မတ်ခွက်ယူကာ ကော်ဖီတစ်ခွက်ဖျော်ပြီး စားပွဲသို့ထိုင်ကာ ဖိုင်တွဲကို ကောက်ကိုင်လိုက်တော့၏။ ဖိုင်တွဲ၏ အဖုံးကား...

"ဆင်ရိုင်းမောင်မောင်နှင့် ရောဘဲအမှုကြီး" ပေတည်း။

ထိုသည်ကအမှုကြီးအား အစသီးသန့်လိုက်ပါတာဝန်ထမ်းရွက်ခြင်းအား ဂုဏ်ပြုရာလည်း ရောက်သည်။ များသောအားဖြင့် တစ်ကိုတော် နိုင်ငံရပ်ခြားအင်တာပိုမှ ခေါ်

www.burmeseclassic.com

www.burmeseclassic.com

တာဝန်ပေးသော အမှုများမှာသာ ထိုသို့ပြုခြင်းဖြစ်ပေသည်။ ဖိုင်တွဲ ဖွင့်လိုက်သောအခါ မြန်မာသင်္ကေတ သားချစ်ပိုလှ၏ ဓာတ်ပုံလေးအား တွေ့လိုက်ရတော့၏။ အသက်ငယ် ငယ်ရွယ်ရွယ်ဖြင့် မသေသင့်ဘဲ သေဆုံးရခြင်းအတွက် သူ့မိဘများ ကတော့ ရင်နှင့်ကြေကွဲစွာ ခံစားကြ ရမည်မှာ သေချာလှတော့သည်။ အမှုမှန်ပေါ်ပေါက်ရေးအတွက် မိမိ ပို့ဆောင်ရွက်ရတော့မည်ဖြစ်တော့၏။

ဖိုင်တွဲအားဖတ်ရှုပြီးစီးသွားခဲ့ပြီ ဖြစ်၏။ ထိုရောဘဲအမှုအား မိမိအား အင်တာပိုရဲတပ်ဖွဲ့မှ တိုက်ရိုက်တာဝန် ပေးခြင်းတည်း။ မိမိဟောင်ကောင်သို့ ရောက်ရှိမှ အမှုစတင်လိုက်ပါ ဆောင်ရွက်နိုင်မည်ဖြစ်၍ ဟောင်ကောင် သို့ သွားရောက်ရမည်ဖြစ်၏။ လိုအပ် သည်များကိုတော့ ထောက်ပံ့ရေးဌာန တွင် သွားရောက်ထုတ်ယူရမည်ပေ။ ရဲမှူးကြီးက ကြိုတင်စီစဉ်ပေးထား ပြီး ဖြစ်ဟန်တူ၏။ မောင်မောင် ထောက်ပံ့ရေးဌာနသို့ရောက်သည်နှင့် အဆင်သင့်ပေ၊ လေယာဉ်လက်မှတ်၊ ပတ်စ်ပို့နိုင်ငံကူးလက်မှတ်၊ နိုင်ငံခြား သုံးငွေများပါ အဆင်သင့်ထုတ်ပေး ခဲ့ရာ လက်မှတ်ထိုးပြီး ထုတ်ယူခဲ့ရ၏။

လေယာဉ်လက်မှတ်တွင် ယနေ့ ညနေ ၄း၃၀မိနစ်ထွက်ခွာမည်ဖို့ အိမ် မြန်ကာ လိုအပ်သည့် အသုံးအဆောင် ပစ္စည်းများ ထည့်ဖို့အချိန်ရသည်လည်း ရှိတတ်ပါသည်။ ဟောင်ကောင်ကို မောင်မောင် ရောက်ရှိခဲ့ဖူးပါသည်။ နဂါးပုံတူရွပ်လွှာအမှုကြီးတုန်း ကပါ ပေ။

ရန်ကုန်လေဆိပ်မှနေ ဘန်ကောက် နိုင်ငံတကာ ဒွန်မောင်းလေဆိပ်သို့ ပျံသန်းချိန် ၅၅မိနစ်ကြာ လေယာဉ် စီးနင်းခဲ့ ရပြီး ဒွန်မောင်းမှနေ ဟောင်ကောင်သို့ ပျံသန်းရန်အတွက် လေယာဉ်ပြောင်းစီးရပေဦးမည်။ မြန်မာနိုင်ငံနှင့်မိနစ်သုံးဆယ်ကွာခြား သည်မို့ ဘန်ကောက်စံတော်ချိန်ကို ပြောင်းရ၏။ ညနေ (၆)နာရီခန့်တွင် လေယာဉ်ပြောင်းစီးရမည့် ထရန်စစ် (Transit)အဆောက်အဦထဲတွင်တော့ အရောင်းဆိုင်များနှင့် ခရီးသည်များ နားနေရန်ထိုင်ခုံများ ထားရှိပေသည်။ ဟောင်ကောင်သို့ ကာရွေး (Cathay) လေယာဉ်စီးရမည်မို့ အချိန်ရနေသေး သဖြင့် လေဆိပ်ထဲက အရောင်းဆိုင် များ အတွင်းသို့ လှည့်လည်ကြည့်ရှု နေမိပါသည်။

နိုင်ငံတကာလေဆိပ်မို့ လေယာဉ် များ ဥဒဟို တက်ဆင်းပျံသန်း ရပ် နားလျက် ရှိသည်။ နိုင်ငံခြားလူမျိုး ပေါင်းစုံရာ နေရာဌာနဟုလည်း ဆို နိုင်ပေသည်။ ဒစ်ဂျစ်တယ် ဖယားပြ လေယာဉ်အချိန်များကို ကြည့်ရသေး၏။ (Check In Roll) များကို လေယာဉ်ပေါ်တက်ရန် လက်မှတ် (Roading Pass)လဲလှယ် ရန် အချက်ပြနေပြီမို့ ရောက်ရာ နေရာမှနေ လေယာဉ်ပေါ်တက်မည့် ဂိတ် (Roading gate) နံပါတ်ကြည့် ကာ သွားရောက်ရင်း ခရီးဆောင် သေတ္တာ (Laugage)ပါပါက တစ်ပါတည်း ယူဆောင်စရာမလို (Baggage)ဘဲ လေယာဉ်ကုန်တင် ဌာန တွင် အပ်နှံလိုက်ရပေ။ သို့သော် အကောက်ခွန်မဲ့ ခရီးသည် တစ်ဦး၌ ၄၀ ကီလို သာ သယ်ဆောင်ခွင့်ရှိသည်။

အကယ်၍ ကီလို ၄၀ထက် ပိုပါက ထိုအပို ကီလိုအလေးချိန် အတွက် တင်ဆောင်ခကျခံရမည် ဖြစ်၏။ လေယာဉ်ပေါ်သို့ ခရီး ဆောင်လက်ဆွဲအိတ်(Hang Bag) တစ်အိတ်သာ တစ်ပါတည်း သယ် ဆောင်ခွင့်ပြုပေသည်။ လေယာဉ်ပျံ ပေါ်တက်ရောက်ခွင့်လဲလှယ်ထုတ် ပေးသော လက်မှတ်သာပြရန် လေယာဉ်လက်မှတ်ပေါ်တွင် မိမိစီး နင်းရမည့် ထိုင်ခုံအမှတ်နှင့်လေယာဉ် ခရီးစဉ်အမှတ်ပါရှိ၏။

ဘန်ကောက်မှနေ ဟောင်ကောင် သို့ ပျံသန်းချိန် ၅ နာရီခန့်သာကြာ ၏။ ဟောင်ကောင်လေဆိပ်မှာဆင်း တက်ရုခက်ခဲ၏။ ပင်လယ်နှင့်ကပ် လျက်ရှိပြီး လေယာဉ်ပြေးလမ်းပေါ် လေယာဉ်ဘီးကျထိသည်နှင့် ဘရိတ် အုပ်ကာဆင်းသက်ကြရပေသည်။ အသည်းတထိတ်ထိတ်နှင့် စီးနင်းရ ပြီး ခြောမောစွာဆင်းသက်ရပ်တန့် သွားပါမှ သက်ပြင်းမော"ဟင်း" ကနဲချရပေ၏။

မောင်မောင် လေယာဉ်မှ ဆင်းသက်ပြီး လေဆိပ်အတွင်းသို့ ဝင်ကာ စစ်ဆေးရေးဂိတ်သို့ မိမိ

www.burmeseclassic.com

www.burmeseclassic.com

ကိုင်ဆောင်လာသော နိုင်ငံကူးလက်မှတ်(Pass port)နှင့် လေယာဉ်ပေါ်ဖြည့်စွက်ခဲ့သည့် ပုံစံ(White Card)ကို ပါ ပူးတွဲတင်ပြရင်း မောင်မောင်၏ နိုင်ငံကူးလက်မှတ်တွင်တော့ သင်္ဘောသားဆက်သွယ်ရေး အရာရှိတစ်ဦးအဖြစ် သင်္ဘောလိုက်ပါအမှုထမ်းရန် ဖော်ပြထား၏။ လိုအပ်ပါက ရောဝဲသင်္ဘောပေါ်သို့ သင်္ဘောသားအဖြစ် လိုက်ပါပြီး အမှုမှန်ပေါ်ပေါက်ရေးအတွက် ဆောင်ရွက်ရမည်ဖြစ်၏။ ရောဝဲသင်္ဘောပေါ်က တရုတ်ဆက်သွယ်ရေးအရာရှိ အလုပ်ထွက်သွားသောကြောင့်ပါပေ။ (ထိုခေတ်အခါက သင်္ဘောကြီးများပေါ်တွင် ဆက်သွယ်ရေးအရာရှိ (Radio officer)အသုံးပြုနေပါသည်။ ယခုခေတ် သင်္ဘောကြီးများသည် (Gmdss)ဂြိုဟ်တုဆက်သွယ်ရေးစနစ်အသုံးပြုနေပြီမို့ ဆက်သွယ်ရေးအရာရှိမထားရှိတော့ချေ။ ကုန်းပတ်ဌာန (Deck Depatment)မှ ဒုတိယအရာရှိ(Secons Mate)သာ ထားရှိပြီး ဆက်သွယ်ရေးကိစ္စဆိုင်ရာများပါ ပူးတွဲ တာဝန်ယူကြရပါသည်။)

မောင်မောင်အား လာရောက်ကြိုဆိုနေကြသူများကား သင်္ဘောကုမ္ပဏီမှ မဟုတ်ပေါ်ချေ။ အနောက်တိုင်းဝတ်စုံအကျအန ဝတ်ဆင်ထားကြသော အင်တာဗျူးရဲတပ်ဖွဲ့ဝင်နှစ်ယောက်တည်း။ မိမိတို့ ရဲတပ်ဖွဲ့ဝင်များသည် ခရီးသွားလာသည့်အခါ မှင့်ပြုချက်ရယူရပြီး ရောက်ရှိသည့်နယ်မြေဒေသရှိ ရဲတပ်ဖွဲ့စခန်းများသို့ ရောက်ရှိကြောင်း သတင်းပေးပို့ရပါသည်။ လိုအပ်ပါက အရန်အင်အားဖြင့် ရောက်ရှိရာနယ်မြေရဲတပ်ဖွဲ့နှင့် ပူးပေါင်းတာဝန်ထမ်းဆောင်ရမည်ဖြစ်၏။ ရဲတပ်ဖွဲ့ဝင်တိုင်းသည် ၂၄နာရီ လိုအပ်ပါက တာဝန်ထမ်းဆောင်ကြရမည်ပေ။ မိမိတို့၏ အသက်နှင့် ခန္ဓာကိုယ်အား အမှုမှန်ပေါ်ပေါက်ရေးအတွက် အပ်နှံထားကြရသူများပေတည်း။

မောင်မောင်အား ကိုယ်ပိုင်စလွန်းကားလေးဖြင့် ရဲတပ်ဖွဲ့ဝင်နှစ်ယောက်က တည်းခို ရမည့် ကင်းပဲလေ့စ် (King Palace)ဟိုတယ်သို့ လိုက်လံပို့ဆောင်ပေးကြ၏။ ကားပေါ်တွင်တော့ မောင်မောင့်အား အမှုနှင့်ပတ်သက်သည့် ကေ့စ်ဖိုင် (Case File)နှင့် ပါဆယ်(Parcel) ပစ္စည်းထုတ်တစ်ထုတ်ပါ ပေးအပ်ခဲ့၏။ မောင်မောင်ဘာ ဆက်လုပ်ရမည်ဆိုသည့် ညွှန်ကြားချက်များနှင့် လိုအပ်သော အသုံးအဆောင်အချို့ပါ ပေးအပ်ခဲ့ခြင်းပါပေ။

မောင်မောင့်အတွက် အခန်းတစ်ပတ်စာ အရန်သင့်ငှားပေးထားပြီးဖြစ်၏။ အင်တာပို့ရဲတပ်ဖွဲ့ဝင်အဖြစ် ထုတ်ဖော်ပို့မလိုအပ်ပေ။ ဟောင်ကောင်မြို့လေးကား ဒုစရိုက်မြို့တော်မို့ မိမိတို့ လျှို့ဝှက်သိပ်သည်းရ၏။ အစအန ပေါက်ကြားကာ မိမိအထူးရဲတပ်ဖွဲ့ဝင်မို့ မလိုအပ်သော အန္တရာယ်ဘေးဆိုးများ ကျရောက်လာနိုင်ပေသည်။ မိမိတို့မှာ ရန်သူ ဒုစရိုက်များအတွင်း သို့ပင် ထိုးဖောက်ကာ မှုခင်းကျဆင်းရေးအတွက် ဆောင်ရွက်ကြရပေသည်။

မိမိအတွက် စီစဉ်ပေးထားသော အခန်းတွင်း အသံဖမ်းစက်၊ ဗွီဒီယိုရိုက်ကူးသောစက်(Movie Vedeo Camera)များ ထားရှိခြင်းရှိမရှိ ဟော်တယ် တယ်လီဖုန်းအောက်မှိုက်ခရိုအသံဖမ်းစက်ထားမထားပါ သေချာစေ့စပ်စွာ စစ်ဆေးရပေသည်။ ထိုသည်များက မိမိကိုယ်မိမိသေကြောင်းကြံစည်ခြင်းနှင့်တူ၏။ အထုပ်အပိုများ၊ ခေတ္တပစ်ချပြီး ခရီးပန်းနွမ်းနယ်မှုများ ပြေပျောက်သွားစေရန် ရေပူရေအေးစပ်ကာ ချိုးလိုက်ပါတော့၏။ ဟောင်ကောင်ညချမ်းကား ဆောင်းလေပြေအေးကြောင့် ချမ်းစိမ့်စိမ့်ရှိနေသည် မဟုတ်ပါလား။

ရှေ့လဆက်ရန်...

မောင်မောင်(မြန်မာပြည်)

www.burmeseclassic.com

www.burmeseclassic.com

ဆက်လက်ကျော်နင်းမှုကျူးလွန်လျှင်

လက်တွေ့ တရားခွင်နယ်ပယ်တွင် 'ပြစ်မှု'(ယခင်အခေါ် အဝေအရဆိုလျှင် ရာဇဝတ်မှု) 'တရားမမှု' ဟူ၍ရှိသည်။

တရားရုံးတော်များအနေဖြင့် ပြစ်မှုဆိုင်ရာ မှုခင်းများကို ခွဲဆိုသော ပြစ်မှုအမျိုးအစား ပြဋ္ဌာန်းချက်အပေါ် အထောက်အထား၊ သက်သေထွက်ချက်များအား ထောက်ရှု၍ အဆုံးအဖြတ်ပေးသည်။

တရားမမှုခင်းများကို ဆုံးဖြတ်ရာတွင် တရားလိုတင်သွင်းသော အဆိုလွှာ၊ တရားပြိုင်တင်သွင်းသော ချေလွှာတို့အရ တရားရုံးတော်မှ ဦးစွာ ရုံးငြင်းချက်ထုတ်ပေး၏။ တရားမကျင့်ထုံးဥပဒေအမိန့်-၁၄ တွင် ငြင်းချက်များ ထုတ်ပေးခြင်းနှင့် ငြင်းချက်များအရ တရားမမှုကို ဆုံးဖြတ်ခြင်းအကြောင်း ပြဋ္ဌာန်းထားပေသည်။

ငြင်းချက်ဆိုရာတွင်လည်း ခွဲဆိုသော တရားမမှုခင်းနှင့် ထပ်သက်၍ အကြောင်းခြင်းရာငြင်းချက်နှင့် ဥပဒေငြင်းချက်ဟူ၍ နှစ်မျိုးရှိပေသည်။ ငြင်းချက်ထုတ်ပေးသည့် တရားရုံးတော်က အမှုတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပြီးပြတ်အောင် ဆုံးဖြတ်နိုင်မည်ဟု ထင်မြင်လျှင် ဥပဒေငြင်းချက်ကို ထမဦးစွာ စစ်ဆေးစီရင်သည်။ သို့သော် တစ်ခါတစ်ရံ၌ ထုတ်ပေးထားသည့် ဥပဒေငြင်းချက်သည် အကြောင်းခြင်းရာတို့ ရောထွေးစေတတ်သည်လည်း ရှိသည်။ ဤသို့ဖြစ်လျှင် တရားမမှုခင်းကစစ်ရပ်၏ ငြင်းချက်များ သည်မျှအရေးပါကြောင်း ရိပ်မိအံ့ထင်သည်။ ဤစာစုတွင် ကျွန်တော်အဓိကထား တင်ပြလိုခြင်းသည် ပြစ်မှုဆုံးဖြတ်ချက်နှင့် တရားမမှုဆုံးဖြတ်ချက်တို့၏ ကွဲပြားခြားနားမှုနှင့် ဒွေးရောယှက်တင်မရှိခြင်းသဘောမျှသာ ဖြစ်ပေသည်။

ပြစ်မှုကြောင်းဖြင့် ခွဲဆိုမှုကို နစ်နာသူက တရားလိုပြုလုပ်၍ ရဲစခန်း၌ အမှုဖွင့်ရာမှလည်း ပေါ်ပေါက်၏။ နိုင်ငံတော်က တရားလိုပြုလုပ်လျက်လည်း ခွဲဆို၏။ နစ်နာသူက တရားရုံးသို့ တိုက်ရိုက်လျှောက်ထား ခွဲဆိုခြင်းလည်းရှိ၏။ မည်သို့ဆိုစေ တရားရုံးက ပြစ်မှုကြောင်းအရ တရားခွဲရန်အကြောင်းပေါ်ပေါက်မှု ရှိမရှိ စိစစ်ရာတွင် တရားခံ၏ အပြုအမူနှင့် ကြံရွယ်ချက်တို့မှ အဓိကထား ဖော်ထုတ်ပေသည်။

တရားခွင်လောကတွင် နှစ်ဖက်အမှုသည်တို့သည် ပြစ်မှုဆိုင်ရာ မှုခင်းတစ်ရပ်နှင့်အတူ တရားမမှုခင်းကိုလည်း တစ်ပြိုင်တည်း ခွဲဆိုခဲ့ ပြိုင်ဆိုင်နေကြသည်ကို ကြုံရပေသည်။ များသောအားဖြင့် တရားမမှုသည် ပြစ်မှုဆိုင်ရာ မှုခင်းမှ အကြောင်းခံလျက် ပေါ်ပေါက်လာသည်ကို တွေ့ရှိရသည်။ သို့သော် တရားမမှုခင်း၏ ဆုံးဖြတ်ချက်သည် သီးခြားဖြစ်ပြီး၊ ပြစ်မှုဆိုင်ရာမှုခင်း၏ ဆုံးဖြတ်ချက်သည် သီးခြားဖြစ်သည်ဟု ယေဘုယျအားဖြင့် ဆိုရပေမည်။ ဆိုလိုရင်းမှာ တစ်မှုကိုတစ်မှု သဟဲပြုခြင်းမရှိပေ။ ကျွန်တော်၏ စာစုအစပိုင်းတွင် တင်ပြထားချက်တို့အရ နှီးနွယ်ပေသည်။

'ထင်သာမြင်သာ' ဆိုသောစကားရပ်ကို ယနေ့အခါ အသုံးတော်တော်တွင်ကျယ်လျက်ရှိနေသည်။ ကျွန်တော်လည်း စာရှုသူတို့ ထင်သာမြင်သာရှိစေရန် အဖြစ်အပျက်အတွေ့လမ်းတစ်ပုဒ်ဖြင့် တင်ပြလိုပေသည်။

ဤအမှုသည် နိုင်ငံတော်တရားရုံးချုပ် အထူးအယူခံရုံးတော်မှ အဆုံးအဖြတ်ဖြင့် စီရင်ထုံးဖြစ်ခဲ့သည်။ အမှုစတင်ခဲ့ခြင်းသည် မြို့နယ်တရားရုံးမှ ဖြစ်၏။ ဦးတိုက်လျှောက်ထားမှုဖြစ်သည်။ ဦးတိုက်လျှောက်ထားလွှာကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ-၂၀၃ အရ ပလပ်ခံရသည်။ တရားလိုက မကျေနပ်၍ ခရိုင်တရားရုံးသို့ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုတင်သွင်းသည်။ ဆက်၍ ပလပ်ခံရပြန်၏။ အားမလျှော့။ ပြည်နယ်တရားရုံးသို့ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုဆက်တင်သည်။ ပြည်နယ်တရားရုံးက ခွင့်ပြုပြီး မြို့နယ်နှင့် ခရိုင်တရားရုံးများ၏ အမိန့်များကို ပယ်ဖျက်သည်။ ဥပဒေနှင့်အညီ ဆက်လက်စစ်ဆေးရန် ညွှန်ကြားသည်။

ထိုသောအခါ တရားခွဲဆိုခံရသူတို့က မကျေနပ်ဖြစ်ပြန်၏။ ပြည်နယ်တရားရုံး၏ အမိန့်ကို တရားရုံးချုပ်သို့ ပြစ်မှုဆိုင်ရာပြင်ဆင်မှု တင်သွင်းပြန်၏။ တရားရုံးချုပ်က ပြည်နယ်တရားရုံး၏အမိန့်ကို ပယ်ဖျက်ပြီး တရားလို၏ ဦးတိုက်လျှောက်ထားလွှာကို ပလပ်ကြောင်း အမိန့်ချပြန်သည်။ ဘတစ်ပြန်၊ ကျားတစ်ပြန်နှင့် နောက်ဆုံး အထူးအယူခံရုံးတော်သို့ ရောက်ရှိခြင်းဖြစ်သည်။

ကျွန်တော်ကြားဖြတ်၍ ဥပဒေစကားလုံးကိုစွဲလေး တင်ဆက်ချင်သေးသည်။ မြို့နယ်တရားရုံး၏ အမိန့်အပေါ် အဆင့်ဆင့်ဆင်သွင်းမှုများကို သတိချပ်စေချင်ပေသည်။ တရားရုံးချုပ်သို့ 'ပြစ်မှုဆိုင်ရာပြင်ဆင်မှု' အဖြစ် တင်သွင်းမှုပြုကြောင်းပင်

ဦးဝင်းလှိုင်(တရားရုံးချုပ်ရှေ့နေ)

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပေသည်။ မှုခင်းဆောင်းပါးများ ဖတ်ရှုရင်း 'အယူခံ'၊ 'ပြင်ဆင်မှု'ဆိုသော စကားရပ်တို့ကို စာရှုသူတို့ မကြာခဏတွေ့ရမည်ဖြစ်သောကြောင့် သတိချပ်စေလိုကြောင်း ဖြစ်ပေသည်။

အထူးအယူခံရုံးတော်မှ ပြဿနာတစ်ရပ် ထုတ်နုတ်ကြားနာသည်။ ''ကျော်နင်းမှု ဆက်တိုက်ကျူးလွန်နေသူအပေါ် အဆိုပါ ပြစ်မှုဖြင့် ဆက်လက်တရားစွဲဆိုနိုင်သော တရားလိုမှာ အချင်းဖြစ် ပစ္စည်းကို လက်ရောက်ရဖွင့်မရှိကြောင်း တရားမရုံးက ဆုံးဖြတ်လိုက်သဖြင့် အဆိုပါ တရားလိုသည် ပြစ်မှုကြောင်းအရ ကျော်နင်းမှုအပေါ် ဆက်လက်တရားစွဲဆိုခွင့် ရှိမရှိ။

ဦးကြည်သည် ဒေါ်ကျော်၏ အိမ်နှင့်ခြံကို ငွေကျပ် နှစ်သိန်းရှစ်သောင်းဖြင့် ဝယ်ရန် သဘောတူကြပြီး စရန်ငွေ နှစ်သောင်းကျပ်ပေးသည်။ ဥပစာကို လက်ရောက်ရယူသည်။ အစောင့်အလုပ်သမားထားသည်။ ၂၂ ရက်အကြာ အစောင့်အလုပ်သမားများ မရှိသိုက် ဒေါ်ကျော်၏သမီး ဒေါ်မေနှင့် ဦးလှတို့က အဆိုပါဥပစာတွင် ဝင်ရောက်တဲဆောက်နေထိုင်ခြင်း၊ အုန်းသီးများ ဆွတ်ခူးခြင်းပြုလုပ်သည်။

ဦးကြည်က ဒေါ်မေနှင့် ဦးလှတို့ကို မြို့နယ်တရားရုံးတွင် တရားစွဲသည်။ မြို့နယ်တရားရုံးက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၄၂၇ နှင့် ၄၄၇ တို့အရ ဦးလှနှင့် ဒေါ်မေတို့ကို ပြစ်ဒဏ်စီရင်သည်။ ဤကားပြစ်မှုကြီးမှုအမှတ် ၅၈၄/၉၆။ နောက် ဦးလှနှင့် ဒေါ်မေတို့အပေါ် ဥပစာအတွင်းရှိ နေအိမ်ပေါ်သို့ ကျော်နင်းနေထိုင်သည့်ဒဏ်ငွေ ၁၀၀၀/-စီ ပေးဆောင်စေရန် ပြစ်မှုကြီးအမှတ်-၉၄/၉၇ တွင် ထပ်မံအမိန့်ချသည်။

သို့တိုင် ဦးလှနှင့် ဒေါ်မေတို့သည် အချင်းဖြစ်ဥပစာအတွင်းမှ ဖယ်ရှားထွက်ခွာခြင်း မပြုကြ။ ဦးကြည်က ၂၀၀၁ ခုနှစ်တွင် ဦးလှနှင့် ဒေါ်မေတို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၄၄၇ အရ မြို့နယ်တရားရုံးတွင် ထပ်မံတရားစွဲသည်။

ဦးကြည်သည် မြို့နယ်တရားရုံးတွင် ပြစ်မှုကြောင်းအရ ဦးလှနှင့် ဒေါ်မေတို့အပေါ် တရားစွဲဆိုသည့် တစ်ချိန်တည်းတွင် ပြည်နယ်တရားရုံး၌လည်း ''ခြံနှင့်အိမ်ပေါ်တွင် ကျူးကျော်နေထိုင်သူများအား နှင်ထုတ်၍ လက်ရောက်ပေးအပ်ရန်နှင့် အမြတ်အစွန်းများရရန်'' တရားမကြီးမှု စွဲဆိုခဲ့သည်။ ၂၀၀၁ ခုနှစ်တွင် ပြစ်မှုကြီးဖြင့် ထပ်မံစွဲဆိုချိန်၌ တရားမကြီးမှုသည် အမှုပုံစံ မှန်ကန်မှုမရှိကြောင်း ပလပ်ခံခဲ့ရပြီး ဖြစ်သည်။

ဦးကြည်က တရားရုံးချုပ်သို့ အယူခံတက်ရောက်သော်လည်း၊ မအောင်မြင်သည့်အပြင် အချင်းဖြစ်မြေနှင့် အိမ်ကို ဦးကြည်က ပိုင်ဆိုင်ကြောင်း၊ သို့မဟုတ် လက်ရှိထားပိုင်ခွင့်ရှိကြောင်း မပေါ်ပေါက်ဟု စီရင်ချက်တွင် ဖော်ပြခဲ့သည်။ ထိုစီရင်တွင် ဖော်ပြချက်ကို အကြောင်းပြုပြီး မြို့နယ်တရားရုံးက ၂၀၀၁ ခုနှစ်တွင် စွဲဆိုသည့် ဦးတိုက်လျှောက်ထားလွှာကို ပလပ်ခံခဲ့သည်။

ဤအမှု အထူးအယူခံရုံးတော်သို့ တက်ရောက်ခြင်းဖြစ်ပေသည်။

အထူးအယူခံရုံးတော်တွင် ဥပဒေပြဿနာတစ်ရပ်အနေ နှစ်ဖက်ရှေ့နေများ ကျယ်ကျယ်ပြန့်ပြန့် လျှောက်လဲကြသည်။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သော ရှေ့ ချုပ်ရုံးမှ ညွှန်ကြားရေးမှူးကလည်း ပြစ်မှုမကင်းသော ကျော်နင်းမှုတွင် ပိုင်ဆိုင်မှုသည် အဓိကမဟုတ်ဘဲ ပစ္စည်းလက်ရှိဖြစ်ခြင်းသာ အဓိကဖြစ်သည်ဟု လျှောက်လဲသည်။ ဦးကြည်သည် အချင်းဖြစ် ဥပစာကို ၂၂ ရက်သာ လက်ရှိဖြစ်သေးကြောင်းလည်း တင်ပြ၏။

အထူးအယူခံရုံးတော်က ဦးလှနှင့် ဒေါ်မေတို့သည် ဥပစာတွင်း အခွင့်မဲ့ဝင်ရောက် ကျော်နင်းနေထိုင်၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၄၄၇ နှင့် ၄၄၈ တို့အရ နှစ်ကြိမ်တိုင်တိုင် ပြစ်စီရင်ခဲ့ရခြင်း၊ အချင်းဖြစ်ဥပစာကို ဦးကြည်က ဝယ်ယူရောက်ရရှိခဲ့ခြင်း၊ ယခု ၂၀၀၁ ခုနှစ် ပြစ်မှုကြီးမှုဖြင့် စွဲဆိုအချိန်အထိလည်း ဦးလှနှင့် ဒေါ်မေတို့က ဥပစာမှ ထွက်ခွာဘဲ ဆက်လက်နေထိုင်လျက်ရှိခြင်းဆိုသော အချက်များမှာ ဖက်အငြင်းမပွားသည့်အချက်များဖြစ်သည်ဟု သုံးသပ်တွေ့ရှိ

အချင်းဖြစ် ဥပစာအပေါ် ကျော်နင်းမှု ဆက်လက်လွန်နေသော ဦးလှနှင့် ဒေါ်မေတို့အပေါ် တရားရုံးချုပ်က မကင်းသော ကျော်နင်းမှုအတွက် တရားဆိုခွင့်မရှိတော့ဟု သုံးသပ်ခြင်းကို အထူးအယူခံရုံးတော်မှ မှန်ကန်သည်ဟု မ ပေ။ ပြစ်မှုကြောင်းအရ ကျော်နင်းမှုအပေါ် ဆက်လက် ခွင့်ရှိသည်ဟု ဥပဒေပြဿနာကို ဖြေကြားပေးသည်။

ဦးကြည်နှင့် ဦးလှ၊ ဒေါ်မေတို့ မြို့နယ်တရားရုံး ကြီးကို ဆက်လက်ပြိုင်ဆိုင်ကြရပေဦးမည်။

စာရှုသူတို့လည်း ပြစ်မှုဆိုင်ရာ မှုခင်းနှင့် တရား မှုခင်း၏ သဘောသရုပ်အကျဉ်းမျှ ရိပ်မိအံ့ဟု ယူဆပေး ပြစ်မှုမကင်းသော ကျော်နင်းမှုကို ဆက်တိုက်ကျူးလွန် ဥပဒေအရ ကျော်နင်းမှုဖြင့် ဆက်လက်စွဲဆိုနိုင်ပုံကိုလည်း သာမြင်သာ ရှိခဲ့ပြီဟု ယူဆမိပါသည်။

ကျွန်တော်၏ စာစုကိုဖြင့် ဤနေရာတွင် အဆုံးသတ်သည်။ ဦးကြည်တို့၏ ဇာတ်လမ်းအား မဆုံးသေး။

ဦးဝင်းလှိုင် (တရားရုံးချုပ်ရှေ့

ကိုးကား

- ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၄၄၇/၄၄၈
- တရားမကျင့်ထုံးဥပဒေပုဒ်မ-၁၄
- ဦးအောင်ဝင်းကြည်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ (၂၀၀၃၊ မတစ-၈၂)

www.burmeseclassic.com

www.burmeseclassic.com

မိန်းကလေးများ ပညာသင်ကြားနိုင်ရေးအတွက် ဦးဆောင်ခဲ့သည့် ပါကစ္စတန်းမှ သူရဲကောင်းမကလေး

ပါကစ္စတန်နိုင်ငံ၊ စွပ်တောင်ကြားဒေသတွင် အမျိုးသမီးများ ပညာသင်ကြားခြင်းဖြင့် လူ့ဘဝအဓိပ္ပာယ်ပြည့်ရေး လုံ့ဆော်သည့် မာလာလာ (၁၄ နှစ်)သည် ဒေသအတွင်း မိန်းကလေးများ ပညာသင်ကြားရေး လုံ့ဆော်စည်းရုံးခဲ့သည်။ မိန်းကလေးများသည် ပညာသင်ရန်မလို၊ ပုဂိုလများကို အလုပ်အကျွေးပြုရမည်ဟု အစွန်းရောက်စစ်သွေးကြွ တာလီဘန်တို့သည် မာလာလာ၏ လုပ်ရပ်ကို မကျေနပ်နိုင်ဘဲ (၉-၁၀-၁၂)နေ့ သူကျောင်းမှအပြန် ကျောင်းကားပေါ်တွင် မာလာလာကို ဆိုမှတ်ထားပြီး တာလီဘန်(၃)ဦးက သတ်ဖြတ်လုပ်ကြံခဲ့သည်။ ဆေးကုမရောက်သော မာလာလာကို ပါကစ္စတန်သမားတော်များက ဦးခေါင်း၊ လည်ပင်းတွင် ဝင်နေသော ကျည်ဆန်များကို ဖယ်ရှားနိုင်သော်လည်း ပြင်းထန်သောဒဏ်ရာကြောင့် UK သွင်းအဲလိဇဘက် တော်ဝင်ဆေးရုံသို့ ပြောင်းပို့ခဲ့ရသည်။ မာလာလာ၏ ဖြစ်ရပ်သည် မိန်းကလေးများဘဝကို မီးမောင်းထိုးပြသကဲ့သို့ဖြစ်ပြီး၊ ကမ္ဘာတစ်ဝန်းဒိသားစုများကို တုံးမောင်းဆိုက်သလို ဖြစ်ရသည်။ USA သမ္မတ အိုဘားမားအပါအဝင် နိုင်ငံခေါင်းဆောင်များက မာလာလာအသက်ရှင်ရေးအတွက် ဒိုးဝန်းကျည် အားပေးခဲ့ကြသည်။ UK ဆေးရုံတွင် သမားတော်ကြီးများက (၅)နာရီကြာ ခွဲစိတ်ကုသပြီး ကွဲသွားသော ဦးခေါင်းခွံကို တိုင်တန်နီယံသတ္တုဖြင့် ဖာထေးကုသပေးသည်။ ကျည်ဒဏ်ကြောင့် ပင်းသွားသော သူမ၏ ဘယ်ဘက်နားကို နားကြားအထူးကိရိယာ တပ်ဆင်ပေးပြီး အကြားအာရုံ ရစေခဲ့သည်။ ကမ္ဘာ့မိသားစု (၂၅၀၀၀၀)က သူမ၏ ရဲဝင့်သော အကျိုးလိုလားသောစိတ်ဓာတ်ကို ဂုဏ်ပြုသောအားဖြင့် ၂၀၁၃ ခြိမ်းချမ်းရေးနိုဗယ်လ်ဆုရှင်အဖြစ် ဂုဏ်ပြုရန် အွန်လိုင်းမှ ဆန္ဒပြုကြသဖြင့် ခြိမ်းချမ်းရေးနိုဗယ်လ်ဆုပေးသင့်ကြောင်း အမည်စာရင်းတင်သွင်းခြင်းခံထားရကြောင်း သတင်းစာတွင် ဖော်ပြထားသည်။

ညိုမင်းလွင်(မော်ကွန်း)

Ref: Internet News, 7.3.2013

ဥမ္မမပေါက်၊ အကောင်လိုက်မွေးလာသည့် သီရိလင်္ကာက ကြက်ကလေး

ကြက်၊ ငှက်၊ ဘဲတို့သည် သန္ဓေဥကို ဝမ်းတွင်း အတွဲလိုက်ဖြစ်တည်ပြီး ဥအဖြစ် ဥချက်ကာ ကျင်းဝပ်ရင်ငွေ့ပေးခြင်းဖြင့် အကောင်ပေါက်ရသော သဘာဝဖြစ်သည်။ သို့ရာတွင် သီရိလင်္ကာနိုင်ငံတွင် ထူးဆန်းစွာ ကြက်မိခင်၏ ဥအိမ်အတွင်းမှာပင် အပူငွေ့ရပြီး ကြက်အကောင်လိုက် မွေးဖွားပြီး ကြက်ကလေးတစ်ကောင် ပေါက်ဖွားလာခဲ့သည်။ ကြက်ကလေးမှာ ရှင်သန်နေသော်လည်း မိခင်ကြက်မကြီးခမျာ ကြက်ကလေးကို မပေါက်ဖွားမီ ကာရံထားသော ဥခွံတို့က ကြက်ကလေး ပေါက်ဖွားထွက်ပြီးနောက် အစိတ်စိတ်အမြွာမြွာ ကြေပြီး အတွင်းနံရံများကို ထိရှသဖြင့် မိခင်ကြက်မကြီး သေဆုံးခဲ့ရသည်။ တိရစ္ဆာန်ဆရာဝန်များက ဤဖြစ်ရပ်သည် ဓာတ်မြေဩဇာ ဓာတုအားဆေးတို့နှင့် ဆက်နွယ်သည်ဟု ကောက်ချက်ချခဲ့သည်။

ညိုမင်းလွင်(မော်ကွန်း)

Ref: Internet News, 5.3.2013

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

သူကတစ်ဝမ်း သူမကတစ်ဘိုး

✧ ဝေဒီကို

သည်တော သည်တောင် သည်တစ်ကြောမှာဖြင့် ဘယ်ကိုပဲကြည့်ကြည့် ငြည်လဲ့လဲ့ စိမ်းပြာပျပျ ကန်ရေပြင်ဖျော့တစ်ဆုံးနှင့် လှိုင်းကြား မြောင်းကြားများအပြားကဖြင့် စိမ့်ညိုမှိုင်းမှိုင်း ငြာအံ့ဆိုင်းနေတဲ့ သစ်တောအုပ်။ ဟိုး ဆင်ဝေးဝေးဘက်ဆီမှာ ဆိုရင်တော့ ဘွန်းပင်၊ ပျဉ်းကတိုးပင်၊ တောင်ဘိန်းပင်၊ တောင်လက်ခုပ်ပင်၊ ရေမနေပင်၊ ကနီပင်၊ သစ်ရာပင်၊ မျောက်ငိုပင် စတဲ့ သစ်မျိုးစုံ အပြိုင်းပြိုင်းအလေ့ကျ ပေါက်နေကြသလိုသစ်တောဦးစီးဌာနကလည်း စိုက်ပျိုးထားတဲ့ အပင်တွေဟာ ဟိုး အင်္ဂလိပ်ခေတ်အခါ သမယထဲက တစ်ပင်လဲ့ တစ်ပင်ထူ၊ တစ်ပင်မျောက်၊ တစ်ပင်ခြောက်နဲ့ ယခုထက်တိုင်စိမ်းလွှက် စိုလွှက်ရှိနေသေးတော့။ ဝါးပင်ရုံတွေကလည်း မျှစ်ချိုးသမားတွေကို အနှံတော်ခံ ခပ်ခန့်ခန့်ပင် ခေါင်းထောင်နေဆဲလေ။

အရှေ့ပဲခူးရိုးမ တောင်တန်းညီညီက ကန်ရေပြင် အရှေ့ဖက်စပ်ဆီမှာ မှုန်ပျပျမြင်နေသေး၏။ မနက်လင်း အာရုံဆို နေထွက်လာရင်ဖြင့် ကန်ရေပြင်ကျယ်တခွင် ပုစွန်ဆီရောင်ပြေး ကလေးတွေဟာ လှိုင်းကြက်ခွပ်တိုင်း တလှုပ်လှုပ်၊ တလဲ့လဲ့နဲ့ စိတ်အစဉ်ကို အေးထွေးနွေးသွားလိုက်ပါဘိတော့။

သည်မြေ၊ သည်ရေ၊ သည်သစ်ပင် တွေကြောင့်လည်း ရေအေးစမ်းကျေးရွာ၊ ချင်းကုန်းကျေးရွာ၊ ဘန်ဘွေးကုန်းကျေးရွာ၊ ငါးအိမ်စုကျေးရွာ၊ ဆင်စခန်းကျေးရွာ၊ ကြိုးကွင်း လိမ္မော်ခြံ၊ ကန်သာယာကျေးရွာများအဖို့ ဓါးမဦးချ ရိုးရာထမင်းအိုးကြီးနယ် ဖြစ်နေသေး၏။

ကန်မကြီးအတွင်းက ငါးများသည် ရွာသားများအတွက် ဟင်းစား။ ဟင်းစားတင်မက ဝမ်းစာတောင်မှ မြိုင်မြိုင်ဆိုင်ဆိုင်ဝေဝေဆည်ဆည် ရှိနေပ။ အရက်မတက်မီ မောင်ရိုပ်မကုန်တတ်သေး မှုန်ရီမှုန်ဝါး ဝိုးတဝါးအချိန်ရောက်သည်နှင့် သည်အနီးချုပ်စပ်က ရွာသူရွာသားများ ဝါးခမောက်ဆောင်းသူဆောင်း ပုဆိုးပေါင်းခြဲသူကခြဲ။ တက်မပခုံးထမ်းသူကထမ်း။ ပုဆိန်ရဲဒင်းကိုလက်ကဆွဲသူကဆွဲ ငါးမန်းလွှတောင်ကိုကိုင်သူကကိုင်။ ဓါးမောက်ထက်ထက် ခါးမှာယုက်သူကယုက်။ ပုဆိုးတို့တို ထမီတုတ်တုတ် ခြေလုမ်းတွေကျဲကျဲသွက်သွက် လှမ်းတက်လာကြသူတွေက အလင်းရောင်စွတ်လျှင် အောင်ဝင်းဖေါ်ဆိပ်က ဝါးခြောက်လုံးတွဲဖေါင်ငယ်ကလေးများမရလိုက်မှာ စိုးထိတ်စွာဖြင့် နေ့စဉ်ပုံမှန် သည်လိုအချိန်မှာတက်လာစမြဲ။

ဟုတ်တော့လည်း ဟုတ်ပါ၏။ ရုတ်ချည်းအလင်းစွေသည်နှင့် ကန်မကြီးအနှံုးဆိုက်ကပ်ပြီး ယမန်နေ့ကတစ်နေ့လုံး ပိုက်ချ ကိုင်းထောင်၊ ထွန်ပစ်၍ရသမျှ ငါးရံ့ ငါးပြား ငါးဖီလာများ

www.burmeseclassic.com

www.burmeseclassic.com

ကိုလာသွင်းသော ဖေါင်ကြုံနှင့် လိုက်နိုင်ပါမှ အောင်ဝင်းဖေါင်ဆိပ်ကို အဆင်ချောချောရောက်ရမှာကိုး။

နို့မဟုတ်ရင်တော့ဖြင့် သွားပါကရော၊ သည်တစ်နေ့တာ လုပ်အားမဲ့သလို၊ တစ်နေ့တာ ဝင်ငွေလည်းပဲ့သွားပြန်ရော၊ တစ်ခုတော့ရှိ၏။ နည်းနည်းအားစိုက်အပင်ပန်းခံပြီး တောင်ရိုးတစ်ကြောကို ခြေကုန်သုတ်နိုင်ရင်တော့ လက်ကျန်ဖေါင်ကလေးတစ်ဖေါင်စ၊ နှစ်ဖေါင်စ ကံသီရင် ရနိုင်သေး၏။ သို့ငြားပေသိ အများအားဖြင့်ကတော့ ဖေါင်ဆိပ်မှာရှိတဲ့ ဖေါင်နဲ့ ဝှားကြတဲ့သူတွေနဲ့ ဘယ်သောအခါမှ မလောက်ဘူး။

ခက်သည်က၊ ဖေါင်ဆိပ်လို့သာ ပြောနေရတြား။ ထယ်ဝါခန့်ငြားသပ်ရပ်စွာနှင့် ဖွင့်ထားသည်ကားမဟုတ်။ နောက် ဘုရားပွဲဈေးနယ်လည်း သွားချည်လာလှည့် လူးလားခေါက်ပြန်ကျတက်ကျွတ်ညံနေအောင် သွားလာလှုပ်ရှားရသော နေရာကလည်းမဟုတ်တော့ရင် အလင်းမရောက်သေးခင်မှာပင် ကန်ရေပြင်၊ မြောင်ကြား ဖေါင်တစ်ပြားနှင့် သူတကာထက်ဦးအောင် ရောက်နှင့်ကြရသည်သာ။

ကြည့်။ ဖေါင်တစ်ပြားကလည်း တောင့်တောင့်ထည်ထည်၊ အကြေတင်းတင်း ဝါးတွေနဲ့စပ်ထားတဲ့ ဖေါင်ဆိုရင် တောင်ထန်ကုန်လူ သုံးဦးထက် ဝိုမတင်နိုင်။ ဝါးတစ်ဖေါင် လူတစ်ယောက်၊ နှစ်ယောက်သာ အလင်းပျပျ ပွင့်ကျလာမှ လိုင်းကြက်ခွက်ရေပြင်ကျယ်ထဲဆီမှာ မည်းမည်းမှိုင်းမှိုင်း ခပ်ဆိုင်းဆိုင်းကလေး ဖေါင်သူငယ်တွေ လှုပ်လိုလှုပ်လဲ့ ဟအိအိ တယဲ့ယဲ့ခပ်တက်ယက်သွားလာနေကြစမြဲ။

တံငါဖေါင်၊ ဝါးခုတ်ဖေါင်၊ မျောခုတ်ဖေါင်၊ စရိတ်ပို့ဖေါင်အမျိုးမျိုးရှိလင့်ငြားခပ်ဝေးဝေးကပင် ကြည့်၍သိနိုင်သပ။ ဖေါင်ရဲ့နောက်မြီးမှာ ပလိုင်းခြင်းကြားပါရင် တံငါဖေါင်။ ဖေါင်ရေမျှားမှာ ဆန်အိတ်ပိုင်းလိုမျိုးနဲ့အတူ ဆွဲခြင်းတောင်းတွေကြားမှာ လေးလုံးစပ်သံပုရာခြမ်းအရက်ဆီပုလင်းအဖုံး ချိတ်ပိတ်တိတ်အစိမ်းလွင်လွင်ကလေး မြင်ရရင် မြောင်ကြား။ လှိုင်းကြားတစ်နေရာရာမှာ ယာယီတဲကလေးထိုး သစ်ခုတ်နေသူတွေအတွက် စားစရိတ် ရိက္ခာပို့တဲ့ဖေါင်ဆိုတာ မြေကြီးလက်ခတ်မလွဲပြောနိုင်ပ။ ဖေါင်တစ်လျားမှာ ဘာမှမပါ ဗလာအလွတ်ချည်းနဲ့ ခါးမထက်ထက်ပါရင်တော့ ကန်ရေပြင်ထဲက မြောင်မှာ နေချင်းပြန် ဝါးခုတ်ကြမဲ့ သူတွေလေ။ အဲ၊ ဝါးနှစ်ဆယ့်လေးလုံးတွဲထပ်ဖေါင်၊ ခတ်ဖေါင် ကြီးကြီးကျယ်ကျယ်ပြန့်ပြန့်ကို ဝါးသုံခပ်တက်နစ်ချောင်းနဲ့ ကျောပေးအားစိုက်ခပ်ယှက်နေရင်တော့ အသေချာဆုံးက မီးငြိမ်း။ မီးသတ် နာပေါက် ပိတ်ဂလိုင်ဖိုထုတ် မီးသွေးအိတ်တွေကဲ့ကြခတ်ကြမယ်ပေါ့လေ။

သည်မှာကတော့ တခြားလည်း လယ်ယာစိုက်ပျိုး မစားနိုင်၊ လယ်ယာမြေလည်းမရှိဆိုတော့လည်း ရိုးရာလုပ်ငန်းကို အစဉ်လာမပျက် တစိုက်မတ်မတ် လုပ်ကိုင်ရာဖွေနေဆိုင်စားသောက်နေကြသူများသာ။

သည်ရွာမွေး၊ သည်ရွာပေါက်၊ သည်ကန်မှာကြီးတဲ့ သိန်းဆိုင်ဆိုတာလည်း ကန်ရေသောက်မှာတော့ ကန်မှာတံငါသည်တစ်ဦးဖြစ်လာသည်မှာ တကယ်တမ်းကတော့ သိပ်မဆန်းဘူး။

သိန်းဆိုင်က လူပုံဝတုတ်တုတ်၊ ဂင်တိုတို အသားညိုထုပ်ထုပ်၊ လူကြမ်းအိတ်ပုဆုံးထက်ကမချ။ စကားအသံကျယ်ကျယ်စာစာရယ်။ အဲ ဒီရင်းစိတ်ထားလေးကောင်းတယ် ပေါက်ဆိုးတယ်ဆိုတဲ့ အစားထဲကမဟုတ်ရင်တော့ တစက်ကလေးမှ တတ်တဲ့ မှန်တယ်ထင်လို့ကတော့ မကြည့် နောက်မကြည့် ဘေးဘယ်ညာကြည့်မနေတော့၊ တဇောက်တဝတ်ထိုး ရိုးရိုးစင်းစင်း လူမှန်လူစင်စစ်ယောက်ပါ။

ကန်ထဲက တပို့လောက်မြောင်းတဲလေးတစ်လုံးထိုး ဆယ့်လေးကွင်း ဆယ့်လေးကွင်း၊ ဆယ့်ရှစ်ကွင်း ဆယ့်ရှစ်ကွင်း၊ ကိုးကွင်းတန်ကိုးပို့ပို့တန်းခွ၊ ငါးဖမ်းစားနေပေါ့။ တလေတော့လည်း နံပါတ်တူးလေးနှတ်ကလေး ဖေါင်ပေါ်တင်ပြီး ပို့ကြဖြူတ်ရင်းက ကန်ထဲမှာတွေ့ရတာအောက်ချင်းငုက်၊ အောင်လောင်းတင်ကိုင်ငုက်၊ ရေဘဲ၊ ငုက်ငန္ဓားလေးကိုဖျော့က်ဆိတ် ဖျော့က်ဆိတ်ပဲလေး။ ဒါကတော့ကွယ် ဟင်းစားသက်ရယ်ပါ။

ပြောလို့သာ ပြောရတာရယ်၊ တကယ်တမ်းကျတော့ သိန်းဆိုင်ဆိုတစ်ကောင်ကြွက် မဟုတ်ပေသိ ကိုယ်ရေတစ်ကာယ သမားရယ်။ အဓိ အဖမောင်နမတစ်သိုက်ဆိုကလည်း ရေအေးစမ်းရွာထဲမှာ

www.burmeseclassic.com

www.burmeseclassic.com

အိမ်ကြီးရခိုင်နဲ့ ဟန်ကျ ပန်ကျနေကြ ဆိုင်ကြသူတွေနော့။ သူကသာ တစ်ယောက်တည်း သင်းကွဲရေပြင်ထဲ ကွန်ပစ်ကိုင်းထောင် လုပ်ကိုင်နေတာ ရယ်။

ဒင်း တစ်ဝမ်းကတော့ စာရင်းထဲ ထည့်တွက်နေစရာ မလိုဘူးရယ်။ သူ မြောင် သူကျွန်းကလေးမှာ ဘာများပူရ တာမှတ်လို့။ အဓိက ဆန်လေး၊ ဆီလေး ဆား၊ ငပိ၊ အချိုမှန့်၊ ငြုတ် ခြောက်နဲ့ ကြက်သွန်ရိုပြီးတာရယ်။

ဟင်းစားကလည်း ဘာခက်တာ မှတ်လို့။ ကိုယ်တိုင်ပဲပိုက်၊ ကိုင်းထောင် နေမှ ကာရံသင့်တဲ့အခါများဆို ငါးရံ ဆားပေါ့စစ်စစ် ကိုယ်တိုင်ထုတ်လုပ်သူ အဖို့ မစားချင်အောဲ့။ ငါးရံအူဆီပြန်လေး များဆို ပြုပေါ်မှ ကြေးကြီးမှကြီးသန့်။ ခပ်များများ ငါးရံခြောက်ခွဲထားရင် ဟော နံဘေးနံဘီ မြောင်တွေကို ဖေါက်သည်သွင်းလို့ ရသေးပေါ့။ ငါးအစိုဆိုတာကတော့ ပြောမနေနဲ့တော့။ ပေါ့။ ငါးဖီလာကတုံးငါးများ ပြုံးထဲက ဖော်လိုက်ရင်ပဲ အစိတ်သား။ သုံးဆယ်သား ကောင်မျိုး ဆူဆူပြိုးပြိုးကို ခဲမှန်။ ဆား ဆန္ဒင်း အချိုမှန့်ကလေးလူး ပွတ်ပြီး ဝါးတဲစိုမှာရှိ၊ ပျဉ်ကတိုး ထင်းမီးအေး အေးမှာ အရည်စစ်သွားတဲ့အထိ နီခဲနေ အောင်ခပ်ကျပ်ကျပ် ကင်လိုက်လို့ ကတော့ ရန်ကုန်ပြုပေါ်က အသားကင် ဆိုင်တွေမှာ ထောင်ချီ၊ ရာချီပေးစား ရတဲ့ ငါးကင်နဲ့များ ဘာထူးတာလိုက်လို့။ သည်မှာက သဘောရိ၊ ဒင်းကြမ်းစား စမ်းပါလေ့။

ဝါးခြောင်းများ ကုန်ကုန်ထောင် ထားရင်၊ ဆားသီး (ဆီးဖြူသီး)ကြွေချိန် မျိုးဆိုရင်တော့ ကျိုဖိတ်၊ ကျိုမတွေ၊ ကျိုပျို တွေ၊ ကျိုပေါက်တွေ၊ ဟောတစ်ကောင်၊ ဟောတစ်ကောင်နဲ့ အခြောက်တောင် လုန်းပြီးစားရပေ။ အပေါင်းအသင်း ကောင်းကောင်းရှိလို့များ၊ တောပစ်မုဆိုး သေနတ်ကလေးနဲ့ ဆိုရင်တော့လား အိုး ကဲကလည်းလိုက်၊ လက်ကလည်းပြောင့် တောလည်ပတ်ယာဆိုလို့ကတော့ ဆတ် ဆိုလည်း တုတ်တာပဲ။ တောဝက်တို့ မျောက်တို့လည်း ရနိုင်တာပ။

ဝါသနာရှိလို့ကတော့လေ သင်းခွေ ချပ်ကိုပစ်မလား။ ဖမ်းမလား။ ဖြူးသား စားမလား။ ဖွတ်နီကျားတို့၊ အဆီစုစုနဲ့ ပွေးပူးချင်လို့ဆိုရင် လင်းမြွေဆို တလုန် လောက်ကောင်တွေ၊ စပါးကြီးဆို တခါ သားမယ် လက်မောင်းအိုးလောက်နီးနီး တုတ်ပြီး (၁၀)တောင်ရှည်တဲ့အကောင် ရှည်ကို ငါးဖိုက်နဲ့ပြီးပြီး မိတဲ့အခါတုန်း ကများဆို ဘာပြောကောင်းမလဲ၊ လေး လုံးစပ်သံပုရာခြမ်း အဆီတစ်လုံးနဲ့ မလောက်လို့ အောင်လွင်တို့ မစန်းအေး တို့နေတဲ့ မြောင်ကတောင်မှ နှစ်လုံးလား ပဲထပ်ခွဲရသေး။ ကန်မကြီးပေါ်တက်မှပဲ သူအချေး ပြန်ဆပ်လိုက်ရုံပ။

ကဲ ဘာလိုသေးလဲပြော။

ဒါမို့ကြောင့်လည်း သိန်းဆိုင်ရွာကို လည်းမပြန်နိုင်၊ ပြုပေါ်ကိုလည်း တက်ဖို့ ဆန္ဒမရှိ။ ကန်ရေပြင်ထဲမှာပဲ တဝဲဝဲ လည်နေတာ နေမှာပေါ့နော့။

သူအရပ်မှာ သူဇာတ်ဆရာ၊ သူ မင်းသားပါလေ။

♦ ♦ ♦

ဘာထူးလို့လဲလေ။ ခင်တွေစိန်ရယ် ဘာမှ ရှိလုမှ အစိတ်ကျော်ရုံပေါ့။ အံမယ် သူမကိုတော့ လျော့မတွက်နဲ့ နော်။ ရေအေးစမ်းရွာမှာတော့ ကွမ်း တောင်ကိုင်လို့ မဆိုသာပေမဲ့ အာဂ မလေးတစ်ယောက်ရယ်။

လူပုံလူပန်း ကြည့်ရင်တော့လည်း ဖြူဖြူမွေးမွေး နည်းနည်းကလေးရယ်ပါ။ ကန္ဒဲကလျတော့ မရှိလုပေမဲ့ ပျော့ပျောင်းပျောင်း သွဲ့သွဲ့လျလျရယ်ပါ။ ကျစ်ကျစ်လျစ်လျစ် ကလေးပဲပေါ့။ ခေသူတော့ မဟုတ်ဘူး။ သည်နယ်တစ် ဝိုက်မှာတော့ (၁၀)တန်းအောင်ကြတဲ့ ဥမ္မာမြင့်ရယ်၊ ဝိုင်ဝီးက ဆရာမလေး ရယ်၊ ချင်းကုန်းရွာထဲက ကုလားမ နဲ့ ဆရာမလေးရယ်နဲ့ ကရင်စပ်ဆရာ မလေး ပြီးရင်တော့ ခင်ထွေးစိန် ကလည်း အဝေး သင်တက္ကသိုလ်ကို တက်နေတဲ့ တ ့ ဝိုလ်ကျောင်းသူ မလေးတစ်ယော က် ဖြစ် ့ ကမို့ကြောင့် ရယ်ပါ။

ပြောရရင် ရေအေးစမ်း ချင်းကုန်း ငါးအိမ်စုတွေဆိုတာ တကယ်တမ်းကျ တော့ ရန်ကုန်ပြုန်ဆို ဝိုင် ၆၀ မရှိတရှိ လောက်ပဲ ဝေးတာဆိုပေသိ သည်မှာက ရွာကလူတွေ အများစုက ပြုံပြက လူတွေနဲ့ မတူကြတာ အမှန်ပဲ၊ ဂိုးသား ကြတယ်၊ ပွင့်လင်းတယ်ဆိုပေသိ အမြင် အထိအတွေ့တွေ နည်းပါးကြ သလိုပါပဲ။ အချိန်တန်ရင် အသက် ကလေးကလည်း ဖြစ်ဖြစ်မြောက်မြောက် ရောက်လာရင်ပဲ သစ်ခုတ်၊ ဝါးခုတ် မျောခုတ်၊ မီးသွေးဖုတ်မယ်ဟေ့။ ဝိုက်ချ ကိုင်းထောင်၊ အမဲကောင်နောက်လိုက် ကြမယ်ဟေ့ ဆိုတာတွေချည်းပဲ။ တကယ်ပါ။ တတ်နိုင်ရင် သူတို့တွေက

www.burmeseclassic.com

www.burmeseclassic.com

ချမ်းသာမှာကို ကြောက်နေသလိုပ။ တစ်ရက်နှစ်ရက်စာလောက်များ ထမင်းဖိုး၊ ဟင်းဖိုးလေး အရက်ဆီဖိုးလေး ရလိုက်လို့ကတော့ နောက်ရက်တွေ ကြည့့် ထင်းခုတ်၊ ဝါးခုတ် သိပ်မလုပ် ချင်ကြပြန်ဘူး ငှက်ဖျားကိုပဲအကြောင်း ပြ၊ ညောင်းတာနာတာကိုပဲ ပြောချင် ပြောတတ်ပ။ အံ့ရော၊ အဲ ပြတ်ပြီ၊ လပ်ပြီနော် ဓါးမခါးထိုး ရဲဒင်းကိုထရံ ထက်ကဖြုတ်၊ ငါးမန်းလွှဲကို ပခုံးထမ်း ဝိုက်ကွန်ကျယ်ကို ရေပြင်ကြဲလိုက်ကြ ပြန်ပါကရောလား။

သည်အစားထဲမှာ ခင်ထွေးစိန်မပါ ဘူး။ ကြည့်နော် ပြောရရင် တက္ကသိုလ် ကျောင်းသူလေးနော်၊ မြို့မှာဆိုရင်တော့ ကျောကျောမော့မော့ရှုပဆော့၊ ရှုပချော ပြီးအနုအရွကလေး လုပ်နေလိုက်မယ့် အမျိုး ခင်ထွေးစိန်အလှအပ မကြိုက်ရိ မလား၊ သူလည်း မိန်းမသားပဲနော့။ ဘယ်အချိန် ကြည့်လိုက်ကြည့်လိုက် ဆံပင်ဆံကျစ်မြီးကို ထုံးခွေပြီး အုန်းဆီ ကလေးက ဝင်းပြောင်ပြောင်သပ်သပ် ရုပ်ရုပ်ရယ်ပါ။ သူပါးနှစ်ဖက်မှာတော့ ပါးကွက်ကြား သနပ်ခါးမှုန့်မှုန့်ကလေး ရှိနေတတ်စမြဲပ။

ဟော့ ဝိုးလင်းပြီဆိုတာနဲ့ တခြား ရွာတွေလိုတော့ ကန်ထဲမဆင်း။ ဒါပေ သိ ချင်းကုန်းစွေးတန်းလေးထဲမှာ ကြာ ဝံကြော်၊ ခေါက်ဆွဲကြော် အသုတ် ကလေးကို ဒန်အိုးကြီးငယ်အသွယ်သွယ် ပန်းကန်ခွက်ယောက် အစုံအလင် တောင်းကြီးနှစ်လုံးနဲ့ထည့် ချည်ကြိုး ဆိုင်းပြီးသကာလ ထမ်းပိုးမှာလျှို့ မခို တရိုသယ်ကာ ကဲ့ကာနဲ့ အသုတ်စုံ ရောင်းတော့တာကိုး။ ဒါက မနက်ခင်း တကြောမှာ အဖော်မပါ တစ်ကိုယ် တည်း ရွေးတွေစိုစိုရွှဲ။ ဒါတောင် သူ မမှုပေ။ အပြောမဟုတ်ဘူးရယ် မယုံရင် စမ်းကြည့်လိုက်ဦး။ ရေအေးစမ်းရွာက နေပြီး ချင်းကုန်းစွေးထဲအရောက်ကို တောင်းနှစ်လုံးထမ်းလျှောက်ရတဲ့ခရီးက အိမ်ကအထွက်မှာတောင် ခါပြတ်ကျော ကိုဆင်း။ ချောင်းကူမေလီတံတားကို ကျော်ဖြတ်ပြီးတာနဲ့ ချင်းကုန်းရွာအစပ် မှာ ခပ်စောက်စောက် မြင့်တက်နေတဲ့ တောင်ကမ္ဘကုန်းကိုထမ်းတက်ရသေးပ။ မနက်ခင်းအစောပိုင်းကတော့ သိပ် မပန်းလှဘူးဆိုပေသိ စွေးကွဲလို့ ဆိုင် သိမ်းချိန်ဆိုရင်တော့ နေကခတ်ဆတ် ဆတ်ကလေး ပြင်းပူနေတာကိုး။ အပြန် ခရီးမှာလည်း အလာတုန်းကလိုပဲ အတက်အဆင်း ပြန်လုပ်ရပြန်ရော။ ဒါဟာ နေ့စဉ် သူ့အလုပ်ရယ်နော်။

သူ့ အလုပ်ကလည်း သူ့တစ်စား စာပေါ့နော့။

ခင်ထွေးစိန်ရဲ့ ကျောင်းစရိတ်ဆိုတာ သူ့ အသုတ်ဆိုင်ကနဲ့ ကွက်တိလောက် ပဲဆိုပါတော့။ ဆိုင်သိမ်းပြီးလို့ အိမ်ပြန် ရောက်တော့ အဝေးသင်က အဆိုင်း မင့်တွေရေးရတာပ။ ညဘက်ဆိုတာက သိပ်မသေချာဘူးရယ်။ သည်မှာက မီးမှ မရှိတာလေ။ အဲသဟာပြီးမှပဲ အိပ်မှာ တောက်တိုမယ်ရလေးလုပ် မနက်ဖန် ရောင်းဘို့အတွက် ပြင်ဆင်တာပြင်ဆင် နဲ့ပဲ ညနေခင်းလေးနာရီကို ဘယ်နဲ့ ဘယ်နဲ့ရောက်သွားလဲ မသိတတ်တော့။ ဒါဆိုရင်တော့ ခင်ထွေးစိန်တစ်ယောက် ရေတပြန်ချိုး သနပ်ခါးလေးဘေးကြား ကွက်၊ ကွာတားဘောင်းဘီတိုကိုဝတ်ရ တော့တယ်။ မဝတ်လို့ မဖြစ်ဘူးလေ သည်နေရာမှာ နွဲ့နေလို့မရတော့ဘူး ထမီနဲ့က သိပ်အလုပ်မဖြစ်ချင်ဘူး ခင်ထွေးစိန် လုပ်ရမှာက စက်ဘီးကယ် ရီယာ။ ပြီး သူတို့ဆီမှာက ကယ်ရီယာ ဘီးမှန်သမျှ မာလကပ်တွေဖြုတ်ထားချည် ရှေ့ဂျက်နားမှာ လေးနှစ်သစ်ချောင်း နှစ် ချောင်းဆက် တွဲထားပြီးသကာလ ကယ်ရီယာကိုလည်း အင်းစိန်ထွက် သံမဏိချောင်းတွေနဲ့လုပ်ထားတဲ့ ရှည် မျောမျောကယ်ရီယာရယ်။ အရောင် အဆင်းမွဲတေတေယောကျ်ားစီး စက်ဘီး ကို ခင်ထွေးစိန် ကောက်ကနဲ ဆွဲထွက် ရပြီ။ သည်အချိန်ကျမှ သူမက ကန်း ကြီးကိုတက်တော့တာကိုး။

ခင်ထွေးစိန်ရဲ့ ညနေခင်းဂျူတီ

ကန်မကြီးမှာ နောက်ထပ် ညေ ငါးနာရီကျော်ကျော်ဆိုရင် ဝါးတွေ၊ မေ တွေ၊ မီးသွေးတွေ ဖြူတ်ကနဲ ဖြူတ်ကန လာကပ်ကြတော့ အဲသဟာတွေကို ဒူ ထဲက ဒိုင်တွေဆီ အတုးကယ်ရီလိုက် ရတော့တာကိုး။ သည်မှာက ဒါစက်ဘီ ကယ်ရီပဲ။ တစ်မျိုးပဲနော်။

စက်ဘီးကယ်ရီဆိုလို့ သာကေ မင်္ဂလာဒုံ၊ ဗေလီဘောတံတားတို့ကတ လူစီးအတုးလိုက် ကယ်ရီတော့ မဟုတ ဘူး အဲသဟာတွေက ကယ်ရီမှာ ပိ ချာပဲတင်၊ ဒါမှမဟုတ်လည်း စွေးခြ တောင်းတို့ အတိုအထွာတို့တင်ကြ စက်ဘီးကယ်ရီတွေလေ။ အခုဟာ ရွာထဲကနေ ကန်မကြီးအရောက် တစ်မိုင်ခွဲနီးပါးလောက်သွားရပြီး ပြော ဖြောင့်ဖြူးဖြူး ပြန့်ပြန့်ဖြူးနေတဲ့ ထ

www.burmeseclassic.com

www.burmeseclassic.com

ကြာမဟုတ်ဘူး။ ကုန်းတွေ၊ အတက်အဆင်းတွေရှိတဲ့ ကန်မကြီးဆီကို သွားရတာကိုး။ ရေစစ်ကန်အကျော်ကကျောက်တံတားအတက် နှစ်ကွေ့ကတစ်စောက်စောက် အတက်ကလည်း ညည်းဆို၊ တော်ရုံလူဆိုရင်တောင်မှပဲ သူဗလာချည်းကိုပဲ အမောဆို့စေတဲ့ သွေရင်ဆို့ကွေကြီးတွေပ။

ဒါတွေလောက်က ခင်ထွေးစိန်အဖို့ဟော့ရိုး။

နေ့စဉ် နေ့တိုင်းလုပ်နေရတဲ့ကိစ္စ။ အခြားမကြည့်နဲ့ ခင်ထွေးစိန်ရဲ့ ခြေသုံးကိုပဲကြည့်၊ ချင်းလူမျိုးမတွေလိုပဲ ဘာဆူးတာလိုက်လို့။ မလုပ်လို့ကတော့ ဖြစ်ဘူးရယ်။ တွက်ကြည့်ပါလား။ အနွေးဝါးတစ်လုံးကို ခုနစ်ကျပ်၊ ဝါးလပ်တင်လုံးဆို တယ်နှစ်ကျပ်၊ တူဝါးတစ်လုံးအနည်းငါးကျပ်၊ စက်ဘီးတစ်စီးကို ဝါးဆေးစည်း ဝါးတစ်စည်းကို ဝါးလတ်ဆိုနှစ်လုံး ကြသောင်းဟို့ တူဝါးတို့ဆိုသယ်လုံး ဆယ့်နှစ်လုံးစည်းကြတာကိုး။ ဆိုတော့ ဝါးတစ်ခေါက်တိုက်ရင်ပဲ အမြင်းဆုံးမရပါဘူး ပြောဦး။ လေးရာထက်မှာ။ ခင်ထွေးစိန်တို့ကတော့ ခေါက်ဖျော့ဖျော့ တိုက်ဝမြဲပဲ။ ဘယ်မလဲ။ ဘယ် ဟိုအိမ်လုံးကို တင်ကိုတို့ အပ်စုနဲ့တော့ တယ်ယှဉ်လို့ရမလဲ။ သူတို့က ယောကျ်ားသားအားတွေ မှတ်သား သူတို့လိုလည်း သစ်တွေတော့ တိုက်နိုင်ပါဘူးလေ။ လွတ်ပန်းတာဘူး သူတို့ကတော့ တိုက်ပ။ သစ်တန်းတစ်ပေဆိုရင်ပဲ တစ်ရာ့လေးဆယ်ထောင်ရတာ။ သူတို့တစ်ခေါက်ဆိုရင် ဘန်ပေ ငါးပေခြောက်ပေဆိုတာ အောက်ထစ်ရယ်၊ တခါတလေများဆိုရင် တန်ပေ ဆယ်ပေနီးပါးလောက် တိုက်နိုင်တာရယ်ဆိုတော့ တစ်ခေါက် တိုက်ရင်ပဲ ခြောက်ရာတစ်ထောင်ဆိုတော့ ပြေးမလွတ်တော့ဘူး။ နှစ်ခေါက်လောက်များတိုက်မိလို့ကတော့ တစ်နေ့တာကိုယ်တာ ငြိမ်းရောမဟုတ်လား။

ဘာပဲပြောပြော ခင်ထွေးစိန်ကတော့ အဲသလောက်ကြီး အားမစိုက်နိုင်ပါဘူးလေ။ မရချင်လည်း နေပါစေတော့ကွယ်။ သူအိုးသူဆန် တန်ယုံပ။ တစ်ခုတော့ ရှိတယ်။ ခင်ထွေးစိန်အနေနဲ့ကတော့ သစ်ကိုသာမတိုက်ရှိမယ်။ မီးသွေးတို့ မျောတို့ကတော့ လာထားပဲဆိုထဲက။ ဟုတ်တယ်လေ။ မီးသွေးဆိုတာက ဝန်ကျယ်တယ်၊ စိတ်ကျတော့လည်း သိပ်ပြီးမများဘူးရယ်၊ ဟောအခုပဲကြည့်ဦး။ လေးတင်းခွဲမီးသွေးတစ်အိတ် အချိန်ရှိလှ အစိတ်သုံးဆယ်ရယ်။ စက်ဘီးတစ်ခေါက် သုံးဖိတ်ကအသားတင်တစ်အိတ်ကို နှစ်ရာပြေးမလွတ်။ ဆိုရင် ခြောက်ရာ နှစ်ခေါက်ဆွဲဦး ကိုယ့်တွက် ထောင်ကျော်ကျန်ပြီးသား။ အဲ တစ်ခုတော့ရှိတယ်။ သည်နေရာမှာ ကိုယ်ချည်းပဲ အောက်ကိုတွန်းချလို့ရတာမျိုးတော့ မဟုတ်ဘူးရယ်။ ကိုယ့်စက်တီးက တရိတ်တယ်လောက်ကောင်းကောင်း အနောက်ကနေကယ်ရီယာခုံက ကြိုးတစ်ချောင်းဆွဲပြီး တောင်ကုန်းအဆင်းတွေကို ထိန်းပေးဖို့ လူတစ်ယောက်ကတော့ ဝုးရစမြဲပါပဲ။ ဒါကို သူတို့တစ်တွေကတော့ နောက်ဆွဲလိုက်မလားတဲ့။ ဟုတ်ပါ့။ နောက်ဆွဲတစ်ယောက်အနေနဲ့ကတော့ တစ်ခေါက် ဆင်းရင် တစ်ရာ့ငါးဆယ်။ ခများလည်း အနည်းဆုံး နှစ်ခေါက်လောက်တော့ ဆွဲကြတာပဲကို။

ပြန်ကြည့်။ ကျွမ်းကျင်ရာ လိမ္မာရာ မှတ်လား။

ဘယ်လိုပဲဖြစ်ဖြစ်ပါ ခင်ထွေးစိန် ခါးလုံမြဲပါ။

♦ ♦ ♦

ပြောခဲ့ပါ သကောလား။ ခင်ထွေးစိန်ဟာ အာဂပါလို့။ သူခါးသူဆင်၊ သူရင် သူချိသူရယ်နော့။ ပြောမယ်ဆို သူလည်း ဓိနဲ့ဖန် မောင်နမတွေနဲ့ပဲ ရေအေးစမ်းရွာမှ ဟန်တစ်လုံးပန်တစ်လုံး နေနိုင်သူလေးရယ်ပါ။

ဒါမို့ကြောင့် လူကြီးသူမပြောခဲ့ကြတာဖြစ်မယ်။ ကြည့် နော်သိန်းဆိုင်ဆိုတာ သင်းကွဲ၊ ကန်ထဲမှာပဲနေတာ၊ ဟော ခင်ထွေးစိန်ကလည်း တစ်ယောက်ကည်း သူခါးသူရှင်းပဲ မှတ်လား။

ယုံမလားတော့ မသိဘူး။

တကယ်တော့ သိန်းဆိုင်နဲ့ ခင်ထွေးစိန် မောင်နမအရင်းအချာပဲ။ သိန်းဆိုင်က အိမ်မှာအကြီးဆုံး သြဇာအညောင်းဆုံး။ ခင်ထွေးစိန်က အငယ်ဆုံး။ ကြားမှာရှိတဲ့ ညီအစ်ကိုမောင်နမတွေကလည်း သစ်ခုတ်၊ မီးသွေးဖုတ်ပဲ။ ဒါပေသိ သိန်းဆိုင်နဲ့ ခင်ထွေးစိန်က သင်းကွဲလေး

(ရွာသူ၊ ရွာသားများအားလုံး အမှတ်တရ)

ဝေအိကို

www.burmeseclassic.com

www.burmeseclassic.com

ကိုဝိုက်

www.burmeseclassic.com

www.burmeseclassic.com

မှားယွင်းသားသတ်မိခြင်းကြောင့်

■ ကိုပိုက်

မိကျောင်းချောင်းဖျားတွင် ကျွန်ုပ်ဟို့ရောက်နေသည်မှာ သုံးရက်ရှိပြီး သည်သုံးရက်တွင် အမဲကြီးဆိုလို့ ဆယ်ဖိုကြီးတစ်ကောင်သာ ပစ်ခတ်ရသေး၏။

အနည်းလေးနှင့် အများဆုံး သားကောင်ကြီး သုံးကောင်လောက် ပစ်ခတ်ရမည်ဟု မှန်းထားသော်လည်း သည်သုံးရက်အတွက် သားကောင်တစ်ကောင်သာလျှင် ရလေခြင်းကြောင့် ကျောက်ခုတင်ဘက် ကူးရန်စဉ်းစားလိုက်၏။

"ကိုလင်းဇေ၊ ကျောက်ခုတင်ဘက် ပြောင်းကြလျှင် ကောင်းမယ်ထင်ရဲ့"

သို့ကျွန်တော်က ပြောလိုက်သည်တွင် –

"ကျောက်ခုတင်ဆိုတော့ အထက်ကို တက်ရဦးမှာပေါ့။ သည်နဲ့ ကျောက်ခုတင်ကို တစ်နေကုန်သွားရလိမ့်ဦးမယ်"

လို့ ကျွန်တော်တို့ လမ်းပြအဖြစ်ခေါ်လာသော သံဒင်းရွာသား စောအောဘီက ပြောလေသဖြင့် –

"ဘာလဲ ... စောအောဘီ၊ မင်း ဆက်မလိုက်ချင်တော့ဘူးလား" လို့ ကျွန်တော်က မေးလိုက်၏။

"ဟုတ်တယ် ဆရာလေး၊ ကျွန်တော် နှစ်သစ်ကူးအဓိ ရွာပြန်ချင်တယ်" သို့ပြောလာသဖြင့် လင်းချိုလိုင်သည်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်ကို လှမ်းကြည့်ပြုံးပြလေပြီး

"သည်ကနေ့ ၂၈ ရက်ဆိုတော့ နှစ်ကူးဈေ သုံးရက်ပဲရှိတော့တာပေါ့။ အင်း လေ ... ကျွန်တော်တို့ကျောက်ခုတင်ကားကြီးမယ်ဆိုလျှင် စောအောဘီနှစ်ကူးဖို့ သံဒင်းပြန် ဘယ်မီပါတော့မလဲ။ သည်တော့ ဒီလိုလုပ်ဗျာ။ သည်စခန်းမှာပဲ ဆက်နေကြမယ်။ သန်ဘက်ခါ ညနေလောက်ပြန်လျှင် စောအောဘီရွာကို ၃၁ ရက် နေ့လယ်လောက်ဆို ရောက်သွားမှာပေါ့ ဟုတ်လား ..."

"ကောင်းတယ် ကိုလင်း။ စောအောဘီ ဘယ်လိုလဲ၊ မင်းကော သဘောကျရဲ့လား"

"၃၁ ရက် မနက်စောစောသွားလျှင်လည်း ညနေခင်းလောက် ရောက်သွားမှာပါ"

သို့ဖြင့် ကျွန်တော်တို့သည် နံနက်စာ စားသောက်ကြပြီးနောက် အမဲကြီးရွာပစ်ရန် စခန်းမှထွက်ခဲ့ကြပြန်၏။

တကယ်တော့ ကျွန်ကော်နှင့် လင်းမြင့်လှိုင်သည်လည်း သည်တစ်ကြိမ် ပဲခူးရိုးမတောပစ်အပြန် မြို့ပြမှ မိတ်ဆွေများအတွက် တောကောင်သားများ လက်ဆောင်ပေါ်ပေါလောလောပေးလိုသောဆန္ဒကြောင့် သားကောင်များများပစ်ခတ်လိုခြင်းဖြစ်တော့သည်။

ကျွန်တော်တို့အနေဖြင့် နှစ်ကူးရက်တွင် မြို့ပြသို့ ပြန်ရောက်နိုင်ကြလိမ့်မည်မဟုတ်ဆိုသည်ကို သိထားသည့် အတူတူ မြို့ပြမိတ်ဆွေများအတွက် လက်ဆောင်တော့ဖြင့် အတူယူသွားလိုသည့် ကြောင့် ဖြစ်ပေမင့် ကျွန်တော်တို့၏ လှမ်းပြလေး စောအောဘီအတွက်တော့ဖြင့် ထည့်မတွက်၍ မရချေပြီ၊ မစဉ်းစားပေး၍တော့ မဖြစ်ချေပြီ။

သူရွာအပြန် မျက်နှာပန်းလှရေးအတွက်လည်း ကျွန်တော်တို့လုပ်ပေးရဦးမယ်။ ရထားသော ဆတ်ဗိုတစ်ကောင်ဖြင့်တော့ အရောရောက်လိမ့်မည်မဟုတ်။ ယခုဘောင်မှ မြည်းရင်းစားရင်း ကုန်လှချေပြီ။

"မင်းအတွက်လည်း ပေးလိုက်ချင်လို့ကွ" ဆိုလိုက်သည်ကြောင့် စောအောဘီတစ်ယောက် ကျေနပ်သွားချေ၏။

သို့ဖြင့် ကျွန်တော်တို့သည် တောတိုးလျှောက်ခဲ့ကြရင်း ကြခတ်ဝါးရုံတောတစ်ခုသို့ ရောက်လာသည်တွင် ဝါးရုံတောအရိပ်အောက်တွင် လဲလျောင်းနေသည့် တောဝက်တစ်ကောင်ကိုတွေ့လိုက်သည်ကြောင့် ခြေလှမ်းတို့ကို ရပ်လိုက်ကြလေပြီး ထိုတောဝက်ကောင် အခြေအနေကို လေ့လာလိုက်ကြ၏။

တော်ပါသေးရဲ့၊ တောဝက်ကောင်က ကျွန်တော်တို့ကို မြင်မိပုံမပေါ်သလို ကျွန်တော်တို့ခြေသံကိုလည်း ကြားမိပုံမပေါ်ချေ။ သို့ကြောင့် မမြင်ကွယ်ရာနောက်တွင် ငြိမ်သက်စွာပုန်းခိုလိုက်ကြ၏။

"ချောက်"

လင်းမြင့်လှိုင်က သူ့သေနတ်ကို မောင်းတင်လိုက်၏။ သို့ကြောင့် ကျွန်တော် လင်းမြင့်လှိုင်ကိုသာ မမှိတ်မသုန်ကြည့်နေလိုက်၏။

"ဒိန်း ..."

"ကွိုး ..."

ပစ်မှတ်လွဲချော်သွားပုံရ၏။ တောဝက်ကောင် လဲလျောင်းနေရာမှ လူးလဲထကာ ကမန်းကတန်း ပြေးထွက်သွားတော့၏။

"တောက် ..."

လင်းမြင့်လှိုင် မကျေနပ်ဖြစ်သွား၏။

ကျွန်တော်တို့သည် ရှေ့ဆက်လျှောက်ခဲ့ပြန်ကြပြန်၏။

"ဟင် ..."

တောဝက်ကောင်ကို ကျည်ထိမှန်သွားပုံတော့ရ၏။ သူလဲလျောင်းနေသည့် နေရာတွင် သွေးကွက်တွေ့လိုက်ရ၏။

လင်းမြင့်လှိုင်သည် အားတက်သရောပြန်ဖြစ်လာကာ တောဝက်ကောင်ပြေးသွားရာလမ်းကြောင်းကို လိုက်ကြည့်လေ၏။

"သည်ကောင် သွေးရွှဲသွေးတန်းထပြေးသွားတာဗျ။ ကျွန်တော်ပစ်မှန်မလွဲပါဘူး။ လာဗျာ ... သည်ကောင် ဝေးဝေးပြေးနိုင်မှာမဟုတ်ဘူး"

သို့ဆိုလာလေသောကြောင့် ကျွန်တော်သည်လည်း လင်းမြင့်လှိုင်နောက် မည်သို့မျှမပြော၊ လိုက်သွားတော့၏။

"သည်တစ်ကောင်လောက် လိုက်လျှင် နက်ဖြန်လောက် ပြန်ရတယ်"

သို့ပြောရင်း လင်းမြင့်လှိုင်သည် သွေးစက်ခြေရာကောက်၍ တော ကောင်နောက် လိုက်သွားချေတော့၏။

လင်းမြင့်လှိုင်ပြောသလိုပင် ကျွတော်တို့ တောဝက်ကောင်နောက် ဝေးလံလံပလိုက်ရချေ။

ချောင်းရိုးလေးတစ်ခုနံဘေးတောဝက်ကောင်ကို တွေ့လိုက်ကြတော်၏။ ထိုတောဝက်ကောင် သေနေဖြစ်၏။ သို့ကြောင့် အားရဝမ်းသာ ဝက်သေဘကောင်နား သွားလိုက်ကြတော်၏။

"ဟင် ..."

"ဟာ ..."

"ဟာ ..."

တောဝက်ကောင်သည် အမြဖြစ်နေသည့်ပြင် ဒီးနှင့် ဖြစ်ချေတော့သို့ကြောင့် လင်းမြင့်လှိုင် မျက်မျက်နှာပျက်သွားတော့၏။

"ဘယ်တတ်နိုင်ပါ့မလဲ ကိုလရယ် ..."

သို့ ကျွန်တော်က နှစ်သိမ့်စကား

www.burmeseclassic.com

www.burmeseclassic.com

ပြောလိုက်တယ်။

"အေးဗျာ ... သားကောင်ရလို့ အားနဲ့ မရူးစမ်းမဆင်ခြင် ပစ်လိုက်မိတာများ ကြည့်စမ်း၊ ခွေးတော့မယ်အကောင်ကြီးဗျ"

"အဆိုးထဲက အကောင်းပဲပျာ။ ဒုတော်လူးပွဲတော်အတွက် ဝက်မြေမနင်းသားရချေပြီပေါ့ဗျ"

သို့စောအေဘီက ပြောလာသည့်အတွက် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် သွက်လှမ်းကြည့်လိုက်ကြတော့တယ်။

စောအေဘီဝင်ယောက် ဘာမျှ သိနားပုံမပေါ်။ ကျွန်တော်တို့အနေဖြင့် ဘက်မကြီး၏ ဝမ်းဗိုက်တွင်းမှ ဝက်ကောင်လေးများကို စားဖို့မပြောလေနှင့်၊ ဝက်မကြီးကိုပင် မြေမြှုပ်ပစ်ရန် ဆန္ဒရှိနေကြသော သို့ပေမင့် စောအေဘီအတွက် စဉ်းစားပေးရမည်ဖြစ်သည်ကြောင့် –

"ဖြစ်ပြီးမှတော့ ဘယ်တတ်နိုင်ပါ့တော့၊ သိသိကြီးနဲ့ မစ်လိုက်တာမှ မဟုတ်အာချည်း"

သို့နှယ် ကျွန်တော်က လင်းမြင့်ဘိုင်ကိုပြောပြီး စောအေဘီကို စေ့စေ့ကြည့်၊ ယဲ့ယဲ့ပြုံးလိုက်လေကာ –

"အဆင်သင့်တယ် ပြောရတော့ပေါ့။ ကဲ ... ကဲ ... ငါတို့နှစ်ယောက် ဆောဟိုက သစ်ပင်ရိပ်အောက်မှာ သွားနားချိုးမယ်။ မင်းလည်း အသားဖျက်၊ လိုချင်သလောက်၊ သယ်နိုင်သလောက် သယ်ပြီး သည့်ကနေပြီး ရွာတန်းပြန်ကြတာပေါ့"

သို့ ကျွန်တော်ပြောလိုက်ခြင်းသည် လင်းမြင့်လှိုင်သဘောကို သိထားခဲ့ဖြစ်၏။

ဇီးနှင့် ဝက်မကြီးကို ပစ်မိသည့် လင်းမြင့်လှိုင်သည်လည်း ခရီးဆက်လိုသည့် ဆန္ဒရှိတော့မည်မဟုတ်ချေ။

"ကိုလင်း သဘောပြောပါဦး"

သို့ဆိုသလိုတော့ဖြင့် ကျွန်တော်က မေးလိုက်၏။

"အဲဒါပဲကောင်းပါတယ်။ လာဗျာ ..."

သို့ဝိုလျက် လင်းမြင့်လှိုင်သည် သစ်ပင်ရိပ်ရှိရာသို့ သွားလိုက်ကာ ခြေစမ်းလက်ပစ်ထိုင်ချလိုက်ရင်း သူ့ဘောင်းဘီအိတ်ကပ်အတွင်းမှ ဝီစကီပုလင်းပြားလေးကို ထုတ်လိုက်တော့တယ်။

သို့ကြောင့် အမြည်းအလို့ငှာ ကျွန်တော်သည် စောအေဘီ၏ လွယ်ပလိုင်းအတွင်းမှ ဆတ်သားမီးကျုပ်တိုက်ကို ထုတ်လိုက်၏။

သည်နောက် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ဝီစကီသောက်ရင်း အတွေးကိုယ်စီဖြင့် ရှိနေကြစဉ် –

"ခွားစော ... ငါတို့လည်း ပေးစားချေကွာ ..."

သို့အသံကြားလိုက်သည်ကြောင့် တောဝက်ကောင် အသားဖျက်နေသော စောအေဘီရှိရာသို့ လှမ်းကြည့်လိုက်၏။

သစ်ခုတ်သမားနှစ်ယောက် ဖြစ်ပုံရ၏။ သူတို့လက်ထဲတွင် ပုဆိန်ကိုယ်စီ ရှိကြချေ၏။ ပလိုင်းတစ်လုံးစီလည်း စလွယ်သိုင်း လွယ်ပိုးထားကြ၏။ ပလိုင်းနှင့် ပုဆိန်သည် တူညီဝတ်စုံဖြစ်ကြ၏။

စောအေဘီက သူ့နားသို့ ထိုသူနှစ်ယောက် ရောက်လာသည်တွင် ကျွန်တော်တို့ထံသို့ လှမ်းကြည့်လာတော့၏။ ထိုနှစ်ယောက်၏ တောင်းဆိုချက်ကို ကျွန်တော်တို့အား အဆုံးအဖြတ်ပေးစေလိုခြင်းဖြစ်၏။

"မင်းတစ်ယောက်တည်းလည်း သည်တစ်ကောင်လုံး ရွာပြန်သယ်နိုင်တာမှ မဟုတ်ဘဲ။ သူတို့ကိုလည်း လိုသလောက်ပေးလိုက်ကွာ"

"တာပလူးအားကြီးလော့"

ကျွန်တော်က ပြောလိုက်သည်တွင် သူတို့နှစ်ယောက်က သို့နှယ် ကျေးဇူးတင်စကား ပြောလာကြတော့တယ်။

သည်နောက် သစ်ခုတ်သမားနှစ်ယောက်သည် စောအေဘီ အသားဖျက်နေသည်ကို ဝိုင်းကူကြ၏။

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည်လည်း အရက်ဆက်သောက်ရင်း စောအေဘီအသားဖျက်အပြီးကို စောင့်စားနေလိုက်ကြတော့တယ်။ ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ဝီစကီတစ်ပြားကုန်သည်တွင် သစ်ပင်ကိုကျောမှီကာ နားနေမှိန်းလိုက်ကြတော့တယ်။ ထိုသည်ကြားမှာ အိပ်ပျော်သွားတော့တယ်။

မည်မျှကြာကြာ အိပ်ပျော်သွားသည်မသိ။ လင်းမြင့်လှိုင်လှုပ်နှိုးမှ နိုးလာရတော့တယ်။

"စောအေဘီ ပြီးပလား"

နံဘေးတွင် စောအေဘီကို တွေ့လိုက်သည်ကြောင့် မေးလိုက်၏။

"ဟိုလူနှစ်ယောက်က ရွာပြန်ကြမှာပဲတဲ့။ သူတို့ရွာနားထိ ဝိုင်းကူ သယ်ပေးမယ်တဲ့"

သို့စောအေဘီက ဝမ်းသာအားရ ပြောလေ၏။

"ကောင်းတာပေါ့ကွာ။ ကဲ ... သွားကြမယ်"

လင်းမြင့်လှိုင်က သို့ပြောလေသဖြင့် ကျွန်တော်သည် ကပျာကသီ ထလိုက်တော့တယ်။ သည်သို့ဖြင့် ကျွန်တော်တို့သည် ထိုနေရာလေးမှ ထွက်ခဲ့ကြတော့တယ်။

စောအေဘီနှင့် သစ်ခုတ်သမားနှစ်ယောက်သည် ရှေ့မှသွားကြလေ၏။ အသားတွဲများထည့်ထားသော ဇါးခြင်းကိုယ်စီထမ်းလျက်ဖြစ်၏။

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် သူတို့နောက် ခပ်လှမ်းလှမ်းမှ လိုက်ခဲ့ကြခြင်းဖြစ်၏။

"ဝက်မကြီးခိုက်ထဲက တက်ပေါက်ဘယ်နှကောင်ရလဲ မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်က လင်းမြင့်လှိုင်ကို **ဓမးလိုက်တ၏**။

"သုံးကောင်လို့ ပြောတာပဲ"

သို့ ကျွန်တော်ပြောလိုက်ခြင်း အတွက် လင်းမြင့်လှိုင်ကို အားနာသွား မိသည်။ **ဝိုးနှင့်ဝက်မကြိုးကို ပစ်လိုက်မိ** သည့်အမှားကို ကျွန်တော်က သတိပေး လိုက်သလိုဖြစ်သွား၏။ သို့ကြောင့် ကျွန် တော်သည် ဆက်မပြော၊ မမေးလေတော့ ဘဲ နှုတ်ဆိတ်ကာ လျှောက်လာခဲ့တော့ တ၏။

စောအေဘီတစ်ယောက် ခြေသွက် နေ၏။ တက်ကြွနေ၏။ နှစ်သစ်ကူး အတွက် သူတွင် အသားဟင်းလျာများ ဖောဖောသီသီ ရလိုက်လေချေပြီ မဟုတ် ပါကလား။

လင်းမြင့်လှိုင်အတွက် စိတ်မ **ကောင်းဖြစ်ရသလို၊ စောအေဘီအတွက် ဝိတိဖြစ်မိသေးတော့တ၏။ သူခမျာ လွန်** မင်းစွာ ဆင်းရဲရှာ၏။ မိခင်အိုကြီးကို ကျေပန်းအလုပ်ဖြင့် လုပ်ကိုင်ကျွေးနေသူ ဖြစ်၏။ နှစ်သစ်ကူးလေတိုင်း ငည့်သည် တွေကို သူမကျွေးမွေးနိုင်ခဲ့။ မြေးအဘွား နှစ်ယောက်အတွက် စားစရာပင်အနိုင်နိုင် မဟုတ်ပါကလား။ သို့ကြောင့် –

"မင်း ငါတို့နဲ့လိုက်ခဲ့ချေ။ သည် **နှစ်ကူးမယ် မင်းမိတ်ဆွေသူငယ်ချင်းတွေ** ကို အလှူးပယ်ကျွေးဖို့ ငါတို့အပဲတွေ ပေး မယ်"

သို့ ကျွန်တော်ကပြော၍ လမ်းပြ **အဖြစ်ခေါ်ခဲ့သည့် မဟုတ်ပါကလား။**

သို့လျှောက်ခဲ့ရာမှ လမ်းမြောင် လေးတစ်ခုထိပ်သို့ အရောက်တွင် ရှေ့မှ သွားနေသော စောအေဘီနှင့် သစ်ခုတ် သမားနှစ်ယောက်သည် ကျွန်တော်တို့ကို ရပ်စောင့်နေကြတော့တ၏။

ကျွန်တော်တို့ အနားရောက်သွား သည်တွင် –

"သည်လမ်းမြောင်လေးက သွား **လျှင် ငါတို့ရွာရောက်မယ်**"

သို့ဆိုလျက် လမ်းခွဲသွားကြတော့ တ၏။ သူတို့ထမ်းလာခဲ့သော ခြင်းလုံးနှစ်လုံး မှ တစ်လုံးကို သူတို့ယူသွားကြပြီး တစ် လုံးကို စောအေဘီအား ပြန်ကမ်းပေး လိုက်တ၏။

စောအေဘီ၏ ခြင်းတစ်လုံးကို သူ တို့ ဝိုင်းကူထမ်းပိုးခဲ့ကြခြင်းဖြစ်၏။ စော အေဘီသည် ထိုခြင်းကို သူထမ်းပိုးလာ သည့်ခြင်းပေါ်ထပ်၍ နှစ်လုံးဆင့် ဆက် ထမ်းလေမည်ပြုသည်ကြောင့် –

"ငါတို့နှစ်ယောက် သည်ခြင်း ကူ သယ်လာပေးပါ့မယ်ကွ"

သို့ဆိုလျက်ကျွန်တော်နှင့် လင်း မြင့်လှိုင်သည် ထိုခြင်းကို တုတ်လျှို၍ ရှေ့ နောက်ထမ်းလိုက်ကြတော့တ၏။

သို့ဖြင့် သစ်ခုတ်သမားနှစ်ယောက် သည် **လမ်းမြောင်လေးအတိုင်း** ထွက် သွားကြလေပြီး ကျွန်တော်တို့သည် ဆင် လမ်းအတိုင်း ဆက်လျှောက်ခဲ့ကြပြန်တ၏။

အနည်းငယ်မျှ ခရီးပေါက်သည် တွင် စောအေဘီသည် တောက်လျှောက် ခြင်းကို ထမ်းပိုးလာရသည်ကြောင့် နား လိုသည်ဖြစ်၍ နားလိုက်ကြပြန်တ၏။

သို့နားနေစဉ် စောအေဘီက ကျွန် တော်တို့ထမ်းလာသော ခြင်းကို သေချာ **ကြည့်လိုက်လေပြီး –**

"ဟာ ... ခြင်းမှားယူသွားပြီ" ဆို လျက် မျက်စိမျက်နှာပျက်နေကြောင့်

"ဘာဖြစ်လဲကွာ။ ခြင်းတစ်လုံးစီပဲ မှားမှာပေါ့"

သို့ကျွန်တော်က ပြောလိုက်သည်။

"ဟုတ်ဘူး ဆရာလေးရဲ့။ မှားယူ သွားတဲ့ခြင်းထဲမယ် ဝက်မြေမနင်းသား ကောင်လေးတွေပါသွားလို့"

"နဦး .. ဆရာလေး။ ကျွန် တော် လိုက်သွားချေဦးမယ်"

သို့ဆိုလျက် စောအေဘီသည် ကျွန်တော်တို့အပါးမှ ထွက်သွားမည် သည်ကြောင့် –

"မင်းတစ်ယောက်တည်း မသွား ငါတို့လည်း လိုက်ခဲ့မယ်" ဆိုလျက် ကျွ တော်နှင့် လင်းမြင့်လှိုင်သည် အသ ကွဲခြင်းတို့ကို သစ်ပင်အောက် အော ခြေတွင်ထားလိုက်ကြပြီး သစ်ရွက် ခက်တို့ဖြင့် ဖုံးအုပ်လိုက်လေပြီး စော ဘီနှင့်အတူ နောက်ကြောင်းသို့ ပြန် လိုက်ကြတော့တ၏။

သို့ဖြင့် ကျွန်တော်တို့သည် သ ခုတ်သမားနှစ်ယောက်နှင့် လမ်းခွဲခဲ့ သော လမ်းမြောင်လေးသို့ ရောက်လာ သည်တွင် "ဝူး"လို့ အချက်ပေးအသံ လိုက်တ၏။ သစ်ခုတ်သမားနှစ်ယော ကြားလိုကြားငြားဖြစ်တ၏။

သို့အသံပြုရခြင်းက ကျွန်တော် သည် လမ်းမြောင်လေးအတွင်း ဝင် လိုက်ကြတ၏။

လမ်းမြောင်လေး တစ်ဖက် ချက်တွင် ချုံပုတ်၊ နွယ်ပင်တို့ ပွ ထွေးထွေးရှိလှသဖြင့်၏။

ထိုချုံနွယ်ပင်တို့ကို တောတိုး ရာ လူသားနှစ်ယောက် မပြောလေ တောကြက်တစ်ကောင်၊ ယုန်တစ်ကောင် လိပ်တစ်ကောင်ပင် ထိုးဖောက်တော သွားဖို့ရာ လွယ်မည်မထင်ချေ။ သစ် သမားနှစ်ယောက်သည် လမ်းမြောင် အတိုင်း သွားကြလေခြင်းမှလွဲ၍ အ သွားစရာလမ်းမရှိပေ။ သို့ကြောင့် တော်တို့သည်လည်း ထိုလမ်းမြောင် အတိုင်း လိုက်သွားကြတော့တ၏။

သို့ပြင် ကျွန်တော်တို့သည် မြောင်လေးသွားလမ်းနံဘေးတွင် ဝါ တဲတစ်လုံးကို တွေ့လိုက်ကြတော့ ဝါးခုတ်တဲပေါ်တွင် အသက် ဖြင့် ၆၀ ကျော်ခန့်ရှိမည့် ထွားထွား

www.burmeseclassic.com

www.burmeseclassic.com

ကျိုင်း လူတစ်ယောက်ထိုင်နေ၏။

ကျွန်တော်တို့ ထိုပါးခုတ်တဲရှေ့ ရောက်သည်တွင် –

"ဘယ်သွားကြမလဲကွဲ့"လို့ လှမ်းမေးလေသည်ကြောင့် –

"သည်ကနေသွားလျှင် ရွာကို ရောက်ဖို့ ဘယ်လောက်ဝေးတုံး"လို့ ကျွန်တော်က ပြောလိုက်သည်။

သို့ ကျွန်တော့်စကားကြောင့် ထိုလူကြီးသည် တအံ့တသြဖြစ်သွားကာ –

"မောင်ရင်တို့ လမ်းမှားလာကြပြီဆင်တယ်။ သည်လမ်းက ရွှေလေးနားမယ်ဆုံးပြီလေ။ ချောက်ကမ်းပါးကြီးပဲ ရှိတော့တယ်။ သည်နား မိုင် ၁၀၀ ပတ်ဝန်းကျင်လောက်မှာ ဘာရွာမှ မရှိပါဘူး"

ထိုလူကြီး၏ စကားကြောင့် ကျွန်တော်တို့လွန်မင်းစွာ အံ့သြသွားရတော့၏။

မဖြစ်နိုင်တာချည်း။ သစ်ခုတ်သမားနှစ်ယောက်ကလည်း လမ်းမြောင်လေးအတိုင်း ဝင်လာကြသည်ပဲ။ သို့ကြောင့် ကျွန်တော်သည် ထိုလူကြီးအား သစ်ခုတ်သမားနှစ်ယောက်နှင့် ဆုံကြပုံ၊ သူတို့နှစ်ခြင်းမှားယူသွား၍ လိုက်လာခဲ့ကြကြောင်း ပြောလိုက်သည်တွင် –

"အင်း ... မောင်ရင်တို့နဲ့ တွေ့ခဲ့တာ မောင်ဖြူ၊ မောင်နီ အမြွှာညီအစ်ကိုပဲ ဖြစ်လိမ့်မယ်"လို့ပြောလာသဖြင့် –

"နီဖြင့် သူတို့ကို ဘယ်မှာတွေ့နိုင်မတုံး။ လမ်းညွှန်ပါဦး"လို့ စောအေဘီက အားရပမ်းသာဖြင့်မေးလိုက်လေ၏။

"သူတို့နှစ်ယောက်နဲ့ တွေ့ချင်လျှင်ဖြင့် ရှေ့ဆက်လျှောက်သွား၊ သိပ်မလျှောက်ရဘူး။ ချောက်ကြီးတွေ့လိမ့်မယ်။ အဲဒီချောက်ထဲမှာ ရှိနိုင်တယ်"

"ဗျာ ..."

ထိုလူကြီး ကျွန်တော်တို့ကို ရွဲ့ပြောလေသည်လား။

"ဘာလဲ ... နောင်ကြီး။ သူတို့က အဲဒီချောက်ကြီးအောက်မှာ နေကြလို့လား"

သို့ကျွန်တော်က မေးလိုက်သည်။

"ချောက်ကြီးထဲမှာ နေလား၊ မနေလားတော့မသိဘူး။ လွန်ခဲ့တဲ့တစ်လလောက်က မောင်ဖြူနဲ့ မောင်နီ အမြွှာနှစ်ယောက် ချောက်ကမ်းပါးရှိတဲ့ ကျွန်းပင်ကြီးကိုခုတ်ရင်း ကမ်းပြိုကျလို့ သူတို့ပါသွားကြတယ်"

"ဟင် ..."

"ဟာ ..."

"သည်လူကြီးပြောတာ ဟုတ်ကော ဟုတ်ပါ့လေမလား"

"ငါပြောတာမယုံလျှင် အဲဒီချောက်ကမ်းပါးသွားကြည့်ကြကွာ။ ငါတော့ အမဲသွားရှာချေဦးမယ်"ဆိုလျက် ထိုလူကြီးသည် သူ့အနောက်ဘက်တောင်ကြောပေါ်သို့ ထွက်သွားလေတော့၏။

ကျွန်တော်တို့သည်လည်း ဘာရယ်မဟုတ် လမ်းမြောင်လေးအတိုင်း ဆက်လျှောက်ခဲ့ကြ၏။

သိပ်မလျှောက်လိုက်ရခေ့။ ထိုလူကြီးပြောသော ချောက်ကြီးနှင့် တန်းတိုးကြလေတော့၏။

ကျွန်တော်တို့သည် ထိုချောက်ကမ်းပါးသို့သွားကာ အောက်သို့ ငုံ့ကြည့်လိုက်ကြတော့၏။

"ဟင် ..."

"ဟာ ..."

ချောက်သည် အတော်နက်လေ၏။ ထိုလူကြီးပြောသလို ကမ်းပါးပြိုကျလေခြင်းကြောင့် လွန်စွာမျှ ကြီးမားသော သစ်ပင်ခြောက်ကြီးတစ်ပင်ကိုလည်း တွေ့လိုက်ရသည့်အပြင် သစ်ခုတ်သမားနှစ်ယောက်ထမ်းပိုးသွားသော ခြင်းတောင်းကြီးနှင့် အသားတွဲတို့ တစ်စစီပြန့်ကျဲနေသည်နှင့်အတူ ဝက်ကောင်ပေါက်လေးနှစ်ကောင်ကိုလည်း ရေးရေးတွေ့လိုက်ရတော့၏။

သို့ဆိုလျှင်ဖြင့် ...

သို့အတွေးကြောင့် ကြက်သီးပြန်းခနဲထသွားရတော့၏။

"ပြန်ကြမယ်ဗျာ"

သို့လင်းမြင့်လို့ငင်ကပြောရင်း ထို ချောက်ကမ်းပါးထိပ်မှ လှမ်းထွက်သွားတော့၏။

အပြန်လမ်းမြောင်လေး နံဘေးတွင် ရှိ တစ်ခုတည်းသော တဲကိုလည်း မတွေ့ရပါတော့သဖြင့် ထိုနေရာလေးမှ မမြေးရဲတစ်မည် ခပ်သုတ်သုတ်လျှောက်ခဲ့ကြတော့၏။

လမ်းမြောင်လေးထိပ်သို့ရောက်၍ ဆင်လမ်းအတိုင်း လျှောက်ခဲ့ကြရလေတော့မှ စိတ်သက်သာရခဲ့ကြတော့၏။

အသားတွဲများထည့်ထားသည့် ခြင်းများဖွက်ထားရာ သစ်ပင်သို့ရောက်သည်တွင် အံ့သြဖွယ်ရာမြင်ကွင်းကို မြင်လိုက်ကြရပြန်၏။

"အလိုလေးဗျာ ..."

"ဟာ ..."

"ဟင် ..."

အသားတွဲခြင်းများ မရှိလေတော့။

ဘယ်သူယူသွားသည်မသိ။ ဘယ်တိရစ္ဆာန်ကောင် လုပ်သွားသည်မသိ။ မည်သို့ပင်ဖြစ်စေ၊ ကျွန်တော်တို့သည် ထိုနေရာတွင် မနေသင့်တော့ပြီကို သိလိုက်သည်ကြောင့် စောအေဘီ၏ သံခင်းရွာရှိရာသို့ ခပ်သုတ်သုတ်လျှောက်ခဲ့ကြတော့သည်။

ကိုပိုက်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

တေတိုမာယာ

ကြေးမောင်ဂျ

ဝါးစွပ်ကွင်းကျေးရွာ။

ထိုရွာကလေးသည် ပဲခူးတိုင်း (အနောက်ပိုင်း) နတ်တလင်းနယ်၏ အရှေ့မြောက်ယွန်းပွန်း မိုင် ၃၀ အကွာ တောင်ခြေရွာကလေးတစ်ရွာဖြစ်သည်။ အိမ်ခြေ ၃၀ ခန့်ပင် မပြည့်သော ရွာကလေးတစ်ရွာပင်ဖြစ်ပေသည်။

ရိုးမကြီးအောင်းပိုင်း ဖြစ်သလို ပဲခူးရိုးမကောင်တန်းကြီးက တောင်နှင့်မြောက် အတိုင်းတန်းနေသည်မို့ မြောက်ဘက်ပိုင်းတွင်ရှိသော တောင်ပေါ်ရွာကလေးပင်။ ထိုတောင်တန်းကြီး အောက်တွင်ရှိ ဝန်းကျင်နေရာများတွင် သစ်ကြီးဝါးကြီးတို့နှင့်အတူ ချုံနွယ်တောကြီးတို့ သိပ်သည်းထူထပ်ပြီး "သရက်ချောင်း၊ ငါးမြွေချောင်း၊ မြိုချောင်း" ဟူသော ချောင်းများလဲရှိပြီး စိမ့်ကြီး မြိုင်ကြီး ဂနိုင်ကြီးတို့အပြင် တောကြီး တောင်ကြီး တို့ကလည်း ဝန်းရံလျက်ရှိသည်။

ရွာသူရွာသားတို့မှာ ကရင်လူမျိုးများဖြစ်ပြီး သစ်ခုတ်၊ ဝါးခုတ်၊ မီးသွေးဖုတ်လုပ်ငန်းများ လုပ်ကိုင်ကာ အချို့က အမဲလိုက်လုပ်ငန်း လုပ်ကြရင်း အေးချမ်းစွာ ရှာဖွေစားသောက်ကြသူများ ဖြစ်ပေသည်။

ထိုရွာဝန်းကျင်တွင် တောင်ကုန်းများအကြား မြောင်များလည်းရှိ ကျောက်ဖျာများလည်းရှိသည်၊ ကျောက်တစ်လုံးခိုင်၊ ထိုးကျကြီးအိုင်နှင့် ထိုးကျလေးအိုင်တို့လည်းရှိပြီး ထိုအိုင်များအတွင်း "ကျောက်ငါး၊ လူးငါး၊ ကျောက်ပုစွန်၊ ငါးခုံးမ၊ ငါးသလဲထိုး၊ ငါးမြွေထိုး၊ ငါးရဲ၊ ငါးဘတ်နှင့် ငါးအိုက်ငါး" တို့ အလွန်ပေါသည်။ ရိုးမကြီးအတွင်းရှိ တောင်ပေါ်ရွာကလေးဖြစ်သည့်အတွက် သားကောင်များလည်း ထိုရွာဝန်းကျင်တွင် လွန်စွာပေါများပေသည်။

တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော်တို့ အမဲပစ်ထွက်ခဲ့သည့် ခရီးက ထိုရွာကလေးရှိရာဆီသို့ပင်။ ကျွန်တော်တို့ သုံးဦးသား ရွာခံမုဆိုး "ငပိုက်" အိမ်ရောက်ကာရှိသေး။ သံပုံးတီးသံ၊ ဝါးတွေကိုခေါက်သံနှင့် တပ်လှန့်ကာ သတိပေးရင်း မောင်းထုတ်နေသည့် အသံများအပြင်၊ အော်သံ ဟစ်သံ၊ ကလေးတွေငိုသံ၊ ကွဲ့ နွားတို့ကို ခြံအတွင်း အရေးပေါ်အော်ဟစ် မောင်းသွင်းသံတို့ကိုကြားလိုက်ကြရသည်မို့ ကျောပိုးအိတ်များကို တဲပေါ်လှမ်းတင်လိုက်ရင်း သေနတ်များကိုမောင်းတင်လိုက်ကြပြီး ရွာများဘက် လှမ်းစုဝေး ကြောက်လန့်အော်ဟစ်နေ

www.burmeseclassic.com

www.burmeseclassic.com

ကြသည့် နေရာဆီသို့ ပြေးလွှားသွားလိုက်ကာ -

"ဘာကောင်ဝင်လို့တုန်းဗျ၊ ဘာကောင်တုန်း"

အဘကောင်း မေးလိုက်သံကြောင့် တောလုန့်ထုတ်နေသည့် ရွာသားအချို့က လှည့်ကြည့်လိုက်သည့်အချိန် ထိုအထဲတွင် ကျွန်တော်တို့ စခန်းချမည့်တဲမှ "မောင်ပိုက်"လည်း ပါသည်ဖို့ အားရဝမ်းသာနှင့် ပြေးလာရင်း -

"ဟာ···အဘကောင်။ အစ်ကိုကြီးနဲ့ ဘိုလေးတို့ပါလား။ အတော်ပဲဝမ်းသာလိုက်တာဗျာ၊ ကျွန်တော်တို့ တစ်ရွာလုံး လွန်ခဲ့တဲ့ ၁၉ ရက်လောက် ကတည်းက ဒုက္ခလှလှနဲ့ ရင်ဆိုင်နေကြရတာဗျ။ သေနတ်တွေလဲပါတော့ ကယ်ကြပါဦးဗျာ၊ ကျေးဇူးလဲ မမေ့ပါဘူး"

အားရဝမ်းသာ ပြေးလာနှုတ်ဆက်ရင်း တောင်းပန်နေသည့်အတွက် အဘကောင်းက -

"ငပိုက် ဘယ်လိုဖြစ်တာလဲကွ၊ ငါတို့ မင်းတဲကိုရောက်လို့ ကျောပိုးအိတ်တွေချတုန်းရှိသေးတယ်၊ ခြောက်လုန့် မောင်းထုတ်သံတွေကြားလို့ ကြည့်လိုက်တော့ မင်းတို့အုပ်စုကို မြင်လိုက်ရတာနဲ့ ပြေးချလာကြတာ၊ ဘာကောင်ဝင်မွှေတာလည်း ပြောပါဦး"

"ကျားကြီး အဘကောင်းရဲ့၊ ကျားကြီး···"

"ကျားဆိုတာကို မင်းတို့ သေသေချာချာ မြင်လိုက်ကြလို့လားကွ"

"မြင်လိုက်ရတယ် အဘကောင်းရဲ့ မနေ့က ရွာနားကို ကပ်လာလို့ တစ်ရွာလုံး သံပုံးတွေတီး၊ ဝိုးတွေခေါက်ပြီး ခြောက်ထုတ်လို့ နောက်ကြောင်းပြန်ပြေးပြီး ဒီနေ့ ပြန်ကပ်လာတာ၊ အတော်ကြီးတဲ့အကောင်ကြီးပဲ"

"ဟိုအရင် ဒီကောင်တွေ ရွာနားကပ်တယ်လို့ မကြားမိပါဘူး။ ခုဘယ်လို ဖြစ်ပြီး ကပ်တာတုန်း"

"ဟုတ်ကဲ့၊ ဟိုအရင်ရွာနီးချုပ်စပ်ကို မျက်စိလည် လမ်းမှားဝင်လာတာကို တွေ့ရပါတယ်၊ နောက်ပြီး လူနဲ့ဝေးရာ၊ ရွာနဲ့ဝေးရာ တောနက်ထဲကို ပြန်ဝင်သွားကြတယ်လေ၊ ရွာဝန်းကျင်မှာတော့ ဂျီ (ချေ)၊ ဒရယ်၊ ဆတ်၊ ဝက်နဲ့ယုန်၊ ကြောင်သောက်ပဲရှိကြတာ၊ ခုရောက် လာတဲ့ ဒီအကောင်ကြီးက ရောက်ကတည်းက မခွာတော့တာလေ"

"ပြောပါဦး မခွာရတဲ့အကြောင်းတော့ရှိရမှာပေါ့"

"ရွာလယ်မှာနေတဲ့ ခင်အုန်းမြင့်ဆိုတဲ့ မိန်းမလေ၊ မှိုနုတ်သွားတယ် အကြောင်းပြုပြီး သူလင်ငယ်နဲ့ချိန်းတွေ့ပြီး အထင်ကရရှိတဲ့ ထိန်ပင်ကြီးအောက်မှာ မဟုတ်တာသွားလုပ်ကြရင်း နှစ်ဦးစလုံးကို ကိုက်သတ် စားလိုက်တာကနေ သားနှစ်ယောက် ကျားကိုလိုက်သတ်ရင်း သူတို့ပါ အစား ခံလိုက်ကြရပြန်တယ်လေ။

နောက်ပိုင်းတော့ လူသားကို ကောင်းမှန်းသိသွားတဲ့ အဲဒီကျားကြီးက အကြီးကောင်ကြည့်သာရဲမိန်းမ၊ မိခိုင်မျစ်ချိုးသွားရင်း ကိုက်သတ်ပြန်ပါလေ ခုတော့ ရွာသူ၊ ရွာသားတွေ မသွားမလာရဲ ဖြစ်နေလို့ ရွာကိုဝင်ဒုက္ခပေးပြန်ပြီလေ၊ ခု အဘကောင်းတို့အုပ်ရောက်လာတော့ ကျွန်တော်တို့ ရွာသားတွေအားရှိသွားတာပေါ့၊ ရောက်တုန်း ရောက်ခိုက် ရွာအရေးမို့ ကူညီကြပါအုံ အဘ၊ ကျေးဇူးမမေ့ပါဘူး"

"ခုရော ဘာဝင်ဆွဲသွားလည်း ငပိုက်"

"ခြံထဲဝင်ပြီး နွားမဒမ်း မလည်း ကုပ်ကိုကိုက်ပြီး ခြံကို ခုန်ထွက်ဆွဲသွားတယ်လေ၊ မျက်စိနဲ့ မြင်နေရက်နဲ့ ဘာမှလုပ်လို့မရတဲ့ ကျွန်တော်တို့ ကယ်ပါဦးဗျာ"

ထိုရွာသို့ရောက်ရုံရှိသေး အပြီး ကယ်ဉီးသကိုဟုဆိုရမည့် အဖြစ်မျိုးဝင်ပိုက်ကိုခေါ်ကာ သုံးဦးသား သွေးထားကျရာစွတ်ကြောင်းအတိုင်း လိုက်ခဲ့ကြရင်း ကျွန်တော်က -

"နေစမ်းပါဦး၊ မင်းပြောပုံအရဆို ရင် ဒီကျားကြီးက မိသားရဲ့ လင်ငယ်ကို ကိုက်သတ်စားလိုက်အပြင် ချွေးမဖြစ်သူကိုပါ စားတယ်တော့ ရိုးရိုးကျားကော ဟုတ်ရဲ့လား"

"အဲဒါပြောတာပေါ့ ဘိုလေးရဲ့ ခင်အုန်းမြင့်ဆိုတဲ့မိန်းမဟာ မှိုရှာသူတယ်ပြောပြီး ထိန်ပင်ကြီးအောက်လင်ငယ်နဲ့ ပျော်ပါးနေကြတာလေ အပင်ကြီးက နတ်ကြီးတယ်ဗျ မောင်နှမ နေတယ်ပြောတယ်၊ လုပ်သူက အရှက်အကြောက်ကြီးသူ

www.burmeseclassic.com

www.burmeseclassic.com

အားမခံတူးလို့လည်း သိရတယ်၊ ဘယ်
ဒီမကျေနပ်ချက်နဲ့ အပြီးအတေးထား
ပြီ မိသားတစ်စုလုံး မိုးမြေတ်သွားလည်း
အသိတာ"

နွားလည်ကုပ်ကို ကိုက်ခဲလျက်
ဒီရာကိုရောက်အောင် ဆွဲယူသွားသည်
လတ်ဆတ်သော သွေးစွေးနံ့ကို
ခြောက်ပင်မခြောက်သေး။ တစ်နေရာ
ရောက် သွေးစွတ်ကြောင်းကမျောက်
သွားသည်ဖို့ လေးဦးသား နေရာအနံ့
ကြရာ မတွေ့တဲ့ တဝဲလည်လည်ဖြစ်
နေ၌ "ငပိုက်"က -

"ဟိုမိန်းမ လင်ငယ်နဲ့ ချိန်းတွေ့ပြီး
ဆဲဦးလုံး အစားခံလိုက်ရတဲ့ နေရာက
ဒီထိန်ပင်ကြီး အောက်မှာလေ"

သူပြလိုက်၍ လှမ်းကြည့်လိုက်
တော့ ထိန်ပင်ကြီးမှာ လုံးပတ်က လူကြီး
မဖက်စာလောက်ကြီးပြီး လေးဖက်
သေးတန် အုပ်အုပ်ဆိုင်းဆိုင်းဖြစ်ကာ
အပေါ်အာဝါသကောင်းသလို ရွာသူရွာ
သားများက လူတစ်ရပ်ခန့်အမြင့်၊ လေး
ဆိုင်စင်ကလေးတွင် တောဝင်တော
ခွက် ပူတော်ပသထားသည်ပုံစံ၊ ညောင်
အကိုးတွင်လည်း တောပန်းများ စိုက်
ပြီးထားသည်ကိုလည်း တွေ့လိုက်ရ
သည်။

"သူသားနှစ်ကောင်ကို ကိုက်တဲ့
နေရာကရောဟင်"

"အောက်ဘက်မှာလေ၊ ချွေးမကို
ကိုက်သတ်စားသွားတာနဲ့ သိပ်မဝေးဘူး"

အရိုန်ကလည်း နောင်းပြီး အမှောင်
ဘက်ကိုလှနေပြီဖို့ လေးဦးသား စခန်းချ
မည့်ရွာဆီသို့ ပြန်လာခဲ့ကြပေတော့
သည်။ အပြန်လမ်းတွင် ကျွဲနှင်တော်
စဉ်းစားနေလိုက်မိသည်က နွားတစ်
ကောင်၏ သေငယ်ဇောနှင့် အော်နေ
ရင်းက လည်တိုင်ရင်းကို ကိုက်ခဲခဲထား
ရပြီး တောနက်ထဲသို့ နောက်မှလိုက်လာ
သူများကို လွတ်အောင်ဆွဲယူသွားနိုင်
သည့် ထိုအကောင်ကြီး၏ လုပ်ရပ်ကို
မအံ့သြဘဲမနေနိုင်အောင် ဖြစ်မိ
သည်ကအမှန်ပင်။

နောက်တစ်နေ့မနက် အဆာပြေ
ဗိုက်ဖြည့်ကာ သေနတ်တို့ကိုယူ၍ ထွက်
ခဲ့ကြရင်း ရာဖွေကြရာ ခပ်ဝေးဝေးတော
နက်ရာလျှိုတစ်ခုအတွင်း သူစားထား
သည့်နွားသေကို ရှာဖွေတွေ့ရှိခဲ့သည်။
နွားတစ်ကောင်လုံး အသားမကျန်တော့
သားရေ၊ အရိုးနှင့် ခွာတို့ကိုသာတွေ့ရ
သည်။ နွားသေကိုတွေ့ရပြီး စားစရာ
မကျန်တော့သည့်အတွက် စောင့်လင့်
ပစ်ခတ်ဖို့အရေးကို မျှော်တွေးလို့မရ၍
ဝန်းကျင်ကို မီးထိုးကာ ပြန်ခဲ့ရင်း
ရာဖွေခဲ့သော်လည်း ကျားကြီး၏ လက်စ
လက်နက်ကို ဘာမှမတွေ့ခဲ့ရသဖြင့် ပြန်ခဲ့
ကြပေသည်။

စခန်းချရာ "ငပိုက်" တဲတွင်
ကိုယ်လက်သန့်ရှင်း၍ ညစာမစားမီ
အရက်သောက်အပန်းဖြေကာ စကား
ပြောကြရာတွင် ရွာခံမှဆိုးငပိုက်က-

"အဘကောင်းတို့က တောတွေ
တောင်တွေထဲမှာ သားကောင်တွေကို
လိုက်လံ ပစ်ခတ်နေကြတဲ့သူတွေ
ဆိုတော့ ခုလို တောပိုင် တောင်ပိုင်တွေ
မကြိုက်တဲ့ကိစ္စမျိုးတွေကို လုပ်မှားကိုင်
မှားရိုက်ကြသူတွေနဲ့ ပတ်သက်ပြီး အတွေ့
အကြုံတွေရှိကြမှာပဲနော်၊ တစ်ခုလောက်
ပြောပြပါလား။ ဗဟုသုတအဖြစ်ပေါ့"

ထို အမေးကြောင့် အကို ကြီး
ဦးသိန်းလွင်က အရက်သောက်ပြီး
ဆတ်သားကင်ကို ဝါးစားလိုက်ရင်းက-

"အေး···ကြုံခဲ့ဖူးတာပေါ့ကွ၊ လွန်
ခဲ့တဲ့ ခုနစ်နှစ်လောက်က ရေပြာစမ်း
စခန်းဘက်က ဆင်စခန်းတစ်ခုက
အတွေ့အကြုံလေးပဲ။

ရေပြာစမ်းဆိုတာက ဆင်စခန်း
တစ်ခုပဲကွ၊ တိုက်ကြီးကိုကျော်ပြီး ဖလုံ
ဘက်ကပဲ၊ ငါတို့မိတ်ဆွေဆင်အုပ်ကြီး
ဦးညီမှိုင်းကလည်း အဲဒီစခန်းမှာ
တာဝန်ကျနေတော့ သူအခြားစခန်းကို
မပြောင်းခင် အမဲပစ်ရင်း လာကြဖို့
မကြာခဏ ခေါ်လို့သွားကြရင်းက
တွေ့ကြုံခဲ့ရတဲ့အဖြစ်အပျက်ကလေးပဲ။

အဲဒီ ဆင်စခန်းမှာ ခိုင်ဆင် ၇၀
ကျော်နဲ့ ဆင်လုပ်သား ၁၀၀ ကျော်ကို
ထိန်းသိမ်းရတယ်၊ သူဆင်စခန်းအပိုင်
ကလည်း တို့ရွာလိုပဲ ပသီမောင်နမ
အပိုင်ကွ၊ ဒါကြောင့် အများမခံတဲ့နေရာ
မှာလည်း နေပြေန်၊ ဆင်သမားတွေကို
လည်း အစစအရာရာ အများနည်းနိုင်
သမျှနည်းအောင် ထိန်းကြောင်းနေတဲ့
ကြားက လစ်ရင်လစ်သလို မဟုတ်
တရုပ်လုပ်တတ်တဲ့ ဆင်သမား သုံး
ယောက်ရှိတယ်၊ သူတို့နာမည်တွေက
"သိန်းဝင်း၊ မြတ်မင်းဟန်နဲ့ ထင်ဆိုင်"
ဆိုတဲ့ ဆင်သမားသုံးယောက်ပဲ တစ်ခု

www.burmeseclassic.com

www.burmeseclassic.com

ဒီကောင်တွေရဲ့ ကောင်းတဲ့အချက်က လုပ်ငန်းမှာ တာဝန်ကြေတယ်၊ မခိုမကပ်ကြဘူး။ အရက်ကို သောက်ကြပေမယ့် မတရားတာတွေရှင် မခံဘူး။ နွားလေးမစီးလဲ သိပ်လက်မြောင့်ကြတယ်၊ ကျောင်းချင်း ဘဝတူချင်းမို့ ရိုင်းပင်းတဲ့စိတ်ဓာတ်လည်းရှိကြတယ်ကွ၊ ဆင်အုပ်ကြီးကိုလည်း လေးစားချစ်ခင်ကြတယ်၊ အားလည်းကိုးရတာကိုး"

တစ်နေ့တော့ ဆင်အုပ်ကြီး ဦးညို မှိုင်း ရန်ကုန်ကသစ်တောရုံးချုပ်မှာ နှစ်ပတ်လည် အစည်းအဝေးကို ညဒေါ်သွားနေတုန်း၊ စခန်းအတွင်းရှိတဲ့ သစ်ပင်ကြီးတွေဆီ လာနေတဲ့မျောက်မြီးရှည်တွေကိုပစ်ပြီး၊ ချေးခါးထုတ်ဖို့ သူတို့တိုင်ပင်ပြီး ပစ်ကြတော့တာပဲ၊ ၁၂ ကောင်ရတယ်ကွ။

သူတို့သုံးယောက် အဲဒီမျောက်မြီးရှည်တွေပစ်ပြီးတဲ့နောက်ပိုင်းမှ ပြဿနာစတာကိုတော့ သူတို့မသိလိုက်ကြဘူးလေ၊ ဆင်အုပ်ကြီးက သတို့ဆင့်ပိုင်းထဲလာတဲ့မျောက်တွေကို ဘာကြောင့် မပစ်ရသူးဆိုတဲ့အမိန့်ထုတ်ထားတာကိုလည်း သိပေမယ့် နောက်ကျသွားကြတယ်။ ဘာကြောင့်လည်းဆိုတော့ တောစည်းကမ်းတွေကို ဆက်တိုက်ချိုးဖောက်လိုက်တဲ့ကိစ္စဖြစ်သွားလို့ပဲကွ၊ ဆရာဖြစ်တဲ့သူမရှိတော့ တောလမိုင်းတင်မြောက်တောင်းခံပြီးမှ မပစ်တဲ့ကိစ္စရယ်၊ အရက်မူးမူးနဲ့ စလောင်းဖုံးနှစ်ချပ် တီးတာရယ်၊ အိုးခွက်ပန်းကန်တွေကို ပက်လက်လှန်ထားမိတာရယ်၊ ထင်းချောင်းတွေကို ဓားနဲ့ မဖြတ်ဘဲ ဖူးနဲ့ချိုးဖဲ့ မီးဆိုက်ကြတာရယ်အပြင် မျောက်ချေးခါးထုတ်ပြီး ကြော်ပေးဖို့ကို ဝိုင်းကူလုပ်ပေးနေတဲ့ အခြောက် (မိန်းမလျှာ)ဆုမွန်ဦးဆိုတဲ့ အခြောက်ကို ယောကျ်ားစင်စစ်ဖြစ်ပါလျက် မိန်းမစိတ်ပေါက် ထမီဝတ်ရပါ့မလားဆိုပြီး (ခွေးသင်း)ပေးလိုက်တဲ့ အများတွေကို ဆက်တိုက်ကျူးလွန်လိုက်မိတဲ့ကိစ္စတွေကြောင့်ပဲကွ။

သုံးဦးသား အရက်ကိုသောက်လိုက်၊ မျောက်သားဟင်းကို စားလိုက်၊ တဝါးဝါး တဟားဟား ရယ်မောပြောဆိုလိုက်လုပ်နေကြပေမယ့် သူတို့အကြည့်တွေက မီးဖိုတွင် မျောက်ချေးခါးကြော်သည့်ဂန္ဓဋ္ဌ (အခြောက်ဆုမွန်ဦး)ဆီ ရောက်နေကြသည်။

ဆုမွန်ဦးအမည်ခံ မိန်းမလျှာကလေးက၊ ဆင်ခေါင်းနေဝိုးသော်ရဲ့ သားကလေးတစ်ယောက် ဖြစ်တယ်၊ မိခင်ဖြစ်သူက ငှက်ဖျားရောဂါနဲ့ သေဆုံးသွားပြီး ဖခင်လက်ပေါ်တွင် ကြီးလာခဲ့ရသူကလေ။ အချက်အပြုတ်ကိုလည်း ကျွမ်းကျင်ပိုင်နိုင်သူ။

သူတို့သုံးယောက်၏ အကြံကို မသိရှာသော ဆုမွန်ဦးလေးက မျောက်ချေးခါးကိုကြော်ရန် ပြင်ဆင်နေစဉ်၊ သူတို့နေရာမှ ပြုံထွက်ထွက်လိုက်ကြပြီး ဖမ်းချုပ်၊ လက်ကိုကြိုးတုပ်၍ တဲ့၏ထုပ်တန်းနှင့် ချည်နောင်လိုက်ကြပြီး ဝင်းနိုင်က ပုဆိုးကို ဆွဲချွတ်လိုက်ပြီး အသေအချာကြည့်လိုက်ရင်း -

"မင်းက မိန်းကလေး အစစ်မဟုတ်ဘဲ၊ မိန်းမစိတ်ပေါက်နေတာ အကောင်ပဲကွ၊ ယောကျ်ားစိတ် ပြေပါက်သွားအောင် ခွေးသင်းပေးဖြစ်မယ်၊ မြတ်မင်းဟန် ဟိုအပင်ကကုလားအော်ရောက်တွေခူးပြီး ထောင်စမ်းကွာ"

ဝင်းနိုင်ခိုင်းသည့်အတိုင်း မြတ်မင်းဟန်နှင့် သိန်းဝင်းတို့က တစ်သားမတိမ်းလုပ်လို့အပြီး တောင်းပြီးသား ရောတ်သီးဖတ်တွေကို လက်နှင့်ကော်ကာ ဆုမွန်ဦး၏ ဝေးစေ့ကိုသုတ်လိုက်ပြီး ပိုဝန်းရယ်မောကာ သဘောကျဟားတိုက် ရယ်မောနေကြစဉ် ရှန်းကန်အော်ဟစ်နေသော ဆုမွန်ဦး ကြိုးပြတ်သွားဦးထိုနေရာ တဲအတွင်းမှ ကြောင်ကြောက်လန့်လန့် ထွက်ပြေးသည်ကို သူ့လျှာ ဟားတိုက်ရယ်မောကျွန်းခဲ့ကြပေတော့သည်။

ဆုမွန်ဦးတစ်ယောက် ထိတ်လန့်ကြောက်ရွံစွာ ပုဆိုးကို လက်မှကိုင်ရင်း သူတို့အနီးမှ ခပြေးထွက်ခဲ့ရာ ပူစပ်ပူလောင်နှင့် ခံစားနေရသည့်ဒဏ်ကို မေးစားနိုင်တော့သဖြင့် နီးစပ်ရာရေအိုင်တွင်းသို့ဆင်းကာ ရေစိမ်ရင်း သက်သာလိုသက်သာကြား ကာကွယ်နေလိုက်သည်။ ထိုဖြစ်ရပ်လည်း သူတို့အတွက် အမှားဆိုသည်ကို မသိဘဲ တတ်သိတတ်ကျွမ်းရယ်မောကြရင်း တဲတွင် အိပ်ပျော်သွားကြတယ်လေ တကယ်တော့ ဆုမွန်ဦး ရေတိမ် အဒဏ်ကြောင့် ရေဆင်းစိမ်သောအိုင်

www.burmeseclassic.com

www.burmeseclassic.com

သည် ယခုလို ကိုယ်လုံးတီးနှင့် ရေချိုးသို့မရသော အိုင်ဖြစ်သည်ကို အားလုံးသိကြသော်လည်း အခါနှောင်းခဲ့ပေပြီ။

နောက်တစ်နေ့ လွတ်မြောက်ကြောင်းထားသော ဆင်များကို ပြန်ကောက်ရန် နီးထား ကိုယ့်ဆင်ကိုယ်ကောက်ဖို့ ဆွက်ခွာသွားခဲ့ရင်း သိန်းဝင်းနှင့် မြတ်မင်းဟန်တို့နှစ်ဦးကတော့ ထောင်ချောက်ဆင်ထားတဲ့ သုတ်ကိုင်းကြီးကွင်းမိသွားပြီး ကိုင်းတံဖျားမှာ ကြိုးကွင်းစွပ်ဘန်းသန်းဖြစ်နေကြတယ်ကွ၊ ဝင်းနိုင်ကတော့ တောဆင်ရိုင်းအုပ်နဲ့ တိုးပြီး ထွတ်ရာရောင်ပြေးရင်း တောင်ကုန်းထိပ်ကနေ အောက်က ရေအိုင်ထဲခုန်ချကာ၊ ကံဆိုးချင်တော့ ရေအိုင်က ခြေမျက်စိသောက်သာရှိတဲ့ ရေအိုင်ပေါ်ကျသွားတာဘဲဟေ့။

ဆင်စခန်းကို အချိန်မီ ပြန်ရောက်လာကြတော့ စိတ်ပူပြီး နောက်ကသို့က်ကြရင်း သုတ်ကိုင်းမိခံထားရတဲ့ နှစ်ယောက်ရယ်၊ ရေတိမ်မှာ မေ့လဲနေတဲ့ဝင်းနိုင်တို့ကိုတွေ့ပြီး ထမ်းခေါ်လာခဲ့ကြရတယ်။ တစ်ယောက်မှ အသက်မသေကြပေမယ့် အတော်လေး ဆေးဝါးကုသလိုက်ရတယ်လေ၊ ဝင်းနိုင်ဆိုရင် နုထက်ထိ ကြောင်တောင်တောင် ဖြစ်နေတုန်း ဂေါက်ဖြစ်သွားတယ်လေ။

အရက်သောက်ရင်း ပြောပြီးသည့် အချိန်သည် ၁၀ နာရီလောက်ရှိပြီမို့ ကောင်းကင်တွင် လကပြည့်ပြည့်ဝဝ သာလျက်ရှိသလို ညအစာရာ ငှက်တို့၏ ပျံသန်းရင်း အော်မြည်သံကို ကြားနေရသည်။ ညနေစာ ထမင်းကိုစားသောက်နေလိုက်ကြစဉ် -

"ကိုပိုက်..ကိုပိုက်..လုပ်ကြပါဦးဗျ၊ ပြဿနာက စနေပြီ"

"ဟော...ဟဲ့ဘယ်သူတုန်းဟ၊ ဘာကိစ္စလဲပြော"

ခြံရှေ့မှာ အမည်ကိုခေါ်လိုက်သည့် အသံကိုကြားလိုက်သဖြင့် ပြန်ထူးရင်း မေးလိုက်သည့်အချိန်လူရွယ်တစ်ယောက် ပြေးဝင်လာကာ ပြောလိုက်သည်က -

"ဟိုအကောင်ကြီး ဝင်လာပြီး ရွာကို ပတ်ချောင်းနေတယ်ဗျ၊ နွားတွေ အနဲ့ရပြီး လှုပ်လှုပ်ရှားရှား ဂဏာမငြိမ်ဖြစ်နေလို့ ထိန်းလို့လဲမရဖြစ်နေတယ်၊ အဲဒါကို အကြောင်းကြားပေးပါဆိုလို့ ပြေးလာခဲ့ရတာဗျ"

လူငယ်ပြောလို့အဆုံး ရွာအနောက်ဘက်မှ ဝါးတွေကို ခေါက်ကာခြောက်လှန့်မောင်းထုတ်သံကို ကြားလိုက်ကြရသည့်အတွက် သံသယဖြစ်စရာမလို မှန်ကန်နေသည်ဖို့ သေနတ်နှင့် ဓာတ်မီးတို့ကိုဆွဲကာ အဆောတလျင် ပြေးထွက်လိုက်ပါသွားကြပေသည်။ နွားပေါ့မှာ တင်းကုပ်အတွင်း ရှိနေကြသော်လည်း တရှူးရှူးတရဲရဲနှင့် နားရွက်များကို စွင့်ကာ ခြေလက်များကားလျက် သားငယ်ကို ဖိုက်အောက်ကပ်ပေးရင်း နေကြသည်ကိုလည်း သတိပြုလိုက်မိသည်။

ရွာဖျားဆီသို့ရောက်တော့ ဝန်းကျင်ကိုပတ်ချာလှည့်ကြည့်ရင်း သုံးဦးသား ကျစ်ကျစ်လျစ်လျစ် ရှာဖွေကြည့်ရှုနေလိုက်ကြသည်။ လေးဆယ့်ငါးမိနစ်ခန့် လှည့်ပတ်မီးထိုး၍ ရှာဖွေကြသော်လည်း မထူးခြားသဖြင့် သူကပ်နေနိုင်သည့် နေရာဘက်ဆီသို့ သုံးဦးသား ချဉ်ပေါင်တန်းလိုက်ခဲ့ကြရာ ငါးဖာလုံခန့်အရောက် ချုံပုတ်ထူထပ်ရာအတွင်း မီးရောင်အောက်တွင် ရိပ်ကနဲ မြင်တွေ့လိုက်ရသည်။ ထိုအကောင်ကြီး ကလည်း-သူနောက်လိုက်လာမှန်း သိပုံရသဖြင့် ကိုယ်ကိုယ့်လိုက်ပြီး တောထူထပ်ရာထိုးဆင်းသွားချိန် -

"ဒိုင်း"

သေနတ်ပေါက်ကွဲသံကြီးက ဘဝက်ညံသွားသည်။ ဟဲကနဲမာန်သွင်းသံတစ်ချက်ပြုရင်း အမြီးတစ်ချက် လှုပ်ယမ်းကာမြောက်ကနဲ ခုန်ကာ ကျွမ်းပစ်၍ ပျောက်ကွယ်သွားသည်။ အဘကောင်းပစ်ခတ်လိုက်ခြင်းပင်၊ သေကွင်းကို မဟုတ်သော်လည်း နောက်ပိုင်းကိုရိုက်မိပြီထိမှန်သွားပုံပင်၊ နောက်ထပ်တွေ့နိုင်မည့် နေရာများဆီလိုက်ကြပြန်သော်လည်း သွေးစသွေးနကိုပင် မတွေ့ရ၊ ပြန်ခဲ့ကြရပေသည်။ စမ်းတဝါးဝါးနှင့်သားကောင်ကြီးနောက် ညဘက်ကြီး လိုက်နေရသည့်အလုပ်မှာ အန္တရာယ်ကြီးသည် မဟုတ်ပါလား။

နောက်တစ်နေ့ ကျွန်တော်တို့ သားကောင်ကြီးနောက်ကို လိုက်ကြရာ မထူးခြားသဖြင့် ပြန်ခဲ့ပြီး ရွာဆီရောက်တော့ ကြားလိုက်ရသည့် သတင်းက ရွာကို ဝင်ပြီး နွားတစ်ကောင် သွေးသွေးပြန်သည်ဆိုသည့် သတင်းဆိုးဟ ဟ်ပန်းသဖြင့်

www.burmeseclassic.com

www.burmeseclassic.com

ညအိပ်လိုက်ကြပြီး နောက်တစ်နေ့ ဆက်လိုက်ကြရာ စားပြီးသား နွားသေကိုပြန်တွေ့တော့ တောနက်ကြီးအတွင်း သစ်ပင်ကြီး တစ်ပင်အောက်တွင်ပင်။

သားကောင်ကြီး၏ အစွယ်ရာကို နွားသေ၏လည်ပင်းတွင် တွေ့ရသည်။ အဘကောင်း သဘောထားကို သိလိုသဖြင့် သူမျက်နှာကိုကြည့်လိုက်တော့-

"တစ်ဝက်နီးပါး ကျန်သေးတယ်ဆို တော့ လာမှာပဲကွ၊ သစ်ပင်ကြီးထက်က စောင့်မယ် ကိုသိန်းလွင်နဲ့ ငပိုက်တို့က ရွာဘက်က ပြန်စောင့်ကြ"

အချိန်က ညနေ ၃ နာရီပင်ကျော်ခဲ့ပြီမို့ သူတို့နှစ်ဦး ပြန်သွားသည့်အချိန် ကျွန်တော်နှင့်အဘကောင်းတို့ သစ်ပင်ကြီးထက်ဆီသို့ တက်ရောက်လိုက်ကြပြီး အမြင့်ပေ ၂၀ခန့် ကိုင်းဆုံတွင် အဘကောင်းက ထိုင်လိုက်သလို ကျွန်တော်ကသူ့အနီး သစ်ကိုင်းကြီးတွင် ပုခက်လင်္ဂြိုဖြင့်ပိုင်းကာ နေရာယူထားလိုက်ကြပေသည်။

အဘကောင်းက ဒဿမ ၃၇၅ မက်ဂနမ်ရိုင်ဖယ်ကို ကျည်ထိုးလိုက်သလို ကျွန်တော်က လက်စွဲတော်နှစ်လုံးပြူးသေနတ်ကို ၉ ဒဿမ ၆ ကျည်တို့ကို ဘယ်ညာသွင်းလျက် စောင့်စား နေလိုက်ကြပေသည်။ လက်နိပ်ဓာတ်မီးကိုလည်း အသင့်လည်ပင်းဆွဲထားလိုက်သည်။

ဘဖြည်းဖြည်း အချိန်ကကုန်လွန်သွားသည်ဖို့ အအေးဘက်ကို လှလာသည်။ ခေါင်းစွပ်နှင့် ဆွယ်တာတို့ကို ဝတ်လိုက်ကြပြီး ပုလင်းပြားကလေး အတွင်းမှ အသင့်ယူဆောင်လာသည့် အရက်နှင့် ချောင်ငါးကြော်တို့ဖြင့် စားသောက် ဖိုက်ဖြည့်သည့်အချိန် အမောင်ကစိုးမိုး မင်းမူလာသည်။ ထိုအချိန် ရွာဘက်ဆီမှ သေနတ်သံခပ်အုပ်အုပ် နှစ်ချက်ကို ကြားလိုက်ရသည်။ သားကောင်ကြီးရွာဘက်ဆီ ပြန်ကပ်သည့် အတွက် ပစ်ခတ်လိုက်ဟန်ပင်။

ကျွန်တော်က အခြေအနေကို သုံးသပ်ရင်း ပစ်ကွင်းဆီလုပ်းကြည့်လိုက်မိသည်။ နွားသေကြီး၏ စားပြီးသားတစ်ခြမ်းက မြေပြင်တွင် ယင်မမည်းဝိုင်းကောင်များ တဝုန်းဝုန်းဖြစ်ကာ မြင်နေရသည်က အထင်အရှား။

တက်ရောက် နေရာယူထားသည့် အပင်ကြီးနောက်တွင် ရုပ်ရုပ်ထွေးထွေး ထိုးထိုးထောင်ထောင်နှင့် တောကင်္ကပင်ရိုင်းများ ပေါက်ရောက်လျက်ရှိသည့် သတ်ကွင်းကောင်းမို့ အန္တရာယ်ကင်းအဝင်ကို စိတ်ရှည်စွာ စောင့်စားသာပင်။

မလှမ်းမကမ်းဝန်းကျင်ရှိ သစ်ပင်ကြီးများ ပေမတိုးပါဘဲ ပေပြင်းတိုက်ခတ်သံ၊ သစ်ကိုင်းခြင်းထိခိုက်သံ၊ သစ် ရွက်များ ပေတိုးဝှေ့သံ ပြိုလဲကျိုးကျသံများကြောင့် တောပြိုသလိုမျိုး အသံတို့နှင့်အတူ၊ သားကောင်များ ပြေးလွှားသံ ကြားနေရသော်လည်း ထူးထူးခြားခြား ကျွန်တော်တို့နှစ်ယောက် တက်ထိုင်နေသည့် သစ်ပင်ကြီးကား ထိုကိန္နသည် သူနှင့် မပတ်သက်သလိုမျိုးဖြင့် တုတ်တုတ်ပင်မလှုပ်...

www.burmeseclassic.com

www.burmeseclassic.com

အမှောင်သည် တစ်စနှင့်တစ်စ ဘိုး၍ မင်းမူလာခဲ့ပေပြီ၊ ခပ်လှမ်းလှမ်း ဆီမှ ပြတ်တောင်းပြတ်ဟောင်း ချေ ဟောက်သံသဲ့သဲ့ကို ကြားနေရသလို နွေအဆုပ် အုသံများကိုလည်း ကြားနေ ရပြီး ဖားပျံ့ (သစ်တက်ဖား)သံကလေး တို့အော်သံတွေကိုလည်း ကြားလာရ သည်။ နေရာတွင် သတ်တောင့်သက် သာငြိမ်နေရင်း ဝင်လာမည့်သားကောင် ကြီးကို နှစ်ဦးသား စောင့်ဆိုင်းနေလိုက် ကြပေသည်။

ညဉ့် ၁၂ နာရီကျော်သည့်တိုင် တောသဘာဝကောင် ကလေးတို့ အော် မြည်သံမှလွဲပြီး ထူးခြားမှုရှိမလာ၊ ကျိန် ဆဲချင်စရာကောင်းလောက်အောင် ခုက္ခ ပေးနေသည့် "တောခြင်ရိုင်းတောမြွှတ်" တို့ အလိုက်ကမ်းဆိုးမသိ ဝင်ရောက် ကိုက်ခဲသည့် ဒဏ်ကြောင့် ယားရံမှု ကဒို ချင်စိတ်ပင် ပေါက်လာသလို အမှောင်ထုနှင့်အတူ ဆီးနှင်းတို့က ဝိတ် ဆည်းလာနေသည်။

ညဉ့်ဦးယံကျော်ပြီး လင်းဝိုင်းဆီသို့ ရောက်ခါနီးပြီမို့ သွန်းကြဲထားသော ဆီးနှင်းတို့ကြောင့် မြေပြင်သည် စွတ်စို ထုံထိုင်းလျက်ရှိပြီး သားကောင်ကြီးလာ စားလှူင်တောင် အသံကိုကြားနိုင်မည် မဟုတ်သည့်အနေအထား။ ကုန်လွန်ခဲ့ လှသောအချိန်ကို စောင့်စားနေရင်း နောက်ဘက်ကင်ပွန်းချဲ့တောရှိရာဆီမှ အသံတစ်ချက် သဲ့သဲ့ကြားလိုက်မိသည်။ ကင်ပွန်းချဲ့ပင်ကို ပွတ်တိုက်သွားသည့် နယ်ပင်။ ကျွန်တော်ကဲ့သို့ပင် အတွေ့ အကြုံရင့်ကျက်သည့် အဘကောင်း ကလည်း သတိထားမိဟန်ပင်။ နှစ်ဦး သား သေနတ်ကို အသင့်ကိုင်ရင်း စောင့်စားနေလိုက်သော်လည်း ထပ်မံ ထူးခြားမလာသေးသဖြင့် အသက်ကိုပင် ပြင်းပြင်းမရှူရဲတဲ့ စောင့်စားနေလိုက်ကြ စဉ် -

ဟိုအဝေးခပ်လှမ်းလှမ်းဆီမှ -

"အပြစ်ကြောင့် မချစ်သာပြီ၊
အသစ်ရှာပေါင်းရစ်တော့၊
ထနောင်းနဲ့ ခအောင်းပင်၊
ဓားထစ်လို့ရှင်၊ နိဗ္ဗန္ဓကမွတ္တာန်း
ဝင်မယ်၊ စခန်းစဉ်ဦးအောင်ပလေး . .

စောင်းသံနှင့်အတူ "နန်းမတော် မမြလေး၏ နိဗ္ဗန္ဓတေးထပ်" တစ်ပိုဒ်နဲ့ မောင်တော်ကို စိတ်အခန့်မသင့်၍ တောထွက်လိုကြောင်း ခွင့်ပန်ကာ တောင်းဆိုနေသည့် တေးသွားကို နှစ်ဦး သားနားတွင် ပြတ်ပြတ်ထင်ထင် ကြား လိုက်ကြရသည်။ အသံရှင်က ဆွဲဆောင် အားကောင်းသည့် အသံမှာ စောင်းသံ နှင့်လိုက်ဖက်လွန်းသည်။ ဘယ်သောက ကိုဆောင်နေသည်ကတော့ဖြင့် မသိ၊ အဘ ကောင်းကို တဲတောင်နှင့် တိုထိလိုက် တော့၊ လေသံနှင့်

"ခြောက်နေပြီကွ၊ စိတ်ငြိမ်ငြိမ်ထား မကြောက်နဲ့"

အတန်ကြာ တေးတစ်ပိုဒ်ဆုံးတော့ ငြိမ်သက်သွားပြန်သည်။ ငြိမ်သွားပြန် တော့လည်း ညဉ့်တောဝိုး၊ တောမွှား ကလေးတို့အော်သံကို မကြားလောက် အောင်ငြိမ်ဩ မာယာဆောင်နေပြန် သည်။ မိုးလင်းဝိုင်း သာနေသည့်လက ပြည့်ပြည့်ဝဝမို့ သစ်ကိုင်း သစ်ခက်နှင့် သစ်ရွက်တို့ကို ထိုးဖောက်၍ မြေပြင်ကို ကွက်တိကွက်ကြား လင်းလဲ့နေသဖြင့် နွားသေကြီးကို မြင်နေရသည်။ သို့သော် မပီဝိုးတဝါး။

"အာ . . . အာ . . . အာ"

ထိုအချိန် တောကိုးကန်းတစ်အုပ် အိပ်တန်းမှလန့်ဖျပ်ကာ အော်ဟစ်လိုက် ကြသည့် "ကိုးပြိုသံ" များက ဝန်းကျင် ကိုပဲ့လွှမ်းသွားသည်မို့ နှစ်ဦးသား ဝန်းကျင်ကို မည်သည့်အကြောင်းရင်း ကြောင့်ဖြစ်ရသည်ကို လိုက်လံရှာဖွေ နေလိုက်မိကြသည်။ ထိုစဉ် တောကင်း ပွန်းချဲ့အောက်မှ တောတိုးပြေးလွှားသံ တို့ကိုကြားလိုက်ရသည်။ တစ်ကောင် တည်း ပြေးလွှားသံမျိုးမဟုတ်၊ အုပ်နှင့် ပြေးလွှားနေသည့်အသံမျိုးကို ကြားနေ ရစဉ် -

"ဖျောင်း . . ဝုန်း . . ဗျော . . ဝေါ်"

မလှမ်းမကမ်းဝန်းကျင်ရှိ သစ်ပင် ကြီးများ လေမတိုးပါဘဲ လေပြင်းတိုက် ခတ်သံ၊ သစ်ကိုင်းခြင်းထိခိုက်သံ၊ သစ် ရွက်များ လေတိုးဝေသံ၊ ပြိုလဲကျိုးကျ သံများကြောင့် တောပြိုသလိုမျိုးအသံ တို့နှင့်အတူ သားကောင်များ ပြေးလွှား သံကြားနေရသော်လည်း ထူးထူးခြားခြား ကျွန်တော်တို့နှစ်ယောက် တက်ထိုင်နေ သည့် သစ်ပင်ကြီးကား ထိုကဲ့သို့သည် သူနှင့် မပတ်သက်သလိုမျိုးဖြင့် တုတ်

www.burmeseclassic.com

www.burmeseclassic.com

တုတ်ပင့်မလုပ်၊ အဘကောင်းက လေသံနှင့် -

"မကြောက်နဲ့နော်၊ တောခြောက်နေတာ တော်တော်ကြာ ငြိမ်သွားလိမ့်မယ်"

သူ ပြောလိုက်သည့်အတွက် ခေါင်းညိတ်ပြလိုက်စဉ် အတန်ကြာတော့ ငြိမ်သွားပြန်သည်။ ထိုစဉ် -

"အဟွတ်..အဟွတ်..ဝေါ့..ဝေါ့.."

လူတစ်ဦး ချောင်ဆိုးလိုက်ရင်း တဝေါ့ဝေါ့အန်နေသည့်အသံကို ကြားလိုက်ရပြန်သည်၊ အဘကောင်းက ထိုအသံကြောင့် တံတောင်နှင့် တို့ထိကာ လေသံနှင့် -

"ဓာတ်မီးအသင့်ပြင်ထား။ ငါထိုးဆိုတဲ့နေရာကိုထို။ ကြားလား"

ခေါင်းညိတ်ပြလိုက်ပြီး သေနတ်ကို ကန့်လန့်ဖြတ်ကာ ပေါင်နှစ်လုံးကြားတင်လိုက်ပြီး လည်ပင်းမာဆွဲထားသည့် ဓာတ်မီးကို အသင့်ကိုင်ထားလိုက်သည်။ ထိုအချိန် တောကင်ပွန်းချဲ့အတွင်းမှ ချဲ့တိုးသံသဲ့သဲ့ကို ကြားလိုက်ရပြန်သည်။ ကျွန်တော့်အထင် သားကောင်ကြီးသည် တောကင်ပွန်းချဲ့အောက်မှ အစာကို လှည့်ပတ်ချောင်းနေဟန်ပင်၊ ချဲ့ပင်အောက်မှောင်မည်းနေသည့်မို့ အသံကိုသာ ကြားနေရသည်။

အမှောင်တွင်း နှစ်ဦးသားကြည့်နေစဉ် ထိုးထွက်လာသံနှင့်အတူ နွားသားကို ကိုက်ဝါးဆွဲဖြဲလိုက်သည့်အတွက် ဝိုင်းအုံ စားသောက်နေကြသည့် ယင်းမည်းရိုင်းကောင်တို့က "ဝုန်း" ကနဲ တထိတ်တလန့် ပျံသန်းပြေးထွက်သံနှင့်အတူ ချဲ့ပင်အောက် ပြန်ဝင်ကာ စားလိုက် လုပ်နေသည့်အတွက် အဘကောင်းက ကျွန်တော့်ကို လက်ညှိုးထိုးကာမီးထိုးရန် အချက်ပြလိုက်သည်။ ကျွန်တော်က လက်နှိပ်မီးကို အသင့်ကိုင်ထားရင်း စောင့်စားနေလိုက်သလို၊ အဘကောင်းကလည်း သေနတ်ကို ပစ်ခတ်ရန် အနေအထားမျိုးဖြင့် ကိုင်ဆောင်ထားစဉ် မိုးနုံချဲ့ပင်တို့အကြားမှာ "တဝေါ့ဝေါ့" ဖြင့် အန်ရင်း လူတစ်ယောက် ထိုးထွက်ကာ နွားသေရိုရာဆီသွားနေသည်။ ထိုအခါ အချက်ပြလိုက်သော အဘကောင်းကြောင့် လက်တွင်ကိုင်ထားသည့် လက်နှိပ်မီးဖြင့် ထိုးလိုက်ရာ မီးအလင်းတန်းအောက်တွင် နီနီရဲရဲ မျက်လုံးအစုံဖြင့် အပေါ်ကို တအံ့တသြ မော့ကြည့်နေသည့် ကျားကြီးအား -

"ဒိုင်း"

ပြင်းထန်သော ပေါက်ကွဲသံကြီးက တစ်တောလုံး ဟိန်းထွက်သွားပေသည်။ ထို့အတူ "တဝေါင်းဝေါင်း" ဖြင့် ကျားဟိန်းသံကြီးကလည်း ပေါက်ကွဲသံကြီးနှင့် မရေးမနောင်း ထွက်ပေါ်လာရင်း ပျောက်သွားကာ လူးလိမ့်နေသည်ကို တွေ့လိုက်ရသည်။

အတန်ကြာတော့ ငြိမ်သွားသည့်တိုင် အတန်ကြာစောင့်ကြည့်လိုက်ကြသည်။ မီးရောင်အောက်တွင် မျက်စိနှစ်လုံးကြား ကျည်ထိပ်ဖူးက ဖြတ်ဖောက်သွားသည့်နေရာမှာ သွေးများ ပန်းထွက်နေသည်ကို နှစ်ဦးစလုံး မြင်တွေ့လိုက်ကြရပေတော့သည်။

ရောင်နီပျိုးပြီမို့ နှစ်ဦးသား မြေပြင်သို့ဆင်း၍ ကြည့်လိုက်ရာ သွေးအိုင်အတွင်း လဲကျသေဆုံးနေသည့် ကြီးမားသောကျားကြီးမှာ ကိုးတောင်နီးပါးဖြစ်ပြီး ညာဘက်တွင် ခားဒဏ်ရာကို တွေ့လိုက်ရပြီး ပြည်ပုပ်များနှင့်အတူ လောက်များတဖွားဖွား တက်နေသည့် ကျားနာကြီးတစ်ကောင် ဖြစ်နေသည်ကို အံ့သြဖွယ် တွေ့မြင်လိုက်ကြရပေသည်။

ထိုဒဏ်ရာကား "ခင်အုန်းမြင့်" သားများ ခုတ်လိုက်သည့် ဒဏ်ရာပြဿနာသည်ကို သိလိုက်ပြီး ကျားနာကြီးတကောင်ဖြစ်သည်ကို သိလိုက်ကြလျှင် -

ဝါးစွပ်ကွင်း ကျေးရွာရှိ ရွာသူရွာသားများက သူတို့ရွာကလေးကို ဒုက္ခပေးခဲ့သည့် ကျားသောင်းကျန်းကြီးမှာ ဒဏ်ရာရ ကျားနာကြီးတစ်ကောင်ဖြစ်သည်ကို သိရှိကာ အန္တရာယ်ကင်းဝေးဟူသော အသိကြောင့် လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်ခဲ့ကြသလို ထိုနေ့တွင် ကျွန်တော်တို့သုံးဦး ဆက်လက်ခြေသားကောင်များကို ပစ်ခတ်ခဲ့ကြသော်လည်း အတော်များများ ပစ်ခတ်ရရှိပြီး ရန်ကို သိုပြန်ခဲ့ကြပေတော့သည်။

လေးမောင်

www.burmeseclassic.com

www.burmeseclassic.com

တစ်ဦးသေဆုံးပြီး ၁၂ ဦး ဒဏ်ရာရသည့် ကားတိုက်မှု



စင်္ကာပူနိုင်ငံ Pan-Island အဝေးပြေးလမ်း ကြောတွင် အမျိုးသမီးတစ်ဦးမောင်းနှင်သည့်ကား နှင့် လော်ရီကားတို့တိုက်မိရာ တစ်ဦးသေဆုံးပြီး ဦး ဒဏ်ရာရခဲ့သည်။ သေဆုံးသူမှာ အိန္ဒိယ မျိုးအလုပ်သမားတစ်ဦးဖြစ်ကြောင်း သိရသည်။ လော်ရီကားသည် ဆောက်လုပ်ရေးအလုပ်သမား များကို တင်ဆောင်လာကြောင်းသိရသည်။ ယင်း အမှာလည်း တိမ်းမှောက်သွားခဲ့သည်။

လော်ရီကားပေါ်မှ လူရှစ်ဦး လမ်းပေါ်ကျ သည်။ ဆီးမိုင်ရိပ်သာအနီး၌ ဖြစ်ပွားမှုဟု သည်။ ယာဉ်တိုက်မှုကြောင့် ကားလမ်းလည်း တန်ကြာ ပိတ်ဆို့ခဲ့ပေသည်။ အခြားလမ်းသွယ် ကို ရွှဲထွေးစေခဲ့ကြောင်းသိရသည်။ လော်ရီ နှင့်တိုက်မိသော ယာဉ်မောင်းမှာ အမျိုးသမီး ဖြစ် ခဲ့ကပ်ဖွဲ့က စစ်ဆေးလျက်ရှိသည်။ ဒဏ်ရာ ရသူများကို ချန်ဂီဆေးရုံသို့ တင်ပို့ထားရကြောင်း သည်။

မောင်ကောင်းယဉ်

Ref: T.S.T. 18.3.13

သူတို့နိုင်ငံမှ ချွေတာရေးဥပဒေ

ကမ္ဘာတစ်ဝှမ်းတွင် ကုန်ဈေးနှုန်းကြီးမားခေါင်ခိုက်နေသည့် အချိန်အခါသမယ၌ ဂရိနိုင်ငံ၊ အေသင်မြို့တော်တွင် ရှိနိုင်ငံအစိုးရက လွန်ခဲ့သော ၂၀၁၂ ခုနှစ်၊ နိဝင်ဘာလ၌ ဂရိလွှတ်တော်က လွှတ်တော်အမတ်ပေါင်း ၂၉၉ ဦးရှိသည့် အနက်မှ အမတ် ၁၅၃ ဦးဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့သည်ဟု သိရသည်။ ကန့်ကွက်ဆန္ဒပြသူများတို့က အရေးရုံးနိမ့်ခဲ့ရသည် ဆိုသည်။

ယင်းအတည်ပြုပြဋ္ဌာန်းလိုက်သည့် ဂရိခြုံးခြုံးခွေတာ ရေး ဥပဒေအရ ပင်စင်ယူနိုင်သည့်အသက်ကို ၆၅ နှစ်အထိ မြှင့်လိုက်ပြီး လုပ်ခနှုန်းထားများကို သုံးပုံတစ်ပုံ လျှော့ချခြင်းပြုလိုက်သည့်အပြင် ပင်စင်လစာငွေများကိုလည်း ၁၅ ရာခိုင်နှုန်း လျှော့ချလိုက်သည်ဟု ဆိုပါသည်။ ယင်းသို့ပြုလုပ်ခြင်းမှာ နိုင်ငံ့ကြွေးမြီများ ပြဿနာရပ်ကို ဖြေရှင်းရန်ဖြစ်သည်ဟု သိရ၏။ ဂရိနိုင်ငံအနေဖြင့် နိုင်ငံ့ကြွေးမြီ ကာမိစေရန် အလွန်သင့်လျော်သော မူဝါဒပင်ဖြစ်ကြောင်း အစိုးရပြောရေးဆိုခွင့် ရသူက ထုတ်ဖော်ပြောကြားခဲ့သည်။

ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)

Ref: CU Presstv, ir
ရွှေလ၊ (1-12-2012)
တို့ကျေးဇူးဂျာနယ် P. (20)

www.burmeseclassic.com

www.burmeseclassic.com

ဖိနပ်စင်

ကတိုးစာရေးကြီး



www.burmeseclassic.com

www.burmeseclassic.com

ဂတိစာရေးကြီး

တိုးမြင့်

အချည်အသွေး

ကျွန်တော်တို့ တပ်မတော်မှာ ဒိုစဉ်က ရဲတပ်ဖွဲ့ပြောင်းရန် စိတ်ကူးယဉ် ခဲ့ကြပါတယ်။ ရဲတွင် အရာရှိမဖြစ်လျှင်လည်း တပ်ကြပ်ကြီးလောက်ဖြစ်လျှင် တော်ပါပြီဟု အိပ်မက်များရှိခဲ့ကြတာပါ။

ကံကောင်းထောက်မလို့ ရဲတပ်ဖွဲ့ကို အသွင်ပြောင်းရန် အခွင့်အလမ်းများပေါ်ပေါက်ခဲ့ပါပြီးတွဲ့ရှတပ်ကြပ်ကြီးများကို အထူးအဖွဲ့ အပတ်စဉ်အနေဖြင့် ရဲအုပ်လောင်းသင်တန်းခေါ်ပါတယ်။ လူရွေးခေါ်ရာမှာ ကျွန်တော်အသက်သုံးလေးနှစ်မပြည့်၍ ကျန်ခဲ့ပါတယ်။ အသက်ဦးခြား ခေါ်သွားတာပါ။

နောက်တစ်ခါ နေပြည်တော်ရဲစီမံကိန်း ဟူ၍ခေါ်ပြန်ရာ၊ ကျွန်တော်က တပ်ကြပ်ကြီး အဆင့်ဖြင့်ပါလာပြီး ရဲမှာ ရဲအုပ်အဆင့်ကိုရပါတယ်။ ရဲတပ်ဖွဲ့ လုပ်ငန်း တာဝန်များ ထမ်းဆောင်ရာ ရဲတပ်ကြပ်ကြီးတစ်ယောက် ဖြစ်ဖို့ရာ မလွယ်ကူမှန်းသိလာပါတယ်။

တပ်ကြပ်ကြီးတွေမှာ ရဲတပ်ကြပ်ကြီး(စာရေး)ဆိုတာ တော်တော်အရေးပါအရာ ရောက်တယ်ဆိုတာ တွေ့ရပြန်တယ်။ "စာရေးကြီး" လို့ခေါ်ကြတယ်။ ရှေးတုန်းက "ဂတ်စာရေး" လို့ ခေါ်ပါတယ်။ "ရဲစာရေး" လို့လည်းခေါ်ပါတယ်။ ဂတ်စာရေးဆိုတာ ရဲစခန်းတစ်ခုမှာ မရှိမဖြစ်ပါ။ ရဲစခန်းကောင်း ဖြစ်လာဖို့ အတွက် ဂတ်စာရေးဟာအဓိကနေရာမှာရှိပါတယ်။ အတွေ့အကြုံရှိပြီးလုပ်ငန်းကျွမ်းကျင်တဲ့ ဂတ်စာရေးများကိုသာ ခန့်အပ်ထားတာကို တွေ့ရပါတယ်။

ရှေးတုန်းက နယ်စီးဝန်ထောက် (ယခု-ဗြိန္နယ်ရဲတပ်ဖွဲ့မှူး)နှင့် ရဲဌာနအုပ် (ယခု-စခန်းမှူး)တို့ဟာ စာရေးကောင်းတစ်ယောက်ရဖို့ အလုအယက် ရွေးချယ်ကြ၊ တောင်းခံကြတာကိုလည်း မှတ်သားဘူးပါတယ်။

ယခင်ကရဲတပ်ဖွဲ့မှာ အခြားအဆင့်ရဲ့ ရာထူးအဆင့်ဆင့်ကို လေ့လာရာမှာ "ရဲသား" "ရဲကြပ်ကြီး" ဂတ်စာရေး"လို့ သတ် မှတ်ထားပါတယ်။ ရဲကြပ်ကြီးမှာ အရစ်သုံးရစ် လက်မောင်းတစ်ဖက် တပ်ထားပါတယ်။

ဂတ်စာရေးမှာ အရစ်သုံးရစ်ပေါ် သတ္တုနှင့်လုပ်ထားတဲ့ ပြည်ထောင်စု တံဆိပ်တပ်ထားပါတယ်။ ယာဘက် လက်ကောက်ဝတ်မှာ ပြည်ထောင်စု တံဆိပ်တပ်ထားပါတယ်။ ယာဘက်တပ်မှာ ပြည်ထောင်စုတံဆိပ် သားရေပတ်ပတ်ထားရတယ်။တပ်မတော်မှာ အရာခံဗိုလ်အဆင့်မှာ အဲလိုလက်ပတ်ပတ်တာတွေ့ဘူးပါတယ်။ ၁-၁၀-၆၄ မှာ "မြန်မာနိုင်ငံရဲတပ်ဖွဲ့"ကို ပြည်သူ့ရဲတပ်ဖွဲ့ အမည်ပြောင်းလဲခဲ့ပါတယ်။

အခြားအဆင့်မှာ "ရဲတပ်သား"၊ "ရဲဒုတပ်ကြပ်"၊ "ရဲတပ်ကြပ်ကြီး" ဖြစ်လာပါတယ်။ ၂၁-၄-၁၄ နေ့မှာ "ရဲအရာခံ" အဆင့်တစ်ဆင့် စတင်ခန့်အပ်လာတာ တွေ့ရပါတယ်။

ဂတ်စာရေးကို ယခင်ကခန့်အပ်ဖို့ မလွယ်ပါဘူး။ ရဲသား သင်တန်းမှာ

www.burmeseclassic.com

www.burmeseclassic.com

အဆင့်ကောင်းကောင်း အောင်တဲ့သူ ရဲကြွပ်ကြီး စာမေးပွဲဖြေခွင့်ရှိပါတယ်၊ ရဲကြွပ်ကြီးစာမေးပွဲမှ ဂတ်စာရေး စာဆေးပွဲ ဖြေခွင့်ရှိတာပါ။

ဂတ်စာရေး စာမေးပွဲအောင်ပြီး သည်း ရာထူးကို ချက်ချင်းမခန့်ပါဘူး။ စာမေးပွဲက တစ်ပိုင်း ရာထူးခန့်တာက တစ်ပိုင်းပါ။ လုပ်သက်၊ လုပ်ငန်း အတွေ့ အကြုံအပေါ်မှာမူတည်ပြီး "ဂတ်စာရေး" ရာထူးကိုရတယ် ဆိုတာ လေ့လာသိရှိရပါတယ်။

ယခင်က ဂတ်စာရေးရာထူး ရသား တဲ့သူဟာနောက်တစ်ဆင့်ရာထူး "ရဲအုပ်" (ယခု-ဒုရဲအုပ်)စာမေးပွဲဖြေနိုင်ပါတယ်။ စာမေးပွဲဆိုတာလည်း အချိန်ချိန်မှန်မှန် ကျင်းပတာတော့ မဟုတ်ပါဘူး။ အခါ အားလျော်စွာမှလုပ်တာမျိုးပါ။ကျွန်တော်တို့ နောက်ပိုင်းခေတ်ကျမှပဲ စာမေးပွဲတွေ မကြာခဏစစ်ဆေးလာတာ။

ရဲစခန်းတစ်ခုမှာ ဂတ်စာရေးနှစ်ယောက်ထားတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ မှုခင်းဂတ်စာရေးက တစ်ယောက်ပါ။ အထွေထွေဂတ်စာရေး က တစ်ယောက်ပါ။ အထွေထွေဂင် စာရေးကအလုပ်တာဝန်ခွဲမယ်၊လက်နက် တိုက်ကိုင်မယ်၊ ပစ္စည်းထိန်းမယ်ပေါ့။

ဂတ်စာရေးအဖွဲ့မှာ အကူစာရေး တစ်ယောက်လည်း ထားပါတယ်။ ဂတ်စာရေး နှစ်ယောက်ရှိရာမှာ မှုခင်း ဂတ်စာရေးကြီးက အရေးပါပါတယ်။ ကျွန်တော်တို့ နေပြည်တော်ရဲကို ပြောင်း လာတော့ မင်္ဂလာတောင်ညွန့်ရဲ စခန်း မှာ တာဝန်ကျပါတယ်။ ဂတ်စာရေးကြီး တွေဦးလှထွန်းကို၊ ဦးအောင်တုတို့နှင့် တွေ့ ရပါတယ်။ ဂတ်စာရေးကြီးတွေက ကျွန်တော်တို့လို တပ်ကအာဝွင်ပြောင်း မဟုတ်ပါဘူး။ ရဲစစ်စစ် စီနီယာသမား ကြီးများဖြစ်ပါတယ်။

ကျွန်တော်တို့ လက်ဦးဆရာများပါ။ မှုခင်းဂတ်စာရေးကြီးများဟာ ရဲစခန်း တစ်ခုမှာ တော်တော်အရေးပါနေတာ ပါလား။ လုပ်ရည်ကိုင်ရည် ကောင်းသူ တွေလည်းဖြစ်ပါတယ်။ လုပ်ငန်း အတွေ့ အကြုံရှိတာတော့ ပြောမနေနဲ့ ဘာမဆို ကျွန်တော်တို့ သွားမေးနေရတာပါ။

တာဝန်သိသိ ဆောင်ရွက်တတ်သူ လည်းဖြစ်ပါတယ်။ အထက်အောက် ဆက်ဆံရေး ပြေပြေပြစ်ပြစ် ရှိနေတာကို လည်း ကျွန်တော်တို့ သတိထားမိတဲ့ အပြင် ပြောပုံဆိုပုံတွေကို ကျွန်တော်တို့ အတုယူရပါတယ်။

ဂတ်စာရေးကြီးက ဥပဒေကျွမ်းကျင် တဲ့ နေရာမှာလည်း လက်ဖျားခါမိပါ တယ်။ ရဲ့ခန်း တာဝန်မှုးကျတဲ့အခါ အမှုလာတိုင်လျှင် ကျွန်ုကတ်တို့ တာဝန်မှုးနှင့် ဘယ်တော့မှ မပြီးပါဘူး။ ဂတ်စာရေးကြီးက ပုဒ်ထိ။ ပုဒ်မတပ်ပေး မှ ပြီးပါတယ်။ ကျွန်တော်တို့ အမှုစစ် လျှင်လည်း မရှင်းနိုင်တဲ့ကိစ္စဆိုလျှင် ဂတ်စာရေးကြီးကို ကပ်မေးရပါတယ်။

ဥပဒေ အရပ်ရပ်၊ ကျင့်သုံး သက် သေခံ၊ ရဲလက်စွဲအဓိန့်နှင့်ညွှန်ကြားချက် အားလုံးကို ဂတ်စာရေးကြီး အလွှာ ပြောနိုင်ပါတယ်။ ဂတ်စာရေးကြီး သဘာပါပဲ။ သီးခြားသင် တန်းတက်လာ တာမျိုးမဟုတ်ပါဘူး၊ရဲလုပ်ငန်းလက်တွေ့ လက်ဆင့်ကမ်း လေ့လာလိုက်စားသင် ယူခဲ့ပညာဖြစ်ကြောင်း တွေ့ရပါတယ်။

*** *** ***

လင်နှင့်မယား

ဂတ်စာရေးကြီးဟာ စခန်းမှူး တိုးတိုး စကားတွေ အမြဲပြောနေတာ တွေ့ရပါတယ်။ မင်္ဂလာတောင်ညွန့်ရဲ မှူးရဲအုပ်ဝင်းသောင်နှင့် ရဲတပ်ကြပ်ဦး လုထွန်းတို့ကို ကျွန်တော်တို့ကြည့် "လင်နှင့်မယား" လိုပဲလို့ဝေဖန်မိပါတယ်။

စခန်းမှူးနှင့် ဂတ်စာရေးဟာ "လင် နှင့်မယား" လို့ အဆိုရှိခဲ့ကြော ရဲတပ်ကြပ်သိန်းညွှန့်က ထပ်ရှင်းပြ က "စီးသည့်ရေ ဆည်သည့်ကန်သ အိမ်ရှင်မကောင်းဖြစ်ရမယ်လို့ ဂတ် ကြီးကို ဒဲပြောပါတယ်။

အိမ်ရှင်မကောင်း မပီသလျှင် ထောင်တစ်ခုမှာ စီးပွားရေး၊ လူမှု မတိုးတက်ပါ။ ဂတ်စာရေးမကောင်း ရဲစခန်း ကောင်းတစ်ခု ဖြစ်ဖို့ခဲယဉ်း ဖြစ်ကြောင်းနားလည်ရပါမည်။ ဂတ် ရဲ့ လုပ်ငန်း တာဝန်တွေကို ရဲတ ဒုတိယတွဲ၊ အပိုဒ် (၁၀၈၂)မှာ ဖော် ထားပါတယ်။

(၁) ရဲစခန်းတိုင်းမှာ ဂတ်စာရေး ယောက်ဖြစ်စေ၊ ပိုဖြစ်စေ နိုင်တယ်လို့ ပါပါတယ်။ မူ

www.burmeseclassic.com

www.burmeseclassic.com

များရေးသွင်းခြင်း၊ စာများလက်ခံသိမ်းဆည်းပေးပို့ခြင်း၊ ၎င်းအဆက် ရာထူးကြီးမြင့်သူမရှိလျှင် ခဲစခန်း ကြီးကြပ်အုပ်ချုပ်ခြင်း၊ စခန်းမှူး အမိန့်အတိုင်း လိုက်နာဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ (ရဲစွဲ၊ ဒုတွဲ၊ အပိုဒ်-၁၁၀၁)

(၂) စာရေးအဖြစ်ဝင်း မှတ်တမ်းထိန်းအဖြစ်ဆောင်ရွက်ရမှာပါ။ (အပိုဒ်-၁၃၂၃)

(၃) စာရေးအဖြစ် ဆောင်ရွက်ခြင်းကို (အပိုဒ်-၁၃၂၄)မှာ အသေးစိတ်ပြထားပါသေးတယ်။ ရရှိတဲ့ စာများဖွင့်ကြည့်၊ လက်အောက်ကင်း၊ ဂတ်များကို သက်ဆိုင်တဲ့ အမိန့်စာများပို့ပေးရမှာပါ။ ကျန်စာများကိုစခန်းမှူးထံတင်ပြရပါမယ်။ မြို့နယ်ရဲတပ်ဖွဲ့မှူးထံမှ ဆောင်းဆိုတဲ့ စာရင်းအင်းများ ပြုစုရေးသားအချိန်မီပြီးပြတ်အောင် ဆောင်ရွက်ရန် တာဝန်ရှိပါတယ်။ မပြီးသေးသည်များကို စခန်းမှူးထံတင်ပြထားရမှာ ဖြစ်ပါတယ်။ နံနက်စစ်ရေးပြအချိန် တာဝန်ခွဲပေးရမှာဖြစ်ပါတယ်။ မှတ်ပုံတင်စာအုပ်တွေကို ရေးသွင်းရမှာပါ။

(၄) မှတ်တမ်းထိန်းအဖြစ်ဆောင်ရွက်ခြင်းကို (အပိုဒ်-၁၃၂၆)မှာ ပြထားပါတယ်။ မှတ်ပုံတင်အားလုံးကို သေတ္တာ၊ စင်တို့ဖြင့်သိမ်းဆည်းရမည်ဆိုပါတယ်။ စိုထိုင်းခြင်း၊ ပိုးစားခြင်း၊ အခြားအကြောင်းကြောင့် ပျက်စီးခြင်း မရှိစေရန် ဖော်ပြထားပါတယ်။ ဖျက်ဆီးရန် အချိန်စေ့ရောက်တဲ့ မှတ်ပုံတင်၊ ဖိုင်တွဲများကို မှန်ကန်စွာ တင်ပြရမှာပါ။

(၅) စစ်ဆေးပြုခြင်း၊ ရဲလုပ်ငန်းတင်ပြခြင်း၊ ဆာကြျူလာအမိန့်ဖတ်ခြင်းတို့ကို (အပိုဒ်-၁၃၂၇)မှာ ဖော်ပြထားပါတယ်။

(၆) ဂတ်စာရေးဟာ အချုပ်သားများကို အချုပ်ခန်းမှ ထုတ်သည့် အခါတိုင်းရှိရမယ်ဆိုတာ (အပိုဒ်-၁၃၂၈)မှာ ဖော်ပြထားပါတယ်။

*** *** ***

ဒိုင်ခံဖြေရှင်း

ဂတ်စာရေးပညာဟာ မကုန်နိုင်အောင်ရှိတာကို ကျွန်တော်တို့ ကွေ့ရှဲရပါတယ်။ သိနေရုံတတ်နေရုံနဲ့ မလုပ်နိုင်ကြပါဘူး။ အတွေ့အကြုံရင့်ကျက်ပြီး လက်တွေ့နှင့်ပေါင်းစပ်လုပ်မှ လုပ်နိုင်မှာပါ။ သင်္ဘောပင်စိုက်လျှင် သင်္ဘောသီးသီးရမယ်ဆိုတာ အသိတရားမှာ ရှိပေမယ့်သင်္ဘောပင်ကို လက်တွေ့စိုက်ကြည့်မှ တကယ်သိရမှာ မဟုတ်ပါလား။

ဂတ်စာရေးကြီးကို ကြည့်လိုက်လျှင် နေ့စဉ်နှင့်အမျှ လုပ်သားပြည့်သူနှင့် ထိတွေ့နေရတာချည်းပဲ။ တရားလို၊ တရားခံကြားမှာ ခဲခါင်းမဖော်နိုင်ရပါဘူး။ ပြဿနာတစ်စုံတစ်ရာမဖြစ်အောင်လည်း သတိကြီးစွာ ထားနေရပါတယ်။

မင်္ဂလာတောင်ညွန့် ရဲစခန်းမှာ ဂတ်စာရေးကြီး ရဲတပ်ကြပ်ကြီးလုတွန်းနောက်မှာ အချိန်ကြာကြာ တာဝန်ထမ်းဆောင်သူက ရဲတပ်ကြပ်ကြီးအောင်တုဖြစ်ပါတယ်။ ဆရာကြီးအောင်တု ကလည်း သဘောကောင်းသူတစ်ယောက်ဖြစ်ရုံမက ကျွန်တော်ဘဝ်အမူစစ်တွေကို အကူအညီ အများကြီးပေးပါတယ်။ တိုင်းကျော်၊ ပြည်နယ်ကျော် အထိ အတူလိုက်ပြီး အမူစစ်လုပ်ငန်းတွေကူညီခဲ့တာပါ။

မင်္ဂလာတောင်ညွန့်မြို့နယ်မှာ အမှုအခင်းကများပါတယ်။ ဂတ်စာရေးကြီးကို ကြည့်လိုက်လျှင် ဂတ်စာရေးစားပွဲမှာ အယုတ်၊ အလတ်၊ အမြတ် မရွေး ထိတွေ့ပြောဆိုလုပ်ကိုင်နေတာတွေ့ရပါတယ်။ လူမှုရေးကိစ္စ မှုခင်းကိစ္စအဝဝတွေကို ဒိုင်ခံဖြေရှင်းနေတာပါ။

ဂတ်စာရေးကြီး အားတယ်ဆိုတာ မရှိပါဘူး။ အမှုသည်မရှိလျှင် မှတ်ပုံတင်စာအုပ် တွေ့(၁)မှ(၃၇)အထိ လှန်လှောရာဖွေ၊ ရေးသွင်းနေတာကို တွေ့ရပါတယ်။ ကျွန်တော်တို့လည်း တစ်ခါတရံ နားလည်အောင်ဝင်လုပ်ကြည့်ပါတယ်။

ပထမသတင်းပေးတိုင်တန်းချက်၊ မှတ်ပုံတင်(၂၀)ကို စာရေးကြီးက အဓိကထားလုပ်တာလည်း တွေ့ရပါတယ်။ FIR ပထမသတင်းပေး တိုင်တန်းချက်ဟာ ရဲစခန်းဆိုင်ရာ မှတ်ပုံတင်များနှင့် ဆက်နွယ်နေပါတယ်။ အမှုဖွင့်ခိုန်မှ တရားစွဲတင်တဲ့အထိ ခါးမမဟုတ် ဝိတ်

www.burmeseclassic.com

www.burmeseclassic.com

သိမ်းတဲ့အထိ၊ ဒါမှမဟုတ် ပိတ်သိမ်းတဲ့အထိ ဆက်နွယ်နေတာပါ။ အောက်ပါအတိုင်းဖြစ်ပါတယ်။

(၁) မှတ်ပုံတင်(၄)၊ အရပ်ရပ်နေ့စဉ် မှတ်တမ်း။

(၂) မှတ်ပုံတင် (၂၁)၊ အမှုနေ့စဉ် မှတ်တမ်း။

(၃) မှတ်ပုံတင်(၅)၊ ဝရမ်းမပါဘဲ ဖမ်းမိသူ မှတ်ပုံတင် (တရားခံဖမ်းမိသည့်အခါ)။

(၄) မှတ်ပုံတင်(၆)၊ အချုပ်ထောင် မှတ်ပုံတင် (တရားခံဖမ်းမိသည့် အခါ)။

(၅) မှတ်ပုံတင်(၃၁)၊ ရာဖွေရန်လက်ပုံစံ စာရင်းမှတ်ပုံတင် (လက်ဖွေ ယူရသောအမှု ဖြစ်လျှင်)

(၆) မှတ်ပုံတင်(၃၂)၊ ရဲစာရာထမ်း။ အမှုထမ်းတို့ ဖမ်းဆီးရမိ(သို့) သိမ်းဆည်းယူသည့် ပစ္စည်းများနှင့် ပိုင်ရှင်မပေါ်သည့် ပစ္စည်းများ မှတ်ပုံတင် (သက်သေခံပစ္စည်း သိမ်းလျှင်)။

(၇) မှတ်ပုံတင်(၂၆)၊ **ခိုးယူ ပျောက်ဆုံးသော ပစ္စည်းစာရင်းမှတ်ပုံတင်** (ပစ္စည်းပျောက် ကြော်ငြာလျှင်)။

(၈) မှတ်ပုံတင် (၂၇)၊ ပျောက်ဆုံးသည့် ကျွဲ၊ နွား၊ တိရစ္ဆာန် မှတ်ပုံတင် (တိရစ္ဆာန် ပျောက်ကြော်ငြာလျှင်)။

(၉) မှတ်ပုံတင်(၂၄)၊ စွဲချက်စာအုပ် (တရားစွဲတင်လျှင်)။

(၁၀)မှတ်ပုံတင် (၂၃)၊ နောက်ဆုံး **အစီရင်ခံချက်စာအုပ်** (အမှုပိတ်သိမ်းလျှင်)။

(၁၁)မှတ်ပုံတင်(၁၆)၊ ချောစာပို့စာအုပ်။

*** *** ***

စွပ်ဖျက်ပြည့်စုံ စေ့စပ်သေချာ

ဂတ်စာရေးကြီးက မှတ်ပုံတင်(၁၆) ကို လည်းကိုင်လိုက်၊ လှန်လိုက်လုပ်နေတတ်တာ ကျွန်တော်တို့တွေမြင်ရပါတယ်။ ကျွန်တော်ကမူပေါ့ပေါ့တန်တန်ပဲ စဉ်းစားမိခဲ့ပါတယ်။ ဂတ်စာရေးကြီး မလိုအပ်တာလုပ်နေတာပဲ လို့ထင်မိတယ်။ အမှုတစ်ခုဟာ နောက်ဆုံးဘယ်မှာ အဆုံးသတ်သလဲဆိုတာ မှတ်ပုံတင် (၁၆)တွင်ပဲဖြစ်တာ သဘောပေါက်ပါတယ်။ စွဲတင်သလား၊ ပိတ်သိမ်းသလား၊ **လွှဲပြောင်းသလား**။ ဘယ်နေ့က တရားပို့သလဲ၊ ဘယ်နေ့က ပြန်နယ်မှူးပို့သလဲ၊ ဘယ်နေ့ကအခြားစခန်းလွှဲသလဲ ဆိုတာမှတ်ပုံတင်(၁၆)ကသက်သေခံနေတာပါ။ အလွန်စေ့စပ်သေချာတဲ့ ဂတ်စာရေးကြီးက မှတ်ပုံတင်(၁၆)ကို အလေးထားတာ ကျွန်တော်တို့များစွာ **သင်ခန်းစာရပါတယ်။ ဂတ်စာရေးကြီးရဲ့** တာဝန်ဟာ ဒီလောက်နှင့်မပြီးသေးပါဘူး။ အမှုတစ်ခု တရားစွဲတင်ခဲ့လျှင် တရားရုံးက ၁၂၅-က (ခေါ်) စွဲချက်ပြန်ရလျှင်၊ မှတ်ပုံတင်(၂၀)၊ မှတ်ပုံတင်(၂၄)၊ အမှုတွဲကာဘာတွေမှာ ရေးသွင်းတော့တာပဲ။

ပြီးပြတ်ချက်လာလျှင် မင်နီရေးသွင်းပါတယ်။ ပိတ်သိမ်းအမှုကို သက်ဆိုင်ရာရုံးမှပြန်ရလျှင် မှတ်ပုံတင်(၂၀)၊ မှတ်ပုံတင်(၂၃)၊ အမှုတွဲကာဘာ ပေါ်မှာ မင်နီနှင့်ရေးပါတယ်။ အမှု(၁)မှ(၁၀၀)အထိ တစ်စည်းချည်ပြီး ထိန်းသိမ်းတာလည်း တွေ့မြင်ရပါတယ်။ ဂတ်စာရေးကြီး လုပ်တာမှန်ပါတယ်။ ဒါမှပိတ်သိမ်းမှု ပြန်စစ်ဆေးတဲ့အခါ ဖြစ်ဖြစ်၊ အကြောင်းအမျိုးမျိုးကြောင့် ပြန်ရာရတဲ့အခါဖြစ်ဖြစ် အလွယ်တကူ ရာဖွေနိုင်မှာပါ။

ကျွန်တော်တို့ အမှုစစ်တွေ့လာတဲ့အခါ အမှုတွဲပျောက် တတ်ပါတယ်။ ဂတ်စာရေးကြီး လက်ထဲရောက်သွားလျှင်တော့ ပျောက်စရာအကြောင်း မရှိတော့ပါဘူး။ ဂတ်စာရေးကြီးက မှုခင်ပိုင်းကိစ္စတွေ ပြည့်ပြည့်စုံစုံ ဆောင်ရွက်ထားတာပို့ စခန်းမှူးလည်းစိတ်ချမ်းသာတာတွေ့မြင်ရပါတယ်။ ဂတ်စာရေးကြီးက ကျွန်တော်တို့ အမှုစစ်များကိုလည်း ခေါ်ခေါ်ပြောတာ တွေ့ရှိပါတယ်။

စောစောပိုင်းမှာ ကျွန်တော်တို့ အပိုလုပ်ငန်းလို့ ထင်မိပါတယ်။ အမှုနေ့စဉ်မှတ်တမ်း ပြတ်နေတာတွေ့၊ **သက်သေခံ ပစ္စည်းသိမ်းဖို့ကျန်နေတာ**တွေ့၊ တရားခံ ရီမန်ကုန်နေတာတွေ့၊ ရီမန်စေ့နေပေမယ့် တရားစွဲရန်ကျန်နေတာတွေ့ ဂတ်စာရေးကြီးက သတိပေးပါတယ်။ ပြဿနာမပေါ်အောင် အမှုတွေကို ပြောဆိုနေခြင်းပါပဲ။ ဂတ်စာရေးကြီးကိုကျေးဇူးတင်မိပါတယ်။ ဂတ်စာရေးကြီးက တိုင်ချက်စာအုပ်ကို နေ့

www.burmeseclassic.com

www.burmeseclassic.com

ကျွန်လောကြည့်ပြီး ဘယ်အမှုဘယ်လို ခြစ်နေတယ်ဆိုတာ သိနေတာပါ။

ဂတ်စာရေးက ဖင်မြဲမြဲထိုင်ပြီး အလုပ်လုပ်နေတဲ့အတွက် အထက် အရာရှိများ စခန်းကိုလာရောက်စစ်ဆေး ဆောမှု အဆင်သင့်ဖြစ်နေတာလည်း ဆွေးရပါတယ်။ ဂတ်စာရေးကြီးက နံနက် ၈ နာရီ စခန်းမှူးထံ မဖြစ်မနေတင်ပေး နေတဲ့ မှတ်ပုံတင်စာအုပ် တွေရှိပါတယ်။

(၁) မှတ်ပုံတင်(၄)
(၂) မှတ်ပုံတင်(၂၀)
(၃) မှတ်ပုံတင်(၅)
(၄) မှတ်ပုံတင်(၆)
(၅) မှတ်ပုံတင်(၂၃)
(၆) မှတ်ပုံတင်(၂၄)။

စခန်းမှူးကိုလည်း ဂတ်စာရေးကြီး ရှင်းပြပါတယ်။ စခန်းမှူးကစစ်ဆေး သက်မှတ်ထိုး။ ညွှန်ကြားတာတွေရှိပါ တယ်။ ဂတ်စာရေးကြီး ဆက်လက် အကောင်အထည်ဖော်ပါတယ်။ စခန်းမှူး သိသင့်သိထိုက်တာတွေကို ဂတ်စာရေး ကြီးက အနီးကပ်ပြောဆို နေတာလည်း တွေ့မြင်ရပါတယ်။ စခန်းမှူးအနေနဲ့ ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်တဲ့ ကိစ္စတွေမျက်ခြေပြတ် မသွားတော့ဘူး လေ။ ဒါကြောင့် စခန်းမှူးဟာဂတ်စာရေး ကောင်းကို အကျိုးအနယ် ရွေးချယ်ကြ တာကိုး။

ကျွန်တော်တို့ အမှုစစ်များ "စီဒီ" ပြတ်နေတာကိုဂတ်စာရေးကြီးက မှတ်ပုံ တင်(၂၀)နှင့်ထောက်တာတော်တော် သဘောကျဖို့ကောင်းတယ်။ ဂတ်စာရေး ကြီးရဲ့ပညာ၊ စေ့စပ်မှုတွေက အားလုံးကို အကျိုးရှိနေတာပါ။ ဂတ်စာရေးကြီးထံ တိုင်ပင်တဲ့အမှုမှာ အကျိုးပိုရှိတတ် ပါတယ်။

*** *** ***

မျိုးဆက်သစ်

ရဲစခန်းမှာ ဂတ်စာရေးကြီးက တပ်ဖွဲ့ဝင်များအပေါ် မိခင်သဖွယ် စိမံ ဆောင်ရွက်နေပါသေးတယ်။ တပ်ဖွဲ့ဝင် တွေရဲ့ သားရေး၊ နာရေး၊ လူမှုရေးတွေကို စေတနာရှေ့ထား လုပ်ပါတယ်။ ရဲဘော် တွေ လူတော်လူကောင်းဖြစ်အောင်၊ လိမ္မာရေးခြားရှိအောင် သွန်သင်ဆုံးမ ပေးနေတာ ထိန်းကျောင်းပေးနေတာ ကျွန်တော်တို့ တွေ့မြင်ရပါတယ်။

ရိုက်တန်ရိုက်၊ ဆူတန်ဆူနေတတ်ပါ တယ်။ ငယ်သားတွေရဲ့ ချစ်ကြောက် ရိုသေတဲ့ အပြင် ဂတ်စာရေးကြီးကို အားကိုးကြတာတွေ့ရပါတယ်။ ဂတ်စာ ရေးကြီးဟာ မှတ်ပုံတင်များ ထိန်းသိမ်း တဲ့အပြင် အစီရင်ခံစာတွေနှင့်ပတ်သတ် ပြီး နေ့စဉ်၊ အပတ်စဉ်၊ လစဉ်၊ လေး လချုပ်၊ နှစ်ချုပ်တွေဆိုတာ အချိန်နှင့် တပြေးညီ ဆောင်ရွက်နေပါတယ်။

ခဲတံတိုခေါ် အကူစာရေးကိုလည်း မျိုးဆက်သစ် မွေးထုတ်နေပါသေးတယ်။ အကူစာရေးဂတ်စာရေးကြီးက တဖွဖွ ပြောပြီးခိုင်းနေတော့တာပဲ။ ကြက်ဥ ကလေးဥပေးပြီးကြက်ကလေးအကောင် ပေါက်အောင်၊ ကြီးထွားအောင် လုပ်ပေး နေတာပါ။

ရဲစခန်းတစ်ခုမှာ ဂတ်စာရေးက လုပ်ငန်းကျွမ်းပြီး အတွေ့အကြုံရင့်ကျက် တာကြောင့် အစစအရာရာ စိတ်ချရပါ တယ်။ ရဲစခန်းပျော့ကွက်၊ ဟာကွက် နည်းပါးနေတာဖြစ်ပါတယ်။ စခန်းမှူး အနေနဲ့ စိတ်ချယုံကြည်ရုံမကပါဘူး၊ လက်ခမောင်းခတ် နေနိုင်ပါတယ်။

ကျွန်တော်တို့ ရဲဖြစ်တဲ့ခိုန် "ရဲတပ် ကြပ်ကြီး/စာရေး" ရာထူးဝင်ပေါက် တစ်ခုတိုးလာပါတယ်။ ဆယ်တန်း (က) (ခ)အောင်တဲ့သူ သင်တန်းပေးပြီး ရဲထဲ ခေါ်တာဖြစ်ပါတယ်။ တကယ် တာဝန် ထမ်းဆောင်တဲ့အခါ ဂတ်စာရေးကြီး လိုမျိုး ဘယ်မှာလုပ်နိုင်ပါ့မလဲ။

မင်္ဂလာတောင်ညွန့် ရဲစခန်းမှာ လက်တွဲလုပ်ခဲ့တဲ့ ဂတ်စာရေးတွေထဲက ဆရာဦးလှထွန်းမှာ သွေးတိုးရောဂါဖြင့် သေဆုံးသွားပြီးဖြစ်ပါတယ်။ ဆရာကြီး အောင်တုကရဲအရာခံဖြင့် အငြိမ်းစားယူ ခဲ့ပါတယ်။ ယခုအသက် ၇၄ နှစ်ရှိပြီး ဒဂုံ(မြောက်)၊ (၃၄)ရပ်ကွက်ဈေးမှာ ကျန်းကျန်းမာမာဖြင့် ဈေးရောင်း နေတုန်းပါ။ ဒီနေ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာ ဂတ်စာရေးမျိုးဆက်သစ် ပေါ်ပေါက်လာဖို့ လိုအပ်ပါတယ်။ လက်ရှိဂတ်စာရေးကြီး တို့လို လုပ်နိုင်အောင် မီးကုန်ယမ်းကုန် ကြိုးစားအားထုတ် သင့်တယ်လို့ ကျွန်တော် ထင်မြင်ယူဆပါတယ်။ တပ်ဖွဲ့ဝင်များ အဆင်ပြေကြပါစေ။

တိုးမြင့်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဘဂုပ် ခုနစ်၊ ရာသီဥတုက ပူပြင်းခြောက်သွေ့သော နွေဥတု၊ အထက်အညာဒေသရဲ့ ဂိမာန္ဓရာသီမှာ ကျွန်ုပ် မန္တလေးရဲသိပ္ပံဌ်အမှုစစ်အရာရှိသင်တန်းတက်ရောက်နေချိန်ဖြစ်သည်။ စနေ၊ တနင်္ဂနွေသင်တန်း နားရက်ဖြစ်စေ (OUT PASS) ခေါ်ပြင်ထွက်ခွင့်ရသော ဒုန္ဒုမြစ်သည်။ စာထဲတွင်သာ ဖတ်ဖူးသော (မင်းဖြူမုန်မုန်ပြော)ဆိုသည့် မင်းကွန်းခေါင်းလောင်းကြီးဆီကို သွားရောက်လေ့လာလိုသော်လည်း သင်တန်းအတူတက်ဖော် တက်ဖက်ဖြစ်သော ကိုဝင်းအောင်နှင့် အဖော်ညှိပြီး မန္တလေးမြို့ထဲသို့ထွက်ခဲ့ကြသည်။ မင်းကွန်းခေါင်းလောင်းကြီးဆီသို့ သွားဖို့လမ်းမကျွမ်းတော့ လမ်းကွေ့တဲ့လူတွေကို မေးမြန်းသွားခဲ့ကြရာ (ဂေါဝိန်ဆိပ်ကမ်း)မှ မင်းကွန်းဆီထွက်သည့် စက်လေတွေရှိကြောင်းပြောသဖြင့် ကျွန်ုပ်တို့သုဝဏ်ချင်းနှစ်ယောက် (ဂေါဝိန်ဆိပ်ကမ်း)သို့ ကားနှင့်သွားခဲ့ကြသည်။ ဂေါဝိန်ဆိပ်ကမ်းသို့ရောက်သည့်အခါ မင်းကွန်းသို့သွားမည့် စက်လေကို မေးမြန်းစုံစမ်းခဲ့ကြရပြန်သည်။ ထိုအချိန် ကျွန်ုပ်တို့အနောက်မှ အမျိုးသမီးတစ်အုပ် စကားသံကြား၍ လှည့်ကြည့်လိုက်ရာ အသက် (၁၀)နှစ်ကတစ်ယောက်၊ အသက် (၂၅)နှစ်ခန့်ကတစ်ယောက်နှင့် ဆယ်ကျော်သက် မိန်းကလေးနှစ်ယောက်၊ ပေါင်း လေးယောက်ကိုတွေ့လိုက်ရသည်။ ဒီလိုနှင့် ကျွန်ုပ်ကစ၍ မင်းကွန်းသွားမည့် စက်လေကို စပ်စုမေးမြန်းလိုက်ရာ၊ အသက်အကြီးဆုံးအမျိုးသမီးက (ခင်ဗျားတို့ အဲဒီကိုသွားမလို့လား ကျွန်တော်တို့လည်း သွားမလို့ဘဲ၊ ကျွန်တော်တို့နဲ့လိုက်ခဲ့ပါ)ဟု ခေါ်ဆဖြင့် အဆင်ပြေသွားခဲ့သည်။ ၎င်းတို့လေးယောက်နှင့်အတူ ကျွန်ုပ်တို့သုဝဏ်ချင်းနှစ်ယောက် မင်းကွန်းသွားမည့် စက်လေပေါ်သို့ အတူရောက်သွားခဲ့ကြသည်။ ကျွန်ုပ်တို့ စက်လေပေါ်ရောက်ပြီး မကြာခင်မှာပဲ မန္တလေး ဂေါဝိန်ဆိပ်ကမ်းမှ စက်လေ ထွက်ခွာပါတော့သည်။

တစ်နာရီခန့် ကြာသောအခါ တစ်ခါမှ မရောက်ဘူးသော မင်းကွန်းသို့ ရောက်ရှိခဲ့သည်။ ထိုဆိပ်ကမ်း၌ ထမင်းဆိုင်များ၊ စားသောက်ဆိုင်များ ရှိနေကြပြီး အချိန်မှာလည်း နေ့ (၁၂)နာရီခန့် ရှိပြီဖြစ်၍ ကျွန်ုပ်တို့ သူငယ်ချင်းနှစ်ယောက် နံနက်စာ ထမင်းဝယ်စားကြပါသည်။ အမျိုးသမီး လေးယောက်အုပ်စုလည်း ထမင်းစားနေကြသည်ကို တွေ့နေရသည်။ ထိုဆိပ်ကမ်းနှင့် မနီးမဝေးတွင် (မင်းကွန်းလူအိုဂုံ)ရှိနေသည်ကိုသိရ၍ ထမင်းစားသောက်ပြီး ဆောသွားရောက်ကြည့်ရှု လေ့လာခဲ့ကြသည်။ ကျွန်ုပ်တို့နှင့် မတူမတန်တွင်ရှိနေ

www.burmeseclassic.com

www.burmeseclassic.com

သော အမျိုးသမီးအုပ်စုဆီ လှမ်း၍ ခေါင်းလောင်းကြီးဘယ်မှာလဲ မေးလိုက်သည်။ ထိုအခါ အသက်အစိပ်လောက် ရှိမည့် ခပ်ချောချော အမျိုးသမီးက ခေါင်းလောင်းကြီးက ဒီမှာမဟုတ်ဘူး ရှေ့ကိုသွားရဦးမယ်ဟု သွက်လက်စွာ ပြန်ဖြေခဲ့သည်။ ဒီလိုနှင့် ကျွန်ုပ်တို့ နှစ်ယောက်လည်း ဘုန်းတို့ လေးယောက် နှင့်အတူ ခေါင်းလောင်းကြီးဆီ ခြေလျင် ခရီးဖြင့် ဖုန်တထောင်းထောင်း နေပူ ကျဲကျဲအောက်မှာ အတူသွားခဲ့ကြသည်။

အသက်အစိတ်လောက် အမျိုးသမီးကစ၍ ကျွန်ုပ်တို့ကို မေးခွန်းတချို့ မေးပါတော့သည်။

"ခင်ဗျားတို့ကြည့်ရတာ အောက်သားတွေနဲ့တူတယ်၊ ဟုတ်တယ်မဟုတ်လား"

အောက်သားဆိုတာ အညာသူ အညာသားတွေက ရန်ကုန်သားတွေကို ခေါ်ပြောလေ့ရှိသည့် စကားပါပဲ။ ကျွန်ုပ်ကလည်း ဟုတ်ပါတယ်ဟု ပြန်ဖြေလိုက်ပါသည်။ အဲဒီအချိန်ကစပြီး ကျွန်ုပ်တို့ နှစ်ယောက်နှင့် ဘုန်းတို့ လေးယောက်တို့မှာ ခရီးသွားဖော် မိတ်ဆွေတွေ ဖြစ်သွားကြသည်။ စကားတွေဖောင်နေအောင် ပြောဖြစ်ခဲ့ကြသည်။ ရန်ကုန်က အကြွား။ မန္တလေးက စကားဆိုသည့် အတိုင်းပါပဲ၊ ကျွန်ုပ်၏သူငယ်ချင်းမှာ စကားအင်မတန်နည်း၍ စကားဝိုင်း၌ ပါရိခြင်းမရှိ၊ တေမိမင်းသားဘွဲ့သို့ လိုက်ပါခဲ့သည်။ အမျိုးသမီး လေးယောက် အဖွဲ့မှ ဆယ်ကျော်သက် နှစ်ယောက်က ကလေးဝိုဝိ ဟိုင်း ဒီင်းနှင့် ငှင်းတို့ အချင်းချင်းသာ စကားတွေတွတ်ထိုးနေကြသည်။ အသက် ၃၀ ခန့်အမျိုးသမီးက ကလေးနှစ်ယောက်နှင့်အတူ စကားပြောရင်းသွားနေကြ၍ ကျွန်ုပ်နှင့် အသက် အစိတ်ခန့်အမျိုးသမီးတို့သာ စကားပြောဖြစ်နေကြသည်။ သူငယ်ချင်းကအလိုက်သိစွာ ရှေ့ကနေ ခြေနှစ်လှမ်း အကွာကသွားနေ၍ ကျွန်ုပ်တို့ကသီးခြားအတွဲတတွဲဖြစ်နေသည်။

ကျွန်ုပနှင့် စကားပြောသော အမျိုးသမီးမှာ အသားဖြူ၊ မျက်ခုံး မျက်ဖန်ကောင်းကောင်း၊ နာတံပေါ်ပေါ်၊ ပိတုန်းရောင်ဆံကေသာနက်မောင်၍ ဒူးခေါင်းခွက်ကိုကျော်ပြီး ခြေသလုံးထိ ရှည်လျားစ်။ ကိုယ်လုံးအမျိုးအစားက ပန်းပုဆရာလက်ရာ ကောင်းကောင်းဖြင့် ထုဆစ်ထားသကဲ့သို့ အဖုအထစ်တွေက သူနေရာနှင့်သူ၊ ကြော့ကြော့မော့မော့ လေးလုပသူဖြစ်ကြောင်း သတိထားမိသည်။

"နေပါဦး ခင်ဗျားတို့က ကျွန်တော်တို့ကို အောက်သားတွေလားမေးပြီးတော့ ခင်ဗျားတို့ကရော ဘယ်အရပ်သားတွေလဲ"

ကျွန်ုပ်က မေးလိုက်သည်။ အမျိုးသမီးကလည်း ပြန်ဖြေသည်။

"ကျွန်တော်တို့က မန္တလေးသူ စစ်စစ်တွေပါပဲ။ ခင်ဗျားတို့ ဘာအလုပ်လုပ်သလဲ"

အမျိုးသမီးက ကျွန်ုပ်၏အမေးကို ဖြေပြီး တစ်ဆက်တည်း ကျွန်ုပ်တို့၏ အလုပ်အကိုင်ကိုပါ စပ်စပ်စုစုမေး ပြန်သည်။ လက်တစ်ကမ်းကွာ လှမ်းလျှောက်နေသော သူငယ်ချင်းကို မသာလက်လှမ်းကုပ်လိုက်ပြီး အမျိုးသမီး၏ မေးခွန်းကိုပြန်ဖြေလိုက်သည်။

"ကျွန်တော်တို့အလုပ်က ခင်ဗျား ယုံလို့ပြောရမှာဖြစ်ပေမယ့် ဥပမာ မလွတ်ကင်းလို့ ခပ်လန့်လန့်ပဲ၊ ခင်ဗျား နှုတ်လုံပါစေ၊ ကျွန်တော်တို့အလုပ်က ဆေးခြောက်နဲ့ ဘိန်းစိမ်းနယ်လှည့် အရောင်းအဝယ်လုပ်နေတာပါ။ အနည်းနည်းပါလာတယ် ယူမယ့်လူကိုတိုးတိုးတိတ်တိတ် စပ်ပေးပါလား"

အမျိုးသမီးက ကျွန်ုပ်စကားကြားလိုက်တော့ ဆတ်ခနဲ ကျွန်ုပ်မျက်နှာကို သေသေချာချာမော့ကြည့်လိုက်သည်ပြီးတော့ သူ့သားနှားက အမျိုးသမီးဖက်လှည့်ကာ -

"ဟေ့ ဟေ့ ဒီအောက်သားတွေကြည့်ရတာ ဆေးခြောက်ရောင်းတဲ့လူတွေနဲ့မတူဘူး၊ ကေန့်တော့ ခြောက်ရောင်းတဲ့သူတွေကို ဖမ်းဆီးဒိုးတွေနဲ့တူတယ်။ သတိထားစကားများမှဖြစ်မယ်"ဟု ပြောလိုက်သည်။ ထို့နောက် ကျွန်ုပ်ကလည်း -

"ခင်ဗျားတို့ကော ဘာအလုပ်လုပ်ကြသလဲ"

"ကျွန်တော်တို့က ဆေးလိပ်နေစားဆေးလိပ်သမတွေပါ"

"ခင်ဗျားပုံက ရိုးနဲ့ မိုးနဲ့ ရုပ်ရှင်မင်းသမီးပုံဆိုတော့ ဆေးလိပ်ပုံတော့မဖြစ်နိုင်ဘူး။ တမင်သက်သက်

www.burmeseclassic.com

www.burmeseclassic.com

လိမ်ပြောနေတာပါ။ ဆေးလိပ်ခုံဝိုင်ရှင် သူဌေးသမီးပဲဖြစ်ရမယ်။

"အင်း ခင်ဗျားက သူများကိုတော့ ပြောတယ်၊ ခင်ဗျားပုံကရော ဆေးခြောက်ရောင်းတဲ့ လူနဲ့မှမတူတာ"

"ဒါက ဒီလိုရှိပါတယ်၊ နွမ်းနွမ်းဖတ် ဖတ်ပုံနဲ့ဆိုရင် ရဲက မသက်ာ ရှိပ်မိမှာ စိုးလို့ ရဲမသက်ာ မဖြစ်ရအောင် ရဲ အထင်ကြီးအောင် ဝတ်ရစားရတာပေါ့ ဗျာ၊ အလုပ်သဘောပါဗျာ"

"အင်း အင်း ယုံချင်စရာပဲ၊ ယုံပေးလိုက်မယ်နော်"

အမျိုးသမီးက မခို့တရို့အပြုံးနှင့် ခနဲ့တဲ့တဲ့ပြောရင်း ကျွန်ုပ်ကို မျက်လုံးထောင့်ကပ်ကြည့်ပြီး ပြောလိုက်သည်။ ကျွန်ုပ်တို့နှစ်ယောက်နှင့် တိုအမျိုးသမီး အုပ်ကြားမှာ လျှို့ဝှက်ချက်တွေရှိနေကြပြီး သူဘယ်သူလဲ၊ ကိုယ်ဘယ်သူလဲ ဆိုတဲ့ ဇစ်မြစ်အမှန်ကို မြှုပ်ကွယ်ထားကြပြီး တစ်ယောက်နဲ့တစ်ယောက် အကဲခတ်ရင်း သူစကား ကိုယ်မယုံ၊ ကိုယ့်စကားသူမယုံဖြစ်နေကြသည်။ နေ့လယ် (၁)နာရီခန့် နေကလည်း ပူပြင်းသလို လျှောက်နေရသည့် လမ်းကလည်း ဖုန်တထောင်းထောင်းထနေပေမယ့် ဒါတွေကို သတိမထားမိကြဘဲ ကိုယ့်အတွေးနှင့်ကိုယ် လျှောက်နေခဲ့ကြသည်။ အဲဒီလို အတွေးကိုယ်စီလျှောက်လိုက်၊ စကားပြောလိုက်နှင့် (မင်းဖြူမုန့်မုန့်ပြော)ဆိုသည့် မင်းကွန်းခေါင်းလောင်းကြီးဆီသို့ ရောက်ခဲ့ကြပါတော့သည်။

ကျွန်ုပ်တို့ သူငယ်ချင်း နှစ်ယောက်လည်း တစ်ကြိမ်တစ်ခါဖူးမျှ မရောက်ဖူးခဲ့သော မင်းကွန်းခေါင်းလောင်းကြီးကို လှည့်ပတ်ကြည့်၊ ခေါင်းလောင်းကြီး အောက်ဝင်ကြည့်၊ ခေါင်းလောင်းကြီး ထိုးကြည့်ကြသည်။ ကျွန်ုပ်တို့နည်းတူ အမျိုးသမီးအဖွဲ့ကလည်း ခေါင်းလောင်းထိုးကြည့်ကြသည်။ ထိုအချိန် စကားမပြောဖြစ်ကြတော့ပါ။ နေပူကျဲကျဲ ဖုန်တထောင်းတောင်း လမ်းလျှောက်ခဲ့ကြရ၍ ခရီးပမ်းပြီး ခေါင်းလောင်းကြီးတန်ဆောင်းထဲမှာ ကိုယ့်အစုနှင့်ကိုယ် ခေတ္တထိုင် အနားယူရင်း ကိုယ်စီအတွေးနှင့်နေခဲ့ကြသည်။ တအောင့်လောက်ကြာတော့ အမျိုးသမီးကြီးက (အချိန်သိပ်မရှိဘူး၊ စက်လေအပြန်မီအောင် ပြန်ကြစို့)သတိပေးပြောလိုက်တော့မှ အတန်ကြာငြိမ်နေရာက လှုပ်လှုပ်ရှားရှားဖြစ်လာပြီး အလာခရီးမှာကဲ့သို့ အပြန်ခရီးမှာလည်း အမျိုးသမီးငယ်နှင့် ကျွန်ုပ်တို့အတွဲသာ စကားတပြောပြောနှင့်ပြန်ခဲ့ကြသည်။ အမျိုးသမီးငယ်က ရုတ်တရက် ကျွန်ုပ်အား -

"ခင်ဗျားတို့နာမည် ဘယ်လိုခေါ်သလဲ" မေးလိုက်တော့ ကျွန်ုပ်လည်း အမှတ်မဲ့ ဘာပြောရမှန်းမသိဘဲ၊ ကျွန်ုပ်တို့၏ နာမည်အမှန်များကို ပြောမိလိုက်သည်။ အမျိုးသမီးကလည်း သူ့နာမည် (နန္ဒအောင်)ဖြစ်ကြောင်း၊ မန္တလေးမြို့ပမျက်ပါးရပ်မှာနေကြောင်း၊ အားသည့် အခါအလည်လာနိုင်ကြောင်း ပြောပါသည်။ ထို့နောက် အမျိုးသမီးက ကျွန်ုပ်အား -

"ခင်ဗျားပွဲကြည့်တာ ဝါသနာပါလား။ ပွဲကြည့်မယ်ဆိုရင် မနက်ဖြန်ည ကျွန်တော်တို့မျက်ပါးရပ်မှာ (သိန်းတန် အဇ္ဈိမ့်)ကလိမ့်မယ်၊ ခင်ဗျားတို့လာပါလား၊ လာမယ်ဆိုရင် ကျွန်တော် ကုလားထိုင် သုံးနေရာလုပ်ထားပေးမယ်၊ လာမယ်ဆိုရင် ည (၈)နာရီလောက် အရောက်လာခဲ့ပေါ့၊ ဘယ်လိုလဲ လာမှာလား" ကျွန်ုပ်အနီးရှိ သူငယ်ချင်း တေမိမင်းအား "ဘယ်လိုလဲ မနက်ဖြန်ည ပွဲကြည့်မှာလား"ဟု အဖော်ညီမေးလိုက်သည်။ ကျွန်ုပ်ကတော့ အမှန်တကယ် ပွဲကြည့်လိုသည်။ မနေ့ကသာဖြင့် (မနန္ဒအောင်)နှင့်အတူ ပွဲကြည့်ရမှာဆဲတော့ စိတ်ထဲမှာ ကြိတ်ပျော်နေမိသည်။ သူငယ်ချင်း တေမိမင်းက လေကုန်မှာစိုး၍ ပါးစပ်က အသံထွက်မလာဘဲ၊ ခေါင်းကလေးညိတ်ပြသဖြင့် ပွဲကြည့်ရန် သဘောတူကြောင်း သိရပါသည်။

"ကဲ···မနန္ဒအောင်ရေ ကျွန်တော်တို့နှစ်ယောက် မနက်ဖြန်ည (၈)နာရီ အရောက်လာခဲ့မယ်။ မနန္ဒအောင်သာခံနေရာစီစဉ်ဖြစ်အောင် စီစဉ်ထားပေးပါ"

"ကောင်းပြီလေ၊ ခင်ဗျားတို့ ဆက်ဆက်လာဖြစ်အောင် လာခဲ့ပါ။ ခုံသုံးလုံး စီစဉ်ထားပါ့မယ်"

ပွဲကြည့်ဖို့ အစီစဉ် အပြီးသတ်ညှိနှိုင်းပြီးသွားရော ကျွန်ုပ်တို့အဖွဲ့လည်း မင်းကွန်းဆိပ်ကမ်းသို့ ပြန်ရောက်ရှိခဲ့ကြသည်။ မန္တလေးသို့ ထွက်မည့်စက်လှေပေါ်မှာ ခရီးသည်တချို့ ရောက်

www.burmeseclassic.com

www.burmeseclassic.com

မည့်အချိန်ကိုသာ စိတ်စောကာ ဘယ်နေရာက ရောက်လာပါ့မလဲဆိုပြီး ဟိုဟို ဒီဒီငေးမောနေမိသည်။ တဖြည်းဖြည်း ညဉ့်နက်လာသည်နှင့်အမျှ အငြိမ့်ဆိုင် ဝိုင်းကြီးကလည်း မြည်ဟည်းနေသည့် ခဲသုံးလုံးကို အစွန့်ခံဉ့် သူငယ်ချင်းက ထိုင်စေ၍ ကျွန်ုပ်က အလယ်ခံဉ့်ထိုင်ပါသည်။ ဒါမှ ကျန်အစွန်တစ်လုံးက ကျွန်ုပ်နှင့် ကပ်လျက် မနုနအောင်ထိုင်ပြီးပွဲကြည့်ရန် အကြဖြင့် နေရာယူခဲ့ခြင်းဖြစ်သည်။ ဇာတ်ခုံပေါ်တွင် ရှေထွက်မင်းသမီးပင် ထွက်လျက်ရှိနေပြီဖြစ်သည်။ မနုနအောင်တစ်ယောက် မသာသေးပါ။ ရှေထွက်မင်းသမီးကလည်း ကွေးနေအောင် ကနေသလို ဆိုင်းဝိုင်းကြီးကလည်း တခြိမ်းခြိမ်းမြည်ဟည်း လျက်ရှိနေပြီဖြစ်သည်။ လူပြက်ဦးကလည်း ပြက်လုံးထုတ်လိုက် မင်းသမီးက ကလိုက်နှင့် ည (၉)နာရီခွဲတော့မည်။ မနုနအောင်တစ်ယောက် မသာသေးပါ။ ကျွန်ုပ်ရင်တွေ့ ပလောင်ဆူနေပါပြီ။ ပွဲကိုလည်း လုံးဝစိတ်မဝင်စားတော့ပါ။ လူပြက်တစ်ဦးက ရှေထွက်မင်းသမီးနှစ်ယောက် ကပြီးသွားသည့်အခါ ပြက်လုံးထုတ်ရင်း (အခုအချိန်ကတော့ ကျွန်တော်တို့ သိန်းတန်အငြိမ့်သားကြီး၏ နောက်ဆုံး ခေါင်းဆောင်မင်းသမီးချောလေး မနုနအောင် ထွက်တော့မယ်ခင်ဗျား)လူပြက် ပြောသွားတာကို ကျွန်ုပ် လုံးဝနားထဲ သဲသဲကွဲကွဲမကြားပါ။ လူပြက်ပြောနေသည့် စကားတွေကိုလည်း လုံးဝစိတ်မဝင်စားမိ

ကျွန်ုပ်လည်း ရေမိုးချိုး အဝတ်အစားလဲကာ သူငယ်ချင်းနှင့်အတူ ရဲသိပ်ကနေ ထွက်ခဲ့ကြပါတော့သည်။ တစ်နယ်သား နယ်မကျွမ်းလေတော့ လမ်းတစ်လျှောက် တွေ့သမျှလူတွေကို မျက်ပါးရပ်မေးလာခဲ့ကြရာ ည (၇)နာရီထိုးခါနီးမှာ မျက်ပါးရပ်နှင့်အတူ မီးရောင်ထိန်လင်းနေသည့် ပွဲခင်းထဲသို့ ရောက်ခဲ့ပါသည်။ ခရိုင်းထားသည့် ဇာတ်ခုံ ညာဖက်ထောင့်သို့သွားပြီး မနုနအောင်ကို ဟိုင်း ဒိုင်း ရှာနေကြစဉ် အသက်ကြီးကြီး လူကြီးတစ်ယောက်က ကျွန်ုပ်နှင့်လက်ကို ဖမ်းဆွဲလိုက်ပြီး (ဆရာတို့က မနုနအောင် ခိုန်းထားတဲ့ ညည့်သည်တွေထင်တယ်)ဟု မေးပါသည်။ ကျွန်ုပ်ကလည်း ဟုတ်ပါကြောင်း ဝမ်းသာအားရ ပြန်ပြောလိုက်သည့်အခါ အဘိုးကြီးက သူနောက်လိုက်ခဲ့ပါဟု ခေါ်၍ ကျွန်ုပ်တို့ လိုက်သွားခဲ့ကြပါသည်။ ဇာတ်ခုံနှင့် အတော်နီးကပ်သော နေရာသို့ရောက်သောအခါ ပက်လက်ကုလားထိုင် သုံးလုံးခင်းထားသည်ကို တွေ့လိုက်ရတော့ မနုနအောင် အမှန်တကယ် ကတိတည်တာပဲဆိုပြီး စိတ်ထဲက ကြိတ်ပြီး ဝမ်းသာနေမိသည်။ အဘိုးကြီးက (ဆရာတို့ဒီခုံမှာ ထိုင်နေကြပါ။ မနုနအောင်က အလုပ်ကိစ္စလေးနည်းနည်းရှိနေလို့ နောက်ကျမည်ဖြစ်ကြောင်း။ လာဖြစ်အောင် လာမည်ဟု မှာထားခဲ့ကြောင်း။ အဘိုးကြီးကပြောပြီး ကျွန်ုပ်တို့အနီးမှ ထွက်သွားပါသည်။ ကျွန်ုပ်လည်း မနုနအောင် ရောက်လာ

နေတာ တွေ့လိုက်ရသည်။ ကျွန်ုပ်တို့ အပွဲအားလုံး မန္တလေးသို့ စက်လှေဖြင့် လိုက်ပါခဲ့ရာ တစ်နာရီခန့်ကြာသည့်အခါ မန္တလေး ကြိုဝိန်ဆိပ်ကမ်းသို့ ပြန်လည် ရောက်ရှိခဲ့ကြပါတော့သည်။ ကျွန်ုပ်တို့နှင့် မနုနအောင်တို့လည်း ခွဲခါနီးမှာ မနက်ဖြန်ည (၇)နာရီ မမေ့နဲ့နော်၊ ဆက်ဆက်လာဖြစ်အောင် လာခဲ့ကြပါ။ ကျွန်တော် မျော်နေမယ်ဟု မနုနအောင် ပြောပြီး ကားပေါ်တက် ထွက်ခွာသွားကြပါတော့သည်။ မနုနအောင် ပါသွားသောကားကို မျက်စိတဆုံး ငေးကြည့်ကျန်ခဲ့ရင်း(ကျွန်တော်မျော်နေမယ်နော်) ဆိုသည့် မနုနအောင်၏ ချိုမြိန်လှသည့် အသံကလေးကိုကြားယောင်နေမိသည်။ မနုနအောင်မှာ ရုပ်ချောသလောက် အသံကလည်း ဆည်းလည်းသံကလေးလို နားဝင်ချိုလှသည်။ မိန်းမချောကလေးတစ်ယောက်က မနက်ဖြန်ပွဲကြည့်ဖို့ ခိုန်းထားခဲ့တော့ ချက်ချင်းပင် မနက်ဖြန်ရောက်စေချင်နေသည်။

ကျွန်ုပ်လည်း တစ်ညလုံး အတွေးတွေချာချာလည်ပြီး အိပ်ရာထဲမှာ ဟိုလူး ဒီလူးနှင့် နီးတစ်ဝက် အိပ်တစ်ဝက်ဖြင့် မိုးထိန်းထိန်း လင်းသွားခဲ့ရသည်။ မိုးလင်းလာပြန်တော့ မိုးမြန်မြန် ချုပ်ချင်လာပြန်သည်။ ဒါမှ မနုနအောင်နှင့်အတူတွဲပြီး ပွဲကြည့်ရမှာ မဟုတ်လား။ ဒီလိုနှင့် ကျွန်ုပ်၏ဆန္ဒ ပြည့်ဝစေဖို့ အသူရိန်နေမင်း နီနီကြီးလေ အနောက်ဂေါ်ယာကျွန်းကြီးပေါ် မေးတင်နေကာ အပူရိန်များလည်း လျော့နည်းသွားပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

လူအုပ်ထဲကိုသာ လှည့်ပတ်ကြည့်ရင်း မနန္ဒအောင်ကိုသာ ဖွေရှာငေးမောနေမိသည်။ ကျွန်ုပ်ဘေးတွင် ထိုင်နေသော သူငယ်ချင်းက အလိုက်ကမ်းဆိုးမသိ၊ ကျွန်ုပ်ပေါင်ကို ကုပ်ပြီး ခေါင်းဆောင်မင်းသမီး ထွက်တော့မည့်အကြောင်း ဆိုင်းသံတွေကြားက အော်ပြောနေပေမယ့် ကျွန်ုပ် လုံးဝစိတ်မဝင်စားနိုင်ခဲ့ပါဘူး။ ထိုအခါ သူငယ်ချင်းက (ဟေ့ လူကျုပ်ပြောတာကြားရဲ့လား)လို့မေးတော့ (ကြားသားပဲ၊ ဘယ်မင်းသမီး ထွက်ထွက် ကျုပ်စိတ်မဝင်စားဘူး။ နန္ဒအောင်အလာကိုသာ မျှော်နေတယ်)လို့ ပြန်ပြောတော့ (ဟေ့လူ-လူပြက်ပြောနေတဲ့ ခေါင်းဆောင်မင်းသမီး အမည်က မနန္ဒအောင်လို့ ပြောနေတယ်။ အဲဒါ ခင်ဗျားကြားသလားလို့ မေးနေတာ၊ ကျုပ်တို့ကို ချိန်းထားတဲ့ မနန္ဒအောင်မျိုး အငြိမ့်မင်းသမီးဖြစ်နေမလား မသိဘူး။ ဇာတ်ခုံပေါ် သေသေချာချာကြည့်နေဦး) သူငယ်ချင်းက သတိပေးစကားပြောတော့မှ ကျွန်ုပ်သတိရလာကာ သူငယ်ချင်းပြောသလို ဇာတ်ခုံပေါ် ကျွန်ုပ်မျက်လုံးတွေ ကျွတ်ထွက်မတတ် ငေးစိုက်ကြည့်နေမိသည်။

ည့်ခံဆိုင်းဝိုင်းကြီးက တခြိမ်းခြိမ်း အတီးရပ်သွားချိန် ခေါင်းဆောင်မင်းသမီး ထွက်လာပါတော့သည်။ ကျွန်ုပ် မျက်လုံးတွေ အားစိုက်ကြည့်ရလွန်းလို့ ပြာဝေနေပြီး မင်းသမီးမျက်နှာကိုသဲသဲကွဲကွဲ မမြင်နိုင်သေး၍ ဂရုစိုက်ကြည့်နေမိသည်။ ခေါင်းဆောင်မင်းသမီးမှာ ချိုမြိန်သောအသံနှင့် လူပြက်တွေအလယ်ကနေ ပရိသတ်ကြီးကို ပဋိသန္ဓာရစကားပြောရင်း ဇာတ်ခုံထောင့်မှာထိုင်နေသည့် ကျွန်ုပ်ဆီမျက်လုံးဝေ့ဝိုက်အကြည့်နှင့် ဆုံသွားပါသည်။ အဲဒီတော့ တစ်ချိန်လုံး ကျွန်ုပ်မျှော်နေသည့် မနန္ဒအောင်ဖြစ်နေပြီး သိန်းတန်အငြိမ့်သဘင်ကြီး၏ ခေါင်းဆောင်မင်းသမီးဖြစ်နေသည်ကို တွေ့လိုက်ရတော့ အံ့သြမှုနှင့်အတူ ဝမ်းသာပီတိဖြစ်သွားခဲ့ရသည်။ ရှေမင်းသမီးလေး နန္ဒအောင်ဟာ ဇာတ်ခုံပေါ်မှာ မမောနိုင်မပမ်းနိုင် ကပြအသုံးတော်ခံရင်း လူပြက်တွေနှင့် စကားပြောရင်း သူမျက်လုံးတွေက ကျွန်ုပ်တို့ဆီ မကြာခဏ လှမ်းကြည့်ရင်းပြုံးပြနေသည်။ အတန်ကြာ ကပြီးသွား၍ လူပြက်တွေပြက်လုံးထုတ်နေစဉ် မနန္ဒအောင် ဇာတ်ခုံနောက်သို့ဆင်းသွားသည်ကို တွေ့လိုက်ရသည်။ ကျွန်ုပ်လည်း ရုတ်တရက်ထလိုက်ပြီး ဇာတ်ခုံနောက်သို့ ချက်ချင်းထသွားခဲ့သည်။ ဇာတ်အဖွဲ့သားတွေနေသည့် ရုံထဲသို့ ကျွန်ုပ်ဝင်သွားလိုက်သည့်အခါ မနန္ဒအောင်ကို မျက်နှာချင်းဆိုင် ဘွားကနဲ တွေ့လိုက်ရတော့ ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားပြီး ဝမ်းသာကြည်နူးခဲ့ရသည်။

"ဘယ်နဲ့လဲ အခြေသတင်းကြီးတဲ့ ဆေးလိပ်သမ ရှေမင်းသမီးကြီးရဲ့"

ကျွန်ုပ်ကစ၍ နှုတ်ဆက်လိုက်သည့်အခါ မနန္ဒအောင်မှာ ကျွန်ုပ်အံ့အားသင့်သွား လောက်အောင် ပြန်လည်နှုတ်ဆက်လိုက်ပါသည်။

"ဟုတ်ပါတယ် ဆေးခြောက်ရောင်းတဲ့ဝိုင်းသမားကိုရွေးရဲ့အုပ်ကြီးရယ်"

မနန္ဒအောင်ရဲ့ ပြန်လည်နှုတ်ဆက်စကားကြောင့် ကျွန်ုပ်တို့အကြောင်း ဘယ်လိုများ သိသွားရသလဲဟု အံ့အားသင့်မိသွားသည်။

"ဘယ်နဲ့လဲကိုတော် သိပ်အံ့သြသွားသလား၊ နဟာ မန္တလေးသူပါလို့ပြောခဲ့သားပဲ၊ ရဲသိပ်ပွဲမှာ နရဲ့မောင်လေးတစ်ယောက်ရှိပါတယ်၊ ကိုတော်တို့ သူငယ်ချင်းနှစ်ယောက်အမည်ကို စုံစမ်းခိုင်းလိုက်တော့ ရန်ကုန်တိုင်းဒေသကြီးက သင်တန်းလာတက်နေတဲ့ ရဲအရာရှိတွေဖြစ်နေကြောင်း နအကုန်သိရတာပါ။ ကဲပါလေ ဒါတွေထားလိုက်ပါတော့၊ နကဖို့အချိန်ရောက်ခါနီးလို့ နသွားတော့မယ်နော်၊ မနက်ဖြန် ညနေ (၅)နာရီ (မန်းသီတာဥယျာဉ်က စောင့်နေပါ။ နကိုတော်ကို လာတွေ့ပါ့မယ်၊ အခုတော့ စကားပြောချိန် သိပ်မရလို့ နသွားတော့မယ်နော်"

အခြေသတင်းကြီးတဲ့ ရှေမင်းသမီးကလေးနဲ့ ဇာတ်ခုံပေါ်ပြန်တက်သွားပါတော့သည်။ ကဲ အခြေသတင်းကြီးတဲ့ ရှေမင်းသမီးကလေး နန္ဒအောင်နှင့် ကျွန်ုပ်အမှုစစ် အရာရှိတို့၏ နောက်ပိုင်း ဇာတ်လမ်းအခြေအနေ ဘယ်လိုလဲ ဆိုတာ စာရှုသူများကိုယ်တိုင် ဝေဖန်တွေးတောစဉ်းစားကြည့်ရင်း ပီတိသောမနုသ ဖြစ်နိုင်ကြပါစေကုန်သတည်း။

သတ္တဝါတွေ ကျန်းမာ ချမ်းသာကြပါစေ....

ဝေမြပြန့် သက်နိုင်

www.burmeseclassic.com

www.burmeseclassic.com

ပြည်နှင်ဒဏ်ခံရသော ကျေးဝတ်ဆရာမ

www.burmeseclassic.com

www.burmeseclassic.com

မိန်းမချောတစ်ဇယောက်
ကျားတစ်စီးနှင့်
လူစိမ်းတစ်ဦး

ဆွေမြင့်

တောအုပ်အတွင်း၌ သစ်ရွက်သစ်ခတ်များကို လေတိုးသံ၊ ငှက်ကျေးသာရကာတို့၏ မြည်ကြွေးသံ စသော သမားရိုးကျအသံများထဲတွင် ထူးထူးခြားခြား ထွက်ပေါ်လာသော အသံတစ်သံကြောင့် ဖိုးမောင် တအံ့တသြ ဖြစ်သွားပါသည်။

သူသည် မုဆိုးကျော် ပေတလူတို့နှင့်အတူ အမဲပစ်ထွက်ခဲ့သည်။ ဖိုးမောင်က သည်တောသည်နယ်မြေကို မကျွမ်းသေး။ သို့ရာတွင် သင်းကွဲပြောင်ကြီးတစ်ကောင်သည် သူမြင်ကွင်းထဲသို့ ဖြတ်ပြေးလာသည်။ ထို့ကြောင့် ဒူးလေးဖြင့် လှုပ်းပစ်လိုက်သည်။ ဓင်စစ်အားဖြင့် ပေတလူတို့အုပ်စုကို ရှောင်တိမ်းရင်း သူရှိရာဘက်သို့ ဒလဟောပြေးဝင်လာခြင်း ဖြစ်သည်။ ဒူးလေးတွင် မြားတံကပ်လျက် အသင့်ရှိနေသော ဖိုးမောင်က သင်းကွဲပြောင်တစ်ကောင်ကို ဘေးတိုက်တွေ့လိုက်ရသည်တွင် ရုတ်တရက်ထိုးချိန်ရန်ပင် အချိန်မရ၊ လေးညှို့ဖြင့်လွှတ်လိုက်သည်။ ပြောင်၏ လက်ပြင်တစ်နေရာကို မြားတံစူးဝင်သွားသောကြောင့် သင်းကွဲပြောင်ကြီးသည် တုံ့ခနဲ တစ်ချက်မျှ ခြေလှုပ်းတန့်သွား သော်လည်း သေကွင်းကိုထိပုံမရ။ ထို့ကြောင့် ဆက်လက်၍ ပြေးသွားသည်။

ဖိုးမောင်က ပြောင်ပြေးရာနောက်သို့ သဲကြီးမဲကြီး လိုက်ရင်းဖြင့် ပေတလူတို့အုပ်စုနှင့် အလှမ်းကွာသွားသည်။ သင်းကွဲပြောင်နောက်သို့ တစ်ကိုယ်တော် အပြေးအလွှားလိုက်သွားမိသော ဖိုးမောင်သည် သင်းကွဲလူတထဲသို့ တစ်ယူတစ်ခြား ရောက်ရှိသွားသည်။

သို့ဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com

ရောက်လုပေပြီ။

ဆည်းဆာချိန်ကို လွန်မြောက်လျှင် ညဉ့်ဦးယံသို့ ရောက်မေတော့မည်။ ထို အခါ ဖိုးမောင်သည် ခြေကုန်လက်ပန်းကျ ကာ လမ်းစပျောက်သွားသည်။ သူတို့ စခန်းချခဲ့သော နေရာကိုပင် မရေမရာ ရှာဖွေနေရသည်။ **သစ်တောအုပ်တွင်း၌ သစ်ပင်တို့၏ ပင်စည်များ မြေပြင်အနိမ့် အမြင့်များသည် ခွဲခြားမရနိုင်လောက် အောင် ဆင်တူရိုးမှား အသွင်သဏ္ဌာန် များသာ ဖြစ်နေသည်။**

နောက်ဆုံးတွင် သူသည်အကြီးအ ကျယ် စိတ်ဓာတ်ကျလာကာ ပင်စည် ကြီးများတုတ်ခိုင်သော ညောင်ကြတ်ပင် ကြီး၏ **အမြစ်ရင်းတွင်** ခြေပစ်လက်ပစ် ထိုင်ချလိုက်မိသည်။ ဒူးလေးကို လက် **တစ်ကမ်းအကွာတွင်ချကာ ခါးတွင်ချိတ် ဆွဲထားသော** ရောင်းကိုဖြုတ်၍ **ဘူးဆို့ဖွင့်** သည်။ ဘူးဝကို ပါးစပ်နှင့်တေ့ပြီး ခြောက် ကပ်နေသော အာခံတွင်းသို့ လောင်း ထည့်လိုက်သည်။ ရေဘူးထဲတွင် လက် ကျန်ရေက တစ်ငုံစာထက် မပို။

ထိုအခိုက်အတန့်တွင် စောစောက ပထမအကြိမ် သူကြားလိုက်သော အသံ ထက် ပို၍ကြည်လင်ပီပြင်လာသည်။ ပို **၍ သဲကွဲလာသည်။** ကြေးစည်သံတစ်သံ **ဖြစ်ကြောင်း၊ တီတီပပကောက်ချက်ချ** လိုက်မိသည်။ ထို့ကြောင့် ဖိုးမောင် အတော်အတန် စိတ်ချမ်းသာသွားသည်။ ဤနေရာဝန်းကျင်တွင် လူနေအိမ်ခြေရှိ တန်ရာသည်။ သို့ဖြစ်လျှင် မိမိအတွက် **အစားအစာနှင့်** ရေဘူးထဲသို့ သောက်ရေ **ဖြည့်နိုင်သော** အခွင့်အလမ်းသာမက ဤ တစ်ည စိတ်ချလက်ချ **အိပ်စက်နားနေ နိုင်ရန်** ကျောတစ်ပြင်စာမျှ ရတန်ကောင်း ရဲ့ဟူသော အတွေးဝင်လာသည်။

ဖိုးမောင် ထိုင်ရာမှထလိုက်သည်။ ကြေးစည်သံကြားရာဘက်သို့ ဦး တည်၍ သွက်လက်စွာ လျှောက်လာခဲ့ **သည်။ တတိယအကြိမ်မြောက် ကြေး စည်သံသည် သူမျက်နှာမူရာ** တောင် ကုန်း မြင့်မော်မှုဖြစ်ကြောင်း သိလိုက်ရ သည်။ တောင်ကုန်းပက်လည်တွင် သစ် ပင်ကြီးကြီးများ၊ ချုံများ ထူထပ်သိပ်သည်း ခြင်း မရှိ။ ချုံနွယ်ပိတ်ပေါင်း အချို့သာ လျှင် ဟိုတစ်စု၊ သည်တစ်စုဖြင့် ကျဲကျဲ **တောကို ဇနရာယူထားကြသည်။**

တောင်ကုန်းပေါ်သို့ တက်လိုက် သည်နှင့် တစ်ပြိုင်နက် သူ့ရှေ့ ပေတစ်ရာ ခန့်အကွာတွင် ကျောက်လိုဏ်ဂူအဝကို လှမ်းမြင်လိုက်ရသည်။ ကြေးစည်သံသည် ထိုလိုဏ်ဂူအတွင်းမှ ထွက်ပေါ်လာခြင်း ဖြစ်ပေလိမ့်မည်။ သို့ဖြစ်လျှင် သူတော်စင် သူတော်ကောင်း တစ်ဦးဦး တရားကျင့် ရာ တစ်နေရာ ဖြစ်ပေလိမ့်မည်။

ဖိုးမောင်က ကျောက်လိုဏ်ဂူ၏ ဂူ ပေါက်ဝရှိရာသို့ ခြေလှမ်းကြီးများဖြင့် လျှောက်လှမ်းနေစဉ် သူ့နားထဲတွင် ကျား ဟိန်းသံတစ်သံကို အနီးကပ်ကြားလိုက်ရ သောကြောင့် သူ့တစ်ကိုယ်လုံး တုန်တုန် ယင်ယင်ဖြစ်သွားသည်။

ဖိုးမောင်သည် လက်ထဲမှ ဒူးလေး ကို အသင့်အနေအထားဖြင့် ကိုင်ကာ **ကျားဟိန်းသံထွက်ပေါ်ရာသို့ ခြေဦးလှည့် လိုက်သည်။ ကျားကြီးတစ်ကောင်** ကျောက်လိုဏ်ဂူ၏ ဘေးဘက်မှ ခြေ လှမ်းမှန်မှန်ဖြင့် ထွက်လာသည်ကို မြင် လိုက်ရသည်။ သူက ဒူးတစ်ဘက်ထောင် တစ်ဘက်ထောက်လျက် မုဆိုးထိုင် ထိုင် ချကာ ဒူးလေးကို ကျားကြီး၏တူရွှေသို့ **ထိုးချိန်လိုက်မိသည်။**

ကျားကြီးနှင့် ဖိုးမောင်၏ အကွာ အဝေးမှာ ပေတစ်ရာခန့်မျှသာ ဖြစ်၍နေ သည်။ တစ်စတစ်စ အကွာအဝေးမှာ ကျဉ်လာခဲ့ပြီ။ ပေကိုးဆယ်၊ ပေရှစ် ဆယ်၊ ပေခုနစ်ဆယ်။

ညနေဆည်းဆာချိန်၏ ရောင် များသည် တစ်စတစ်စ ညှိုးပြိုင်းစပြု လေပြီ။ ကျားသည် ပါးစပ်ကိုဖြဲဟလျက် ပြီးလျှင် သားကောင်ကို မျက်ခြေမပြတ် စူးစူးရဲရဲကြည့်လျက် ဝမ်းခေါင်းသံ ထွက်ပေါ်လာသည်။

ဖိုးမောင်အနေနှင့် ဒူးလေး အသင့်ဖြစ်နေသော မြားတံကို ရောက်ရောက် အသုံးချချင်သည်။ ချာပေါက် တစ်ချက်တည်းနှင့် ဗိုလိန်း သည်။ ထို့ကြောင့် ပိုင်ပိုင်နိုင်နိုင်ရှိမှ သန္ဓိဌာန်ချထားသည်။

တောမုဆိုးဖြစ်သော ကျား လည်း လူမုဆိုးဖိုးမောင်၏ အခြေအ နားလည်သဘောပေါက်ပုံရသည်။ ကြောင့် ခုန်အုပ်နိုင်သော အကွာအ မရောက်မီ ဖိုးမောင်ပစ်လွှတ်မည့် ကို မျက်တောင်မခတ်ကြည့်ရင်း လှမ်းချင်း တိုးလာသည်။ အကယ်၍ အခိုက်အတန့်တွင် ဖိုးမောင်ထံမှ ထွက်လာလျှင်ထွက်လာချင်း ကိုယ်ခန္ဓာကို လူးလွန့်ရှောင်တိမ်း တစ်ချိန်တည်းမှာပင် ဆက်တိုက် ခုန်အုပ်နိုင်ရန် ကြိုတင်ကြစည် သည်။

စက္ကန့်ပိုင်းအတွင်း ကျားကြီး အုပ်ရန် ရှေ့ခြေနှစ်ချောင်းကို ညွတ် လိုက်စဉ် ဖိုးမောင်ကလည်း သူ့ ညှို့ကို လွှတ်တော့မည့်အချိန်တွင် ''ဟဲ့ .. ဗျာ့ .. မလုပ်နဲ့''

ဟူသော မိန်းမပျိုတစ်ယော ငေါက်သံကြားလိုက်ရသည်။ ဗျာ့ ကျားကြီး၏အသွင်မှာ ရုတ်ချည်း တစ်ကောင်အလား ဝပ်စင်းသွား မိန်းမပျိုသည် ဂူပေါက်ဝမှ လှမ်း ပေးလိုက်ခြင်း ဖြစ်သည်။ သူမ မှာ ပကတိကြည်ပြူ၍ ပီသသည်။ ရောင် သင်တိုင်းတစ်ထည်ကို

www.burmeseclassic.com

www.burmeseclassic.com

ကြားလား ဝတ်ဆင်ထားသည်။ မိန်းမ
ချမ်း ရှည်ပြဿော ဆံကေသာများသည်
နောက်နာတစ်ခြမ်းကို ဖုံးအုပ်နေသည်။

"သွားစမ်း ... ဗျူး"

မိန်းမပျိုက နှုတ်ပြဋ်အဝိစ်ပေးရုံမျှ
ကျောက်လိုဏ်ဂူ၏ သေးတစ်ဘက်
လက်ညှိုးညွှန်ပြသည်။ ကျားကြီး
သည် မိန်းမပျိုညွှန်ပြသည့်အတိုင်း ခပ်လှိုက်
ပြေး လိုဏ်ဂူ၏သေးဘက်သို့ ရှောင်
သွားသည်။

ထိုအခါကျမှ ဖိုးမောင်က သက်
ပြင်းတစ်ချက်ချလိုက်ပြီး ဒူးဘစ်ဘက်
ဆောက် မုဆိုးထိုင် ထိုင်နေရာမှ ဖြည်း
ညင်းစွာ ထလိုက်သည်။

"မုဆိုးအချင်းချင်းဆိုတော့ ဦးဘဲသူ
ခန်ိုယူစတမ်းပေါ့ ..."

**မိန်းမပျိုက သူမကိုယ်သူမ သင်
ကိုးတယူလိုက်သော မှတ်ချက်မျိုးပြော
သည်။** ထို့နောက် သူမသည် ဖိုးမောင်
အား ဖျတ်ခနဲ တစ်ချက်ကြည့်လိုက်ပြီး
...

"ကျွန်မရှေ့မှာ သတ်တာဖြတ်တာ
ကြည့်ချင်လို့ ဗျူးကို ဖယ်ရှားလိုက်ပြီ။
ဒီပေမဲ့ နောက်တစ်ကြိမ် မှုင်တို့ထပ်တွေ့
ရင်တော့ ကျမ မလွယ်နိုင်ဘူး။ ကဲ ...
ကိုယ့်လမ်းကိုယ် သွားနိုင်ပြီ"

မိန်းမပျိုက စကားအဆုံးကွင် ဖိုး
မောင်အား ကျောခိုင်းကာ ကျောက်လိုဏ်
ဂူထဲသို့ဝင်ရန် ခြေတစ်လှမ်းလှမ်းလိုက်စဉ်

"ဒီမှာ .. ဒီမှာ ညီမငယ် ခဏ "

ဖိုးမောင်က ဒရောသောပါး ဟန့်
တားလိုက်မိသည်။ မိန်းမပျိုက စိတ်မပါ
တပါဖြင့် လှည့်ကြည့်သည်။

"ကျွန်တော် ဒီတောထဲမှာ မျက်စိ
လည်လမ်းမှားပြီး ကြေးစည်သံကြားလို့
အကူအညီရလိုခြင်း လာခဲ့တာပါ။ ကျွန်
တော့်အတွက် စားစရာတစ်ခုခုနဲ့ သောက်
ရေတစ်ဘူးလောက်၊ နောက်ပြီး ဒီတစ်ည
အိပ်စရာ တစ်နေရာ ..."

"ဘာ ..."

**မိန်းမပျိုတ်အသံက ပကတိ တင်း
မာသည်။ ဖိုးမောင် နှုတ်ဆွံ့သွားသည်။**

"အစားအစာက ကျွန်မတို့စား
မယ့်အထဲက နည်းနည်းလောက်ခွဲပေးလို့
ရတယ်။ ရေကတော့ ဟောဒီလိုဏ်ဂူရဲ့
နောက်ဘက်တစ်ခေါင်းလောက်မှာ ရေကန်
ကစ်ကန်ရှိတယ်။ ရှင့်ဘာသာ ကြိုက်
သလောက် ခပ်ယူသွား။ တစ်ခုတော့
သတိပေးလိုက်မယ်။ အဲဒီရေကန်ဟာ ည
အချိန်ကျရင် တောကောင်ကြီးကြီးမားမား
တွေ၊ အလယ်အလတ်အုပ်စုတွေ အရွယ်
စုံအမျိုးစုံ ရေလာသောက်လေ့ရှိတယ်။
ကိုယ့်အသက်ကိုယ် သက်စိုးရှည်အောင်
ကြဖန်မွေးပေတော့"

**မိန်းမပျိုသည် စကားဆုံးသည်နှင့်
လိုဏ်ပေါက်ဝသို့ လှည့်ဝင်သွားသည်။ ဖိုး
မောင်က မိန်းမပျိုတ်နောက်မှ တစ်လှမ်း
ချင်းလိုက်၍ လိုဏ်ဂူထဲသို့ ဝင်မည်အပြု
တွင် ...**

"ရှင် ဂူပေါက်ဝမှာပဲရပ်နေ။ ဘိုးဘိုး
ခွင့်မပြုဘဲ ဂူထဲကို ဘယ်သူမှ ဝင်ခွင့်မ
ရှိဘူး"

မိန်းမပျိုက ပြတ်သားစွာပြော
သည်။

ဖိုးမောင်က ဦးခေါင်းဘစ်ဆတ်
ဆတ်ညိတ်ပြ၍ အပြင်မှာပင် ရပ်နေခဲ့
သည်။ မကြာမီ မိန်းမပျိုသည် လိုဏ်ဂူ
ထဲသို့ဝင်သွားသည်။ **တစ်ဆစ်ချိုးအကွေ့
တစ်ကွေ့သို့အရောက် ပျောက်ကွယ်သွား
သည်။** အတွင်း၌ အလင်းရောင် မှုန်ဝိုးဝိုး
တဝါးတွေ့ရသည်။ **လိုဏ်ဂူအဝင်လမ်း
ကြောင်းမှာ သာမန်လူတစ်ယောက်
လက်နှစ်ဖက်ဆန့်ကားလောက်နိုင်ရုံမျှ
ကျယ်ဝန်းသည်။**

ငါးမိနစ်မျှအကြာတွင် မိန်းမပျိုနှင့်
အတူ ယောဂီဝတ်ရုံကြီးဖြင့် ခြုံလွှမ်းထား
သော အဘိုးကြီးတစ်ယောက် လိုက်ပါ
လာသည်။ **အဘိုးကြီး၏ အသက်အရွယ်
မှာ ခန့်မှန်းခြေ နှစ်တစ်ရာခန့် ရှိပေလိမ့်
မည်ဟု ဖိုးမောင်က ခန့်မှန်းလိုက်သည်။
အဘိုးကြီးက ဖိုးမောင်ကို ခြေဆုံးခေါင်း
ဆုံး ကြည့်သည်။** ထို့နောက် မိန်းမပျို
ဘက်သို့လှည့်၍ ...

"မိန်းကလေး ဒီအကုသိုလ် သတ္တ
ဝါကို ဂူအဝမှာပဲ အိပ်ခွင့်ပြုလိုက်။ စား
စရာကတော့ ဘိုးဘိုးတို့ဆီမှာရှိတဲ့ ငှက်
ပျောသီးနည်းနည်း ပေးလိုက်ပါ။ သူ့ရေ
ဘူးထဲကို ဟိုဝါးကျည်တောက်ထဲက ရေ
ဖြည့်ပေး ..."

ဟူ၍ ပြောလိုက်သည်။ မိန်းမပျိုက
"ဟုတ်ကဲ့ဘိုးဘိုး" ဟူ၍ တီးတိုးပြော
သည်။ ဖိုးမောင်လှမ်းပေးသော ရေဘူးကို
ဆွဲယူ၍ လိုဏ်ဂူထဲသို့ ပြန်ဝင်သွားသည်။

**"မင်းရဲ့ အရွယ်အစွန်အနှာနှမှာ လော
ဘ၊ ဒေါသ၊ မောဟတွေ ပြည့်လျှမ်းနေ
တယ်။ ဒါကြောင့် မင်းကို ဂူပမာပဲ အိပ်ခွင့်
ပေးတာ။ စင်စစ်တော့ မကောင်းမှုအကု
သိုလ်တွေနဲ့ ဖုံးလွှမ်းနေတဲ့ မင်းဟာ ဒီပြင်
လူမဆိုထားဘိ မင်းကိုယ်မင်းတောင်
အန္တရာယ်ဖြစ်စေခဲ့တာပဲ။ အကောင်းဆုံး
က် စိတ်ထဲမှာရှိတဲ့ မကောင်းမှုအညစ်
အကြေးတွေကို စင်ကြယ်အောင် ကြိုး
စား။ သတ္တဝါတိုင်းဟာ ရုပ်နဲ့နာမ်ကလွဲရင်
ငါဆိုတာ ဘယ်သူမှမရှိဘူးလို့ အမြဲဆင်
ခြင်ပွားများသူဟာ အကုသိုလ်စိတ်တွေ
တစ်စတစ်စ ကင်းပသွားလိမ့်မယ်။** ဒါပေမဲ့
မင်းကတော့ ကျေးဇူးတရားကို နားလည်
မယ့်ပုံမရပါဘူးကွာ။ တော
ထဲမှာ အမဲလိုက်ရင်း ခြေထောက်ဆူးစူး
သွားလို့ **ဘယ်မှမသွားနိုင်မလာနိုင် အစာ
ငတ်ခေတ်ဖြစ်နေတဲ့ ကျားကြီးကို ငုံ့မြွေး
က စေတနာအပြည့်အဝထားပြီး မကြောက်
မရွံ့ ဆူးထွင်ပေးခဲ့တယ်။** အနာကျက်တဲ့
အထိ သစ်ဥသစ်နှုတွေ ထုထောင်းပြီး

www.burmeseclassic.com

www.burmeseclassic.com

ဒဏ်ရာကို စည်းနှောင်ပေးခဲ့လို့ အခု သက်သာသွားပြီ။ ကျေးဇူးသိတတ်တဲ့ ကုန်းကြီးဟာ ငါ့မြေးရဲ့အဖော်အဖြစ်နဲ့ သွားလာရာ တကောက်ကောက် လိုက်ပါပြီး အန္တရာယ်ကို ဖယ်ရှားပေးလေ့ရှိတယ်''

ထိုအခိုက်အတန့်တွင် မိန်းမပျို သည် ငှက်ပျောသီးတစ်ဖီးနှင့် ရေဖြည့်ခဲ့သောရေဘူးကို ဖိုးမောင်လက်ထဲသို့ လှမ်းပေးလိုက်သည်။

***

ဖိုးမောင်ရုတ်တရက် လန့်နိုးလာသည်။

တောင်ခြေတောအုပ်တွင်းရှိ သစ်ပင်ပေါ်မှ ကြက်တိန်ည်တစ်ကောင်၏ သန်းခေါင်ချိန် အချိန်ပြတွန်သံကို ကြားလိုက်ရသည်။ သို့ရာတွင် သူသည် ကြက်တွန်သံကြောင့် နိုးလာခြင်းမဟုတ်ပါဟု၊

ဖိုးမောင်က မျက်လုံးအစုံကိုဖွင့်၍ ကျောက်လိုဏ်ဂူအပြင်ဘက်သို့ လှမ်းကြည့်လိုက်သည်။ အပြင်ဘက်မိုးကောင်းကင်တွင် ငွေလရောင် ရွှန်းမြနေသည်။ ဂူပေါက်ဝနှင့် ခြေလှမ်းဆယ်လှမ်းမျှ အကွာတွင် မိန်းမကြီးတစ်ယောက်ကို လရောင်အောက်တွင် မြင်လိုက်ရသည်။ ဆံပင်ဖားလျား၊ ထဝီရင်လျားနှင့် မိန်းမကြီးသည် ဂူပေါက်ဝဆီသို့ လက်ညှိုးညွှန်လျက် နှုတ်မှ တဖွဖွရွတ်ဆိုနေသည်။ ထိုမိန်းမကြီး၏ ဆံပင်များသည် တသုန်သုန် တိုက်ခတ်နေသော လေထဲတွင် တဖျတ်ဖျတ်လွှဲရှား ပျံဝဲနေသည်။ တစ်စ တစ်စ မိန်းမကြီး၏အသံက ပိုမိုကျယ်လောင်လာလေပြီ။

''ထွက်ခဲ့စမ်းပါ ဦးဒီပါ။ သတ္တိရှိရင် ထွက်ခဲ့ပါ။ ဂူမကွက်ရဲရင် ကျွပ်ဝင်လာခဲ့မယ်။ ဘယ်နှယ်လဲ ဝင်ခဲ့ရမလား .. ပြော ...''

ဖိုးမောင်သည် ဂူပေါက်ဝ လေအကွယ်တွင် လဲလျောင်းနေခြင်းဖြစ်သောကြောင့် တစ်ကြောင်း၊ အမှောင်ထဲတွင် နေရာယူထားသောကြောင့် တစ်ကြောင်း မိန်းမကြီးက ဖိုးမောင်ကို လုံးဝမမြင်ပါဟေု၊ မိန်းမကြီး၏အာရုံက ဂူတွင်းသို့ လုံးလုံးလျားလျား ရောက်ရှိနေသည်။

မိန်းမကြီးသည် ဂူတွင်းရှိ အဘိုးကြီးနှင့် ပြဿနာတစ်ခုခု ရှိဟန်တူသည်။ ထို့ကြောင့် သန်းခေါင်ကျော်အချိန်တွင် လိုဏ်ဂူရှေ့မှာ စိန်ခေါ်နေခြင်း ဖြစ်သည်။ မိန်းမကြီး၏နောက်ဘက်တွင် အဖော်နှစ်ယောက်ပါသေးသည်။ သုံးပွင့်ဆိုင် နေရာယူထားကြသည်။ အဖော်တစ်ယောက်၏ လက်ထဲတွင် လက်နက်တစ်ခုခု ယူဆောင်လာဟန်တူသည်။ ငွေလရောင် အောက်တွင် တစ်ချက်တစ်ချက် ဖျတ်ခနဲ ပြူးပြူးပြက်ပြက် အရောင်လက်သွားသည်ကို ဖိုးမောင်က သတိပြုမိသည်။ နောက်တစ်ယောက်လက်ထဲ၌ ကြိုးခွေကြီးတစ်ခွေ ကိုင်ထားသည်ဟု ထင်ရသည်။

ပစ္စက္ခကာလတွင် အဘိုးကြီးနှင့် မိန်းမပျိုသည် မိမိအား အစားအစာနှင့် သောက်ရေပေးထားပြီး၊ အိပ်စက်ရန်ဂူပေါက်ဝတွင် နေရာပေးထားသည်။ ထို့ကြောင့် သူ၏ကျေးဇူးရှင်များ ဖြစ်နေသည်။ မိန်းမကြီးနှင့်အတူပါလာသော အဖော်နှစ်ယောက်သည် အဘိုးကြီးနှင့် မိန်းမပျိုအား အကယ်တန္တ အန္တရာယ်ပြုငြားအံ့။ မိမိအနေနှင့် မလွှဲမသွေ အကာအကွယ်ပေးရပေလိမ့်မည်။

ဖိုးမောင်က လဲလျောင်းရာမှ ငုတ်တုတ်ထထိုင်၍ သူ၏ဒူးလေးကို ဆွဲယူဆုပ်ကိုင်လိုက်စဉ် နူးညံ့နွေးထွေးသော လက်ဖဝါးတစ်ခုက သူ့လက်ကို ဆုပ်ကိုင်ဖယ်ရှားသည်။ တစ်ချိန်တည်းမှာပင် မိန်းမပျိုတ်၏ တီးတိုးချိုမြသော သတိပေးသံကို ကြားလိုက်ရသည်။

''ရှင်ဘာမှ ဝင်ပါစရာမလိုဘူး ဘိုးဘိုးက သူ့ပြဿနာကို သူ့ဘာသာ ရှင်းပါလိမ့်မယ်''

အဘိုးကြီးသည် တောင်ခေါင်းခြောင်းထောက်လျက် သူတို့အနီး ရောက်လာသည်။

''မင်းနဲ့ မိန်းကလေး ဂူထဲမှာပဲ အဘိုးမခါမရဲင်း ထွက်မလာနဲ့ ကြားလား မင်းတို့ပါ အဘိုးနဲ့ တစ်ခါတည်းလိုက် အခြေအနေ ရှုပ်ထွေးသွားမှာစိုးလို့''

''ဟုတ်ကဲ့ ... ဘိုးဘိုး''

မိန်းမပျိုက တီးတိုးကတိပြုသည်။

အဘိုးကြီးသည် ခြေလှမ်းမှန်မှန် လရောင်အောက်သို့ ထွက်သွားသည်။ မိန်းမကြီးနှင့် ခြေသုံးလှမ်းစာအကွာ ရပ်လိုက်သည်။

ဖိုးမောင်က မိန်းကလေးမှာ အနီးသို့ တိုးကပ်လျက် နှစ်ကိုယ်ကြား ပြောသည်။

''သူတို့ဘက်က သုံးယောက် တယ်။ မင်းအဘိုးတစ်ယောက်တည်း ဖြစ်ပါ့မလား။ ကျုပ်ရဲ့ဒူးလေးနဲ့ မင်း လိုက်ရင် မိန်းမကြီးရဲ့အဖော်ထဲက ယောက်လောက်တော့ လျော့သွား တယ်''

''ရှင့်ကို အဘိုးက ပြောထားသေး တိုင်းသာ လိုက်နာပါ''

မိန်းမပျိုက ယတိပြတ်ပြောချလိုက် သည်။

***

အဘိုးကြီးသည် မိန်းမကြီးနှင့် နာချင်းဆိုင် ရပ်တည်လျက်ရှိသည်။ မိန်းမကြီး၏နောက်ဘက်မှ ယောက်ျား ယောက်သည် ရှေ့သို့ တရွေ့ရွေ့တိုး သောအခါ မိန်းမကြီးနှင့် ရင်ပေါင်း လျက် သုံးယောက်သား ဘေးချင်း

www.burmeseclassic.com

www.burmeseclassic.com

သွက်သား ဖြစ်သွားသည်။

"ကဲ ... ဦးဒီပါ ရှင့်အစွမ်းကိုပြပေတော့။ ရှင့်အစွမ်းပြပြီးတာနဲ့ ရှင့်ဘဝဟာ ဘစ်စခန်းသိမ်းရတော့မယ်။ ဒါမှမဟုတ် ဘွန်မတို့သုံးယောက်ရဲ့ လက်ချက်နဲ့ ဒီမိန်မကြွေစေချင်ရင် အခုချက်ချင်း ဒူးထောက် တောင်းပန်ပါ။ ရှင့်အမှားကို ဘွန်မခွင့်လွှတ်လိုက်မယ်။ ရှင်ကြိုက်ရာ လမ်းကို ရွေးနိုင်တယ်။ အချိန်ပေးမလား။ ယှဉ်ပြိုင်မလား"

မိန်းမကြီးက ခပ်ထေ့ထေ့လေသံဖြင့် မေးသည်။

"ကျွပ်ဘာမှ မမှားဘူး။ မင်းတို့က မကောင်းဆိုးဝါး အကုသိုလ်သမားတွေ။ ဒါကြောင့် မင်းတို့ထောင်ထားတဲ့ ကျောက်ကွင်းထဲမှာ ဒီနေတဲ့သားကောင်ကို ကျွပ်ကအသက်ကယ်လိုက်တာ။ အဲဒီသားကောင်ဟာ ကိုယ်ဝန်အရင့်အမာကြီးနဲ့ဆိုတော့ မဖြစ်သင့်မဖြစ်ထိုက်တာ မဖြစ်ပါစေနဲ့ဆိုတဲ့ စေတနာနဲ့ ကျွပ်က မင်းတို့ထောင်ထားတဲ့ ကျောက်ကွင်းကို ဖြုတ်ဖယ်ရှင်းပေးလိုက်တာ ...။ ဘယ်နည်းနဲ့မှ မတောင်းပန်နိုင်ဘူး။ မင်းတို့အသက်ရှည်ရှည် နေချင်သေးတယ်ဆိုရင် ငါ့ရှေ့က အခုချက်ချင်း ထွက်သွားကြ။ နောက် ထပ် ဒီနေရာကိုလာဖို့လည်း မကြိုးစားနဲ့တော့။ သွားကြ .. သွားကြ ပြန်ပြန်သွားကြ"

အဘိုးကြီးက ဝါးကျစ်တောင်ဝှေးကို အလယ်ဗဟိုမှ လက်နှစ်ဘက်ဖြင့် ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်လျက် တဖိုးဖိုးမြည်အောင် စက်ဝိုင်းပတ်လှည့်နေသည်။ နှုတ်မှလည်း ...

"တောစောင့်နတ်၊ တောင်စောင့်နတ်၊ အာကာသစိုး၊ ဘုမ္မစိုး၊ ရုက္ခစိုးများကို ကျွန်ုပ် နွေညမဟူ ပြုပြုသမျှကုသိုလ်ကောင်းမှုများကို အမျှပေးဝေပါသည်။ အကုသိုလ်များကိုပယ်ရှား၍ စိတ်ချမ်းသာစွာဖြင့် ကုသိုလ်ကောင်းမှုများကို ဆက်လက်ဆောင်ရွက်နိုင်ရပါလိုတ်။ အမျှ .. အမျှ .. အမျှ ..."

ဟူ၍ တတွတ်တွတ်ရွတ်ဆိုရာမှ အမျှပေးဝေလိုက်သည်။

ထိုအခိုက်အတန့်တွင် လေပြင်းတစ်ချက်သုတ်လျက် သစ်ပင်ကြီးများ၏ သစ်ကိုင်း၊ သစ်ခက်၊ သစ်ရွက်များ တဖျတ်ဖျတ် လွှင့်ရှားရိုက်ခတ်နေကြသည်။ မိန်းမကြီးက နှစ်ဖက်မှ အဖော်နှစ်ယောက်ကို တစ်လှည့်စီကြည့်လိုက်ပြီး နောက် ...

"နင်တို့နှစ်ယောက် ဘာလုပ်နေကြတာလဲ၊ အချိန်ကျပြီ လုပ်ကြလေ"

ဟူ၍ သတိပေးလိုက်သည်။ အဖော်တစ်ယောက်က လက်ထဲတွင်ဝှက်ကိုင်ထားသော လက်နက်ပုန်းကို အဘိုးကြီးဆီသို့ ပစ်လွှတ်လိုက်သည်။ သို့ရာတွင် ထိုလက်နက်ပုန်းကို အဘိုးကြီးလက်ထဲရှိ စက်ဝိုင်းပတ်လှည့်နေသော တောင်ဝှေးက ခတ်လိုက်သည့်ပမာ ... 'တျန်' ဟူသော အသံမြည်လျက် ပစ်လွှတ်သူထံသို့ ပြန်လည်လွှင့်စဉ်ထွက်သွားသည်။ ထိုသူ၏ 'အ .. အ .. အား' ဟူသော အသံဖြင့် နာနာကျင်ကျင်စူးစူးဝါးဝါး ထွက်ပေါ်သွားသည်။

နောက်အဖော်တစ်ယောက် လက်မှ ပစ်လွှတ်လိုက်သော ရှည်မျောမျော တွန့်လိမ်ကောက်ကွေးသည့် အရာတစ်ခုက လေထဲတွင်လူးလွန့်လျက် အဘိုးကြီးရှိရာသို့ အရှိန်အဟုန်ဖြင့် ဦးတည်သွားသည်။ သို့ရာတွင် အဘိုးကြီးနှင့် လက်တစ်ကမ်းအကွာသို့သာ ရောက်နိုင်သည်။ ဝါးကျစ်တောင်ဝှေး၏ ပင့်ရိုက်ချက်ဖြင့် မြွေကြီးသည် တန်ပြန်လွှင့်ထွက်ကာ ကံမကောင်းသူ မိန်းမကြီး၏ လည်ပင်းဆီသို့ ရောက်ရှိရစ်ပတ်မိသွားသည်။

"ဟဲ့ ... ဟဲ့ လုပ်ပါဦး။ ငါ့လည်ပင်းကို ပတ်နေပြီ"

မိန်းမကြီးသည် အသံအစ်တစ်တစ်ဖြင့် အထိတ်တလန့် အော်ဟစ်ပြောဆိုရှာသူ့ဟာသူ ပြေနေသည်။ အဖော်ဂဝင်ရောက်ကူညီ ဖြေပေးနေစဉ် မထင်မှတ်သော အကြောင်းအရာတစ်ခုက လျှပ်တစ်ပြက် ဖြစ်ပေါ်လာသည်။

'ဝေါင်း' ... ခနဲ မြည်ဟိန်းသံနှင့်အတူ ကျားကြီးတစ်ကောင်သည် မည်သည့်နေရာမှ ထွက်ပေါ်လာမှန်းမသိ မိန်းမကြီးတို့ထံသို့ တစ်ရှိန်ထိုး ခုန်အုပ်လိုက်ခြင်းကို တွေ့လိုက်ကြရသည်။

မိန်းမကြီး၏ အဖော်တစ်ယောက်မှာ သူ့လက်နက်ပုန်းလက်ချက် တန်ပြန်ထိခိုက်မိ၍ ဒဏ်ရာဖြင့်လဲကျနေသည်။ ခုန်အုပ်လိုက်သော ကျားကြီးသည် မိန်းမကြီးနှင့်အဖော် (မြွေဖြင့်ပစ်ပေါက်သူ) ထံသို့ လုံးလားထွေးလား ကျသွားသည်။

"ဗျာ့ .. ဗျာ့ မလုပ်နဲ့၊ မလုပ်နဲ့။ လွှတ်လိုက် ... လွှတ်လိုက်တော့။ သူတို့အကုသိုလ်နဲ့ သူတို့သွားပစေ"

အဘိုးကြီးက ဖျောင်းဖျနှစ်သိမ့်လျက် ပြောလိုက်သည်။

ဗျာ့သည် လူစကားနားလည်နေသည့်ပမာ အဖွားကြီးနှင့် အဖော်တို့အပေါ် မှခွာလျက် ကျောက်လိုဏ်ဂူနောက်သို့ တစ်လှမ်းချင်းထွက်ခွာသွားသည်။ အဘိုးကြီးသည်လည်း ဂူတွင်းတွင် ဝင်သွားလေတော့သည်။ ဂူဝတွင်ဝိုးမောင်နှင့် မိန်းမပျိုသာ ကျန်ရစ်ခဲ့သည်။

❖❖❖

"အဲဒီ ဒေါ်မဲလုံးဆိုတဲ့ အဒေါ်ကြီးက ကြေးပဋ္ဌာမှာ ဂိုဂိုညမျှ ရွာသူရွာသားတွေအားလုံး ဖိနှိပ်တုန်အောင် ကြောက်နေကြရတာ။ ဘယ်သူမှ ဒေါ်မဲလုံးရဲ့မျက်နှာကို စေ့စေ့မကြည့်ရဲကြဘူး။ သူက ပယောဂဆရာမကြီးအဖြစ်နဲ့ သူဖန်တီးလို

www.burmeseclassic.com

www.burmeseclassic.com

အသည်းအသန် ရောဂါဝေဒနာဖြစ်နေသူ တွေဆီက ရူးစားနေတာ။ တစ်နေ့တော့ ဒေါ်မဲလုံးကြောင့် သေလုပြောပါးခံစားနေရတဲ့ လူနာတစ်ယောက်ကို ဘိုးဘိုးက ပရိတ်ရေတိုက်ပြီး ကယ်လိုက်တယ်။ အဲဒီ ပရိတ်ရေကလည်း တောမီသံယောတော် အရွှင်သူမြတ်တစ်ပါးက ဘိုးဘိုးကိုဖွဲ့ခဲ့တာ။ ဝေနေယျ ဒုက္ခိတသတ္တဝါတွေကို ကယ်မဖို့အတွက်ပေါ့။ အဲဒီအချိန်ကစပြီး ကြေးပဒုရွာသူရွာသားတွေက ရောဂါဝေဒနာဖြစ်လာရင် ဘိုးဘိုးဆီကို တကူး တကန် ရောက်လာကြတယ်။ ဘိုးဘိုးက လည်း သူရထားတဲ့ပရိတ်ရေကို ရွာက သောက်ရေအိုး တွေထဲမှာ ပွားစေတယ်။ ဒါကြောင့် တစ်ရွာလုံး အန္တရာယ်ကင်းကြတယ်။ ဘိုးဘိုးညွှန်ကြားတဲ့အတိုင်း ဘုရား။ တရား။ သံဃာ ရတနာသုံးပါးကို နေ့စဉ်မပြတ် ဆည်းကပ်ကိုးကွယ်ကြလို့ ဒေါ်မဲလုံး လာတ်လာဘ ဆုတ်ယုတ်သွားတယ်။ ဒေါ်မဲလုံးက ဘိုးဘိုးကို အပြီးထားပြီး မနှစ်ကတစ်ကြိမ် လာပြီးအန္တရာယ်ပြုခဲ့သေးတယ်။ အဲဒီအချိန်က ဘိုးဘိုးက မေတ္တာဘာဝနာရှေ့ထားပြီး ခွင့်လွှတ်ခဲ့တယ်။ ဒီတစ်ခါတော့ မလွဲမရှောင်သာလို့ ထိပ်တိုက်ရင်ဆိုင်ပြီး ဖြေရှင်းလိုက်ရတာ။ ဒေါ်မဲလုံးအဖို့တော့ မှတ်လောက်သားလောက်ရှိသွားပါပြီ။ ဒါမှမဟုတ်ရင်လည်း သူ့အကုသိုလ်နဲ့ သူခံရမှာ''

မိန်းမပျိုက ရှင်းပြသည်။ ဆက်လက်၍ သူမ၏အကြောင်းကို ပြောပြရာတွင် မိဘများနှင့် ဆွေမျိုးသားချင်းအားလုံး ကပ်ရောဂါဖြင့် ကွယ်လွန်သွားသည့် အချိန်မှစ၍ သူမ၏အဘိုးနှင့်အတူ တောထဲတောင်ထဲတွင် တရားအားထုတ်နေခဲ့သည်မှာ ရက်ပေါင်း လပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း ဘိုးဘိုးက အခြေခံ သမထကျင့်စဉ်ကို အဖန်တလဲလဲ လေ့ကျင့်စေခဲ့ကြောင်း သမထအဆင့်မှ တစ်ဆင့်တက်ရမည့်အချိန်ရောက်လျှင် ဝိပဿနာကို ကူးပြောင်းပေးမည်ဟု ဖြေထားကြောင်း။ ကျောက်လိုဏ်ဂူထဲတွင် အဘိုး ဝိပဿနာပွားနေချိန်တွင် မိမိက သစ်သီးခူးထွက်လေ့ရှိကြောင်း ပြောပြခဲ့သည်။

နောက်တစ်နေ့နံနက်တွင် ဖိုးမောင်သည် ဦးဒီပါနှင့် သီတာအားနှုတ်ဆက်၍ ထွက်ခွာခဲ့သည်။ ထိုအခါ သီတာကလည်း သစ်သီးခူးရန် ခြင်းတစ်ခြင်းနှင့် လိုက်ပါလာသည်။ ဖိုးမောင်က ကူညီ၍ သစ်သီးများ ခူးပေးသည်။

''သစ်သီးတွေ ဒီနေ့ ခါတိုင်းထက် ပိုရလို့ ဘိုးဘိုးအံ့သြနေမှာသေချာတယ်''

သီတာက ဝမ်းသာအားရဖြင့် ကလေးဆန်ဆန်ပြောလိုက်သည်။ ဖိုးမောင်က သီတာ၏ ညာက်စင်ဝင်းမွတ်နေသော မျက်နှာလေးကို တစ်ရှိက်မက်မက် ကြည့်လျက် စိတ်လှုပ်ရှားလာသည်။

''အခုအချိန်မှာ သီတာ့ကို တစ်ယောက်ယောက်က အန္တရာယ်ပေးရင် ဗျာ့ကာကွယ်နိုင်ပါ့မလား''

''ကျွန်မ အန္တရာယ်တစ်ခုခုဖြစ်တော့မယ်ဆိုရင် ဗျာ့က အလိုလိုသိပြီး ချက်ချင်းရောက်ချလာလေ့ရှိတယ်''

သီတာ တည်ကြည်စွာပြောလိုက်သည်။

ဖိုးမောင်မတားမီခင် သီတာ၏

''ဗျာ့ ... ဗျာ့ရေ''

ဟူသော အသံလေးက တောအုပ်ထဲတွင် ပဲ့တင်ရိုက်သွားသည်။ ထိုအချိန်တွင် အတော်ဝေးဝေး တစ်နေရာဆီမှ ကျားဟိန်းသံတစ်သံ ထွက်ပေါ်လာသည်။ ဖိုးမောင်က အသံကြားရာဘက်သို့ လှမ်းကြည့်နေစဉ် ဗျာ့ဟုအမည်တွင်သော ကျားကြီး ခုန်ဝင်လာသည်ကို မြင်လိုက်ရသည်။

သူက ရုတ်တရက်အားဖြင့် သူ့ကို အန္တရာယ်ပြုတော့မည်ထင်၍ ဒုးလေး ရင်ဘတ်နှင့်ကပ်၍ မြားတံတစ်ချောင်း သည်။ လျှပ်တစ်ပြက် ချိန်ရွယ်ပစ်စေး အသင့်ဖြစ်နေသည်။

''ရှင့်ကို ရန်မူချင်ရင် ဗျာ့က လို မျက်နှာချင်းဆိုင်ဘက်က ဝင်ထ မဟုတ်ဘူး။ ရှင့်နောက်ကျောဘက် တိတ်တဆိတ်ဝင်လာပြီး ရှင့်ကုပ်ကို လိုက်မှာ''

သီတာက ရှင်းပြသည်။

ဖိုးမောင်က ကျားကြီးကို ကြည့်သည်။ ကျားကြီးက ဖိုးမောင် အတော်ကြာကြာ မျက်လုံးချင်းဆိုင် နေရာမှ မကျေနပ်မှုကိုဖော်ပြသော မ သံထွက်ပေါ်လာသည်။

''ကဲ ... ရှင်ဒီနေရာက သွား အချိန်တန်နေပြီ။ ဗျာ့က ရှင့်ကိုပြန် နေပြီတဲ့''

''ဒါဆို သီတာကရော''

ဖိုးမောင်က မထေမဲ့မြင်မေးလိုက် သည်။

''ရှင် ဘာကို ဆိုလိုတာလဲ''

သီတာက မျက်ခုံးလေးချီလျက် မေးလိုက်သည်။

''သီတာက တို့ကိုပြန်ခေါ် သလားလို့ မေးတာပါ''

ဖိုးမောင်၏အမေးကို သီတာ သွက်လက်စွာ ခေါင်းညိတ်ပြလိုက်သည်

''ဟုတ်တယ်။ ဟောဒီတောထဲ ဘိုးဘိုးရယ်၊ ဗျာ့ရယ် သီတာနဲ့အတူနေ ရင် လုံလောက်ပါတယ်။ တခြားဘယ် မှ မရှိရင်လည်း ဖြစ်နေတာပဲ။ ရှင့် မသွားဘဲ တွယ်ကပ်နေမှာကိုသာ ဖိုး တာ''

သူမက ပြတ်ပြတ်သားသားခေါ် သည်။

''ဘာဖြစ်လို့လဲ သီတာ။ တို့ သီတာ့ကို အန္တရာယ်ပေးဖို့ လုံးဝစိတ်မ

www.burmeseclassic.com

www.burmeseclassic.com

ဒါဘူး။ နောက်ပြီး တို့အနေနဲ့ သီတာ့ကို သက်ပန်စောင့်ရှောက် ..."

"တော်စမ်း။ ရှင့်စကားကိုရပ်လိုက်ဦး။ ဆက်မပြောနဲ့"

ဖိုးမောင်၏စကားမဆုံးမီ သီတာက ဟက်ဝါးတစ်ဖက်ထောင်ပြ၍ တားမြစ်လိုက်သည်။

"အန္တရာယ်ပေးတဲ့လူကမှ တော်သေးတယ်။ အဲလိုလူစားနဲ့ အန္တရာယ်ကို ချောင်ဖို့ အကာအကွယ်ယူဖို့ ပြင်ဆင်နိုင်ဦးမှာပေါ့။ ရှင့်လို စကားကိုချိုချိုသာသာ ပြောပျစ်ပျစ်ပြောပြီး ချဉ်းကပ်ဖို့ကြိုးစားသူက ပိုဆိုးတယ်။ ရှင့်အကြည့်ထဲမှာ တဏှာဟာတွေဖုံးလွှမ်းနေတာကို ကျွန်မသတိထားမိတယ်။ သန့်စင်တဲ့မေတ္တာက အေးမြတယ်။ ရှင့်အကြည့်ထဲမှာ ရမ္မက်ဆန္ဒဆူပေါနေတဲ့အတွက် အင်မတန်မူလောင်တယ်။ ဒါကြောင့် ရှင်ဒီနေရာက အမြန်ဆုံးထွက်သွားပါတော့"

သီတာက ရှေ့တူရွှရှိရာအရပ်သို့ ဟက်ညှိုးညွှန်ပြသည်။

"တကယ်လို့ တို့က မသွားဘူးဆိုရော မင်းဘာလုပ်နိုင်မလဲ။ နောက်ပြီး ငါ့အားကိုးနေတဲ့ ကိုယ်ရံတော်မျှော်ကို ဒို့ဒုံးလေးမှာတစ်ထား၊ မြားတံက ဒီမှာချေနိုင်တယ်ဆိုတာ သဘောပေါက်"

ဖိုးမောင်က ရှူတင်းတင်းဖြင့် ခြိမ်းခြောက်လိုက်သည်။

မင်းသားခေါင်းစွပ် ပြုတ်ကျသွားပြီး အနုနှည်းနှင့်မရရင် အကြမ်းနည်းကို အသုံးပြုရန် ဖိုးမောင်ကဆုံးဖြတ်လိုက်သည်။ သို့ရာတွင် သီတာက လုံးဝကြောက်လန့်ပုံမရ၊ ပြုံး၍ပင်ပြလိုက်သေးသည်။

သီတာ၏အပြုံးက ဂမ္ဘီရဆန်နေသည်။

"ဟာဒီ တောကြီးမျက်မည်းထဲက လေးဘဝထဲက အကြောက်အလန့် မရှိပဲ ကျွန်မတစ်ယောက်တည်းလည်း သွားခဲ့တယ်။ တောရိုင်းတိရိစ္ဆာန်တွေရဲ့ အန္တရာယ်ကို လုံးဝစိုးရိမ်ခံစရာမလိုဘူး။ အဲဒါ ဘာကြောင့်လဲဆိုတာ ရှင်သိလား။ ဘိုးဘိုးသင်ပြပေးတဲ့ စရဏစွမ်းအားတွေ ရရှိဖို့ နေ့စဉ်နေ့တိုင်း အခြေခံသမထ အကျင့်ကို နှစ်ရှည်လများ လေ့ကျင့်ခဲ့လို့ပဲ။ ဒါပေမဲ့ အားလုံးကို မေတ္တာထားခဲ့တဲ့ အတွက် အားလုံးက ပြန်ပြီး မေတ္တာတဲ့ ပြန်ခဲ့တယ်။ ဒါပေမဲ့ ရှင့်လိုလူစားကတော့ မေတ္တာရဲ့ အနက်အဓိပ္ပာယ်ကိုတောင် သိမှာမဟုတ်ပါဘူး။ ကျွန်မကို တောထဲမှာ တွေ့တဲ့ အခြေအနေမဲ့ ဝိန်းကလေးတစ်ယောက်လို့ ယူဆပြီး ရှင့်ဆန္ဒအတိုင်း လုပ်လို့ရမယ်မထင်နဲ့။ ကျွန်မရဲ့သမထစွမ်းအင် ဘယ်လောက်အထိရောက်နေပြီလဲဆိုတာ ရှင်သိရအောင် အရိပ်အမြွက်လောက်တော့ ပြလိုက်ပါမယ်။ ဒါမှလည်း ရှင့်အတွက် သင်ခန်းစာရသွားမှာပါ။ ကဲ ကြည့် ..."

သူမစကားဆုံးသည်နှင့် တစ်ပြိုင်နက် ခန္ဓာကိုယ်၏ အလယ်ဗဟိုချက်မသို့ အာရုံစူစည်းလိုက်သည်။ စက္ကန့်ပိုင်းအတွင်း လက်မောင်းနှစ်ဖက်ကို ဆန့်တန်းလိုက်ပြီးနောက် ဘေးဘယ်ညာ ရှေ့နောက်ဝေ့ယမ်းနေသည်။ တစ်စတစ်စ လှုပ်ရှားမှု မြန်ဆန်လာသောအခါ လက်နှစ်ဖက်စလုံးကို မမြင်ရတော့ဘဲ ပန်ကာဒလက်များ၏ လည်ပတ်မှုမျိုးနှင့် တူလာသည်။ ထိုလည်ပတ်နေသော အရှိန်အဟုန်ကြောင့် သူတို့နှစ်ယောက်အနီး ပတ်ဝန်းကျင်တစ်ခုလုံးတွင် ရှိနေသော သစ်ပင်များမှ သစ်ရွက်စိမ်းများ ပြတ်သတ်လွင့်စဉ်သွားသည်။ သစ်ကိုင်းသစ်ခက်များသာမက ပင်စည်များပင် လှုပ်ရှားယိမ်းထိုးလာသည်။

ဖိုးမောင် ရုတ်တရက် ပါးစပ်အဟောင်းသားဖြစ်သွားသည်။ သို့ရာတွင် သူ့အတွက်ကျရောက်လာတော့မည့် အန္တရာယ်ကို ကြိုတင်ကာကွယ်ရန် လက်ထဲရှိ ဒူးလေးနှင့် မြားကို သီတာ့ဘက်သို့ ထိုးချိန်လိုက်သည်။ ထိုအခိုက်အတန့်တွင် တောအုပ်တစ်ခုလုံးထဲတွင် တောလဲသံကြီးမြည်ဟည်းလာပြီး အမောင်ထု ဖုံးလွှမ်းလာသည်။ တစ်ချိန်တည်းမှာပင် လေပြင်းမုန်တိုင်းထန်လာသည်။ သူနှင့် မျက်နှာချင်းဆိုင်တွင် ရှိနေခဲ့သော သီတာ့ကိုပင် မမြင်ရတော့။

ဖိုးမောင်က လုပ်မိလုပ်ရာ သီတာ ရှိရာသို့မှန်းဆ၍ ဒူးလေးနှင့်ပစ်ခွင်းရန် ကြိုးစားသည်။

သို့ရာတွင် မြားတံမဖြုတ်နိုင်ပါချေ။ ချက်ချင်းဆိုသလိုပင် သူ၏ခန္ဓာကိုယ်တစ်ခုလုံးတွင် ရှိရှိသမျှအင်အားများ ယုတ်လျော့သွားသလိုမျိုး ခံစားလိုက်ရသည်။ လက်ထဲမှ ဒူးလေးနှင့်အတူ မြားတံတို့က အလိုလိုလွတ်ကျသွားသည်။

ထို့နောက်ပြင်းထန်စွာ တိုက်ခတ်နေ လေပြင်းမုန်တိုင်းထဲတွင် ဖိုးမောင်သည် ဆောက်တည်ရာမရပဲ မြေပြင်မှ ကြွတက်သွားသည်။ လေစီးကြောင်းအတွင်းသို့ လွင့်ပါးပျောပါသွားသည်။ သည်နောက်ပိုင်းတွင် ဖိုးမောင်၏ အမြင်အကြား ခံစားမှုအသိအာရုံများသည် သူ့ထံမှ လုံးလုံးလျားလျား ပျောက်ကွယ်သွားသည်။

သူဘာမှ မမြင်၊ မကြား၊ မသိရတော့။

သူ့ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ထုသာလျှင် ကြီးစိုးမင်းမူနေလေသည်။ မကြာမီ အချိန်ကာလအတွင်း ဖိုးမောင်၏ ခန္ဓာကိုယ်ကြီးတစ်ခုလုံး စိမ့်မြသွားသည်။ ကုမ်းမမြင်လမ်းမမြင် ပင်လယ်ပြေငြိထဲသို့ သက်ဆင်းနစ်မြုပ်သွားခြင်းတည်း။

ဆွေမြင့်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

မကောင်းကြံ မကောင်းဖြစ်

(ပြစ်မှု)

ဦးဦးသိန်း

"ကြခတ်" ရွာသည်၊ ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်အတွင်းရှိ ရွာကြီးတစ်ရွာဖြစ်သည်။ ထိုရွာ၌ အိမ်ခြေသုံးရာခန့်ရှိသည်။ ရွာသားအများစုမှာ တောင်သူလက်သမားများဖြစ်ကြသည်။

ကဝမြို့နှင့်ကြခတ်ရွာမှာ ငါးမိုင်မျှကွာဝေးသည်။

ကဝမြို့နယ်ရဲတပ်ဖွဲ့မှူး ဦးစံဝ၊ ကဝမြို့တွင် တာဝန်ထမ်းဆောင်ပြီး တစ်နှစ်ခန့်အကြာ...

ဆောင်ဦးပေါက် ရာသီအစ ညတစ်ည၏ ညဉ့်နက်သန်းခေါင်ယံအချိန်၌ ကြခတ်ရွာလယ်ခေါင်ရှိမောင်စိန်ဆိုသူ၏ ကုန်စုံဆိုင်မီးလောင်သွားရာ၊ ဆိုင်ရှင်တရုတ်ကပြားမောင်စိန်အသက်လေးဆယ်နှစ်သည်လည်း မီးလောင်သေဆုံးသွားသည်ဟု နောက်တစ်နေ့နံနက်စောစောတွင် ထိုရွာလူကြီးကဂရဲစခန်းသို့ လာရောက်အကြောင်းကြားသည်။

ရဲဝခန်းမှူးက မြို့နယ်ရဲတပ်ဖွဲ့မှူးဦးစံဝကို ချက်ချင်းသတင်းပို့သည်။

"မီးလောင်သေတဲ့လူဟာ ဆိုင်ရှင်ဆိုတာ သေချာရဲ့လား" ဦးစံဝက သူကြီးဦးအေးထွန်းကို မေးသည်။

"သေချာပါတယ်၊ ဆိုင်ရှင်ဟာ အဲဒီဆိုင်မှာပဲ နေသူပါ၊ အလောင်းဟာ မီးလွေးခဲမဖြစ်သေးပါဘူး၊ ကျွန်တော်နဲ့ရွာသားတွေ မီးကိုငိုင်ငြိမ်းသတ်ပေမယ့်လို့ ဆိုင်ကဝါးနဲ့ခနိမိုးဆိုတော့ မီးလောင်ပြာဖြစ်တာမြန်ပါတယ်။ အလောင်းက မီးလွေးခဲမရောက်သေးတော့ ဆိုင်ရှင်မောင်စိန်ဆိုတာ သိပါတယ်"

"အဲဒီမီးလောင်တဲ့နေရာထဲကို ဘယ်သူမှမဝင်အောင် အစောင့်ချထားရဲ့လား" ဦးစံဝက မေးသည်။

"အစောင့်သုံးယောက်ချထားပါတယ်"

"မီးက ရိုးရိုးလောင်တဲ့မီးလား၊ ပေါ့ဆမီးလား၊ ရှိမီးလားဆိုတာစုံစမ်းရမယ်။ ဒါထက် သူကြီးအဲဒီဆိုင်ရှင်ဟာ တစ်ယောက်ထဲနေသလား"

"တစ်ယောက်ထဲနေသူပါ"

"ခင်ဗျားတို့ရွာသားလား၊ တစ်ခြားကလာပြီး ဆိုင်လာဖွင့်တာလား"

"သူဟာပဲခူးကလာပြီး ကျွန်တော်တို့ရွာမှာ ဆိုင်လာဖွင့်တာသုံးနှစ်လောက်ရှိပါပြီ"

"ကောင်းပြီ..ဒီကိစ္စ..ဒီအမှုကို ကျွပ်ကိုယ်တိုင်စုံစမ်းမယ်"

မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးစံဝသည် တပည့်အချို့ကိုခေါ်၍ ကြခတ်ရွာ သို့ခြေလျင်သွားသည်။

ကြခတ်ရွာသို့ရောက်သောအခါ ဦးစံဝသည် မီးလောင်ထားသောနေရာနှင့်အလောင်းကို သေသေချာချာစစ်ဆေးသည်။

မီးလောင်ထားသည့်နေရာအနှံ့ အဝန်းမှာ ပေနှစ်ဆယ်ပတ်ဝန်းကျင်ခန့်သာရှိပြီး၊ အိမ်ဆိုင်နေရာဟောင်း၏ တစ်ဖက်တစ်ချက်တွင် တည်ရှိကြသော လူနေအိမ်များမှာ -ပေငါးဆယ်ကျော်ကျော်အကွာ၌ ရှိကြသည်ကတစ်ကြောင်း၊ ရွာသားများက အခြားအိမ်များသို့ မီးမကူးအောင်တားဆီးနိုင်သည်ကတစ်ကြောင်းကြောင့် ထိုအိမ်ဆိုင်သာမီးလောင်ပြာကျသွားခြင်းဖြစ်၏။

"မီးလောင်လောင်ခြင်း ကျွန်တော်တို့ ကျွန်မတို့မသိကြပါဘူး၊ မီးအားကောင်းလာပြီး ဝါးတွေပေါက်ကွဲသံ၊ မီးခိုးတွေလွှင်ထွက်လာတော့

www.burmeseclassic.com

www.burmeseclassic.com

မှ သိတယ်''ဟု အိမ်နီးနားချင်းတို့က ပြောကြသည်။

''ဆိုင်ရှင်က အဆိပ်ကြီးလို့လား၊ ဒါပေမဲ့လို့ မီးလောင်တာသိချိန်မှာ သူဟာဆိုင်ထဲက ထွက်မရလို့လား''

ရဲအရာရှိ ဦးစံဝသည် အမျိုးမျိုးတွေးပြီး စစ်ဆေးမှုများပြုလုပ်သည်။ ထို့နောက် သူကြီးအား..

''သူကြီး အလောင်းကို ကဝဆေးရုံပို့ဖို့ စီစဉ်ထားပါ ကျွန်တော် တို့ပြန်ရင်..တစ်ပါတည်းသယ်သွားနိုင်အောင်''ဟု သူကြီးအားပြောသည်။

''ဟုတ်ကဲ့ပါ''

သူကြီးသည် အလောင်းသယ်ရေး ပို့ရေးကို အမြန်စီစဉ်လိုက်သည်။

သူကြီးစီစဉ်ပြီးသောအခါ ရဲအရာရှိဦးစံဝက သူကြီးအား သူနှင့်လိုက်ခဲ့ရန်ပြောပြီး မီးလောင်ထားရာနေရာ၏ အနောက်ဘက်သို့ သတိနှင့်သွားသည်။ အိမ်သာမှာမီးလောင်နေရာ၏ အနောက်ဘက် ပေလေးဆယ်ခန့်အကွာတွင်ရှိသည်။ အိမ်သာနောက်ဘက်၌ ဝါးခက်များကို ခြံစည်းရိုးသဖွယ်လုပ်ထားသည်။

ဦးစံဝသည် အိမ်သာအနီးခြံစည်းရိုးတွင် လူတစ်ကိုယ်စာဝင်ပေါက်ထွက်ပေါက်ဖြစ်နေသည်ကို တွေ့ရသည်။ ၄င်းနောက်သူသည် ထိုအပေါက်မှတစ်ဆင့် အပြင်ဘက်နောက်ဖေးလမ်းကြားသို့ထွက်လိုက်သည်။

''ဒီလမ်းကြားက ရွာကကျွဲနွားတွေသွားဖို့ လမ်းကြားပါ''သူကြီးက ဖြေသည်။

ဦးစံဝသည် ခြံစည်းရိုးအပြင်ဘက်အရောက်တွင် မြေပြင်ကို ဂရုတစိုက်ကြည့်ပြီးနောက် တစ်စုံတစ်ခုကို တွေ့၍ကုန်းကောက်လိုက်သည်။

''ကြခတ်ဝါးဆူးတွေပဲ၊ ဆူးတစ်ချောင်းထိပ်မှာ သွေးစတွေ့တယ်၊ ခြောက်နေပြီ''ရဲအရာရှိ၏ နှုတ်မှ အသံထွက်သွားသည်။ ဆူးပါသောဝါးခက်မှာ သုံးပေခန့်ရှည်သည်။ ဆူးမှာ တစ်လက်မသာသာခန့်သာရှိသည်။

''မီးကိုလာငြိမ်းသတ်တဲ့ရွာသားတွေဒီဘက်ကိုရောက်ကြသေးသလား သူကြီး''

''ဒီနောက်ဘက်ကို မလာကြပါဘူး၊ ရှေ့ကလူသွားလမ်းကပဲလာကြပြီး မီးကိုဝိုင်းငြိမ်းသတ်ကြတာပါ''

ဦးစံဝသည် ဆူးပါသောဝါးခက်ကိုကိုင်၍ မြေပြင်ကိုကြည့်ပြီး သုံးလေးလှမ်းခန့်သွားပြီးနောက် ရပ်လိုက်သည်။

''သူကြီး..ဒီမှာကြည့် ဟောဒီမြေပျော့ပျော့ပေါ်မှာ ခြေရာတွေ၊ အသွားခြေရာတွေရော၊ အပြန်ခြေရာတွေရောပဲ၊ ပြီးတော့ ခြေရာတွေက လူတစ်ယောက်ထဲရဲ့ ခြေရာတွေဖြစ်တယ်''

သူကြီးဦးအေးထွန်းသည် ရဲအရာရှိပြသည့် ခြေရာများကို ငုံ့ကြည့်ပြီးနောက်-

''မြို့နယ်မှူးက မျက်စိသိပ်ရှင်တာပဲ''ဟု ပြောလိုက်သည်။

''ကျုပ်တို့အလုပ်က မျက်စိရှင်ရှင်ထားရမယ်လေ၊ သဲလွန်စတွေရှာဖို့ရာ မျက်စိရှင်ရှင်ထားရမယ်''

ရဲအရာရှိဦးစံဝသည် အပြန်ခြေရာများနောက်သို့ တစ်ဖြည်းဖြည်းခြေးလိုက်သွားသည်။

''ခြေရာတွေက အလတ်ကြီးတွေဗျ''မြို့နယ်မှူးသည် ထိုသို့ပြောရင်း သွားရာ၊ ပေတစ်ရာခန့်သွားအပြီးတွင် ရပ်နေလိုက်သည်။

''ခြေရာက ဒီခြံထဲဝင်သွားတဲ့ခြေရာဗျ''

''ဒီခြံက မောင်ကုလားခြံ''သူကြီးက ပြောသည်။

''ဟောဒီမှာတွေ့လား ဒီခြေရာတွေက ဒီခြံထဲက အထွက်ခြေရာတွေ၊ ဟောဒီခြေရာတွေက ဒီခြံထဲဝင်တဲ့ခြေရာတွေ၊ လူတစ်ယောက်ထဲရဲ့ခြေရာတွေပဲ''

မြို့နယ်မှူးသည် ထိုသို့ပြောပြီး သူကြီးပြောသော မောင်ကုလားဆိုသူ၏ ခြံထဲသို့တစ်ဖြည်းဖြည်းဝင်သွားသည်။

''မောင်ကုလား ဘာအလုပ်လုပ်သလဲ''ရဲအရာရှိသည် သွားရင်းမေးသည်။

''သူက မိဘချန်ထားခဲ့တာတွေထိုင်စားနေတယ်၊ ဟိုးတစ်နှစ်က အိမ်ဆိုင်ဖွင့်ပြီး ကုန်မျိုးစုံရောင်းတယ်၊ မောင်စိန်နဲ့အပြိုင်ပေါ့၊ ဒါပေမယ့်လို့ အရောင်းအဝယ်မကျွမ်းကျင်တော့ အရင်းပြုတ်သွားတယ်''

သို့နှင့်ရဲအရာရှိ ဦးစံဝနှင့်သူကြီးတို့သည် မောင်ကုလားအိမ်ရှေ့သို့

www.burmeseclassic.com

www.burmeseclassic.com

ရောက်လာကြသည်။ အိမ်မှာ သုံးပင်နှစ်ခန်းတစ်ထပ်ပျဉ်ထောင် အိမ်ကလေးဖြစ်သည်။

"မောင်ကုလား..မောင်ကုလား" သူကြီးက အိမ်ရှေ့မှ အသံပြုသည်။

အသက်လေးဆယ်ခန့်အရွယ် အမျိုးသမီးတစ်ယောက်အိမ်ခန်းထဲမှ ထွက်လာသည်။

"ဟဲ့ မရွေးနှင့်ယောက်ဖကြီးရော" သူကြီးကမေးသည်။

မရွေးသည်ရဲယူနီဖောင်းဝတ်ထားသောဦးစံဝကို တွေ့လိုက်သည်နှင့် မျက်နှာကွက်ခနဲပျက်သွားသည်ကို ဦးစံဝသတိပြုမိသည်။

"ကိုကုလားရှိတယ်၊ နေမကောင်းလို့ လဲနေတယ်"

မရွေးသည် ထိုသို့ပြောပြီး အိပ်ခန်းထဲသို့ လှစ်ခနဲပြန်ဝင်သွားသည်။

"သူကြီး..ကျွန်တော်မောင်ကုလားနဲ့တွေ့ချင်တယ်၊ အိမ်ပေါ်ခဏတက်ကြရအောင်"

ဦးစံဝက ပြောလိုက်သောကြောင့် သူကြီးက

"မရွေ ငါတို့ အိမ်ပေါ်တက်လာပြီဟေ့"

ပြောပြောဆိုဆို သူကြီးဦးအေးထွန်းက ရှေ့မသွား၍ အိမ်ပေါ်တက်သွားသည်။ ဦးစံဝသည် ဖိနပ်မချွတ်ဘဲ ဘိနပ်ချွတ်ကြမ်းပြင်ပေါ်၌ရပ်ပြီး အိမ်ထဲသို့ အကဲခတ်လိုက်သည်။

အိမ်ထဲတွင် ပရိဘောဂများများမရှိပဲရှင်းနေသည်။ မရွေသည် အခန်းထဲမှ ပြန်ထွက်လာပြီး ခေါင်းရင်းဝိုင်းတွင် သင်ဖြူးဖျာတစ်ချပ်ကို ခင်းသည်။

"ငါတို့မထိုင်ဘူး၊ မောင်ကုလားနဲ့ တွေ့ချင်တယ်" ဦးစံဝက ပြောသည်။

"ကိုကုလားနေမကောင်းဘူးရှင့် အိပ်ရာထဲက မထနိုင်ဘူး" မရွေက ပြောသည်။

"ဘာဖြစ်တာလဲ" သူကြီး၏ အမေး။

"ဆူးစူး..အဲဟုတ်ပါဘူး၊ ဗိုက်အောင့်နေတယ်" မရွေက မျက်နှာ ပျက်ပျက်နှင့်ဖြေသည်။

ရဲအရာရှိသည် မရွေကိုကြည့်၍ မသိမသာပြုံးလိုက်သည်။

"က..သူကြီး..ခင်ဗျားပဲ မောင်ကုလားအခြေအနေကိုဝင်ကြည့်ဗျာ၊ ကျုပ်ကဖိနပ်စီးထားတော့ အိမ်ထဲမဝင်တော့ဘူး၊ သူ့ကိုတွဲခေါ်ခဲ့ပါ။

ဦးစံဝကထိုသို့ပြောသောကြောင့် သူကြီးသည် အိမ်ထဲဝင်သွားသည်။ ခဏအကြာ သူကြီးသည်မောင်ကုလားကို တွဲ၍အိမ်ရှေ့သို့ထွက်လာသည်။ မောင်ကုလားသည် ညာဘက်ခြေထောက် ထော့နင်းထော့နင်းဖြစ်နေသည်။

"ဗိုက်နာတယ်ဆို၊ ဘာဆေးသောက်ထားသဲ"

ဦးစံဝကမေးသည်။

"ဘာဆေးမှ မသောက်ဘူး တော်ကြာ ပျောက်သွားမှာပါ နာနေကြပါ"

မောင်ကုလားသည် မျက်နှာ ပျက်ပျက်နှင့်ဖြေသည်။

မောင်ကုလားသည် ရဲအရာရှိလက်ထဲမှ ကြခတ်ဆူးတံကိုကြည့်နေသည်။

"မင်းခြေထောက်က ဘာဖြစ်တာလဲ၊ ထော့နင်းထော့နင်းနဲ့ ကဲထိုင်စမ်း ငါကြည့်မယ်"

ဦးစံဝက ထိုသို့ပြောသောကြောင့် သူကြီးရော မောင်ကုလားပါ ဦးစံဝ ရှေ့နားရှိ ကြမ်းပြင်ပေါ်တွင် ထိုင်ချလိုက်သည်။ သူကြီးက မောင်ကုလား၏ ညာဘက်ခြေဖဝါးကို ကိုင်၍ ဦးစံဝကို ပြလိုက်သည်။

ဦးစံဝသည် သူ၏လက်ထဲမှ ကြခတ်ဆူးကိုင်းကို မောင်ကုလားကိုပြရင်း "မင်းရဲ့ခြေဖဝါးစူးတာ ဒီကြခတ်ဆူးနဲ့တူတယ်ကွ၊ ဆူးထိပ်မှာ သွေးစ အခြောက်တွေရှိတယ်ကွ" ဟု ပြောလိုက်သည်။

"ဆူးစူးရင် မေးခိုင်ပိုးဝင်တတ်တယ်ကွ၊ ကဝဆေးရုံမှာ မေးခိုင်ကာကွယ်ဆေးထိုးဖို့လိုတယ်"

ဦးစံဝက ထိုသို့ပြောသောအခါ ကုလားက "ကျွန်တော်ကဝအထိလမ်းမလျှောက်နိုင်ဘူး" ဟုပြောသည်။

"သူကြီး မောင်ကုလားကို အထမ်းနဲ့ ကဝကိုခေါ်ဖို့စီစဉ်ပေးပါ။ မောင်ကုလားမိန်းမက ငါတို့နဲ့ သူကြီးအိမ်ကိုလိုက်ခဲ့၊ ငါမေးစရာရှိတယ်" ဦးစံဝက ထိုသို့ပြောသောအခါ မရွေက "ဒီမှာမေးပါလား" ဟုပြောရာ

www.burmeseclassic.com

www.burmeseclassic.com

"ဟိုရောက်မှမေးမယ်" ဦးစံဝက လေသံမာမာနှင့်ပြောလိုက်သည်။

ထို့နောက် ဦးစံဝ၊ သူကြီးနှင့် မရွှေတို့ သူကြီးအိမ်သို့သွားကြသည်။

သူကြီးအိမ်နောက်သောအခါ သူကြီးကိုရှေ့ထား၍ ဦးစံဝက မရွှေကို မေးခွန်းများမေးသည်။

"နှင့်ယောကျ်ားက ဘယ်နေ့က ခြေဖဝါးမှာ ဆူးစူးတာလဲ"

"မနေ့ညဦးကပါ" မရွှေက စဉ်းစားပြီးမှ ဖြေသည်။

"ဘယ်အချိန်လောက်ကလဲ"

"ညရှစ်နာရီလောက်က"

"ဆူးစူးတော့ နင်ဘာလုပ်ပေးသလဲ"

"နှုန်းသိပ်ပေးတယ်"

ဦးစံဝသည်ဆက်မမေးတော့ပဲ

"နင်ဒီမှာပဲနေဦး၊ ငါတို့က နှင့်အိမ်ပြန်တော့လို့ပြောမှ နင်ပြန်ရမယ်" ဟု ပြောပြီး သူကြီးကိုခေါ်၍ ကုလားအိမ်သို့ ထပ်သွားသည်။

ဦးစံဝက ကုလားကို "ဘယ်အချိန်က ဆူးစူးတာလဲ" ဟု မေးရာ ကုလားက "မနေ့ကညနေလေးနာရီလောက်ပါ၊ ခြံရှင်းရင်း စူးတာပါ" ဟုဖြေသည်။

"ဘာဆေးထည့်သလဲ" ဟု ဦးစံဝက မေးသောအခါ

"ဘာဆေးမှမထည့်ဘူး" ဟု ကုလားက ဖြေသည်။

ဤတွင် ရဲအရာရှိဦးစံဝင်းက

"မောင်ကုလား..ငါဟာ ရဲစုံထောက်လုပ်လာတာကြာပြီကွ မင်းမိန်းမပြောတာနဲ့ မင်းပြောတာလုံးဝမတူဘူး..ပြစမ်း မင်းရဲ့ ဆူးဒဏ်ရာ" ဟုပြောပြီး..

ဦးစံဝသည် ကုလား၏ဒဏ်ရာကို ကြည့်ရာ နှုန်းတည့်ထားသည်ကိုမတွေ့ရ။

ကုလားသည် ဖျက်နှာအကြီးအကျယ်ဖျက်နေလေပြီ။

မှန်ပါ၊ ခင်ဗျားလား၊ မညာနဲ့၊ မင်းရဲ့သွေးနဲ့ ဟောဒီကြေခဝါဆူးထိပ်က သွေးခြောက်ကို စာဖတ်ခွဲခန်းပို့ပြီး စစ်ဆေးရင်အဖြေရမယ်။ မင်းဟာ မောင်စိန်ရဲ့ အိမ်ဆိုင်ကို နောက်ပေးဘက်က သွားပြီး အပြန်မှာ ဆူးစူးခဲ့တယ် မဟုတ်လား၊ ခြေရာတွေက သက်သေခံနေတယ်"

ဦးစံဝ၏စကားအဆုံးတွင် မောင်ကုလားသည် ဦးခေါင်းငိုက်ဆင်းသွားကာ မျက်ရည်များစို့လာသည်။

"ကျွန်တော်..ကျွန်တော်..မိုက်မှားမိပါတယ်.. ကျွန်တော်ညက ကိုမောင်စိန်ကိုသတ်ပြီး သူ့ဆိုင်ကို မီးရှို့ခဲ့တယ်၊ သူ့သေတ္တာထဲက ငွေတွေကိုလည်း ယူခဲ့တယ်၊ ငွေက တစ်သောင်းကျော်ကျော်ပါ၊ ကျွန်တော့်အိပ်ရာအောက်မှာရှိတယ်၊ အပြန်မှာ ခပ်သုတ်သုတ်ပြန်လာရင်း ကြခတ်ဆူးစူးသွားတာပါ၊ သူ့ဈေးရောင်းကောင်းလို့ မနှာလိုဖြစ်ပြီး၊ အခုလိုလုပ်မိတာပါ" ဟု ပြောပြီး ရှိုက်ငိုပါတော့သည်။

"မကောင်းကြံမကောင်းဖြစ်တယ်ကွဲ့ မင်းအိပ်ရာအောက်က ငွေတွေ သွားယူပေး၊ သူကြီးလိုက်သွားပါ"

ခဏအကြာတွင် ဦးစံဝ၊ သူကြီးနှင့် ကုလားတို့သည် သူကြီးအိမ်သို့ သွားကြသည်။ ကုလားသည်ခြေထောက်ထော့နင်းထော့နင်းနှင့်။

"မရွှေ ငါကဝကိုသွားရမယ်နှင့် ကဝကိုလုံးဝလိုက်မလာနဲ့ ငါ့အပြစ်ငါခံမယ်" ကုလားက သူမိန်းမကိုပြောသည်။

နောက်နာရီဝက်အကြာတွင် ရဲအရာရှိဦးစံဝနှင့်သူ့တပည့်တို့သည် မောင်စိန်၏အလောင်းနှင့်ကုလားကို ရွာသားများထမ်းသော ထမ်းစင်များဖြင့် ကဝသို့ပြန်လာကြသည်။

ကဝဆေးရုံကြီးမှ ဆရာဝန်ကြီးက မောင်စိန်၏အလောင်းကိုစစ်ဆေးပြီး မောင်စိန်၏နှလုံးတွင် ဓားဖြင့်ထိုးသော အရာတစ်ခုစိုက်ဝင်ခဲ့ကြောင်း ဖော်ထုတ်လိုက်သည်။

ရန်ကုန်ရဲဌာနချုပ်ဓာတ်ခွဲခန်းတွင်လည်း ကြခတ်ဆူးထိပ်မှသွေးနှင့် မောင်ကုလား၏သွေးများ အတူတူပင်ဖြစ်သည်ဟု ဖော်ပြထား၏။

ထိုအမှုကို ပဲခူးမြို့ခရိုင်တရုံးသို့ သက်သေခံအထောက်အထားများအပြည့်အစုံဖြင့် တင်ပို့ခဲ့ရာ၊ ခရိုင်ရာဇဝတ်တရားသူကြီးက မောင်ကုလားအား ထောင်ဒဏ်တစ်သက်ပြစ်ဒဏ်ချမှတ်လိုက်လေ၏။

ဦးဦးသန်း

www.burmeseclassic.com

www.burmeseclassic.com

ဘလောက်ဂါ "အယ်လက်(စ)အူ" က ဝန်ကြီးချုပ်အား တောင်းပန်

လေးဝတီကျော်

မစ္စတာအူ ဝန်ကြီးချုပ်လီရှန်လွန်း

ဘလောက်ဂါ အယ်လက်(စ)အူသည် မြို့ကောင်စီများမှ အသုံးပြုသည့် ကွန်ပျူတာစနစ်များ ရောင်းချမည့် အရောင်းအဝယ်ကိစ္စတစ်ခုကို သူရေးသားသော ဆောင်းပါးတစ်ပုဒ်တွင် ထင်ခြင်ချက်များကို ဝေဖန်ရေးသားခဲ့၍ အသရေဖျက်ရာ ရောက်ခြင်းအတွက် ဝန်ကြီးချုပ် 'လီရှန်လွန်း'အား ယမန်နေ့က တောင်းပန်လိုက်သည်။ သူသည် ထိုးဆောင်းပါးနှင့် ဆက်စပ်သော ထင်ခြင်ဝေဖန်ချက်များကို ဖယ်ရှားလိုက်ပြီး၊ အဆိုပါဆောင်းပါးကို ဖြုတ်ချလိုက်ပြီဖြစ်ကြောင်း ရှင်းလင်းချက်ဖြင့် အစားထိုးတင်ပြလိုက်သည်။ သူ၏တောင်းပန်မှုကို လည်း တစ်ဆက်တည်း ဖော်ပြလိုက်သည်။

မစ္စတာလီ၏ရှေ့နေ အထက်တန်းကြေးပေးပုဂ္ဂိုလ် 'ဒါဗင်ဒါဆင်း'ထံမှ ရေးဝင်စာတစ်ဆောင် ပို့လိုက်ပြီး သူ၏ ကဆိုက်၌ ဖော်ပြထားသော စိတ်နှောင့်အယှက်ဖြစ်စေသည့် အကြောင်းရာကို ချက်ချင်းဖယ်ရှားပါ၊ သုံးရက်အတွင်း လူသိရှင်ကြား တောင်းပန်ပါဟု တောင်းဆိုလိုက်ပြီးနောက် မစ္စတာအယ်လက်(စ)အူ၏ တောင်းပန်မှု ထွက်ပေါ်လာခြင်း ဖြစ်သည်။

မစ္စတာအူ၏ ဆောင်းပါးတွင် PAP သည် လွဲမှားစွာ ရည်ရွယ်ခဲ့၍ တန်ပြန်မှုပြုလုပ်ခဲ့ရသည်ဟု ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ရေးသားထုတ်ဝေခဲ့သည့် PAP မြို့ကောင်စီသည် သူတို့၏ အိုင်တီ (IT) စနစ်များကို ပါတီပိုင်ဆိုင်သည့် ကုမ္ပဏီတစ်ခုဖြစ်သော 'လူပ်ရှားမှု သတင်းစီမံခန့်ခွဲမှု) AIM သို့ ရောင်းချရန် ဆုံးဖြတ်ခဲ့သည်ဟု ဆိုလိုခြင်းဖြစ်သည်။

ယမန်နေ့က ပို့လိုက်သောစာကို မစ္စတာအူက ပြောကြားရာမှာ သူမှတ်မိလိုက်သည်။ ယင်းမှာ ဆောင်းပါးကို ဖတ်ရှုသော စာဖတ်ပရိသတ်များက နားလည်သဘောပေါက်သွားမည်မှာ PAP မြို့ကောင်စီများနှင့် AIM အကြား အရောင်းအဝယ်ကိစ္စနှင့် ဆက်နွယ်ပြီး အကျင့်စာရိတ္တ ပျက်ပြားပြီး မစ္စတာလီသည် အပြစ်ရှိကြောင်း၊ ယင်းကိစ္စဖုံးကွယ်ရန် သူ၏အာဏာကို အလွဲသုံးစားပြုမည် (သို့) ယင်းအကျင့်စာရိတ္တ ပျက်ယွင်းမှုကို စစ်ဆေးမှုမပြုရန် တားဆီးသွားမည်ဟု နားလည်သွားကြမည်ဟု ပြောကြားလိုက်သည်။

မိမိသည် ယင်းစွပ်စွဲချက်များ မှားယွင်းကြောင်း၊ လုံးဝအခြေအမြစ်မရှိကြောင်း နားလည်လက်ခံပါသည်ဟု ဝန်ခံကြောင်း ဆက်လက်ပြောကြားလိုက်သည်။ ယင်းစွပ်စွဲချက်များကြောင့် ဝန်ကြီးချုပ် 'လီရှန်လွန်း'အား ထိခိုက်နာကျင်မှု ဖြစ်စေသည့်၊ အရှက်တကွဲဖြစ်စေသည့် အတွက် မိမိ အပြည့်အဝတောင်းပန်ပါကြောင်း ပြောကြားလိုက်သည်။ သူသည် နောင်တွင် အလားတူ ထိခိုက်စေမည့် ရေးသားမှုမျိုးကို မပြုလုပ်တော့ပါဟု ဝန်ခံကတိပြုပါ ကြောင်းဖြင့် ဖော်ပြလိုက်သည်။

လေးဝတီကျော်

Ref: Blogger Alex Au aplogises to PM, The Sundaytimes, January 6, 2013

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ဇာနည်ကြီး

ဒါရိုက်တိုတာ မျိုးဇော်အောင်

နှစ်အတန်ကြာ လော့ကနှင့် အလောက်ပြတ်ခဲ့ရသောကြောင့် ကိုယ်မှုံ့ ကိုယ်ရြေဖြစ်သော ရှိမခြင် နယ်စပ်ပြီး တလေးကိုယ် ကိုယ်အကြောင်း သိအောင် စိစ်း၍ ပြောဆိုနေသည်။

ထွန်းညီးဘဝအကြောင်း သိတ်ကြီးကျယ်တဲ့ ဇာတ်ကြောင်းတွေ ပါလာမည်ဟု ကြိုတင်မျှော်လင့်ထားခဲ့ကြသူများအတွက် အလုပ်ရှာရမည်။

အလုပ်အကိုင်ဆိုသည်မှာ ရိုးသောအမျိုးအစားမျိုးဖြစ်နေ၏။ ကိုယ်ပိုင်အလုပ်ဆိုတာမျိုးကလည်း အရင်းအနှီးရှိမှဖြစ်သည်။ ထွန်းညီအနေဖြင့် အရင်းအနှီးမရှိသောကြောင့် လက်မစား လုပ်စားအလုပ်တစ်ခုခုပါမှ လောလောဆယ် ဘဝင်မြင့်မည်၊ ထို့ကြောင့် ဟွန်းညီ ခြေဦးအောင် အလုပ်ရှာထွက်ခဲ့သည်။

အလုပ်ရှင် တော်တော်များများက ထွန်းညီ၏ ဇာတ်ကို သိပ်စိတ်ဝင်စားသောကြောင့် အလုပ်မပေးဝံ့ကြ လူဆိုး လူမိုက် လူသတ်သမားတစ်ယောက် အနေဖြင့် မြင်ကြ။ သိထားကြ၍ဖြစ်မည်။ အလုပ်မပေးကြသောကြောင့် နောက်ဆုံး ထွန်းညီ သူငယ်ချင်း ဦးကျော်သရေရိုက သုသာန်တို့ ခရောက်လာသည်။ သုသာန်နှင့် အနည်းငယ်မျှ သဘောပေါက်သော ရပ်ကွက်တစ်ခု၏ အမွှာကွင် ဦးကျော်သရေက ဖန်ထိုင်သည်။ ဌင်း၏ လုပ်ငန်းမှာလည်း ကြီးကျယ်သည်မှ မရှိမဖြစ် အခေါင်းတလား လုပ်ငန်းကြီးဖြစ်သည်။ (ဦးကျော်သရေမှာ တစ်ချိန်က လူဆိုး လူမိုက်တစ်ယောက်ဖြစ်ပြီး အိမ်ထောင်ကျ သမီးလေးတစ်ယောက်ရပြီး ဝန်းသည်မှာ ဆုံပါး၍ ယခုလို လူရှင်းရာတွင် သုသာရာစာ အလုပ် လုပ်ခြင်းဖြစ်သည်)။

ထိုလုပ်ငန်းတွင် ထွန်းညီ အလုပ်ရ၏။ ထွန်းညီကို ဦးကျော်သရေ ကောင်းကောင်းသိသည်။ မဟုတ်မခံ တတ်သော ထွန်းညီသည် မြွေပွေးတစ် ကောင်နှင့်တူသည်။ ရန်မမူလျှင် ဟသာ နေတတ်၍ ရန်မူလျှင်တော့ ဖွာလန်ကြဲ အောင် ပြန်တုံ့ပြန်တတ်သည်။ လူသတ်မှုဖြင့် အကျဉ်းကျခဲ့ရခြင်းမှာလျှင် လည်း ဦးကျော်သရေ ညီမကို ဇာတ်ရားအနိုင် ကျင့်စော်ကားရန်လုပ်သော ထွန်းညီ့တစ် ယောက် မြွေပွေးအကြောင်း လက်တွေ့ ပြခဲ့ခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့် ထွန်းညီကို "မြွေပွေးထွန်းညီ" ဟု ကင် ပွန်းတပ်ခဲ့ကြခြင်းဖြစ်၏။ သို့သော် ထွန်းညီ့ ကြည့်ရှုနှုံးပံ့နေမှုနှင့် ညီမ ဖြစ်သူမှာ သောဘုံးခဲ့ရလေသည်။

နဝေတ့ ထွန်းညီ့ **အလုပ်ရပြီး** ထွန်းညီ့ အလုပ်ကို ကောင်းကောင်း ကြိုးစားလုပ်ကိုင်နေပြီး အခေါင်းတလား လုပ်ငန်းသည် ဒေါ်မြင့်အားဖြင့် အနိုင်ရ ရုံဟု ဆင်ကောင်း ထင်ကြပေမည်။ သို့သော် ထွန်းညီအနေဖြင့်ကား ဘယ်

www.burmeseclassic.com

www.burmeseclassic.com

သောအခါမှမထင်၊ လူဘဝ နောက်ဆုံး တန်ကြေးသည် အခေါင်းတလား တစ်လုံး၏ တန်ဖိုးပင် မဟုတ်ပါလား။

ဦးကျက်သရေသည် အခေါင်းတလား လုပ်ငန်းဖြင့် ၎င်းတစ်ချိန်က စုဆောင်းခဲ့သည်တို့ဖြင့် ချမ်းသာနေသူ ဖြစ်သည်။ ဦးကျက်သရေ၏ ချစ်သမီး လေးမြွေးသည် အလွန်လှသော်လည်း သူမကို တစ်ရွာလုံးရှိ ကာလသား လူပျိုများက စိတ်မဝင်စားကြချေ။ သုဘာရာဇာသမီးဟု တစ်ရွာလုံးက ကျဉ်းထား နှိမ်ထားကြသည်။ သို့သော် တစ်ရွာလုံး ကလူမဟိုသားအဖကို နှိမ်ထား နိုင်ကြပေမဲ့ ကျဉ်၍ကား မရခဲ့ရှာပေ။ အဘယ်ကြောင့်ဆိုသော် ရွာတွင် တစ်စုံတစ်ယောက်သေလျှင် ဦးကျက်သရေဆီ လာရမြဲဖြစ်၍ အဘယ်မှာလျှင် ကျဉ်၍ ရနိုင်ပါမည်နည်း? ဦးကျက်သရေ၏ အခေါင်းတလား လုပ်ငန်းတွင် အလုပ်သမားပေတလူသည် လူပျော်လူနောက် တစ်ယောက်ဖြစ်သည်။ မြသွေးနှင့် ထွန်းညို့ကို ကြားဝင်လှော်ပေးနေသူ ဖြစ်သည်။ မြသွေးက လူဆို။ လူမိုက်၊ လူသတ်သမား ထွန်းညို့ကို ဘဝင်မတွေ့နိုင်ပဲ စိတ်မဝင်စားချေ။

တစ်နေ့သ၌ တစ်ချိန်က ရင်းနှီးခဲ့ကြသော သူဌေးကြီး ဦးမိုးကောင်းသည် ကားတစ်စီးနှင့် ကားတစ်စီးနှင့် ဦးကျက်သရေအိမ်သို့ ရောက်လာပြီး အကူအညီတောင်းလေသည်။ ၎င်း၏အကူအညီမှာ မိမိနှင့်လက်ထပ်မည့် "ခင်နှင်းဆီ"ကို လူဆိုးများ ဖမ်းဆီးသွားကြ၍ ခင်နှင်းဆီကို ရအောင်ပြန်ခေါ်ပေးနိုင်လျှင် ထိုက်သင့်သော တန်ဖိုးအတွက် တန်ကြေးကို ပေးမည်ဟု ပြောလာ၏။

တန်ကြေးမှာ သိန်းတစ်ရာတိတိ ဖြစ်သည်။ လူဆိုးများ ဖမ်းဆီးခေါ်ဆောင်သွားသော ခင်နှင်းဆီဆိုသည့် လူတန်ဖိုးမှာ တန်ကြေး သိန်းတစ်ရာမကစာန်သော တန်ဖိုးကြီး မိန်းကလေးတစ်ယောက်ဟု ထွန်းညို့ နားလည်လိုက်၏။ (ထွန်းညို့အတွက် အရင်းအနှီးလိုသည်)

ထို့ကြောင့် ထွန်းညို့က ခင်နှင်းဆီကို မိမိအရ ခေါ်ဆောင်ပေးမည်ဟု တိတိပပ ပြောလာ၍ ဦးကျက်သရေတို့သားအဖ ရှေ့မောက်တွင် ဦးမိုးကောင်းအား ကတိကဝတ် ပြုခဲ့ကြပြီး စရံငွေအဖြစ် သိန်းသုံးဆယ်ကို တောင်းခံလေ၏။ သည်တွင် မြသွေးမှာ အသက်အန္တရာယ်ဘေးနှင့် အလွန်နီး၍ ထွန်းညို့ကို တားသေးသည်။ ထွန်းညို့က မိမိသည် တစ်ကောင်ကြွက်၊ ငိစား ရယ်စားမည့်သူမရှိ၊ ချစ်ရမည့် ကြင်နာရမည့် သူလည်းမရှိ၊ သေစေမြဲကြီး ရှင်ချွေထီး မိမိဘဝ အရင်းအနှီး၏ တန်ကြေး တစ်ခုဟုဆိုကာ ခင်နှင်းဆီကို ပြန်ခေါ်လာပြီး သူဌေးကြီးဦးမိုးကောင်းလက်သို့ ပြန်အပ်နှင်းရေးအတွက် ထွန်းညို့တစ်ယောက် ခရီးထွက်ခဲ့လေတော့၏။

ခရီးစဉ်မှာ ဆယ်ရက်တိတိဖြစ်၍ ခရီးအဆုံးနှင့် ငွေပေးငွေယူကိစ္စ အဝဝကိုမူ ဆင်သေတောင် အခြေစခန်းဌာနဆုံမှတ်၊ စုရုပ်အဖြစ် ထွန်းညို့နှင့် သူဌေးကြီး ဦးမိုးကောင်းတို့ သတ်မှတ်ကြလေသည်။

လူဆိုးကြီး ဇော်ဗလသည်လည်း တစ်ချိန်က ချစ်ကျွမ်းဝင်ခဲ့သော ယောကျွမ်းဆွေ ခင်နှင်းဆီနှင့် ပြန်ဆုံဖြစ်ကြရ၍လည်း ခံစား စံစားနေ၏။ ထို့အချိန်မျိုး၌ ထွန်းညို့တစ်ယောက် ရောက်လာလိမ့်မည်ဟု ဇော်ဗလမထင်ချေ။ သို့သော် ထွန်းညို့ ဇော်ဗလတို့ ရှိရာ စခန်းသို့ ရောက်လာခဲ့တော့၏။

ထွန်းညို့ ရောက်လာပုံက ဆန်းသည်၊ ဇော်ဗလ၏ တပည့်လူဆိုးနှစ်ယောက်ကို လက်ပြန်ကြိုးတုပ်၍ ဇော်ဗလ၏ လူဆိုးစခန်းသို့ ခေါ်လာခဲ့ခြင်း ဖြစ်သည်။ ဇော်ဗလသည် ကြေးစား လူသတ်သမား ထွန်းညို့ကို မြင်လျှင် မြင်ချင်း အံ့သြထိတ်လန့် ဝမ်းသာသွားခဲ့လေ၏။ (တစ်ချိန်က ထွန်းညို့နှင့် ဇော်ဗလတို့ သိကျွမ်းခဲ့ဖူးကြပြီး စိတ်တက်ခြင်းသိခဲ့ကြသည်)

ထို့ကြောင့် ဇော်ဗလမှာ ထွန်းညို့ကို ကောင်းစွာ ညှဉ်တော်ပြု၍ကောင်းစွာ သူကောင်းပြုခဲ့လေ၏။ ထွန်းညို့ မည်သောရည်ရွယ်ချက်ဖြင့် မိမိဆီသို့ ရောက်လာမှန်း ဇော်ဗလ မသိရှာခဲ့ပေ။ သို့သော် ခင်နှင်းဆီက ထွန်းညို့ကို လုံးဝ အယုံအကြည်မရှိခဲ့ပေ။ ထို့ကြောင့် ခင်နှင်းဆီက ဇော်ဗလကို ထွန်းညို့နှင့်ပတ်သက်၍ အယုံအကြည် မထားဖို့ သတိပေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ဇော်ဗလသည် ၎င်း၏တပည့် အသိုင်းအဝိုင်း အဖွဲ့အစည်းဖြင့် မြောက်နေသူဖြစ်သည်။ အဖွဲ့သားများကလည်း ခေါင်းဆောင် ဇော်ဗလ ဝိတ်တိုင်းကျ ပြုလုပ်ပေး နာခံ၍လည်း ထွန်းညို ဝိမိကို တယ်သောအခါမှ ကျောသွားနိုင်မည် မဟုတ်ဟု အထင်ရှိနေသူဖြစ်သည်။

သို့သော် သူအထင် သူအမြင်တို့သည် မမှန်ခဲ့ချေ။ အဘယ်ကြောင့်ဆိုသော် ထွန်းညိုသည် စခန်းအောင်ပွဲ ခင်နှင်းဆီ မွေးနေ့ပွဲ၌ အားလုံးကို "အိပ်ဆေးခတ်" အရက်များတိုက်ကာ အအိပ်ခိုင်းထားခဲ့ပြီး ခင်နှင်းဆီကိုမူ စခန်းမှ သုတ်ပြေးသွားခဲ့သောကြောင့် ဖြစ်လေသည်။

ဇော်ဗလတို့အဖွဲ့ ပြန်လည်နှိုးထလာကြသောအခါ ခင်နှင်းဆီနှင့် ထွန်းညိုတို့ စခန်း၌မရှိတော့၊ ပြေးချေပြီသည်တွင် ဇော်ဗလတို့အဖွဲ့ ထွန်းညိုနောက်သို့ အလျင်တစေ လိုက်ကြသည်။ ခင်နှင်းဆီမှာလည်း လက်နှစ်ဖက်ကို ကြိုးတုပ် ခံထားရ၍လည်း ထွန်းညိုလက်မှ ရုန်းမထွက်သာ ပြေးမထွက်သာပေ။

ထွန်းညိုသည် ဇော်ဗလတို့အဖွဲ့ လာမည့်လမ်းကြောင်းများတွင် မိုင်းများ ထောင်၍ မြှုပ်ထားခဲ့သဖြင့် ဇော်ဗလ၏ လူအတော်များများ မိုင်းနင်း၊ မိုင်းထိ၊ မိုင်းကွဲ၍ သေဆုံးခဲ့ကြသည်။

လွတ်မြောက် လာကြသူများကိုလည်း ထွန်းညို၏ ခြံကွယ်တိုက်ခိုက်မှုကြောင့် သေကြေ ကြေကြရသည်။ ဇော်ဗလများလည်း မိုင်းဆံ့ပုံ၌ ခြေထောက်တစ်ဖက် ဒဏ်ရာရခဲ့သည်။ ထို့သော် ဇော်ဗလမှာ အလွန်ရွံကြည်သူဖြစ်သည်။ ကြီးရုံတောင်မက သူချစ်ခဲ့သော ချစ်လှ ခင်နှင်းဆီကိုသူ့ သည် အချစ်ကလည်း ကြီးမိပါ၏။

ထွန်းညိုနှင့် ခင်နှင်းဆီတို့ ဆင်သေကောင် အခြေစခန်းသို့ ရောက်လာကြသည်။ သူ့ဌေးကြီး ဦးမိုးကောင်းနှင့် အဖွဲ့ ဦးကျက်သရေ မြသွေးနှင့် ပေတလူတို့ကလည်း ကြိုရှိရောက်နှင့်နေကြသည်။ အချိန်ကာလမှာ ကိုးရက်တိတိ အချိန်တည်း။

ထွန်းညိုမှ ခင်နှင်းဆီကို သူဌေးကြီး ဦးမိုးကောင်းလက်သို့ အပ်နှံလိုက်ပြီး ငွေအပေးအယူ ဂတိစကားအတိုင်း ဦးမိုးကောင်းမှ ထွန်းညိုကိုပေးစရာများပေးသည်။ ခင်နှင်းဆီမှာလည်း ဦးမိုးကောင်းလက်တွင်းမှ အတင်းရုန်းကန်နေသည်။ ဝိမိကိုကယ်ဖို့ ထွန်းညိုကို အကူအညီတောင်းသည်။ ဦးမိုးကောင်းသည် ဝိမိ၏ဖခင်ပစ္စည်းများကို အပိုင်သိမ်းခဲ့ပြီး ယခုလည်း ဝိမိကိုယ်ပါ အပိုင်သိမ်းနေ၍ ကူညီရန် ပြောဆိုတောင်းပန်သည်။ ထွန်းညို ခင်နှင်းဆီကို ဂရုဏာသက်မိသော်လည်း ဂတိစကားအတွက် ဘာမှ မတတ်နိုင်ဖြစ်နေသည်။

ထိုအချိန်မှာပင် ခြေတစ်ဖက် ထိမှန်ထားသော ဇော်ဗလရောက်ရှိလာပြီး ခင်နှင်းဆီကို ဦးမိုးကောင်းလက်ထဲမှ ပြန်လုလိုက်သည်။ ဇော်ဗလ ဦးမိုးကောင်းနှင့်ထွန်းညိုကို သေနတ်ဖြင့် ချိန်ထားသည်။ ဦးမိုးကောင်းက ထွန်းညိုကို အကူအညီတောင်းသည်။ ထွန်းညိုက ဝိမိတာဝန်ကုန်ပြီး ခင်နှင်းဆီကို အပ်နှံပြီး၍ ဝိမိမှာ ဘာတာဝန်မှမရှိဟုဆိုကာ အားလုံးကို ကျောခိုင်း၍ ထွန်းညိုထွက်သွားလေ၏။

ဦးမိုးကောင်း ဦးကျက်သရေ မြသွေးနှင့် ပေတလူတို့မှာ ထွန်းညိုကို ကြည့်နေသည်။ ဇော်ဗလသည်လည်း ခင်နှင်းဆီကို ဖက်ထားပြီး ဦးမိုးကောင်းကို ကြည့်သည်။ ခင်နှင်းဆီ ပြောစကားကြောင့် ဇော်ဗလ ဦးမိုးကောင်းအပေါ် စိတ်နာနေသည်။ သည်တွင် ဦးမိုးကောင်းက တပည့်ထံမှ သေနတ်တောင်း၍ ဇော်ဗလကို ပစ်ဖို့ရွယ်လိုက်စဉ် ဇော်ဗလထံမှ သေနတ်သံတစ်ချက် ဒိုင်းခနဲပေါ်ထွက်သွားလေတော့၏။

ထွန်းညိုတစ်ယောက် **သေနတ်သံကြားရာဆီသို့** လှမ်းကြည့်လိုက်သည်။ ဦးမိုးကောင်း သွေးအိုင်ထဲ လဲလျက်၊ ဇော်ဗလနှင့် ခင်နှင်းဆီတို့ကမူ လာရာလမ်းအတိုင်း ထွက်ခွာသွားနေသည်ကို ထွန်းညိုမြင်လိုက်ရလေသည်။

တစ်ခဏတည်းမှာပင် မြသွေးမှာလည်း ထွန်းညိုဆီသို့ ပြေးလာနေသည်ကို မြင်လိုက်ရလေသတည်း။

ဒါရိုက်တာ မျိုးဇော်အောင်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

(ရန်ဖွဲ့စားမှု မတ်ထုပ်ပမ်းဆီးခဲ့တဲ့ ဖြစ်ရပ်)

သွေးခြည်သား

ဒေါ်မောင်စိန်ကြင်(နတ်မောက်)

(၁)

"မင်းကြီး ... ခုလိုအုပ် ဒီလုံးကွဲ၊ ဖေဖေသန်း၊ ဇနီးသည်ကသန်းဝေဒါကို သားကို ရှိကြောင်း သတင်းပို့"

ဒုရဲအုပ်မီလုံးကျော်၊ ဖေဖေသန်း၊ နော်သန်းသန်းဝင်းတို့ မင်းကြီး [illegible] တွင်းသို့ ဝင်သွားကြပြီး၊ [illegible] ထိုင်လိုက်ကြသည်။

"ဆရာမြဝင်း ... ကျွန်တော် ဒီလို လာင်းနှုန်းမျိုးဖိအတွင်း ဘယ်သူ့ကိုမှ လက်မခံပါနဲ့။

ရဲဘော်တို့ ... အဝတ်လဲတာ ခဏပေး ဆောင်ပို့အတွက် လေ့ကျင့်ရေး [illegible] ပြီလား။ ကျွန်တော်ကြပြီလား"

"အားလုံးကျွန်တော်ပါပဲ ... [illegible]

"အဲဒါကိုပဲ အထူးတာဝန်ထမ်း ဆောင်ဖို့ မနက်ဖြန်ကစပြီး ပစာပါ။ အထူးတာဝန်ဘဒီးဆောင်ကြေးတဲ့ အပို့ ငင်တွေရဲ့ တာဝန်၊ ကျွင်စဉ် ခံယူချက် ဆတွ ဒီလည်း သိပြီးဖြစ်မယ်ထင်ပါတယ်"

"သိပြီးဖြစ်ပါတယ် မင်းကြီး"

"ရဲဘော်မီလုံးကျင်က မုဆိုသူ၊ မွန် လူမျိုးသို့ကော့ နယ်ချဲ့လည်း ကျွမ်းပြီး ဖြစ်တယ်။ ယူပ်ရှားဖယ့်ခွင်ခဲ့လည်း အံဝင် ခွင်ကျဖြစ်လယ်။ ရှမ်းစကား၊ မွန်စကား၊ ကရင်စကားလည်း ကျွမ်းတယ်။ ဒါ ကြောင့် လှုပ်ရှားမှုကိုကြီးစကားတွေထဲမှာ သန္ဓေယူပြီး သတင်းပို့ပါ။ ဂိုဏ်းစတား သွေးကလော့ မဲဆောက်မှာပဲ အိမ်ဝင်းပြီး ခေါ်ကြတယ်။ ယူတို့ရဲ့ တပည့်လူယုံတွေ ကတော့ မော်လမြိုင်၊ ဘားအံ၊ သံပြူ ဇရပ်၊ မုဒုံမြို့နယ် ကျေးရွာဝေါ့က ဝိန်းကလေးတွေကို ဧည့်ရုံသဲသင်းလွှင်းပြီ တစ်လ (၂)သိန်း (၃)သိန်းပေးပြီး အလုပ် ရှာ တားသောက်ဆိုင်တွေမှာ စတင်ပြီး ကျွေး သွင်းတယ်။ နောက်ပိုင်း တစ်ဆင့်တက် ပြီး ဘန်ကောက်ခဲ့ တခြားနိုင်ငံတွေမှာရှိတဲ့ ပါတယ်တွေ၊ ဓိမ်ခန်းကွေမှာ အပြင် ရောင်းစားပြီး အပြင်ထွက်ခွင့်မပေးတော့ ဘူး။ အဆက်အသွယ်အားလုံး ဖြတ် တောက်ပစ်ကြတယ်။ ဒါကြောင့် ဒီဂိုဏ်း ရဲ့ လှုပ်ရှားမှုကို ဖော်ထုတ်ဖို့ခဲ့ခဲ့တယ်။ ဟောဒီမှာ အတ်ကောင်တွေ၊ အတ်လိုက် တွေ၊ အတ်ပိုင်တွေရဲ့ အတ်ပုံတွေ။

မေစိသန်းကတော့ အင်္ဂလိပ်လို

www.burmeseclassic.com

www.burmeseclassic.com

လည်း ကျွမ်းတယ်။ ကရင်လိုလည်းကျွမ်း**တယ်။** ဂိုဏ်းစတားတွေအကြိုက်တွေ့နိုင်**တဲ့** ကိုယ်လုံးကိုယ်ထည်မျိုးဖြစ်လို့ သူတို့**တပည့်လက်ရုံး**တွေနဲ့ တိုးဝင်ပူးပေါင်းပါ။ **တစ်ခုသတိပြုရမှာက** ဂိုဏ်းစတားတွေ**ဟာ ထိုင်း-မြန်မာ** နယ်ခြံမှာ ခြေကုပ်ယူနေကြ**တဲ့** နိုင်ငံရေးအ**ဖွဲ့**အစည်းတွေ၊ ဒုက္ခသည်စခန်းတွေနဲ့ အ**ဖွဲ့**အစည်းတွေ၊ ဒုက္ခသည်စခန်းတွေနဲ့ အ**ဖွဲ့**အစည်းတွေ၊ တယ်။ ဒါကြောင့် သတင်းကြီးထားပြီး လှုပ်ရှားပါ။ **အန္တရာယ်လည်းများတယ်။** ဟောဒီမှာ **တတ်ပုံတွေ ...။**

နော်သန်းသန်းဝင်းကတော့ မြတီ-မဲဆောက်မှာ နယ်စပ်ကုန်သွယ်မှုလုပ်နေတဲ့ ကုန်သည်တွေ၊ **ပွဲစား**တွေနဲ့ ရင်းနှီးအောင်လုပ်ပြီး တရားမဝင် သွင်းကုန်-ပို့ကုန်လုပ်နေတဲ့ နယ်စပ်ကျော်ဖြတ်မှောင်ခိုကုန်သည်တွေနဲ့ နီးစပ်အောင်လုပ်ပါ။ အဲဒီပုဂ္ဂိုလ်တွေဟာ နယ်စပ်ကျော်ဖြတ် တောလမ်းမှောင်ခိုလုပ်နေသူတွေ ဖြစ်တယ်။ ရင်းနှီးမှု၊ ယုံကြည်မှု ရှိလာချိန်မှာ သတင်းအချက်အလက်တွေ ရနိုင်ဘယ်။

ရဲဘော်တို့ လှုပ်ရှားရမယ့် ခွင်တွေကတော့ အဲဒီဒေသတွေမှာ သန္ဓေယူပြီး လှုပ်ရှားကြရမှာ ဖြစ်တယ်။

ရဲဘော်တို့ လှုပ်ရှားရမယ့်ခွင်တွေကို သဘောပေါက်ရဲ့လား။ ကြေညက်ရဲ့လား။ ဆွေးနွေးပါ ...''

''သဘောပေါက်ပါတယ်၊ ကြေညက်ပါတယ် မင်းကြီး''

''မနက်ဖြန် စလုပ်''

အထူး တာဝန်ထမ်းဆောင်ကြမည့် ဒုရဲအုပ် မိလုံးကျင့်၊ ဒုရဲအုပ် မေစိသန်း၊ ဒုရဲအုပ်မုန်သန်းသန်းဝင်းတို့သည် အထူး တာဝန်ထမ်းဆောင်ရန်အတွက် နှစ်လ တိုင်တိုင် ဂျူဒို၊ ကရာတေး၊ ကွန်မန်ဒို ပြန်လည်လေ့ကျင့်မှုများ အားရကျေနပ်ဖြိုဖြစ်၍ မင်းကြီးထံ အမိန့်နာခံပြီး စုံစမ်းဆောက်လုပ်မှု အထူးတာဝန်ထမ်းဆောင်ကြရန် ကိုယ်စီကိုယ်ငင ထွက်ခွာကြလေသည်။

(၂)

မိလုံးကျင့်သည် ဖော်လမ်ပြီး သံပြိုင်ဖုံး၊ ဘုရားဆုံးဆု ဆုံးဉာဏ်ရာ တြိဘုံနယ်ပြုဖြစ်သော မုဆိုးကြီးတိတ်တွင် ယောင်လည်လည်ရောက်ရှိလာသည်။ ခပ်တောင့်တောင့် အသက်(၄၀)နှစ်ခန့်အမျိုးသမီးတစ်ဦးက မိလုံးကျင့်၏ နေထိပန်းအသွင်အပြင်ကို ကြည့်ပြီး နှုတ်ဆက်စကား စလိုက်သည်။

''ညီမက ဘယ်သွားမှာလဲ''

''ဘယ်သွားရင် ကောင်းမလဲ စဉ်းစားနေတာပါ အစ်မ''

''ညီမကြည့်ရတာ တော်သလင်းနေရဲ့ အပူဒဏ် ခံစားနေရသလိုပဲ ညှိုးနေတယ်ထင်တယ်။ စိတ်မရှိနဲ့နော်''

''တော်သလင်းနေရဲ့ အပူဒဏ် ဘယ်ကမလဲ အစ်မရယ်။ ကျွန်မရင်ထဲမှာ မီးဟုန်းဟုန်းတောက်နေပါတယ်''

''အပူရှိရင် အအေးရှိရမှာပေါ့။ အစ်မ ဘာကူညီရမလဲ ပြောပါ။ အစ်မ နာမည်က ဟန်နီတာပါ''

''ကျွန်မဘဝ ဆိုးပါတယ် အစ်မရယ်။ မိဘတွေသဘောမတူတဲ့ယောကျ်ားကို ယူမိလို့ မိဘတွေက စွန့်ပစ်တယ်။ အခု ယောကျ်ားက ညီမထက် ရုပ်ချော၊ ဥစ္စာပေါ မိန်းမနောက် ပါသွားတယ်။ ဒါကြောင့် ခြေဦးတည့်ရာ သွားမယ်ဆိုပြီး ထွက်လာတာ အစ်မ''

''လောကကြီးမှာ ကယ်တင်ရှင်ဆိုတာ ရှိပါတယ်။ အစ်မနဲ့လိုက်ခဲ့။ ညီမနဲ့အတူ လိုက်မယ့် ညီမနှစ်ယောက်လာရင် သွားကြမယ်''

''ဘယ်ကိုသွားပြီး အလုပ်လုပ်ရမှာလဲ အစ်မ''

''တစ်ဖက်နိုင်ငံမှာရှိတဲ့ စက်ရုံစားသောက်ဆိုင် ကြိုက်တဲ့အလုပ်ကို တစ်လ နှစ်သိန်း၊ သုံးသိန်းရမယ်။ တစ်လစာ ကြိုပေးတယ်''

''ကြက်ကန်းဆန်အိုးတိုး'' စကားပုံအတိုင်းပင် မိလုံးကျင့်သည် သူလှုပ်ရှားရမည့်ခွင်နှင့် တည့်တည့်တိုးလေသည်။

ဟန်နီတာသည် မိလုံးကျင့်၊ နွေသီတာ၊ သိန်းသိန်းဆိုသူ မိန်းကလေးသုံးယောက်တို့အား **မဲဆောက်**မြို့ရှိ အိမ်ကြီးသို့ ခေါ်ဆောင်သွားသည်။

ဂိုဏ်းစတားဟုထင်ရသော အသက် ၅၀ ခန့်ရှိ **ခန့်ခန့်ချောချော** အမျိုးသမီးကြီးက **စားသောက်ဆိုင်**မှာ လစ်လပ်သုံးသိန်းရမည်ဖြစ်ကြောင်း၊ နှစ်လ စမ်းသပ်လုပ်ရမှာဖြစ်ကြောင်း၊ စက်ရုံမှာ အလုပ်လုပ်ရမယ့် နွေသီတာနဲ့ သိန်းသိန်းတို့ကတော့ လခ စရိတ်ငြိမ်း နှစ်သိန်းရမယ်။ နှစ်လစမ်းသပ်လုပ်ရမှာဖြစ်ကြောင်း ပြောပြရာ သဘောကျသောကြောင့် လုပ်ငန်းခွင်သို့ ဝင်ကြလေသည်။

စားပွဲထိုးလုပ်ရသော ဖြူဖြူလှုံးလှုံး အုံးမွှေးတုံး မိလုံးကျင့်ကို စားသောက်ဆိုင်ကြီးသို့ လာရောက်စားသုံးကြသော စာသုံးသူများ အလွန်စိတ်ဝင်စားနေကြသည်။ တစ်ဖက်နိုင်ငံတွင် ဖြစ်သော်လည်း ရှမ်းစကား၊ ကရင်စကား၊ မွန်စကား ကြားသူမျာဖြစ်၍ မိလုံးကျင့် ကောင်းစွာနားလည်လေသည်။

တစ်နေ့ မဲဆောက်ဂိုဏ်းစတားဟု ထင်ရသော မိန်းမချောကြီး(အန်တီမြင့်ရောက်လာသည်။ လူဟောင်းမိန်းကလေးငါးဦးနှင့်အတူ မြို့တော်ကြီးရှိ ဟိုတယ်ကြီးမှာ အလုပ်လုပ်မလား။ လုပ်မည်ဆိုပါက မြန်မာငွေ တစ်လငါးသိန်းရမှာဖြစ်ကြောင်း စကားကမ်းလှမ်းကြသည်။ ခေါ်ယူကြသည်။ မိလုံးကျင့်က မိမိ၏ မိဘများကို ပြန်ပြီး ငွေပို့ပေးဦးမည်ဖြစ်ကြောင်း ပြ

www.burmeseclassic.com

www.burmeseclassic.com

လာပြီးမှ တစ်နှစ်စာချုပ်ပြင့် လုပ်မည်ဖြစ်ကြောင်း၊ ပြောဆိုပြီး ရုန်းထွက်ခဲ့ရလေသည်။

မိလုံးကျင်သည် တာဝန်အရ ဂိုဏ်းစား အန်တီမြင့်တို့အဖွဲ့ လူကုန်ကူးခြင်းဖြင့် ပို့လွှတ်ထားသော စားသောက်ဆိုင်ကြီးများမှ မိန်းကလေးများ၊ စက်ရုံအလုပ်ခုံများတွင် ပို့လွှတ်ထားသော မိန်းကလေးများ အရေအတွက်နှင့် အခြေအနေ။ ထိုမှတစ်ဆင့် မြို့တော်ကြီးများပေါ်ရှိ ဟိုတယ်ကြီးများသို့ ရောင်းစားခဲ့ရသော မိန်းကလေးများ၏ ဘဝအခြေအနေနှင့် သေမထူး နေမထူး လုပ်ကိုင်နေကြရသော မိန်းကလေးများ၏ သတင်းအချက်အလက်များကို စုဆောင်းကာ ပြန်ခဲ့ရလေသည်။

(၃)

မေစီသန်းသည် မဲဆောက်မြို့ရှိ လူစည်ကားသော ဧရာများ၊ ဟိုတယ်များ၊ စတိုးဝိုင်၊ လက်ကားဆိုင်ကြီးများ၊ နိုင်ငံခြားသားများ အဝင်အထွက်များသည့် နေရာများတွင် သွားလာပြီး နိုင်ငံခြားသားများကို မိတ်ဆက်သည်။ လိုအပ်ပါက စကားပြန်လုပ်ပေးလိုကြောင်း ကမ်းလှမ်းရာ တစ်ရက်ခြား၊ နှစ်ရက်ခြားဆိုသလို စကားပြန်အလုပ်ကို လုပ်ရသောကြောင့် ဒေါ်လာများ ရရှိနေလေသည်။

သပ်သပ်ရပ်ရပ် လှလှပပ ဝတ်စားဆင်ယင်ပြီး စကားပြန်လုပ်နေသော မေစီသန်း၏ မြင်ကွင်းကို အလိုရှိနေသောသူကား စောဗလဖြစ်သည်။ စောဗလမှာသည်း အင်္ဂလိပ်လို ကျွမ်းသူဖြစ်သည်။

တစ်နေ့တွင်ဖြစ်သည်။ မေစီသန်းကောင်းပြန်လုပ်ပေးသော နိုင်ငံခြားသားမှာ စောဗလနှင့် သိကျွမ်းသူဖြစ်သည်။ စားသောက်ဆိုင်တွင် တွေ့ဆုံကြသည်။ နိုင်ငံခြားသားများမှ မေစီသန်းနှင့် စောဗလတို့ကို မိတ်ဆက်ပေးရာမှ မေစီသန်းနှင့် စောဗလတို့ ခင်မင်သွားကြသည်။ စောဗလ၏ **မြင်ကြားသို့ ဇေါ်ဆောင်သွားပြီး မိမိ၏ အခြေအနေကို သိရှိစေသည်။**

"မေစီ ... အန်ကယ့်ရဲ့အလုပ်ကို ဝိုင်းကူလုပ်ပေးပါလား။ လခလည်း မေစီလက်ခံနိုင်လောက်အောင် ပေးပါ့မယ်"

"ဘာလုပ်ကိုင်ပေးရမှာလဲ ... အန်ကယ်"

"နိုင်ငံခြားသား ကုန်သည်၊ ပွဲစားတွေနဲ့ **အန်ကယ်လုပ်ကိုင်နေတဲ့** လုပ်ငန်းတွေမှာ အန်ကယ်နဲ့အတူ လုပ်ဖို့ရယ်၊ အန်ကယ့်ကိုယ်စား သွားလာလုပ်ကိုင်ဖို့ ဖြစ်ပါတယ်"

"လခ ဘယ်လောက်ပေးမလဲ အန်ကယ်"

"ပြန်မာငွေ တစ်လငါးသိန်းပေးမယ်"

"မေစီ နှစ်လလောက် စမ်းလုပ်ကြည့်မယ်လေ။ ပျော်ရင်ဆက်လုပ်မှာပေါ့"

မေစီသန်းသည် ဦးစောဗလနှင့် အတူ ဘန်ကောက်သို့ လိုက်ပါပြီး နိုင်ငံခြားသားများနှင့် ဦးစောဗလတို့ လုပ်ကိုင်နေကြသည့် ထိုင်း-မြန်မာနယ်စပ်တွင် သစ်ပန်းစုံ အရောင်အဝယ်လုပ်ငန်း၊ ကျောက်မျက်ရတနာ အရောင်းအဝယ်လုပ်ငန်းများကို ဝိုင်းဝန်းပြီး လုပ်ပေးရလေသည်။

ထိုင်း-မြန်မာ နယ်စပ်ရှိ နိုင်ငံရေးအဖွဲ့အစည်းများ၊ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆက်နွယ်ပြီး လုပ်ကိုင်ရသော လုပ်ငန်းခွင်များသို့လည်း သွားရောက်လုပ်ကိုင် ဆောင်ရွက်ရလေသည်။

နယ်စပ် ဒုက္ခသည်စခန်းအဖွဲ့အစည်းမှ ပုဂ္ဂိုလ်များက မေစီသန်းလို မိန်းမချောလေးတစ်ယောက်ကို ယုံကြည်မှုအပြည့်အဝမပေးရန် ဟန့်တားပြောဆိုမှုများကိုလည်း ကြုံရလေသည်။

မေစီသန်းသည် ရေတော်ခေသူ၊ ရေရှောနေသူ ရေတွင်းထဲကျဆိုသကဲ့သို့ သူတာဝန်ယူရသော တာဝန်ကို ကျွမ်းကျွန်စေသည့် သတင်းအချက်အလက်များကို ခြေခြေမြစ်မြစ် ရရှိခဲ့လေသည်။

လုပ်ငန်းကာလ နှစ်လပြည့်ခဲ့ပြီးဖြစ်သောကြောင့် ဦးစောဗလအား မိဘများထံ ငွေပို့ပေးပြီး ပြန်လာကာ လက်တွဲပါမည်ဖြစ်ကြောင်း ကျေနပ်အောင် ပြောဆိုပြီး ပြန်လာခဲ့လေသည်။

(၄)

နော်သန်းသန်းဝင်းသည် ညဆည်းဆာ တည်းခိုရိပ်သာတွင် တည်းခိုရန် စာရင်းသွင်းလိုက်သည်။ အခန်းနေရာရပြီး ဖြစ်၍ ည့ဉ့်ခန်းတွင် **တွေ့ရသော ဘန်ကောက်ပို့စ်သတင်းစာကို စိတ်ဝင်တစား ဖတ်ရှုနေသည်။ သတင်းစာတွင် မြန်မာနိုင်ငံမှ မတရားရောင်းစားခံရသူတွေ၊** တရားမဝင် အလုပ်စခန်းထဲတွင် ရောက်နေသူတွေ၊ နှိပ်စက်ညှဉ်းပန်းခံနေရသူတွေ အများအပြားကို စခန်းများမှ သက်ဆိုင်ရာ နှစ်နိုင်ငံ ပူးပေါင်းအဖွဲ့ တာဝန်ရှိသူများက ဖော်ထုတ်ကယ်ဆယ်ခဲ့ကြောင်း၊ ကျူးလွန်သူ၊ လူကုန်ကူးသူ တရားခံများကိုလည်း အရေးယူခဲ့ကြောင်း သတင်းဖြစ်လေသည်။

ထိုသတင်းကို စိတ်ဝင်တစား ဖတ်ရှုပြီး စိတ်ပျက်လက်ပျက်ဖြစ်နေသော နော်သန်းသန်းဝင်း၏ အမူအရာကို အကဲခတ်နေသူမှာ မင်းအုန်းမောင် ဖြစ်သည်။ မင်းအုန်းမောင်သည် ညဆည်းဆာတည်းခိုရိပ်သာတွင် မကြာခဏ တည်းခိုသူဖြစ်သည်။ တစ်ကြိမ်မျှ မတွေ့ဖူးသော နော်သန်းသန်းဝင်း၏ ပြူးဖြူးချောချော လုံးကြီးပေါက်လှကြီးကို စတွေ့ကတည်းက စိတ်ဝင်စားနေသူဖြစ်သည်။ နယ်ကျူးလွန်လာ

www.burmeseclassic.com

www.burmeseclassic.com

သော ခွေးသူငယ်လေး၊ လောကသစ်ရှာသူလော အတွေးတွေ ထင်ကြေးတွေ လည်း ဝေစည်နေသည်။ မင်းအုန်းမောင်သည် သည်ဒေသသို့ ရောက်လာသော ကျားသစ်မများကို သမင်မလေးများဖြစ်အောင် ဧစေစားခဲ့သူ အသားစားကျားကြီး ဖြစ်လေသည်။

"ဒီက ညီမကြည့်ရတာ ဒေါသဖြစ်နေသလို၊ စိတ်ပျက်နေသလို ဖြစ်နေပဲရတယ်၊ အစ်ကိုနားမည့် မင်းအုန်းမောင်ပါ"

"အစ်ကို ... သားစားကို သား ပေးကြည့်ပါသေး"

"အစ်ကို ဖမ်းပြီးပါပြီ"

"ညီမပို့ထားတဲ့ အလုပ်သမားတွေ ဖမ်းပြီးပြန်ပို့တယ်။ ညီမရဲ့ လက်ရင်းတွေ လည်း ဖမ်းဆီးလိုက်တယ်ဆိုတော့ ညီမရဲ့ စီးပွားရေးခွင် ပျက်သွားပြီပေါ့ အစ်ကို"

"ညီမနာမည်က နော်သန်းသန်းပါ"

"ညည်မရယ် ... ဟိုဘက်ကမ်း၊ ဒီဘက်ကမ်းမှာ အလုပ်လုပ်စားစရာတွေ အများကြီးရှိပါတယ်။ အစ်ကို ကူညီပါမယ်။ စိတ်လည်းမပျက်နဲ့၊ စိတ်အားလည်း မငယ်နဲ့"

နော်သန်းသန်းသည် မိဇီတာဝန်ယူရမည့် ခွင်နှင့် ကိုက်ညီသော မြင်ကွင်းဖြစ်၍ စိတ်ကျေနပ်နေသည်။ စွန့်စားရန် စိတ်ကို အသင့်အနေအထားအဖြစ် ပြင်ဆင်လိုက်သည်။

"အစ်ကိုက ဒီဘက်ကမ်းကပစ္စည်း၊ ဟိုဘက်ကမ်းကပစ္စည်းတွေကို ဘတ်စာစနစ်နဲ့ အခွန်အခဆောင်ပြီး ပို့ကုန်-သွင်းကုန်အဖြစ် ပို့တာ/သွင်းတာလည်း ရှိတယ်။ နယ်စပ်ဖြတ်ကျော်ပြီး အဲဒီပစ္စည်းအမျိုးအစားဝူကိုပဲ တောလမ်းက ပို့တာ/သွင်းတာလည်း ရှိတယ်။ ဒီနေရာမှာတော့ နယ်စပ်မှာ လူပ်ရှားနေတဲ့ တောကြောင်တွေကို အခင်းကြေးငွေပေးပြီး အဆင်ပြေအောင် လုပ်ရတာတွေလည်း ရှိတယ်။ အဲဒီလုပ်ငန်းတွေမှာ ညီမအရင်းအနှီးရှိရင် အရင်းအနှီးတည်ပြီးလုပ်။ အရင်းအနှီးမရှိရင် ကော်မရှင်စားနဲ့လုပ်။ အစ်ကိုနဲ့ လက်တွဲကြည့်ပါ။ နေ့ချင်းညချင်း အဆင်ပြေမယ်။ စိတ်ချမ်းသာစေရမယ်"

"ညီမ ကော်မရှင်စားနဲ့ ဘစ်လာ နှာလေးကို လုပ်ကြည့်မယ်။ အဆင်မပြေရင် ဆက်လုပ်ကြတာပေါ့။ တစ်ခုတော့ ရှိတယ်။ ညီမတဝ အသက်လုံခြုံရေးကိုးတော့ အစ်ကိုတာဝန်ယူရမယ်နော်"

"စိတ်ချပါ ညီမ။ အသက်ခန္ဓာချင်း လဲရချင် လဲရပါစေ ညီမအတွက် အစ်ကို တာဝန်ယူပါတယ်"

နော်သန်းသန်းဝင်း၏ စွန့်လွှတ်စွန့်စားစွာ ဆောင်ရွက်မှုကြောင့် မင်းအုန်းမောင်၏ တောလမ်း ပို့ကုန်/သွင်းကုန် လုပ်ငန်းများ ဘေးမသီရန်မခ အေးဆေးစွာ အဆင်ပြေပါ၏။ ကော်မရှင်များလည်း ရပါ၏။

"အစ်ကို ... အစ်ကိုအလုပ်ကို လုပ်ရတာ ပျော်လည်းပျော်ပါတယ်။ အဆင်လည်းပြေပါတယ်။ ရှေ့ဆက်ပြီး လက်တွဲလုပ်ဖို့လည်း ရည်ရွယ်ပါတယ်။ ညီမ အမေတို့ဆီပြန်ပြီး တိုင်ပင်လိုက်ဦးမယ်။ ညီမ ဆယ်ရက်လောက်တော့ကြာမယ်။ ခွင့်ပေးပါနော် အစ်ကို"

"အစ်ကို့ကို အိမ်မက်ခဲကာ ပင်းသမီးလေးပို့တော့ မလုပ်ပါနဲ့ နော်။ အစ်ကို ရှုသွားလိမ့်မယ်"

"မနော်လည်း ဒီလိုပဲအစ်ကိုရယ်"

ဘေးမသီရန်မခဘဲ ပြန်ရောက်ပါ ၏။

(၅)

"မင်းကြီး ... ဒုဇုံအုပ် မိုးလုံးကျွန်း ပေါ်ဒေသဈေး နေထိုင်သန်းမင်းတို့ ဒုရောက် ကြောင်း သတင်းပို့"

ဒုရဲအုပ် မိုးလုံးကျွင်၊ မေစီသန် နော်သန်းသန်းဝင်းတို့သည် မင်းကြီး အနန်းတွင်းသို့ ဝင်ရောက်သွားကြသည် အလေးပြုပြီး ထိုင်လိုက်ကြသည်။

"လေးစားပါတယ် ရဲတော်ရဲဘော်တို့ အထူးတာဝန်ကျေပါတယ် ပူးပေါင်းစစ်ကြောင်းနဲ့ စစ်ဆင်ရေးလည်း အသင့်ဖြစ်နေပါတယ်။ ရဲတော်ပြန်ရောက်လာမှာကို စောင့်နေတဲ့ ရဲဘော်တို့ စိတ်ဓရာ လူရော ပင်မစ်တဲ့အတွက် တစ်လ အနားယူကြပါ"

ဒိုင်မာသည့် သတင်းအချက်အလက်များအရ နယ်စပ်တွင် ခြေကုပ်ယူပြီး ပြည်တွင်း/ပြည်ပ ပို့ကုန်/သွင်းကုန် တရားမဝင် လုပ်ကိုင်နေသော ကုန်သည်ကုန်သည်များနှင့် ပူးပေါင်းလုပ်ကိုင်နေသော တောကြောင်ရောင်စုံများကို ဆင်ရေးဖြင့် ချေမှုန်းနိုင်ခဲ့လေသည်။

ဗိုင်း-မြန်မာ နှစ်နိုင်ငံနယ်စပ် လုံခြုံရေး၊ ရာဇဝတ်မှုတားဆီးရေး ပေါင်းအဖွဲ့တို့ဖြင့် လူကုန်ကူးမှုပြဿနာ စားသောက်ဆိုင်ကြီးများ၊ စက်ရုံအများတွင် ထိန်းချုပ်ကားပြီး ညှဉ်းဆဲ စက်ခံနေရသော မြန်မာအမျိုးသမီး အမျိုးသားများ တရားမဝင် အလုပ်ကိုင်နေသူများအား ဖမ်းထုတ်ပြီး မြောက် အာရှ ဒေသရှင်ရှိနိုင်သည်။

လူကုန်ကူးမှုလုပ်ငန်းကို ဦးစီး လုပ်ကိုင်နေကြသော ဂိုဏ်းနှင့် လုပ်ကိုင်နေကြသော တရားခံများ ထုတ်ဖမ်းဆီး တရားစွဲဆိုနိုင်ခဲ့လေသည်။

စွန့်လွှတ်စွန့်စား အမျိုးသမီး ဖွဲ့ဝင်များအား ဂုဏ်ပြုပါ၏။

ဒေါင်းဒေါင်းကြယ်

(နိဂုံးသတ်)

www.burmeseclassic.com

www.burmeseclassic.com



လူဆိုတာ အဲဒါပဲ

■ နိကြည်ကို

"ဟင် .. နရယ်၊ များသေးတယ်။ လျှောဦး ကိုယ်တို့က အမျိုးတွေပဲဟာ"

"အေးလေ ... မြင့်တို့အမျိုးဟို ဈေးထဲမှာ တစ်လုံး ၃၀၀ လောက်ဟာကို ၂၀၀ နဲ့ပေးတာပေါ့"

"များသေးတယ်၊ ၁၅၀ ထား လိုက်"

"ကဲ ... ကဲ ယူပါ မြင့်ရယ်။ ပြောရမယ့်လူတွေမှ မဟုတ်တာ"

သရက်သီးများကို မရွှေနုက သူတို့နှင့်ပါလာသော ခြင်းတောင်းထဲသို့ ဝိုင်းထည့်ပေးသည်။ ပြီးမှ –

"ကဲရော့ .. ရှမ်းပြည်နယ်တောင်ယူသွားမှာဆိုတော့ ဒါကအဆစ် ..." ဟု ဆိုကာ သရက်သီး ၅ လုံးထပ်ထည့်ပေးလိုက်သည်။

ထိုအခါ သီတာမြင့်က ...

"ဟောတော့ ... သူတော့ ၅ လုံး တောင်အဆစ်ပေးတယ်၊ ကိုယ့်လည်းပေးဦး"

မရွှေနု ခဏတော့ ကြောင်သွားသည်။ နောက်မှ သတိရကာ ...

"အေး ... အေး။ ရော့ ... ရော့ မြင့်က အဆစ် ၃ လုံးယူသွား၊ ဟုတ်လား"

ထိုအခါကျမှ သီတာမြင့်ပြုံးသွားသည်။

နိကြည်ကို

"နရေ ... နု"

အိမ်ရှေ့က အသံကြားရ၍ ထွက်ကြည့်လိုက်တော့ မရွှေနု၏သူငယ်ချင်း သီတာမြင့်တို့ ဖြစ်နေသည်။ သူနဲ့အတူ ခည်သည် ၃,၄ ယောက်လည်း တွေ့ရသည်။ မရွှေနုက အသံကြား၍ ထွက်လာကာ။

"ဟော .. မြင့်တို့ပါလား။ လာတိုင် ထိုင်။ မလာတာကြာပြီ ဘာများထူးလို့ လဲ"

"ဟောဒီမှာ ကိုယ်တို့အစ်မ ရှမ်းပြည်နယ်က လာလည်တာ။ မနက်ဖြန် ပြန်တော့မှာ။ မပြန်ခင် သရက်သီးလိုချင် တယ်ဆိုလို့ မင်းဆီခေါ်လာတာ။ မင်းက သရက်သီး ရောင်းတယ်ကြားလို့"

"ဩော် ... ဒါလား။ ကိုယ်တို့က ဝယ်မှာဖြစ်မဟုတ်ပါဘူးကွာ။ ယောကျ်ားက အပင်ပေါ်တက်ခူးတာလေ။ စားလည်း စား ပတ်ဝန်းကျင်လည်းပေး ရင်းနှီးတဲ့လူတွေ အခုလို လိုချင်တယ်ဆိုတော့လည်း ရောင်းပေးတာပါပဲ။ ဈေးထဲကလိုမဟုတ်ပါဘူး။ ခပ်ပေါပေါရောင်းတာပါ"

သီတာမြင့်တို့အမျိုးဆိုသော ရှမ်းသံဝဲ အမျိုးသမီးက –

"ကျွန်မတို့လည်း ပြန်ရောင်းဖို့ မဟုတ်ပါဘူး။ ဟိုရောက်ရင် မိတ်ဆွေ သူငယ်ချင်းတွေကို ခွဲပေးဖို့ပါ"

"ဟုတ်ကဲ့ .. ဘယ်နှလုံးလောက် ယူမလဲ"

"အလုံး ၅၀ လောက်ပါ"

"ကဲ ... ကဲ ဒါဆိုနောက်ဖေး လိုက်ကြည့်။ သရက်သီးတွေက နောက်မှာဖြစ်ထားတာ"

မရွှေနုက သီတာမြင့်ညည်းသည် တွေကို နောက်ဖေးသို့ ခေါ်သွားသည်။ ဧည်သည်များက သရက်သီးများ ရွေးကြသည်။ မရွှေနုက –

"မြင့်ကိုပေးဖို့လည်း သတိရတယ်။ မြင့်တို့အိမ်ဘက်မရောက်တော့ မပေးဖြစ်ဘူး။ ခုတော့ အတော်ပဲ၊ မြင့်အတွက် လက်ဆောင်၊ ရော့ ... သရက်သီး ၁၀ လုံးယူသွား"

မရွှေနုက လာမလည်တာကြာပြီ ဖြစ်သော သူ့သူငယ်ချင်းအတွက် သရက်သီး ၁၀ လုံး ရွေးပေးလိုက်သည်။

သီတာမြင့် သဘောကျသွားသည်။

"အေးကွာ ... ကျေးဇူးပါပဲ။ ကိုယ် လာတာနဲ့အတော်ဖြစ်သွားတာပေါ့"

သီတာမြင့်အမျိုးဆိုသော ရှမ်းအမျိုးသမီးက စိတ်ကြိုက်ခေါင်အလုံး (၅၀)ရွေးကာ ...

"ဘယ်ဈေးလဲ ညီမ"

"တစ်လုံး ၂၀၀ ပဲပေးပါ အစ်မ။ ဈေးထဲမှာဆိုရင် ၃၀၀ လောက် ရောင်းတာ။ မြင့်တို့အမျိုးဆို ဆွေးနွေးတာပါ"

သီတာမြင့်က –

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ကောင်းမှုထမ်းသူ

ညောင်ဝင်း

အောက်ဖော်ပြပါ ဝတ္ထုကလေးသည် အမေရိကန်ကောင်းဘို့ငခေတ်ကို နောက်ခံပြုထားသော ဝတ္ထုကလေးဖြစ်ပါသည်။ (ဘာသာပြန်သူ)

'လင်ဒါ' အမည်ရှိသော မိန်းကလေးသည် ဘယ်သူ့ကိုပို၍ စိတ်ဝင်တစားပါလိမ့်မလဲဟူ၍ အက်ခရွန်မြို့ကလေးက တွေးနေသည်မှာ နှစ်ပတ်မျှပင် ရှိခဲ့လေပြီ။ ယခုတော့ သံသရာရှိစရာမလိုတော့ချေ။ လင်ဒါသည် 'ကံကောင်းသော သတ္တုကြော' အမည်ရှိ အရက်ဆိုင်ကလေးသို့ ပြေးဝင်လာသည့်အချိန်တွင်ကား ခြောက်လုံးပြူးများမှ ယမ်းငွေ့များ ပြယ်သွားခါစ ကလေးပင် ရှိသေးသည်။ လင်ဒါသည် ကျော်နီ၏ကိုယ်ခန္ဓာပေါ်သို့ ပစ်လဲလိုက်ကာ ငိုကြွေးရှိုက်ငင်နေသည်။

စကီတာသည် ခြောက်လုံးပြူးကလေးကို ကိုင်ထားလျက် ရှိသေးရင်းက ပင် ချက်ခြက်ရက် နှိုးလိုက်ခြင်းခံရသော ကြောင်ကလေးကဲ့သို့ မျက်တောင်ကလေး ပုတ်ခတ်ပုတ်ခတ်နှင့် လင်ဒါကို ရပ်ကြည့်နေ၏။ သူသည် မျက်နှာညှိုး၍ တုန်ရိနေသည်ကတော့ အမှန်ပင်ဖြစ်သည်။ သူသည် အချစ်ဆုံးသူငယ်ချင်း၏ ရင်ထဲသို့ ကျည်ဆန်နှစ်တောင့် ပစ်သွင်းလိုက်ပြီး သည့်နောက်တွင် လင်ဒါနှင့်လက်ထပ်ရဖို့ လမ်းမှာ လုံးဝဆုံးရှုံးသွားပုတော့သည်။ သို့တိုင်အောင် ဖြစ်ပျက်ခဲ့သည့်အရေးမှာ သူရှောင်လွှဲ၍မရနိုင်ခဲ့သော အရေးဖြစ်ပါ၏။

စကီတာနှင့် ကျော်နီတို့ လူငယ်နှစ်ယောက်သည် အလုပ်ဆင်းလာချိန်တွင် 'ကံကောင်းသောသတ္တုကြော' ဆိုင်ကလေးတွင်းသို့ အရက်တစ်ခွက်, နှစ်ခွက်သောက်ရန် ဝင်ရောက်လာကြ၏။ ကျော်နီ မရှင်မလန်းဖြစ်နေသည်မှာ တစ်ပတ်လောက်တော့ရှိပြီ။ သို့သော် ယနေ့ညဦးတွင်ကား ပြုံးပြုံးရွှင်ရွှင်နှင့် နောက်နောက်ပြောင်ပြောင် ရှိနေခဲ့၏။ ထိုသို့ဖော်ရွှင်နေသည်မှာ စကီတာက သူ့ကိုထွက်သွားရန် မောင်းနှင်ဖထုတ်ခင် အချိန်အထိသာ ဖြစ်၏။ စကီတာက သူသည် အာဂီရထားနှင့် လည်ပတ်ရန်ချိန်းဆိုထားပြီးပြီဟု ဆို၏။

ကျော်နီသည် မျက်လုံးပြူးဝေ့ပြီး

"ဗင်း ငါ့ကို လာလိုမ့်မနေနဲ့ကွ။ ငါနဲ့ ချိန်းထားတာများ"

ဟု ပြန်ပြောသည်။

ဆိုင်ကလေးထဲက လူများသည် ရယ်မောလိုက်ကြပြီး စကားနိုင်လုရာတွင် ဘယ်သူနိုင်မည်နည်းဟု စောင့်ကြည့်နေခဲ့ကြသည်။ သူတို့နှစ်ယောက်သည် ခါတိုင်းကဲ့သို့ပင် သူငယ်ချင်းပြော ပြော၍ သူငယ်ချင်းငြင်း ငြင်းခုံနေကြခြင်းများသာ ဖြစ်သည်ဟု လူတိုင်းက ထင်မြင်နေခဲ့ကြ၏။ ကျော်နီနှင့် စကီတာတို့သည် အက်ခရွန်မြို့သို့ မြင်းရထားတစ်စီးထဲတွင် အတူလိုက်ပါခဲ့၍ ရောက်ရှိလာကြသည်မှာ သုံးပတ်ခန့်ကြာခဲ့ပြီဖြစ်၏။ ထိုနေ့မတိုင်ခင်က သူတို့အချင်းချင်း တစ်ယောက်နှင့်တစ်ယောက် မသိကျွမ်းခဲ့ကြ။

www.burmeseclassic.com

www.burmeseclassic.com

ကျော်နိုသည် တပ်ဆင်အရပ်မှ လာခဲ့ခြင်းဖြစ်သည်။ ဟိုမှာနေခဲ့စဉ်က သူသည် မြင်းဆေးကုဆရာ၏လက်ထောက်အနေဖြင့် ပညာသင်ယူခဲ့ဖူး၏။ ဤပြဿနာတွင် သူသည် အဒ္ဒားမြင်းဖောင်း၏ အနီးတွင် လုပ်ငန်းနှင့်ဆိုင်သော အကြီးအကဲ ကိစ္စတာသည် နယူးအော်လင်းအရပ်မှ လာခဲ့ဖူး၏။ ဟိုအရပ်တွင် သူသည် ပို့နှိပ်စက်တိုက်တစ်ခု၏ အစေအပါး လူငယ်ကလေး ဖြစ်ခဲ့သည်။ သူတို့နှစ်ယောက်သည် မီးခြစ်ဘူးကို သို့ တစ်ချက်တစ်မှုန့် မီးတောက်ပုံကြ၏။ သို့သော် သူတို့၏ အခြေအနေခုံများသည် နောက်ဆုံးတွင် ရုပ်ရယ်မောမော ကျောသပ်၊ ရင်သပ်နှင့်ပင် အဆုံးသတ်ရသည့် ချည်း ဖြစ်သည်။ "ဘီးမင်းပြင်းဖောင်း" ပို့ဝင်ရှင်၏ သမီးဖြစ်သူ လင်ဒါကို ပိုးပန်းကြရာတွင်ပင် နှစ်ယောက်သားမှာ သင့်သင့်မြတ်မြတ် ရှိခဲ့ကြ၏။

သို့သော် ထိုညကမူ စကီတာသည် လင်ဒါနှင့်ပတ်သက်၍ ရှူးရှူးရဲရဲရဲရဲရှိ ထဖြစ်သည်။

"မင်း ဘာစကားပြောတာလဲ။ ငါ လူညာမဟုတ်ဘူးကွ"

"အခု ပြောတဲ့အတိုင်းဆိုရင် မင်းဟာ လူညာပဲ့ကွ"

ကျော်နိုက ပြန်အော်ရင်းကပင် သူ၏ ပွိုင့် ၄၅-သေနတ်ကို ဆွဲထုတ်လိုက်၏။

စကီတာက ကျော်နို၏လက်ကို တွန်းတင်လိုက်ပြီး ကျန်လက်တစ်ဖက်ဖြင့် သူ၏သေနတ်ကို ဆွဲထုတ်လိုက်သည်။ သို့သော် ကျော်နိုသည် လက်ကို အတင်းပြန်ချ၍ မောင်းဖြုတ်လိုက်၏။ ဤမျှလောက် နီးကပ်နေရာ ပစ်ချက်လွဲစရာ အကြောင်းမရှိဟု ခန့်မှန်း၍ သို့သော် သူ၏ ကျည်ဆန်သည် အဝေးမှန်ရံသို့ သွားထိ၏။

စကီတာသည် သူ၏ ကိုပွိုင့် ၄၄-သေနတ်ဖြင့် ကပ်၍ နှစ်ချက်ပစ်လိုက်သည်။ ကျော်နိုသည် နောက်ဘက်သို့ ဆတ်ခနဲ ဆတ်ခနဲဖြစ်ကာ ကြမ်းပေါ်သို့ ပက်လက်လန်ကျသွားလေ၏။ နှစ်ချက်သော ဒဏ်ရာများမှ သွေးတို့သည် သူ့ရင်ပေါ်သို့ ထွက်၍ ပုံနှံလာလေတော့သည်။

ရွှမ်ရွှမ်ထွေးထွေး မတွေးတတ်အောင် ဖြစ်ကုန်ကြ၏။ အားလုံးသည် ကြက်သေသေနေကြသည်။ ကျော်နိုကဲ့သို့သော လူတစ်ယောက်လောသည် ဓာတ်တရက် ကြမ်းကြုတ်တပ်တိမ်း ဖြစ်လာလိမ့်မဟု ယခင်သူကမှ မတွေးတောခဲ့ကြ။

အော်-ရွှမ်ပြို့၏ အဒ္ဒားဝန်လည်း ဖြစ်၊ ရွှမ်ဒေသကိုဆေးလုပ်အဖြစ် လူသေ ပြုပြုပြုသူလည်းဖြစ်သော ဒေါက်တာအီဝန်သည် စင်ရှည်သို့ပြန်၍ အရက်တစ်ဝက် သောက်လိုက်၏။ ပြီးမှ ကျော်နို၏သွေးကို စမ်း၏။ ဖျက်လုံးတောင်ဖက်ကို လက်နှင့် ဖြဲကြည့်၏။ ကျော်နို၏အပေါ်းမှ ထလိုက်သောအခါတွင် ဒေါက်တာအီဝန်က ခေါင်းကိုခါလိုက်သည်။

"နလုံးသားထဲ ဖောက်ဝင်သွားတာပဲကိုး"

ဘားဆိုင်စောင့်ကလေး ပက်ဒရိသည် လင်ဒါကိုပြေး၍ ခေါ်၏။ သူဝေးဝေးမသွားရပါ။ လင်ဒါနှင့် သူအဖေနေထိုင်သော မြင်းဖောင်းများသည် မြင်းသံခွာ တစ်ပစ်လောက်သာ ကွာပါသည်။ နှစ်မိနစ်အတွင်းမှာပင် လင်ဒါသည် ကျော်နို၏ကိုယ်ခန္ဓာပေါ်တွင် လဲချ၍ ငိုနေပြီဖြစ်၏။

စကီတာသည် စကားတစ်ခွန်းမှ မပြောချေ။ သူသည် ငိုင်၍နေ၏။ မြို့တော်ဝန်ကြီးက "မပူပါနဲ့လူလေးရာ။ ခုဟာက မင်းကိုယ်မင်း ကာကွယ်တာသာဖြစ်ကြောင်း အရှင်းကြီးပဲဥစ္စာ" ဟု ပြောသည့်တိုင်အောင် စကီတာသည် စကားတစ်ခွန်းမှ ပြန်မပြောချေ။ တစ်ချက်တော့ သူသည် လင်ဒါဆီသို့ လက်ကမ်းပေးလိုက်၏။ ပြီးမှ မထူးတော့ပြီကို သိသလိုနှင့် သူလက်ကိုသူ ပြန်ရုပ်လိုက်သည်။

အဘိုးအိုကြီး ဒေါက်တာအီဝန်က အမိန့်တစ်ခွန်း နှစ်ခွန်း ပေးလိုက်၏။ လူနှစ်ယောက်သည် ကျော်နို၏ ကိုယ်ခန္ဓာကြီးကို သယ်ကာ 'ကံကောင်းသော သတ္တူကြော်' ထဲမှ ထွက်လာကြ၏။ သူတို့သည် ဒေါက်တာအီဝန်၏ နေအိမ်လည်း ဖြစ်၊ ခေါင်းဆောင်ပြင်ဆင်ရာလည်းဖြစ်သော နေရာဆီသို့ ဦးတည်ကြရင်းဖြစ်သည်။ သို့သော် လမ်းကိုဖြတ်၍ တစ်ဝက် မရောက်မီပင် ရပ်တန့်လိုက်ကြ၏။

အခြားလူတွေအားလုံးလည်း ရပ်လိုက်ကြရသည်။ လမ်းမကြီးအဝေးဆီမှ မီးအိမ်များ ထွန်းညှိချိတ်ဆွဲထား၍ ဘီးသံတည်ညံနှင့် ရထားလုံးရည်ကြီးတစ်စင်း မောင်းနှင်လာသောကြောင့်ပင် ဖြစ်၏။ ရထားပုံပန်းမှာကား မြွေဘေးကာကွယ်သည့် ဆီနှင့် အဖျားဆေး အားဆေးများကို ရောင်းချသူ၏ မြင်းရထားရှည်ပုံစံမျိုး ဖြစ်၏။ သို့သော် ယခုရထားလုံးမှာ ရောင်းကုန်ကိုဖော်ပြသည့် ကြော်ငြာဆိုင်းဘုတ် တစ်စုံတစ်ခုကိုမျှ နံဘေးတွင် ချိတ်ဆွဲမထားချေ။

ခန္ဓာကိုယ်ကြီးကို သယ်ဆောင်လာသော လူနှစ်ယောက်၏ နံဘေးနားတွင်ပင် လှည်းသည် ရပ်တန့်လိုက်ပြီး လှည်းမောင်းသူသည် သူ၏ မြင့်မားလှသော ထိုင်ခုံပေါ်မှ ဆင်းကြည့်လိုက်၏။

"မိတ်ဆွေကြီးတို့ သေနတ်ပစ်ပွဲ ဖြစ်ပြန်ပြီလား။ ဒီသူငယ်ဟာ ခုတင်ပဲ သေတာလား။ ကျုပ်ကူညီကောင်း ကူညီနိုင်ပါလိမ့်မယ်"

ဆန်းကြယ်သော စကားကို ပြောလိုက်ခြင်း ဖြစ်သည်သာမက ပြောသူမှာ ပို၍ပင် ဆန်းကြယ်နေသေးတော့သည်။ သူသည် အရောင်လွင့်နေသော အင်္ကျီနက်၊ ဘောင်းဘီနက်များကို ဝတ်ဆင်ထားပြီး အနက်ရောင်ဦးထုပ် ထိပ်လုံးကို ဆောင်းထား၏။ နက်မှောင်သော ဆံပင်

www.burmeseclassic.com

www.burmeseclassic.com

များသည် ဦးထုပ်အောက်မှ ထွက်ကျနေ
တ်။ သူမျက်နှာသည်ကား ယခုလော
လောဆယ်တွင် သေမင်းကိုမြင်လာရသူ
ကဲ့သို့ ဖြူရော်လှသည်။ ပါးရိုးများပေါ်၌
နှာတံကောက်သော်လည်း သူမျက်နှာမှာ
လှပခဲ့ဘူးပါသည်။ မျက်လုံးများသည်
အတွင်းသို့ဝင်နေကြပြီး မျက်လုံးများ
အောက်တွင် အရှစ်ငါးများ ထင်နေတ်။
ကော်လာအဖြူကြားမှ ထိုးထွက်နေသော
သူ၏လည်တိုင်မှာ မြင်းခြေထောက်ကဲ့သို့
ပိန်မြောင်းပြီး ပခုံးမှာလည်း ကြောင်တစ်
ကောင်၏ ပခုံးကဲ့သို့ ကျဉ်းလှသည်။

"ကျုပ်ဟာ ဒေါက်တာဂရင်းတူး
ဖြစ်ပါတယ်"

သူ၏ အသံမှာ အားလုံးက အံ့ဩ
လောက်အောင်ပင် အောင်လှသောအသံ
ဖြစ်သည်။

"အခုလို လူဦးရေ နည်းပါးလှတဲ့
နယ်မြေမှာ ဆရာဝန်တစ်ယောက်နဲ့ ထပ်
တွေ့ရတာ ကောင်းတာပဲပေါ့" ဟုဒေါက်
တာအီဗန်က ပြောလိုက်ပြီးလျှင် တစ်ဖန်
ဆက်၍ "ဒါပေမဲ့ ကျော်နီနဲ့ ပတ်သက်လို့
တော့ ဝမ်းမြောက်စိုင်စေတော့မှာ
မဟုတ်ပါဘူး။ လွန်ခဲ့တဲ့ ငါးပိနှစ်လောက်
ကပဲ ဇီဝိန်ချုပ်သွားရှာပြီလေ" ဟု ပြော
လိုက်၏။

ဒေါက်တာဂရင်းတူးသည် ပိန်လှ
သောလက်ကို မြှောက်၍ လက်ညှိုးပိန်ပိန်
ကို ထောင်လိုက်ရင်း "မိတ်ဆွေ ...
အဲဒါ ခင်ဗျားမှားတာပဲပေါ့" ဟု ပြောလိုက်
သည်။

သူသည် လူအုပ်ကို လှည့်ကြည့်
လိုက်၏။ လူအုပ်သည် ပဝ်စပ်စုစု ကြည့်
နေကြရာမှ သာမန်ထက်ထူးကဲသော
အရာတစ်ခုသည် ဖြစ်လာတော့မည်ကို
ရိပ်စားမိကြ၏။ ထိုဖြစ်လာမည့်အရာကို
သူတို့နှစ်သက်နိုင်မည်၊ မနှစ်သက်နိုင်မည်
ကိုကား သူတို့အားလုံးပင်သူတို့ မသေချာ
ကြချေ။

ဒေါက်တာဂရင်းတူးက ဒေါက်တာ
အီဗန်ကို ရိပ်ညွှန်း၍ ဆက်ပြောပြန်၏။

"အမှန်မှာတော့ ဆရာဝန်အချင်း
ချင်း သိကျွမ်းကြတာတော့ မဟုတ်ပါဘူး
နော့် မိတ်ဆွေး အဲဒီပေမဲ့ ခင်ဗျားအနေနဲ့
သိပ်မညာပိုင်းဆိုင်ရာ နောက်ဆုံးတိုး
တက်မှုကို ကြွေးကြိုးမှာမဟုတ်သေးဘူး
ပေါ့။ အို ... တိုးတက်မှုဆိုတာနဲ့ မလုံ
လောက်သေးဘူး။ ဝိုသင့်လျော်မယ့်စကား
လုံးက မကြုံစဖူးထူးခြားခြင်းလို့ ဆိုရမှာပဲ
လေ။ လျှပ်စစ်လက်ခြင်းနှင့် အသက်ရှင်
ခြင်းတို့ရဲ့ ဖြစ်ပေါ်စေရာ လျှပ်စစ်ဓာတ်။
ဒီလျှပ်စစ်ဓာတ်ရဲ့ မကြုံစဖူး ထူးခြားမှုပေါ့
လေ"

သူသည် ထိုင်နေရာမှ လွှဲခုန်၍
ဆင်းလိုက်ရာ မြေကြီးပေါ်သို့ တော
ကြောင်ကလေးတစ်ကောင်ပမာ ကျ
ရောက်လာလေသည်။

"လောလောလတ်လတ် သေသွား
တဲ့လူကို လှည်းနောက်ပိုင်းထဲကို ယူခဲ့
ပေးကြပါ။ ပြီးတော့ အထဲက ခုတင်ပေါ်
ကို ကူပြီးတင်ပေးကြစမ်းပါဗျာ။ အဲဒီ
နောက်ဖတော့ ကျွန်တော်ဗိုင်တာ ကျွန်တော်
လုပ်ပါ့မယ်"

သူသည် ပြင်းရထား၏ နောက်
ဘက်ဆီသို့ ပတ်၍လျှောက်သွားပြီး တံခါး
များကို ဖွင့်လိုက်ကာ ကြောင်နောက်ပိန်ရှည်
တစ်ကောင်ကဲ့သို့ လျှားခနဲ ခုန်တက်ဝင်
ရောက်သွားလေ၏။ ထိုနောက် လှုနှစ်
ယောက်က အောက်ကပင့်တင်ပေးသော
ကျော်နီကို သူကလှမ်းဆွဲသည်။ ပိုက်လုံး
သဖွယ်ဖြစ်သော လက်မောင်းများကား
အံ့သြဖွယ်အားသန်လှ၏။ ရထား၏နံဘေး
တစ်ဖက်တွင်ကပ်ထားသော ခုတင်ပေါ်
သို့ ကျော်နီကိုတင်လိုက်၍ ကျော်နီ၏ရှပ်
အင်္ကျီကို ဆုတ်ပစ်လိုက်သည်။ ထိုနောက်
ဒဏ်ရာများကို ဆေးကြောပေးပြီး စင်ပေါ်
မှ ဖန်ပုလင်းလေးကို ဆေးမှုန့်အနည်းငယ်ကို
သူလက်ထဲသို့သူ သွန်ထည့်လိုက်၏။

"မိတ်ဆွေတို့ ... သူဒဏ်ရာ
ဟောင်းလောင်းပေါက်ကြီးကို ဆေးလို့
တော့ဖြစ်မှာမဟုတ်ဘူး။ ဒီတော့ ဟောဒီ
ဆေးကို သိပ်ထည့်ပေးလိုက်မယ်။ ဒီဆေး
ဟာဆိုရင် သွေးဟောင်း တီဟက်တုန်းတော့
ကြွေးများသုံးတဲ့ လျှို့ဝှက်တဲ့ ဂူဇိုပလာဇွန်း
ဆိုတဲ့ ဆေးပဲ။ ပြီးတော့ အသက်ပြန်သွင်း
တဲ့စက်ထဲက လျှပ်စစ်ဓာတ်တွေဟာ သူ
ကိုယ်ထဲကို နေရာအနှံ့ ဖြတ်သန်းပြီးဆို
ရင် ဟောဒီ ဂူးဇိုပလာဇွန်းဆေးဟာ
အသားပကတိ ဖြစ်သွားလိမ့်မယ်"

သူပြောတာကို သေသေချာချာ
ကြားမိသူ နည်းပါးလှ၏။ ကြားမိသူများ
ကလည်း သူဘာတွေပြောသည်ကို နား
မလည်ကြချေ။ သူတို့သည် ရထား၏
အတွင်း နံရံတစ်ဖက်တွင် စီတန်းနေ
သော ဘက်ထရီအိုးကြီးကို ကြည့်ခြင်း
ဖြင့် အလုပ်ရှုပ်နေကြ၏။ ဘက်ထရီအိုး
ကြီးများမှာ ကြေးနီးကုမ္ပဏီများက သုံး
သည့် ဘက်ထရီအိုးကြီးမျိုးမင် ဖြစ်
သည်။ ယင်းဘက်ထရီအိုးကြီးများသိမ့
သေးမျှင်လှသော ကြေးနီနှင်းကြိုးများစွာ
ဆွက်ကျခေကြသည်။ ဒေါက်တာဂရင်း
တူးသည် ကြေးနီနှင်းကြိုးများကို တစ်
ချောင်းစီ၊ တစ်ချောင်းစီ ယူ၍ ကျော်နီ၏
လက်ကောက်ဝတ်၊ ခြေချင်းဝတ်၊ ခါးနှင့်
ဦးခေါင်းများတွင် ကြေးကွင်းဖြင့် ဆက်
သွယ် တပ်ဆင်လိုက်၏။

ထိုနောက် သူသည် အလုပ်ကို ခေတ်
လိုက်ကာ စကားပြောသည်။

"ဒေါက်တာအီဗန်လား ... ဟုတ်
လား။ အဲ ... သူကို ဒီပေါ်ကို လွှတ်လိုက်
ကြပါ။ ဒီသေပြီးခါစ လူငယ်လေးကို တစ်
ခါထပ်ပြီး စမ်းသပ်စေချင်ပါတယ်။ သူ
ဇီဝိန်ဟာ တကယ်ပဲ ချုပ်ငြိမ်းသွားပြီလား
လို့ ..."

"မလိုပါဘူး" ဟု ဒေါက်တာအီဗန်
က မုတ်ဆိတ်မြူကလေးကို ဆွဲသပ်ရင်း
ပြန်ဖြေလိုက်၏။ သို့သော် ဒေါက်တာ

www.burmeseclassic.com

www.burmeseclassic.com

ဂရင်းတူး၏ တိုက်တွန်းချက်ကြောင့် ဒေါက်တာအီဗန်သည် လှည်းပေါ်သို့ တက်လိုက်၏။ ကျော်နီ၏သွေးကို စမ်းသည်။ မျက်လုံးကို ဖြဲကြည့်သည်။ ထို နောက် "သူသေမာမှ သေတာအစစ် မဟုတ်ဘူးဆိုရင် ကျွန်ုပ်ကို ဆရာဝန်လို့ မခေါ်ကြနဲ့တော့" ဟုဆို၍ ဂျက်သည်။

"အရက်တိုက်ေ း လောင်း မလား"

လူအုပ်ထဲမှ ေ ာ်ယောက်က အော်လိုက်သည်။ လူအုပ်သည် ဝိုင်းရယ် လိုက်ကြ၏။ ဒေါက်တာအီဗန်သည် အလွန်ကပ်စေးနဲ့၍ အခြားသူကို တစ်ခါမျှ အရက်တစ်ခွက် ဝယ်မတိုက်ဖူးသော ကြောင့် ဖြစ်ပေသည်။

သို့တိုင်အောင် ကျော်နီသေပြီကို တော့ အားလုံးက ယုံကြည်ကြပါသည်။ ဒေါက်တာအီဗန်သည် သူဘာသာသူသာ ကပ်စေးနဲ့ချင်နဲ့မည် သို့သော်လူသေနှင့် လူရှင်ကိုတော့ ကောင်းစွာခွဲခြားတတ်၏ ဟု သူတို့ နားလည်ထားကြပြီး ဖြစ်၏။

ဒေါက်တာဂရင်းတူးသည် ဆေး ထိုးအပ်ကိုယူလိုက်သည်။ ပြီးနောက် အပ်ကို အရက်ပျံနှင့် သုတ်လိုက်ကာ ကျော်နီ၏ ရင်တွင် ထိုးလိုက်၏။ ဆေးထိုးအပ်ကို ပြန်နုတ်လိုက်ပြီးသောအခါ ...

"ဒီသူငယ်ကို သွေးရည်ကြည် တစ်မျိုးကို ထိုးသွင်းပေးထားတယ်လေ။ မကြာမီ သူ့ကိုယ်ထဲကို လည်ပတ်ပျံ့နှံ့မယ့် လျှပ်စစ်ဓာတ်ရဲ့အကူအညီနဲ့ ဒီသွေးရည်ကြည်က သူ့ကို အသက်ပြန်သွင်းပေးပါလိမ့်မယ်"

လူအုပ်သည် အသက်ကို ပြင်းပြင်း ရှူလိုက်ကြသည်။ ဒေါ်က်တာဂရင်းတူး သည် သူတို့ကို တစ်ချက်ကြည့်၍ ပြုံး လိုက်ပြီး အိတ်ထဲမှ ရွှေနာရီကြီးကို ထုတ် ကြည့်လိုက်၏။ ထို့နောက် သူသည် မျက် ခုံးနက်ကြီးများကို ပင့်ချီ၍ ပြောလေသည်။

"သုံးမိနစ်ဆိုရင် ရပါပြီ။ ဒီလို နုပျို သန်စွမ်းတဲ့ ကိုယ်ခန္ဓာမျိုးထဲမှာဆိုရင် သွေးရည်ကြည်နဲ့ လျှပ်စစ်ဓာတ်တို့ နှစ်ခု ပေါင်းဟာ အချိန်တိုတိုကလေးနဲ့ ကိစ္စပြီး ကြပါတယ်လေ"

ထိုနောက်တွင်ကား လူအုပ်ထဲမှ အချို့သည် ဂျီသုံးမိနစ်ကား သူတို့၏ အာဟာရတွင် အရည်အကြွေးဆုံးနှင့် တတ်ထိ ဆံ်ဖြစ်ရသည့် သုံးမိနစ်ဟု ဆိုကြ၏။ မြင်ကွင်းကိုလည်း ကြည့်ပါဦး။ နုတင်ဓာတ်တွင် ကျော်နီ၏ ကိုယ်ခန္ဓာကြီး သည် ဒွိစ်ယောက်ဖွာလဲနေတ၏။ လှည်းထဲ တွင် မမှုန်သော ထိခိုးအိမ်သာ ရှိသည်။ သူ့ကိုယ်၌ ကြွေးနှန်ကြွေးများထွက်၍ ကြီး မားသော ဘက်ထရီအိုးကြီးများဆီသို့ ပြေးသွားသည်။ ထို့ပြင် ထူးဆန်းလှသော သူစိမ်း၏ စိတ်ချဉ်မိသက်လှသော အမူ အရာကြောင့် သူတို့တစ်သက်တွင် မမြင် ဖူးတာကို မြင်ရတော့မည်ဟု ယုံကြည်နေ ကြ၏။ မြင်ဖူးဖို့မသင့်တာကို မြင်ဖူးခြင်း လည်း ဖြစ်ကောင်းဖြစ်နိုင်ပါ၏။

ယောက်ျားများ၏ အသက်ရှူသံ များမှတစ်ပါး ဘာသံမျှမကြား၊ မိန်းမများ ကား ငိုချွဲမြင်ရအောင် ဖိခွဲတိုးလာကြသည်။

ထိုနောက် စိခနဲအသံထွက်ပေါ် လာကာ ပြေးသံလွှားသံတွေ ထွက်ပေါ် လာတော့၏။ ဒေါက်တာဂရင်းတူးက "မပြေးကြပါနဲ့။ ဘာမှကြောက်စရာမရှိပါ ဘူး" ဟု ပြန်ခေါ်လိုက်သည်။

သို့တိုင်အောင် သူတစ်ယောက် တည်းသာရှိ၏။ ဒေါက်တာအီဗန်ပင်လျှင် လစ်ချေပြီ။

ဂရင်းတူးတစ်ယောက်တည်း သက် သက်တော့ မဟုတ်။ ကျော်နီသည် "ဘာ တွေဖြစ်နေတာလဲဗျ" ဟု ပြောပြီး ထထိုင် နေမိပြီ ဖြစ်ပေ၏။

အတော်ကြီး ကြာမြင့်သောအခါ ကျော်နီ၊ စကီတာနှင့် ဒေါက်တာဂရင်းတူး တို့သည် 'ကံကောင်းသောသတ္တုကြော' အရက်ဆိုင်ကလေးထဲမှ ထွက်ခွာသွား ကြသည်။ ကျော်နီက သူနှင့် စကီတာတို့ အတူနေကြသော ဟိုတယ်ခန်းတွင် တည်းခိုရန် ဒေါက်တာဂရင်းတူးကို ဖိတ် ခေါ်သွားသည်။ အက်ခရွန်မြို့သားတို့ သည် သူတို့သုံးယောက်နောက်သို့ တကောက်ကောက် လိုက်ကြည့်ကြ၏။ အာယ်ကြောင့်ဆိုသော် သေရာမှထလာ သော ကျော်နီကို အံ့သြ၍ မကုန်သေး သောကြောင့်ပင် ဖြစ်သည်။ သူတို့သည် ကျော်နီကို လာလာကိုင်ကြည့်ပြီး ...

"ဟေ့ ... ကျော်နီ၊ မင်းသေတုန်း က ဘယ်လိုနေသလဲကွ" ဟု မေးကြ သည်။ ထိုအခါတွင် ကျော်နီက ...

"အံ့ပေါ်နေသလိုပဲ ဖြစ်နေတာ ပေါ့။ ကျွန်တော်အမှန်သိတာ။ နီးလည်း လာရော ... မျက်နှာဖိုမီးတစ်ခုဟာ ကျွန်တော့်ကို ငုံကြည့်နေတာတွေ့တာပဲ။ ပထမတော့ ကျွန်တော်က သူ့ကို သင်္ခ မှတ်တာပေါ့" ဟုရယ်၍ ပြန်ပြော၏။ သူ အသက်ပြန်ရှင်လာရသည်ကို တော်တော် ဝမ်းသာပုံပြသည်။

စကီတာက ကျော်နီသည် သူ အပေါ် အာယာတမထားကြောင်း သေ ချာသောအခါ ယခင်ကလိုပင် ခင်ခင်မင် မင် ပြန်ဖြစ်သွား၏။ သူသည် လင်ဒါကို တကယ်စိတ်ဝင်စားမှု မရှိခဲ့ပါကြောင်းနှင့် လည်း ကျိန်တွယ်၍ ပြောသေး၏။ ကျော်နီ နှင့်ဆိုလျှင် လုံးဝသဘောတူ ကျေနပ်ပါ သည်ဟု ပြောသည်။

ထူးဆန်းတာကတော့ ရှိသည်။ လင်ဒါသည် အလွန်အမင်း ပျော်ရွှင်သွား ထို်က်၏။ ကျော်နီနှင့် တပူးတွဲတွဲဖြစ်ကာ ကျော်နီကို မျက်စိအောက်က အပျောက် မခံနိုင်ဘဲ ရှိနေသင့်သည်။ သို့သော် ကျော် နီသည် သေရာကထလာသောအခါ လင် ဒါသည် လူအုပ်နှင့်ရောရှ၍ ထွက်ပြေးသွား ပြီးကာတည်းက ကျော်နီနှင့်မတွေ့တော့သေး သူအဖေအိမ်၌ရှိသော လင်ဒါကို ဒေါက် တာအီဗန်က ပြုစုနေရသည်။ ကျော်နီ

www.burmeseclassic.com

www.burmeseclassic.com

စကီတာနှင့် ဒေါက်တာဂရင်းဘူးတို့ အရက်ဆိုင်ကလေးထဲက ထွက်ခွာလာကြပြီး တည်းခိုရန် ဟိုတယ်သို့သွားစဉ် လမ်းဖြတ်ကူးခိုပြီးမှ ဒေါက်တာအီဗန်နှင့် တွေ့ရသည်။

ကျော်နိုက လှမ်းမေးလိုက်၏။

"ဆရာ ... လင်ဒါဘယ်လိုနေလဲ။ သူကျွန်တော့်ကို ခုမတွေ့ချင်ဘူးလား"

ဒေါက်တာအီဗန်က ဦးခေါင်းကို ခါလိုက်သည်။

"ဝမ်းနည်းစရာပဲ သားရယ်။ မင်း သေတာ သူတော်တော်စိတ်ထိခိုက်သွားပုံရတယ်။ မင်းပြန်ရှင်လာဖို့မကောင်းဘူး။ လူသေတစ်ယောက်ဟာ သေနေဖို့ပဲ ကောင်းတယ်ဆိုခဲ့ချည်း ပြောနေတာပဲကွာ"

ကျော်နိုသည် ဆံပင်ကောက်ကောက်ကွေးကွေးနှင့် သူခေါင်းကို ကုတ်လိုက်သည်။

"ကျွန်တော်တော့ နားမလည်နိုင်တော့ဘူးဗျာ။ တကယ်ဆို ကျွန်တော် အသက်ပြန်ရှင်လာတာ သူဘုရားသခင်ကို ကျေးဇူးတင်ဖို့ကောင်းတာပေါ့"

"သူစိတ်ထိခိုက်နေခိုက်မို့ ဖြစ်မှာပါကွာ။ နက်ဖြန်တော့ သူသက်သာလာမှာ ထင်ပါရဲ့။ နက်ဖြန်တော့ မင်းတွေ့ဖို့ ကြိုးစားကြည့်ပါလား။ အမှန်တော့လည်း နှစ်ယ်တဲ့ ပိန်းကလေးတစ်ယောက်အဖို့ သူ့ချည်းစား သေရာကထလာတာကို မြင်ရတယ်ဆိုတာ မြင်စနတွေ့စနကျ ကိစ္စမျိုးမှလည်း မဟုတ်ပေဘဲကိုးကွ ..."

ထိုနောက် ဒေါက်တာအီဗန်သည် ဒေါက်တာဂရင်းတူးဘက်သို့ လှည့်ပြောလိုက်၏။

"ခင်ဗျားဖန်တီးလိုက်တာ လူတွေတော့ တော်တော် စိတ်အာရုံတွေ လှုပ်ရှားကုန်ကြတယ်။ ဒီတော့ ဘယ်လိုများ ဖြေပေးမယ် စိတ်ကူးသလဲ"

ဂရင်းတူးက လက်ကိုမြှောက်လိုက်၏။ လူအုပ်သည် ငြိမ်ကျသွားသည်။

"မိတ်ဆွေတို့ ... သေသူကို ပြန်နှင်းစေနိုင်တဲ့ အံ့ဩဖွယ် နည်းလမ်းနှင့် အတူ ကျွန်တော်ဟာ ခင်ဗျားတို့ပြည်ကို ကန္တရခရီးခဲကြီးထဲက ရောက်လာခဲ့တယ်။ ကျွန်တော့်ရည်ရွယ်ချက်ကတော့ အရေတိုင်းကဲ့သွားဖို့ ရည်ရွယ်တာပဲ။ ဟိုမှာ ကျော်စောကီတွင်ခဲ့ စီးပွားချမ်းသာကိုရှာပြီး နေထိုင်မယ်လေ။ ဒါပေမဲ့ အလောသုံး ဆယ်တော့ သွားမယ်စိတ်မကူးပါဘူး။ ကျွန်တော်ဟာ ခမ္မကထိက တရားဟော ဆရာမဟုတ်ပေမဲ့ ကျွန်တော့်စေတနာရင်းကို ပြောရရင် ဒီစီးပွားချမ်းသာကြွယ်ဝမှုတွေကို ရယူဖို့ထက် လူသားတွေရဲ့အကျိုးကို ပိုပြီးစိတ်ဝင်စားပါတယ်။ ခင်ဗျားတို့ကို ကြေးငွေဝန် ဆောင်ကြဉ်းပေးတာထက် ခင်ဗျားတို့ချစ်ခင်ခဲ့တဲ့ သေပြီးသူတွေနဲ့ ပြန်ပြီးပေါင်းဆုံပေးချင်ပါတယ်။ ခင်ဗျားတို့ပျော်ရွှင်ရင် ကျွန်တော်ပျော်ရွှင်ရတာပါပဲ"

ဒေါက်တာဂရင်းတူးသည် ဆက်၍ ပြောပြန်သည်။

"ဒါကြောင့် ကျွန်တော် အနားယူပြီး နက်ဖြန်ကျရင် ကျွန်တော်ဘာလုပ်ဖို့ ရည်ရွယ်တယ်ဆိုတာကို ပိုပြီး ရှင်းပြပါ့မယ်။ ခင်ဗျားတို့ သချိုင်းထဲမှာရှိတဲ့ လူသေတွေ အားလုံးကို ပြန်ရှင်ကြရပါစေ့မယ်လို့တော့ ကျွန်တော် ကတိမပေးထံတူးလေ။ ဒါကတော့ သူတို့တွေ ဘယ်လိုသေခဲ့ကြတယ်၊ သေပြီးတာဘယ်လောက်ကြာပြီဆိုတဲ့ အချက်တွေပေါ်မှာ တည်တာပဲ။ ဒါပေမဲ့ ကျွန်တော် တစ်ခုအသေအချာပြောနိုင်တာကတော့ ကျွန်တော့်အသက်သွင်းစက်က အသက်ပြန်သွင်းပေးနိုင်သမျှလူကတော့ ခင်ဗျားတို့နဲ့ အတူ တစ်ခါပြန်ပြီး သွားလာနေထိုင်နိုင်မယ်ဆိုတာတော့ ပြောနိုင်ပါတယ်လေ"

လူအုပ်သည် ရုံးစိုက်ငြိမ်သက်နေသဖြင့် ဂရင်းတူးကပင် ဆက်၍ပြောပြန်သည်။

"ကျွန်တော့် စေတနာ မှန်ကန်မှုကို သက်သေပြပါ့မယ်။ ဒီလို အသက်ပြန်သွင်းပေးရတဲ့အတွက် ခင်ဗျားတို့ဆီက ငွေကြေး တစ်ပြားတစ်ချပ်မှ မယူဘူးဆိုတာကို ကတိပေးပါတယ်။ အားလုံးကို အခမဲ့သက်သက်နဲ့ချည်း လုပ်ပေးပါ့မယ်။ ကိုင်း ... ဒီလိုဆိုရင် ခင်ဗျားတို့ဆီက ငွေတွေကို လိမ်ပြီးယူမယ့် လူလိမ်တစ်ယောက် မဟုတ်ဘူးဆိုတာ သဘောပေါက်လောက်ကြပါပြီနော်။ မင်္ဂလာညပါ ခင်ဗျား"

သူသည် ကျော်နို၊ စကီတာတို့နှင့် အတူ လျှောက်သွားလေတော့သည်။ သူနောက်တွင်ကား ပျော်ရွှင်ဆူညံခြင်း ကျန်မနေခဲ့ဘဲ တိတ်ဆိတ်ငြိမ်သက်ခြင်းသာ လွှမ်း ကျန်နေခဲ့၏။ သို့တိုင်အောင် အက်ခရွန်ပြို့မှ အချို့သောသူများသည် 'သချိုင်းခါခြင်း' သည် သူတို့အပေါ် ဘယ်လို အကျိုးသက်ရောက်မည်ကို တွေးတောစပြုလာကြတော့၏။

× × × × ×

နောက်နေ့နံနက် နေမြင့်ချိန်တွင် လင်ဒါသည် ဟိုတယ်၏ ဧည့်ခန်းထဲသို့ လျှောက်ဝင်လာလေသည်။ လင်ဒါသည် ကျော်နိနှင့် စကားပြောရန် လာခြင်းဖြစ်သည်။ သို့သော် ... ဟိုတယ်ဝိုင်ရှင်က အလှည့်စောင့်၍ တွေ့မှ ရမည်ဟု ပြောသည်။ ကျော်နိုသည် ဒေါက်တာဂရင်းတူး၏ အတွင်းရေးမှူးအဖြစ် လုပ်နေသည်ဆို၏။ သူနှင့် စကီတာတို့သည် ဒေါက်တာနှင့်တွေ့ရန် လာသောလူများကို တစ်ဦးစီ ခေါ်သွင်းကြရသည်။ ဒေါက်တာဂရင်းတူးသည် ကျော်နိတို့၏ အခန်းနှင့် ကပ်လျက်ရှိသော အခန်းကို ငှားရမ်းထားပြီး သူ့ကို နှစ်ဦးချင်းတွေ့ဆုံရန် လာကြသောလူများကို ထိုအခန်းတွင် လက်ခံတွေ့ဆုံသည်။

ဧည့်သည်များဖြင့် ပြည့်ကျပ်လျက်ရှိသော ဧည့်ခန်းတွင်းရှိ လူတိုင်းကို

www.burmeseclassic.com

www.burmeseclassic.com

လင်ဒါသည် လိုက်၍ စကားပြောကြည့်ချင်၏။ အက်ဝန်ဖြို့လေးတွင် ထက်ဝက်လောက်ရှိသော လူများသည် ဒေါက်တာနှင့် စကားဆိုခဲ့ကြသည်။ သူတို့အားလုံးမှာ တုန်လှုပ်နေကြပုံရ၏။ လင်ဒါကား နောက်ဆုံးမုဆောက်လာသူဖြစ်သဖြင့် နေ့လယ်လောက်ကမှ အပေါ်ထပ်သို့ တက်ရသည်။

ကျော်နီ၏ အခန်းထဲသို့ လင်ဒါဝင်ရောက်သွားသောအခါတွင် ကျော်နီ၊ စကီတာနှင့် ဒေါက်တာဂရင်းတို့လည်း စားပွဲတစ်ခုကို ဝိုင်းရံ၍နေကြသည်ကို တွေ့ရ၏။ ဒေါက်တာ၏ နှုတ်ခမ်းမွှားအစိုးတွင် ခရီးဆောင်အိတ်ကြီးဆာစ်လုံး ရှိသည်။

"ကျော်နီ ... ကျွန်မ ရှင့်ကို နှစ်ဖယောင်းချင်းစကားပြောချင်တယ်"

လင်ဒါက ပြောလိုက်သည်။ ထို အခါ ဒေါက်တာဂရင်းတူးက ...

"ခြော ... မင်းက ငါ့ကို မတွေ့ချင်ဘဲကို။ ဒီဟာစံမနက်လုံးမှ ငါ့ကို မတွေ့ချင်ဘဲ လာတဲ့လူဟာ မင်းတစ်ယောက်တည်းပဲ ရှိသေးတယ်"ဟု ပြောပြီး မတ်တတ်ရပ်လိုက်ကာ ...

"လာဟေ့ ... ဝကီတာ။ တို့ 'ကံကောင်းသော သတ္တဝါကြော'ကို သွားကြရအောင်။ ဟေ့ ... ကျော်နီ၊ အိတ်ကြီးကို သတိထားလိုက်နော်။ ဒါ တို့စည်းစိမ်တွေပဲ"

ဒေါက်တာသည် အခန်းထဲမှထွက်၍ တံခါးပြန်မပိတ်ခင်ကလေးတွေပင် လင်ဒါက လှမ်းပြောလိုက်၏။

"နက်ဖြန်ခါ သေပြီးတဲ့လူတွေကို အသက်ပြန်သွင်းမယ်ဆိုတာ ... ဟုတ်သလား"

"ကျုပ်ဟာ ဝိဇ္ဇာမဟုတ်ပါဘူးလေ။ ကိုယ်ခန္ဓာမပျက်ယွင်းသေးတဲ့ အလောင်းတွေသာ ကျုပ်ရဲ့ သိပ္ပံကိရိယာရဲ့ အကျိုးကျေးဇူးကို ခံစားရမှာပဲ။ ကိုယ်ခန္ဓာပျက်ယွင်းတဲ့လူတွေအတွက်ဟော့ ထားပါတော့လေ"

ဒေါက်တာဂရင်းတူးသည် ဒုတိယအကြိမ်ဦးညွှတ်၍ နှုတ်ဆက်လိုက်ပြန်ပြီး

"ဘာပဲဖြစ်ဖြစ် နှက်ဖြန်ခါဆိုရင် ကျုပ်က သေပြီးသူတွေကို အသက်ပြန်ပေးပြီး ပူဆွေးကျန်ရစ်သူတွေကို ပျော်ရွှင်မှုပြန်ပေးရတော့မယ်လေ"

သူသည် ပြုံးရွှင်ပြောကာ စကီတာနှင့်အတူ လှေကားသွားလေတော့တ၏။

"မင်းအားလိုနေသေးလဲ လင်ဒါ"

ဟုကျော်နီက မေးလိုက်သည်။

"ထိတ်လန့်တုန်လှုပ်မှုတော့ ပျောက်သွားပါပြီ"

လင်ဒါသည် စကားကို ရပ်လိုက်၏။ ထိုနောက် နောက်ပြောရမည့် စကားအတွက် အားသစ်လောင်းသည့်အသွင်ဖြင့် အသက်ကို ပြင်းစွာရှူသွင်းလိုက်ပြီးမှ ဆက်ပြောသည်။

"ကျော်နီ ... သေပြီးတဲ့လူတွေကို အသက်ပြန်သွင်းတာ ဒေါက်တာဂရင်းတူးဟာ တရားသလား"

"တရားသလား။ ဟာ ... တရားတာပေါ့။ သူ့ကျေးဇူးကြောင့်သာ မဟုတ်ရင် ကိုယ့်ဟာ ခုဆို မြေကြီးထဲရောက်နေပြီ။ ဒါကို မင်းကြိုက်သလား။ မင်းမကြိုက်နိုင်ပါဘူးလေ။ မဟုတ်ဘူးလား"

"မကြိုက်ပါဘူးလေ။ ဒါပေမဲ့ .."

"ဒါပေမဲ့ ဘာလဲ။ မင်းကိုယ့်ကို ချစ်တယ်လို့ ကိုယ်ထင်ခဲ့တာကိုး"

လင်ဒါသည် မျက်မှောင်ကလေး ကုတ်၍ ထိုင်ချလိုက်၏။ သူသည် လေးလေးနက်နက် တွေးတောနေပုံရသည်။ နောက်ဆုံးတွင် စကားပြောလိုက်၏။

"ရှင့်ကို ချစ်တာတော့အမှန်ပဲပေါ့။ လွန်ခဲ့တဲ့ တစ်ပတ်လောက်က မပြောပြီးပြီ မဟုတ်လား။ ဒီတနင်္ဂနွေနေ့ ဘုရားဖို့ဝိုင်း ကျောင်းမှာ ဝေစုပ်ကြောင်းကြေသာ မယ်လည်း မြင်ယောင်တယ် မဟုတ်လား။ ဒါပေမဲ့ ရှင်မသိသေးတာရှိသေးတယ်။ လွန်ခဲ့တဲ့ ခြောက်လလောက်က ကျွန်မဟာ ရှိုင်းနဲ့ စေ့စပ်ထားတယ်ရှင့်"

"ဒါ ဘာဖြစ်သလဲ။ မင်းသူ့ကို လက်မထပ်ဘူးမဟုတ်လား။ ကိုယ့်ကို လက်ထပ်မယ်မဟုတ်လား"

"အို ... ရှိုင်းက သေပြီးရှင်း ဟာ ဖျားပြီးသေခဲ့တာ။ သူ့ကို ဒီသခ္ဓိ မှာ ပြုပြင်ခဲ့တယ်"

လင်ဒါသည် မျက်လုံးပြာကြီးမှာ ဖြင့် ကျော်နီကို စိုက်ကြည့်ရင်း ပြောသ

ကျော်နီ၏ မျက်နှာသည် ပြုံးဖပြဲဖြဲ ရော်ဖြစ်သွားလေတော့သည်။ သူသည် တံတွေးကို အထပ်ထပ်မျိုလိုက်၍ စကား ကို အတော်ရှာပြီး ပြောရ၏။

"မင်း သူ့ကို ပြန်လိုချင်တာတော် မဟုတ်ပါဘူးနော်"

ခဏတစ်ရက်ပင် လင်ဒါသည် ကြေးလေတော့သည်။

"ကျွန်မ ဘာကိုလိုချင်မှန်းတောင် မသိတော့ပါဘူး။ ရှိုင်းသေတုန်းကဆိုရင် ကျွန်မလည်း သေမယ်လို့ထင်ခဲ့တယ်နော်တော့ ရှင်ခဲ့တွေ့တယ်။ တွေ့ပြီး ချစ်ခင်ကြရော။ ကျွန်မဟာ ရှိုင်းကို သူ့ဖောက်တာမဟုတ်ဘူး။ သေပြီးတဲ့သူကို သစ္စာဖောက်လို့မရဘူးနော်။ သေပြီးသူတွေဟာ သေပြီးပြီပေါ့။ သူတို့ ဘာတော့မှ ပြန်လာကြမှာမဟုတ်ဘူး။ သူကို ခဏတစ်ဖြုတ် အလည်အပတ်သွားပြီး အိမ်ပြန်လာကြမယ့် လူတွေ သဘောထားလို့ မရဘူးပေါ့။ ဒါပေမဲ့ ဟော ... အခုတော့ ... အခုတော့ ကျွန်မ ဘာလုပ်ရမှန်း မသိတော့ဘူး။ ရှင့်ကို ကျွန်မချစ်တယ်။ ဒါပေမဲ့ ရှိုင်းကလည်း မမှန်းနိုင်ဘူး။ ဒီတော့ သူပြန်ရှင်လာရင် ဘာလုပ်ရမှန်းမသိဘူး။ ကျွန်မလုပ်တဲ့ လူတစ်ယောက်ကို အသက်ရှင်လျက်နဲ့ တွေ့ရတော့မယ်။ ဒီတော့ ကျွန်မ ဘာလုပ်ရမှန်း မသိတော့ဘူးရှင့်"

www.burmeseclassic.com

www.burmeseclassic.com

ကျော်နိုင်၏ ရင်ထဲတွင် ဆို့လာသည်။

"မြို့ငြိုးကို အသက်ပြန်မသွင်းဖို့ ဒေါက်ဘာကို ပြောကြည့်မယ်လေ"

"အို ... မလုပ်ပါနဲ့လေ။ ဒါ ... မတရားရာကျမှာပေါ့"

"ဒါဖြင့် ကိုယ်ဘာလုပ်ရမလဲ၊မင်းက ကိုယ်ခဲ့သူကို ဘယ်သူ့ရွေးတယ် ဆိုဘာကို ထိုင်စောင့်နေရမယ်ပေါ့ ဟုတ်လား"

"တကယ်လို့ လူတစ်ယောက်က ကျွန်မကို ရှင်နဲ့ သူနဲ့ ဘယ်သူကို ချစ်သလဲလို့ မနေ့ နေ့လယ်ကသာ မေးရင် ကျွန်မ ရှင့်ကိုချစ်ပါတယ်လို့ ဖြေလိုက်မှာ အမှန်ပဲ။ ရှင့်ကို အသက်ရှင်နေတဲ့လူကို ချစ်သလို ချစ်တယ်။ မြို့ငြိုးကိုတော့ သေပြီးသူကို ချစ်သလို ချစ်တယ်။ ဒါပေမဲ့ ခုတော့ ..."

"မင်းဆိုလိုချင်တာက မြို့ငြိုးပြန်ရှင်အလာကို စောင့်ပြီးမှ မင်းက ဘယ်သူ့ကို ချစ်တယ်ဆိုဟာ ဆုံးဖြတ်မယ်ဆိုပါတော့"

ကျော်နိုက စိတ်မသက်သာစွာနှင့် မြည်လိုက်၏။

လင်ဒါက ငိုလိုက်ပြန်လေသည်။ ကျော်နိုသည် မားယိုးခံလိုက်ရသလို မျက်ရည်ကို ရှဲ့ဖဲ့လိုက်ပြီးမှ ခပ်ကျယ်ကျယ် မြည်လိုက်၏။

"ငိုမနေပါနဲ့ လင်ဒါ။ မြို့ငြိုးဟာ ပြန်ရောင်လာနိုင်ပါဘူး"

လင်ဒါသည် ထိုင်နေရာမှထလိုက်၍ ကျော်နိုဂ်၊အနားသို့ တစ်ဒုံမိုးတိုးလိုက်သည်။

"ရှင် ဘာကိုဆိုလိုတာလဲ"

ကျော်နိုသည် နွေခမ်းကို တစ်ချက်ကိုက်လိုက်ကာ မျက်နှာကို လွှဲလိုက်၏။ ဦးသော် လင်ဒါက အံ့သြဖွယ်ကောင်းအောက်သော အင်အားဖြင့် သူ့ပခုံးနှစ်ဘက်ကိုကိုင်ကာ ပြန်၍ မျက်နှာချင်းဆိုင်အောင် ဆွဲလှည့်လိုက်သည်။

"သူ ပြန်ပြီး ရှင်မလာပ်ဘူးဆို တာ ဘာကိုဆိုလိုတာလဲရှင်"

"ကိုယ်ရှင်းရှင်းပြောမယ်။ ဒေါက်တာရင်းတူးဟာ မင်းလို ကိုယ်လိုလူပါ။ လူသေကို သူအသက်ပြန်မသွင်းနိုင်ပါဘူး"

လင်ဒါသည် "အို ..."ဟု တစ်ချက် လွှတ်ခနဲ အော်လိုက်မိသည်။ သူ၏ ကိုယ်ခန္ဓာမှာ ရွေ့တိုးနောက်ငင်ပြစ်နေ၏။ ကျော်နိုက သူ့ကိုဖက်၍ ရင်ခွင်ထဲဆွဲသွင်းလိုက်သည်။

"လင်ဒါ အချစ်၊ ကိုယ့်ကိုစိတ်မဆိုးပါနဲ့။ ကိုယ်ဟာ လူလိမ်လူကောက် တစ်ယောက်ပါ။ ခုကိုတာနဲ့ ဒေါက်တာရင်းတူးတို့ဟာလည်း လူလိမ်လူညာတွေပါပဲ။ ဒီကိစ္စကြီးတစ်ခုလုံးဟာ လိမ်တာ သက်သက်ပဲ"

သူသည် လင်ဒါကို ပွေ့ဖက်ထားရာမှ ဖြေလွှတ်လိုက်ပြီး ရှူးရှူးရှားရှား စကားပြောရင်းက အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။ သူသည် လင်ဒါ၏မျက်နှာကို စေ့စေ့မကြည့်ချေ။ သူသာညှာ ရှက်နေပုံရ၏။ ပြီးတော့ လင်ဒါ၏မျက်နှာပေါ်ကွင် သူ့ကိုအပြစ်တင် အထင်သေးသည့် အမူအရာကို ပွေ့မည်ကိုလည်း ကြောက်နေပုံရသည်။

"ကိုယ်ဟာ ဒေါက်တာနဲ့ စကိတာတို့ကို လွန်ခဲ့တဲ့ခြောက်လလောက်က နဗားဒါးမှာ တွေ့ခဲ့ရတာ။ အဲဒီတုန်းက ကိုယ်ဟာ သိပ်ပြီးဝိုင်ကျနေတယ်လေ။ ဒေါက်တာက ကိုယ့်ကိုခေါ်ပြီး အစာကျွေးတယ်။ အဝတ်ဆင်တယ်။ ပြီးတော့ ဖဲသမားကောင်းတစ်ယောက်ဖြစ်အောင် သင်ပေးခဲ့တယ်။ ဒေါက်တာဟာ စာကို သိပ်ဖတ်တဲ့လူပါ။ စာတတ်ပေတတ်တစ်ယောက်လည်းဖြစ်တယ်။ အမှန်က သူဟာ ဆရာဝန်ဘွဲ့ကိုရပြီးသူ တစ်ယောက် ဖြစ်တာအမှန်ပဲ"

ကျော်နိုသည် လမ်းလျှောက်ရင်းက ဆက်ပြောပြန်သည်။

"ဒေါက်တာဟာ သမိုင်းစာအုပ်တွေကို ပတ်ရင်းက စိတ်ကူးတစ်ခုရခဲ့တယ်။ ဥရောပအလယ်ပိုင်းခေတ်ဘုန်းက ဖဲလိမ်သမားတစ်စုဟာ တစ်ရွာတစ်ရွာကို သိမ်းနှိုင်းက လူသေတွေကို အသက်ပြန်သွင်းမယ် လုပ်ခဲ့ကြတယ်တဲ့။ အဲဒီတုန်းက ဖြစ်တာဟာ အခုဒီမှာဖြစ်သလိုပဲ ဖြစ်ခဲ့တာ။ ဘယ်သူမှ လူသေတွေကို ပြန်မရှင်စေချင်ခဲ့ကူး။ ဘာဖြစ်လို့လဲ။ သူတို့ပြန်ရှင်လာကြရင် အကုန်ရှုပ်တွေးပြီး ပြဿနာတွေပေါ်ကုန်မှာကိုး"

လင်ဒါက နားစိုက်နားထောင်၍ ကျော်နိုသည် ဆက်ပြောပြန်၏။

"ဒေါက်တာက လူတွေဟာ ဘုရားစုဆောတ်ကနဲ့ အခုနဲ့ ဘာမှမယူးဘူးတဲ့။ အခုခေတ်မှာ သေနတ်တွေ၊ မီးရထားတွေ၊ ဓာတ်မီးတွေ၊ ကြေးနန်းတွေ ပေါလာပြီ။ ဒါပေမဲ့ လူတွေကတော့ အရင်တုန်းကအတိုင်းပဲ။ အယူသီးကြတုန်းပဲ၊ လိမ်လို့လွယ်ကြတုန်းပဲ ရှိကြသေးတယ်။ သူတို့ မထိန်းနိုင်လောက်တဲ့ ပြဿနာတွေနဲ့ ရင်မဆိုင်ချင်ကြဘူး။ ဒါနဲ့ ဒေါက်တာဟာ ပယောင်းနဲ့ ကျည်ဆန်တွေလုပ်တယ်။ အထဲက အခေါင်းထဲမှာ ဆေးနီရည်တွေထည့်ထားတယ်။ သေနတ်ဝဲ သည့်ပစ်လိုက်ရင် ထိတဲ့လူဟာ မနာဘူး။ ဒါပေမဲ့ ပယောင်းကကပ်နေပြီး ဆေးနီရည်တွေ ပြန့်ကျွံလာတယ်။ ဒီတော့ တကယ့်ကျည်ဆန်ဒဏ်ရာနဲ့ တူနေတာပေါ့"

လင်ဒါသည် ကုလားထိုင်တစ်ခုတွင် ငေးမှုန်ငိုင်ချလိုက်၏။ ကျော်နိုက ဘာတွေပြောနေသလဲကို နားမလည်နိုင်သလို နှင့် ကျော်နိုကို စိုက်ကြည့်နေခဲ့သည်။ သို့သော် ကျော်နိုသည် အသက်ရှူရန် စကားကို ဆောင်းနားလိုက်စဉ်တွင် လင်ဒါက ဖြတ်မေးလိုက်၏။

"ဒေါက်တာအိမန်ကကော ဘယ်လိုလဲ။ သူက ရှင့်ကိုသေပြီလို့ ပြောခဲ့

www.burmeseclassic.com

www.burmeseclassic.com

တယ်မဟုတ်လား။ သူ ကိုရှင်တို့ ဘယ်လို လှည့်ပတ်ခဲ့သလဲ''

ကျော်နိုင်သည် ယခုအချိန်အထိ သူမကို မကြည့်သေးဘဲနဲ့ ပြုံးလိုက်သည်။

''စကီတာနဲ့ ကိုယ်နဲ့ဟာ ဒေါက်တာရင်းတူးထက်စောအောင် အပြေတင်းကြိုပြီး ခရီးသွားခဲ့ကြတာပဲ။ ရောက်တဲ့ဒေသကို အကဲခတ်တယ်။ ဆရာဝန်မရှိတဲ့နေရာဖြစ်ဖြစ်၊ ရှိပြန်ရင်လည်း ရှိတဲ့ဆရာဝန်ကို လာဘ်ထိုးလို့ရမယ်ဆိုရင် အဲဒီနေရာမှာ စတည်းချတယ်။ ဒီအက်ခရွန်ပြု ကလေးကတော့ အံကိုက်ပဲ။ ဒေါက်တာအီနော်မာ ပိုက်ဆံသိပ်မရှိဘူး။ ပြီးတော့ သူဟာ ဝိစကီကို သိပ်ကြိုက်တယ်။ သူပြေးကလေးကိုလည်း ဆေးမကျောင်းပေးဖို့ သူငွေလိုနေတယ်လေ''

''ဒါဖြင့် ကျွန်မနဲ့ပတ်သက်ပြီး စကီတာနဲ့ ရှင်နဲ့ စကားများကြတာ လုပ်ဖာတ်ကြွေပေါ့''

''ဟုတ်တယ်။ ဒါပေမဲ့ မင်းကို ကိုယ်ချစ်တယ် ပြောခဲ့တုန်းကတော့ တကယ်ချစ်တာပါ လင်ဒါ။ မင်းကိုကိုယ် တကယ်ချစ်ပါတယ်''

ကျော်နိုင်သည် ပထမဆုံးအကြိမ် လင်ဒါကို စိုက်ကြည့်၍ ပြောသည်။

''ရှင်တို့ အလိမ်ပေါ်သွားရင် ဘာလုပ်မယ် စိတ်ကူးသေး၊ ကျွန်မကို တစ်ပါတည်းခေါ်သွားမလို့လား။ ကျွန်မက ရှင့်လို လူလိမ်လူညာနဲ့ လိုက်ရမယ်ပေါ့ ဟုတ်လား''

''ဒီမှာ အချစ်၊ ဒေါက်တာပြောခဲ့တာကိုလည်း စဉ်းစားပါဦး။ သူပြောတာက သူ့အသက်သွင်းစက်က သွင်းလို့ရတဲ့ လူသေမှ သူအသက်သွင်းပေးနိုင်မယ်တဲ့၊ သူစက်က သူစက်က အသက်သွင်းပေးလို့ မရဘူးဆိုရင် မတတ်နိုင်ဘူးပေါ့။ ပြီးတော့ အသက်သွင်းပေးရတဲ့ လူအတွက်လည်း သူပိုက်ဆံတစ်ပြားမှ ယူတာမှ မဟုတ်ဘဲ။ အခု သူပိုက်ဆံယူတာက အသက်ပြန်မသွင်းပေးဖို့အတွက်ပဲ ပိုက်ဆံယူတာပါဟာ။ ဒါ လိမ်တာမှမဟုတ်ဘဲ။ သူလည်း ပြောလေ့ရှိပါတယ်လေ ... ။ ရှိသားတဲ့လူကို ဘယ်တော့မှ လိမ်လို့မရဘူးတဲ့။ စိတ်ကိုက မရိုးမသားဖြစ်တဲ့သူတွေကိုသာ လိမ်လို့ရတာပါတဲ့''

''ရှင် ဘာပြောတယ်ဆိုတာ ကျွန်မ နားမလည်ဘူး''

''ဒီမှာလေ .. လင်ဒါ။ ဟောဒီခရီးဆောင်အိတ်ထဲမှာ ပိုက်ဆံတွေ တွေ့သလား။ ဒါတွေအားလုံး ဒီမနက် ဒေါက်တာကို လာတွေ့တဲ့သူတွေက ပေးသွားတာချည်းပဲ။ ဟောဒီ ငွေငါးရာက ဘဏ်သူဌေးကြီး မစ္စတာဘက်က ပေးတာ။ သူ့အစုစပ်ပိုင်ရှင် အသက်ပြန်ရှင်လာပြီး အစုငွေတစ်ဝက် တောင်းမှာကြောက်လို့။ ဟောဒီငွေတစ်ရာက မစ္စနာက ပေးတာ။ ဒီအဒေါ်ကြီးရဲ့ယောကျ်ားသေခဲ့ပုံက မရှင်းမရှင်းနဲ့။ ပြီးတော့ သူနောက်အိမ်ထောင်ပြုလိုက်တာလည်း သူ့ယောကျ်ားသေပြီး ဘကြောလို့တုံး။ ဒီတော့ သူယောကျ်ား ဟောင်း ပြန်ရှင်လာပြီး ဘယ်ပုံတယ်နည်း သေခဲ့ရတာကိုပြောမှာ သူသိပ်မကြိုက်ဘူးထင်တယ်။ ဟောဒီငွေနှစ်ရာကတော့ မစ္စတာကရင့်က ပေးတာပဲ။ သူမိန်းမ မသေခင်ကဆို သူကသိပ်ကြောက်ခဲ့ရတာ။ ဒီတော့ သူလည်း မသေခင် နားအေးပါးအေးနဲ့သေရဖို့ စိတ်ကူးတယ်ထင်ပါရဲ့။ ကဲပါလေ ... ဒါတွေထားလိုက်ပါတော့။ ကိုယ်တို့ရောက်ခဲ့သမျှ နေရာတွေမှာ ဒီလိုအကြောင်းမျိုးချည်းပါပဲလေ''

''နားမထောင်ချင်ပါဘူးလေ။ ဒါထက် ကျွန်မမေးတာ ရှင်မဖြေရသေးဘူး။ ရှင်တို့ ဒီပြဿနာထွက်သွားရင် ကျွန်မက ဘာလုပ်ရမယ်လို့ ရှင်စိတ်ကူးထားသလဲ''

''အဲဒါကို ကိုယ်မပြောဝံ့သေးလို့ မပြောတာဘဲ။ ကိုယ်က အမှန်ပြောပြ လိုက်ရင် မင်းကိုယ့်ကို မုန်းသွားမှာ ကြောက်နေခဲ့လို့ပဲ''

''ရှင် ကျွန်မကို ဒီလိုပြောမယ်ဆို တာ ဒေါက်တာနဲ့ စကီတာတို့သိကြလား''

''ဘယ်သိပါ့မလဲ။ သိရင် သူတို့ ဒေါပွကြမှာပေါ့။ ဒါပေမဲ့ အခုဆို သူတို့လည်း ပြဿနာသွားနှိုင်ပြီ ဖြစ်လောက်ရဲ့ ငွေတွေကို ရပါပြီ။ သူတို့ နောက်ထပ် လုပ်ဖော်ကိုင်ဘက်တော်ယောက်ကို ထပ်ရှာရုံပေါ့''

''ရှင် ဒီမှာနေခဲ့လို့ ဖြစ်မလား။ ရှင်တို့လိမ်တာ တခြားသူတွေသိကုန်ရင် ရှင်ကို ချမ်းသာပေးမလား''

ဤတွင် ကျော်နိုင်သည် ဖြည်းညင်းစွာ ပြန်ပြောဇာ။

''မင်း ကိုယ်နဲ့ တခြားတစ်ယောက်လိုက်မယ်လို့ ကိုယ်မျှော်လင့်ထားတယ်အဲဒီမှာ ကိုယ်တို့ ဘဝသစ်စကြတာပေါ့ နောက်ဖြန်မနက်လောက် အို ... ဒီညပဲဖြစ် ကိုယ်တို့ ဒီပြဿနာထွက်ကြမယ်လေ''

''ရှင်ရူးသလား။ အဖေ့ကိုပစ်ပြီး ရှင့်နောက်ကို ကျွန်မလိုက်ခဲ့ရမလား အေးလေ ... ကျွန်မက လိုက်ခဲ့မယ်ထားဦး။ ဖေဖေ့ကိုအကျိုးအကြောင်း ပြောပြီးမှ လိုက်နိုင်မှာ။ ဖေဖေက ရှင့်လို မျိုးနဲ့ သဘောတူမတဲ့လား။ ရှင်ကလည်း နောက်ကို လူတွေကို ရှောက်လိမ်ခဲ့လိမ်နေဦးမှာ ...''

''ဒီလိုမပြောနဲ့ လင်ဒါ။ ကိုယ်ချစ်ခဲ့တာ ကိုယ်ဝန်ခံပါတယ်။ ဒေါက်တာကိုယ့်အပေါ်မှာ သိပ်ကောင်းခဲ့တယ်မဟုတ်လား။ ပြီးတော့ လူတွေ ဒါလောက်ခိုက်မယ်လို့ ကိုယ်မထင်ခဲ့ဘူး''

လင်ဒါသည် ကျော်နိုထံသို့ ဘလျှောက်သွားပြီး မျက်နှာချင်းဆိုင်လုပ်၏။

''ဒီပြဿနာလူတွေကို ရှင်က ဝင်တောင်းပန်ပြီး သူတို့ငွေတွေကိုပြန်ပေး ရှင့်ကို ကျွန်မလက်ထပ်နိုင်မယ်၊ ဒါ''

''လင်ဒါ... ...မှမ်းဘွေမပြော လေ။ ကိုယ်ဒီလိုလုပ်လို့ကော ဒီပြဿ

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်အဖြေချနိုင်ပါ့မလား။ ကိုယ်ဟာတစ်ခါက လူလိမ်လူကောက်ဖြစ်ခဲ့တယ်ဆိုပြီး ဘယ်မြင်းပိုင်ရှင်က ကိုယ့်ဆီကိုလာပြီး မြင်းတွေဆေးကုဖို့ အပ်မှာလဲ။ ကိုယ် ဒေါက်တာနဲ့တွေ့ပြီး ရှင်းပါဦးမယ်လေ''

''ကောင်းပြီ။ ရှင်ကြိုးစားကြည့်ဖို့ အခွင့်အလမ်းပေးလိုက်မယ်။ ကျွန်မက ဒီမြို့ကမခွာရင်ဘူး။ ရှင်နဲ့ကျွန်မကိုလည်း လူတွေက အထင်မသေးဖို့လိုပါတယ်''

ကျော်နီသည် ငွေအိတ်ကြီးကိုယူလိုက်ပြီး လင်ဒါ၏နှုတ်ခမ်းလေးကို ဖွဖွကလေးနမ်းလိုက်ပြီး ထွက်သွားလေ၏။

လင်ဒါသည် ခဏထိုင်စောင့်နေသည်။ ထိုနောက် ပြတင်းပေါက်ဆီသို့ သွား၍ အပြင်ဘက်သို့ ကြည့်လိုက်သည်။ ထိုခဏတွင်ပင် ကျော်နီတို့သုံးယောက် အံ့ရက်ဆိုင်ထဲမှထွက်၍ လမ်းကိုဖြတ်ကူးလာကြ၏။ ကျော်နီကား ငွေအိတ်ကြီးကို ကိုင်ထားဆဲဖြစ်ပြီး သုံးယောက်သား၏ မျက်နှာများမှာ အထူးကျေနပ်နေကြသည်။ သူတို့ ဘာတွေပြောနေကြသည်ကို လင်ဒါမကြားရသော်လည်း အချီအချေပြောနေကြသည်ကိုတော့ ရိပ်မိနိုင်၏။ သူတို့သည် လက်နှင့် ခြေနှင့် စကားပြောကြရင်းက အင်္ဂါမြင်းဖောင်းထဲသို့ ဝင်သွားကြသည်။ လင်ဒါသည် ပြတင်းပေါက်မှ မခွာဘဲ စောင့်ကြည့်နေ၏။ နာရီဝက်ခန့်ကြာသောအခါ ကျော်နီနှင့် စကီတာတို့ မြင်းဖောင်းထဲမှ ပြန်ထွက်လာကြသည်။ ကျော်နီကား ပြုံးရွှင်နေ၏။ သူတို့နှစ်ယောက်လုံးတွင် ဘယ်သူ့ဆီမှာမှ ငွေအိတ်မရှိချေ။ သူတို့နှစ်ယောက်သည် လျှောက်လာကြရင်းက 'ကံကောင်းသောသတ္တုကြော' ရှေ့တွင် ဒေါက်တာအီဝန်နှင့်တွေ့၍ ဆယ်မိနစ်ခန့်ရပ်၍ စကားပြောကြ၏။ ထိုနောက် တခြားသူများရောက်လာကြပြီး စကားပြောကြသည်။

သေနတ်သံကို အနည်းငယ်ဟထားသော ပြတင်းပေါက်မှ လင်ဒါပင် ကြားလိုက်ရ၏။ လမ်းပေါ်ကလူများလည်း အထိတ်တလန့်ဖြစ်သွားကြပြီး နောက်မှ မြင်းဖောင်းဆီ သို့ပြေးသွားကြလေတော့သည်။ လင်ဒါသည်လည်း လမ်းပေါ်သို့ ပြေးဆင်းသွားလေ၏။ သို့သော် သူသည် မြင်းဖောင်းသို့မရောက်မီ လင်းခုလတ်တွင် ပင် ဘက်ရွှန်တစ်ယောက်လုံး သည်အဖြစ်အပျက်ကို ပုန်းကြည့်ပြီးနေပေပြီး

ဒေါက်တာဂရင်းတူးကား သေလေပြီ။ ဒူသေနတ်မှ ကျည်ဆန်ဖြင့်ပင် သူသည် မတော်တဆ ထိခိုက်သေဆုံးသွားရပြီတဲ့။

× × × × ×

ဒေါက်တာဂရင်းတူး သေကြောင်းကို ဒေါက်တာအီဝန်က စစ်ဆေးကြည်ရှု နောက်နေ့တွင် အလောင်းကို မြှုပ်နှံခြင်း ပြုလိုက်သည်။ ဒေါက်တာဂရင်းတူး၏ ခေါင်းကိုပိတ်စဉ်က ဒေါက်တာအီဝန် တစ်ယောက်တည်းရှိခဲ့သည်ကို လင်ဒါသာလျှင် သတိပြုမိ၏။

စကီတာသည် နောက်တစ်နေ့တွင် မြို့မှ ထွက်ခွာသွားလေသည်။ အက်ခရွန်မြို့ထဲတွင် ဒေါက်တာဂရင်းတူးအား ပေးလိုက်ရသော ဝိုက်ဆံနှင့်ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်ကမှ ပေးလိုက်ရသည်ဟု ပြောလည်းမပြော၊ ပြန်၍ရယူလိုကြောင်းကိုလည်း တစ်ယောက်မျှ မမှင့်ဟကြချေ။ အသက်ပြန်သွင်းသည့်စက်ကို ဒေါက်တာဂရင်းတူးတစ်ယောက်သာ လုပ်တတ်ကိုင်တတ်ရှိခြင်းသည်၊ စိတ်မကောင်းစရာဖြစ်သည်ဟုသာ ပြောနေကြလေတော့သည်။

လင်ဒါသည် သူ့ခင်ပွန်းကျော်နီကို ဤကိစ္စနှင့်ပတ်သက်၍ တစ်ခွန်းတစ်ပါဒမျှ မမေးမပြောဘဲ နေခဲ့၏။ သမ္မအာဇီဝ လုပ်ငန်းဖြင့် ကျော်နီကောင်းစွာ အသက်မွေး၍ သူတို့မိသားစုကို လုပ်ကိုင်ကျွေးမွေးနေသည်ကိုပင် ကျေနပ်ပျော်ရွှင်နေသည်။

နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့သည့် ညတစ်ည၌တွင် လင်ဒါသည် ကလေးတွေကို သိပ်ခဲ့ပြီးသောအခါ မီးဖိုရှေ့တွင် ကျော်နီနှင့်အတူ မီးလှုံရင်း စကားပြောနေကြ၏။

''ရှင်တို့ အရှင်က လိမ်လိမ်လာခဲ့တဲ့ပြဿနာတွေမှာ ဒေါက်တာဂရင်းတူးက သေလာခဲ့တာမဟုတ်တော့ ပြဿနာဆရာဝန်တွေကို လူတွေက ဘယ်လိုထင်ကြမလဲ''

ကျော်နီသည် အံ့အားသင့်သွားပုံရ၏။

''အင်း ... အမှန်ပြောရရင်တော့ ကိုယ်တို့က ဒါတွေကို ဘာမှထည့်မစဉ်းစားခဲ့ဘူးလေ''

''ဒေါက်တာဂရင်းတူးဟာလည်း ဒီလိုသာ ပြဿနာတိုင်းပြဿနာတိုင်းမှာ သေသေခဲ့ရရင် ကိုင်စရာငွေအိတ် ရှိတော့မှာ မဟုတ်ဘူး''

ကျော်နီသည် ခပ်မဆိတ်ပင် နေနေလိုက်သည်။ လင်ဒါကမူ မီးဖိုကိုငေးစိုက်ကြည့်နေရာက အကျဉ်းထောင်ကွဲထွက်သို့ သံတိုင်များကို မြင်ယောင်လာပြီး စကားကို ဆက်ပြောပြန်၏။

''အခုဆို ဒေါက်တာဂရင်းတူးဟာ ဘယ်ရောက်နေလဲမသိဘူးနော်''

ကျော်နီကား ဝန်းသည်း၏ မေးစွန်းကို နားမလည်ယောင်ပြု၍ ပြန်ဖြေလိုက်သည်။

''မသိပါဘူး အချစ်ရယ်။ သူနဲ့အသင့်တော်ဆုံးနေရာမှာ ရောက်နေမှာပေါ့ကွယ်။ ဘာပဲဖြစ်ဖြစ်လေ။ တကယ်ဆိုတော့ မင်းနဲ့ ကိုယ်နဲ့ကို ဆုံစည်းပေးခဲ့တာ သူမဟုတ်ဘူးလားဟင် ...''

(Philip Jose Farmer ၏ Uproar in Acheron ကို ပြုပြင်ပြန်ဆိုချက်)

သောင်းဝင်း

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

အကြားအမြင် ဦးဘဆန်း နှင့် ပတ္တမြားလော်ကတ်သီး

အောင်ဘုန်းမြင့် (ကချင်မြေ)

ကံကြမ္မာ

ဘဝကံ သံသရာမည်ရာ၌ လွန်စွာရှည်လွန်းလှ၏။ အတိတ်အနာဂတ်ကို မည်သို့ဖြစ်ခဲ့၍ မည်သို့ဖြစ်လာမည်ကို သိနိုင်ရန်မှာ ခက်ခဲလှ၏။ ကောင်းခြင်းဆိုးခြင်းသည် ရှေ့က ဖြစ်ခဲ့သော ကုသိုလ် အကုသိုလ်ကံများကြောင့် ဖြစ်သည်ဟုယုံကြည်ကြသည်။ ထေရဝါဒကိုလေ့လာကြသူများ လက်ခံကြသော ကံ-ကံ၏ အကျိုးတရားဆိုင်ရာ အတွေးအမြင်များသည် တရားသေမဆန်လက်တွေ့ဆန်သော အမြင်တရားမျိုးဖြစ်လေသည်။

လောကီပညာရပ် တစ်ခုဖြစ်သော လက္ခဏာပညာ၌ အသက်လမ်းကြောင်းနှင့် ကံလမ်းကြောင်းသည် လွန်စွာအရေးကြီးပေ၏။ လူတစ်ဦးတစ်ယောက်အသက် အသက်လမ်းကြောင်း ညှဉ်သော်လည်း ကံလမ်းကြောင်း အဖြက်အတောက်မရှိ ထောင်တက်နေလျှင် အသက်ကို ကယ်တင်နိုင်သည်ဟူ၍ ဖြစ်၏ သို့သော် အသက်လမ်းကြောင်းနှင့်ကံလမ်းကြောင်း နစ်ကြောင်းစလုံး ညှဉ်ဖျင်းနေပါက ဘဝကြမ်းတမ်းလိမ့်မည်။ အကယ်၍ အသက်လမ်းကြောင်းနှင့် ကံလမ်းကြောင်း စုံညီကြ၍နေမည်ဆိုပါက ထိုပုဂ္ဂိုလ်သည် ဥပစ္ဆေဒကကံကြ၍ အသက်ဆုံးရှုံး ပျက်စီးတတ်ပါသည်။

ဘဝစွမ်းအင်

အမျောင်ထုကြားတွင် ဆန်းသစ်လခြမ်းလေး၏ အလင်းကား အရာမထင်ဖြစ်နေ၏။ မော်လမြိုင်မြို့ ကျိုက်သလ္လဲဘုရားတောင်ခြေ တောင်ပေါ်တန်းလမ်းပေါ်တွင် အားနည်းသော လမ်းမီးတိုင်များအောက်၌ လမ်းသွယ်တလမ်းကတောင်ပေါ်တန်းလမ်းတွင် လာရောက်အဆုံးသတ်နေသည်ကို ကွေ့ရ၏။ လမ်းသွယ်လေး၏ဘယ်ဘက်တွင် ခရစ်ယာန်ဘုရားရှိခိုးကျောင်းနှင့် ကွဲလျှက် ခရစ်ယာန်သခင်ဖြူးဟောင်ရိပြီး ညာဘက်တွင် BOC သူဌေးကြီး ဦးဘသော်၏ တောင်ပေါ်တန်းလမ်းကို မျက်နှာမူထားသည့် ရှေးပုံစံ ဆောက်လုပ်ထားသော နှစ်ထပ်တိုက်အိမ်ကြီးရှိသည်။

ဦးဘသော်၏ သားနှင့်သမီးသည် အနောက်တိုင်းတွင် ပညာရေးမပြီးဆုံးသေးသဖြင့် ဇနီးသည် ဒေါ်မေရီအပါအဝင် အိမ်ဖော်များနှင့် နေထိုင်လျက်ရှိ၏။ အိမ်နီးနားခွင် အစိုးရအရာရှိကြီးများနှင့် သူဌေးသူကြွယ်များနေထိုင်ကြသဖြင့် လုံခြုံစိတ်ချရသော အရပ်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com

သည့် လကွယ်ညတစ်ည ခွေးအူသံ အဆက်မပြတ် ကြားရ၏။ နံနက်လင်း သောအခါ အိမ်အနောက်ဆောင်ထဲတွင် အိပ်မောကျနေကြသည့် အိမ်ဖော်များ နိုးလာကြပြီး အော်ဟစ်အကူအညီ တောင်းမှ ညက ဦးဘသော်အိမ် ခိုးပြီ တိုက်ခံရသည်ကို သိကြရ၏။ ခိုးပြီများက အသံတိတ် ပစ္စတိုသေနတ်ဖြင့် ပစ်သွားသဖြင့် ဦးဘသော်နှင့် ဇနီး ဒေါ်မေရီ သွေးအိုင်ထဲ သေဆုံးနေသည်ကိုတွေ့ကြရ၏။ အိမ်ရှင်သိသွား၍ မလွတ်နိုင် သဖြင့် ပစ်သတ်သွားခြင်း ဖြစ်ဖွယ်ရာ ရှိ၏။ အိမ်ရှိငွေနှင့် အတွင်းပစ္စည်းများ အားလုံး ခိုးပြလက်ထဲပါသွားပြီး အစ အနုမဖော်ထုတ်နိုင်ဘဲ ပျောက်သွားသော အမှုဖြစ်သည်။

ထိုအချိန်မှစ၍ သူဌေးကြီးဦးဘသော်၏ နေအိမ်သည် နေထိုင်သူကင်းမဲ့ သွားပြီး တစ္ဆေအိမ်ကြီးပမာ ဖြစ်သွားတော့၏။ လပြည့်လကွယ်ညများတွင် သူဌေးကြီးဦးဘသော်၏ နေအိမ်ဟောင်း ခြံဝင်းထဲတွင် တိမ်ဖြူရောင် အလင်းထွက်နေသည့် ယောကျ်ားပုံနှင့် မိန်းမပုံ ဦးဘည့်ရာမဲ့လမ်းလျှောက်နေကြသည်ကို အဝေးကနေ မကြာခဏ တွေ့မြင်ရ သည်ဟုဆိုသည်။ ထူးခြားသော တိုက် ဆိုင်မှုတစ်ခုမှာ ဦးဘသော်ဇနီးမောင်နှံ၏အသက်နှင့် ကဲလမ်းကြောင်းသည် တိုလွန်းနေခြင်းဖြစ်သည်ဟူ၏။

နှစ်ပေါင်း ကြာလာသည့် အခါ တောင်ပေါ်တန်းလမ်းပေါ် နေထိုင်သူများ တစ်စတစ်စနှင့် ပြောင်းရွှေ့သွားကြ သဖြင့် နေအိမ်များ တဖြည်းဖြည်း ဆွေးမြည့်ပျက်စီးကျွန်ရစ်ခဲ့ပြီး လူအနောက် အပေါက်နည်းသော နေရာတစ်ခုဖြစ် သွားတော့သည်။

ဇရာအရွယ်ရောက်သော အမျိုးသမီး

ကိုချစ်မွေးသည် ရန်ကုန်သားဖြစ်၏။ မော်လမြိုင်သူ မမိငယ်နှင့် အိမ်ထောင်ကျပြီး ရေကြီးရေတွင် ရွှေဆိုင်ဖွင့်လုပ်ကိုင်ခဲ့၏ ရွှေတောင်ရပ်ကွက် အခြေချနေထိုင်နေသူဖြစ်သည်။ မော်လမြိုင် မြို့အကြောင်း အကျွမ်းဝင်လှသည် မဟုတ်။ တစ်ခါတစ်ရံ အရေးပိုင်ကုန်း ဆေးရုံကြီးဘေးနားက ဒေါ်ကျင်ကီး ထမင်းဆိုင်တွင် ဝက်ခြေးသုပ်လေးနှင့် အရက်နည်းနည်းပါးပါး ထိုင်မြည်းတတ် ရုံမှအပ အသွားအလာ နည်းသူဖြစ်၏။ ဒါကို မမိငယ်က ခွင့်လွှတ်ထားသည်။

တစ်နေ့ ကိုချစ်မွေး ရေချိန်နည်း နည်းများသွားသဖြင့် လေဟုန်ထဲ ချားရ ဟတ်စီးရသလို လည်တိတိဖြစ်သွား သည်။ ဒါပေတို့ ကိုယ်ကိုကြီးစားထိန်းပြီး ခါတိုင်းလမ်းအတိုင်း ခပ်ယိုင်ယိုင်နှင့် အိမ်ကို ပြန်လာ၏။ လမ်းရုံတစ်ခု အရောက်တွင် ဘယ်ဘက်လမ်းအတိုင်း သွားရမည့်အစား အရက်ရှိန်ကြောင့် တောင်ပေါ်လမ်းပေါ် ရောက်မှန်းမသိ ရောက်သွားလေတော့သည်။

အတန်ကြာ လျှောက်ပြီးနောက် တောလမ်းတစ်ခုထဲ လျှောက်နေရသလို ခံစားနေရ၏။ အားနည်းလှသော မိတ် တိုင်မီးများကြား အရက်ထွေနေသော ကိုချစ်မွေး အမြင်တွေလည်လည်ဖြစ်နေ ၏။ မီးရောင်မလင်းတလင်း ဝေရီရီ အောက်လမ်းဘေး တစ်နေရာတွင် မထင်မှတ်ဘဲ ရုပ်ရည်သားသားနားနား အဖြူရောင်တမ်ဆက်ကိုသေသေသပ်သပ် ဝတ်ဆင်ထားသော အမျိုးသမီးငယ် တစ်ယောက်ကို စတွေ့ရသည်။ ကိုချစ် မွေး အရက်ခိုးမျက်လုံးနှင့် တစ်ချက် စောင်းကြည့်လိုက်ပြီး ဆက်လျှောက် သွားသည်။ "ဟိတ်လူ အဖော်မရှိလို့ ကျွန်မလည်း အတူလိုက်ချင်တယ်" ကိုချစ်မွေး တစ်ချက်နောက်လှည့်ကြည့် ပြီး "လိုက်ချင်လို့က်ဖေါ့ ဘယ်သူတား ထားလို့လဲ" စကားမဆုံးမီ အမျိုးသမီး ငယ် ကိုချစ်မွေးနားရောက်လာ၏။ "ကျွန်မ တတ်ပွဲနားက အိမ်မှာနေတာပါ။ ကမ်းနားလမ်းလျှောက်ကြရင်း အဖော် တွေ့နဲ့ကွဲလာလို့ တစ်ယောက်ထဲပြန်လာ ရတာ၊ ဒီနားရောက်တော့ လူပြတ်နေလို့ မိုလူစောင့်လိုက်ရတာ" အားနည်းသော မီးရောင်အောက်တွင် ကိုချစ်မွေး အား ယူ၍ စူးစမ်းကြည့်လိုက်၏။ အမျိုးသမီး ငယ်လေးမှာ လူမက နတ်သမ္မလှနေပြီး လွှေကြိုးထူထူနှင့် စိန်ရံထားသော ပြားဇေ ရွှယ်ခန့်ရှိ ပတ္တမြားလော်ကတ်သီး ဆွဲ ထားသည်ကို တွေ့လိုက်ရသည်။

ရွှေသမား ကိုချစ်မွေးသည် ပတ္တမြား၏ တန်ဖိုးကို သိသူဖြစ်၏။ အမျိုးသမီး ငယ်လေးမှာ အကြံအဖန် မဖြစ်နိုင်ဟု ဆုံးဖြတ်ပြီး ဘေးချင်းယှဉ်လျှောက်ရင်း စကားစမြည်ပြောလာကြ၏။ ကိုချစ်မွေး၏ မသိစိတ်ထဲတွင် အနည်းငယ် ကြည်နူးလာမိသည်။ အမည်မဖော်ပြုံ

www.burmeseclassic.com

www.burmeseclassic.com

သော ရေလွှေးနှံတစ်မျိုးသည် ကိုချစ်မွေးကိုလောကကြီးတစ်ခုလုံးနှင့် အဆက်ပြတ်သွားစေ၏။ တပြည်းပြည်းနှင့် လူစည်ကားသော ပွဲစျေးတန်းအစကို ရောက်လာကြသည်။ ဇာတ်ပွဲများစည်ကားလှ၏။

ထူးဆန်းသောဇာတ်ပွဲ

ကိုချစ်မွေးနှင့် အမျိုးသမီးငယ်သည် ပွဲစျေးတန်းကို အတူလျှောက်ကြရင်း လမ်းထောင့်တစ်နေရာရှိ ညောင်ပင်ကြီးအောက် ကာလီမန်မယ်တော်ဘုရားရှေ့တွင် ခဏရပ်ပြီး လက်အုပ်ချီ၍ မယ်တော်ကြီးထံမှ ကိုယ်စီဆုတောင်းကြ၏။ ကာလီမန်မယ်တော်ကြီးကို အာရုံပြုနေစဉ် မယ်တော်ကြီး၏ ရင်ညွန့်တွင် မိမိနှင့်အတူ လိုက်ပါလာသော အမျိုးသမီးငယ်ဆွဲထားသည့် ပတ္တမြားလော်ကတ်သီးနှင့်တူသော လည်ဆွဲရတနာကို မြင်လိုက်ရသည်။

ကိုချစ်မွေး အထွေအထူး အချိန်ကုန်ခံပြီး မစဉ်းစား ဆက်လျှောက်သွားကြ၏။ ပြဇာတ်စင်ရှေ့ရောက်တော့ နတ်သား၊ နတ်သမီးသမျှလှပသော ကြွေရုပ်နှင့်တူသည့် မင်းသား၊ မင်းသမီးလေးများ ပေါ့ပေါ့ပါးပါး သွက်လက်စွာဖြင့် အော်ပရာကနေကြသည်ကို တွေ့ရ၏။ အော်ပရာထဲက တေးသီချင်းသံနှင့် ကကွက်ကဟန်များသည် လွန်စွာကောင်းမွန်ထူခြားလှ၏။ ကိုချစ်မွေးတစ်သက်တစ်ခါမှ မကြားဘူးမတွေ့ဘူးသော တီးလုံးနှင့် အကအလှများဖြစ်နေ၏။

ကိုချစ်မွေးသည် အော်ပရာတေးနှင့်အက၏ ဖွဲ့ဆောင်မှုထဲ စွာန်ပင်သွားပေမယ့် အမျိုးသမီးငယ်က အိမ်အလည်ထမင်းစားပင်လာဖြင့် အကြားအမြင် အာရုံဖြတ်၍ အမျိုးသမီးငယ်နောက်သို့ လိုက်သွားဖြစ်လေ၏။ ဇာတ်ပွဲကြည့်ရှုနေကြသော ပရိသတ်အလွန်စည်ကားများပြားပြီး ပွဲလာပရိသတ်တိုင်းအဖိုးတန် အဝတ်အစားကောင်းများနှင့် လက်ဝတ်ရတနာအမျိုးမျိုးကို ဝတ်ဆင်ထားကြသဖြင့် လွန်စွာ ပနာသင့်လင်းလက်တောက်ပနေကြ၏။ လူပြည့်ကဇာတ်ပွဲဟုမထင်ရထက်မိုးဝင်္ဂနတ်ပြည် အာကာက ခင်းကျင်းသော ဇာတ်ပွဲဟုထင်ရသည်။

ညစာစားပွဲ

အိမ်ရှင် အမျိုးသမီးငယ်က ရှေ့ကဦးဆောင်သွားပြီး ကိုချစ်မွေးက နောက်ကလိုက်ပါသွား၏။ ဇာတ်ပွဲနှင့် မနီးမဝေး အလွန်ခေတ်မီ ဆန်းပြားလှပသော နှစ်ထပ်တိုက်အိမ်တစ်လုံးသို့ ရောက်ရှိသွားသည်။ ဘေးပတ်ဝန်းကျင်၌လည်း အိမ်ကြီးအိမ်ကောင်းများနှင့် ပြည့်နှက်စည်ကားလှပနေ၏။ အိမ်တိုင်း ဖြူနှင့်ဝင်းနှင့် ကိုယ်ပိုင်အဆောင်အယောင်များရှိကြပြီး လှပသော အရောင်အဆင်း ပန်းမန်အမျိုးမျိုးနှင့်လည်း ပြည့်စုံ၏။

ကိုချစ်မွေးစိတ်ထဲ မော်လည်ပြိုင်ပြိုထဲတွင် ဤမျှ ခေတ်မီကောင်းမွန်သော ရပ်ကွက်မျိုး ရှိလိမ့်မည်ဟု အစကမထင်ခဲ့၊ အမျိုးသမီးငယ်၏ အိမ်အတွင်းထဲရောက်သွားတော့ ပို၍ အံ့သြဘနန်းဖြစ်ရ၏။ တဖိတ်ဖိတ်တောက်နေသော အိမ်ထောင်ပရိဘောဂများက [illegible] သည် မြေကမ္ဘာနှင့်မတူ ကြောင်ဆန်နေ၏။ ပုံစံအမျိုးမျိုး အဝိုင်းယ်အထွေထွေနှင့်ရှိကြကုန်၏။ ကိုချစ်မွေး ဉာဏ်မမီ အဝိုင်းယ်မကောက်နိုင်။ လက်ရာမြောက်လှ၏။ ပန်းချီကားများထဲတွင် အိမ်ရှင်အမျိုးသမီးငယ်လေးဆွဲထားသော ပတ္တမြားလော်ကတ်သီးနှင့်ပုံစံတူလည်ဆွဲရတနာဆွဲထားသည့် ကာလီမန်မယ်တော်ကြီး၏ ပုံတူပန်းချီကားချပ်ကို တွေ့ရပြန်သည်။ ပုံတူ ပတ္တမြားလော်ကတ်သီးကို တစ်ညနေထဲ သုံးကြိမ်သုံးခါ တွေ့မြင်ရခြင်းသည် အထူးအဆန်းဖြစ်နေသော်လည်း အရက်တန်နီးမပျောက်သေးသော ကိုချစ်မွေးအတွက် အရေးမပါလှ မေ့မေ့လျော့လျော့နှင့် အာရုံထဲ ဝေဝါးပျောက်ကွယ်သွား၏။ ထမင်းပွဲပြင်ဆင်ကြသည်မှာ မြန်ဆန်လွန်းလှသည်။

ထမင်းဝိုင်းထဲက ဖွန်း ပန်းကန်ခွက်ယောက်များသည် ရွှေကျောက်သံပတ္တမြားများနှင့် ပြီးသည်ထင်ရ၏။ အနံ့အရသာကောင်းသော ဟင်းလျာစုံလင်လှ၏။ ကိုချစ်မွေးဘဝတွင် တစ်ကြိမ်တစ်ခါမှ မကြုံဘူးခဲ့သော ထမင်းဝိုင်းမျိုး သူဆင်းရဲများ ဘုရားပွဲတော်တွေ့သည့် အလား ခေါင်းမဖော်နိုင်အောင် အားရပါးရ ဆွဲပစ်လိုက်သည်။

လက်ဝတ်ရတနာ အစုံအလင်နှင့် တောက်ပနေကြသော ညှော်ဝတ်ကျေသည့် အိမ်ရှင်မသားစုနှင့် စကားလေ

www.burmeseclassic.com

www.burmeseclassic.com

ကားထောမ်ပြီး အလွန်းပသလောပ အပုံကြီးပြောပစ်ခဲ့သည်။ ဒါပေတဲ့ အကြား အပြင်မှန်သမျှကို ချစ်မွေးစိတ်ထဲ မကျန်ရစ် မဝံ့ဖြစ်ခဲ့။

ကိုချစ်မွေး၏ အိပ်မက်

ကိုချစ်မွေးသည် လုပသော အိမ်ရှင်အမျိုးသမီးငယ်၏ မျက်နှာကို ကြည့်ရှုနေရင်း စားရိုန်ကြောင့် အိပ်ငိုက်လာသည်။ အမျိုးသမီးငယ်၏ [illegible] ဆုပ်ကိုင်ထားရင်း နှုပ်ခြုံလှုပ်နေရာမှ ရုန်ရင်းလာသည့် အိပ်မပျော်ဆောင် အိပ်မင်းလာပြီး ကြောက်စရာကောင်းသည့် မျက်စိဟောက်ပက် အရိုးစုခန္ဓာကိုယ်ကြီးဖြစ်သွားသည်။ ကြောက်စရာကောင်းသော အရိုးစုခန္ဓာကိုယ်ကြီး ညှို့ပြနေသည်ကို ကြည့်နေရင်းက ကိုချစ်မွေးတစ်ယောက် ကာလနဂါးကြီးပမာ အိပ်ပျော်သွားလေတော့သည်။

ကိုချစ်မွေး၏ အိပ်မက်ထဲ ရောဆန်သော နှစ်ထပ်အိမ်ကြီးတစ်လုံး လက္ခဏာသော ညတစ်ည နွေအိုသံများအဆက်မပြတ်ကြားရ၏။ တောင်းဘီရှည် အနက်ရောင်ဝတ်စုံနှင့် လောဘသား နှစ်ယောက် နံရံတော သရက်ပင်ပေါ် ခုန်တက်သွားကြပြီး အတွင်းသရက်ကိုင်းပေါ် လျှောတိုက်စီးသွားကာ ကြိုးနှင့် သွယ်ခုန်ဆင်းသွားကြ၏။ အသံတိတ် ပစ္စတိုသေနတ်သံ နှစ်ချက်နှင့်အတူ ယုံကြည်စိတ်ချရသော အိမ်ဖော်ဦးကြီး နှစ်ကောင် အသက်ပျောက်သွားကြသည်။

ကျွမ်းကျင်သော လောဘသားနှစ်ယောက် အသံမကြားစေအောင် ဖောနှင်းသွားပြီး သံတံခါးနှင့် အတွင်းတံခါးကို သံချောင်းနှင့် ထိုးကလော်၍ အိမ်ထဲဝင်သွားကြ၏။ အိမ်ရှင်များ မနိုးအောင် အိပ်မွေ့ချုံအောက်တိုင်တွန်းညှို့ပြီး အဝင်တံခါးတွင် လိုက်ကားခဲ့သည်။ အိမ်အတွင်း ငြိမ်သက်သည်းနေသဖြင့် ဦးဝိတ်ရန် မီးခရုပ်ကျနေစဉ် မမျော်လင့်ဘဲ ရေအိမ်သွားချိန်ကြုံလာသော အိမ်ရှင်အမျိုးသားနှင့် ယုက်နှာချင်းဆိုင် တိုးမိပြီး အလန့်တကြား အော်ဟစ်အကူအညီတောင်းနေသဖြင့် အနားရောက်နေသော လောဘသားက အသံတိတ်ပစ္စတိုနှင့် အနားကပ်တေ့ပစ်လိုက်သည်။ အိမ်ရှင်အမျိုးသား၏ အော်သံကြောင့် အိပ်ခန်းထဲက ထွက်လာသော အိမ်ရှင်အမျိုးသမီးနှင့် လောဘသားနှစ်ယောက် ပက်ပင်းရင်ဆိုင်တွေ့ရပြန်သည်။ အနားရှိ စိတ်မရှည်သော လောဘသား အသံတိတ်ပစ္စတိုသေနတ်နှင့် အနားကပ်ပစ်လိုက်သဖြင့် ရုတ်တရက်တည့်တည့်ထိမှန်သွား၏။

သွေးများအိုင်ပြီး ဆူထွက်လာသဖြင့် လည်တိုင်တွင်ဆွဲထားသော ပတ္တမြားလော်ကတ်သီး သွေးထဲမြုပ်ဝင်သွားသည်။ အိမ်ရှင်အမျိုးသမီး ဒေါ်ရာကို လက်နှစ်ဖက်နှင့်အုပ်ကိုင်ထားလျှက် ပျော့အိခွေကျသွားသည်။ လောဘသား နှစ်ယောက် မီးခဲသေတ္တာကို စိတ်အေးလက်အေးဖွင့်ပြီး အတွင်းပစ္စည်းမှန်သမျှကို ဖိမ်ပြုန်းပြုန်း လှန်နောက်ယှင်ပစ်သွားကြသည်။ နောက်ဆုံး အိမ်ရှင်အမျိုးသမီး၏ လက်ဝတ်လက်စားများနှင့် သွေးစွန်းထင်နေသော ရွှေကြိုးနှင့် ပတ္တမြားလော်ကတ်သီးကို ဖြုတ်ယူပြီး ဝင်းတံခါးသော့ကိုယူ၍ ထွက်ခွာသွားကြသည်ဟူသော ခန်းဆက်အိပ်မက်ရှည်ကြီးကို မြင်မက်ရသည်။ အဆုံးဌ နှင့် သမီးသမျှ လုပသော အိမ်ရှင် အမျိုးသမီးငယ်ကို ဆက်မြင်မက်ရသည်။

အရိုးခန္ဓာအော်သံ

အိပ်မက်ထဲက အိမ်ရှင်အမျိုးသမီးငယ်သည် နဂိုချောမော လုပသော အသွင်မှ ပုံစံအမျိုးမျိုးပြောင်း၍ ကိုချစ်မွေးကို တစ်ဖွေးခြောက်သကဲ့သို့ ခြောက်လှန့်နေသည်ဟု ခံစားရ၏။ ဆံပင်ရှည်လျားနှင့် စုန်းမကြီးပုံဖြစ်သွားလိုက် အစွယ်ပြူးပြူးနှင့် သရဲပုံဖြစ်သွားလိုက် သွေးသံရဲရဲနှင့် သွေးစုတ်ဖုတ်ကောင်ဖြစ်သွားလိုက်နှင့် နောက်ဆုံး မျက်ဟောက်ပက် အရိုးစုခန္ဓာကြီးဖြစ်သွားပြီး အလွန် ကြောက်စရာကောင်းသော အသံအမျိုးမျိုးနှင့် အော်ဟစ်ခြိမ်းခြောက်နေ၏။ ပတ်ဝန်းကျင်တစ်ခုလုံးဟာလည် အရိုးစုများ ကာခုန်နေကြ၏။ ကိုချစ်မွေး ကြောက်စိတ်လွန်ကဲလာသဖြင့် ကုန်းထွက်ပြေးရန် အခါခါကြိုးစားသော်လည်း လုပ်မရ ကိုယ်ကိုကြိုးများ [illegible] ဘီသကဲ့သို့ လုပ်ရှားမရဖြစ်နေရသည်။

မကောင်းဆိုးဝါး ညီညီညာညာ [illegible] အော်ဟစ်နေကြသော

www.burmeseclassic.com

www.burmeseclassic.com

အသံကြောင့် ကိုချစ်မွေးလန့်နိုးလာတော့၏။ ကြောက်စိတ်ကြောင့် ကိုယ်ခန္ဓာ တဆတ်ဆတ် တုန်ခါနေ၏။ ကိုချစ်မွေးရောက်နေသော အိမ်သည် ညက ကိုချစ်မွေးရောက်ခဲ့သော နတ်ဘုံနတ်နန်းအိမ်မျိုးမဟုတ်တော့ အနှစ်သုံးလေးဆယ်ခန့် လူမနေတော့သဖြင့် ပြိုကျပျက်စီး ဆွေးမြည့်နေပြီဖြစ်သော အလွန်ကြောက်စရာကောင်းသည့် တစ္ဆေအိမ်ဟောင်းကြီး ဖြစ်နေသည်ကို နံနက်လင်းခါစ အလင်းရောင်တွင် အထင်အရှားမြင်ရသည်။ ဆိုးဝါးလှသော အနံ့အသက်မျိုးစုံနှင့် ညစ်စုတ်ပေကျံနေသော အိမ်ကြီးဖြစ်နေ၏။

ကိုချစ်မွေး ညကအိပ်ခဲ့သော နေရာသည် ညစ်ပတ်ချောင်ကျသော နေရာတစ်နေရာဖြစ်နေကာ အိမ်အတွင်းထဲတွင်လည်း အပင်ပယ်အမျိုးမျိုးပေါက်နေပြီး ညောင်ပင်များအမြစ်စွဲနေ၏။ ကိုချစ်မွေး၏ ရှေ့တည့်တည့်၌ ၁၀-ပေ အကွာခန့်တွင် လက်မောင်းရွယ်ခန့်ရှိ မြွေဟောက်ကြီး တစ်ကောင်သည် ပါးပျဉ်းထောင်လျက် ကိုချစ်မွေးကို မြေသနင်္ဂဗူဟိုက်ကြည့်နေသည်ထင်ရ၏။ ကြောက်သီးဖြန်းဖြန်းထလာပြီး အသက်ရှူချက်များပင် မမှန်တော့။ တစ်ကိုယ်လုံး ညစ်ပေနေကာ လိပ်ပြာလွှင့်မတတ် ကြောက်စရာကောင်းသော ကျွဲနေရာ၌ တစ်စက္ကန့်မျှ ကိုချစ်မွေး မနေလိုတော့ပြီ။ သေမင်းနှင့်ရင်ဆိုင်ရသကဲ့သို့ ခံစားနေရ၏။ ကြောက်ဖျား လန့်ဖျားကြောင့် အနုတ်လက္ခဏာပြနေသော စိတ်ဓါတ်ကို အားတင်းယူ၍ မြွေဟောက်ကို မနည်းရောခ်ကွင်းပြီး အိမ်ဟောင်းကြီးထဲကနေ အိမ်ပြင်သို့ ပြေးထွက်လာခဲ့သည်။

အိမ်ပြင်ရောက်တော့ မိုးအတော်လင်းနေပြီဖြစ်၏။ လမ်းမပေါ် ရောက်သွားပါမှ နှစ်ရှည်လများ လူမနေတော့သော အိမ်ဟောင်းကြီးများ စုဝေးနေသည့် မော်လမြိုင်တောင်ပေါ်တန်းလမ်းပေါ်ရောက်ရှိနေသည်ကို သိရပါတော့သည်။ ကိုချစ်မွေးသည် ညက တစ်ညလုံးမအိပ်တဲ့ ထိုင်စောင့်နေမည့် ချစ်ဇနီးမဓိဝေယ်အား မည်သို့ ရှင်းပြရမည်ကို အဖြေရှာတွေးတောရင်း အိမ်ရှိရာ မော်လမြိုင်၊ ရွှေတောင်ရပ်တက်သို့ တဖြည်းဖြည်းချင်း ဦးတည်သွားနေ၏။ နံနက်နေရောင်အောက်တွင် ကျိုက်သလ္လံတုရားကြီးသည် ရွှေရောင်လင်းလက် ကြည်ညိုဖွယ် ဖြစ်နေတော့သည်။

အမေအိုနှင့်ပစ္စည်းများ

ကိုချစ်မွေးတစ်ယောက် မော်လမြိုင်တောင်ပေါ်ကန်းလမ်းက အဖြစ်အပျက်များကြောင့် စိတ်ကျစိတ်ခွဲရောဂါ ခွဲကပ်လာတော့၏။ သို့ဖြစ်၍ မိဘများနေထိုင်ရာ ရန်ကုန်မြို့သို့ ပြောင်းရွှေ့အခြေချဖြစ်သည်။ ရွှေဘုံသာလမ်းပေါ်တွင် ရွှေဆိုင်ဖွင့်ပြီး သားသမီး နှစ်ယောက်ထွန်းကား စီးပွားတိုးတက်လာသည်။

နေသာ၍ ကိစ်ပြောသောနေ့တစ်နေ့ ကိုချစ်မွေး ဆိုင်ဖွင့်ဆိုင်ခင်းပြီး ကံပွင့်အမွှေးတိုင် ဘုရားပူတော်၌ ကာနီကန် ဆရာတော် ဦးစဉ်လ၏ ပရိတ်တရား တော်ဖွင့်ပူဇော်သည်။ မေတ္တာသုတ် အရောက်၌ ဆိုင်ရှေ့တွင် အလောင်ယောက် လာရပ်နေသည်ကို တွေ့ရ၏။ တစ်ခုခုကို ရှိတုံးချတုံး စဉ်းစားနေပုံရသည်။ ကိုချစ်မွေးကို မျက်ပေါက်ကျဉ်းကျဉ်းနှင့် စိုက်ကြည့်ပြီး "ပစ္စည်းလေးတစ်ခု ရောင်းချင်လို့ပါ" ကိုချစ်မွေးက ရွှေတစ်ပဲနှစ်ပဲစ လာရောင်းမည်ထင်၍ သိပ်စိတ်မဝင်စား၊ အမေအို ပြောရင်း ဆိုရင်း ကတ္တီပါအနီစနှင့်ထုပ်ထားသော ရောင်းမည့် ပစ္စည်းထုတ်ပြသည်။

ကိုချစ်မွေး အကြီးအကျယ် ထိတ်လန့်သွားလေ၏။ မျက်လုံးအစုံ ပြူးထွက်သွားပြီး "အမေလေးဗျ ဒီပစ္စည်း ကျွန်တော်မဝယ်ရဲဘူး အမေ တခြားမှာသွားရောင်းပါ" အမေအိုကိုလည်း လူလား နတ်လား၊ ကျက်လား မသက်ာဖြစ်လာမိသည်။ အမေအိုလာရောင်းသော ပစ္စည်းသည် ကိုချစ်မွေး မော်လမြိုင် တောင်ပေါ်တန်းလမ်း တစ်ညထဲနှင့် သုံးကြိမ်သုံးခါ တိုက်ဆိုင်မြင်လိုက်ရသော အရည်လည်နေသည့် ပတ္တမြားလော်ကတ်သီး ဖြစ်နေသောကြောင့် ဖြစ်သည်။

ကိုချစ်မွေး ပစ္စည်းကိုကြည့်ရင်း ကြောက်စိတ်မွန်နေပေမယ့် လောဘက ကြောက်စိတ်ကို အနိုင်ယူသွားသည်။ ကြံတောင့်ကြံခဲ့ ရှားရှားပါးပါး အဖိုးတန် ပစ္စည်း၊ ကျောက်သမားများ အဖိုးတန် ပစ္စည်းများကို ရွှေဆိုင်မှာ လာရောင်းလေ့ ရောင်းထမရှိကြ ပွဲစားနှင့် လူမသိသူမသိ ချိန်းရောင်းတတ်ကြသည်။ အမေအို ကျောက်အကြောင်း ဂဃ

www.burmeseclassic.com

www.burmeseclassic.com

နဏာသိပုံမရ၊ အောက်ဈေးနဲ့ အချောင်ရလျှင် ဝယ်ထားလိုက်မည်ဟု ဆုံးဖြတ်လိုက်သည်။ "အမေ ဘယ်လောက်နဲ့ ရောင်းချင်လို့လဲ"

အမေအိုက ပတ္တမြားကိုပွတ်ကြည့်နေရင်းက "ရွှေက ရွှေဈေးထားပေးပေါ့၊ ကျောက်ကတော့ သားကြည့်ပေးပါ" ကို ချစ်မွေး ရွှေသုံးကျပ်သားကို ပေါက်ဈေးနှင့် ဖြတ်ပေးလိုက်ပြီး ငါးကလေးခန့်ရှိ ပတ္တမြားအစင် တာကွက်ကိုတော့ ဆယ်သိန်း ရေဈေးနှင့် ဖြတ်ပေးလိုက်သည်။ အရည်အသွေးကောင်းသော ပတ္တမြားအစင် ငါးကလေးပေါက်ဈေးသည် သိန်းထောင်ဂဏန်း သောင်းဂဏန်းထိရှိပါသည်။ အမေအိုက ပြန်ခါနီးတွင် "လူကို ဒီလောက်တောင် ကြိုပ်မွေတဲ့ပစ္စည်း ဘယ်လောက်ဘဲရရ မလွမ်းတော့ဘူး" ဟူသော နောက်ဆုံးစကားကို မကြားတကြား တိုးတိုးလေး ညည်းတွားသွားသည်။

ကိုချစ်မွေးတို့ မိသားစု ဆိုင်ခဏ ပိတ်ပြီး မြန်မာနိုင်ငံအနံ့ ဘုရားဖူးခရီး ထွက်ကြသည်။ တစ်ခါတစ်ခါ ကိုချစ်မွေး မမိငယ် ဆွဲထားသော ပတ္တမြား လော်ကတ်သီးကို ကြည့်ပြီး တောင်ပေါ်တန်းလမ်းက အမျိုးသမီးငယ်ကို မြင်ယောင်နေမိ၏။ ဘုရားစုံဖူးကြရင်း လှူကြတန်းကြသည်။ သုံးကြဖြန်းကြသည်။ ပတ္တမြားလော်ကတ်သီး ရောင်းလိုက်လျှင် ဘာမဆို ဖြစ်လာနိုင်သည် မဟုတ်ပါလား။ ဒါပေတဲ့ ကံကြမ္မာက ကိုချစ်မွေး ဖြစ်ချင်သလိုဖြစ်မလာ။ ရန်ကုန်အိမ်ပြန်ရောက်တော့ အိမ်ဖောက်ခံရသည်။ ရွာထားသမျှပစ္စည်း ပြောင်သွားလေ၏။ ဒီလောက်နဲ့ မပြီးသေး။ အိမ်မွေးတိရစ္ဆာန်များ တစ်ကောင်ပြီး တစ်ကောင် သေသွားကုန်သည်။

အဆုံးဌာ သားသမီး နေထိုင်မကောင်းဖြစ်သည်။ ဒီနောက် မိသားစုဘဝ တစ်ယောက်ပြီးတစ်ယောက် မစားနိုင် မသောက်နိုင်ဖြစ်ကာ ဆေးရုံနဲ့ အိမ်နဲ့ သွားပြန်မိတ်ဖွဲ့နေရသည်။ ဧရာဂိက မရှင်းမရှင်းရောဂါမျိုး ကုလေဆိုးလေ ဆရာကုန်ဂဠုန်ဆားချက်နေရသည့်နောက် သတင်းအရ အကြားအမြင်ဦးဘဆန်းမှာ အဆုံးသတ်သွားရပါတော့သည်။

ကာလိမန္ဒမယ်တော်ကြီး

ဦးဘဆန်းသည် ရောဂါသည်းနေသော ကိုချစ်မွေး၏ ဇနီး မမိငယ်၏ လက်ကို ထိထားပြီး အာရုံခံကြည့်လိုက်သောအခါ ကိုချစ်မွေး ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို ရှေးဦးစွာတွေ့မြင်ရသည်။ ထို့နောက် ဦးဘသော်နှင့် ဒေါ်မေရီ အပါအဝင် ပတ္တမြား လော်ကတ်သီးပိုင်ရှင် တစ်ဦးပြီးတစ်ဦး ဒုက္ခပင်လယ်ဝေသွားကြသည့် ကတ်လမ်းတွဲများကို မြင်ရ၏။

ထို့နောက် မြွေဟောက်ပွဲများကြားတွင် လက်ချောင်းဆယ်ချောင်း၌ လက်နက်မျိုးစုံ ကိုင်ဆောင်ထားပြီး စီးတော်ယာဉ်ကျားပေါ်စီးလျှက် ကာလီမယ် တော်ကြီးကို ထင်ထင်ရှားရား တွေ့မြင်ရ၏။ ကာလီမယ်တော်ကြီးနှစ် မည်မျိုး တွင် ဆင်မြန်းထားသော ပတ္တမြား လော်ကတ်သီးဆွဲကြိုးကို စိတ်မမှန်သူတစ် ယောက်က လူအလစ်၌ ခိုးယူထွက်ပြေး သွားသည်ကို တွေ့မြင်ရ၏။ ကာလီမယ်တော်ကြီး၏ မျက်လုံးတော်အရှဲ ရဲရဲတောက် နီရဲလာပြီး ပါးစပ်တော်မှ မီးညွှန့်ထွက်လာ၍ သက်ဆိုင်သူများကို လိုက်လံဆုံးမနေသည်ကို တွေ့ရပြီး အမြင်အာရုံ ပြီးဆုံးသွားသည်။ ဦးဘဆန်းသည် ကိုချစ်မွေး မမိငယ်တို့ကို အချိန်ယူပြီး အကြောင်းစုံရှင်းလိုက်သည်။

ထို့နောက် ကြိုပ်မွေသော ပတ္တမြား လော်ကတ်သီးဆွဲကြိုးကို ကာလီမန်မယ်တော်ကြီး၏ ကျောင်းဆောင်သို့ သွားရောက်ကြပြီး မယ်တော်ကြီးအား စိတ်ထားကြည်ကြည်လင်လင်ဖြင့် ပြန်လည် လှူဒါန်းပေးအပ်နိုင်ခဲ့ကြ၏။ ထိုအခိုက်မှစ၍ ကိုချစ်မွေးမိသားစုတို့သည် ကျန်းမာ စီးပွား လွန်စွာ တိုးတက်ပြည့်စုံလာကြပြီး ချမ်းသာကြွယ်ဝလာကြခဲ့ ဦးဘဆန်းနှင့်အတူ မော်လမြိုင် ကျိုက်သလ္လံဘုရားကြီး၌ ထမင်းရည်ချောင်းကြေးစည်တီး၍ အလှူအတန်းကြီးကာ မလွတ်မကျွတ်သေးသူအားလုံးနှင့် ဝေနေယျ အပေါင်းတို့ကို မေတ္တာအမျှအဘန်းများ ဝေနိုင်ခဲ့ကြပါတော့သည်။

ပန်းလို စစ်ကို လမင်းလို သာယာချမ်းမြေ့ ကြပါစေ

အောင်ဘဦးဖြိုင် (ကချင်ပြည်)

www.burmeseclassic.com

www.burmeseclassic.com



"သြော် . . . စင်ရော်စာ"

သျှတ်ပြုံး(မြန်မာစာ)

လေဆိပ်ကမ်းမှ ပန်းဆိုးတန်းဆိပ်ကမ်းသို့ ကူးမည့် သဘော်ပေါ်တွင် ရောင်းသူဝယ်သူ ခရီးသည်များနှင့် ပြည့်ကျပ်နေသည်။ တစ်ရာ့ဆူလေး၌ နံတစ်ဖက်ကို ထွဲယူရစီ၊ သမက်ကာ အလယ်တွင် နေရာယူထိုင်လိုက်သည်။

ဒီရာသီဆောင်းအကုန်နွေအကူးတွင် သူတို့စားကျက်ကျရာ ပင်လယ်တွင်းသို့ လာနေကျ စင်ရော်ငှက်ကလေးများ၊ ဟိုမှသည် ကူးလူးပျံသန်း၍ သဘော်ပေါ်မှ အစာကျွေးသူများထံအုံခဲ၍ လှယက်စားသောက်နေကြသည်။

စင်ရော်စာက စာကလေးခွေပဲ ဖြစ်သည်။ စာကလေးခွေ အထုပ်များကို တောင်းနှင့်ရွက်၍ လာရောင်းနေသူများ တစ်ဦးစ နှစ်ဦးစ ရှိသည်။ စာရေးသူ၏အကျင့်က ခရီးသွားရင်း သရေစာ ဝယ်စားတတ်သည်။ ပထမသဘော်မောပေါ်တွင် ကိုးကြော်ရောင်း မရောင်း ကြည့်သေးသည်။ စားချင်နေသည့် ကြွပ်ရွနေသော ကိုးကြော်ရောင်းသည်ကို မတွေ့ရသဖြင့် စာကလေးခွေဝယ်စား ရင်လည်း ရတာပဲဟု တွေးမိသည်။ ကြွပ်ရွနေသည့် အစာကို အလွန်ကြိုက်သည်ကိုး။

စာရေးသူနှင့် မလုမ်းမကမ်းတွင် ကလေးငယ် ဘုစုခရ သုံးလေးယောက်နှင့် ခရီးသွားမိန်းမကြီးကို တွေ့ရသည်။ စာရေး သူနှင့် သက်တူရွယ်တူလောက်ရှိမည်။ ကြည့်ရတာ နွမ်းပါးပုံရ သည်။ ကလေးအဝတ်အစားများက သည်း မလှဲ့တလုံ။ မိန်းမ ကြီးကိုကြည့်ပြန်တော့ ဆံပင်က ဖရိုဖရဲ။ လုံချည်ကို ခပ်တိုတို ဝတ်ထားပြီး လက်ထဲတွင်လည်း အထုပ်တွေက တိုးလို့ ဖဲ့ခဲလောင်။ ကြွပ်ကြွပ်ဖိတ်က အစ်မျိုး၊ ပြေဆီတိတ်ကဖခမျိုး ကလေးတွေက ကြိုးစဉ်ငယ်လိုက်၊ ဂျိုကျနေသော ကလေးကို သူအမေက စိတ်မရှည်ချင်။

ကလေးအငယ်ကောင်က စင်ရော်စာ ကျွေးနေသော ကောင်လေးတစ်ယောက်ကို ငေးနေသည်။ အလတ်ကောင်က သူအမေနားကပ်၍ စာကလေးခွေဝယ်ဖေးရန် ပူဆာနေသည်။ သူညီလေးများကလည်း တန်ဖိုးနည်း စာကလေးခွေကိုသာ ပူဆာနေရှာသည်။

"ဟဲ့ . . . နင်တို့က ဘယ်လိုဖြစ်နေတာလဲ။ သူများက စင်ရော်ကျွေးဖို့ လုပ်ထားတာဟဲ့။ စားဖို့မဟုတ်ဘူး သိလား။ နင်တို့ မရက်ဘူးလား။ ဟိုမှာကြည့် . . . စင်ရော်တွေကို ကျွေး နေတာ"

ကလေးများလည်း ပါးစပ်အဟောင်းသား ငေးနေတော့၏။ စာရေးသူလည်း စာကလေးခွေ ဝယ်စားမယ် စိတ်ကူးကာမှ -

"အေး . . . ငါလည်း စင်ရော်စာ ဝယ်စားဖိတော့မလို့နော်"

ဟုသာ စိတ်ထဲမလုံမလဲ ဖြစ်နေပါတော့သည်။

သျှတ်ပြုံး(မြန်မာစာ)

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

အပြုန်ခရိုးလမ်း
ကြမ်းတမ်းလွန်းပါဘိ

(၁)

မြန်မာ့လမိုင်း၏ အထင်ကရဖြစ်ခဲ့လေသော ဗန်းမော်နယ်မြေတွင် သမိုင်းဝင်ခဲ့သည့် ကောင်းတံု၊ ကောင်းစင်နှင့် ငဆောင်းချဲ့ (ငဆောင်းချမ်း)ဆိုသည့် ရှေးမြန်မာမင်းတို့၏ ရှေ့တန်းခံဗာဝ်ကြီးတွေ တည်ရှိခဲ့လေသည့် အဓိကနယ်မြေဖြစ်ပေသည်။

ကျွန်တော်တို့ ခေတ္တစခန်းချနေသည့် မြစေတီကျေးရွာကား ယခင် ငရောင်ချဲ့ဖြစ်ခဲ့ပါ၏။ ဗန်းမော်မြို့ပေါ်မှာကား ရွှေကျွန်းစားစေတီ တည်ရှိရာသည် ကောင်းစင်ဖြစ်ခဲ့၏။ တစ်ဖန် ရွှေစည်းကုံ (ရွှေစည်းခုံ)စေတီဒေသမှာကား ကောင်းတုံကျေးရွာကြီး၊ အခိုင်အမာရှေ့တန်းခံတပ်ကြီး၏ အဓိကကျသော အောင်မြေဒေသဖြစ်ပါသည်။ ရှေးအဆိုအရ ပြောရပါမူ ရှေ့တန်းကင်းပြု၊ ကင်းတပ်စခန်းဒေသတွေဖြစ်၍ ကျွန်တော် အလွန်ဝမ်းသာ ဝီတိဖြစ်ရပါ၏။ သမိုင်းထဲမှာ အထင်ရှားဆုံး၊ အအောင်မြင်ဆုံး အကြမ်းတမ်းဆုံးသော တိုက်ပွဲကြီးတွေ ဖြစ်ပွားခဲ့ရသည့် ကျူးကျော်စစ်အား ထိုးစစ်ဆင်ရာ ခံစစ်တစ်ယောက် ဆိုသည့်အတိုင်း ကျူးကျော်သူ မွန်ဂိုတာတာစစ်တပ်ကြီး၏ အင်အားကောင့်တင်းပါသော်လည်း စစ်ပရိယာယ်၊ စစ်နည်းဗျူဟာ၊ မြန်မာ့ဆာဇ္ဇိတို့ ပြဿတ္တန်းလှန်နိုင်ခဲ့လေသော မြန်မာသက္ကရာဇ် ၁၁၂၇ ခုနှစ် (၁၇၆၅)၊ မြန်မာသက္ကရာဇ် ၁၁၂၈ ခုနှစ်(၁၇၆၆)နှင့် မြန်မာသက္ကရာဇ် ၁၁၂၉ ခုနှစ် (၁၇၆၇)ခုနှစ်တို့တွင် တိုက်ပွဲကြီးသုံးကြိမ်တိတိ စစ်တလင်း စစ်ခင်းခဲ့ရလေသော ဒေသသို့ စာတွေ့မှ ယခု ကိုယ်တွေ့ ရောက်ခဲ့ရသည့်အတွက် လေ့လာမှတ်သားစရာတွေ ရှာဖွေခဲ့ပါသည်။ ထိုကာလသက်တမ်းကို ဆန့်လိုက်ပါမူ နှစ်ပေါင်း ၂၀၀ ကျော်ခဲ့ပါပြီ။

မြစေတီကျေးရွာနှင့် ရွာဦးစေတီခေါ်တွင်မည်သော မြစေတီကား နေအလင်းမှာ မြောက်၊ ရွှေရောင် ထိန်ထိန်လင်းပြောင်၊ ကောက်ပဲနေသလို ရောဝတီမြစ်ရေပြင်၏ ကြည်လင်ဝင်းလက်နေသော ရောင်ပြန်တွေကလည်း ထင်ဟပ်လျက်ရှိနေသည့်အတွက် ကြည်ညို့စရာသဒ္ဒါပိုခဲ့ရပါ၏။ တစ်ဖန် ထိုမြစေတီကျေးရွာ၏ ထူးခြားချက်မှာလည်း ရွာရိုးတစ်လျှောက် လမ်းကမ်းပြောင့်၏။ အိမ်ခြံတွေမှာလည်း အိမ်တိုင်း အိမ်တိုင်းမှ စိုက်ပျိုးထားလေသော စည်းရိုးကြီးတွေ၌ ရွက်လှပန်းပင်ကြီးတွေ စီစီရီရီ ညီညီညာညာ။ ရွက်လှပန်းပင်ဆိုသော်လည်း ကျွန်တော် ပထမ မယုံကြည်မိ။ သေသေချာချာကြည့်တော့မှ အံ့အံ့ဩဩ ဖြစ်ရလေသော ပေါင်လုံးခန့် ပင်စည်နှင့် အကိုင်းအခက်တွေ ထေဖြာလျက် ရွက်လှဆိုသည့် အတိုင်း လှပသော ရောင်စုံသန်းနေကြသည့် ရွက်လှအရွက်တွေက နေရောင်နှင့် အရောင်တွေ လင်းလက်တောက်ပနေလေသော ရွာကြီး။ ဤမျှ သက်တမ်းရှည် ကြီးမားနေလေသော ရွက်လှပန်းပင်များကို ကျွန်တော် တစ်ခါမျှ မတွေ့ခဲ့ဖူးရှိ ပထမ မယုံကြည်ခဲ့ပါ။ ကိုယ်တွေ့ကြုံမှ ယုံခဲ့ပြီ။

မြစေတီရွာ၏ ယျက်ခွာချင်းဆိုင် အရှေ့ဘက်မှာကား ရုးအင်းခေါ် လှုပ်မိုး ကောင်းမင်းတစ်ပါး ဖွားခဲ့ဖူးသော ဝိလာသမင်းနှင့် ဝိလာသတောင်ဟန်ကြီးမှာလည်း စိမ်းမြမြ မောင်းနေတ၏။ ရောဝတီမြစ်ခြားသော်လည်း ထိုဝိလာသတောင်တန်းကား အေးမြသော အိပ်အာဝါသတွေ လွှင့်ထုတ်ပေးရှိလားမသိ။ မြစေတီကား အေးမြပါ၏။ လွှမ်းမောဖွယ်လည်း ကောင်း၍ သူတော်ကောင်း သူမြတ်လောင်းတို့ တရားအားထုတ်ရာ စေတီရှိသည့် လွှမ်းဖွယ်ရာတောင်တန်းကြီး။

ထိုဝိလာသတောင်တန်းကြီး ထိပ်ပေါ်ရှိ ကျောက်ဂူကြီးတွင် ဝိလာသမင်း သားအား မွေးဖွားသန့်စင်သည့်အပြင် လှုစွမ်းကောင်း သူရဲကျော် သစ္စာရှိမင်းသား

■ မင်းရဲတော်

www.burmeseclassic.com

www.burmeseclassic.com

ပါး အရွယ်ရောက်သည်အထိ နေထိုင်ခဲ့ရလေသော တောင်တန်းကြီးမှာလည်း ထူးခြားသော တန်ခိုးတော်တွေကား ယနေ့တိုင် ကြီးထွားနေဆဲပင်။ ဝိလာသမင်းသားသည် မသင်္ဘဲ တတ်ခဲ့လေသော အဋ္ဌာရသတွေကား မင်းသား၏ ဘုန်းတန်ခိုးကြောင့်ပင် ဖြစ်ပါ၏။ ငယ်ရွယ်စဉ် အဖော်ဆိုင် တောသံမှာရှိသော သားကောင်တွေနှင့် ခနဲသည့်အတွက် တောတွင်းသား လူစွမ်းကောင်းသည် ကျား၊ ကျားသစ်၊ တောဝက်၊ တောမျောက်၊ ဝံ၊ ဆတ်၊ ဒရယ်၊ ချေ စသည့် တိရစ္ဆာန်တို့သည် မင်းသား၏ အဖော်တွေဖြစ်၍ ဝိလာသမင်းသားကား သူ့ဇာစွမ်းရည် ဂေးစွမ်းဖြင့် မြေပြင်မှ ခုန်ပျံလွှားက သစ်ပင်ကြီးအား ဓားနှင့်ထစ်၍ တစ်ဖန် အပင်များမှ အောက်သို့ပြန်အဆင်းမှာလည်း ထိုအပင်ကြီးအား ဓားနှင့်ထစ်ပြန်ရာ ယနေ့တိုင် ဝိလာသမင်းသား ဓားထစ်ခဲ့သည့် အပင်ကြီးမှာ ဝိလာသတောင်ထိပ် တွင် ရှိနေဆဲ၊ ဓားဒဏ်ရာတွေ ပြည့်နှက်လျက်။

တစ်ဖန် ထူးခြားသော ဝိလာသမင်းသား၏ စီးပြဖိနပ်နှင့် တစ်ပုံစံတည်း တူသော ဖိနပ်ပင်လည်း ယနေ့တိုင် ရွှေကျွန်းဘုရား၏ အရှေ့မြောက်ဘက် တွင် ရှိနေဆဲ။ ထိုနေရာအား ဖိနပ်တော ဟုလည်း ခေါ်ဝေါ်ကာ ရပ်ကွက်ပင် တည်ရှိနေလေသည်။ အရွက်သည် ဖိနပ်ပုံစံအတိုင်းပင်။

ဝိလာသမင်းသား၏ ဖခမည်းတော် စမ္ဘာနဂိုပြည့်ရှင် စိတ္တရာဇာအရှင်သည် မင်းကျင့်တရားပွားများ၍ ဗိုစံတော်မူလေ၏။ မင်းကြီး၏မိဖုရားမှာ ပုပ္ပဝတီမည်၏။ သို့သော် ညီတော်ဂုတ္တရာဇာ နန်းလုရှိ ထွက်ပြေးရာ မင်းကြီးစိတ္တရာဇာကို မိပြီး မိဖုရားကြီးမှာ ကိုယ်ဝန်အရင့်အမာဖြင့် ဆင်စီးကာ ထွက်ပြေးရင်း နောက်ဆုံး ဝိလာသတောင်ထိပ်ပေါ်ရောက်ခဲ့၏။ မိဖုရားကြီး ပုပ္ပဝတီသည် ဝိလာသတောင်ထိပ်ပေါ်မှာပင် သားတော်အား ဖွားမြင်ခဲ့သည့်အတွက် ဝိလာသမင်းသား ဖြစ်ခဲ့သလို၊ ထိုတောင်ထိပ်ကျောက်ဝှေယ် ကျောက်ဖြစ်နေလေသော ရေအိုး ရေခွက်ကွေ ကား ရှိနေခဲ့၊ သမိုင်းတင်နေဆဲပင်။

ဗိဖုရားကြီး ကံတော်ကုန်သည့် အတွက် ထိုကျောက်တောင်ထိပ်တွင် သင်္ဂြိုဟ်ခဲ့သောနေရာ တောင်ထိပ်ဝယ် ယနေ့ဘုံး အထောက်အထားတွေ ရှိနေဆဲ။ မိဖုရားကြီးအား ရည်မှူးပြီး လွှမ်းစေတီသည်လည်း မင်းကြီးစိတ္တရာဇာနှင့် သားတော်မင်းသားဝိလာသတို့ အလွမ်း ပြေတည်ထားခဲ့ပါသည်။ ကြည်ညိုဖွယ်ရာ လွှမ်းစေတီပင် ဖြစ်ပါသည်။

"ဆရာကျော် ... တွေးလှချည်လား"

"ဩော် ... မိုးကျော် ဘာလဲ"

"ဘာတွေ တွေးနေတာလဲ။ မယုကို လွှမ်းနေပြီလား"

"အင်း ... ယုကို သတိရတာတော့ အမှန်ပဲ။ ဒါပေမဲ့ ငါ အခုတွေးနေတာတွေက ဟောဒီ ပြစေတီဆိုတဲ့ရွာ၊ ဘုရားနဲ့ ဆက်စပ်တဲ့သမိုင်းကြောင်းတွေ၊ စစ်ပွဲကြီးတွေ၊ နောက်ပြီးတော့ ဟောဟို ဝိလာသတောင်တန်းနဲ့ ဝိလာသမင်းသား အကြောင်း၊ လူစွမ်းကောင်းတို့ နယ်မြေတွေ တွေးနေတာပါ"

"ဒါဆို ဝိလာသတောင်နဲ့ မျက်နှာချင်းဆိုင် တိမ်းဖာတောင်လည်း ရှိသေးတာပဲ ဆရာကျော်ရဲ့"

"ရှိတာပေါ့။ မိုးလဲချောင်းလေးလဲ ခြားတာလေ။ တိမ်းဖာတောင်မှာလဲ တန်ခိုးထွားတာပေါ့။ တိမ်းဖာတောင် အမြင့်က ပေအားဖြင့် တစ်ထောင်ကျော် တယ်လို့ သတ်မှတ်ကြတယ်ကွ။ စေတီအနီးမှာ မင်းတို့အသိပဲ အပေါက်တစ်ပေါက်ရှိတယ်။ ပိုက်ဆံအကြွေတွေ ပစ်ချတဲ့နေရာလို့ အဆိုရှိတယ်။ အကြွေတွေ ကျသွားသံဟာ သာယာနာပျော်ဖွယ် အသံမျိုး အကြာကြီးကြားရတယ်။ ဘယ်လောက်များ နှက်ခွင်းနေလဲဆိုတာ တွက်ကြည့်ပေတော့"

"ဟုတ်တယ်နော်။ ဒီတောင်ခြေက ဦးလဲချောင်းရဲ့ ထူးခြားတာ ပြောပြပါဦး ဆရာကျော်"

"မင်းဘို့သိပါတယ်၊ မိုးလဲချောင်းရဲ့ အကွေ့အကောက်တွေဟာ ဝိလာသတောင်တော်ကို သုံးဆယ့်ခုနစ်ကြိမ် (၃၇ ကြိမ်) လှည့်ဝိုက်ရတယ်တဲ့။ ဟို ... သိမ်တော်ရွာပဲ ကြည့်၊ လှေတွေ ရွာအဝင် ဘုန်းတော်ကြီးကျောင်း ဦးတိုက်ဝင်ပြီး ရွာပတ်ကာ ပြန်အထွက်မှာ နောက်ထပ် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းဆိုပြီး လှေဦးတိုက်ရပြန်တယ်။ တကယ်တော့ ရွာတစ်ရွာတည်းဖြစ်ပြီး ကျောင်းလည်း တစ်ကျောင်းတည်းပဲလေ ... ။ အကွေ့အကောက်များလို့ အကွေ့အကောက်များလို့ ဦးနှစ်ခါတိုက်ရတယ် မိုးကျော်ရဲ့"

"ဟုတ်တယ်၊ ဟုတ်တယ်။ ရွာရဲ့ ဝင်လမ်း၊ ထွက်လမ်းဟာ အဲဒီကျောင်းဘေးတစ်လမ်းတည်းပဲနော်။ ရွာကို မိုးလဲချောင်းက ခွေပတ်ထားတယ် ဆရာကျော်။ ကျွန်တော်မှတ်မိပြီ။ တော်တော် ထူးတဲ့ရွာပဲ။

"မိုးကျော်ရာ ... ဒီနယ်မြေကတော့ ထူးမှထူးပဲ။ မနေ့က ဟိုအဘအောင်နဲ့ လေးလေးပေါလုတို့ ပြောတာပဲ စဉ်းစားကြည့်"

"ဟုတ်တယ်နော်။ တော်တော် အံ့သြစရာတွေ ပြည့်သိပ်နေတဲ့ ထူးခြားတဲ့ နေရာတစ်နေရာပဲ"

တင်မြတ်ပါ လာရောက်ပြောပြလေပြီ။ ဟုတ်ပါသည်။ မနေ့က ကျွန်တော်တို့သုံးယောက် တောတောင်အကြောင်း သစ်စခန်းတွေအကြောင်း ပြောရင်း တော ပစ်တဲ့အကြောင်းတွေ ရောက်သွားခဲ့

www.burmeseclassic.com

www.burmeseclassic.com

"နားထောင်၊ လက်အုပ်ချီထား။ မြန်မြန်လုပ် ..."

"ဟုတ် ... ဟုတ်"

ဦးအောင်သည် သေနတ်အောက် ချပြီး လက်အုပ်ချီကာ တောင်တော်ဘက် သို့ မျက်နှာမူရင်းမှ အသံကိုထိန်။ ဗိတ် ကိုတောင်ပေါ်လွှင့်တင်ကာ အသံခပ် ကျယ်ကျယ်နှင့် တောင်းပန်လေပြီ။ သို့ သော်လည်း ဦးအောင်အသံတွေကား တုန်နေလေ၏။

"တောင် ... တောင်ပိုင်ဘိုးဘိုး ကြီးပ။ တောင်းပန်တာပ။ ကျွန်တော်တို့ လက်နက်ကိုင်ပြီး တောင်ပေါ်မတဲက်၊ တောင်ပေါ်မှာ သားကောင်မပစ်ပါ။ ကြောက်လုပါပြီ။ အသက်ချမ်းသာပေး တာပ။ ရော် ... မေ့တာပနော့။ ဝိလာသ မင်းသားရဲ့ တောင်တော်ကို ပမာမခန့် မလုပ်ပါ။ မိဖုရားကြီး ပုပ္ပဝတီမယ်တော် ကြီးလည်း ခွင့်လွှတ်တော်မူပါ။ ဘာ ... ဘာကောင်ကြီးတွေမှန်းမသိရ။ မထင် မရှားကောင်ကြီးတွေအား ဖယ်ရှားပေး တော်မူပါ။ တောပိုင်တောင်ပိုင် ဘိုးဘိုး ကြီးပအေး"

"ဟုတ် ... ဟုတ်တာပ။ ခွင့်လွှတ် ပါ၊ အသက်ချမ်းသာပေးတာပ။ နောက် နောင် တောင်ပေါ်၊ တောင်ခြေမတက် တော့တာပ"

နှစ်ယောက်သား ဦးတိုက်တောင်း ပန်ပြီးသည်နှင့် ကြောက်ခမန်းလိလိ လေ တွေတိုက်လာ၏။ တောကြီးတစ်တောလုံး မုန်တိုင်းဒဏ်ခံရလေပြီကော။

"ဝီ ... ဝီ ... ဝီ ... ဝီ"

"ဝေါ .. ဝေါ .. ဝေါ .. ဝေါ"

"ဝုန်း ... ဝုန်း ... ဖြောင်း"

"ဘုရား ... ဘုရား .. ဘုရား"

"ကယ်တော်မူပါ တောင်ပိုင်ကြီးပ"

"အင်း ... အဘတို့နှစ်ယောက် ကြောက်ကြောက်လန့်လန့်နဲ့ ကျောက်ဝုံး ပေါ် ဝမ်းလျားမှောက်နေလိုက်တာပနော့။ ဘယ်အထိကြာမှန်းမသိ အိပ်ပျော်သွား တာပ။ အကြောက်ကြီးပြီး သတိမေ့သွား တာမသိပ။ သတိရလို့ မျက်စိဖွင့်ကြည့် တော့ တောင်အောက်က မိုးလဲချောင်း သေး အခင်းထိပ်မှာ ခုထိရှိနေတဲ့ ကြိုင် ကြီးအောက် ရောက်နေတာပအေး"

"ဗျာ ... တောင်အလယ်လောက် ကနေ တောင်အောက်ရောက်နေတယ် ဟုတ်လား အဘ"

"ဟုတ်တာပ။ သတိထားမိသလို လို၊ အိပ်မက်ထဲမှာ အဘတို့နှစ်ယောက် ကို လူကြီးနှစ်ယောက် ပွေ့ချီမပြီး အောက် ကို ချသလိုလိုတော့ ရေးရေးတွေးမိ တာပ"

"ဒါဆို အဘတို့ သေနတ်ကိုင်ပြီး တောင်ပေါ်မတက်တော့ဘူးပေါ့"

"သေချာတာပ။ ယနေ့အထိ မတက်တော့။ တစ်ခုတော့ရှိတာပ။ အဘ တို့ တောင်ပေါ်မှာ ဘုရားဖူးသွားတာပ။ ဒါပေမဲ့ ဘာမှမဖြစ်ပနော့"

"ရော် ... ပြောစရာကျန်တာပ။ အဲဒီအချိန်ကစပြီး အဘတောမပစ်တော့၊ မုဆိုးမလုပ်တော့။ အင်း ... မုဆိုးဘဝ ကျွတ်သွားပြီလို့ ပြောရတာပနော့"

အဘအောင်၏ တည်ငြိမ်သော စကားသံ၊ ဟန်ပန်တွေမှာ တကယ်ကျွတ် လွတ်သွားသလို၊ လေးလေးပေါ်လုလည်း တောအကြောင်း၊ တောင်အကြောင်း မပြောတော့။ ဗိဘလက်ငုတ် အခင်းထဲမှာ သာ အချိန်ကုန်စေပါပြီ။ ဝိလာသတောင် ပေါ် ဘုရားဖူးသွားကြ၊ တရားအားထုတ် ကြ၊ တစ်ဖန် တိမ်းဖာတောင်ပေါ်တွင် လည်း သီလဆောက်တည်၊ တရားအား ထုတ် အလုပ်လောက်သာ လုပ်ကြတော့ ၏။ ကျွန်တော်တို့အားပြောပြသည့် ကြောက် မက်ဖွယ်ကား ကြားရသူ အကြီးအကျယ် မထိတ်မလန့်သော်လည်း အဘအောင် နှင့် လေးလေးပေါ်လုတို့ မုဆိုးဘဝကို လုံးဝကျွန်လွတ်မြောက်သွားအောင် ဝိလာ သတောင်တော်မူ သွန်သင်ဆုံးမလိုက် လေတော့သလားဟု တွေးမိပါတော့ သည်။

(၃)

ကျွန်တော်တို့သုံးယောက် မြစေတီ ရွာမှ တာဝန်ပြီးဆုံး၍ ဗန်းမော်သို့ ပြန် ရောက်ပြီးနောက်နေ့ စနေနေ့ နေလယ် ရုံးဆင်းသည်နှင့် ယုတို့အိမ် ထွက်ခဲ့သည်။ သုံးယောက်စလုံး ယုထံ အကြောင်းကြား ထား၏။ နံနက်စာ ချက်ထားရန်နှင့် မုန် ညင်းစောထားပေးပါဟု ပြောထား၍ ယု ၏မေမေဒေါ်လေးနန်း ချက်ပြုတ်ထား၏။

"ရော် ... မောင်တို့ ရောက်လာ ပြီ"

"ယု ... ဒေါ်လေးကော"

"မေမေ ရှိတာပ။ ထမင်းစားကြ တော့မှာပအေး"

"ဆာနေပြီ မယု၊ ဟဲ ... ဟဲ"

"ခွေးကောင်၊ အစားအသောက် မီးလိုတောက် အလုပ်အကိုင် ခွေးလိုမှိုင် ဆိုတာ နင်ပဲ"

"ရော် ... ကိုမိုးကျော်ကြီးပြော တာပ။ ကိုတင်မြတ် အစားကြီးတာ ယုသိ တာပ။ အများကြီးချက်တားတာပနော့"

"မယုရေ ... ဒီကောင် ပိုင်တင် တယ်ဗျ။ ဟား ... ဟား ... ဟား"

ကျွန်တော်တို့ ထမင်းမစားခင် အာမီရမ်အနည်းငယ် သုံးဟက်ခန့်သောက် ကြပြီးမှ ထမင်းစား၏။ အိမ်ထမင်း အိမ် ဟင်းလည်းဖြစ်၊ ဒေါ်လေးနန်း ဟင်းချက် ကောင်းသလို ယုလည်း အဓိလက်ရာမီ အောင် ချက်နိုင်စွမ်းရှိသည့်အပြင် ချစ်သူ မျက်နှာကြည့်၍ စားရသည်က အလွန် အမင်း အရသာရှိနေ၏။

ထမင်းစားပြီး ခေတ္တနားနေပြီးက မိုးကျော်အောင်သည် သူ၏ ချစ်ခန်း လောင်းလေးအိမ်သို့ သွားမည်၊ တင်မြတ် လည်း လိုက်မည်ဆို၍ ကျွန်တော်မှ ပြီး

www.burmeseclassic.com

www.burmeseclassic.com

ကျော်အောင်၏ ချစ်သူအိမ်တွင်သာနေကြရန် မှာကြားလိုက်၏။

"မောင် ..."

"ပြောလေ ယု"

"ရော် ... မောင်တို့ပင်ပန်းမှာပနေ့"

"မပင်ပန်းပါဘူး ယုရဲ့။ ပင်ပန်းတာကတော့ ..."

"ရော် ... ဘာလဲပ"

"ယုဆိုတဲ့ ချစ်ဦးသူလေးနဲ့ တစ်လလောက် ခွဲနေရတာ အပင်ပန်းဆုံး"

"ရော် ... ဘာများလဲလို့ လန့်သွားတာပနေ့။ ယုလည်း မောင့်ကို အရမ်းလွမ်းတာပ။ မေမေကတောင် နောက်တာပ"

"ဘာလဲဟင်"

"ရော် ... သမီးမိယု၊ ထမင်းလေးတော့ စားတာပအေးတဲ့"

"ယုက ထမင်းမစားလို့လား"

"မဟုတ်၊ မောင့်ကိုတွေးပြီး"

"ဟင် ... ထမင်းမေ့၊ ဟင်းမေ့လား"

"မဟုတ်၊ တဝကြီးစားလို့ မေမေက စတာပ"

"ဟင်း .. မောင့်ကိုများ လွမ်းနေလို့လား ဆင်တာ မှားပါပြီ"

"ရော် ... မောင်မှာတာပ၊ မောင့် ချစ်သူဟာ မောင်ပြန်လာရင် ပိန်နေတာ မကြိုက်၊ ဝတစ်တစ်မှ ကြိုက်တယ်ဆို"

"ဟုတ်တာပ။ ဝတစ်တစ်မှ ဖျစ်ညှစ်လို့ ကောင်းတာပနေ့"

"ရော် ... မောင်ဆိုးတာပ။ ရော် ... ရော် ... အဝမွှကြမ်းတာပ ... ဒိဒိ ဒိဒိ ..."

ချစ်ရည်လူးခြင် ကြည်နူးနေရသမျှ မည်သည့်အရာမျှ သတိမရတော့၊ အချစ်ရေယဉ်ကြော မျောနေဆဲ ယုသည် လက်မထပ်ရသေးသော ချစ်ဖနီးလေး။ သူ့ဖေဖေမြစ်ကြီးနားမှာ တာဝန်ထမ်းဆောင်နေရ၏။ ပြန်လာသည်နှင့် လက်ထပ်ရန် ပြောမည်ဆို၍ စောင့်ဆိုင်းနေရသော်လည်း ချစ်သူတဝထက် ကျော်လွန်ခဲ့ကြလေပြီ။

"ဆရာကျော် ... ဆရာကျော်"

"ဝိုးကျော် ... ဝိုးကျော်"

ကျွန်တော့်အားခေါ်သည့် ဝိုးကျော်အောင်အသံကြောင့် အိမ်အပေါ်ထပ် ယုအခန်းမှထွက်ကာ အောက်ထပ်အရောက် မှာတော့ ဝိုးကျော်အောင်နှင့်အတူ တင်မြတ်ပါ တွေ့လိုက်ရပါ၏။ သူတို့မျက်နှာတွေ မကောင်းကြ။

"ဘာလဲ ဝိုးကျော်"

"ဟို ... ဖိနပ်တောက ဦးအောင်ညွှန့် ဆုံးလို့တဲ့"

"ဘာ ... ကွက်သစ်က ဦးအောင်ညွှန့်ဟုတ်လား"

"ဟုတ်တယ်"

ဖိနပ်တောဆိုသည်မှာ ရွှေကျွေးနှားဘုရား အရှေ့ဘက် ဖိနပ်ပင်ကြီးအား အစွဲပြု၍ ခေါ်ဆိုသော ရပ်ကွက်သစ် (ဝိလာသမင်းသား၏ ဖိနပ်နှင့်တူသော အရွက်တွေ ဝေနေလေသောအပင်ကြီး)။ ကျွန်တော်နှင့်အတူ ဝိလာသတောင်ခြေအထက်မှာ တောပစ်ခဲ့ဖူးသော ဦးအောင်ညွှန့်။ သတ္တိကောင်းသလို၊ ဘွဲ့ရ စာတတ်ပေတတ် စီးပွားရေးသမား၊

"ကဲ ... ယုရေ့ မောင်စက်ဘီးယူသွားမယ်"

"ယူသွားတာပအေး"

"မောင် ညပိုင်းမှ လာပို့မယ်"

"ရော် ... ရတာပအေး"

ပြောပြောဆိုဆို ကျွန်တော်နှင့် ဝိုးကျော် စက်ဘီးတစ်စီး။ တင်မြတ်သည်လည်း ယုတို့အိမ်မှ စက်ဘီးဖြင့် တစ်ဦးတည်းစီးကာ အပြေးနင်းခဲ့ကြပါသည်။

လမ်းခရီးတွင် ဘာကြောင့်များ ကွယ်လွန်ရပါလို့မှ်ဟုလည်း တွေး၏။ တွေးလို့မရပါ။ ထိုသို့ တွေးမရသောအခါ ကျွန်တော်နှင့် ကိုအောင်ညွှန့် ဝိလာသတောင်ခြေအထက် တောပစ်စဉ်က အပြုံးအပျက်ဆီသို့ ရောက်သွား၏။

"ဆရာကျော်ပ၊ တောကြမ်းတာပနေ့"

"ဟုတ်ကဲ့ ကိုအောင်ညွှန့်၊ သတိထားကြတာပေါ့ဗျာ"

"ဒါပ ... ဒါပ"

ထိုသို့ သတိပေးပြီး သားကောင်စောင့်စဉ် တောဝက်တစ်ကောင် တောင်စောင်းမှ အောက်သို့ ဆင်းလာ၍ ပစ်ခတ်ရန် စောင့်နေရင်းမှ ဝိုးကျော်အောင်အား သေချာစွာ ချိန်ပစ်ရန် မှာကြားပြီး ကျွန်တော် အသင့်စောင့်ရင်းမှ –

"ဝိုးကျော် ... ပစ်တော့"

"ဟုတ်ဂ် ... ဒိုင်း"

"ဝုန်း ... အီး"

"ဟာ ... ဒိုင်း"

ပထမ ပစ်၏ ရှေ့လက်မှန်သွားခဲ့ ဒုတိယထပ်ပစ်စဉ် ထပ်ထိမှန်သွားလေသည်။ သို့သော် ထိုတောဝက်သည် ကြည့်ရင်းကြည့်ရင်း တောင်စောင်းပေါ် ပြန်အတက်မှာတော့ ဝက်မဟုတ်တော့ ဝိုးသူတော်လေး ဖြစ်ကာ ခြေထောက်တစ်ဖက် ထော့ကျိုး ထော့ကျိုးနှင့် တက်နေ၍ နောက်ထပ်မပစ်ရဲ၊ ထိုစဉ်မှာပင်

"ရော် ... တောင်ပေါ်မှာ ရသေ့ပအေး။ ရသေ့ ... ရသေ့"

"ဟာ ... ဟုတ်တယ် ကိုအောင်ညွှန့်။ ရသေ့ကြီးက သူတော်လေးကို ခေါ်နေတယ်။ လက်ယပ်ခေါ်နေပါလား"

"ဆရာကျော် ... ဆရာကျော်၊ ရသေ့ကြီးပစ်၊ ရသေ့ကြီးကို မြန်မြန်ပစ်တာပအေး"

"ဗျာ ..."

"မဗျာနဲ့ပ။ ပစ်တာပ"

ကျွန်တော်လည်း သတိကြီးစွာ ထားရင်း အထိုင်ပြောင်းလိုက်၏။ မုဆိုးဒူးထောက် နားကင်းပိတ်၊ စအိုပိတ်ကာ

www.burmeseclassic.com

www.burmeseclassic.com

ပစ်ရပါပြီ၊ သို့သော် ကျွန်တော် ရသေ့ကြီးအား မပစ်ရဲပါ။ ရသေ့ရဟန်းမဟုတ်စေကာမူ လူတစ်ယောက်မို့ ထိအောင်မပစ်ဘဲ သူ့ဘေးခြေထောက်နားတွင်ရှိသော ကျောက်ခဲကြီးအား ချိန်တွယ်ပစ်ခတ်လိုက်ပါသည်။

"ဒိုင်း"

"ဒေါင်း"

"ဝေါင်း"

ကျွန်တော်၏ ပစ်ခတ်မှုအသံ၊ ကျောက်တုံးထိမှန်သံနှင့်အတူ ရသေ့ကြီးသည် ထခုန်လိုက်၏။ ထခုန်လိုက်တော့မှ ရသေ့မဟုတ်တော့ဘဲ တောမုဆိုးကျားကြီးတစ်ကောင် ဖြစ်သွားသလို၊ စောစောက သူတော်လေးမှာလည်း ပကတိတောဝက်ဖြစ်သွားပြီး လိမ့်ကာ လိမ့်ကာ ကျလာရင်း အသက်မရှိတော့။ အပြန်ဆုံးတောဝက်ထမ်းပြီး ပြန်ပြေးခဲ့ရမှုအား သတိရနေမိသည်။

"ဆရာကျော်ပ ... ဒီဝိလာသတောင်ဟာ အင်မတန်တောမှောက်တတ်တာပနော့။ ကျွန်တော်တို့ ရသေ့ထင်ပြီး ဦးတိုက်တောင်းပန်လိုက်ရင် မတွေးရဲပ။ ကျားစာဖြစ်မှာ သေချာတာပ"

ကျွန်တော်တို့တစ်တွေ ရင်ထိတ်အောင် ခံစားခဲ့ရဖူးသော ဝိလာသတောင်၏ တောကြမ်းမူတွေကို ဖြတ်ကျော်ခဲ့ပါသော်လည်း အကောင်းပကတိ ကိုအောင်ညွှန့် ဘာ့ကြောင့်ဆုံးရပါလိမ့်။ ကိုအောင်ညွှန့်အိမ်ပေါ်တက်လိုက်တော့ သူ့ဇနီး မနန်းငွေ ငိုလို့။ ဖြစ်စဉ်မေးတော့ ...

ကိုအောင်ညွှန့် တာမိုင်းလုံဘက် အကြွေးတွေသွားတောင်းပြီးအပြန် အောင်လောင်းတောဖြတ်ကျော်စဉ် သူ့ခေါ်နောက်မှ ခွေးနက်ကြီးတစ်ကောင် အတင်းလိုက်ကိုက်၏။ ခွေးနက်ကြီးမှာ အင်မတန်ကြီးပြီး လျှာကြီးပင်လျှင် နီနီရဲရဲ တစ်တောင်ခန့် ထွက်နေ၍ သူစက်ဘီးကို အတင်းနှင်းအပြေး မမျှော်လင့်ဘဲ စက်ဘီးလဲစဉ် ခွေးနက်ကြီး သူ့ထံရောက်လာသော်လည်း သူ့အားမကိုက်၊ စူးစူးစိုက်စိုက် ကိုက်တော့မည့်အသွင်သာ ဆောင်ရင်း မောနေပုံရ၏။ လျှာကြီးကား လုံးဝပြန်မသွင်း။ ပို၍ ပို၍ ရှည်လာ၏။ ကိုအောင်ညွှန့် ထ၏။ မရ။ နောက်ဆုံး ညာခြေကို အားပြုရင်း စက်ဘီးကို မ,ထောင်ကာ ကုန်းအဆင်းလည်းဖြစ်၍ စက်ဘီးကို ညာတစ်ဖက်တည်းဖြင့် နင်းလိုက်စဉ် ထိုခွေးနက်ကြီးထံမှ အသံထွက်လာ၏။

"အုပ် ... အုပ် ... ပူ ... ပူ ... ပူ ... ပူ"

ထိုအချိန်သည် နေဝင်ရီတရောတောစပ်မှလည်း တောကြက်တွေ လန့်ပျံသံကြားလိုက်ရပြီးနောက် ...

"အင်း ... အင်း"

"အင်း ... အင်း"

အမောတကော နွမ်းနွမ်းလျလျ၊ ပင်ပင်ပန်းပန်း ညည်းညူသံတွေ ကြားရ၏။ ထိုညည်းညူသံတွေကား သူကိုယ်တိုင် ညည်းညူနေသည်တော့မဟုတ်။ သူမညည်းပါ။ ဘယ်သူညည်းညူနေပါသနည်း သူမသိ။ စက်ဘီးလိုမ့်ဆင်းရင်း နောက်သို့ လှည့်ကြည့်တော့ တောစပ်လမ်းဘေးရှိ ကမူလေးပေါ်ဝယ် စောစောက ခွေးနက်ကြီး ငုတ်တုတ်ထိုင်နေသဲ့။ သို့သော် နောက်ထပ် အသံလည်းမကြားရတော့။ ညည်းညူသံလည်း မကြားရတော့ပါ။ ခွေးနက်ကြီးကား တစ်မှုတ်ချင်း ပျောက်သွားလေပြီ။

"ကိုအောင်ညွှန့်ပ။ အိမ်ရောက်ပြီး အားလုံးပြန်ပြောပြတာပနော့။ သတိကောင်းတာပ။ ဘယ်ဘက်ပေါင်ကျိုးလို့ ဆေးစည်းနေတုန်း"

"မိနန်း"

"ရော် ... ပြောတပ"

"ဟို ... ခွေး .. ခွေးနက်ကြီးကို ထမင်းကျွေးလိုက်ပါ"

"ရော် ... ခွေးနက်ကြီးမရှိပအေး"

"ရော် ... ခြေပြတ်ဆရာက်နေတာပ။ သွားကျွေးတာပ"

"ဟုတ် ... ဟုတ်"

မနန်းငွေလည်း ကြောက်ကြောက်လန့်လန့်နှင့် ငှက်ပျောရွက်ခုတ်ကာ ထမင်းနှင့် ဟင်းတွေ ပုံ၍ ခြံပြင်သို့ မောင်လေးဖြစ်သူ အစိုင်းနှင့်ထွက်ကာ လမ်းဘေး ဟိုဟိုဒီဒီ ကြည့်၏။ ဘာကောင်မျှမတွေ့။ မိုးလည်းချုပ်ပါပြီ။ ခြံအပြင်လမ်းဘေး အသာချပြီး ပြန်ခဲ့ကြ၏။

"ဟူး ..."

"ကိုအောင်ညွှန့်ပ၊ ကျွေးခဲ့တာပနော့"

"အင်း ... ငါလာခဲ့မှာပအေး"

"ကိုအောင်ညွှန့်၊ ဘာတွေပြောနေတာပ"

"ဟင် ... ရော် ... ခွေးနက်ကြီး ပြန်တော့လေ"

ကိုအောင်ညွှန့်တစ်ယောက် သတိမေ့သွား၏။ နာရီဝက်ခန့်အကြာမှာတော့ ကိုအောင်ညွှန့် ဘဝတစ်ပါးသို့ ပြောင်းသွားလေပြီ၊ မနန်းငွေ ကြားရသည့်စကား နားထဲ စွဲနေမှုသည်ကား ...

"ခွေးနက်ကြီးပြန်တော့လေ"တဲ့။

ကျွန်တော်တို့ထုံးယောက်၏ ရင်ထဲမှာတော့ အပြန်ခရီးကား မလှမပ။ ကြမ်းတမ်းခက်ထန်လွန်းပါဘိဟု တွေးရင်းငေးရင်း ...။

(၁၉၇၃ ခုနှစ်တွင် ကွယ်လွန်သွားသော မံပင်ရွာသား (မံပင်ကွက်သစ်) ဦးအောင်ညွှန့် စက်ဘီးလဲကာ ပေါင်ကျိုးပြီး ဆုံးပါးသွားမှုအား ပြန်လည်သတိတရဖြင့် ...)

မင်းရဲကျော်

www.burmeseclassic.com

www.burmeseclassic.com

လူသစ်အောင်ဒေါင်းလှိုး

www.burmeseclassic.com

www.burmeseclassic.com

ဝိုင်ဖျာပြား

ဒေါ်ခင်မြင့်မား (ဘိုကလေး)

ချေ(ဂျီ)ဆိုသော အကောင်မျိုးက လန့်တတ်သည်။ ချေအီးချေလန့်ဆိုသော စကားတောင် မုဆိုးလောကမှာ ကြားဖူးသည်။ အခုလည်း ဘယ်ကဘယ်လို ချေက လန့်လာသည်မသိ။ တောကောင်မရသေးသောကြောင့် စိတ်ညစ်နေရသည့် အထဲ စိတ်ပျက်လက်ပျက်နှင့် ထိုင်နေသော ကိုပွေးကို လန့်လာသောချေက ဝင်တိုးသွားသောကြောင့် ကိုပွေးတစ်ယောက် ရှေ့ကိုမှောက်လျက် လဲကျသွားရသည်။

တောကောင်ရှာနေသော ကိုဇွဲးကို တောကောင်က ဝင်တိုးသွားသောကြောင့် ကိုပွေးတစ်ယောက် တော်ကိုတဝတ်ခွတ်နှင့် ကျန်နေခဲ့သည်။ ကိုပွေးနှင့် အတူပါလာသော စောကျိမ်းနှင့် ကျော်စိုးက ကိုပွေးအဖြစ်ကိုကြည့်ကာ ရယ်ကြသည်။

ကိုပွေးက မျက်နှာကြီး နီလာသောကြောင့် နှစ်ယောက်သား မျက်ရိုပ်မျက်ခြည်ပြကာ စောကျိမ်းက –

"ကိုပွေးဗျာ ... ချေဆိုတဲ့အကောင်မျိုးက လန့်တတ်တာပဲ။ ဒီကောင်က သူ့အန္တရာယ်တွေ့လို့ လန့်တာမဖြစ်နိုင်ဘူး။ သူ့ဟာသူ**အီးပေါက်ပြီး လန့်တာဖြစ်ရ**မယ်။ သူအန္တရာယ်ကောင်တွေ့တယ်ဆိုရင် ကျွန်တော်တို့ တောထဲဝင်လာကတည်းက အရိပ်အမြွက်လောက်တော့ သိရမှာပေါ့။ ခုဟာက ဘာအရိပ်အမြွက်တောင် မသိရဘဲ ခြုန်းခနဲ ထွက်လာတာဆိုတော့ သူ့အီးသူလန့်ပြီး ပြေးလာတာပါဗျာ"

"အေး ... ဟုတ်ပါတယ်။ မုဆိုးက တောကောင်ကိုရှာတာပါ။ ဒါပေမဲ့

www.burmeseclassic.com

www.burmeseclassic.com

တောကောင်က မုဆိုးကို ဝင်တိုးပြီး ပြေးသွားတာဆိုတော့ မလွန်ဘူးလားကွ။ မုဆိုးသိက္ခာကျတယ်ကွ''

''ကိုပွေး ... ခင်များသိက္ခာကျတာ ကျွဲပဲနဲ့ ကျွဲတပည့်ကျောက်စိုး နှစ်ယောက်ပဲသိတာပါဗျာ''

''အေးပါ ... အဲဒါကြောင့် တော်သေးတာပေါ့''

စောကျိမ်းက တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစား၍ –

''ကိုပွေး ... ကျွဲပဲတစ်ခုစဉ်းစားမိတယ်ဗျ''

''ဘာတုံးကွ''

''ဒီကောင် လန့်ပြီးပြေးလာတာက တခြားအကြောင်းတစ်ခုကြောင့် ဆိုရင်ကော ...''

ကိုပွေးက စဉ်းစားလိုက်ကာ –

''အေး ... စောကျိမ်း မင်းပြောတာ ဖြစ်နိုင်တယ်။ ဒီကောင်ပြေးထွက်လာတဲ့ဘက်ကို ချောင်းကြရအောင်''

စောကျိမ်းက ဦးဆောင်ကာ စိန်နားပန်ချဲ့များရှိရာဘက်ဆီသို့ သတိအနေအထားဖြင့် ချီတက်လာကြသည်။

အောက်ခြေတွင်လည်း ချဲ့ပုတ်အပုကလေးများ ရှိနေသောကြောင့် ပိုးကောင် (မြွေ)များကိုလည်း သတိထားရင်း စိန်နားပန်ချဲ့များရှိရာသို့ ရောက်လာကြသည်။ ချဲ့များကို တိုးဝှေ့ကာ ထွက်လာကြရင်း တစ်နေရာအရောက်တွင် စောကျိမ်းက ရပ်လိုက်သည်။

''ကိုပွေးရေ ... တရားခံတော့တွေ့ပြီ။ ဒီကောင်ပဲ ဖြစ်ရမယ်''

စောကျိမ်းငဲ့ကြည့်နေသော ချဲ့အောက်ကို ကိုပွေးနှင့် ကျောက်စိုးက ငုံ့ကြည့်လိုက်ရင်း ကိုပွေးက –

''သေချာတာပေါ့ဗျာ၊ ဒီကောင်ပဲ''

မြင်ကွင်းက အသည်းယားစရာ။ အကောင်ပေါက်နေသော စပါးကြိုးမြွေ ပိသားစု ဖြစ်သည်။ မြွေပေါက်ကလေးများက အကောင်နှစ်ဆယ်ခန့် ဖြစ်သည်။

စိန်နားပန်ချဲ့အခက်အလက်များကို အသိုက်လုပ်ကာ ပေါက်နေခြင်း ဖြစ်သည်။

''ချေက သူ့ဟာသူ လျှောက်လာရင်း ရင်ဆိုင်တိုးမိတာဖြစ်မယ်ကွ။ ဒီမှာကြည့်ပါလား''

စိန်နားပန်ချဲ့၏ အရွက်အလက်အခက်များပေါ်တွင် ပေကျံနေသော ညို့တိုတိုအရောင်အရည်များကို စောကျိမ်းက ပြလိုက်သည်။ ကျောက်စိုးက –

''စောကျိမ်း၊ အဲဒါဘာတွေလဲဗျ''

''စပါးကြိုးဆိုတဲ့ အကောင်မျိုးက ရန်သူနဲ့တွေ့ရင် ညို့တိုတိုအရောင်ရှိတဲ့ အခိုးနဲ့ မှုတ်ထုတ်တတ်တယ်။ အနံ့ကလည်း ဆိုးတယ်ကွ။ ချေကို အခိုးနဲ့ ချဲ့ထဲက မှုတ်ထုတ်လိုက်လို့ ချေက လန့်ပြေးလာတာ''

''ဂျူး ... ဂျူး''

ဟူသော အသံနှင့်အတူ စိန်နားပန်ချဲ့ထဲက စူးရှသော အနံ့ဆိုးနှင့် အခိုးများ ထွက်လာပြန်သည်။ သုံးယောက်သား နောက်ကိုဆုတ်လိုက်သည်။

စောကျိမ်းက ကိုပွေးကိုကြည့်လိုက်သည်။ ဘယ်လိုလဲဟူသော အကြည့်မျိုး။ ကိုပွေးကလည်း သဘောပေါက်လိုက်သည်။

''စားရက်ကြီးလို့ လာတွေ့တာလေကွာ။ မုဆိုးဆယ်ခါ တောပစ်ထွက်လို့ တစ်ခါ စပါးကြိုးမြွေကို ရခဲတယ်။ စပါးကြိုးသည်းခြေက တို့လူသားတွေအတွက် ဘယ်လောက်အထိ အဖိုးတန်တယ်ဆိုတာ မင်းသိပါတယ်''

''အကောင်ပေါက်ကလေးတွေတော့ ထားလိုက်ပါဗျာ''

''အေးပါ။ နောက်တစ်ချက်က မြွေသားက ငါ့ကိုယ်ပေါ်က ရောဂါတွေ ပျောက်တယ်လို့ ကြားဖူးတယ်''

မုဆိုးကိုပွေးက မည်သူပေးလိုက်သော နာမည်မသိ။ သူ့နာမည်ရင်းက အောင်မှတ်ဖြစ်သည်။ သူ့တစ်ကိုယ်လုံး ပွေးများစွဲနေသောကြောင့် တစ်ယောက်ယောက်က စခေါ်ရင်း ကိုပွေးနာမည် တွင်သွားခြင်း ဖြစ်သည်။

အမဲလိုက်ရာတွင်တော့ ကိုပွေးက နာမည်ကြီး။ ဒီနယ်တစ်ခွင်မှာတော့ ကိုပွေးကို မသိတဲ့လူမရှိ၊ စောကျိမ်းတောင် ကိုပွေးထံမှ ဗဟုသုတရလိုသောကြောင့် အတူလိုက်လာခြင်းဖြစ်သည်။

''ကိုပွေးရယ် ... ကြည့်လုပ်ပါဦး။ ရောဂါမပျောက်ဘဲ ပိုဆိုးလာမှ ခက်နေပါဦးမယ်''

''ငါလည်း ကြားဖူးတာပြောတာပါ။ ပိုဆိုးလာရင်လည်း ဒဲ့ထက်တော့ ဆိုးစရာအကြောင်း မရှိပါဘူး''

ကိုပွေးနှင့် စောကျိမ်းတို့နှစ်ယောက် ချဲ့တောထဲဝင်ကာ ခဲရာခဲဆစ်ဖြင့် စပါးကြိုးမြွေကြီးကို ထုတ်လာခဲ့သည်။ အပြင်ရောက်မှ လုံချည်တစ်ထည်ကို ထိပ်တစ်ဖက်ချည်လိုက်ကာ လုံချည်ဖြင့် ထုတ်လာခဲ့ကြသည်။ စိန်နားပန်ချဲ့မှ ထွက်လာပြီး နောက် သုံးယောက်သား အနောက်ဘက်တောတန်းအတိုင်း ထွက်လာခဲ့ကြသည်။

တောတန်းက ဆင်ခြေလျှောကုန်းတန်းဖြစ်သည်။ ကျွန်းပင်များက ဆင်ခြေလျှောအတိုင်း အစီအရီပေါက်နေကြ၍ အဝေးမှကြည့်လိုက်လျှင် အလွန်လှပသော ရှုခင်းဖြစ်သည်။ ခပ်ဝေးဝေးမှ မြူများဝေ့နေသော ဂိုးမတောင်ကြီးကို လှမ်းမြင်နေရသည်။ ကျွန်းတောအတိုင်း နာရီဝက်ခန့် လျှောက်လာသည်အထိ ကျွန်းတောကမဆုံးသေး။ တစ်နေရာအရောက်တွင် –

''ဖလပ် .. ဖလပ် ... ဖြန်းဖြန်း''

''ကိုပွေး ... ဘာသံလဲ''

www.burmeseclassic.com

www.burmeseclassic.com

"နေဦး ငါလည်းစဉ်းစားနေတာကွ"

ဝဲဘက်ချုံတောထဲမှ အသံများဖြစ်သည်။ ကိုပွေးက ဦးဆောင်ကာ အသံကြားရာဆီသို့ ခြေသံလုံလုံဖြင့် လျှောက်သွားလိုက်ကြသည်။ အသံများက တဖြည်းဖြည်းနီးလာသည်နှင့်အမျှ ပို၍ကျယ်လာသည်။ ချုံတောအလွန်တွင် သမွတ်သိမ်ပင်(နွယ်ပင်ကြီး)နှစ်ပင်အောက်တွင် အသီးများကို ခုန်၍ခုန်၍ နူတ်သီးနှင့် လှမ်းဆိတ်နေသော သတ္တဝါနှစ်ကောင်။

အမြီးတိုနှုန်းဖြင့် ဖင်ပြောင်နေသော အကောင်များဖြစ်သည်။ စောကျိမ်းက ချုံကွယ်မှကြည့်ရင်း လေသံတိုးတိုးဖြင့် –

"ကိုပွေး ... ဘာကောင်တွေလဲ"

"နောက်မှ ပြောမယ်။ မင်းကောင်ကျော် ... ဘယ်သူ ..."

"ကျော်စိုးပါ"

"သူ့ကို ဒီနားခေါ်လိုက်"

ခပ်လှမ်းလှမ်းမှ ချောင်းနေသော ကျော်စိုးကို စောကျိမ်းက ခေါ်လိုက်သည်။ ကျော်စိုးအနားရောက်လာမှ –

"အဲဒီနှစ်ကောင်ကို မင်းနဲ့ ငါနဲ့ တစ်ကောင်စီ ပစ်မယ်။ ပထမတစ်ချက် ပြီးရင် ထခုန်လိမ့်မယ်။ အဲဒီလို ထခုန်လိုက်ရင် လေထဲမှာတစ်ချက် ထပ်ပစ်မယ်။ ဖြစ်မလား ..."

"ဖြစ်ပါတယ်"

"အေး ... ဒါဆိုရင်ပြီးရော၊ မြန်မြန်လုပ်။ မင်းက ဝဲဘက်ကအကောင်ကို ပစ်၊ ငါက ယာဘက်က အကောင်ကိုပစ်မယ်"

စကားဆုံးသည်နှင့် ကျော်စိုးနှင့် ကိုပွေးထံမှ သေနတ်သံများ တစ်ချက်စီ ထွက်သွားသည်။

"ဖောင်း ... ဒိုင်း ..."

ကိုပွေးပြောသည့်အတိုင်းပင် သေနတ်မှန်သွားပြီးနောက် သတ္တဝါနှစ်ကောင်က ငါးပေခန့်လောကအမြင့် ပျံ၍ ထခုန်လိုက်ကြသည်။ ထခုန်လိုက်ချိန်မှာ –

"ဖောင်း ... ဒိုင်း"

"ဖုန်း ... ဖုန်း"

မြေပြင်ပေါ်သို့ အတုံးအရုံး ပြုတ်ကျသွားကြသည်။ နှစ်ကောင်စလုံး နှစ်ချက်စီ ချက်ကောင်းမှန်လိုက်သောကြောင့် လူဝင်တောင်မလှုပ်တော့။

"ကျော်စိုး ... မင်းမဆိုးဘူးကွ။ ငါပြောတဲ့အတိုင်း ကွက်တိပဲ။ စောကျိမ်း .. ခင်ဗျားတပည့် တော်တယ်ဗျ"

စောကျိမ်းက မှန်ထားသောအကောင်များကို ကြည့်ရင်း –

"ဟာ ... ခုမှ သေချာကြည့်မှ သိတော့တယ်။ ဒေါင်း ဒေါင်း တွေက ဘယ်လိုပုံဖြစ်

"ဒီလို စောကျိမ်း ... ဆိုတဲ့ အကောင်မျိုးက မိုးတွင်းဘက်ဆိုရင် အမြီးချတတ်တယ်။ ဒါကြောင့်မို့ အမြီးတိုပြီး ဖင်ပြောင်နေတာ။ ငါပစ်လိုက်တာက ဒေါင်းထီးကြီးကွ။ လေးပိသာလောက် တော့ရှိမယ်။ ကျော်စိုးပစ်လိုက်တာက ဒေါင်းအမ။ သုံးပိသာကျော်ကျော် လောက်ပဲရှိမယ်။ ဒီနေ့အတွက်ကတော့ ဒီနှစ်ကောင်နဲ့တင် ဟင်းစားက လုံလောက်နေပြီဟေ့"

မုဆိုးဆိုသော်လည်း ကိုပွေးက စောကျိမ်းထက် မုဆိုးအတွေ့အကြုံရင့်သောကြောင့် စောကျိမ်းက ငြိမ်နေလိုက်ရသည်။ သို့သော်ငြား စောကျိမ်းတပည့် ကျော်စိုးက ကျေနပ်ပုံမပေါ်။ ထို့ကြောင့်

"ကိုပွေး ... ကျွန်တော်တစ်ခုတော့ သိထားတာရှိတယ်ဗျ"

"ဘာတုံးကွ"

"ကျွန်တော်တို့ ဒီနေ့ တောပစ်ထွက်လာတာ နေ့ဝက်ကျိုးပြီလေဗျာ။ ကြိုးကြိုးမားမား သားကောင်ဆိုလို့ တစ်ကောင်မှတောင်မရသေးဘူး။ ကိုပွေးပြော ပုံဆိုရင် ဒီနှစ်ကောင်နဲ့တင် ကိုယ့်များ ကျေနပ်နေပြီတော့"

"မုဆိုးပဲကွ"

"မုဆိုးမဲဆိုတော့ ကိုပွေးက သာကိုဆိုလုပ်ရမလဲ"

"မုဆိုးဆိုတာ သားကောင်လိုချင်တာပေါ့ကွ။ မရတော့လည်း ရသလောက်နဲ့ ကျေနပ်ရတာပေါ့"

ဒီတောဒီတောင်သည် ကိုပွေးနှုန်းစပ်ကျင်လည်သော တောတောင်ဖြစ်သည်။ တောဆိုသည်မှာ အင်မတန်နက်ရှိုင်းသည်။ လှိုဝှက်သည်။ မာယာများသည်။ ကိုပွေးသည် စာတစ်လုံးမျှ တတ်သူမဟုတ်။ တူမီးကို ခလုတ်တစ်ချက်ခွဲလျှင် သားကောင်တစ်ကောင်ရမည်ဆိုတာ သိသူတစ်ယောက်သာ ဖြစ်သည်။

ထိုနေ့က ကိုပွေးပြောသည့်အတိုင်း မိုးချုပ်သည်အထိ စပါးကြီးမြွေတစ်ကောင်နှင့် ဒေါင်းနှစ်ကောင်မှလွဲ၍ တခြားတောကောင်တစ်ကောင်မျှ မရတော့။

ကျော်စိုးပြုံးသည်။ သူ့အပြုံးက အသိရခက်သော အပြုံး။ သူလည်း မုဆိုးတစ်ယောက်ပင် မဟုတ်ပါလော။ ။

မောင်မြင့်မား(ဘိုကလေး)

www.burmeseclassic.com

www.burmeseclassic.com

သီသာစေကြာင်း
မင်္ဂလာနိမိတ်ကောင်း

ဒေါက်တာမင်းသိခ်ၤ ၏ နည်းစနစ်အတိုင်း ဟောသည်

ဒေါက်တာစောယုန္နယ်

တကယ်ခိုင်တဲ့အဖွဲ့...

မိမိဘဝမှာရှိ ကောင်းခြင်း၊ ဆိုးခြင်းဖြစ်ပျက်မှုတွေကို မိမိဘာသာ ငိမ်အသိဆုံးပါ။ ဓါဌေမယ် ပွဲမစခင် ပြည်ဖုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို ကြိုတင်ပြီး သိချင်ကြတာဟာ လူဘဝရဲ့ မွေတာပါပဲ။ ပြည်ဖုံးကားနောက်ကွယ်က ဇာတ်ရုပ်တွေဟာ တစ်ခါ တစ်ခါကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊ တစ်ခါ တစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေလည်း တွေ့ရတတ်ပါတယ်။

အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ပြည်ဖုံးကားကို လှစ်ခနဲသာ ဖွင့်လှစ်ပြလိုက်ရတာကြောင့် ဒီစာမျက်နှာ များမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း တစ်ခုတလေသာ မြင်ရမှာဖြစ်လို့ ဘဝတစ်ခုပေါ်မှာ မီးရောင်စုံ အစုံအလင်နဲ့ သင့်ဘဝ အပြည့်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့်...

■ အမှတ်(၂၀၅/က)၊
ဝိတောက်(၅)လမ်း
မြို့သစ်(ဂ)၊
ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်၊
ဖုန်း-၀၁-၆၄၃၀၃၀

www.burmeseclassic.com

www.burmeseclassic.com

တနင်္ဂနွေ သားသမီး

သင်သည် ယခုကာလတွင် အနည်းငယ် ညှဉ်နေတတ်ပါတယ်။ ကိုယ်သွားဖို့ ကြံရွယ်ထားတဲ့ခရီးစဉ်တွေလည်း ပျက်သွားတတ်တယ်။ ဒါပေမဲ့ မထင်မှတ်သော ခရီးများ။ မရည်ရွယ်သော ခရီးများ သွားရတတ်တယ်။ သူတစ်ပါးကိစ္စအတွက် ခရီးသွားရတတ်တယ်။ နိုင်ငံရပ်ခြားနှင့်ပတ်သက်သော ကိစ္စများ အောင်မြင်မယ်။ လူမျိုးခြားက ကူညီမှုပေးတတ်တယ်။ ပြည်ပခရီးသွားမည်ဆိုလျှင် ဒီကာလမှာ သွားလိုက်ပါ။ စိတ် အနေင့်အယှက်ဖြစ်စရာလေးတွေ အနည်းငယ်ကြုံရပေမယ့် အောင်မြင်မှု ရရှိသွားပါလိမ့်မယ်။ မိသားစုအတွင်း စိတ်ဝမ်းကွဲစရာတွေ ကြုံတွေ့ရတတ်တယ်။ ကိုယ်ရည်ရွယ်တာတခြား။ မိသားစု ဖြစ်ချင်တာကတခြား ဖြစ်နေတတ်တယ်။ အတတ်ပညာတစ်ခု သင်ကြားရတတ်တယ်။ ဝန်ထမ်းဆိုရင်တော့ အလုပ်နဲ့ပတ်သက်တဲ့ စာမေးပွဲ ဖြေဆိုရတတ်တယ်။ ပညာရေးကောင်းပါတယ်။ တယ်လီဖုန်းနဲ့ ပတ်သက်တဲ့ကိစ္စတွေလည်း ဆောင်ရွက်ရတတ်တယ်။ ငွေဝင်နည်းပေမယ့် ထီကံကောင်းတဲ့ ကာလဖြစ်ပါတယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်နေတဲ့သူတွေအဖို့ လုပ်ငန်းများ အောင်မြင်တော့မလိုလိုနဲ့ အခက်အခဲကြီးစွာ ကြုံရတတ်တယ်။ အလုပ်တွင် အပျက်အဆီး အဆုံးအရှုံး အလေအလွင့် များနေလိမ့်မယ်။ လက်ရှိအလုပ်အကိုင် ပြောင်းချင်စိတ်ပေါ်နေမယ်။ မပြောင်းပါနှင့်၊ ပြောင်းလျှင် ပိုဆိုးသွားတတ်တယ်။ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများနှင့်လည်း လမ်းခွဲရတတ်တယ်။ အလှူပွဲ၊ မင်္ဂလာပွဲများ အထစ်အငေါ့်ဖြစ်ခြင်း၊ ရက်ရွှေ့ခြင်းများ ကြုံရတတ်တယ်။ ငွေအတွက် ပြောဆိုဖြေရှင်းရတတ်တယ်။ ငွေပျောက်ခြင်း၊ ကြွေးတင်ခြင်းမျိုး ဖြစ်တတ်တယ်။ မိမိကိုယ်တိုင် အမှုမဖြစ်သော်လည်း မိမိနှင့်ပတ်သက်သူတို့၏အမှုကို လိုက်လံဆောင်ရွက်ပေးရတတ်တယ်။ မိခင် ကျန်းမာရေးအနည်းငယ် ညှဉ်တတ်တယ်။ ကျန်းမာရေးအနေဖြင့် အစာအဆိပ်ဖြစ်ခြင်း၊ ခြေထောက်၊ ခါး၊ သွား ဒုက္ခပေးတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံ့ထောင့်၌ ဝါညွှန့်(၄)ညွှန့်၊ ပေါက်ပန်းဖြူ(၅)ညွှန့်၊ ကြက်လျှာအစိမ်းရောင်(၈)ခုတို့ကို လှူပေးပါ။ အညှဉ်များ ပြေပျောက်စေရန် ဆုတောင်းပါ။

ကံကောင်းသောရက်

ကြာသပတေး၊ စနေ

ညှဉ်သောရက်

တနလာ၊ သောကြာ

ကံကောင်းသောနံပါတ်

၅၊ ၅၇၊ ၇၅၊ ၇၉

အထူးသတိပြုရန်

ဥက္ခာကာလအတွင်း အိမ်ပြောင်ခြင်း၊ အိမ်ဆောက်ခြင်း၊ အိမ်ပြောင်းခြင်း မပြုပါနှင့်။ မည်သည့်ပစ္စည်းမှ မတုံးရမ်းပါနှင့်။ တုံးလျှင် ဆုံးရှုံးသွားတတ်တယ်။

ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း ယာဂုဆွမ်း ၁၂ ပန်းကန် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

တနလ်ာ သားသမီး

ဆင်သည် ယခုကာလတွင် ညှဉ်နေပါတယ်။ လက်ရှိအလုပ်မှ တခြားအလုပ်ကို ပြောင်းချင်ဇီတ် ဖြစ်နေပယ်။ မပြောင်းပါနဲ့။ လက်ရှိအလုပ်က တော်သေးတယ်။ နောက်ပြောင်းမယ့်အလုပ်ကို အကျိုးမပေးပါဘူး။ အလုပ်နေရာ၊ အိမ်နေရာ အသစ်တွေကို ပြောင်းရွှေ့ခြင်း။ မွမ်းမံခြင်းများ ပြုလုပ်ရတတ်တယ်။ ယခုကာလတွင် ခရီးကောင်းကွေ့ သွားနေရတတ်တယ်။ လူမျိုးခြားနှင့် ဆက်ဆံရပယ့်ကိစ္စများ ကရုစိုက်ပါ။ မအောင်မြင်တာ ဖြစ်တတ်တယ်။ စက်ပစ္စည်းတွေလည်း ပျက်တတ်တယ်။ ဝန်ထမ်းတွေအဖို့ ပစ်စာ တိုင်စာတွေ ရောက်တတ်တယ်။ အမှုကိစ္စ လုပ်စရာရှိရင်လည်း ဒီအချိန်မှာ ရှောင်လိုက်ပါ။ ခရီးသွားတာကောင်းပေမယ့် ရေကြောင်နဲ့ ကူးသန်းသွားလာ အရောင်းအဝယ်လုပ်ခြင်းကို ရှောင်နေလိုက်ပါ။ ယခုရောက်ရှိနေတဲ့ကာလတွင် ကဆုန်လ ပါနေရင်တော့ ကျန်းမာရေးကြောင့် ဆေးရုံတက်ရတတ်တယ်။ မိမိဆွေမျိုးသားချင်း အကြီးအကဲထဲမှ အင်္ဂါ၊ စနေ နာမည်ပါတဲ့လူတွေ ဆေးကုဖို့လာရင် လက်မခံပါနဲ့။ ကျန်းမာရေး ပိုဥဿားတတ်ပါတယ်။ ကျန်းမာရေးအနေဖြင့် ကူးစက်ရောဂါ ဝင်တတ်ကယ်။ ကိုယ်ခန္ဓာအစိတ်အပိုင်းတစ်ခုခု ရေနွေးပူလောင်ခြင်း၊ မီးဟပ်ခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉:၄၅)နာရီကွင် ဟန်ခိုင်ဘုရားတစ်ခု၏ မြေးနံ့ထောင့်၌ ဆီး(ဇီး)ညွှန့်(၃)ညွှန့်(ဆူးဖြူတ်)၊ ဝါးညွှန့်(၄)ညွှန့်၊ ထီးနီ(၁၀)လံက်ကိုကို လုပ်ပေးပါ။ အညံ့မှာ ပြေပျောက်သွားစေရန် ဆုတောင်းပါ။

ကံကောင်းသောရက်

တနင်္ဂနွေ၊ သောကြာ

ညံ့သောရက်

အင်္ဂါ၊ စနေ

ကံကောင်းသောနံပါတ်

၁၆၊ ၆၁၊ ၆၄

အထူးသတိပြုရန်

မိမိအိမ်အနီးတွင်လည်းကောင်း၊ မျက်နှာချင်းဆိုင်တွင်လည်းကောင်း ငါးကျည်းဆူး စူးမိသည်ကိုလည်းကောင်း၊ ရေးမြွေတွေ့လျှင်လည်းကောင်း၊ အစာအိမ်နှင့် ပတ်သက်သော ဝေဒနာ ခံစားရသည်ကို တွေ့ပေါ် သင့်အဖို့ မကောင်းသော အတတ်ပညာဖြင့် သူတစ်ပါးအားဖျောင့်အယုက်ပေးခြင်း၊ ပြုစားခြင်း ခံရတတ်ပါတယ်။

ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ကဂုရာတွင် စနေနေ့တိုင်း ထောပတ်ဆမင်း ၁၂ ပန်း ကပ်လှူခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com

အင်္ဂါ သားသမီး

သင်သည် ယခုကာလတွင် ဘာလုပ်လုပ် ယောင်လည်လည် ဖြစ်နေတတ်တယ်။ ဘာလုပ်ရမှန်းမသိ စိတ်လေနေတတ်တယ်။ အရွယ်အထွေး အသေးအမှား အမှုအခင်း လေးတွေ ကြုံတွေ့ရတတ်တယ်။ အမွေကိစ္စ၊ ခြံမြေ၊ အိမ်ငှား၊ မြေငှား ကိစ္စများ တရားရင်ဆိုင်ဖို့ ကြုံလာရင်တော့ နောက်ဆုတ်လိုက်ပါ။ စက်ပစ္စည်းတစ်ခု ဝင်လိမ့်မယ်။ စက်ရုံဆောက်ဖို့ကိစ္စ မမျှော်လင့်ဘဲ စပ်တူလုပ်ရလိမ့်မယ်။ လုပ်ငန်းသစ်လုပ်ဖို့ အဆက်အသွယ်ကောင်းတွေ ရတတ်တယ်။ အထူးသဖြင့် တနင်္ဂနွေသားသမီး အင်္ဂါသားသမီးတွေက အကူအညီပေးတတ်တယ်။ စာချုပ်စာတမ်း လက်မှတ်ရေးထိုးဖို့ ကိစ္စတွေ ပေါ်ပေါက်လာတတ်တယ်။ မသွားချင်သောခရီး စိတ်ညစ်စရာခရီးများလည်း မကြာခဏ သွားနေရတတ်တယ်။ ဘိုးတော်တု၊ ဆရာတုများ ရောက်ရှိလာတတ်ပြီး ငွေလိမ်ခံရတတ်ပါသေးကယ်။ မိတ်ဆွေအပေါင်းအသင်းတွေနဲ့လည်း မမျှော်လင့်ဘဲ လမ်းခွဲရတတ်ပါဘယ်။ ကျန်းမာရေးအနေဖြင့် ခြေလက်မျက်ခြင်း၊ ခါးနာခြင်းများ ဖြစ်တတ်တယ်။ ဒါ့အပြင်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံ့ထောင်၌ ကံကော်(၂)ညွှန့်၊ ဆီး(ဇီး)ညွှန့်(၈)ညွှန့်(ဆူးဖြူတံ)၊ ကုက္ကား(၁၉)ခုတို့ကို လှူပေးပါ။ အည့ဲများ ပြေပျောက်သွားစေရန် ဆုတောင်းပါ။

ကံကောင်းသောရက်

အင်္ဂါ၊ တနင်္ဂနွေ

ညံ့သောရက်

ကြာသပတေး၊ တနင်္လာ

ကံကောင်းသောနံပါတ်

၃၁၊ ၃၂၊ ၁၃၊ ၁၇

အထူးသတိပြုရန်

ကားပွတ်တိုက်မိနိုင်သောကြောင့် တနင်္လာသားသမီး ကြာသပတေးသားသမီးများနှင့် ပူးတွဲ၍ ကားနံပါတ်(၂၊ ၅)ပါသော ကားစီးမိပါက အလူးဂရုပြု စီးစေလိုပါသည်။

ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ကဘုရားတွင် အင်္ဂါနေ့နှင့် တနင်္ဂနွေနေ့တိုင်း သစ်သီးဆွမ်း လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဟူး သားသမီး

သားသည် ယခုကာလတွင် ကောင်းတစ်ဝက် ဆိုးတစ်ဝက် ဖြစ်နေတတ်တယ်။ လုပ်ငန်းတွေ အောင်မြင်ပါဒဖိမ်မယ်။ ဒီကာလဟာ အပျော်များရတဲ့ကာလ ဖြစ်ပါတယ်။ ယခုကာလအတွင်း သင်သည် အဘက်ဘက်မှာ စိတ်ချမ်းသာစရာများနှင့် ကြုံတွေ့ခံစားရလိမ့်မယ်။ **အလှူအတန်းပြုခြင်း၊ မင်္ဂလာပွဲများ စီစဉ်ပေးရတတ်တယ်။** လူချစ် လူခင် ပေါများမယ့်ကာလဖြစ်တယ်။ ဘုရားဆင်းတုတော်၊ ပုံတော်များ ကြွေလာလျှင် အလွန်ကောင်းသော နိမိတ်ဖြစ်ပါတယ်။ လုပ်ငန်းသစ်များ စတင်ရတတ်တယ်။ ထိုလုပ်ငန်းများသည်လည်း လွန်စွာအကျိုးပေး အောင်မြင်လိမ့်မယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ ယခုကာလတွင် ဒွေရာရလွယ်ကူပေမယ့် စုဆောင်း၍ မရပါ။ ငွေဝင်လွယ်လည်း လက်ထဲမှာ ဒီအတိုင်း မထားပါနဲ့၊ ရွှေဝယ်ထားလိုက်ပါ။ ယခုအချိန်တွင် သင်သည် ပျော်ရွှင်မှုများ၊ စုန်းပွင့်မှုများ၊ စီးပွားရေးကောင်းမွန်မှုများကြောင့် တင့်တယ်လှပပြီး အခြေအရံ ပေါများနေမယ့်ကာလ ဖြစ်ပါတယ်။ **အိမ်ထောင်သည်တွေအဖို့ အိမ်ထောင်ရေး ရှုပ်ထွေးမှုတွေ ဖြစ်လာတတ်တယ်။ အစွမ်းအစွဲ အပြောအဆိုလည်း ခံရတတ်တယ်။ သင်သည် ယခုကာလတွင် ကရဏီယ၊ ပါဒေါင်လမျာ၊ ပါနေရင်တော့ မိတ်ဆွေလုပ်းဆက်ကိုင်ဖက်များကြောင့် စိတ်ညစ်ခြင်း** စိတ်ဝမ်းကွဲခြင်းမျိုး ကြုံရတတ်တယ်။ အပျို လူပျိုတွေအဖို့ ယခုကာလတွင် အိမ်ထောင်ပြုလျှင် တည်ပြိုသောအိမ်ထောင် မဖြစ်နိုင်ပါ။ အမှုအခင်း ဖြစ်နေသူကို ငွေမချေးပါနှင့်။ အာမခံ မလိုက်ပါနှင့်။ သတိပြု၍ ရောင်ကြဉ်ပါ။ ကြာသပတေးနံပစ္စည်း ထွက်တတ်တယ်။ ခရီးသွားလျှင် အနောက်မြောက်ထောင့်နှင့် အရှေ့တောင်အရပ်များသို့ မသွားသင့်ပါ။ နာရေးကိစ္စကို အကြောင်းပြု၍ ခရီးသွားရတတ်တယ်။ မြေကိစ္စ၊ အမွေကိစ္စများ ကြုံရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ဆေးများခြင်း၊ အစာများခြင်း ဖြစ်တတ်တယ်။ သွားဒုက္ခပေးတတ်တယ်။ **ဓါကြောင့်လည်း** ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံ့ထောင့်၌ သီဟိုဠ်ဥယျန်(၆)ညွှန့် **ထန်းညွှန့်(၇)ညွှန့်** ယပ်အဖြူ(၁၂)ချောင်းတို့ကို လှူပေးပါ။ **အညွှန့်များ** ပြေပျောက်သွားစေရန် ဆုတောင်းပါ။

ကံကောင်းသောရက်

တနလာ၊ ဗုဒ္ဓဟူး

ညံ့သောရက်

သောကြာ၊ အင်္ဂါ

ကံကောင်းသောနံပါတ်

၄၁၊ ၄၂၊ ၂၁

အထူးသတိပြုရန်

အုပ်စုဖွဲ့၍ လောင်းကစားပွဲပါးခြင်းများ မပြုလုပ်ပါနှင့်။ ယခုကာလတွင် ကိုယ်စိတ်နှက်သုံးပါးကို မဖောက်မပြန် တည်တည်ကြည်ကြည် ထိန်းသိမ်းနိုင်သူတွေသည် ကြီးမွားတိုးတက်ခြင်းများ တွေ့ကြုံရတတ်သောကြောင့် အထူးဂရုစိုက်ပါ။

ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေ့အိမ်ကဘုရားတွင် ဗုဒ္ဓဟူးနေ့တိုင်း ကြုံရည့် ၆ ခွက်၊ ကရေကရား ၆ ခု လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

ကြာသပတေး သားသမီး

သင်သည် ယခုကာလတွင် ကိစ္စမှန်သမျှ ဉာဏ်၊ ဝိရိယ၊ လုံ့လစိုက်ထုတ်ပြီး ဆောင်ရွက်လျှင် မိမိလိုချင်သော ကိစ္စအားလုံး အောင်မြင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီအချိန်ဟာ သင့်အတွက် အောင်မြင်မှုတွေရမယ့်အချိန် ဖြစ်ပါတယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြင်ဆင်မွမ်းမံခြင်း၊ ပြောင်းရွှေ့ခြင်း လုပ်ရတာတော်ပါတယ်။ လူလွတ်တွေ အဖို့ အိမ်ထောင်ပြုရန် အကောင်းဆုံးအချိန် ဖြစ်ပါတယ်။ မိမိဝတ်စိန်းကျင်မှာလည်း မိမိပြောဆိုသမျှ အောင်မြင်နေမယ်။ အမွေဆိုင်ပစ္စည်း မြေ ရောင်းဖို့ ကြံရွယ်ထား ရင်တော့ ယခုကာလတွင် မရောင်းပါနှင့်ဦး။ ငွေစုရတာ လွယ်ကူနေတတ်တယ်။ လုပ်ငန်းအသစ်ပေါ်ခြင်း(သို့မဟုတ်)လက်ရှိအလုပ်နှင့် ပတ်သက်၍ အဆက်အသွယ်သစ်များ ပေါ်လာလိမ့်မယ်။ ဒန်ထမ်းများအဖို့ ရာထူးတစ်ဆင့် တိုးလိမ့်မယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်နေသူများအဖို့ လုပ်ငန်းနှင့်ပတ်သက်၍ နာမည်ကောင်းရခြင်း။ နေရာကောင်းရခြင်း။ လုပ်ငန်းများ တိုးချဲ့ရတတ်တယ်။ ဘုရားပူးခရီး သွားရတတ်တယ်။ ခရီးအကျိုးပေးသောကာလ ဖြစ်ပါတယ်။ ပြည်ပခရီးဝေးသွားဖို့ ကြံရွယ်ထားသူများလည်း သွားရတတ်တယ်။ ကွဲကွာနေသော ဆွေမျိုးသားချင်းများနှင့် ပြန်ဆုံရမယ်။ ရပ်ဝေးမှ ဆွေမျိုးသားချင်းများ ရောက်လာတတ်သေးတယ်။ သူငှိုးငှိုးခံရတတ်၍ သတိထားပါ။ ဆွေမျိုးသားချင်း။ အပေါင်းအသင်းမိတ်ဆွေများက သင့်ကို အထင်ကြီးနေလိမ့်မယ်။ သွယ်၊ သဲ၊ သစ် စသော သောကြာနံပစ္စည်းများ ဝင်တတ်တယ်။ ဘုရားဆင်းတုတော်၊ စွယ်တော်၊ ရဟန္တာပုံတော်များ ကြွလာတတ်တယ်။ ရွှေနှင့် အဖိုးတန် ရတနာပစ္စည်းများ ဝင်တတ်တယ်။ မိသားစုအကြီးအကဲ၊ လုပ်ငန်းအကြီးအကဲတို့ကြောင့် စိတ်ညစ်ရတတ်တယ်။ ဖခင် ကျန်းမာရေး ညံ့တတ်တယ်။ အိမ်ထောင်သည်တွေအဖို့ မိသားစုနှင့် ခွဲခွာပြီး အလုပ်လုပ်ရသော ကာလဖြစ်တယ်။ ဆေးမှား အစာမှား ဖြစ်တတ်တယ်။ အမြင့်မှ လိမ့်ကျခြင်း၊ ခန္ဓာကိုယ်တွင် အဖုအပိန့် ပေါက်ခြင်းများ ဖြစ်တတ်တယ်။ စက်ပစ္စည်းတွေ ဝယ်ရင်တော့ သတိထားပါ။ ဝယ်တုန်းက အကောင်းဖြစ်ပြီး ကိုယ့်လက်ထဲကျမှ ပျက်တာမျိုး ဖြစ်နေတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိ၏မွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံ့ထောင့်၌ ထန်းညွှန့်(၆)ညွှန့်၊ အုန်းညွှန့်(၆)ညွှန့်၊ ဂြိုဟ်ရုပ်စုံ(၆)ခုတို့ကို လာရူပေးပါ။ အည့ဲများ ပြေပျောက်သွားစေရန် ဆုတောင်းပါ။

ကံကောင်းသောရက်

၈၊ ၉၊ ၁၂

ညံ့သောရက်

၃၊ ၄၊ ၁၀

ကံကောင်းသောနံပါတ်

၆၃၊ ၆၄၊ ၄၁၊ ၄၆

အထူးသတိပြုရန်

မိမိအိမ်သို့ မုဆိုးဖို၊ မုဆိုးမများ လာရောက်တည်းခိုလျှင် မြေ၊ အမွေနှင့် ပတ်သက်ပြီး အမှုအခင်း ဖြစ်တတ်တယ်။ ကိုယ်တိုင်ကားမောင်းခြင်း ဆင်ခြင်ပါ။

ကံကောင်းပြီး ထာဘီရှင်စေရန်

လပြည့်နေ့တိုင်း မာတ်ကြီးလေးပါး ဆွမ်းကပ်ပေးပါ။ မိမိနေအိမ်က မြတ်စွာဘုရားအား ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

သောကြာ သားသမီး

ဒီနေ့သည် ယခုကာလတွင် အနည်းငယ် ညံ့တတ်ပါတယ်။ မထင်မှတ်သော ခရီးများ။ **မကြိုက်သော ခရီးများ သွားရတတ်တယ်။** သူတစ်ပါးကိစ္စအတွက် **ခရီးသွားရတတ်တယ်။ နိုင်ငံရပ်ခြားနှင့်ပတ်သက်သော** ကိစ္စများ အောင်မြင်မယ်။ လူမျိုးခြားက ကူညီပူပေးတတ်တယ်။ **ပြည်ပခရီးစေ့သွားမယ်ဆိုလျှင်** ဒီကာလမှာ သွားပါ။ စိတ်အနောင့်အယှက်ဖြစ်စရာ အနည်းငယ် ကြုံပေမယ့်လည်း အောင်မြင်မှု ရသွားပါလိမ့်မယ်။ မိသားစုတွင်းမှာ စိတ်ဝမ်းကွဲစရာတွေ ကြုံရဘတ်တယ်။ အတတ်ပညာတစ်ခု သင်ကြားရတတ်ပါယ်။ ဝန်ထမ်းတွေဆိုလျှင် အလုပ်နှင့်ပတ်သက်တဲ့ သင်တန်းတက်ရခြင်း။ စာမေးပွဲဖြေဆိုရခြင်းများ ကြုံရတတ်တယ်။ ပညာရပ်နှင့်ပတ်သက်သမျှ ကောင်းပါတယ်။ ငွေဝင်နည်းပေမယ့် ထိရက်ကောင်းတဲ့ကာလဖြစ်ပါတယ်။ ကိုယ်ပိုင် လုပ်ငန်း လုပ်နေတဲ့သူတွေအတို့ လုပ်ငန်းများ အောင်မြင်တော့မလိုလိုနှင့် အဂက်အခဲ ကြီးစွာကြုံရတတ်တယ်။ အလုပ်တွင် အပျက်အစီး၊ အဆုံးအရှုံး အလေအလွင့် များနေလိမ့်မယ်။ လက်ရှိအလုပ်အကိုင် ပြောင်းချင်စိတ်ပေါ်မယ်။ ပြောင်းလျှင် ပိုဆိုးသွားတတ်တယ်။ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများနှင့် ဂမ်းခဲခဲရတတ်တယ်။ ငွေအတွက် ပြောဆိုဖြေရှင်းရတတ်တယ်။ မိမိနှင့်ပတ်သက်သူတို့၏ အမူကိစ္စကို လိုက်လံဆောင်ရွက်ပေးရတာဘ်တယ်။ မိခင်ဖြစ်သူ ကျန်းမာရေး အနည်းငယ် ညံ့တတ်တယ်။ ကျန်းမာရေးအနေဖြင့် အစာအဆိပ်ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံ့ထောင့်၌ ဝါးညွှန့်(၄)ညွှန့်၊ ပေါက်ပန်းဖြူ(၅)ညွှန့်၊ ကြက်လျှာအစိမ်းရောင်(၈)ခုတို့ကို လှူပေးပါ။ **အညံ့များ** ပြေပျောက်စေရန် ဆုတောင်းပါ။

ကံကောင်းသောရက်

စနေ၊ ကြာသပတေး

ညံ့သောရက်

သောကြာ၊ တနင်္လာ

ကံကောင်းသောနံပါတ်

၇၃၊ ၇၅၊ ၅၁၊ ၅၇

အထူးသတိပြုရန်

ယခုကာလအတွင်း အိမ်ပြင်ခြင်း၊ အိမ်ဆောက်ခြင်း မပြုရ။

ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း နို့ထမင်း ၁၂ ပန်းကန် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

စနေ သားသမီး

BURMESE CLASSIC .com

သင်သည် ယခုကာလတွင် အညှဉ်ထဲကနေ အကောင်းလေးတွေ ဖြစ်နေမယ်။ ခရီးသွား ဖိုကိုင်တွေ. ပေါ်လာတတ်တယ်။ **အဲဒီခရီးတွေကလည်း စိတ်ချမ်းသာစရာခရီးများ** ဖြစ်နေတတ်တယ်။ ပြည်တွင်း ပြည်ပခရီးများ သွားရတတ်တယ်။ လုပ်ငန်းများ သိသိသာသာ အောင်မြင်မှုရမယ်။ လုပ်ငန်းသစ်များ စတင်ဖြူလုပ်နိုင်သော ကာလ ဖြစ်ပါတယ်။ လုပ်ငန်းဟောင်းများလည်း ပြန်ပေါ်တတ်တယ်။ ငွေရာဇဝတ်မှုခံရခြင်း၊ ငွေအတွက်ကြွေးခြင်းများ ဖြစ်နေမယ်။ အဖိုးတန်ခက်ခဲမှုညှဉ်းများ ဝင်မယ်။ ဝန်းသမီး ဖြစ်လျှင် ရာထူးတက်ခြင်း။ အခြေအနေ အဆင့်အတန်းများ မြင့်တက်လိမ့်မယ်။ သင်တန်းတစ်ခု တက်ရတတ်တယ်။ ပညာကောင်းများ ရလိမ့်မယ်။ မိတ်ဆွေကောင်း ဆရာကောင်းများနှင့် တွေ့လိမ့်မယ်။ အိမ်ပေမဲ့ ရင်းနှီးသူ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများနှင့် အဆင်မပြေ လမ်းခွဲရခြင်း။ စကားများရခြင်းများ ဖြစ်တတ်တယ်။ ဆွေမျိုးဘေးချင်းများ ကျန်းမာရေး အသည်းအသန် ဖြစ်တတ်တယ်။ ကျန်းမာရေးအနေဖြင့် နလုံးအားနည်းခြင်း။ ဓူးနာခြင်း။ လက်တုံခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားဟမ်ဆူး၏ မွေးနံ့ထောင့်၌ မေဖြို့ပန်း(၅)ပွင့်၊ သပြေညွှန့်(၆)ညွှန့်၊ တံခွန်ဖြူ(၂၁)ခု တို့ကို လှူပေးပါ။ အညှဉ်များ ပြေပျောက်သွားစေရန် ဆုတောင်းပါ။

ကံကောင်းသောရက်

အင်္ဂါ၊ ကြာသပတေး

ညံ့သောရက်

ဗုဒ္ဓဟူး၊ စနေ

ကံကောင်းသောနံပါတ်

၅၊ ၁၂၊ ၂၅

အထူးသတိပြုရန်

ပန်းချီကားတစ်ချပ် လက်ဆောင်ရပါကလည်းကောင်း၊ ဘုန်းကြီးတစ်ပါး မပင့်မဖိတ်ဘဲ ကြွလာလျှင်လည်းကောင်း မိမိဆုံးဖြတ်ဆင်နေသော ငွေများ ပြန်လည်ရရှိလိမ့်မယ်။ ယခုကာလတွင် မည်သည့်နာရေးမှ မသွားပါနှင့်။

ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ဘုရားတွင် ကြာသပတေးနေ့တိုင်း မုန့်စိမ်းပေါင်း(အုန်းသီးမထည့်ရ) ၈ ပန်းကန် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

ရာဟု သားသမီး

သင်သည် ယခုကာလတွင် မျှော်ရှင်စရာကောင်းတဲ့ အလှူအတန်းတွေ ပြုလုပ်ရတတ်တယ်။ မကြာခဏ ခရီးသွားများ သွားရတတ်တယ်။ ထိုခရီးများသည်လည်း အကျိုးပေး အောင်မြင်လိမ့်မယ်။ ဝန်ထမ်းဆိုလျှင် ရာထူးတက်ခြင်း၊ အခြေအနေ မြင့်တက်ခြင်းများ ကြုံရလိမ့်မယ်။ လူမျိုးခြား၊ နိုင်ငံခြားနှင့် ပတ်သက်သောကိစ္စများ အကျိုးပေး၊ အောင်မြင်မယ်။ မသင့်မြတ်သူများနှင့် ပြန်လည်သင့်မြတ်သွားမယ်။ ငွေအစုလိုက် အပုံလိုက် ဝင်လာလိမ့်မယ်။ မိမိအလုပ်မှလည်း ငွေများ ဝင်လာတတ်တယ်။ အဖိုးတန်ကျောက်မျက်ရတနာများ ဝင်မယ်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေးအတွက် သောကရောက်ရတတ်တယ်။ အထက်လူကြီး မိသားစု အကြီးအကဲများကြောင့် စိတ်ညစ်ရတတ်တယ်။ ရွှေထွက်ခြင်း၊ ရွှေအတွက် ပြောဆိုဖြေရှင်းရတတ်တယ်။ ရွှေထည်ဝယ်လျှင် အသစ်များသာ ဝယ်သင့်တယ်။ သားသမီးထဲမှာ ဗုဒ္ဓဟူးသားသမီးရှိလျှင် ကျန်းမာရေး အနည်းငယ် ညံ့တတ်တယ်။ ကျန်းမာရေးအနေဖြင့် ဆီးရောဂါ၊ မျက်စိရောဂါ၊ ဆေးများ၊ အစားများ ဖြစ်တတ်တယ်။ ဓါတ်ကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနေ့ထောင့်၌ သပြေညွှန့်(၆)ညွှန့်၊ နှင်းဆီပြူ(၇)ပွင့်၊ ထီးပြူ(၁၅)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်သွားစေရန် ဆုတောင်းပါ။

BURMESE CLASSIC .com

ကံကောင်းသောရက်

တနင်္လာ၊ စနေ

ညံ့သောရက်

တနင်္ဂနွေ၊ ဗုဒ္ဓဟူး

ကံကောင်းသောနံပါတ်

၇၄၊ ၇၂၊ ၂၇၊ ၂၆

အထူးသတိပြုရန်

ယခုကာလတွင် အရက်သေစာ လုံးဝရှောင်ကြဉ်ပါ။ မကြာခဏ ဓါးသင်ကြီးခြင်း၊ ခက်ထန်စွာ ပြောဆိုခြင်းများ ရှောင်ကြဉ်ပါ။

ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ဘုရားတွင် တနင်္လာနေ့တိုင်း ကြံပန်းဖိုင်နှင့် နွားနို့ လှူဒါန်းပေးပါ။

www.burmeseclassic.com